http://www.dhammadownload.com

ပုညာရာမ မိုးကုတ်ဝိပဿနာကျောင်းတိုက်

ပဓာန နာယကဆရာတော်

အရှင်ပညာနန္ဒ

ဓမ္မကထိက ဗဟုဇနဟိတရေ
ကမ္မဋ္ဌာနာစရိယ

နှစ် (၅၀) ပြည့်
ရွှေရတုအထိမ်းအမှတ် အထူးထုတ်

တရားတော်များ

ဒုတိယတွဲ

ဒုတိယတွဲ - ဒီနေ့ကျွန်တော်
ဝင်ရောက်ကျင့်ကြံ ရှာဖွေသိမြင်ရမည့် ပရမတ္ထတရား

http://www.dhammadownload.com

ပုညာရာမမိုးကုတ်ဝိပဿနာကျောင်းတိုက်

ပဓာန နာယကဆရာတော်

အရှင်မုဏ္ဍာနန္ဒ

ဓမ္မကထိက ဗဟုဇနဟိတဓရ
ကမ္မဋ္ဌာနာစရိယ

နှစ် (၅၀) ပြည့်
ရွှေရတုအထိမ်းအမှတ် အထူးထုတ်

တရားတော်များ

ဒုတိယတွဲ

http://www.dhammadownload.com

"ကြွေးမတင်စေနဲ့"

လောဘ ဒေါသ မောဟ စတဲ့
ကိလေသာတွေ ရှိနေသမျှ ...
ကြွေးယူနေတာ။
ကြွေးတင်နေသမျှ ဒုက္ခမလွတ်ပါ။
ဒါနပြုနေတာ ... လောဘကြွေး ဆပ်နေတာ၊
သီလစောင့်တာ ... ဒေါသကြွေး ဆပ်နေတာ၊
အလုံးစုံကြွေးတွေကျေဖို့က ... ဝိပဿနာဘာဝနာပွားပါ။
ကြွေးမရှိမှ ချမ်းသာမှာ။

ပုညာရာမ မိုးကုတ်ဝိပဿနာကျောင်းတိုက်
နဝရတ်လမ်း၊ (၉) ရပ်ကွက်၊ သာကေတမြို့နယ်။
ဖုန်း - ၅၅၃၃၃၀, ၅၅၁၁၁၇၂

http://www.dhammadownload.com

http://www.dhammadownload.com

http://www.dhammadownload.com

ပုညာရာမ မိုးကုတ်ဝိပဿနာကျောင်းတိုက်

ပဓာန နာယကဆရာတော်

အရှင်မဟာနန္ဒ

ဓမ္မကထိက ဗဟုဇနဟိတဓရ
ကမ္မဋ္ဌာနာစရိယ

နှစ် (၅၀) ပြည့်

ရွှေရတုအထိမ်းအမှတ် အထူးထုတ်တရားတော်များ

"အရင်းအနှီးမပျောက်စေနဲ့"
ကုသိုလ်အရင်းအနှီးရှိလို့
လူပြည် နတ်ပြည် ဗြဟ္မာပြည် ရနေကြတာ၊
နိဗ္ဗာန်ရောက်ကြရတာ၊
ကိုယ့်ပါလာတဲ့ အရင်းအနှီးလေး
ကျွန်မှကျွန်သေးရဲ့လား၊?
နေ့စဉ် ကုန်သွားတဲ့ အချိန်တိုင်း ပြန်ဆန်းစစ်ပါ၊
နိမ့်ကျတဲ့ အပါယ်လေးဘုံကို မရောက်ချင်ရင်
ဒီတရားတော် စာအုပ်ကို ဖတ်ဖြစ်အောင်ဖတ်ကြ၊

http://www.dhammadownload.com

ပုံနှိပ်မှတ်တမ်း

- ✦ စာမူခွင့်ပြုချက်အမှတ် - ၃၂၀၄၉၉၈၀၈၀၉
- ✦ မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၃၂၀၄၄၉၀၉၀၉
- ✦ ပထမအကြိမ် - ၂၀၀၉ ခုနှစ်၊ စက်တင်ဘာလ
- ✦ အုပ်ရေ - ၁၀၀၀
- ✦ တန်ဖိုး - ၂၅၀၀ ကျပ်
- ✦ ကွန်ပျူတာစာစီ - "ကောင်းမွန်ကွန်ပျူတာ"
  အမှတ် ၁၁၄၊ ၃၄-လမ်း (အလယ်)၊
  ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
  ☎ : ၃၈၉၀၂၃
- ✦ မျက်နှာဖုံးနှင့်အတွင်းပုံနှိပ် - ဦးစိုးအောင်
  ကျုံ့မင်းပုံနှိပ်တိုက် (မြ - ၀၇၃၄၂)
  အမှတ် ၆၃၊ ပဒုမ္မာလမ်း။ ဒဂုံမြို့နယ်၊
  ရန်ကုန်မြို့။ ☎ : ၃၉၅၀၄၅
- ✦ အတွင်းဖလင် - ကိုဦး နှင့် ညီများ
- ✦ ထုတ်ဝေသူ - ဦးကျော်ဟင်း (ယုံကြည်ချက်စာပေ)
  အမှတ် - ၁၁၁၊ ၃၃-လမ်း
  ကျောက်တံတားမြို့နယ်။

"ထုတ်ဝေသည့်စာအုပ် ကတ်တလောက်အညွှန်း" (CIP)

ပုညာနန္ဒ၊ အရှင် ၂၉၄. ၃
အရှင်ပုညာနန္ဒဟောကြားတော်မူသောတရားတော်များ/အရှင်ပုညာနန္ဒ - ရန်ကုန်။
ယုံကြည်ချက်စာပေ (ပကြိမ်)၊ ၂၀၀၉။
၃၃၂ - စာ၊ ၁၅. ၆၅ × ၂၃. ၄၂ စင်တီ။
(၁) အရှင်ပုညာနန္ဒဟောကြားတော်မူသောတရားတော်များ (ဒုတိယတွဲ)

http://www.dhammadownload.com

ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ဘုရားကြီး၏

ပဋိစ္စသမุပ္ပါဒ် စက်ဝိုင်းဒေသနာ လည်ပုံ ပြတ်ပုံ



(လက်ကမ်းဆောင်ပုဒ်)

မူလနစ်ဖြာ၊ သစ္စာနစ်ခု၊ လေးခုအလှာ၊ အဂါတစ်ဆယ့်နစ်ပါး၊ တရားကိုယ်များနှင့် သုံးပါးအစပ်၊ နှစ်ရပ်မူလ၊ ဝဋ်သုံးဝန့်၊ ကာလသုံးဖြာ၊ ခြင်းရာနစ်ဆယ်၊ ဤရှစ်သွယ်ကို၊ အလွယ်ကျက်မှတ်၊ သိစေအပ်သည်၊ သံသရာမှလွတ်ကြောင်းတည်း။

အဝိဇ္ဇာနှင့် တဏှာရင်းခံ ၊ဥပါဒါန် ၊ကံကြောင့်ရှိပ်နာမ်ပေါ် ၊အပင်မှမျိုး ၊ မျိုးမှအပင်၊ အမျှင်မပြတ်၊ ဆက်စပ်သည်ဟန်၊ ကံကြောင့်နာမ်ရှိပ်၊ နာမ်ရှိပ်ကြောင့်ကံ၊ အဖန်ဖန် ဖြစ်ပြန် နည်းအလျှော်၊ ဖြဟွာ - သိကြား၊ စသည်များက ထင်ရှားပြုပြင်၊ စီရင်ဖန်ဆင်း။ အကြောင်းရင်းကြောင့်၊ လူနတ်များစွာ၊ သတ္တဝါတို့၊ ဖြစ်လာရမှု၊ မဟုတ်ဟု၊ ဉာဏ်ဖြင့်ရှု၍မျှော်၊

"ကျေးမခင်းပုံနှိပ်တိုက်" အမှတ် ၆၃၊ ပဒုမ္တာလမိုး၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ☎ : ၃၈၉၀၂၃ ، ✆ : ၀၉ ၅၁၆၀၉၉၄

http://www.dhammadownload.com

ပဋိစ္စသမုပ္ပါဒ် စက်ဝိုင်းဒေသနာနှင့် ပူးတွဲ၍ ကြည့်ရှုလေ့လာပါ။

ပဋိစ္စသမုပ္ပါဒ် အနုလုံပါဠိ

အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ သင်္ခါရပစ္စယာ ဝိညာဏ်၊ ဝိညာဏပစ္စယာ နာမရူပ်၊
နာမရူပ ပစ္စယာ သဠာယတနံ၊ သဠာယတနပစ္စယာ ဖဿော၊ ဖဿပစ္စယာ ဝေဒနာ၊
ဝေဒနာပစ္စယာ တဏှာ၊ တဏှာပစ္စယာ ဥပါဒါနံ၊ ဥပါဒါနပစ္စယာ ဘဝေါ၊
ဘဝပစ္စယာ ဇာတိ၊ ဇာတိပစ္စယာ ဇရာ မရဏံ၊ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿုပါယာသာ သမ္ဘဝန္တိ၊
ဧဝမေ တဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ။

ပဋိစ္စသမုပ္ပါဒ် ပဋိလုံပါဠိ

အဝိဇ္ဇာယ တ္ဝေဝ အသေသ ဝိရာဂ နိရောဓာ သင်္ခါရ နိရောဓော၊
သင်္ခါရနိရောဓာ ဝိညာဏနိရောဓော၊ ဝိညာဏ နိရောဓာ နာမရူပနိရောဓော၊
နာမရူပနိရောဓာ သဠာယတန နိရောဓော၊ သဠာယတနနိရောဓာ ဖဿနိရောဓော၊
ဖဿနိရောဓာ ဝေဒနာနိရောဓော၊ ဝေဒနာနိရောဓာ တဏှာ နိရောဓော၊
တဏှာနိရောဓာ ဥပါဒါန နိရောဓော၊ ဥပါဒါန နိရောဓာ ဘဝနိရောဓော၊
ဘဝနိရောဓာ ဇာတိနိရောဓော၊ ဇာတိနိရောဓာ ဇရာ မရဏံ၊ သောက ပရိဒေဝ
ဒုက္ခ ဒေါမနဿု ပါယာသာ နိရုဇ္ဈန္တိ၊ ဧဝ မေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ နိရောဓော ဟောတိ။

(၁) **မူလနှစ်ပြာ** - အဝိဇ္ဇာ၊ တဏှာ။

(၂) **သစ္စာနှစ်စု** - သမုဒယသစ္စာ၊ ဒုက္ခသစ္စာ။

(၃) **ဧလေးစုဘလွှာ** - အတိတ်အကြောင်းတစ်လွှာ၊ ပစ္စုပ္ပန်အကျိုးတစ်လွှာ။
ပစ္စုပ္ပန်အကြောင်းတစ်လွှာ၊ အနာဂတ်အကျိုးတစ်လွှာ။

(၄) **အင်္ဂါတစ်ဆယ့်နှစ်ပါး** - အဝိဇ္ဇာ၊ သင်္ခါရ၊ ဝိညာဏ်၊ နာမ်ရူပ်၊ သဠာယတန၊ ဖဿ၊
ဝေဒနာ၊ တဏှာ၊ ဥပါဒါန်၊ ဘဝ၊ ဇာတိ၊ ဇရာ မရဏ။

(၅) **သုံးပါးဘစပ်** - သင်္ခါရနှင့် ဝိညာဏ်တစ်စပ်၊ ဝေဒနာနှင့် တဏှာတစ်စပ်၊
ကမ္မဘဝနှင့် ဇာတိတစ်စပ်။

တစ်နည်း - အတိတ်အကြောင်းနှင့် ပစ္စုပ္ပန်အကျိုး တစ်စပ်၊ ပစ္စုပ္ပန်အကျိုး
နှင့် ပစ္စုပ္ပန်အကြောင်း၊ သို့မဟုတ် အနာဂတ်ဖြစ်ကြောင်း
တစ်စပ်၊ ပစ္စုပ္ပန်အကြောင်း၊ သို့မဟုတ် အနာဂတ်ဖြစ်ကြောင်း
နှင့် အနာဂတ်အကျိုးတစ်စပ်။

(၆) **ဝဋ်သုံးဝန့်** - ကိလေသဝဋ်သုံးပါး - အဝိဇ္ဇာ တဏှာ ဥပါဒါန်
ကမ္မဝဋ်နှစ်ပါး - သင်္ခါရ ကမ္မဘဝ
ဝိပါကဝဋ်ရှစ်ပါး - ဝိညာဏ် နာမ်ရူပ် သဠာယတန ဖဿ
ဝေဒနာ ဇာတိ ဥပပတ္တိဘဝ ဇရာ မရဏ

မှတ်ချက်။ (ဖြစ်စဉ်-ဇာတိ၊ ဥပပတ္တိဘဝ၊ ဇရာ မရဏ။ **ဟောစဉ်**-ဇာတိ ဇရာ မရဏ ဥပပတ္တိဘဝ)

(၇) **ကာလသုံးပြာ** - လွန်လေပြီးသော အတိတ်ကာလ၊ ယခုဖြစ်ဆဲ ပစ္စုပ္ပန်ကာလ၊
နောင်ဖြစ်လတ္တံ့သော အနာဂတ်ကာလ။

(၈) **ခြင်းရာနှစ်ဆယ်** -

အတိတ်အကြောင်းအခြင်းအရာငါးပါး - (အဝိဇ္ဇာ၊ သင်္ခါရ၊ တဏှာ၊ ဥပါဒါန်၊ ဘဝ)
ပစ္စုပ္ပန်အကျိုးအခြင်းအရာငါးပါး - (ဝိညာဏ်၊ နာမ်ရူပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ)
ပစ္စုပ္ပန်အကြောင်းအခြင်းအရာငါးပါး - (တဏှာ၊ ဥပါဒါန်၊ ဘဝ၊ အဝိဇ္ဇာ၊ သင်္ခါရ)
အနာဂတ်အကျိုးအခြင်းအရာငါးပါး - (ဝိညာဏ်၊ နာမ်ရူပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ)

http://www.dhammadownload.com

ခန္ဓာ (၅)ပါး

- ရူပက္ခန္ဓာ - ဖောက်ပြန်မှု သဘောတရားအစု (ရူပ-၂၈ ပါး)
- ဝေဒနာက္ခန္ဓာ - ကောင်း၊ မကောင်း ခံစားမှု သဘောတရားအစု (ဝေဒနာ)
- သညာက္ခန္ဓာ - မှတ်သားမှု သဘောတရားအစု (သညာ)
- သင်္ခါရက္ခန္ဓာ - ပြုပြင်မှုသဘောတရားအစု (စေတသိက်-၅၀)
- ဝိညာဏက္ခန္ဓာ - သိမှု သဘောတရားအစု (စိတ်)

အာယတန (၁၂) ပါး

စေတ် (၁၈) ပါး

	အစ်စောတ် (၆) ပါး	**အတိုက်စောတ် (၆) ပါး**	**အပ္ပင့်စောတ် (၆) ပါး**
၁။	မျက်စိအကြည်	အဆင်း	မြင်စိတ်
၂။	နားအကြည်	အသံ	ကြားစိတ်
၃။	နှာခေါင်းအကြည်	အနံ့	နံစိတ်
၄။	လျှာအကြည်	အရသာ	စားစိတ်
၅။	ကိုယ်အကြည်	တွေ့ထိစရာ	ယားနာကောင်းစိတ်
၆။	စိတ်(ဘဝင်စိတ်)	ကြံတွေးစရာ	တွေးတောစိတ်

သစ္စာ (၄)ပါး

- ဒုက္ခသစ္စာ - ဆင်းရဲခြင်းအမှန်တရား၊ ဖြစ်ဒုက္ခ-ပျက်ဒုက္ခ ပိုင်းခြားသိရမည့်တရား။
- သမุဒယသစ္စာ- ဒုက္ခဖြစ်ကြောင်းအမှန်တရား၊ (တဏှာ-လောဘ)ပယ်ရမည့်တရား။
- နိရောဓသစ္စာ - ဒုက္ခခပ်သိမ်းချုပ်ငြိမ်းရာအမှန် (နိဗ္ဗာန်) မျက်မှောက်ပြုရမည့်တရား။
- မဂ္ဂသစ္စာ - ဒုက္ခသစ္စာ၏ချုပ်ကြောင်း၊ သမุဒယသစ္စာကိုပယ်ကြောင်း
  နိရောဓသစ္စာကို မျက်မှောက်ပြုကြောင်း၊
  အကျင့်မှန်တရား (မဂ္ဂင် ၈ ပါး) ပွားများရမည့်တရား။

ဓလောကီမဂ္ဂင် (၅) ပါး ရှည်ကော်တရား

သမ္မာဒိट्ठि	သမ္မာသင်္ကပ္ပ		ပညာမဂ္ဂင်	(၂) ပါး။
သမ္မာဝါယာမ	သမ္မာသတိ	သမ္မာသမာধি	သမာধိမဂ္ဂင်	(၃) ပါး

ဓလောကုတ္တရာမဂ္ဂင် (၈) ပါး

သမ္မာဒိट्ठि	သမ္မာသင်္ကပ္ပ		ပညာမဂ္ဂင်	(၂) ပါး။
သမ္မာဝါယာမ	သမ္မာသတိ	သမ္မာသမာধि	သမာধိမဂ္ဂင်	(၃) ပါး
သမ္မာဝါစာ	သမ္မာကမ္မန္တ	သမ္မာအာဇီဝ	သီလမဂ္ဂင်	(၃) ပါး။

စိတ္တာနုပဿနာရှုမှတ်နည်း

အပြင်ဇည့်သည့်စိတ် (၅) စု

၁။ မြင်စိတ်
၂။ ကြားစိတ်
၃။ နံစိတ်
၄။ စားစိတ်
၅။ ယား၊ နာ ကောင်းစိတ်

အတွင်းဇည့်သည့်စိတ် (၆) စု

၁။ လောဘစိတ်
၂။ ဒေါသစိတ်
၃။ မောဟစိတ်
၄။ အလောဘစိတ်
၅။ အဒေါသစိတ်
၆။ တွေးတောစိတ်

၁။ ဓလေကိုထုတ်ဓသာစိတ် **၂။ ဓလေကိုသွင်းဓသာစိတ်** **အိမ်သည့်စိတ် ၂-စု။**

ရှုမှတ်ပုံရှုနည်းစနစ်မှာ - အိမ်သည့်စိတ် (၂) ခုကို အရင်းခံထား၍ မည်သည့်စိတ်ပေါ်ပေါ်၊ ပေါ်တိုင်းပေါ်တိုင်း ဖြစ်ပျက်မလွတ်အောင် ရှုရမည်ဖြစ်ပါသည်။

http://www.dhammadownload.com

ဝေဒနာနုပဿနာ ရှုမှားနည်း

စိတ်နှင့် ဝေဒနာသည် ဖြစ်အတူ ပျက်အတူ သဟဇာတ တရားများ ဖြစ်သည်။

အပြင်ခံသည့် ဝေဒနာ (၆) စု

၁။ ဥပေက္ခာ ဝေဒနာသည် ..... မျက်လုံးမှာပေါ်သည်။
၂။ ဥပေက္ခာ ဝေဒနာသည် ..... နားမှာပေါ်သည်။
၃။ ဥပေက္ခာ ဝေဒနာသည် ..... နှာခေါင်းမှာပေါ်သည်။
၄။ ဥပေက္ခာ ဝေဒနာသည် ..... လျှာမှာပေါ်သည်။
၅။ သုခ ဝေဒနာသည် ..... ကိုယ်ပေါ်မှာပေါ်သည်။
၆။ ဒုက္ခ ဝေဒနာသည် ..... ကိုယ်ပေါ်မှာပေါ်သည်။

အထက်ပါဝေဒနာများကို **အပြင်ဧည့်သည် (၆) စု**ဟု ခေါ်သည်။

အတွင်းခံသည့် ဝေဒနာ (၃) စု

၁။ သောမနဿ ဝေဒနာသည် ..... စိတ်မှာပေါ်သည်။
၂။ ဒေါမနဿ ဝေဒနာသည် ..... စိတ်မှာပေါ်သည်။
၃။ ဥပေက္ခာ ဝေဒနာသည် ..... စိတ်မှာပေါ်သည်။

အထက်ပါဝေဒနာများကို **အတွင်းဧည့်သည် (၃) စု**ဟု ခေါ်သည်။

အိမ်သည် ဝေဒနာ (၃) စု

၁။ သားရေး၊ သမီးရေး၊ စီးပွားရေးမှစ၍ အရပ်ရပ် အဆင်ပြေနေသောအခါ (ဝင်လေ-ထွက်လေကို) သောမနဿဝေဒနာနှင့် ရှုရှိုက်နေသည်။

၂။ သားရေး၊ သမီးရေး၊ စီးပွားရေးမှစ၍ အရပ်ရပ် အဆင်မပြေသည့်အခါ (ဝင်လေ-ထွက်လေကို) ဒေါမနဿဝေဒနာနှင့် ရှုရှိုက်နေသည်။

၃။ တစ်ခါတစ်ရံ (ဝင်လေ-ထွက်လေကို) သောမနဿလည်းမဟုတ်၊ ဒေါမနဿလည်းမဟုတ်၊ ဥပေက္ခာဝေဒနာနှင့် အမှတ်မထင် ရှုရှိုက်နေသည်။

အထက်ပါဝေဒနာများကို **အိမ်သည်**ဟု ခေါ်သည်။

ဝေဒနာနုပဿနာရှုရာ၌ ပေါ်သည့်အချိန်၊ ပေါ်သည့်နေရာကို စောင့်၍ ရှုရမည်ဖြစ်သည်။ ဝေဒနာသည် ဒွါရ (၆)ပေါက်၌ အမြဲဖြစ်နေသည်။ မဖြစ်သည့်အခါမရှိ၊ ဖဿဖြစ်တိုင်းဝေဒနာ ဖြစ်သည်။ ဝေဒနာကိုရှုရာ၌ နာမ်ကျင်မှ ဝေဒနာမဟုတ်ပါ။ နာမ်မှ ကျင်မှ မခံသာသည့်ဝေဒနာ ရှိသလို၊ နာမ်မှ ကျင်မှ ပျောက်ကင်းပြီး ခံသာသည့်ဝေဒနာလည်း ရှိသည်။ ခံသာသည်လည်း မဟုတ်၊ မခံသာသည်လည်းမဟုတ်၊ အလယ်အလတ် အမှတ်မဲ့ ခံစားမှုဝေဒနာမျိုးလည်းရှိသည်။ စိတ်နှင့် ဝေဒနာသည် သဟဇာတ တရားဖြစ်၍ စိတ်ဖြစ်တိုင်း ဝေဒနာဖြစ်သည်။

ဝေဒနာသည် ပေါ်လည်းပေါ်သည်၊ ပျက်လည်းပျက်သည်၊ ဝေဒနာနှင့်ငါ မရောစေနှင့်၊ ဝေဒနာခွာ၍ အနိစ္စမြင်အောင်ကြည့်၊ အနိစ္စတွေ့မှ လမ်းမှန်ကျမည်။

(ဤကား အကျဉ်းချုပ် သိရုံမျှသာဖြစ်သည်။)

http://www.dhammadownload.com

ကျေးဇူးတော်ရှင်အဂ္ဂမဟာပဏ္ဍိတ

မိုးကုတ်ဆရာတော်ဘုရားကြီး



http://www.dhammadownload.com

http://www.dhammadownload.com

ဗုညာရာမမိုးကုတ်ဝိပဿနာကျောင်းတိုက်

ပဓာန နာယကဆရာတော်

အရှင်မုဗ္ဗာနန္ဒ

မွေကထိက ဗဟုဇနဟိတရေ
ကမ္မဋ္ဌာနာစရိယ

http://www.dhammadownload.com

http://www.dhammadownload.com

ဒေါက်တာ

ဘဒ္ဒန္တ ဝိစာရ



http://www.dhammadownload.com

http://www.dhammadownload.com

မယ်တော်

ဒေါ်ခင်စိုး

http://www.dhammadownload.com

http://www.dhammadownload.com

ပုညာရာမ မိုးကုတ်ဝိပဿနာကျောင်းတိုက်

ဆရာတော် သီတင်းသုံးရာစံကျောင်း

http://www.dhammadownload.com

http://www.dhammadownload.com

မန္တလေး ချမ်းသာကြီးဆရာတော်

ဘဒ္ဒန္တဇောတိကာဘိဝံသ

၏

အမှာစာ

ရန်ကုန်တိုင်း၊ ဗဟန်းမြို့နယ်၊ ဝိမလာရာမ နတ်ညွှန်းကျောင်းတိုက် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိမလ နတ်ညွှန်းဆရာတော်က ရန်ကုန်တိုင်း၊ သာကေတမြို့နယ်၊ (၉) ရပ်ကွက်၊ နဝရတ်လမ်း၊ ပုညာရာမ မိုးကုတ်ဝိပဿနာကျောင်းတိုက် ဆရာတော် အရှင်ပုညာနန္ဒ၏ နှစ် (၅၀) ပြည့် ရွှေရတုအထိမ်းအမှတ်အဖြစ် (အထူးထုတ်) တရားတော်များကို စက်တင်ရိုက်နှိပ် ဖြန့်ဝေလိုပါသဖြင့် အမှာစာရေးပေးရန် ဤအမှာစာရေးသူအား အကူအညီတောင်းခံလာပါသည်။ ဤအမှာစာ ရေးသူကလည်း ဘဒ္ဒန္တဝိမလ နတ်ညွှန်းကျောင်းဆရာတော်၏ စိတ်စေတနာ နှင့် သဒ္ဓါတရားများကို အားပေးကူညီလိုလှပါသဖြင့် ဝမ်းမြောက်စွာပင် အလွယ်တကူ တာဝန်ယူလိုက်ပါသည်။

တာဝန်ယူစဉ်က အလွယ်တကူ ဝမ်းမြောက်စွာပင် တာဝန်ယူလိုက်ပါ သော်လည်း အလုပ်ကိစ္စတွေ အလွန်များပြားနေသဖြင့် ပြည့်ပြည့်စုံစုံ ကျယ်ကျယ်ပြန့်ပြန့် ရေးသားနိုင်ခြင်းမရှိဘဲ အနည်းငယ်မျှ တိုတိုကျဉ်းကျဉ်း ရေးသားနိုင်သည်ကို နားလည်ပေးပါ၊ နှစ်သိမ့်ကျေနပ်ပေးပါလို့ ရှေးဦးစွာ တောင်းပန်စကား ပြောကြားလိုက်ပါသည်။

ဦးစွာပထမ တရားတော် စာမူများကို တရားတစ်ပုဒ်ပြီးတစ်ပုဒ် လေ့လာ ဖတ်ရှုကြည့်ပါသည်။ တရားအပုဒ်ပေါင်း (၂၃) ပုဒ် ရှိသည်ကို တွေ့ရပါသည်။ တရားတော်တိုင်း တရားတော်တိုင်း ပေးထားသော တရား တော်နာမည်နှင့် ဟောကြားထားသော တရားစာသား၊ တရားစကားများမှာ

http://www.dhammadownload.com

လိုက်လျောညီထွေ ရှိလှပါသည်။ သံသရာဝဋ်ဆင်းရဲအပေါင်းမှ တကယ်တမ်း ထွက်မြောက် ကျွတ်လွတ်လိုသူတိုင်း မိမိတို့၏ အလိုအဖျာသယ ဓာတ်ခံနှင့် ကိုက်ညီသော တရားတော်များကို ဖတ်ရှုပြီး အားထုတ်သွားကြ မည်ဆိုလျှင် ဤတရားစာအုပ်သည် တရားပြပေးသော ကမ္မဋ္ဌာနာစရိယ ဆရာတော်ကြီးတစ်ပါး မိမိအနီးမှာ ရှိနေဘိသကဲ့သို့ ဖြစ်ပေလိမ့်မည်။ သို့အတွက်ကြောင့် ဤကဲ့သို့သော တရားစာအုပ်တစ်အုပ် မိမိတို့လက်ဝယ် ထားရှိသင့်ကြောင်း သတင်းကောင်းပါးလိုက်မိါသည်။

ဘဒ္ဒန္တဇောတိကာဘိဝံသ

အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂဟာသဒ္ဓမ္မဇောတိကဓဇ
တွဲဖက်အကျိုးတော်ဆောင်၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့
မဟာနာယကကျောင်းတော်ကြီး၊ ကမ္ဘာအေးကုန်းမြေ၊ ရန်ကုန်။

http://www.dhammadownload.com

အား

* ပစ္စည်းကြွယ်ဝ၊ လောကပညာ၊ ခြေထောက်သာ၊ လူမှာအားမပြည့်။
* သတိရှေ့ထား၊ တရားကျင့်ကြံ၊ လူ့တောင်ပံ၊ ကေန်စွမ်းအားပြည့်။

လူသည် (၁) ပစ္စည်းဥစ္စာ၊ (၂) လောကအတတ်ပညာ၊ (၃) တရားသုံးမျိုးဖြင့် အားယူနေကြသည်။ ပစ္စည်းဥစ္စာနှင့် လောကအတတ်ပညာတို့သည် လောကကပေးသည့် ဒုက္ခအပူအောက်၌သာ နေရသည်ဖြစ်၍ လူ့ခြေထောက်များတည်း။ ကျင့်ကြံအားထုတ်၍ ရထားသည့်တရားကား ဒုက္ခအပူအပေါ် လွှမ်းမိုးအနိုင်ယူရကား အဆိုးကင်းအောင် ပျံသန်းနိုင်သည့် လူ့တောင်ပံတည်း။

ငှက်သည် ခြေထောက်ကိုသာ အားကိုးနေလျှင် နောက်က ဘေးရန်လိုက်လာလျှင် လွတ်အောင်မပြေးနိုင်၍ ဘေးဒုက္ခရောက်မည်။ အဝေးကိုသွားလျှင်လည်း ကြာမည်၊ ပင်ပန်းမည်၊ မလုံခြုံ။ ခြေထောက်ဖြင့် အားယူပြီးတောင်ပံဖြင့် ပျံသန်းမှ ဘေးရန်လွတ်မည်၊ မြန်မည်၊ သက်သာမည်၊ လုံခြုံမည်။ လူသည်လည်း တရားတောင်ပံဖြင့် ပျံသန်းမှ ဘေးရန်အပူ အဆိုးအားလုံး လွတ်မည်။ ခုရောနောင်ပါ သေရေး ဆင်းရဲလွတ်ရေး စိတ်အေးရမည် ဖြစ်သည်။

သို့ဖြစ်၍ ရှေရတုကာလရောက်လာပြီဖြစ်သော ဆရာတော်အရှင်ပုညာနန္ဒတို့သည်လည်း နည်းမှန်လမ်းမှန် လူ့တောင်ပံဖြင့် အဆိုးကင်းအောင် ချမ်းသာပန်းတိုင်ရောက်အောင် ပျံသန်းနိုင်ကြပါစေသတည်း။ လူအများကိုလည်း နည်းမှန်လမ်းမှန် ပျံသန်းတတ်အောင် တောင်ပံတပ်ဆင်အပျံသင်ပေးနိုင်ကြပါစေသတည်း။

အဆိုးကင်းဝေး ငြိမ်းအေးကြပါစေ ...။

ဘဒ္ဒန္တသိရိန္ဒ
တိပိဋကယောဆရာတော်
မဟာဝိသုဒ္ဓါရုံပါဠိတက္ကသိုလ်
နန္ဒဝန်လမ်း၊ ဗဟန်း၊ ရန်ကုန်မြို့။

http://www.dhammadownload.com

ကျိုက္ကလော့ဆရာတော်

ဘဒ္ဒန္တ ဒေါက်ဘာ စန္ဒာဝရာဘိဝံသ

ပထမကျော်၊ သ.စ.အ. မွှာစရီယ (Ph.D) ၏

အဦးနိုးစာတမ်း

လူဟူသည် ကိုယ့်သမိုင်းကို ကိုယ်ကိုယ်တိုင်ရေးသော သတ္တဝါ ဖြစ်သည်ဟု ပညာရှင်များက ဆိုကြပါသည်။ ကိုယ့်ဘဝ၏ ကောင်းကျိုး ဆိုးကျိုးကို ကိုယ်ကိုယ်တိုင် ပြုလုပ်နေသည်ဟု အဘိဓမ္မာက ညွှန်ပြပါသည်။ ကိုယ့်ဘဝ၏ မှတ်တိုင်များကို ကိုယ်ကိုယ်တိုင် စိုက်ထူထားခဲ့ခြင်းအားဖြင့် နောင်းခေတ် သမိုင်းသုတေသီများနှင့် နောင်းခေတ် ကမ္ဘဝါဒီ၊ သုတဂဝေသီ ပုဂ္ဂိုလ်များအတွက် တန်ဖိုးမဖြတ်နိုင်သော သင်ခန်းစာများ ရရှိနိုင်ပါသည်။

ဘဝသမိုင်းမှတ်တိုင်ကို ခိုင်ခိုင်မာမာ စိုက်ထူနေကြသူများတွင် ရှေရတုသဘင် မွေးနေ့ရှင် အရှင်ပုညာနန္ဒသည်လည်း တစ်ဦးအပါအဝင် ဖြစ်ပါသည်။

အရှင်ပုညာနန္ဒသည် လူ့လောက၊ လူ့ပတ်ဝန်းကျင်တွင် အတိုင်း အတာတစ်ခုအထိ နှံ့စပ်ကျင်လည်ခဲ့ပြီး မြတ်ဗုဒ္ဓ၏ သာသနာ့လောင်းရိပ် အောက်သို့ ရောက်ရှိလာခဲ့သူဖြစ်သည်။ လောကအသိနှင့် ဓမ္မအသိ နှစ်ခု ပေါင်းစပ်ပြီး မိုးကုတ်ဆရာတော်ဘုရားကြီး၏ ဓမ္မသာဝကအဖြစ်ကို ခံယူခဲ့သူ လည်းဖြစ်သည်။

မိုးကုတ်ဆရာတော်ဘုရားကြီး၏ ဓမ္မအသံတော်များ ကမ္ဘာအနှံ့ ပြန့်လွင့်နေချိန်တွင် မိုးကုတ်ဆရာတော်ဘုရားကြီး၏ပုံရိပ်ကို ကမ္ဘာအနှံ့သို့ လက်ဆင့်ကမ်း သယ်ဆောင်နေသူဖြစ်သည်။ အရှင်ပုညာနန္ဒ၏ ဓမ္မစာပေ

http://www.dhammadownload.com

များကို ဖတ်ရှုကြည့်လျှင် စာရေးသူ၏ အဆိုပြုချက်ကို လက်ခံနိုင်လိမ့်မည်ဟု ယုံကြည်ပါသည်။

အရှင်ပုညာနန္ဒ၏ ဓမ္မအသိ ဓမ္မကျင့်စဉ် ဓမ္မအင်အား ဓမ္မစေတနာ များကို ဤစာအုပ်တွင် လေ့လာသိရှိနိုင်ပါသည်။

ဤအချက်များသည်ပင် မြတ်ဗုဒ္ဓ၏ သာသနာ့မြေပေါ်၌ အရှင်ပုညာနန္ဒ စိုက်ပျိုးနိုင်ခဲ့သော ဓမ္မအသီးအပွင့်များ ဖြစ်ပါသည်။ တစ်နည်းအားဖြင့် အရှင်ပုညာနန္ဒ စိုက်ထူခဲ့သော စိုက်ထူနေသော စိုက်ထူလတ္တံ့သော ဓမ္မမှတ်တိုင်များ ဖြစ်ပါသည်။

အရှင်ပုညာနန္ဒ၏ ဓမ္မမှတ်တိုင်များကို လေ့လာသုံးသပ်၍ အရှင်ပုညာနန္ဒ၏ ဘဝပုံရိပ်ကို ပုံဖော်ကာ ကြည်ညိုသဒ္ဓါ ပွားများနိုင်ကြလိမ့်မည်ဟု မျှော်လင့်ပါသည်။

မေတ္တာဖြင့် ...

ကျိုက္ကလေ့ဆရာတော်

http://www.dhammadownload.com

ရန်ကုန်တိုင်း၊ ဗဟန်းမြို့နယ်၊ မြို့မရပ် (၃) လမ်း
ဝိမလာရောမ နတ်ညွှန်းကျောင်းတိုက်ဆရာတော်

ဘဒ္ဒန္တ ဝိမလ

အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ
ဗုဒ္ဓသာသနာပြု ထေရဝါဒဩဝါဒါစရိယ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်

အမှာစာ

ဓမ္မော လောကေ သမုဗ္ဗန္ဓော သုခါယ သဗ္ဗပါဏီနံ – လောကဌ် တရားရတနာ ပေါ်ထွန်းလာခြင်းသည် သတ္တဝါအများ ချမ်းသာရန်ဖြစ်ကြောင်း ဗုဒ္ဓမြတ်တရား ဟောကြားတော်မူခဲ့ပေသည်။ တရား(ဓမ္မ)ဟူသည် သတ္တဝါများ အပါယ်မလားအောင် ရွက်ဆောင်ခြင်း၊ အောက်တန်းမကျ အထက်တန်း ရောက်ရလေအောင် ပို့ဆောင်ခြင်းဟု အဓိပ္ပာယ်ရရှိပေသည်။

ဗုဒ္ဓမြတ်စွာ ပွင့်ထွန်းတော်မမူမီက လူများသည် သတ္တဝါအသက် သတ်ဖြတ်၍ ယဇ်ပူဇော်ခြင်းသည် နတ်ရွာလားကြောင်း ကောင်းမှုကုသိုလ်ဖြစ်၏ဟု မှားယွင်းစွာ ယူဆ၍ ဆောင်ရွက်ခဲ့ကြသည်။ သတ္တဝါများ ဆင်းရဲဒုက္ခရောက်ခဲ့ရသည်။ ဗုဒ္ဓမြတ်စွာ ပွင့်ထွန်းတော်မူလာသောအခါ မြတ်စွာဘုရား၏ ဟောကြားဆုံးမ သြဝါဒအရ သတ္တဝါအသက် သတ်ဖြတ်ညှင်းဆဲခြင်းများသည် အပါယ်လားကြောင်း မကောင်းမှုအကုသိုလ်ဖြစ်၏ဟု လူအများ သိရှိလာကြသဖြင့် သတ္တဝါများ ချမ်းသာသုခ ရရှိခဲ့ကြပေသည်။

မြတ်ဗုဒ္ဓ၏ တရားဓမ္မအနှစ်ချုပ်မှာ **သီလ၊ သမာธิ၊ ปญฺญา** သိက္ခာသုံးရပ် အကျင့်မြတ်များပင်ဖြစ်ပေ၏။ သို့ရာတွင် လောကီလူမှုရေးနယ်ပယ်ဌ် လွှဲဖယ်၍မရသော အတွေးအမြင် ဒဿနများနှင့်တကွ နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး စသော အရေးအရာများကိုလည်း လိုက်နာကျင့်ကြ

http://www.dhammadownload.com

သူများ ကျန်းမာချမ်းသာ၍ လူကောင်း လူတော်များဖြစ်ရေးအတွက် အများ အပြား ဟောကြားထားပေသည်။

အထူးသဖြင့် မြတ်စွာဘုရား ဟောကြားတော်မူခဲ့သော တရားဝမ္မများ သည် တက္ကိဆရာ ဝိမံသီဆရာများ စိတ်ကူးဖြင့် တွေးခေါ်ကြံဆ စူးစမ်းမှုအရ ဖြစ်ပေါ်လာသော တရားဝမ္မများမဟုတ်ဘဲ ကိုယ်တိုင် ကျင့်ကြံပွားများ အားထုတ်၍ ထိုးထွင်းသိမြင်မှုအရ ဟောကြား၍ ဖြစ်ပေါ်လာသော တရားဝမ္ဘ များသာ ဖြစ်ပေသည်။ ထို့ကြောင့် လောကီ လောကုတ္တရာ နယ်ပယ် အသီးသီးအတွက် အကျိုးပြုတရားဝမ္ဘများ ဖြစ်နေရခြင်းဖြစ်ပေသည်။

ဤသို့ အကျိုးတရား ကြီးမားလှသော တရားဝမ္ဘများကို ကျင့်ကြံ ပွားများရသူများသည် အကောင်းတကာ့ထိပ်ခေါင် အနှစ်ဆောင်သော သီလ၊ သမာဓိ၊ ပညာ ကောင်းကျိုးချမ်းသာကို အပြည့်အဝ ခံစားနိုင်ကြမည် ဖြစ်ပေသည်။

မိမိတို့၏ဘဝကို မြတ်ဗုဒ္ဓ၏တရားဝမ္ဘဖြင့် ငြိမ်းချမ်းစွာ တည်ဆောက် နိုင်ကြမည်ဖြစ်ပေသည်။ မိမိတို့၏ ယဉ်ကျေးမှုကို မြတ်ဗုဒ္ဓ၏ တရားဝမ္ဘဖြင့် အားဆင့်၍ မြှင့်တင်နိုင်ကြမည်ဖြစ်ပေသည်။ မြတ်ဗုဒ္ဓ၏ တရားဝမ္ဘစာပေ အသိပညာ ဗဟုသုတဖြင့် လောကရေးရာ လောကုတ္တရာရေးရာ အဖြာဖြာ သော အသိအမြင် ပညာဗဟုသုတများကို မှန်မှန်ကန်ကန် ဝေဖန်ဆန်းစစ် လက်ခံနိုင်ကြမည်ဖြစ်ပေသည်။ နှုးညံ့သိမ်မွေ့သော မြတ်ဗုဒ္ဓ၏ တရားဝမ္ဘ စာပေ အသိပညာဖြင့် ယဉ်ကျေးပြီး စာရိတ္တကောင်းသောဘဝကို ထူထောင် နိုင်ကြမည် ဖြစ်ပေသည်။ ယဉ်ကျေးသိမ်မွေ့ခြင်း၊ စာရိတ္တကောင်းမွန်ခြင်းဖြင့် လူ့ဘောင်လောက အေးချမ်းသာယာမှုကို ရရှိနိုင်ကြမည် ဖြစ်ပေသည်။ ထို့ကြောင့် မြတ်ဗုဒ္ဓ၏ တရားဝမ္ဘများကို မသိရှိသေးသူများ သိရှိခံစားနိုင် စေရေး သိရှိပြီးသူများလည်း ပို၍သိရှိခံစားနိုင်လာစေရေးအတွက် ကမ္ဘာပေါ်ရှိ လူသားလောကအတွင်း ပြန့်ပွားအောင် ဆောင်ရွက်သင့်ပေသည်။

မြတ်စွာဘုရား ဟောကြားတော်မူခဲ့သော တရားဝမ္ဘအနှစ်ချုပ်သည် **''မကောင်းမှုရှောင် ကောင်းမှုဆောင် စိတ်ကိုဖြူအောင်ထား''** ဟူသော

http://www.dhammadownload.com

အဆုံးအမ တရားတော်များပင်ဖြစ်ပေသည်။ ဗုဒ္ဓမြတ်စွာ ဟောကြားတော်မူ ခဲ့သော တရားဝမ္မများကို သင်ကြားပြသခြင်း၊ ဟောပြောပြသ ရေးသားဖြန့်ချိ ခြင်းသည် သာသနာပြုလုပ်ငန်းအစစ် ဖြစ်ပေသည်။ သာသနာပြုကုသိုလ် သည် ကုသိုလ်တကာတွင် အမြတ်ဆုံးကုသိုလ်ပင်ဖြစ်ပေသည်။ ယင်း သာသနာပြု ကုသိုလ်များတွင် ဗုဒ္ဓတရားဝမ္မကို မှန်ကန်စွာ မသိရှိကြ၍ အယူမှားနေကြသော ကမ္ဘာသူ ကမ္ဘာသား လူသားများ ယဉ်ကျေးသိမ်မွေ့ လာအောင် ပြုဆောင်နိုင်သော သာသနာပြုကုသိုလ်လုပ်ငန်းမှာ ယခုခေတ် အခြေအနေ အချိန်အခါ၌ ဝိပဿနာတရား ဟောကြားပြသမှု လုပ်ငန်းသည် အဓိက ပဓာနကျသော လုပ်ငန်းတစ်ရပ်ပင်ဖြစ်ပေသည်။ ဝိပဿနာတရား သည် ကမ္ဘာ၌ပင် တိုးတက်ပြန့်ပွားနေသော လုပ်ငန်းဖြစ်၍ ကမ္ဘာအရပ်ရပ်ရှိ လူသားများအား သာသနာပြုရာတွင် အထက်မြက်ဆုံး လက်နက်တစ်ခုပင် ဖြစ်နေပေသည်။

ဝိပဿနာတရား အားထုတ်ရာတွင် သီလ၊ သမာधि၊ ပညာ သိက္ခာ သုံးရပ် အကျင့်မြတ်အားလုံးကို ကျင့်သုံးဆောက်တည် ပွားများအားထုတ်ရ သဖြင့် ထိုသူများသည် ဒုစရိုက် (၁၀) ပါးကို သမုစ္ဆေဒပဟာန်အားဖြင့် အမြစ်ပြတ်အောင် မပယ်ရှားနိုင်သေးစေကာမူ တဒင်္ဂပဟာန် ဝိက္ခမ္ဘနပဟာန် အားဖြင့် ပယ်ရှားနိုင်ကြသဖြင့် ဒုစရိုက်တရား ခေါင်းပါးအောင် ဆောင်ရွက် နေသူများဖြစ်ကြောင်း သိသာထင်ရှားလှပေသည်။ အရိယာသူတော်ကောင်း များအား စွပ်စွဲသူမဖြစ်တော့သည့်အပြင် ကိုယ်တိုင်အယူမှန်လာပြီး ဇေတ ပသိက တရားဂုဏ်တော်အရ အခြားသူများအားလည်း လာရောက်ကျင့်ကြံ ပွားများပါဟု ဆွဲဆောင်တိုက်တွန်းမှု ပြုလာနိုင်ပေသည်။ သရဏဂုံမြဲပြီး သစ္စာတရားလေးပါးကိုလည်း စွဲစွဲမြဲမြဲ သဘောပေါက်နိုင်ကြပြီဖြစ်ပေသည်။

ထို့ကြောင့် ဤသို့သော ဝိပဿနာလုပ်ငန်းဖြင့် သာသနာပြုကြသူများ သည် သီလကွန် ဒိဋ္ဌစက္ခုအခန်း၌ မြတ်စွာဘုရားက ဒုစရိုက်မှုပြုနေသူများ သူတစ်ပါးကို အယူမှားအောင် ဆွဲဆောင်နေသူများသည် အပါယ်ဒုဂ္ဂတိသို့ လားရောက်နေကြသည်ကို တွေ့မြင်ရပြီး ဒုစရိုက်မှု မပြုသူများ အရိယာ သူတော်ကောင်းများကို မစွပ်စွဲသူများ ကိုယ်တိုင်အယူမှန်သူများ သူတစ်ပါး

http://www.dhammadownload.com

အယူမှန်အောင် ဟောပြော ဆွဲဆောင်သူများသည် နတ်ရွာသုဂတိသို့သာ လားရောက်နေကြသည်ကို တွေ့မြင်ရကြောင်း ဟောကြားထားတော်မူ သကဲ့သို့ တိကဝုတ္တရပါဠိတော် ဗဟုပကာရသုတ်၌လည်း သူတစ်ပါးအား သရဏဂုံ တည်အောင်ပြုသူ သူတစ်ပါးအား သစ္စာ (၄) ပါး သိအောင်ပြုသူ နှင့် သူတစ်ပါးအား ရဟန္တာဖြစ်အောင်ပြုသူ (၃) ဦးသည် လောကတွင် ကျေးဇူးအကြီးမားဆုံးပုဂ္ဂိုလ်ဖြစ်ကြောင်း ဟောကြားထားတော်မူပေသည်။

ထို့ကြောင့် ယခုဆရာတော် အရှင်ပုညာနန္ဒမထေရ်မြတ်သည် ဝိပဿနာတရားဖြင့် လူသားများတွင် သီလ၊ သမာဓိ၊ ပညာ သိက္ခာသုံးရပ် အကျင့်မြတ်များတည်အောင် ဆောင်ရွက်လျက် ထိုလူသားများ ဒုစရိုက်တရား ခေါင်းပါးခြင်း၊ အရိယာသူတော်ကောင်းများ မြတ်နိုးခြင်း၊ အယူမှန်ခြင်း၊ အယူမှန်အောင် ဆွဲဆောင်မှုပြုခြင်း၊ သရဏဂုံတည်လာခြင်း၊ သစ္စာ (၄) ပါး သိလာခြင်း အကျိုးများကို ဆောင်ရွက်ပေးနိုင်သူ ပုဂ္ဂိုလ်ထူးဖြစ်သော ကြောင့် သာသနာအတွက် လောကလူသားတို့အတွက် ကျေးဇူးကြီးသော ပုဂ္ဂိုလ်မြတ်ဖြစ်ပါကြောင်း ဆရာတော် ဟောကြားထားသော ဤတရား စာအုပ်ကို လေ့လာဖတ်ရှုသူများသည်လည်း သီလ၊ သမာဓိ၊ ပညာ၊ သိက္ခာ သုံးရပ် အကျင့်မြတ်များကို သဘောပေါက်၍ ကျင့်ကြံပွားများလာနိုင်ကြ သဖြင့် ဒုစရိုက်ခေါင်းပါးခြင်း စသော အကျိုးတရားများကို ရရှိနိုင်ကြမည် ဖြစ်ပါကြောင်း ...။

"တရားရေစင်စားဖြင့် ကိုယ်စိတ်နှလုံး ရှင်ပြုံးနိုင်ကြပါစေ ..."

ဘဒ္ဒန္တဝိမလ

ဝိမလာရာမနတ်ညွှန်းကျောင်းတိုက်

http://www.dhammadownload.com

အရှင်စန္ဒကောဝိ

(ပါဠိပါရဂူ၊ ဝိဒူဂတ်တစ်ပုံဆောင်)

၏

အမှာစာ

ဘုရားရှင်ဟောကြားတော်မူခဲ့သော တရားတော်သည် တစ်မျိုးတည်း သာရှိသော်လည်း ဟောကြားတော်မူသော ဓမ္မကထိကဆရာတော်များ အလိုက် စိုပြေသော တရားဟောနည်းနှင့် ခြောက်သွေ့သော တရားဟော နည်းဟု တရားဟောနည်းမှာမူ နှစ်မျိုးရှိသည်။ စိုပြေသော တရားဟောနည်း ဆိုသည်မှာ တရားနာပရိသတ် အပျင်းပြေစေရန် အသံနေအသံထားဖြင့် ဟောခြင်း၊ ပုံတိုပတ်စများဖြင့်ဟောခြင်း၊ သီချင်းသံဖြင့်ဟောခြင်း၊ သီချင်း စသည် ဆိုသင့်တာဆို၍ ဟောခြင်းများဖြစ်သည်။ ထို့ကြောင့် အထက်ပါ စိုပြေသော တရားဟောနည်းကို လူတိုင်း နာနိုင်ကြသည်။ လူပြိန်းကြိုက် တရားဟောနည်းဟု ဆိုရမည်။ ခြောက်သွေ့သော တရားဟောနည်းဆိုသည် မှာ ဝိပဿနာ တရားဟောနည်း ဖြစ်သည်။ လူတိုင်း အသိရခက်သော ရုပ်သံ၊ ဓာတ်သံ၊ ပရမတ်သံတို့ အမြဲပါဝင်နေကြသဖြင့် လူတိုင်း စိတ်မဝင်စား ကြပေ။ ဝိပဿနာအားထုတ်သော အတွေ့အကြုံရှိသူများသာ စိတ်ဝင်စား ကြပြီး အခြားပုဂ္ဂိုလ်များအတွက် ပျင်းစရာကောင်းလှသကဲ့သို့ ငိုက်မြည်းစရာ လည်းကောင်းလှသည်။ အတွေ့အကြုံ မရှိပါက တီကောင်ကို ဆားနှင့် တို့သည့်ပမာ နောက်တွန့်သွားနိုင်သည့် တရားခြောက်ကြီးဟု ဆိုရပေမည်။

တရားခြောက်ကို စုံအောင်ဟောနိုင်သူ

ယင်းတရားခြောက်ကြီးကို စိုပြေသွားအောင် အများနားလည်သွား အောင် ဟောပြောနိုင်သူကား အင်မတန် ရှားပါးလှ၏။ ဟောပြောနိုင်လျှင်မူ

http://www.dhammadownload.com

မတစ်ထောင် တစ်ကောင်ဘွား ဇာနည်ယောက်ျားဟု ဆိုရပေမည်။ ယင်းကဲ့သို့သော ဇာနည်ယောက်ျား ပုဂ္ဂိုလ်ထူးများထဲတွင် ဆရာတော် အရှင်ပုညာနန္ဒသည် တစ်ပါးအပါအဝင်ဖြစ်သည်။ ဆရာတော် အရှင်ပုညာနန္ဒသည် လူတိုင်းက တရားခြောက်ကြီးဟု ထင်မှတ်ကာ နောက်တွန့်နေသော ဝိပဿနာတရားတော်ကို စိုပြေအောင်နှင့် လူတိုင်း သဘောကျနှစ်ခြိုက်အောင် ဟောပြစွမ်းနိုင်သော ပုဂ္ဂိုလ်ထူးကြီးပါပေ။

ကိုယ်တွေ့ပါမှ သဘောကျ

ဆရာတော် အရှင်ပုညာနန္ဒကဲ့သို့သော ပုဂ္ဂိုလ်ထူးများ၏ စွမ်းဆောင်မှုကြောင့် ဒကာ၊ ဒကာမများလည်း ရှေ့ကနှင့်မတူတော့ဘဲ တရားဗဟုသုတများ ပြည့်ဝလျက်ရှိကြသည်။ ထို့ကြောင့် တရားအရာ၌ ပါးစပ်မှလာသော တရားနှင့် နှလုံးသားမှလာသောတရားကို ခွဲခြားသိတတ်ကြသည်။ ရှင်းပါဦးမည်။ ပါးစပ်မှလာသော တရားဟူသည် ကိုယ်တိုင် ကျင့်ကြံမှုမပါဘဲ စာအုပ်စာပေကိုကြည့်၍ ဟောသောတရားဖြစ်၏။ ယင်းကဲ့သို့သော တရားမျိုးကို နာကြားရလျှင် ဆားမပါသောဟင်းကို စားရသည့်ပမာ ပေါ့ပျက်ပျက်နိုင်လှသည်။

နှလုံးသားမှလာသောတရားဟူသည် ကိုယ်တိုင် ကျင့်ကြံအားထုတ်ပြီးမှ မိမိရရှိလာသောတရားကို အခြေခံ၍ အားပါးတရ ဟောကြားသော တရားမျိုးဖြစ်သည်။ ယင်းတရားကို နာကြားရလျှင် ဆားပါသည့်ဟင်းကို စားရသည့်ပမာ လေးလေးပင်ပင် ရှိလှသည်။ နာကြား၍မဝနိုင်အောင် အရသာ ရှိလှသည်။

ဆရာတော် အရှင်ပုညာနန္ဒသည် မိုးကုတ်ဆရာတော်ဘုရားကြီး၏ ဥပနိဿယကိုခံယူ၍ ကိုယ်တိုင် နှစ်ပေါင်းများစွာ ဝိပဿနာအလုပ် ကျင့်ကြံအားထုတ်ခဲ့သည်။ ထို့အပြင် ယောဂီသူတော်စင်များအား ဝိပဿနာတရားများ ဟောကြားပြသရင်းပင် ကိုယ်တိုင် ထပ်မံ၍ ကျင့်ကြံအားထုတ်ခဲ့ပြန်

http://www.dhammadownload.com

သည်။ ထို့ကြောင့် ဆရာတော် အရှင်ပုညာနန္ဒ၏ တရားတော်များကို နာကြားရသော ပရိသတ်များမှာ နာ၍မဝ တသသ ဖြစ်ကြရသည်။

ဆရာတော် အရှင်ပုညာနန္ဒသည် ယခုအခါ မိမိ၏ သက်တော် (၅၀)ပြည့် ရွှေရတုကာလ အခါသမယတွင် ဆရာတော် ဟောကြားတော်မူခဲ့သော တရားတော်များအနက် အချို့တရားတော်များကို ထုတ်နုတ်၍ အထူးထုတ် တရားတော်များအဖြစ် ထုတ်ဝေလိုက်ရာ နှလုံးသားမှလာသော တရားတော်များကို တိုက်ရိုက်နာကြားခွင့်ရရှိကြမည်ဖြစ်သဖြင့် ဖတ်ရှုကြသော ယောဂီသူတော်စင်များမှာ ဖရဏာပီတိ ဂွမ်းဆီထိကာ ကြည်ရွှန်နာကြားရ၍ မဝနိုင်သော အရသာထူးများကို ရရှိခံစားရမည်ဆိုလျှင် လွန်အံ့မထင်ပါ။

အရှင်စန္ဒဇောတိ

(ပါဠိပါရဂူ၊ ပိဋကတ်တစ်ပုံဆောင်)

အာဂုံဆောင်ကျမ်းများနှင့် နိကာယ်အဖွင့်ကျမ်းများကျမ်းပြု

အောင်သိဒ္ဓိကျောင်းပရိယတ္တိစာသင်တိုက်၊ ဝမ္မသုခကျောင်းတိုက်
ကြားတောရလမ်း၊ ရွှေတိဂုံအရှေ့မုခ်လမ်းမကြီး
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
☎ : ၀၁-၃၈၃၄၂၇၊ ၃၈၀၈၇၅

http://www.dhammadownload.com

ဓာတုကာ (သုတေသီ)

၈၅

အမှာစာ

မြတ်စွာဘုရားသည် ကလိယုဂ်အတွင်း မီးပုံအလယ်ရှိ ကြာပန်းပွင့်ကဲ့သို့ ပွင့်တော်မူခဲ့ပါသည်။ ပွင့်ထွန်းရာ မဇ္ဈိမဒေသအတွင်း ရှုပ်ထွေးနေသော အယူဝါဒရှင်များအကြားတွင် ပွင့်ထွန်းတော်မူခဲ့ရပြန်သည်။ မြတ်စွာဘုရား ပွင့်တော်မူချိန်တွင် မဇ္ဈိမဒေသ၌ အယူဝါဒ (၆၂)ပါး ထွန်းကားပြန့်ပွားလျက် ရှိနေပြီဖြစ်သည်။ မြတ်စွာဘုရား ပွင့်ထွန်းတော်မူလာသော အခါ ရှိရင်းအယူဝါဒ (၆၂)ပါးလုံးသည် အယူဝါဒ အလွဲအမှား မိစ္ဆာအယူများ ဖြစ်ကြောင်း ဟောကြားတော်မူခဲ့သည်။

ရှိရင်းအယူဝါဒ (၆၂)ပါးကို အယူဝါဒ အလွဲအမှားအဖြစ် ပယ်ရှားတော်မူပြီး သမ္မာဒိဋ္ဌိအယူမှန် ပြန့်ပွားရေးကို မနေမနား ဒေသစာရီကြွချီ၍ ဟောကြားတော်မူခဲ့သည်။ သို့ရာတွင် ကလိယုဂ် ဆုတ်ကပ်ခေတ်အခါဖြစ်၍ လူသားအားလုံးကို အယူမှန်၌တည်စေရန် ဟောပြောနိုင်မှု မရှိခဲ့ပါ။ ပညာရှိသူတော်ကောင်းများ စိတ်ကောင်းရှိသူများကသာ မြတ်စွာဘုရား ဟောကြားသော တရားကို ကျင့်ကြံပွားများ၍ ပစ္စုပ္ပန်သံသရာ အကျိုးနှစ်ဖြာ ရရှိခဲ့ကြသည်။

သစ္စယုဂ်ခေတ်အခါတွင် လူ (၁၀၀) လျှင် (၉၀) တရားကျင့်ကြသည်။ ကတယုဂ်ခေတ်အခါတွင် လူ (၁၀၀) လျှင် (၇၅) တရားကျင့်ကြသည်။ ဒွါပရခေတ်အခါတွင် လူ (၁၀၀) လျှင် (၅၀) တရားကျင့်ကြသည်။ ကလိယုဂ်ခေတ်အခါတွင် လူ (၁၀၀) လျှင် (၂၅) တရားကျင့်သည်ဟု ဆိုသော်လည်း ပုရာဏ်ဆရာတစ်ဦး၏ အမေးနှင့် စပ်လျဉ်း၍ မြတ်စွာဘုရားက ဒီဗွစက္ခုဖြင့် ကြည့်တော်မူရာ –

ရာဇုမ္ဘတ္တက – ရာဂ (လောဘ) ဖြင့် ရှုးသွပ်နေသူများ။
ဒေါသမ္ဘတ္တက – ဒေါသကြောင့် ရှုးသွပ်နေသူများ။ **မောဟုမ္ဘတ္တက** –

http://www.dhammadownload.com

မသိမိုက်မဲမှုကြောင့် ရှုးသွပ်နေသူများ။ **မာနမ္ဗတ္ထာ** – မာန်မာန ကြောင့် ရှုးသွပ်နေသူများ။ **ဒိဋ္ဌမ္ဗတ္ထာ** – အယူအလွဲအမှား အစွဲတရားကြောင့် ရှုးသွပ်နေသူများ။ **ဗျာသနမ္ဗတ္ထာ** – ဗျသန တရား (၅) ပါးကြောင့် ရှုးသွပ်နေသူများ။ **သုဒ္ဓမ္ဗတ္ထာ** – အရက် သေစာ မူးယစ်ဆေးဝါးကြောင့် ရှုးသွပ်နေသူများ။ **ပိတ္ထမ္ဗတ္ထာ** – သည်းခြေပျက်၍ ရှုးသွပ်နေသူများ။ **ယက္ခမ္ဗတ္ထာ** – ဘီလူးဖမ်း၍ ရှုးသွပ်နေသူများကို မြင်တော်မူ၍ လေးအသခ္ခေါ်နှင့် ကမ္ဘာ တစ်သိန်းတိုင်အောင် ခဲယဉ်းပင်ပန်းစွာ ဖြည့်ကျင့်မှ ရလာခဲ့သော တရားတော်များကို ရာဂ ဒေါသ မောဟ တရား ထူပြောသော ကလိယုဂ်ခေတ်အခါ၌ တရားဟောသော်လည်း မောရုံသာ ရှိမည်ဟု စိတ်အကြံ ဖြစ်တော်မူခဲ့ရသည်။

သို့ရာတွင် ကျွတ်ထိုက်သော တရားသိမြင်နိုင်စွမ်းရှိသော ပညာရှိ သူတော်ကောင်း စိတ်ကောင်းရှိသူများ၏ ပစ္စုပ္ပန်သံသရာ ဘဝ နှစ်ဖြာ မြင့်မားရေးကို ရှေးရှုလျက် ဒေသစာရီ ကြွချီကာ မနေမနား တရားဝမ္မအမြိုက်ဆေး တိုက်ကျွေးတော်မူခဲ့သည်။ တပည့်သားသာဝက အရှင်မြတ်များကလည်း မြတ်စွာဘုရား သက်တော်ထင်ရှား ရှိတော်မူစဉ်အခါ၌လည်းကောင်း၊ ပရိနိဗ္ဗာန် ပြုတော်မူပြီး အချိန်အခါများ၌လည်းကောင်း မြတ်စွာဘုရား ဟောကြားတော်မူခဲ့သော တရားဝမ္မများကို စဉ်လာမပျက် ဟောကြားပြသ ပို့ချလျက် ထိန်းသိမ်းစောင့်ရှောက်တော်မူ ခဲ့ကြပါသည်။

သာသနာဟူသည်မှာ မြတ်စွာဘုရား ဟောကြားတော်မူခဲ့ သော အဆုံးအမ တရားတော်များပင် ဖြစ်ပါသည်။ ဤသာသနာ အဆုံးအမ တရားတော်များသည် လောကီအရာ၌ဖြစ်စေ၊ လောကုတ္တရာအရာ၌ဖြစ်စေ တရားတော်က ညွှန်ကြားထားသည့် အတိုင်း လိုက်နာကျင့်ကြံ ပွားများလျှင် မျက်မှောက်ပစ္စုပ္ပန်ဘဝ တွင် လူကောင်းသူကောင်း ဖြစ်လာနိုင်ပြီး သံသရာတွင် အပါယ် ဘေး ကင်းဝေးအောင် ရွှက်ဆောင်သောကြောင့် ဝမ္မဟု ခေါ်ဆို

http://www.dhammadownload.com

ရသည်။ သာသနာအဆုံးအမ တရားဝမ္မအချုပ်မှာ မကောင်းမှု ရှောင်၊ ကောင်းမှုဆောင် ဖြူစင်အောင် စိတ်ထားရန် လမ်းညွှန် ထားချက်များသာ ဖြစ်သည်။

လူသားသဘာဝသည် အေးချမ်းသာယာ ပြည့်စုံစွာဖြင့် သက်ထက်ဆုံး ဘဝရှင်သန်နေလိုကြသည်။ သို့ရာတွင် တဏှာခေါ်သော လောဘတရား၏ ဆိုးကျိုးကို နားမလည်သော ဝိသမလောဘသမား လူသားများကြောင့် အများမှာ စားဝတ်နေရေး ထိခိုက်နစ်နာလျက် စိတ်ဆင်းရဲ ကိုယ်ဆင်းရဲ ဖြစ်နေကြရသည်။ ဒုဿီလာ၊ ဒုစရိုက်ပင်ပင် ဆိုက်လျက် ငတ်မွတ်ခေါင်းပါး နေကြရ ရှာသည်။ ဒေါသဆိုးကျိုး နားမလည်သော လူသားများက ဒေါသအမျက် ဖက်တွယ်လျက် ဆောင်ရွက်နေကြမှုကြောင့် မိမိနှင့်တကွ အများမှာ ထိခိုက် နစ်နာ သေကြေပျက်စီး နေကြရသည်။ လူသတ်လက်နက် အပြိုင်အဆိုင် ဖန်တီးလျက် လူသတ်စစ်ပွဲ ဆင်နွှဲနေကြသည့် သတ္တနွှရကပ် ဆိုက်ရောက် နေရသည်။

အဝိဇ္ဇာခေါ်သော မောဟတရား၏ဆိုးကျိုးကို နားမလည် ဖက်တွယ် နေကြသောကြောင့် လူသားနှင့် လူ့ဘောင်လောကတစ်ခုလုံး ကစင့်ကလျား ပျက်ပြားအောင် ဆောင်ရွက်နေကြ၍ သဘာဝတရားပျက်ပြားပြီး ရောဂါဆိုး အမျိုးမျိုး ဖြစ်ပွား ခံစားနေကြရသည်။ ရောဂနှရကပ် ဆိုက်ရောက် နေရသည်။ အဝိဇ္ဇာမောဟ ထူပိန်းသော လူသားအချို့မှာ ဒုလ္လဘ လူ့ဘဝ ဖြင့် လူ့လောက ကောင်းကျိုး သည်ပိုးရွက်ဆောင်မှု မပြုရုံမျှမက မိမိနှင့် တကွ အခြားသူများ ဘဝပျက်ပြားအောင်ပင် အသေခံလျက် ဖျက်ဆီး သတ်ဖြတ်နေကြသည်။

မြတ်စွာဘုရား ဟောကြားထားတော်မူခဲ့သော တရားဝမ္မ သာသနာ အဆုံးအမများသည် မကောင်းမှုရှောင် ကောင်းမှုဆောင် ဖြူအောင် စိတ်ကိုထားရန် လမ်းညွှန်ထားသော တရားဝမ္မများဖြစ်သောကြောင့် လူသား ဘဝနှင့် လူ့ဘောင်လောက အေးချမ်းသာယာရေး အားပေးထားသော လူသားအကျိုးပြု တရားဝမ္မများသာဖြစ်ကြောင်း ထင်ရှားသည်။ ထို့ကြောင့် သီရိလင်္ကာ ဝန်ကြီးချုပ်ဟောင်း မစွာန်ဒရာနိုက်ဘေးက ''နေနှင့်လ

http://www.dhammadownload.com

ရှိနေသမျှ ကမ္ဘာပေါ်မှာ လူသားမျိုးနွယ်တွေ ဖြစ်တည်နေသမျှ ကာလ ပတ်လုံး ဗုဒ္ဓဘာသာ ရှိနေမှာပါ။ ဘာကြောင့်လဲဆိုတော့ ဗုဒ္ဓဘာသာဆိုတာ လူသား ဘာသာတရား လူသားမျိုးနွယ်တစ်ရပ်လုံးရဲ့ ဘာသာတရား ဖြစ်နေလို့ပါ'' ဟု ပြောခဲ့ခြင်းဖြစ်သည်။

ပါမောက္ခ ရိုင်းစ်ဒေးဗစ်ကလည်း ''ဗုဒ္ဓဘာသာဝင်ပဲဆိုဆို၊ ဗုဒ္ဓဘာသာ ဝင် မဟုတ်ဘူးလို့ပဲဆိုဆို ကျွန်ုပ်ဟာ ကမ္ဘာပေါ်မှာ ထင်ရှားနေတဲ့ ဘာသာ တရားကြီးတွေ တစ်ခုချင်းစီရဲ့သဘောကို စိစစ်ခဲ့ပြီး ဖြစ်ပါတယ်၊ ပြေပြေ ပြစ်ပြစ်နှင့် ရှင်းလင်းနားလည်နိုင်စွမ်းရှိတဲ့ ဗုဒ္ဓရဲ့ သစ္စာလေးပါးနှင့် မဂ္ဂင်ရှစ်ပါး လမ်းစဉ်ထက် ပိုကောင်းတာ တစ်ခုမှမတွေ့ခဲ့ရပါ၊ အဲဒီ လမ်းစဉ်နှင့်အညီ ကျွန်တော့်ဘဝကို ပုံဖော်နိုင်လို့ ကျေနပ်ပါတယ်'' ဟု ပြောပါသည်။

မဂ္ဂင်ရှစ်ပါးလမ်းစဉ် အကျဉ်းချုပ်မှာ သီလ၊ သမာဓိ၊ ပညာ သိက္ခာ (၃) ပါး အကျင့်မြတ် လမ်းစဉ်ပင်ဖြစ်သည်။ သီလလမ်းစဉ်သည် ကိုယ်ဖြင့်ပြု လုပ်သော ကာယဒုစရိုက်၊ နှုတ်ဖြင့်ကျူးလွန်သော ဝစီဒုစရိုက် မကောင်းမှု များကို ပယ်ရှားနိုင်သည်။ သမာဓိလမ်းစဉ်သည် စိတ်ဖြင့် ကြံစည်သော မကောင်းမှု မနောဒုစရိုက်များကို ပယ်နိုင်သည်။ ပညာလမ်းစဉ်ကား ရုပ်တရား နာမ်တရားများကို အနိစ္စ၊ ဒုက္ခ၊ အနတ္တ လက္ခဏာရေးသုံးပါး တင်၍ ရှုသော ဝိပဿနာအလုပ်ဖြစ်သည်။

ပညာစခန်း ဝိပဿနာလမ်း ကျင့်ကြံလိုသူသည် ရှေးဦးစွာ သီလ လုပ်ငန်း၊ သမာဓိလုပ်ငန်းများကို လုပ်ဆောင်၍ သီလလုံခြုံပြီး သမာဓိရ၍ စိတ်ကြည်လင်မှုကို ရရှိပြီးမှ ဝိပဿနာကို ကျင့်ကြံပွားများရသည်။ ဤဝိပဿနာတရား ကျင့်ကြံပွားများသူများသည် ရည်မှန်းချက်ပန်းတိုင် ဖြစ်သော မဂ်ဖိုလ် ရနိုင်သည်။ မဂ်ဖိုလ်မရသော်မှ မဟာကုသိုလ်ရသည့်အပြင် လူသားနှင့် လူ့ဘောင်လောကကို ဖျက်ဆီးနေသော လောဘ၊ ဒေါသ၊ မောဟ စသော ကိလေသာ အညစ်အကြေးများ ကိန်းနေသော စိတ်ဓာတ် ကို ခေါင်းပါးနည်းပါးသွားစေသော အကျိုးကို ရရှိသည်။ လူ့လောကတွင် သူတော်ကောင်းအဆင့်သို့ ရောက်ရှိနိုင်သည်။

http://www.dhammadownload.com

အထူးသဖြင့် ဝိပဿနာတရားသည် လူသားနှင့် လူ့ဘောင်လောက အေးချမ်းသာယာရေးကို အားဆင့်ပေးနိုင်သော တရားပင်ဖြစ်သည်။ ကျင့်ကြံပွားများသူများလည်း အထိုက်အလျောက် အေးချမ်းသာယာမှုကို ရရှိသည်။ ဗုဒ္ဓမြတ်စွာဘုရား ဟောကြားတော်မူခဲ့သော အဆုံးအမတရားတွင် အထွဋ်အထိပ်ကျင့်စဉ် အနှစ်ပင်ဖြစ်ပါသည်။ ကိုယ်တိုင်ကျင့်ကြံမှု ရရှိသော တရားလည်းဖြစ်သည်။ ဤသို့ ကိုယ်တိုင်ကျင့်ကြံပွားများ၍ ရရှိသော အကျိုးခံစားမှုကို အခြားသူများအားလည်း ရရှိခံစားစေလိုမှု ဖြစ်ပေါ်လာသဖြင့် လာလှည့်ရှုလှည့်ပါဟု တိုက်တွန်းပြောဆိုရသည်အထိဖြစ်သော တရားဖြစ်သည်။ ထို့ကြောင့် ဝိပဿနာတရားသည် ယခုအချိန်အခါ၌ ပြည်တွင်းပြည်ပ သာသနာပြုလုပ်ငန်းတွင် အထက်မြက်ဆုံး လုပ်ရပ်ဖြစ်သည်။

ယခုအခါ ပြည်တွင်းပြည်ပ တရားဓမ္မ ဟောပြောပြသနေသော ရဟန်းတော်နှင့် လူပုဂ္ဂိုလ် အများအပြားရှိသည်။ သင်တန်းပေးသော ဆရာတော်များ လူပုဂ္ဂိုလ်များလည်း အများအပြားရှိသည်။ စာသင်တိုက် ကမ္မဋ္ဌာန်းတိုက် ဖွင့်လှစ်၍ တရားဓမ္မ ပို့ချပြသနေသူလည်း အများအပြား ရှိသည်။ တရားဓမ္မဆိုင်ရာ စာပေရေးသားနေသူများနှင့် ယင်းရေးသားပြီး စာများကို စာအုပ်အဖြစ် ရိုက်နှိပ်၍ ဖြန့်ချိနေသူများလည်း အများအပြား ရှိသည်။ ဤသို့သောပုဂ္ဂိုလ်များသည် ဓမ္မာနုဂ္ဂဟအရ သာသနာပြုနေသော ပုဂ္ဂိုလ်များပင် ဖြစ်သည်။

သာသနာပြုကုသိုလ်သည် **'သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ'** ဒေသနာတော်အရ အမြင့်မြတ်ဆုံး လုပ်ငန်းပင်ဖြစ်သည်။ ဤသာသနာပြုလုပ်ငန်းဖြင့် အယူမှားနေသူများ၊ ဇဝေဇဝါဖြစ်နေသူများ၊ လမ်းမှားနေသူများအား အမှန်သို့ ရောက်အောင် စွမ်းဆောင်နိုင်မှုရှိသော လုပ်ငန်းဖြစ်သောကြောင့် သီလကွန် ဒိဋ္ဌစက္ခုခန်း၌ မိမိကိုယ်တိုင် အယူမှန်ပြီး သူတစ်ပါးအယူမှန်အောင် ပြုသူသည် နတ်ရွာသုဂတိလားရသည်ကို မြင်ရကြောင်း မြတ်စွာဘုရား ဟောကြားထားမှုရှိသဖြင့် သံသရာကောင်းကျိုးပြုလုပ်ငန်းလည်း ဖြစ်သည်။ တစ်ဖန် တိကဂုံတ္တရဗဟုပကာရသုတ်၌ သူတစ်ပါးအား သရဏဂုံတည်အောင် သစ္စာလေးပါးသိအောင် ရဟန္တာဖြစ်အောင် ပြုလုပ်သူ

http://www.dhammadownload.com

သည် ကျေးဇူးအကြီးမားဆုံး ပုဂ္ဂိုလ်ဖြစ်သည်ဟု မြတ်စွာဘုရား ဟောကြား ထားတော်မူသဖြင့် သာသနာအတွက် အကြီးမားဆုံး သာသနာပြုနေသူများ ဖြစ်သည်။

ကျုံမင်းပုံနှိပ်တိုက်နှင့် ကောင်းမွန်ကွန်ပျူတာလုပ်ငန်းပိုင်ရှင်တို့သည် ငယ်ရွယ်သူဖြစ်စေကာမူ ဘာသာတရား ကိုင်းရှိုင်းသူများဖြစ်သောကြောင့် ဆရာတော်အရှင်မြတ်များ ဟောကြားထားသော တရားတော်များကို CD ခွေသွင်း၍လည်းကောင်း၊ စာအုပ်စာတမ်း ရိုက်နှိပ်၍လည်းကောင်း ဓမ္မဒါန ပြုနေမှု အများအပြားရှိသည်ကို တွေ့ရှိရသည်။ ကိုယ်တိုင်ကလည်း တရားဓမ္မလိုက်စားခြင်း၊ ကျင့်ကြံပွားများခြင်း ပြုနေကြသူများဖြစ်သည်။ ယခု မိုးကုတ်ဝိပဿနာ ကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တဥာဏနန္ဒ၏ ဟောစဉ်တရား များကို စုပေါင်း၍ စာအုပ်အဖြစ် ရိုက်နှိပ်လျက် သာသနာပြုကုသိုလ် တိုးပွားရေး ဆောင်ရွက်နေပြန်ပါသည်။

ထိုသူတို့၏ သာသနာပြုကုသိုလ်အတွက် ဆောင်ရွက်နေမှုများသည် သာသနာပြုလုပ်ငန်းကို ဆောင်ရွက်တော်မူခဲ့သော မြတ်စွာဘုရားနှင့်တကွ သာဝကအဆက်ဆက်တို့အားလည်းကောင်း၊ ဗုဒ္ဓသာသနာအဆုံးအမ တရားတော်များကို ပစ္စယာနုဂ္ဂဟ၊ ဓမ္မာနုဂ္ဂဟဖြင့် ချီးမြှောက် ထောက်ပံ့ ထိန်းသိမ်းစောင့်ရှောက်လာသော မိဘ ဘိုးဘွား ဘီဘင်များအားလည်း ကောင်း ပြန်လည်ကျေးဇူးဆပ်မှု လုပ်ငန်းဖြစ်သောကြောင့် အလွန်ပင် မွန်မြတ်သော လုပ်ငန်းဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။

မာမက (သုတေသီ)

http://www.dhammadownload.com

ထုတ်ဝေသူ၏ အာသီသ

ကျွန်ုပ်တို့၏ မိဘ, ဘိုးဘွား, ဘီဘင်မှ အစပြု၍ နှစ်နှစ်ကာကာ ကိုးကွယ် ယုံကြည်လာသော ဗုဒ္ဓမြတ်စွာဘုရား၏ သာသနာတော်မြတ်ကို မြတ်စွာဘုရားကိုယ်တော်တိုင် ပူသည် အေးသည် အယူလွဲမှားနေကြသော လူသားများ၏ ပစ္စုပ္ပန်သံသရာ ဘဝနှစ်ဖြာ ကောင်းမွန်မြင့်မားရေးအကျိုး အတွက် ဒေသအသီးသီးသို့ ဒေသစာရီကြွချီလျက် (၄၅) ဝါတို့ကာလပတ်လုံး သာသနာအဆုံးအမ တရားဓမ္မများကို ဟောကြားတော်မူကာ သာသနာပြုလုပ်ငန်းကို ဆောင်ရွက်တော်မူခဲ့ပါသည်။

မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုတော်မူပြီးနောက်၌လည်း သာ၀က အစဉ်အဆက် ဘုရင်မင်းများနှင့် သူတော်စင် ဒါယကာ, ဒါယိကာမများ၊ မိဘ ဘိုးဘွား ဘီဘင်များက သာသနာအဆုံးအမ တရားဓမ္မများကို သင်ကြားခြင်း၊ ပို့ချခြင်း၊ ဟောပြောခြင်း၊ ရေးသားခြင်း စသည်ဖြင့် အစဉ်အဆက် ပြုစုပျိုးထောင်လာခဲ့သောကြောင့် ဗုဒ္ဓမြတ်စွာ သာသနာတော်မြတ်လည်း နှစ်ပေါင်း နှစ်ထောင်ငါးရာကျော်လာသည့် ယနေ့တိုင် အရှည်ခန့်၍ တည်တံ့ပြန့်ပွား ထွန်းကားနေရခြင်း ဖြစ်ပါသည်။

ဗုဒ္ဓမြတ်စွာဘုရား ဟောကြားတော်မူခဲ့သော သာသနာအဆုံးအမ တရားဓမ္မအချုပ်မှာ **"မကောင်းမှုရှောင် ကောင်းမှုဆောင်၊ ဖြူစောင်စိတ်ကိုထား"** ရန် ဖြစ်ပါသည်။ ကောင်းမှု, မကောင်းမှုဆိုရာတွင် မိမိတို့ဆိုင်ရာ ဝေါဟာရအရ ဆိုခြင်းဖြစ်၍ မြတ်စွာဘုရား၏ သာသနာအဆုံးအမ အတွက် တိကျမှန်ကန်သော ဝေါဟာရဖြစ်သည်ဟု ဆိုရန်မဖြစ်ပေ။ ကောင်းသည် မကောင်းသည်ဟူသော ဝေါဟာရသည် သက်ဆိုင်ရာ လူ့ဝါသနာ လူ့စရိုက် လူမျိုးဓလေ့ ဘာသာဓလေ့အရ အယူအဆ ကွဲပြားမှုရှိနေသော ကြောင့် ဖြစ်ပါသည်။

ဥပမာအားဖြင့် အရက်ကြိုက်သူများသည် အရက်ကောင်းသည်ဟု ဆိုကြသော်လည်း မကြိုက်သူများက မကောင်းဟု ဆိုကြမည်ဖြစ်ပါသည်။

http://www.dhammadownload.com

လူမျိုး တစ်မျိုး ဘာသာတစ်ရပ်က ယဇ်နတ်ပူဇော်မှုဝလေ့ကို ကောင်းသည်၊ ကောင်းမှုဖြစ်သည်ဟု ဆိုသော်လည်း အမှန်အားဖြင့် သူတစ်ပါး သတ္တဝါများ ထိခိုက်နစ်နာမှုရှိသောကြောင့် မကောင်းဟု ဆိုရမည့်အပြင် အပြစ်ဟူ၍ပင် ဆိုရမည်ဖြစ်ပါသည်။ အပြစ်ဟူ၍ဆိုရန် ရှိရုံမျှမက ပစ္စုပ္ပန်သံသရာ ဘဝ နှစ်ဖြာ၌ မကောင်းကျိုးကိုပင် ပေးတတ်ပါသည်။ ဗျတိရေကနည်းအားဖြင့် အပြစ်ကင်းပြီး ကောင်းကျိုးကို ပေးတတ်သော လုပ်ရပ်မျိုးသည်သာလျှင် ကောင်းမှုဖြစ်သည်ဟု ဆိုနိုင်ပါသည်။

မြတ်စွာဘုရား၏ သာသနာအဆုံးအမ တရားဝမ္မအကျဉ်းချုပ်ဖြစ်သော **"မကောင်းမှုရှောင် ကောင်းမှုဆောင်"** ဆိုခြင်းသဘောမှာ အပြစ်နှင့်တကွ မကောင်းကျိုးကို ပေးတတ်သော မကောင်းမှု အကုသိုလ်ကို ရှောင်ရန်နှင့် အပြစ်ကင်းပြီး ကောင်းကျိုးကိုပေးတတ်သော ကောင်းမှုကုသိုလ်ကို ဆောင်ရန် လိုရင်းအချုပ်ဖြစ်ပါသည်။ ဤသို့ မကောင်းမှု အကုသိုလ်ကိုရှောင်ပြီး ကောင်းမှု ကုသိုလ်ကိုဆောင်၍ ဖြူအောင်စိတ်ထားကြပါလျှင် ဤလောက လူ့ဘောင်လည်း အေးချမ်းသာယာပြီး အလွန်နှစ်လိုဖွယ်ရှိသော လောကကြီး ဖြစ်လာနိုင်မည်ဖြစ်ပါသည်။

သို့ရာတွင် ယနေ့ လူ့ဘောင်လောကကြီးမှာ လောဘ၊ ဒေါသ၊ မောဟတရားများ ဖုံးလွှမ်းပြီး အလွန်ပင် ညစ်နွမ်းလျက်ရှိနေပါသည်။ မြတ်စွာ ဘုရား၏ သာသနာအဆုံးအမ တရားဝမ္မကို မသိသူပေါများခြင်း။ မကောင်းမှု အကုသိုလ် လုပ်ရပ်ကိုပင် ကောင်းမှုထင် ပြုလုပ်နေသူ ပေါများခြင်း။ ဗုဒ္ဓမြတ်စွာ၏ သာသနာအဆုံးအမ တရားဝမ္မကို အနှစ်သာရအားဖြင့် မသိသူ ပေါများခြင်း။ သိသော်လည်း မလိုက်နာ၊ မကျင့်ကြံသူ ပေါများခြင်းကြောင့် လောဘ၊ ဒေါသ၊ မောဟ၊ မာန၊ ဒိट္ဌ စသော တရားဆိုးများ လွှမ်းမိုးကာ လူ့ဘောင်လောကကြီးလည်း ကပ်ကြီးများ ဆိုက်နေရပါတော့သည်။ ဗုဒ္ဓ မြတ်စွာဘုရား၏ သာသနာအဆုံးအမ တရားဝမ္မများကသာလျှင် ကပ်ဘေး ကင်းဝေးပြီး အေးချမ်းသာယာမှုကို ပေးစွမ်းနိုင်ပါသည်။

ထို့ကြောင့် ဗုဒ္ဓမြတ်စွာဘုရား၏ သာသနာအဆုံးအမ တရားဝမ္မများ မြန်မာပြည်အနှံ့ ကမ္ဘာဖြန့်၍ လောကလူသားများ သိရှိခံစားနိုင်ကြရေး

http://www.dhammadownload.com

အတွက် ဆောင်ရွက်ရန်ကိစ္စမှာ ယခုအခါ အချိန်ကောင်း အခါကောင်းပင် ဖြစ်နေပါသည်။ ဆောင်ရွက်ရာ၌လည်း စာအုပ်စာပေသည်သာလျှင် အဓိက ပဓာနကျလျက် ရှိနေပါသည်။

ဤသို့ မြန်မာအနှံ့ ကမ္ဘာဖြန့် တရားဝမ္မပြန့်ပွားအောင် ဆောင်ရွက်မှု တွင် ကျွန်ုပ်တို့ကလည်း အုတ်တစ်ချပ် သဲတစ်ပွင့်အားဖြင့် သာသနာပြု ကုသိုလ်ထူးကိုရည်စူးလျက် သာသနာပြန့်ပွားရေး ဟောပြော ရေးသား ပြသပို့ချနေသော ဆရာများ၏ ဟောပြောရေးသားချက်များကို စာအုပ်၊ စီဒီခွေအဖြစ်သို့ ကူးယူပြီး ဝမ္မဒါနပြုခဲ့ကြပါသည်။

ယခုတစ်ဖန် ကျွန်ုပ်တို့သည် သာကေတမြို့နယ်၊ ပုညာရာမ မိုးကုတ် ဝိပဿနာကျောင်းတိုက်၏ ပဓာနနာယက နယ်လှည့်ဝမ္မကထိက ဘဒ္ဒန္တပညာနန္ဒ ၏ ရှမ်းပြည်နယ်အရှေ့ပိုင်းဒေသတွင် ဟောပြောခဲ့သော တရားတော်များကို စုစည်း၍ အများသိရှိနိုင်ရေး ကုသိုလ်အသိပေးလိုသောအားဖြင့် ယခုကဲ့သို့ စာအုပ်အဖြစ် ရိုက်နှိပ်ထုတ်ဝေ ဖြန့်ချိလိုက်ရခြင်း ဖြစ်ပါသည်။

✦ ဝမ္မဂုဏ်ရောင်၊ အလင်းဆောင်၊ လူ့တောင်လောက တည်ပါစေ။

✦ ဝမ္မဂုဏ်ရောင်၊ ထွန်းလင်းပြောင်၊ လူ့တောင်အေးချမ်းရှိပါစေ။

ကျုံမဓေးပုံနှိပ်တိုက်

http://www.dhammadownload.com

အထူးပန်ကြားလွှာ

ဆရာတော် အရှင်ပုညာနန္ဒ ဟောကြားတော်မူသော တရားတော်များအား မိုင်းရှားယောဂီအဖွဲ့က တရားခွေမှ အသံကိုနားထောင်၍ လက်ရေးဖြင့် ကူးယူပြီး ''ကောင်းမွန်ကွန်ပျူတာ'' မှ စာစီခဲ့ခြင်းဖြစ်ပါသည်။

ထို့အပြင် ထိုစာမူများအား စာမူကြမ်းထွက်လာသောအခါတွင်လည်း စာမူများမှာ များပြားလွန်း၍ ဆရာတော်ကိုယ်တိုင် ပြန်လည်ဖတ်ကြားနိုင်ချိန်မရှိသဖြင့် နားလည်တတ်ကျွမ်းသော ဆရာသမားများထံသို့ အကူအညီတောင်းခံ၍ အထပ်ထပ် ပြန်လည်ပြင်ဆင်ထားပြီး ဆရာတော်၏မွေးနေ့အမီ အမှတ်တရ ထုတ်ဝေလိုပါသဖြင့် အချိန်ကြာမြင့်စွာယူပြီး ပြင်ဆင်နိုင်ခွင့်မရှိပါ၍ စာပြင်ရာတွင် အမှားများကျန်ရှိခြင်း၊ သတ်ပုံအမှားအယွင်းပါရှိခြင်းများ ရှိပါက ခွင့်လွှတ်ပေးနိုင်ကြပါရန်နှင့် ပြင်ဆင် ဖတ်ရှုတော်မူကြပါရန် အထူးမေတ္တာရပ်ခံ ပန်ကြားအပ်ပါသည်။

ကောင်းမွန်ကွန်ပျူတာ

http://www.dhammadownload.com

ပုညာရာမမိုးကုတ်ဝိပဿနာကျောင်းတိုက်ဆရာတော်

အရှင်ပုညာနန္ဒ

၏

"ထေရပွတ္တိအာဂျဉ်းချုပ်"

ပုညာရာမဆရာတော် အရှင်ပုညာနန္ဒ အလောင်းလျှာကို ပဲခူးတိုင်း၊ ကဝမြို့နယ်၊ ရှမ်းကန်ကျေးရွာ၌ ခမည်းတော် ဦးဘိုးလှ၊ မယ်တော် ဒေါ်ခင်စီတို့က ကောဇာသက္ကရာဇ် ၁၃၂၁ ခုနှစ်၊ တော်သလင်းလပြည့်ကျော် (၁) ရက်၊ ၁၇၊ ၉၊ ၁၉၅၉ ခုနှစ်၊ ကြာသပတေးနေ့တွင် မီးရှူးသန့်စင်ဖွားမြင်တော်မူခဲ့ပါသည်။ ငယ်နာမည်မှာ မောင်မြင့်ဖော်ဖြစ်၍ မောင်နှမ (၇) ယောက်တို့တွင် သားဦးရတနာ ဖြစ်ပါသည်။

အရှင်ပုညာနန္ဒ အလောင်းလျှာသည် ခေတ်မူလတန်းပညာကို ရှမ်းကန်ကျေးရွာ မူလတန်းကျောင်း၌လည်းကောင်း၊ အလယ်တန်းပညာကို ကဝမြို့နယ် မကြက်ကြီးကျေးရွာ အလယ်တန်းကျောင်း၌လည်းကောင်း၊ အထက်တန်းပညာကို ရန်ကုန်မြို့၊ တာမွေ အမှတ် (၁) အထက်တန်းကျောင်း၌လည်းကောင်း ဆည်းပူးသင်ယူခဲ့၍ ၁၉၇၈ ခုနှစ်တွင် အခြေခံပညာ အထက်တန်းကို အောင်မြင်ခဲ့ပါသည်။

တပ်မတော် (လေ) ၌ ဝင်ရောက်ခဲ့ပြီး ၁၂-နှစ်ကြာမျှ တာဝန်ထမ်းဆောင်ခဲ့ပါသည်။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ သူရဲကောင်းမှတ်တမ်းဝင် ဂုဏ်ပြုလက်မှတ် ချီးမြှင့်မှုကိုလည်း ရရှိခဲ့ပါသည်။ လုပ်သားကောလိပ်၌ တတိယနှစ်အထိ သင်ယူခဲ့ပါသည်။

ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ဘုရားကြီး၏ အသံတော်တရားများ အမှတ် (၁) စာအုပ်ကို ဖတ်ရှုရာမှ သံဝေဂရရှိပြီး၊ ကျေးဇူး

http://www.dhammadownload.com

တော်ရှင် ရွှေဥမင်ဆရာတော်ဘုရားကြီး၏ အဆုံးအမ၊ ကျေးဇူးရှင် ဇနီတာရာမဆရာတော် ဘုရား၏ လမ်းညွှန်မှုများဖြင့် ၁၃၅၃ ခုနှစ်၊ ကဆုန်လပြည့်၊ စနေနေ့ ၂၆။ ၄။ ၁၉၉၁၊ နံနက် ၈ နာရီ ၄၅ မိနစ်အချိန်တွင် ရန်ကုန်တိုင်း၊ ဗဟန်းမြို့နယ် ဇနီတာရာမကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဇနီတာလင်္ကာရ အား ဥပဇ္ဈာယ်ပြုလျက် ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

ပဋိပတ္တိ၊ ပရိယတ္တိအလုပ်များကို ရန်ကုန်တိုင်း၊ ဗဟန်းမြို့နယ် ဇနီတာရာမ မိုးကုတ်ဝိပဿနာကျောင်းတိုက် ဆရာတော်ထံ၌လည်းကောင်း၊ မ/ဥက္ကလာပမြို့နယ် ရွှေဥမင်တောရ ဆရာတော်ဘုရားကြီးထံ၌လည်းကောင်း၊ မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ်၊ တောင်စွန်း ဝမ္မဒူတဆရာတော် ဘဒ္ဒန္တပညာဇောတ (အဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ ဝိသိဒ္ဓဒီဃ ဘာဏကနှင့် သိရီပဝရ ဝမ္မာစရိယ)၊ မုဒုံမြို့၊ ကျောက်တစ်လုံးတောရဆရာတော် ဘဒ္ဒန္တဝါသေဋ္ဌာဘိဝံသ (ပဠုနိကာယ ပိဋကတ္တယပါဠိပါရဂူ)၊ တောင်စွန်း ဝမ္မဒူတတောရကျောင်း ဘဒ္ဒန္တပညိဿရ (ဝမ္မာစရိယ)၊ မော်ဘီဝမ္မဒူတ ဇေတဝန်တောရ ဆေကိန္ဒရာမကျောင်း ဘဒ္ဒန္တဆေကိန္ဒ (ဝမ္မာစရိယ) တို့ထံ၌ ပါဠိစာပေကျမ်းဂန်များကို သင်ယူဆည်းပူးခဲ့ပါသည်။

ယခုအခါ အရှင်သူမြတ်သည် သာသနာတော်အတွက် ရပ်ကွက်သံဃနာယကအကျိုးတော်ဆောင်၊ ရပ်ကွက်လုံးဆိုင်ရာဝမ္မာရုံကြီး၏ ဩဝါဒါစရိယ၊ ပုညာရာမ မိုးကုတ်ဝိပဿနာကျောင်းတိုက်ကြီး၏ ပဓာန နာယကဆရာတော် စသော တာဝန်တို့ကို ဆောင်ရွက်တော်မူရင်း ကျောင်းတိုက်အတွင်း၌ လစဉ် (၁၀) ရက် တရားစခန်း၊ ဝါတွင်းရက်ရှည် ရက် (၁၀၀) တရားစခန်းများနှင့် တိုင်းနှင့်ပြည်နယ်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအသီးသီး တို့နှင့် ပြည်ပနိုင်ငံများသို့လည်း ဝိပဿနာတရား လှည့်ပြည်ဟောပြောပြသ လျက်ရှိပါသည်။

http://www.dhammadownload.com

ကျေးဇူးစကား

ရှေရတုအထူးထုတ် တရားစာအုပ် ဖြစ်မြောက်ရေးအတွက် တိပ်ခွေမှ စာမူအဖြစ်သို့ရောက်အောင် ကူးယူပေးခဲ့သော မိုင်းရှား ယောဂီအဖွဲ့နှင့် ဆရာလေး ဂေါတမီ (ဖားအောက်တောရရိပ်သာခွဲ၊ သန်လျင်) အားလည်းကောင်း၊ စာမူများကို ကွန်ပျူတာစီပေးခဲ့သော 'ကောင်းမွန်' ကွန်ပျူတာအဖွဲ့အားလည်းကောင်း၊ စာမူများကို ပုံစံကျအောင် ပြန်လည်စိစစ်ပေးသော နတ်ညွှန်းကျောင်းဆရာတော် ဦးဝိမလအား လည်းကောင်း၊ ပါဠိစာလုံးနှင့် သတ်ပုံအမှားများကို ကူညီ ပြင်ဆင် ဖတ်ရှုပေးသော မာမက (သုတေသီ) အား လည်းကောင်း၊ စာအုပ်ဖြစ်မြောက်အောင် ဆောင်ရွက်ပေးသော 'ကျုံ့မငေး' ပုံနှိပ်တိုက် အား လည်းကောင်း၊ စာအုပ်ဖြစ်မြောက်ရေးအတွက် လျှာဒါန်းကြသော မ,တည်အလှူရှင်များအားလည်းကောင်း အထူးကျေးဇူးတင်ရှိပါသည်။

အရှင်ဗုဒ္ဓာနန္ဒ

http://www.dhammadownload.com

ယမက ပါဠိဟာရိယ ဘုရားရှိခိုး

ကဏ္ဍမ္ဗမ္ဗုလေ ပရဟိတကရော ယောမုနိန္ဒော နိသိန္နေ၊
အစ္ဆေရဲ သိယံ နယနသုဘဂ် အာကုလန္ဒဂ္ဂိဇာလံ၊
ဒုဋ္ဌာလဒ္ဓသံ မုနိဘိဇ, ဟိတံ ပါဋိဟေဟတံ အကာသိ၊
ဝန္ဒေတံ သေဋ္ဌံ ပရမ ရတိဇ ဏ္ဍဒ္ဓိခေမ္ဗဟုပေတံ။

ပရဟိတကရော - ဝေနေယျအများ သူတစ်ပါးတို့ စီးပွားဥစ္စာဖြစ် စိမ့်ဂှာလျှင် ဝါလေးဆယ့်ငါး ကာလ လျှားအောင် ဘုရားတို့ခြင်း၊ ကိစ္စတော်ငါးခန်းကို ကြိုးပမ်းပယုတ်ပြုလုပ်ပြီး ပြေတော်မူစေတတ်ထသော၊

ယောမုနိန္ဒော - အာဂါရိက စသည်အပြား မုနိများ၏ ဦးဖျားပရမေ သုံးလူ့ဆွေ ဖြစ်တော်မူသော အကြင်မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးသည်၊

ကဏ္ဍမ္ဗမ္ဗုလေ - ကဏ္ဍာဟူသော လူအမည်ဖြင့် ဂုဏ်ရည်လျှံပြီး သရက်ပင်အနီးဌ၊

နိသိန္နော - တိတ္ထိအဝေး ရန်အလေးကို ဝေးရပ်ထိုက် ပြေးစိမ့်မည်ဟု, မျှညီ ယာပိုက်, နှစ်ခြိုက်ရှင်ပြုံး သိတင်းသုံးစံနေတော်မူလျက်၊

အစ္ဆေရဲ - မကြံ့စရူး မဖြစ်ထူးကို အထူးတွေ့ကြုံ၊ သိုဖြစ်ပုံကြောင့် လူဘုံနတ်ရှာ ကောင်းကင်ငြာလျက် ပြဟ္မာမဟာရှုတ် ဘဝင်လှပ်အောင် လက်ခုပ်ငြာဟည်း လက်ဖျစ်တီး၍ အံ့ချီခြင်းငှာ ထိုက်တန်စွာထသော၊

သိယံ - ရေအယဉ်ကို ဖန်ဆင်းသည်က တစ်ကာလ, မီးအလှိုကို ဖန်းဆင်းသည်က တစ်ကာလ, ဤသို့လျှင် ကာလခြားကွဲ ဖြစ်တုံပါလည်း ပြဟ္မာနတ်လူ ဘုံသုံးသူတို့ ခွဲယူမှတ်သား တစ်ချိန်တည်း တစ်ခဏတည်း ဖြစ်သည်ဟု အထင်မှားရအောင် လျင်လျားလည်း၊ လျင်လျားစွာထသော၊

နယနသုဘဂ် - နတ်လူရှိရှိ ဗူးမြင်သူတို့ မျက်စိဝယ် ပိတိဟုန်ဆင့်လှမ်းအောင် အဆန်းအကြယ် တင့်တယ်သပ္ပါယ်စွာထသော၊

ဒုဋ္ဌာလဒ္ဓသံ - နိယျာနိက သာသနာမှလျှင် ပြင်ပဟာဟိ ဝိတဏ္ဍာတို့ ထိုဤ မြေးယုက် မိန္ဓာအယူတည်း ဟူသော ကွန်ယက်ကို ချိုးဖဲ့ဖျက်ဆီးခြင်းငှာ စွမ်းနိုင်စွာထသော၊

မုနိဘိ - ကဿပမြတ်စွာ အစပြုသား မဟာပရမေ, ပွင့်တော်မူကြပြီးသော သုံးလူ့ဆွေ တို့သည်၊

အဟိတံ - ဤနေရာ ဤဌာနဝယ် ပြပ်ပြပ်ပ် မှန်မလွဲသဖြင့် မစွန့်မယယ်အပ်သော တရားတစ်မျိုးလည်း ဖြစ်ပေထသော၊

အာကုလန္ဓဂ္ဂိဇာလံ - ရောယှက်ထွေးအုံ ရေပီးအစုံအစုံတည်းဟူသော၊

http://www.dhammadownload.com

ပါဠိဟေတံ - တန်ခိုးပြုဝိုဟာကို၊

၀ါ-အာကုလန္ဒဂ္ဂိ - အထက်ဖြစ်သော ကိုယ်တော်အစိတ်မှ မီးအလျှံ။

၈လံ ပါဠိဟေတံ - အောက်ဖြစ်သော ကိုယ်တော်အစိတ်မှ ရေအယဉ်, အောက်ဖြစ်သော ကိုယ်တော်အစိတ်မှ မီးအလျှံ။ အထက်ဖြစ်သော ကိုယ်တော်အစိတ်မှ ရေအယဉ်၊

- ရှေ့ဖြစ်သော ကိုယ်တော်အစိတ်မှ မီးအလျှံ
  နောက်ဖြစ်သော ကိုယ်တော်အစိတ်မှ ရေအယဉ်
  နောက်ဖြစ်သော ကိုယ်တော်အစိတ်မှ မီးအလျှံ
  ရှေ့ဖြစ်သော ကိုယ်တော်အစိတ်မှ ရေအယဉ်
- လက်ဝဲမျက်လုံးတော်မှ မီးအလျှံ , လက်ဝဲမျက်လုံးတော်မှ ရေအယဉ်
  လက်ဝဲမျက်လုံးတော်မှ မီးအလျှံ , လက်ဝဲမျက်လုံးတော်မှ ရေအယဉ်
- လက်ဝဲနားတွင်းတော်မှ မီးအလျှံ , လက်ဝဲနားတွင်းတော်မှ ရေအယဉ်
  လက်ဝဲနားတွင်းတော်မှ မီးအလျှံ , လက်ဝဲနားတွင်းတော်မှ ရေအယဉ်
- လက်ဝဲနာခေါင်းပေါက်တော်မှ မီးအလျှံ , လက်ဝဲနာခေါင်းပေါက်တော်မှ ရေအယဉ်
  လက်ဝဲနာခေါင်းပေါက်တော်မှ မီးအလျှံ , လက်ဝဲနာခေါင်းပေါက်တော်မှ ရေအယဉ်
- လက်ဝဲပခုံးတော်မှ မီးအလျှံ , လက်ဝဲပခုံးတော်မှ ရေအယဉ်
  လက်ဝဲပခုံးတော်မှ မီးအလျှံ , လက်ဝဲပခုံးတော်မှ ရေအယဉ်
- လက်ဝဲလက်တော်မှ မီးအလျှံ , လက်ဝဲလက်တော်မှ ရေအယဉ်
  လက်ဝဲလက်တော်မှ မီးအလျှံ , လက်ဝဲလက်တော်မှ ရေအယဉ်
- လက်ဝဲနံပါးတော်မှ မီးအလျှံ , လက်ဝဲနံပါးတော်မှ ရေအယဉ်
  လက်ဝဲနံပါးတော်မှ မီးအလျှံ , လက်ဝဲနံပါးတော်မှ ရေအယဉ်
- လက်ဝဲခြေတော်မှ မီးအလျှံ , လက်ဝဲခြေတော်မှ ရေအယဉ်
  လက်ဝဲခြေတော်မှ မီးအလျှံ , လက်ဝဲခြေတော်မှ ရေအယဉ်
- လက်ချောင်းတော် ခြေချောင်းတော် ဆယ်ဆူ ဆယ်ဆူတို့၏ အကြားအကြားမှ မီးအလျှံ
  လက်ချောင်းတော် ခြေချောင်းတော် ဆယ်ဆူ ဆယ်ဆူတို့မှ ရေအယဉ်
- လက်ချောင်းတော် ခြေချောင်းတော် ဆယ်ဆူ ဆယ်ဆူတို့မှ မီးအလျှံ
  လက်ချောင်းတော် ခြေချောင်းတော် ဆယ်ဆူ ဆယ်ဆူတို့၏ အကြားအကြားမှ ရေအယဉ်

http://www.dhammadownload.com

- တစ်ဆူ တစ်ဆူသော မွေးညင်းတော်မှ မီးအလျှံ
  အခြား တစ်ဆူ တစ်ဆူသော မွေးညင်းတော်မှ ရေအယဉ်
  တစ်ဆူ တစ်ဆူသော မွေးညင်းတွင်းတော်မှ မီးအလျှံ
  အခြား တစ်ဆူ တစ်ဆူသော မွေးညင်းတွင်းတော်မှ ရေအယဉ်၊
- တသွင်သွင် ပြောင်းလဲဖူးလိုက်တိုင်း အဆင်ကွဲသဖြင့် အုံ့အဲ့ရှိမဝ ချီးပရှိမကုန် ရောင်ခြည်တော် ခြောက်ဝုံနှင့်တကွ အစုံအစုံသော ရေမီးတန်ခိုးပြာဝိဟာကို၊

အကာသိ - တိတ္ထိတဝန်း တက္ကဒွန်းတို့ ဦးစွန်းပေါ့လျှောက် ခြေတော်နှင့် ပေါက်သကဲ့သို့ နောက်တဖန် ဟန်မတင်ဝံ့အောင် ဖန်ဆင်းပြသတော်မူခဲ့လေပြီ၊

သေဋ္ဌ - ချီးမွမ်းအပ်သူ နတ်လူပြဟ္မာ သတ္တဝါဟူသမျှတို့ထက် ဆဆလွန်ကျူး အထူးသဖြင့် ချီးမွမ်းအပ်မြတ်တော်မူထသော၊

ပရမ ရတိဂ် - နလုံးအာရုံ စွဲမြဲထုံက၊ ဘုံနန်းသိဝ, နိုဗ္ဗာန်ကျေအောင် ဗလကျေးဇူး လွန်ပျံ့ပျူးသဖြင့် အထူးနှစ်သက်စေတတ်သည့် အမြတ်ဥစ္စာ ရတနာတစ်ဆူ ဖြစ်တော်မူထသော၊

ဣဒ္ဓိဓမ္မေဟိ - ဣဒ္ဓိအစ်ကြွေယျ ဓမ္မကျေးဇူး ဂုဏ်အထူးတို့နှင့်၊

ဥပေတံ - လောက်ငှက်လုံ ပြည့်စုံတော်မူပေထသော၊

တံမုနိန္ဒ - အာဠာဝိက စသည်အပြား မုနိမျိုး၏ ဦးထိုးပရမေ သုံးလူးဆွ ဖြစ်တော်မူသော ထိုမြတ်စွာဘုရားကို

အဟံ - သူတော်သူမြတ် လူနှင့်နတ်တို့ ကျေးနှပ်ရန်မြော် ဘုရားတပည့်တော်သည်၊

ဝန္ဒေ ဝန္ဒာမိ - ယမက ပါဠိဟာရိယ ရှေဘွဲ့သာသည့် အဿာဒဂုဏ် မဟာဂုဏ်ကို အာရုံမျှော်ကိုး လက်စုံမိုး၍ ရှိခိုးကန်တော့ပါ၏ မြတ်စွာဘုရား။

မယံ - တရားဟောပုဂ္ဂိုလ် တရားနာပုဂ္ဂိုလ် ခေါ်ဆိုသမုတ် အကျွန်ပ်တို့သည်၊

ဝန္ဒေ ဝန္ဒာမ - ယမက ပါဠိဟာရိယ ရှေဘွဲ့သာသည့် အဿာဒဂုဏ် မဟာဂုဏ်ကို အာရုံမျှော်ကိုး လက်စုံမိုး၍ ရှိခိုးဦးနှိမ်ကြပါကုန်၏ မြတ်စွာဘုရား။

(သာဓု သာဓု သာဓု)

http://www.dhammadownload.com

နမောပြုနိုဘုရားရှိခိုး

(နမောတဿ ယတော မဟိမတော ယဿ တမောန)[၃]

ယတောမဟိမတော – အကြင်ဒါနပါရမီ, သီလပါရမီ, နိက္ခမပါရမီ, ပညာပါရမီ, ဝီရိယပါရမီ, ခန္တီပါရမီ, သစ္စာပါရမီ, အဓိဋ္ဌာနပါရမီ, မေတ္တာပါရမီ, ဥပေက္ခာပါရမီ တည်းဟူသော ပါရမီဆယ်ပါး အပြားသုံးဆယ်များကျယ်အညီ ပါရမီတော်တို့ကို ဖြည့်ကျင့်တော်မူခဲ့သော တန်ခိုးသိဒ္ဓိအစွမ်းကြောင့် (၀၊) ဥစ္စာပစ္စည်းကိုစွန့်ခြင်း, သမီးသားကိုစွန့်ခြင်း, ဇနီးမယားကိုစွန့်ခြင်း, အင်္ဂါကြီးငယ်ကိုစွန့်ခြင်း, အသက်ကိုစွန့်ခြင်း တည်းဟူသော စွန့်ခြင်းကြီးငါးပါးကို စွန့်ခြင်းတည်းဟူသော တန်ခိုးသိဒ္ဓိအစွမ်းကြောင့် (၀၊) သတ္တဝါအပေါင်း၏ အကျိုးငှာ ဖြည့်ကျင့်တော်မူခြင်း ဆွေမျိုးအပေါင်း၏ အကျိုးငှာ ဖြည့်ကျင့်တော်မူခြင်း ဘုရားအဖြစ်၏အကျိုးငှာ ဖြည့်ကျင့်တော်မူခြင်းတည်းဟူသော စရိယသုံးပါးကို ဖြည့်ကျင့်တော်မူခဲ့သော တန်ခိုးသိဒ္ဓိအစွမ်းကြောင့် (၀၊) ဒေဝပုတ္တမာရ်, ကိလေသမာရ်, ခန္ဓမာရ်, မစ္စုမာရ်, အဘိသင်္ခါရမာရ် တည်းဟူသော မာရ်ငါးပါးကို အောင်မြင်တော်မူခဲ့သော တန်ခိုးသိဒ္ဓိအစွမ်းကြောင့် (၀၊) သုံးပါးဝိဇ္ဇာ ပု–ဒိ–အာနှင့် ဝိမာက္ခစွေ ဒိဋ္ဌထည့်လေငြား ရှစ်ပါးဝိဇ္ဇာတို့ကို သိမြင်တော်မူခဲ့သော တန်ခိုးသိဒ္ဓိအစွမ်းကြောင့် (၀၊) မဟာပဓာန ဒုက္ကရစရိယာကို ခန္ဓာတော်နွမ်း ပင်ပန်းကြီးစွာ ခြောက်နှစ်ကြာအောင် ကျင့်စွမ်းတော်မူခဲ့သော တန်ခိုးသိဒ္ဓိအစွမ်းကြောင့်။

ယဿဗုဒ္ဓဿ – တန်ခိုးရှင်သိဒ္ဓိရှင် အကြင်သစ္စာလေးပါး တရားသိမြင် ဘုရားရှင်ကိုယ်တော်မြတ်ကြီး၏ သန္တာန်တော်၌။

တမော – အဝိဇ္ဇာလျှင် အရင်းမူလရှိသော တစ်ထောင့်ငါးရာ ကိလေသာ တည်းဟူသော အမိုက်မှောင်သည်။

နော – မကျန်မကြွင်း ပျက်ခြင်းမလှ ပျက်စီးရသဖြင့် အလျှင်းမျှပင် ရှိတော်မမူတော့ချေ။

http://www.dhammadownload.com

တသ ဗုဒ္ဓသ – တန်ခိုးရှင်သိဒ္ဓိရှင် အဝိဇ္ဇာလျှင် အရင်းမူလရှိသော တစ်ထောင့်ငါးရာကိလေသာတည်းဟူသော အမိုက်မှောင်ကင်းစင် ထိုသစ္စာ လေးပါး တရားသိမြင် ဘုရားရှင်ကိုယ်တော်မြတ်ကြီးအား။

မေ – သူတော် သူမြတ် လူနှင့်နတ်တို့ ကျေနပ်ရန်မျှော် ဘုရားတပည့် တော်သည်။

နမော – မဂ်လာ စရဏ လက်ဦးစ၍ ကြည်စွဲကော်ရော် ပူဇော် မြတ်နိုး လက်စုံမိုး၍ ရှိခိုးခြင်းသည်။

အတ္ထု – နေ့ညမစဲ အမြဲမကွာ မှန်စွာမသွေဖြစ်ပါပေ၏။

ဣမိနာ ဗုဒ္ဓ ပဏာမေန – ဤသို့ဘုရားရှင်အား ရှိခိုးကြောင်း ဖြစ်သော ပဏာမကုသိုလ် စေတနာကြောင့်။

မေ – မအောင်သေးခင် အောင်ကြွေးတင်၍ အောင်မြင်ရန်မျှော် ဘုရားတပည့်တော်၏။

ဝေါတုမှာ – မအောင်သေးခင် အောင်ကြွေးတင်၍ အောင်မြင် ရန်မျှော် တရားနာပရိတ်သတ်ပေါင်း သူတော်ကောင်းတို့၏။

ယထိစ္ဆိတတ္ထာ – အကြင်အကြင် အလိုရှိအပ် တောင့်တအပ်သည့် ကောင်းကျိုးချမ်းသာ ကျက်သရေမဂ်လာ အထွေထွေသည်။

ယထဒ္ဓာသယံ – အကြင် အကြင် အလိုရှိအပ် တောင့်တအပ်သည့် အတိုင်း။

သမိဒ္ဓတု – ထင်စွာမျက်မှောက် ဝင်လာရောက်၍ ဖြိုးမောက်လှုံ့ဆော် အံ့လောက်ချီးရအောင် ပြီးပြည့်စုံပါစေသတည်း။

(သာဓု ။ ။ ။ သာဓု ။ ။ ။ သာဓု)

http://www.dhammadownload.com

မာတိကာ

၇ ရာခိုနိမ့်မှာ မရှာခဲ့ကြရင်

၆၅ လမ်းနှစ်သွယ်

၁၁၁ ဝန်တိုပြစ်မှား အပြစ်များ

၁၆၉ ခရီးထွက်ဖို့အသင့်ဖြစ်ကြပြီလား

၂၁၉ မကျန်းမာဖြစ်တိုင်း ဒီတရားခွေလေး ဖွင့်နာလိုက်ပါ

၂၈၁ နေ့စဉ်ဘာလုပ်နေကြတာလဲ

http://www.dhammadownload.com

http://www.dhammadownload.com

ရာချိန်မှာ မရာခဲ့ကြရင်

တရားတော်



http://www.dhammadownload.com

http://www.dhammadownload.com

ရှာချိန်မှာ မရှာခဲ့ကြရင် တရားတော်

သာသနာတော်နှစ် (၂၅၅၁) ခုနှစ်၊ ကောဇာသက္ကရာဇ် (၁၃၆၉) ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၈) ရက်၊ ခရစ်နှစ် (၂၀၀၇) ခု၊ ဒီဇင်ဘာလ (၂) ရက်နေ့၊ ရှမ်းပြည်နယ်တောင်ပိုင်း၊ မိုင်းရှားမြို့နယ်၊ ဝမ်ကန်ဒေသ၊ ကျောက်ချွန်းရပ်ကွက်၊ ကျီပီမင်္ဂလာခန်းမမှာ ထေရဝါဒဗုဒ္ဓသာသနာ ပြန့်ပွားရေး အဖွဲ့ကနေပြီးတော့ ပေါင်းစုပြီး ဓမ္မဒါနတရားအလှူ အမတဒါန အမြိုက်နိဗ္ဗာန် အလှူ ပေးလှူတဲ့ ဆယ်ရက်တာ တရားအလှူပေးပွဲ၏ (၄) ရက်မြောက်ည ဟောကြားအပ်သော ဗုဒ္ဓကနိကာယ် ဓမ္မပဒပါဠိအဋ္ဌကထာ အဂ္ဂိတ္ထိရ်ပါဠိတော် တို့မှ ထုတ်နုတ်ဟောကြားအပ်သော **"ရှာချိန်မှာ မရှာခဲ့ကြရင် တရားတော် "** ။

ဒီတရားတော်ကို မဟောကြား၊ မနာကြားမီမှာ တရားပိုင်ရှင် ဖြစ်တော်မူသော မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးကို နမောပြန် ဘုရားရှိခိုးနဲ့ပဲ ရှိခိုးကြည်ညြိုပါ့မယ်၊ လေးလေးစားစား အာရုံပြုထားကြပါ။

(----------)

(သာဓု . . . သာဓု . . . သာဓု)

http://www.dhammadownload.com

' ဘုရားရှင်ကိုယ်တော်မြတ်ကြီးကို ရှိခိုးကြည်ညြိုးတဲ့နောက်မှာ ယနေ့ မိမိတို့အားလုံး တရားတော်ကိုနာပြီးတဲ့အချိန်မှာ လုပ်သင့်လုပ်ထိုက်တာတွေကို လုပ်ခဲ့ဖို့ မလုပ်ရသေးရင်လည်း ကြိုတင်ပြီးတော့ သိလိုက်တဲ့အချိန်မှစပြီး ကြိုးစားလုပ်ကိုင်ဖို့ကိုလည်း မမေ့ဖို့အတွက် ရှေ့ပိုင်းက ကြိုတင်ပြီးတော့ တိုက်တွန်းပေးပါတယ်၊ ယနေ့ သူသူငါငါအားလုံးဟာ ရောက်ရှိလာတဲ့ဘဝမှာ ကိုယ့်အတွက် နေရေးထိုင်ရေး စားရေးသောက်ရေးအတွက် ကြိုးစား ရုန်းကန်ပြီးတော့ မရှာရဘူးလား ? '

' ရှာရပါတယ်ဘုရား '

' ကိုယ့်ရဲ့ စားဝတ်နေရေး ပြဿနာအတွက်ကို ပြေလည်အောင် တစ်ဖက်ကရှာရသလို အခုလို သာသနာတွင်းနဲ့ ဆုံခိုက်မှာလည်း သာသနာတွင်းသားအသိတွေ ကိန်းအောင်ဆိုပြီး အခုလို တရားပွဲတွေလည်းကျင်းပ၊ ကိုယ်တိုင်ကိုယ်ကျလည်း တရားတွေကိုနာ တရားတွေကို အားထုတ်ပြီးတော့ တရားဘက်မှာလည်း အလွတ်မပေးဘဲနဲ့ ရှာနေကြတယ်ဆိုရင်ကော မမှန်ဘူးလား ? '

' မှန်ပါတယ်ဘုရား '

' တစ်ဖက်က စားရေးဝတ်ရေးကိုရှာပါတယ်၊ တစ်ဖက်ကလည်း တရားကို အလွတ်မပေးဘဲနဲ့ ရှာနေကြ၊ ဟော-အဖြေတန်တဲ့ဘဝကိုရပြီးတော့ ဘုရားရဲ့ အလိုတော်ကျ အကောင်းဆုံး အမွန်ဆုံးကို ငါတို့လုပ်နေတာဟာ တန်ဖြိုးရှိလိုက်တာ၊ အဲဒီလိုသိပြီးတော့လည်း ဝမ်းမြောက်ဝမ်းသာဖြစ်ဖို့ ကိုယ်ရှာနေတဲ့ အပိုင်းမှာ တစ်ဖက်ကို အလေးသာပြီးတော့ တစ်ဖက်မှာ ချို့ယွင်းခဲ့ရင်တော့ အချိန်မီလေး အားကောင်းအောင်ပြင်ဆင်နိုင်ပါစေဆိုတဲ့ မေတ္တာကြီးစွာနဲ့ ဒီတရားတော်ကို ဘုရားရှင်ကိုယ်တော်မြတ်ကြီးက ဘယ်ပြည်ဌာန၊ ဘယ်ဒေသမှာ သီတင်းသုံးတော်မူစဉ်အခါမှာ ဘယ်ပုဂ္ဂိုလ်တွေကို အကြောင်းပြုပြီး ဟောကြားသွားတာလဲဆိုတော့ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက မိဂဒါဝုန်တောမှာ သီတင်းသုံးတဲ့အချိန် တစ်နေ့ နောက်တော်ပါး အရှင်အာနန္ဒာနဲ့ ကျောင်းစဉ်လှည့်လည်ပြီးတော့ ရဟန်းတော်များကို ကြည့်ရှုတဲ့အခါမှာ တစ်နေရာရောက်

http://www.dhammadownload.com

တော့ မြင်ကွင်းတစ်ခုကို မြင်လိုက်တဲ့အခါ ဘုရားရှင်က ပြုံးတော်မူတယ်၊ နောက်တော်ပါး ရှင်အာနန္ဒာက ဘုရားပြုံးတယ်ဆိုတာကို သွားတော်က ဖြူသော ရောင်ခြည်တော် ပေးလွှတ်တာနဲ့ သတိထားမိသွားတော့ အရှင်ဘုရား အဘယ်အတွက် ပြုံးပါသလဲ၊ ချစ်သားအာနန္ဒာ၊ ဟိုးရှေ့မှာကြည့်လိုက်စမ်း၊ ငါ့ရဲ့သားတော် ရဟန်းတော်များ စွန့်ပစ်နေတဲ့ ဆွမ်းကြွင်းဆွမ်းကျန်တွေကို လာရောက်ပြီး တောင်းစားနေတဲ့ အိုမင်းရင့်ရော်ပြီး တုန်ချည့်တုန်ချည့်ဖြစ်နေတဲ့ အဖိုးအဖွား လင်မယားနှစ်ယောက်ကို မင်းမြင်တယ်မဟုတ်လား ? '

' မှန်လှပါ မြင်ပါတယ်ဘုရား '

' အဲဒီ အဖိုးအဖွားနှစ်ယောက်ဟာ အခုတော့ အရွယ်တွေလည်း လွန်သွားပြီ၊ ဒုက္ခဆင်းရဲကလည်း အကြီးအကျယ်ကြုံလို့ သူများစွန့်ပစ်တာကို လာရောက်ပြီးတော့ တောင်းစားရတဲ့ အဖြစ်ဆိုးရောက်နေရတဲ့ အနေအထား၊ ဒီလောက်ဆင်းရဲဒုက္ခတွေ့ ကြုံနေရတာတောင် ကယ်လို့မရတဲ့ အနေအထားနဲ့ သေရင်တောင်အပါယ်မှတစ်ပါး သွားစရာမရှိလောက်အောင်ကို အဖြစ်ဆိုး နေတာဟာ တခြားကြောင့်မဟုတ်ဘူး ချစ်သားရေ၊ ရှာချိန်မှာမရှာခဲ့လို့ပါ ဘယ်လိုတဲ့တုန်း '

' ရှာချိန်မှာမရှာခဲ့လို့ပါဘုရား '

' ဘုရားရှင်ရှေ့မှောက် ရောက်နေကြတာတောင် ကယ်လို့ရသေးလား ? '

' မရပါဘူးဘုရား '

' မေ့မေ့လျော့လျော့ ပေါ့ပေါ့ဆဆနဲ့ ဖြတ်သန်းကျော်လွှားခဲ့တဲ့ ဘဝသက်တမ်းတစ်လျှောက်မှာ ရှာသင့်ရှာထိုက်တဲ့အလုပ်တွေကို မရှာရင် အဲဒီလို အဖြစ်ဆိုးနဲ့ ကြုံလိမ့်မယ် ဆိုတာကိုတော့ သေချာ သံဝေဂယူပြီးတော့ ယနေ့ သူတော်စင်များက အချိန်မီလေး ကြိုးစားပြုပြင်ရှာနိုင်ရင် အခွင့်ကောင်းတစ်ခု မရဘူးလား ? '

' ရပါတယ်ဘုရား '

http://www.dhammadownload.com

' ချစ်သားရေ . . . အဲဒီ အဖိုးအဖွားဟာ တကယ်တမ်းကျတော့ အလွန်ကြွယ်ဝချမ်းသာခဲ့တဲ့ ဇနီးမောင်နှံဟာ မေ့မေ့လျော့လျော့ ပျေါ်ပျေါ်ဆဆနဲ့ ကာမဂုဏ်အာရုံမှာ အချိန်တွေဖြုန်းပြီးတော့နေခဲ့ကြပြီး လောကီဥစ္စာဘက်မှာ လည်း တိုးပွားအောင်မရှာခဲ့၊ တစ်ဖက်မှာလည်း တရားဘက်မှာ မေ့လျော့ခဲ့တဲ့ အတွက်ကြောင့်မို့လို့ နှစ်ခုစလုံးကို ရှာချိန်မှာမရှာခဲ့တဲ့အဖြစ်ဆိုးဟာ အခုတော့ သေရင် အပါယ်မှတစ်ပါး ဘုရားတောင်ကယ်လို့မရနိုင်လောက်အောင်ကို အခြေအနေ ဆိုးမဆိုး '

' ဆိုးပါတယ်ဘုရား '

' အဲဒီလိုဆိုးနေတာလေးကို ပိုပြီးပေါ်လွင်သွားအောင်ဆိုပြီးတော့ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက -

' ချစ်သားရေ . . . ဒီအဖိုးနဲ့အဖွားရဲ့ဖြစ်အင်ဟာ ဘာနဲ့တူသလဲဆိုရင် ရေမရှိတဲ့ရေကန်ထဲကို ရောက်နေတဲ့ အတောင်ကျိုးနေတဲ့ ကြိုးကြာအိုကြီးနဲ့ တူတယ်ကွာ၊ ဒီဥပမာလေးကို အားလုံးရဲ့သန္တာန်မှာ ထင်ထင်ရှားရှား မြင်လွယ် အောင် ဘုရားက ဥပမာပေးပြီးတော့ သံဝေဂတရားတွေကို အကြီးအကျယ် ရအောင် ပုံဖော်ပေးတယ်လို့ မှတ်ထားပါ '

' မှန်လှပါဘုရား '

' ရေမရှိတဲ့ရေကန်ထဲကို ရောက်နေတဲ့ အတောင်ကျိုးနေတဲ့ ကြိုးကြာ အိုကြီးရဲ့အဖြစ်ဆိုးမျိုး အဖိုးနဲ့အဖွားတူတယ်ဆိုတာကို ဥပမာပေးတာ ယနေ့ပေါ်လွင်အောင် ကြည့်ကြရအောင်၊ ရေမရှိတဲ့ ရေကန်ထဲကို ရောက် နေတဲ့ အတောင်ကျိုးနေတဲ့ ကြိုးကြာအိုဆိုတော့ ကြိုးကြာအိုကြီးက အိုမင်း နေတဲ့အတွက်စွမ်းအားတွေ လျော့နည်းလို့ ခြေထောက်ပါပေမယ့် သွားနိုင်တဲ့ ခွန်အားမရှိတော့ဘူး၊ ကြိုးကြာကြီး ဘာဖြစ်လို့ '

' အိုနေလို့ပါဘုရား '

' အိုးမင်းမစွမ်းဖြစ်တဲ့အတွက်ကြောင့်မို့လို့ ခွန်အားက ဆုတ်ယုတ်သွားပြီ၊ သွားဖို့လာဖို့ခြေထောက်ပါပေမယ့် မသွားနိုင်ပါဘူး၊ ပျံ့စရာအတောင်ရှိပြန် တော့လည်း လေထဲမှာပျံ့နိုင်လောက်တဲ့ အနေအထားသူ့မှာရှိလား ? '

' မရှိပါဘူးဘုရား '

http://www.dhammadownload.com

' အတောင်ပါပါတယ်နော် '

' ပါပါတယ်ဘုရား '

' ဘာဖြစ်နေလဲဆိုတော့ '

' ကျိုးနေပါတယ်ဘုရား '

' အတောင်ကကျိုးနေတော့ အသုံးမကျတော့ဘူး ပျံဖို့လည်း အတောင်ကျိုးနေလို့ပျံမရဘူး၊ ခြေထောက်ပါပေမယ့် သွားနိုင်တဲ့ခွန်အား မရှိတော့ဘူး၊ အိုးမင်းနေတဲ့ ကြိုးကြာအိုကြီးက အတောင်ကကျိုးနေတယ်၊ ရောက်တဲ့နေရာကြည့်တော့လည်း ရေမရှိတဲ့ရေကန်၊ ရေမရှိတော့ ခြောက်သွေ့နေတယ်၊ အဲဒီမှာ စားစရာသောက်စရာ ငါးတွေကော ရှိပါ့မလား '

' မရှိပါဘူးဘုရား '

' ငတ်ကြီးကျတဲ့အဖြစ်ဆိုးရောက်နေတဲ့အနေအထား၊ ကြောက်စရာကောင်းလောက်အောင် ဒုက္ခကြီးပါလားဆိုတာ ဒီဥပမာက မပေါ်ဘူးလား ? '

' ပေါ်ပါတယ်ဘုရား '

' အဲဒီအဖြစ်ဆိုးနဲ့ တူနေတာက အခု ငါရဲ့သားတော် ရဟန်းတော်များ ရှေ့မှောက်မှာ လာတောင်းစားနေတဲ့ အဖိုးအဖွားဟာ ဒီအဖြစ်ဆိုးနဲ့ တူနေပြီကွာလို့၊ ဘုရားကမြင်လွယ်ထင်လွယ်အောင် ဥပမာပေးတော့၊ မိမိတို့လည်း ဒီအသက်အရွယ်ရောက်သည့်တိုင်အောင် ရှာချိန်မှာမရှာခဲ့ဘူးဆိုရင် အဖြစ်ဆိုးတော့မှာနော် '

' မှန်လှပါဘုရား '

' အခုတော့ ကံကောင်းထောက်မစွာဖြင့် တစ်ဖက်ကလည်း လောကီကို အလွတ်မပေးဘူး၊ တစ်ဖက်ကလည်း တရားဘက်အလွတ်မပေးဘဲနဲ့၊ ယနေ့သူတော်စင်များက ကြိုးစားရှာဖွေကြတဲ့အတွက်ကြောင့်မို့လို့ အဖိုးတန်တဲ့ အခြေအနေတွေကို ရယူထားတဲ့မိမိတို့တစ်တွေကိုယ့်ပတ်ဝန်းကျင်မှာ မေ့လျော့နေတဲ့ပုဂ္ဂိုလ်တွေ ဒီတရားကိုနာကြားမိတဲ့အခါ လက်ဆင့်ကမ်းလို့ အကောင်အထည်ဖော်ပေးနိုင်ရင် အားလုံးရဲ့သန္တာန်မှာ ရှာချိန်မှာရှာသင့်တဲ့အလုပ်တွေကို အချိန်မမီနိုင်ဘူးလား ? '

' မီနိုင်ပါတယ်ဘုရား '

http://www.dhammadownload.com

' မိမိတို့ လာရှာတဲ့အပိုင်းမှာလည်း ဘယ်ဟာက ပြည့်စုံနေတယ်၊ ဘယ်ဟာကချို့ယွင်းနေတယ်ဆိုတာကို သိလိုက်တဲ့အခါမှာ ချို့ယွင်းနေတာ လေးကိုလည်း ပြင်ဆင်လိုက်မယ်ဆိုရင် ကိုယ့်အတွက် မပြည့်စုံဘူးလား ? '

' ပြည့်စုံပါတယ်ဘုရား '

' ဘုရားရှင်ကိုယ်တော်မြတ်ကြီးက အရှင်အာနန္ဒာကို အဖိုးအဖွား နှစ်ယောက်ရဲ့အခြေအနေကို ပြောပြနေတာပါ၊ နှစ်မျိုးထဲ ရှိတယ်လို့ မှတ်လိုက်ပါ '

' မှန်လှပါဘုရား '

' ရှာရမှာဘယ်နှစ်မျိုး '

' နှစ်မျိုးပါဘုရား '

' ရှာရာမယ့်နှစ်မျိုးက စားရေး ဝတ်ရေး နေရေးတွေကို နေ့စဉ်နေ့စဉ် ရှာနေတဲ့အပိုင်းသည် လောကီကိစ္စတွေမှာ ကြိုးစားရုန်းကန်ပြီး ရှာနေတဲ့ ဥစ္စာပစ္စည်းမှန်သမျှ လောကီဥစ္စာလို့မှတ်ထား '

' မှန်လှပါဘုရား '

' နေထွက်က နေဝင် ရုန်းကန်လှုပ်ရှားပြီး ကိုယ့်ခွန်အားကို အသုံးချလို့ စားဖို့ရှာတယ်၊ ဝတ်ဖို့ရှာတယ်၊ နေဖို့ရှာတယ်၊ ကာမဂုဏ်အာရုံတွေမှာ ပျော်ဖို့ ပါးဖို့အတွက် ဖြည့်ဆည်းနေကြတဲ့ ရှာဖွေမှုမှန်သမျှ ဘာဥစ္စာရှာတာ '

' လောကီဥစ္စာရှာတာပါဘုရား '

' တစ်နေ့တစ်နေ့ မရှာကြဘူးလား ? '

' ရှာပါတယ်ဘုရား '

' ဒါကတော့ သေချာတယ်၊ နောက်တစ်မျိုးရှာရမှာက ဒါနကုသိုလ်တွေ ပြုလုပ်နေတယ်၊ သီလကုသိုလ်တွေစောင့်ထိန်းနေတယ်၊ ခန္ဓာဥဏ်စိုက် ဘာဝနာကုသိုလ်တွေ ပွားနေတယ်၊ အဲဒီလို ဒါန၊ သီလ၊ ဘာဝနာဆိုတဲ့ ကုသိုလ်တရားတွေကို တစ်ဖက်က လက်မလွှတ်ဘဲနဲ့ ကြိုးစားရှာတဲ့ ပုဂ္ဂိုလ်

http://www.dhammadownload.com

လောကုတ္တရာဥစ္စာကို ရှာတယ်လို့မှတ်ပါ '

' မှန်လှပါဘုရား '

' ရှာရာမှာဥစ္စာ ဘယ်နှစ်မျိုး '

' နှစ်မျိုးပါဘုရား '

' တစ်မျိုးက လောကီဥစ္စာ၊ တစ်မျိုးကလောကုတ္တရာဥစ္စာ၊ အဲဒီဥစ္စာ နှစ်မျိုးကို ရှာနိုင်ရင် ဘုရားချီးမွမ်းတယ်လို့မှတ်ကြပါ '

' မှန်လှပါဘုရား '

' ယနေ့ မိမိတို့တစ်တွေ လောကီနယ်ပယ်အတွက် ကြိုးစားရုန်းကန်ပြီး မရှာဘူးလား ? '

' ရှာပါတယ်ဘုရား '

' လောကုတ္တရာဥစ္စာကိုလည်း မရှာဘူးလား ? '

' ရှာပါတယ်ဘုရား '

' အဲဒီလိုရှာကြတဲ့ သူတော်စင်များ ပြန်ပြီးတော့ နှလုံးသွင်းကြည့်ရ အောင် လောကမှာရှိတဲ့ပုဂ္ဂိုလ်တွေကို တန်းစီပြီးကြည့်မယ်၊ စည်းစိမ်ဥစ္စာပြည့်စုံ တဲ့ပုဂ္ဂိုလ်၊ တစ်ချို့တစ်ချို့သောပုဂ္ဂိုလ်တွေ ကာမဂုဏ်အာရုံတွေနဲ့သာ အချိန် တွေကို ကုန်ဆုံးပြီးတော့၊ စီးပွားဥစ္စာကို တိုးအောင်ပဲ ဆက်မရှာတော့ဘူး၊ တစ်ဖက်မှာလည်း တရားကိုလက်လွှတ်ပြီးတော့ ကာမဂုဏ်အာရုံထဲမှာ ပျော် မွေ့နေကြတဲ့ပုဂ္ဂိုလ်တွေမရှိဘူးလား ? '

' ရှိပါတယ်ဘုရား '

' အဲဒီပုဂ္ဂိုလ်တွေ တစ်ဖက်က လောကီဥစ္စာကိုလည်း တိုးပွားအောင် မရှာဘဲ ဖြုန်းနေတယ်၊ တစ်ဖက်ကလည်း ဒါန သီလ ဘာဝနာကို မေ့ထားတဲ့ အတွက် လောကုတ္တရာဥစ္စာကိုလည်းမရှာဘူး၊ အဲဒါကြောင့်မို့ သူတို့တွေသည် စုံလုံးကန်းနော် '

' မှန်လှပါဘုရား '

http://www.dhammadownload.com

' တစ်ချို့သော ပုဂ္ဂိုလ်တွေကတော့ ကိုယ့်ရဲ့စားဝတ်နေရေး ပြဿနာ အတွက်ကို နေ့စဉ်နေ့စဉ် ကြိုးစားရုန်းကန်ပြီးရှာဖွေ ဖြည့်ဆည်းတယ်၊ တစ်ချို့သောပုဂ္ဂိုလ်တွေ အဲဒီလို ဖြည့်ဆည်းပေမယ့် တစ်ဖက်မှာကျတော့ ဒါန တွေလည်းမပြုဘူး၊ သီလတွေလည်း မဆောက်တည်ဘူး၊ ဘာဝနာလည်း မပွားဘူး၊ မေ့ထားတဲ့ပုဂ္ဂိုလ်မျိုးကော မရှိဘူးလား ? '

' ရှိပါတယ်ဘုရား '

' အဲဒီပုဂ္ဂိုလ်မျိုးသည် တစ်ဖက်သောမျက်လုံးကိုတော့ ဖွင့်ထားတယ်၊ တစ်ဖက်သောမျက်လုံးကို မှိတ်ထားတယ်၊ အဲဒီပုဂ္ဂိုလ်မျိုးကို တစ်ဖက်ကန်းလို့ မှတ်ထား '

' မှန်လှပါဘုရား '

' ဘယ်လိုပုဂ္ဂိုလ် '

' တစ်ဖက်ကန်းပါဘုရား '

' လောကီဥစ္စာကိုရှာပြီးတော့ လောကုတ္တရာဥစ္စာကိုမရှာဘဲ မေ့ထားရင် တစ်ဖက်ကန်း၊ တစ်ဖက်က လောကီဥစ္စာကိုလည်းရှာတယ်၊ ယနေ့ တရားနာ သူတော်စင်တွေက လောကုတ္တရာဥစ္စာကိုလည်း အလွတ်မပေးဘူး၊ အဲဒီ ပုဂ္ဂိုလ်ကျတော့ နှစ်ဖက်မြင်၊ ဘယ်လိုတဲ့ '

' နှစ်ဖက်မြင်ပါဘုရား '

' ဒါကိုလည်း ဘုရားရှင်ကိုယ်တော်မြတ်ကြီးက ချစ်သားအာနန္ဒာရေ ဒီအဖိုးနဲ့ အဖွားရဲ့အဖြစ်က အခု-ငါဘုရား ဥပမာပေးမယ်၊ နွားမကြီး တစ်ကောင်က နွားလေးတစ်ကောင်ကို မွေးထားလိုက်တယ်၊ အဲဒီလို မွေးထား လိုက်တဲ့အခါမှာ နွားမကြီးမှာ မျက်လုံး မရှိဘူးလား ? '

' ရှိပါတယ်ဘုရား '

' တစ်ဖက်သော မျက်လုံးက သူစားဖို့ သောက်ဖို့အတွက်ကို ရှာဖွေပြီး တော့ အသုံးချတယ်၊ တစ်ဖက်သော မျက်လုံးက ဒီမွေးထားတဲ့ သားလေး

http://www.dhammadownload.com

ကိုအန္တရာယ်မရောက်အောင်လို့ စောင့်ရှောက်ပေးတယ်၊ အဲဒါဖြင့် နွားမကြီးသည် မျက်လုံးနှစ်လုံးကို နှစ်လုံးစလုံးအကျိုးရှိအောင် အသုံးချမသွားဘူးလား ? '

' ချပါတယ်ဘုရား '

' လောကမှာရှိတဲ့ ပုဂ္ဂိုလ်တွေအားလုံးလည်း မျက်လုံးနှစ်လုံးပါကြပါတယ် '

' မှန်လှပါဘုရား '

' အဲဒီ ပါကြတဲ့ ပုဂ္ဂိုလ်တွေမှာ လောကီဥစ္စာတွေကိုလည်းရှာမယ်၊ လောကုတ္တရာဥစ္စာကိုလည်း ရှာမယ်ဆိုရင် နှစ်ဖက်သောမျက်လုံးသည်ပွင့်တယ်'

' မှန်လှပါဘုရား '

' လောကီဥစ္စာကိုရှာပြီး လောကုတ္တရာဥစ္စာကိုမေ့မယ်ဆိုရင် တစ်ဖက်ကန်း၊ နှစ်ခုစလုံးကို မရှာဘဲနဲ့ အဖိုးနဲ့အဖွားလိုမေ့နေမယ်ဆိုရင်တော့ '

' စုံလုံးကန်းပါဘုရား '

' အဖိုးနဲ့ အဖွားသည် စုံလုံးကန်းပေါ့နော် '

' မှန်လှပါဘုရား '

' ဘုရားရှေ့မှောက်ရောက်တာတောင် ကယ်လို့ရသေးလား ? '

' မရပါဘူးဘုရား '

' လောကီဥစ္စာမှာလည်း သူတို့တွေသည် တစ်ဖက်ကို ကုန်ရှေ့ရစ်ဆယ်ကြွယ်ဝခဲ့တဲ့ သူဌေးတွေပါ၊ ဒီဥစ္စာပစ္စည်းတွေ တိုးပွားအောင်မရှာခဲ့ကြဘူး၊ အဲလိုမရှာခဲ့တဲ့အတွက်ကြောင့်မို့လို့ အခုတော့ ကြည့်စမ်းတဲ့ လောကီမှာလည်းမေ့၊ လောကုတ္တရာမှာလည်းမေ့တဲ့အတွက်ကြောင့်မို့လို့ စုံလုံးကန်းတဲ့ ပုဂ္ဂိုလ်သည် ဘုရားတောင် ကယ်လို့မရဘူးဆိုတာကိုတော့ သဘောပေါက်ပါစေ '

' မှန်လှပါဘုရား '

http://www.dhammadownload.com

' အဲဒီ အဖိုးနဲ့အဖွားကို ဥပမာထားပြီးတော့ မဟောဘူးလား ဟောနေလား ? '

' ဟောနေပါတယ်ဘုရား '

' ယနေ့ သူတော်စင်တွေသည် စုံလုံးကန်းလား၊ တစ်ဖက်ကန်းလား၊ နှစ်ဖက်မြင်တွေလား ? '

' နှစ်ဖက်မြင်ပါဘုရား '

' ကိုယ့်ကိုယ်ကို သေချာသွားပြီလား ? '

' သေချာပါပြီဘုရား '

' အသံမတိုးစေနဲ့နော် '

' မှန်လှပါဘုရား '

' ပရိသတ်အများကြီး အသံမတိုးသွားနဲ့၊ ယနေ့ မိမိတို့တစ်တွေ သေချာပေါက် ရှေ့ပိုင်းတရားပွဲလေး မစခင် ပြန်ပြီးတော့မဟောပေးခင်လေးမှာ ရှေ့က အခြေအနေလေးကို သုံးသပ် ပြနေပါတယ်၊ ကိုယ်ကရှာတဲ့နေရာမှာ နှစ်မျိုးလုံးကို မရှာရဘူးလား ? '

' ရှာရပါတယ်ဘုရား '

' ရှာတယ်ပေါ့ '

' မှန်လှပါဘုရား '

' အဲဒီရှာတဲ့အတွက် နှစ်ဖက်မြင်လို့မဆိုသင့်ဘူးလား ? '

' ဆိုသင့်ပါတယ်ဘုရား '

' ကိုယ့်ကိုယ်ကိုကော အားရရဲ့လား၊ ဖြေကြစမ်းပါအုံး၊ ဒါဖြင့် စုံလုံးကန်းထဲမှာပါလား ? '

' မပါပါဘူးဘုရား '

' တစ်ဖက်ကန်းထဲမှာရော '

' မပါပါဘူးဘုရား '

http://www.dhammadownload.com

' နှစ်ဖက်မြင် သေချာပြီလား ? '

' သေချာပြီဘုရား '

' ဘယ်လိုမြင်တယ်ဆိုတာကတော့ ဟောရင်းဟောရင်း ပေါ်သွားမှာပါ '

' မှန်လှပါဘုရား '

' ကိုယ့်ကိုယ်ကိုကော အခုနှစ်ဖက်မြင်လို့ မပြောဘူးလား ? '

' ပြောပါတယ်ဘုရား '

' အေး . . . အဲဒီလိုရှာဖို့အတွက်ကို အဖိုးနဲ့အဖွားကို ဘုရားရှင်ကိုယ်တော်မြတ်ကြီးက ဦးတည်ပြီးတော့ သုံးသပ်ပြတဲ့တရားလေးကို မစခင် မိမိတို့ နားလည်ထားတဲ့အပိုင်းမှာ အရွယ်ကို သုံးပုံပုံပြီးတော့ လောကမှာ ရှိကြတဲ့အရှာတွေကို ဝေဖန်ပြတဲ့နေရာမှာ အသက် ခုနစ်ဆယ့်ငါးနှစ်တမ်းဆိုရင် အသက်အစိတ်အောက်က ပထမအရွယ်၊ အစိတ်နဲ့ငါးဆယ်ကြားက ဒုတိယအရွယ်၊ ငါးဆယ်နဲ့ ခုနစ်ဆယ်ငါးက '

' တတိယအရွယ်ပါဘုရား '

' အရွယ်ဘယ်နှစ်ပိုင်း '

' သုံးပါးပိုင်းပါဘုရား '

' ကိုယ်နားလည်သလိုဖြေရမှာ အဲဒီ အရွယ်သုံးပါးမှာ ပထမအရွယ် ဘာရှာမယ် '

' ပညာရှာရမှာပါဘုရား '

' ပညာရှာရမှာ အတန်းကျောင်း ပညာတွေကိုရှာရဖို့အတွက် ဘယ် အရွယ်ကိုသတ်မှတ် '

' ပထမအရွယ်ပါဘုရား '

' အေး . . . ပထမအရွယ်မှာ လောကီပညာရှာကြမယ်၊ ဒုတိယ အရွယ်မှာဘာရှာမယ် '

' ဥစ္စာရှာရမှာပါဘုရား '

http://www.dhammadownload.com

' အေး . . . ဒုတိယအရွယ်မှာက ဥစ္စာရှာရာမှာ တတိယအရွယ် ဘာ လုပ်မယ် '

' တရားရှာရမှာပါဘုရား '

' တရားကို ဘယ်အရွယ်ရှာရမယ် '

' တတိယအရွယ်မှာပါဘုရား '

' အဲဒါဆိုရင် တတိယအရွယ်တွေ ဒီမှာနေခဲ့ကျန်တဲ့ပုဂ္ဂိုလ်တွေ အကုန် ပြန်သွား၊ အရွယ်သုံးပါးမှာရှာဖို့အတွက် ပိုင်းထားတာကိုး '

' မှန်လှပါဘုရား '

' တရားရှာရမယ့်အရွယ်ဟုတ်လား အခု '

' မဟုတ်ပါဘူးဘုရား '

' မဟုတ်ရင်ပြန်၊ အရွယ်သုံးပါးမှာ အဲဒီလို ပိုင်းပြီးတော့မှ မေ့လျော့ နေကြတဲ့ပုဂ္ဂိုလ်များအတွက်ကို မမေ့စေချင်လို့ ပထမအရွယ်မှာ ပညာရှာတော့ ပထမအရွယ်မှာလည်း မသေနိုင်ဘူးလား ? '

' သေနိုင်ပါတယ်ဘုရား '

' ဒါဖြင့် တတိယအရွယ်မှာ တရားရှာမယ်ဆိုတော့ နောက်မကျနိုင် ဘူးလား ? '

' ကျနိုင်ပါတယ်ဘုရား '

' ဒုတိယအရွယ်မှာ ဥစ္စာရှာမယ် ဥစ္စာရှာရင်းနဲ့ကော မသေနိုင် ဘူးလား ? '

' သေနိုင်ပါတယ်ဘုရား '

' တရားသေမှ ရှာမှာပေါ့ '

' မဟုတ်ပါဘူးဘုရား '

' ဘယ်တော့ရှာမှာလဲ၊ အရွယ်သုံးပါးရှိနေတာကိုး၊ အဲဒီတော့ သေပြီးမှ ရှာတော့ပေါ့နော်၊ အဖိုးနဲ့အဖွားကို ဘုရားရှင်ကိုယ်တော်ကြီးက အားလုံးသော

http://www.dhammadownload.com

ပုဂ္ဂိုလ်တွေကို ရှာတဲ့အချိန်တွေ သတ်မှတ်ပေးထားတာက ဒီအဖြူနဲ့အဖွားသည် ပထမရွယ်မှာ ဥစ္စာပစ္စည်းရှာမယ်ဆိုရင် ဟောဒီ သာဝတ္ထိပြည်ကြီးမှာ ထိပ်တန်းကျတဲ့ ပထမတန်းစား သူဌေးကြီးဖြစ်မယ်တဲ့၊ ဘယ်အရွယ်မှာ '

' ပထမအရွယ်မှာပါဘုရား '

' စွမ်းအားလည်းရှိတယ်၊ ကံကလည်းကောင်းတယ်၊ ဉာဏ်ကလည်းကောင်းတယ်၊ အဲဒီလို ထက်မြက်တဲ့အချိန်သည် ဘယ်အရွယ်လဲမေးရင် ပထမအရွယ်၊ ပထမအရွယ်မှာဥစ္စာပစ္စည်းဘက်က ရှာမယ်ဆိုရင် ပထမတန်းစား ထိပ်တန်းကျတဲ့ သူဌေးကြီးဖြစ်မယ်၊ လောကုတ္တရာဘက်က ရှာမယ်ဆိုရင်တော့ အမျိုးသားက ရဟန္တာ၊ အမျိုးသမီးက အနာဂါမ်တည်နိုင်တယ်၊ ထိပ်တန်းကျတဲ့ ပထမအရွယ်မှာများ ရုန်းကန် ရှာလိုက်ရင် တရားဘက်မှာ ထိပ်တန်းရောက်အောင် မပေါက်နိုင်ဘူးလား ? '

' ပေါက်နိုင်ပါတယ်ဘုရား '

' ပထမအရွယ်မှာ သူတို့ရှာခဲ့ရဲ့လား ? '

' မရှာခဲ့ပါဘူးဘုရား '

' ရသင့်ရထိုက်တဲ့အကျိုးတွေကို ပြန်လိုချင်လို့ မရတော့ဘူးဆိုရင် ယနေ့ သူတော်စင်များ ပထမအရွယ်မှာ ရှာကြလား ? '

' ရှာကြပါတယ်ဘုရား '

' အခုအရွယ် အစိတ်အောက်ကပုဂ္ဂိုလ်တွေကတော့ ပထမအရွယ်ရှာနေတာပေါ့ '

' မှန်လှပါဘုရား '

' ကျော်လွန်လာတဲ့ပုဂ္ဂိုလ်တွေက မေ့ချက်သန်နေလို့ မရှာခဲ့ဘူး၊ အဲဒီလို မရှာခဲ့တဲ့အတွက်ကြောင့်မို့လို့ ပထမအရွယ်မှာ ထိပ်တန်းကျအောင် ရနိုင်တဲ့ အခွင့်အရေးတွေပြန်လိုချင်လို့မရတော့ဘူး '

' မှန်လှပါဘုရား '

http://www.dhammadownload.com

' ဆုံးရှုံးသွားပြီနော် '

' မှန်လှပါဘုရား '

' ဒါဆိုရှာချိန်မှာမရှာရင် ရသင့်ရထိုက်တာတွေ မရဘူးလို့နားလည်လိုက်ပါ '

' မှန်လှပါဘုရား '

' ပထမအရွယ်ကို ကျော်လွန်လာပြီး ဒုတိယအရွယ်ကိုရောက်လာလို့ ဒီအဖိုးနဲ့အဖွားသည် အနည်းငယ်လေးများ အသိတရားကိန်းပြီးတော့ ဥစ္စာပစ္စည်းဘက်က ရှာကြမယ်ဆိုရင် ဒုတိယတန်းစား သူဌေးကြီးဖြစ်ဦးမှာပဲ၊ အကျိုးပေးအားမကောင်းဘူးလား ? '

' ကောင်းပါတယ်ဘုရား '

' ရှာခဲ့လားမေးတော့ '

' မရှာခဲ့ပါဘူးဘုရား '

' လောကုတ္တရာဥစ္စာဘက်မှာ တရားဘက်ကရှာမယ်ဆိုရင် ဒီအဖိုးနဲ့အဖွားသည် ဒုတိယအရွယ်မှာ အမျိုးသားက အနာဂါမ်၊ အမျိုးသမီးက သကဒါဂါမ် တည်နိုင်တယ်ဆိုတော့ တကယ်ကို တိဟိတ်ပုဂ္ဂိုလ်တွေ ပါရမီပြည့်ပါရဲ့သားနဲ့ မရှာခဲ့တော့ ဒုတိယအရွယ်မှာ ရသင့်ရထိုက်တာတွေကော မဆုံးရှုံးသွားဘူးလား ? '

' ဆုံးရှုံးသွားပါတယ်ဘုရား '

' ဆုံးရှုံးသွားပြီ၊ ဒီလိုနဲ့ တတိယအရွယ်ကိုရောက်တဲ့ မိတ်ကောင်း ဆွေကောင်းနဲ့လည်းမတွေ့၊ ကာမဂုဏ်အာရုံမှာ နှစ်မြှုပ်ပြီးတော့ အချိန်ကိုသာဖြုန်းခဲ့တဲ့အတွက်ကြောင့်မို့လို့ တတိယအရွယ်မှာများ အသိလေးကိန်းပြီး သတိရလို့ ရှိတဲ့ဥစ္စာပစ္စည်းနဲ့ အရင်းနှီးလေးလုပ်ပြီး ရှာအုံးမယ်ဆိုရင် တတိယတန်းစား သူဌေးကြီးဖြစ်အုံးမယ်၊ တရားဘက်ကရှာမယ်ဆိုရင် အဲဒီအဖိုးနဲ့ အဖွားသည် အမျိုးသားက သကဒါဂါမ်၊ အမျိုးသမီးက သောတာပန်တည်နိုင်တယ်ဆိုတော့ အပါယ်တံခါးမပိတ်ဘူးလား ? '

' ပိတ်ပါတယ်ဘုရား '

http://www.dhammadownload.com

‘ ရှာခဲ့လားမေးတော့ ’

‘ မရှာခဲ့ပါဘူးဘုရား ’

‘ ဒါကြောင့် ရေမရှိတဲ့ ရေကန်ထဲကိုရောက်နေတဲ့ အတောင်ကျိုးနေတဲ့ ကြိုးကြာအိုကြီးလိုပဲ အဖြစ်ဆိုးသွားပြီ ’

‘ မှန်လှပါဘုရား ’

‘ ဘာဖြစ်လို့လဲမေးရင် ’

‘ ရှာချိန်မှာမရှာခဲ့လို့ပါဘုရား ’

‘ အခုမိမိတို့ဘက်ကလည်း ပေ့ါပေ့ါလေးပြောနေကြတဲ့ ပထမအရွယ်မှာ ပညာရှာ၊ ဒုတိယအရွယ်မှာ ဥစ္စာရှာ၊ တတိယအရွယ်မှာ တရားရှာဆိုတော့ လွဲမနေဘူးလား ? ’

‘ လွဲနေပါတယ်ဘုရား ’

‘ ဘုရားရှင်က အရွယ်သုံးပါးလုံးကို ရှာစေချင်တယ် ’

‘ မှန်လှပါဘုရား ’

‘ မိမိတို့က ပေ့ါပေ့ါလေးလုပ်ပြီးတော့ ဘယ်အရွယ်မှာ တရားရှာမှာလဲ ? ’

‘ တတိယအရွယ်မှာတရားရှာမှာပါဘုရား ’

‘ အခေါင်းနားနီးမှာပေ့ါနော် ’

‘ မဟုတ်ပါဘူးဘုရား ’

‘ ကံမွဲကုန်ပြီ၊ ဥာဏ်ကလည်း နည်းသွားပြီ၊ အဲဒီကျတော့ စွမ်းအားတွေမရှိတဲ့အတွက်ကြောင့်မို့လို့ သွား၊ ရပ်၊ ထိုင်၊ လျောင်းဆိုတဲ့ ဣရိယာပုထ်လေးပါးတောင်မှ သူများကြိုးစားသလို မကြိုးစားနိုင်တော့ဘူး ’

‘ မှန်လှပါဘုရား ’

‘ မေ့မေ့လျော့လျော့မနေဖို့အတွက်ကို အရွယ်သုံးပါးလုံးရှာစေချင်တဲ့ အတွက် သိတဲ့အချိန်ကစပြီးတော့မှ နှစ်မျိုးလုံးကို ရှာဖို့တိုက်တွန်းသွားတာ ’

‘ မှန်လှပါဘုရား ’

http://www.dhammadownload.com

' လောကီကိုလည်းရှာ၊ လောကုတ္တရာကိုလည်းရှာ '

' မှန်လှပါဘုရား '

' အဲဒီတော့ရှာတော့ရှာနေကြတယ်၊ ဘယ်ဟာအရှာများ '

' လောကီဥစ္စာအရှာများပါတယ်ဘုရား '

' ဘာတွေ အရှာများတုန်း '

' လောကီဥစ္စာအရှာများပါတယ်ဘုရား '

' ပရိသတ်က နည်းလား၊ များလား ? '

' များပါတယ်ဘုရား '

' အသံကတော့ '

' တိုးပါတယ်ဘုရား '

' ကျယ်ကျယ်လေး ဖြေမှာပေါ့ '

' မှန်လှပါဘုရား '

' ယနေ့လောကီဥစ္စာ၊ လောကုတ္တရာဥစ္စာ၊ ဥစ္စာ နှစ်မျိုး မရှိဘူးလား ? '

' ရှိပါတယ်ဘုရား '

' ဘုရားရှင်က ဒီနှစ်မျိုးလုံးကိုရှာဖို့အတွက် အရွယ်သုံးပါးကို ပိုင်းမနေနဲ့၊ အရွယ်သုံးပါးစလုံးရှာကြ၊ မိမိတို့က ပထမအရွယ်တွေကျော်လွန်သွားပြီ၊ ဒုတိယအရွယ်က ဒုတိယအရွယ်မှာရှာကြ၊ ဒုတိယအရွယ်ကျော်လာတဲ့ပုဂ္ဂိုလ်မှာ တတိယအရွယ်ရောက်နေပြန်လည်းပဲ အသိလက်မလွတ်ဘဲနဲ့ရှာဖို့သာ တိုက်တွန်းနေတာ '

' မှန်လှပါဘုရား '

' အဲလို . . . ရှာတဲ့နေရာမှာ လောကီဥစ္စာနဲ့ လောကုတ္တရာဥစ္စာကို တစ်နေ့တစ်နေ့ ဘယ်ဟာကို ကြိုးစားပြီးရှာနေကြ '

' လောကီဥစ္စာကိုကြိုးစားပြီးရှာပါတယ်ဘုရား '

http://www.dhammadownload.com

' ယနေ့ အသက်အရွယ်တိုင်အောင်ကော မရှာနေကြဘူးလား ? '

' ရှာပါတယ်ဘုရား '

' အားရပြီလား ? '

' အားမရသေးပါဘုရား '

' မရသေးရင်ဆက်ရှာ၊ မရှာဘူး မဟုတ်ဘူးရှာရမယ် '

' မှန်လှပါဘုရား '

' အဲဒီဘက်မှာ ရှာနေတဲ့အရှာတွေကိုကြည့်နော်၊ သူတော်စင်များက နှစ်ဖက်မြင်လို့ပြောတယ်၊ အဲဒီတော့ နှစ်ဖက်မြင်လို့ပြောတော့ တစ်နေ့မှာ နှစ်ဆယ့်လေးနာရီမှာ အိပ်ချိန် ရှစ်နာရီဖယ်လိုက်၊ ဆယ့်ခြောက်နာရီ မကျန်ဘူးလား ? '

' ကျန်ပါတယ်ဘုရား '

' လောကီဥစ္စာကိုရှာတာ ဘယ်နာရီအချိန်ပေး ဆယ့်ခြောက်နာရီလုပ်မလား ?'

' ဟုတ်လား ?'

' လောကီဥစ္စာကို ဘယ်လောက်အချိန်ပေးတာလဲ ?

ဆယ့်ခြောက်နာရီ၊ ရှစ်နာရီအိပ်ချိန် ဖယ်ပေးထားတယ်နော် '

' မှန်လှပါဘုရား '

' ဆယ့်ခြောက်နာရီ မကျန်ဘူးလား ?

' ကျန်ပါတယ်ဘုရား '

' ကဲ . . . ဒါဖြင့်ရင် ဥစ္စာနှစ်မျိုးမရှာရဘူးလား ?

' ရှာရမှာလား ? '

' ရှာရမှာပါဘုရား '

http://www.dhammadownload.com

‘ သူတော်စင်များက ဘယ်နှစ်ဖက်မြင် ’

‘ နှစ်ဖက်မြင်ပါဘုရား ’

‘ မတိုးနဲ့နော်၊ သူတော်စင်များက ဘယ်နှစ်ဖက်မြင်တာလဲ ? ’

‘ နှစ်ဖက်မြင်ပါတယ်ဘုရား ’

‘ တရားမရှာတဲ့ပုဂ္ဂိုလ်တွေက ’

‘ တစ်ဖက်မြင်ပါဘုရား ’

‘ လောကီဥစ္စာကိုလည်း မရှာတဲ့ပုဂ္ဂိုလ်တွေက ’

‘ စုံလုံးကန်းပါဘုရား ’

‘ စုံလုံးကန်းထဲမှာတော့ သူတော်စင်တို့ မပါတာသေချာတယ် ’

‘ မှန်လှပါဘုရား ’

‘ တစ်ဖက်ကန်း မဟုတ်တာလည်း ’

‘ သေချာပါတယ်ဘုရား ’

‘ သေချာတယ်ပေါ့၊ နှစ်ဖက်မြင်တယ်ပေါ့နော် ’

‘ မှန်လှပါဘုရား ’

‘ အဲဒီတော့ နှစ်ဖက်မြင်လား မမြင်ဘူးလား အခုကြည့်မလို့ပါ၊ လောကီဥစ္စာ၊ လောကုတ္တရာဥစ္စာကိုရှာဖို့အတွက်ကို အခုခွဲခြားလိုက်တော့ နှစ်ဆယ့်လေးနာရီမှာ ရှစ်နာရီ အိပ်ချိန်လေးပေးလိုက်တော့ ဆယ့်ခြောက်နာရီ ရှာမယ်၊ ဥစ္စာဘယ်နှစ်မျိုးရှာရမယ် ’

‘ နှစ်မျိုးပါဘုရား ’

‘ ဘယ်ဟာအရှာများနေတယ် ’

‘ လောကီဥစ္စာ အရှာများပါတယ်ဘုရား ’

‘ ဒါဖြင့်လောကီဥစ္စာကို ဆယ့်ခြောက်နာရီမှာ ဆယ့်လေးနာရီ သာသာ ထိုးထိုးပေးလိုက် ’

‘ မှန်လှပါဘုရား ’

http://www.dhammadownload.com

' ဒီဘက်မှာ လောကုတ္တရာဥစ္စာကို သူတော်စင်များက နှစ်နာရီအချိန်ပေးထားတယ်၊ ကျေနပ်ပြီလား ? '

' ကျေနပ်ပါတယ်ဘုရား '

' လုပ်မှုမလုပ်ဘဲ၊ နှစ်နာရီပေးတာတောင် များနေပြီ၊ မလုပ်ဘဲနဲ့ ပေးလိုက်ရတာနော်၊ ဟုတ်လား လောကီဥစ္စာကို သူတော်စင်များက ဘယ်နှစ်နာရီပေးထားလဲ ?

ဆယ့်လေးနာရီ၊ ဆယ့်လေးနာရီ ဒီဘက်က လောကုတ္တရာ ဥစ္စာကို ရှာဖို့က '

' နှစ်နာရီအချိန်ပေးထားပါတယ်ဘုရား '

' ဟော . . . ဒီဘက်က မျက်လုံးတော်တော်ပြူးတာဘဲ၊ လောကီဥစ္စာဘက်ကရှာတဲ့ မျက်လုံး မပြူးဘူးလား ? '

' ပြူးပါတယ်ဘုရား '

' အခု . . . ဆယ်ရက်လေးလာပြီးတော့ ဒီဘက်ကမျက်လုံးလေးဖွင့်တာ ဟုတ်လား ? '

' ဟုတ်ပါတယ်ဘုရား '

' ဒါဖြင့် . . . တရားပွဲလည်းပြီးရော ပြန်မေ့မှာလား ? '

' မမေ့ပါဘူးဘုရား '

' ပွင့်ကောပွင့်ပြီလား ? '

' ပွင့်ပါပြီဘုရား '

' နှစ်ဖက်မြင်လား ? '

' နှစ်ဖက်မြင်ပါတယ်ဘုရား '

' အခုမှ သေချာစစ်တော့ပေါ်သွားပြီ၊ နှစ်ဖက်မြင်ပါတယ် ပြောပေမယ့်လည်း တစ်ဖက်က မျက်လုံးက ပွင့်တောင်မပွင့်သေးဘူး၊ အတင်းကိုဆွဲဖွင့်တာ၊ နှစ်နာရီအချိန်ပေးထားရတယ်၊ ဘာကြောင့်များ ဒီလောက်ဖြစ်နေလဲ

http://www.dhammadownload.com

မေးတော့ ဟောဒီ လောကီဥစ္စာနဲ့ လောကုတ္တရာဥစ္စာနှစ်မျိုးမှာ သူတို့ရဲ့ အကျိုးပေးကို ကျကျနန သူတို့နားမလည်လို့ပါ.'

' မှန်လှပါဘုရား '

' ယနေ့ . . . လောကီဥစ္စာကိုသာ အချိန်တွေပေးပြီးတော့ မိမိတို့တွေ ဒီထဲမှာနှစ်နေပြီး လောကုတ္တရာဥစ္စာအတွက်ကို အချိန်တွေလျော့နေတာဘာကြောင့်လဲမေးရင် သူတို့ရဲ့အကျိုးပေးတွေကိုကောင်းစွာမသိလို့၊ ဒါကြောင့် ဘုရားရှင်ကိုယ်တော်မြတ်ကြီးက လောကီဥစ္စာနဲ့ လောကုတ္တရာဥစ္စာရဲ့အကျိုးသွားတွေကို သဘောပေါက်အောင်ဆိုပြီး အဂုတ္တိရ်ပါဠိတော်မှာ လေးမျိုးလေးစားနဲ့ ဝေဖန်ပြသွားတာ၊ ဒီလိုဆိုရင် လောကီဥစ္စာရဲ့အကျိုးသွားလေးမျိုး၊ လောကုတ္တရာဥစ္စာရဲ့အကျိုးသွားလေးမျိုး၊ အဲဒီလေးမျိုးလေးကို ယနေ့သိပြီဆိုရင်တော့ အချိန်မီလေး မပြင်သင့်ဘူးလား ? '

' ပြင်သင့်ပါတယ်ဘုရား '

' လောကီဥစ္စာကိုသာ အချိန်တွေပေးပြီးတော့ ကိုယ့်ကိုနစ်မွန်းအောင်လို့ ဒီလောက်အထိ သက်တမ်းတွေကိုဖြုန်းခဲ့တာ၊ နှမျောစရာကောင်းတယ်လို့ သိတဲ့အချိန်မှာ ဝမ်းနည်းမနေနဲ့တော့ '

' မှန်လှပါဘုရား '

' တစ်ဖက်က လိုအပ်နေတဲ့ မပွင့်သေးတဲ့မျက်လုံးလေးကိုသာ ဖွင့်မယ်ဆိုရင် ယနေ့တရားဟောရတာ အကျိုးကြီးပါတယ် '

' မှန်လှပါဘုရား '

' နာရတဲ့ပုဂ္ဂိုလ်တွေလည်း တန်ဖိုးရှိတယ် လို့မှတ်ထားနော် '

' မှန်လှပါဘုရား '

' ဒါဖြင့် . . . အရှာများနေတဲ့ လောကီဥစ္စာကို ရှေးဦးစွာ အကျိုးပေးလေးပြောရင် အားလုံးမှတ်မိအောင် လိုက်ဆိုလိုက်ပါ - '

" လောကီဥစ္စာ နေ့မြောက်ခါ၊ ညမှာခြောက်လေသည် "

' မိမိတို့ တစ်နေ့တစ်နေ့ စားဖို့ ဝတ်ဖို့ နေဖို့ပြည့်စုံအောင်ရှာနေတဲ့

http://www.dhammadownload.com

ဥစ္စာပစ္စည်းတွေ ဘယ်လောက်ပဲမျှားအောင်လို့ ချမ်းသာကြပါစေ၊ တစ်နေကုန် တစ်နေခန်း ကြိုးစား ရုန်းကန်လှုပ်ရှားပြီးတော့မှ ရှာနေရတဲ့အရှာ ပြန်ကြည့်လိုက်တဲ့အခါကျတော့ ဒီလောကီဥစ္စာတွေကို တစ်နေ့တစ်နေ့ ဟောဒီ သားသမီး၊ မိသားစုအတွက် ကြိုးစားရုန်းကန်ပြီး ရှာနေတဲ့နေရာမှာ လောဘတွေလည်း အားမကောင်းဘူးလား ? '

' ကောင်းပါတယ်ဘုရား '

' ဒေါသ၊ မောဟတွေကော နည်းလားမျှားလား '

' မျှားပါတယ်ဘုရား '

' ဘာတွေနဲ့ ဒီလောက်ရှာလဲမေးရင် အကုသိုလ်တွေနဲ့ရှာနေတာ စုပြန်တော့လည်း ကုသိုလ်လား အကုသိုလ်လား ? '

' အကုသိုလ်နဲ့ပါဘုရား '

' လောဘနဲ့စုတယ်၊ ဟော . . . သောက ပရိဒေဝတွေနဲ့ ကြောင့်ကြနေတယ်၊ အဲဒါကိုကြည့်ခြင်းအားဖြင့် ရှာတုန်းကလည်း အကုသိုလ်၊ စုတော့လည်း '

' အကုသိုလ်ပါဘုရား '

' ကဲ. . . ဒီဥစ္စာပစ္စည်းတွေကို ကိုယ်က ကြွယ်ဝ ချမ်းသာအောင် ရှာနိုင်တဲ့အတွက်ကြောင့်မို့လို့ သွားလာလှုပ်ရှားနေတဲ့ ဟောဒီ နေ့ခင်း နေ့ဘက်တွေကျရင် ကိုယ်ရှာထားတဲ့ဥစ္စာပစ္စည်း ကိုယ့်မှာ ကြွယ်ဝချမ်းသာလို့ ကိုယ့်တစ်ကိုယ်လုံးလည်း ညွှတ်အောင်ဆင်ထားတယ်၊ နေနိုင် ထိုင်နိုင်၊ သွားနိုင် လာနိုင်၊ စားနိုင် သောက်နိုင်တဲ့အတွက် ဘယ်ကိုပဲသွားသွား လူပုံအလယ်မှာ တင့်တင့်တယ်တယ်နဲ့နေလာပြီး အရေးယူမှုမခံရဘူးလား ? '

' ခံရပါတယ်ဘုရား '

' လူမှုလောကကိုသွားတဲ့အခါမှာ ဖူးဖူးမှုတ်အောင်လည်း နေရာပေးခြင်း၊ အရေးယူခြင်း ဆက်ဆံမှုကိုရတဲ့အတွက် အပျော်ကြီး ပျော်နေပါတယ်၊ အကျေနပ်ကြီး ကျေနပ်နေပါတယ်၊ တခြားလား လောဘလား ? '

' လောဘပါဘုရား '

http://www.dhammadownload.com

' ကိုယ်ရှာထားတဲ့ ဥစ္စာပစ္စည်း၊ ကိုယ့်ကို နေ့ဘက်မှာ မြောက်စားတာ တွေကြည့်ပါတဲ့၊ ပျော်နေတဲ့အဖြစ်သည် သာယာနေတာဖြစ်တဲ့အတွက် လောဘတရားက တခြားမှာပေါ်တာလား စိတ်မှာပေါ်တာလား ? '

' စိတ်မှာပေါ်တာပါဘုရား '

' အဲဒီဥစ္စာပစ္စည်းတွေ ကိုယ်ကနေကြည့်ပြီးတော့ -

' အေး . . . သာယာတပ်မက်ပြီးတော့ ငါကြီးပွားပြီ၊ ငါချမ်းသာပြီလို့ ဒီဥစ္စာပစ္စည်းတွေပေါ်မှာ အားရကြည်နူးနေတာလောက် ပတ်ဝန်းကျင်ကပဲ ကိုယ့်ကို ဖူးဖူးမှုတ်ထားတဲ့အတွက် ကျေနပ်နေသလောက် ကုသိုလ်တွေ ချည်းလား၊ အကုသိုလ်တွေချည်းလား ? '

' အကုသိုလ်တွေချည်းပါဘုရား '

' သိကြရဲ့လား '

' သိပါတယ်ဘုရား '

' သိတယ်သာပြောတာ၊ မသိလို့ ဒီလောက်ထိပျော်နေတာပေါ့ '

' မှန်လှပါဘုရား '

' တစ်နေကုန်တစ်နေခန်းလည်းပဲ ရှာလို့အားမရ၊ နောက်နေ့ နောက်နေ့ တွေလည်းရှာလို့ အားမရ၊ သေထိတိုင်အောင်လည်းပဲ ရှာလို့အားမရ၊ အဲဒီလို ရှာလို့အားမရတဲ့ ဟောဒီရလာတဲ့ ဥစ္စာပစ္စည်းတွေဟာ အမျှားသူငါ လူပုံ အလယ် ဘယ်ကိုပဲသွားသွား တင့်တင့်တယ်တယ်နဲ့ မြောက်စားခံရတဲ့အတွက် မြောက်ကြွမြောက်ကြွဖြစ်ပြီးတော့ အပျော်ကြီးပျော်နေတာဟာ လောဘ တရားနဲ့ မြောက်စားခံရလို့ ပျော်တဲ့အပျော်လည်း မကောင်းပါလားဆိုတာကို အခုလိုသရုပ်ခွဲပြီးတော့မှ အကုသိုလ်နဲ့ပျော်ရတာပါလားလို့ သိသွားတာနော် '

' မှန်လှပါဘုရား '

http://www.dhammadownload.com

' ဒါဖြင့် . . . ဒီအချိန်မှာပျော်ရင်းသေရင် ဘယ်သွားရမယ် '

' အပါယ်သွားရမှာပါဘုရား '

' စုရင်းသေရင်လည်းပဲ အပါယ်သွားရမှာ၊ တစ်နေ့ တစ်နေ့ ဘယ်အတွက်ကြိုးစားနေလဲ ? '

' အပါယ်သွားဖို့ ကြိုးစားနေတာပါဘုရား '

' တိုးတိုးပြောကြနော်၊ အပါယ်အတွက် ကြိုးစားနေတာတော်လား ? '

' မတော်ပါဘူးဘုရား '

' နောက်နေ့လည်း ဘယ်အတွက် ကြိုးစားမယ် '

' အပါယ်အတွက်ကြိုးစားနေတာပါဘုရား '

' ကြိုးစား ကြိုးစား ကြိုးစားကြပေါ့နော်၊ ဒီလောက် သိတာတောင် အပါယ်အတွက် ကြိုးစားအုံးမယ်၊ သင့်တော်ပါ့မလား ? '

' မသင့်တော်ပါဘုရား '

' ဒါနေ့ဘက်မှာ မြောက်စားပြီးတော့ အကုသိုလ်နဲ့ ပျော်နေပုံလေး ပြောလိုက်တာ -

'ကဲ . . . ညဘက်ကိုရောက်ပြီ၊ ရှာထားဖွေထားတဲ့ ဥစ္စာပစ္စည်းတွေ ကိုယ်မှာရှိပြီ၊ ကိုယ်တတ်နိုင်လို့ ကျောက်လေးတွေဝယ်ထား၊ အဲဒီဝယ်ထားတဲ့ ကျောက်လေးတွေမနေ့ကမှ ဝယ်ထားတယ်ပေါ့၊ ယနေ့ညကျတော့ ကိုယ့်မှာ အဲဒီဥစ္စာပစ္စည်းလေးတွေရှိပြီဆိုတော့ အဲဒီအထုပ်လေးကို စိတ်ချလား ? '

' မချပါဘူးဘုရား '

' တံခါးဖွင့်အိပ်မှာလား ပိတ်အိပ်မှာလား ? '

' ပိတ်အိပ်မှာပါဘုရား '

' အဲဒီတံခါးလေးပိတ်ပြီးတော့ အိပ်ပါပြီ၊ ညဘက်မှာ -

'ကဲ-အိပ်တော့မယ်ဆိုပြီး ကိုယ်လေးကိုဆန့်ဖို့အတွက် ကုတင်ပေါ်မှာ ကျောလေးဆန့်ပြီး လဲလိုက်လို့ ခေါင်းအုံးနဲ့ ခေါင်းလေးထိကာစရှိသေး၊ ဖျတ်ကနဲ့ဝုတ်တုတ်ထိုင်မိတယ်၊ ဩော်-တံခါးမှ ပိတ်မိရဲ့လား၊ ပိတ်ထားတာ

http://www.dhammadownload.com

တောင်နော်၊ ကဲ-အဲလိုပိတ်မိရဲ့လားလို့သံသယလေးရှိတာနဲ့ ဖျတ်ကနဲ မထ ဘူးလား ? '

' ထပါတယ်ဘုရား '

' ပိတ်ထားတာ သေချာတာတောင် ဂျက်လေးကိုသွားကြည့်သေးတာ၊ ဆွဲဖွင့်ကြည့်သေးတယ်၊ သော့ခလောက်ခတ်ထားတာတောင်မှ ခလောက်ကြည့် လိုက်သေးတယ်၊ ဟုတ်ကောဟုတ်ရဲ့လား ? '

' ဟုတ်ပါတယ်ဘုရား '

' အဲဒီလောက်ထိ ချောက်ချားနေတာ ဘာဖြစ်လို့၊ ဥစ္စာပစ္စည်းခြောက် နေတာ၊ ကိုယ်ရှိထားတဲ့ ဥစ္စာပစ္စည်း ကိုယ်က စိတ်မချဘူးလေ '

' မှန်လှပါဘုရား '

' အဲဒီ စိတ်မချတဲ့ အထုပ်ကြောင့်လည်း အိပ်မရဘူး၊ အိပ်မရလို့လည်း ပြတင်းပေါက်လည်း နည်းနည်းမဟန့် ချက်ချင်းထပိတ်တာ၊ အေးလို့တော့ မဟုတ်ပါဘူး၊ သူခိုးမျှား ဒီကတက်လာရင်ခက်ရချည်ရဲ့ -

' ကဲ . . . အဲဒီကျတော့ ဥစ္စာပစ္စည်းက ညဘက်တွေတော့ သူတော် စင်မျှားကို မခြောက်ဘူးလား ? '

' ခြောက်ပါတယ်ဘုရား '

' ခြောက်တော့ဖျော်လား ကြောက်လား ? '

' ကြောက်ပါတယ်ဘုရား '

' ကြောက်တာက ဒေါသ '

' မှန်လှပါဘုရား '

' အဲဒီ ဒေါသ ဘယ်မှာပေါ် '

' စိတ်မှာပေါ်တာပါဘုရား '

' သေရင် ဘယ်သွားရမယ် '

' အပါယ်သွားရမှာပါဘုရား '

http://www.dhammadownload.com

' ညဘက်ရောက်တော့လည်း စိတ်မချဘူး၊ နေ့ဘက်ရောက်လည်း ပျော်နေပြန်တယ်၊ အဲဒီပျော်တာ လောဘ၊ ကြောက်တော့ ဒေါသ '

' မှန်လှပါဘုရား '

' ဘယ်ဟာကောင်းလဲ ? '

' ဘယ်ဟာမှမကောင်းပါဘူးဘုရား '

' မကောင်းတာကို ကြည့်စမ်းပါအုံး၊ ရှာလိုက်တဲ့အချိန်က ဆယ့်လေးနာရီ၊ ဟိုဘက်မှာ နှစ်နာရီက ဆရာသမားတွေက သာသာထိုးထိုးပေးထားလို့ တချို့မှာ အချိန်ပိုဆင်းလိုက်သေး၊ မဆင်းဘူးလား ဆင်းလား ? '

' ဆင်းပါတယ်ဘုရား '

' လုပ်ချိန်ထက်ကို အချိန်ပို ဆင်းလိုက်သေးတယ်၊ ဟော. . . တရားကို အားထုတ်လို့ အချိန်ပိုလေးပေးပါဆိုတော့ ညည်းနေကြတယ်၊ တွန့်နေကြတယ်၊ အဲ . . . အပါယ်လေးပါးလွတ်ဖို့ကျတော့ ကိုယ့်ကို ညှာလား ? '

' မညှာပါဘူးဘုရား '

' ညှာပါတယ်၊ ဒီဘက်မှာသာ မညှာတာ၊ သေချင်သေပါစေ လုပ်နေကြတာ၊ အဲဒါပြန်ကြည့်ခြင်းအားဖြင့် တစ်နေ့တစ်နေ့ ရှာနေတဲ့ လောကီဥစ္စာတွေသည် နေ့ဘက်မှာ မြောက်စားသလောက် ညဘက်မှာ ခြောက်ခြားလိုက်တာ သေရင် ကိုယ်ကျိုးနည်းပါပေါ့လား၊ ဒီလိုနဲ့ သေသွားခဲ့ကြတာ မမျှားဘူးလား မျှားလား ? '

' မျှားပါတယ်ဘုရား '

' အခု သူတော်စင်မျှားက မသေလို့ အချိန်မီနေတာနော် '

' မှန်လှပါဘုရား '

' သေသွားတဲ့ ပုဂ္ဂိုလ်တွေအတွက် ရင်နာစရာ မကောင်းဘူးလား ? '

' ကောင်းပါတယ်ဘုရား '

' ကဲ . . . အဲဒီတော့ မိမိတို့ ဒီလိုမသိဘူးလား သိလား ? '

' သိသွားပါပြီဘုရား '

http://www.dhammadownload.com

' လောကီ ဥစ္စာသည် ရှာတုန်းကလည်း အကုသိုလ်၊ စုတော့လည်း အကုသိုလ်၊ နေ့မှာမြှောက်စား ညမှာအခြောက်ခံရတော့လည်း အကုသိုလ် တွေနဲ့ ကြောက်နေရပြန်တယ် ? '

' မှန်လှပါဘုရား '

' သေရင်အပါယ်မှတစ်ပါး သွားစရာမရှိဘူးနော်၊ တစ်နေကုန် တစ်နေခန်းလည်း ရုန်းကန်လှုပ်ရှားပြီး ခန္ဓာကိုယ်ကို ပင်ပန်း ဆင်းရဲခံပြီး မရှာဘူးလား ? '

' ရှာပါတယ်ဘုရား '

' သေသွားတော့လည်း အပါယ်သွားရမယ်ဆိုတော့ ရှာရကျိုးနပ်လား?'

' မနပ်ပါဘူးဘုရား '

' မနပ်တော့လည်း နောက်နေ့ ဘာပြန်ရှာမယ်၊ ပြောပါ ရဲရဲတင်းတင်း၊ မရှာနဲ့မဟုတ်ဘူးရှာ၊ သို့သော်လည်းပဲ ဒီဘက်မှာ မေ့မှာစိုးလို့ပြောနေတာ '

' မှန်လှပါဘုရား '

' ရှာသာ ရှာနေရတယ်၊ ရှာရကျိုးနပ်လားမေးတော့ '

' မနပ်ပါဘူးဘုရား '

' ဒီတစ်ချက်လေးကို သဘောပေါက်ပါစေနော် '

' မှန်လှပါဘုရား '

' လောကုတ္တရာဥစ္စာကျတော့ ဘယ်လိုသဘော သွားရှိလဲဆိုတော့ အကျိုးပေးလေး ပြောသွားတာက -

" **လောကုတ္တရာဥစ္စာ၊ နေ့ပျော်က၊ ညမှာပျော်လေသည် "**

' ယနေ့သူတော်စင်များက ဟောဒီမှာ ညတရားပွဲလာနာကြတယ်၊ မနက်ပိုင်းလည်း တရားလာနာကြတယ်၊ အဲဒီလို လာနာကြတယ်ဆိုတာ ဘာလာရှာလဲဆိုရင် လောကုတ္တရာဥစ္စာ ဘာလာရှာသလဲ ? '

' လောကုတ္တရာ ဥစ္စာပါဘုရား '

http://www.dhammadownload.com

' လောကုတ္တရာဥစ္စာရှာတဲ့အခါမှာ နေ့ဘက်မှာရှာရင် နေ့ဘက်မှာ ပျော်ရသည်၊ ညဘက်မှာရှာရင် ညဘက်မှာပျော်ရသည်၊ အဲဒီ အပျော်ကျတော့ ဒါနကုသိုလ်တွေပြု၊ ကုသိုလ်လေးကို အာရုံပြုပြီး မပျော်ရဘူးလား ? '

' ပျော်ရပါတယ်ဘုရား '

' သီလကုသိုလ်တွေစောင့်ထိန်း၊ ဒီသီလ ကုသိုလ်တွေကို အာရုံပြုပြီး တော့ မပျော်ဘူးလား ? '

' ပျော်ရပါတယ်ဘုရား '

' ငါ့မှာ ဒီနေ့ ဒါနကုသိုလ်ရှိတယ်၊ သီလကုသိုလ်ဒီနေ့ရှိတယ်၊ ဘာဝနာ ကုသိုလ်တွေ ပွားများထားတယ်၊ အသိတွေငါ့မှာရှိတယ်ဆိုပြီး နေ့ခင်းနေ့ခင်း မှာလည်း ဒါနကုသိုလ်တွေအာရုံပြုပြု၊ သီလကုသိုလ်တွေအာရုံပြုပြု၊ သိထားတဲ့ ခန္ဓာဥာဏ်ရောက် နှလုံးသွင်းသွင်း ကိလေသာအလိုဆိုးတွေကို နှိမ်နင်းပြီးသား မဖြစ်ဘူးလား ? '

' ဖြစ်ပါတယ်ဘုရား '

' အဲဒါဆိုရင် နေ့ဘက်ပျော်ရင်းနဲ့ သေရင် အပါယ် လွတ် မလွတ် '

' လွတ်ပါတယ်ဘုရား '

' အပါယ်လွတ်မှန်းသိလို့လည်း ပျော်ရပါတယ်၊ ညဘက်မှာလည်းပဲ ကိုယ်သိတဲ့ ဒါနကုသိုလ်တွေပြုခဲ့တာ၊ သီလကုသိုလ်တွေစောင့်ထိန်းခဲ့တာ၊ ဘာဝနာကုသိုလ်တွေ ပွားများခဲ့တာတွေကို ပြန်အာရုံပြုတော့ အာရုံပြုရင်း လည်း ငါ့မှာ ဒီနေ့ ကုသိုလ်တွေရှိပါလား၊ သီလကုသိုလ်တွေစောင့်ထိန်းတော့ လည်း သီလကုသိုလ် ငါ့မှာရှိပါလား၊ တရားနာတော့လည်း တရားနာတဲ့ ကုသိုလ်လေး ငါ့မှာရှိတယ်၊ ဒီအသိတရားတွေကို ခန္ဓာဥာဏ်ရောက်အောင် သင်ပေးလိုက်တဲ့အတွက်ကြောင့်မို့ ဒါလေးကို နှလုံးသွင်းမယ်ဆိုတော့ -

' ဟော . . . အိပ်နေရင်းနဲ့လည်း နှလုံးသွင်းနေတဲ့ အရှိန်နဲ့ အသိကိုက် နေတဲ့ အချိန်အခါမှာ ခုနတုန်းက ခြောက်ခြားစရာတွေ ဥစ္စာပစ္စည်းတွေက လာခြောက်သေးလား ? '

http://www.dhammadownload.com

' မခြောက်ပါဘူးဘုရား '

' ကြောက်ဖို့ကော သတိရသေးလား '

' မရဲပါဘူးဘုရား '

' ကုသိုလ်ကိုအမှတ်ရတဲ့ပုဂ္ဂိုလ် ကုသိုလ်ကနေပြီးတော့ ကိုယ့်ကို ငြိမ်းချမ်းအောင်လုပ်ပြီးတော့ စောင့်ရှောက်ထားတဲ့အတွက်ကြောင့်မို့လို့ အဲဒီအချိန်သေရင် အပါယ်တံခါးပိတ်မပိတ် '

' ပိတ်ပါတယ်ဘုရား '

' အဲဒါဘယ်ဥစ္စာရှာလို့ '

' လောကုတ္တရာဥစ္စာရှာလို့ပါဘုရား '

' လောကုတ္တရာဥစ္စာရှာရင် ချက်ချင်းလက်ငင်း အကျိုးရမှာနော် '

' မှန်လှပါဘုရား '

' အခုတရားနာနေတဲ့ အခိုက်အတန့်လေးမှာ လောကုတ္တရာဥစ္စာ လာရှာတာကိုပဲ သဘောပေါက်အောင်ပြောရင် တရားဂုဏ်တော်ခြောက်ပါးထဲမှာ သူတော်စင်များကို အနည်းအကျဉ်း ဖော်ထုတ်ပြရင် သွာက္ခာတော ဘဂဝတာ ဓမ္မော၊ ရှေဘုန်းတော်သခင် ရှင်တော်မြတ်ဘုရားသည်။ ဓမ္မော-မဂ်၊ ဖိုလ် နိဗ္ဗာန် ဓမ္မက္ခန်ဟု ဆယ်တန်သောတရားတော်မြတ်ကို။ သွာက္ခာတော-ကြားနာရုံပင် အပူစင်၍၊ များမြင်သုတ၊ ဉာဏ်ကြီးရ၍၊ အစကောင်းဝယ်၊ ကျင့်ကြံဖွယ်ကြောင်း၊ အလယ်ကောင်းထုံး၊ အေးငြိမ်းနှုန်းဖြင့်၊ အဆုံးကောင်းရာ၊ ကောင်းသုံးဖြာဖြင့်၊ ကောင်းစွာဟောကြောင်းတော်မူခဲ့ပြီ၊ ယခုတရားလည်း နာရ၍ နာကြားနေတဲ့အခိုက်အတန့်မှာ မိမိတို့၏သန္တာန်ရင်ထဲကြည့်လိုက်စမ်း၊ တရားကိုအာရုံညွှတ်ပြီးတော့ နာကြားနေတဲ့အခိုက်အတန့်လေးမှာ ဟိုအိမ်က ကိစ္စ၊ ဒီအိမ်ကကိစ္စ၊ ဟိုအရောင်းအဝယ်ကိစ္စ၊ ဒီအရောင်းအဝယ်ကိစ္စ၊ ကိုယ့်ရဲ့သန္တာန်မှာ တရားကို အာရုံညွှတ်နေတဲ့အခိုက်အတန့် ပေါ်ရဲ့လား ? '

' မပေါ်ပါဘူးဘုရား '

http://www.dhammadownload.com

' မပေါ်ရင် အဲဒီ မငြိမ်းချမ်းတဲ့ ကိုလေသာတွေရဲ့အနှောင့်အယှက်က မလွတ်နေဘူးလား ? '

' လွတ်နေပါတယ်ဘုရား '

' အကုသိုလ်တွေကော ကင်းမနေဘူးလား '

' ကင်းနေပါတယ်ဘုရား '

' ဒီလိုဆိုရင် ကိုယ့်ရဲ့ပူပန်မှုအားလုံး ဒီအခိုက်အတန့်မှာ စင်ကြယ်အောင် စောင့်ရှောက်နိုင်တာ ဘာလာရှာတဲ့အချိန် '

' လောကုတ္တရာဥစ္စာလာရှာတဲ့ အချိန်ပါဘုရား '

' တရားနာတုန်းလေးပဲရှိသေးတယ်နော် '

' မှန်လှပါဘုရား '

' အပူလေးတွေ မစင်ဘူးလား စင်နေလား ? '

' စင်နေပါတယ်ဘုရား '

' ဒါကို အကာလိကော အခါမလင့် အကျိုးပေးတယ်လို့ခေါ်တယ် '

' မှန်လှပါဘုရား '

' ချက်ချင်းလက်ငင်းအကျိုးမရဘူးလား ရသွားလား ? '

' ရပါတယ်ဘုရား '

' ကြားနာရုံပင် အပူစင်၍ ကျင့်လျှင်ချမ်းသာ၊ မိမိတို့ တရားဓမ္မတွေကို ဟောဒီ နာကြားတဲ့အတိုင်း ခန္ဓာဥာဏ်စိုက် သင်ပေးတာကို ပြန်ပြီးနှလုံးသွင်းလို့ လက်တွေ့ ကျင့်ကြံလိုက်ရင် ခန္ဓာပြတဲ့ ကိုယ်နဲ့စပ်ပြီးပေါ်တဲ့ရုပ်တရား၊ စိတ်နဲ့ စပ်ပြီးပေါ်တဲ့ နာမ်တရား၊ အရှိရုပ်နာမ်တွေအပေါ်မှာ အသိဥာဏ်လည်းကိန်းပြီးတော့ အနိစ္စပြနေတာကို မြင်အောင်ကြည့်တိုင်းမှာ လောဘ၊ ဒေါသ၊ မောဟ ဆိုတဲ့ ကိုလေသာအလိုဆိုးတွေကို ကိုယ့်ရဲ့သန္တာန်မှာ နေရာယူခွင့်မရအောင်လို့ ပယ်ရှင်းထားတဲ့အတွက်ကြောင့်မို့လို့ ကိုလေသာအပူမီးတွေ ကင်းနေတဲ့အချိန် မချမ်းသာဘူးလား ? '

' ချမ်းသာပါတယ်ဘုရား '

http://www.dhammadownload.com

' လောဘ၊ ဒေါသ၊ မောဟနဲ့ ရှာနေရတဲ့ လောကီဥစ္စာနယ်ပယ်မှာ ကျတော့ ပူလောင်မှုတွေနဲ့ဆိုတော့ ငြိမ်းချမ်းရဲ့လား ? '

' မငြိမ်းချမ်းပါဘူးဘုရား '

' လောကီဥစ္စာကိုရှာတဲ့အချိန်မှာ လောင်တယ်နော် '

' မှန်လှပါဘုရား '

' အဲဒီလောင်ခဲ့သမျှကို ဟောဒီလောကုတ္တရာ ဥစ္စာကိုရှာတဲ့အတိုင်းလေး သိတဲ့အတိုင်း ကျင့်မယ်ဆိုရင် မချမ်းသာဘူးလား ? '

' ချမ်းသာပါတယ်ဘုရား '

' အပူတွေငြိမ်းတဲ့အတွက် ချမ်းသာနေတာ၊ ဒါကြောင့် ကျင့်လျှင် ချမ်းသာဆိုတာက ဘယ်ဥစ္စာရှာမှ '

' လောကုတ္တရာဥစ္စာရှာမှပါဘုရား '

' ကြားနာရုံပင်အပူစင်၍ ကျင့်လျှင်ချမ်းသာ၊ ကျင့်ပြီးကလည်း လွန်စွာ ငြိမ်းချမ်း၊ တရားဓမ္မတွေကိုကျင့်လို့ လမ်းဆုံးခရီးကို ကောင်းစွာရသွားရင် မိမိသန္တာန် မဂ်၊ ဖိုလ်ကိန်းသွားတဲ့ ပုဂ္ဂိုလ်၊ ကိလေသာအပူမီးတွေကို အပြီးတိုင်ငြိမ်းလိုက်တဲ့အတွက်ကြောင့်မို့လို့ အလွန်အေးချမ်းတာက နိဗ္ဗာန်ကို မျက်မှောက်ပြုတာနော် '

' မှန်လှပါဘုရား '

' ဒါဖြင့်ရင် ကျင့်ပြီးလျှင် ငြိမ်းချမ်းတဲ့ ချမ်းသာမှုကို မျက်မှောက်ပြုနိုင်တာ ဘယ်ဥစ္စာရှာမှ '

' လောကုတ္တရာဥစ္စာရှာမှပါဘုရား '

' ဒါဖြင့်ရင် လောကုတ္တရာဥစ္စာကို ရှာနိုင်တဲ့ပုဂ္ဂိုလ် အပါယ်ဘယ်တော့မှ မကျတော့ဘူး '

' မှန်လှပါဘုရား '

http://www.dhammadownload.com

' နိဗ္ဗာန်ကိုလည်း မျက်မှောက်ပြုပြီး ချမ်းချမ်းသာသာ နေနိုင်တယ် ဆိုတာကို မပေါ်သွားဘူးလား ? '

' ပေါ်သွားပါတယ်ဘုရား '

' ဒါဆိုရင် လောကီဥစ္စာ၊ လောကုတ္တရာဥစ္စာ ပထမသွားလေးကို နှိုင်းယှဉ်ပြတဲ့ဥစ္စာမှာ လောကီဥစ္စာသည် နေ့မြောက်တတ်သည်၊ ညခြောက်တတ်သည်၊ သေရင် အပါယ်မှတစ်ပါးသွားစရာမရှိပါ၊ လောကုတ္တရာဥစ္စာသည် နေ့လည်းပျော်ရ၊ ညလည်းပျော်ရ၊ ကုသိုလ်နဲ့ပျော်နေရတာဖြစ်တဲ့အတွက်ကြောင့်မို့ အပါယ်တံခါးပိတ်ပြီး နိဗ္ဗာန်ကိုရောက်သည်၊ ဒါကြောင့် ဥစ္စာနှစ်မျိုးမှာ ဘယ်ဥစ္စာက တန်ဖိုးကြီး '

' လောကုတ္တရာဥစ္စာပါဘုရား '

' ဒါတရားနာလို့သိတာနော် '

' မှန်လှပါဘုရား '

' လောကီဥစ္စာကို ပစ်ပယ်ခိုင်းတာမဟုတ်ပါဘူး၊ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက အရှယ်သုံးပါးလုံးမှာ လောကီဥစ္စာကိုလည်း တစ်ဖက်သော မျက်လုံးကရှာ၊ တစ်ဖက်သောမျက်လုံးက လောကုတ္တရာဥစ္စာကိုလည်းရှာ၊ ယခုသူတော်စင်များက မရှာဘူးလားမေးတော့ '

' ရှာပါတယ်ဘုရား '

' လောကုတ္တရာဥစ္စာဘက်မှာ '

' မှေးပါတယ်ဘုရား '

' ပွင့်ကိုမပွင့်သေးတာ၊ မှေးတယ်ဆိုတာတောင်လွန်သွားပြီ၊ တချို့ မရှာဘူးလား ရှာလား ? '

' ရှာပါတယ်ဘုရား '

' တချို့တော်တော်များများ ရှာကြပါတယ်၊ အဲလိုရှာကြတဲ့ပုဂ္ဂိုလ်တွေ နှစ်ဖက်မြင်ပါတယ်၊ တချို့သော ပုဂ္ဂိုလ်တွေက ရှာတော့ရှာတယ်၊ တရားပွဲလေး

http://www.dhammadownload.com

ရှိတဲ့ အချိန်သွားနာလိုက်တယ်၊ ပြီးရင် ပစ်ထားလိုက်တယ်၊ ဒီလိုမျိုးတွေကော ရှိလား မရှိဘူးလား ? '

' ရှိပါတယ်ဘုရား '

' အဲဒီပုဂ္ဂိုလ်မျိုးကျတော့ ပွင့်ပါတော့မလား ? '

' မပွင့်ပါဘူးဘုရား '

' အဲဒါက ဘာကြောင့်လဲမေးတော့၊ သဘောထားရဲ့အကျိုးပေးကို မသိလို့ပါ '

' မှန်လှပါဘုရား '

' ယခုတော့ အကျိုးပေးပထမကို သိသွားပြီနော် '

' မှန်လှပါဘုရား '

' အကျိုးပေးကို အဲလောက်သိရင်ကိုပဲ ဉာဏ်ရှိတဲ့ပုဂ္ဂိုလ် ငါဘာလုပ်သင့်တယ်ဆိုတာ ဆုံးဖြတ်ချက်ချလို့ ရသွားပြီ '

' မှန်လှပါဘုရား '

' လောကုတ္တရာဥစ္စာ ရှာထားတဲ့ပုဂ္ဂိုလ် လောကီဥစ္စာရှာတဲ့အခါမှာ နဂိုတုန်းက လောဘ၊ ဒေါသ၊ မောဟတွေအလွန်များပြားပြီးတော့ နှိပ်စက်ခံရပေမယ့် လောကုတ္တရာဥစ္စာ ရှာလာတဲ့ ပုဂ္ဂိုလ်လောဘတွေများရင် ဟောဒါ မတော်ပါလား၊ ဒေါသတွေ ဖြစ်လာရင် ဒါမတော်ပါလားလို့ စောင့်ရှောက်ထိန်းသိမ်းလိုက်ရင် လောဘ မနည်းသွားဘူးလား ? '

' နည်းသွားပါတယ်ဘုရား '

' ဒေါသကော မနည်းသွားဘူးလား ? '

' နည်းသွားပါတယ်ဘုရား '

' အဲလို နည်းအောင် နည်းအောင်စောင့်ရှောက်နိုင်ရင် တစ်ဖက်သော မျက်လုံးပွင့်တော့မယ် '

' မှန်လှပါဘုရား '

http://www.dhammadownload.com

' ဒါကြောင့်မို့ လောကုတ္တရာဥစ္စာကော မရှာရဘူးလား ? '

' ရှာရပါတယ်ဘုရား '

' ပထမ အကျိုးသွားကို သဘော်ပေါက်သွားရင် ဒုတိယအကျိုးသွား ဆက်ပြီးတော့ နှိုင်းယှဉ်ပြတာက - '

" လောကီဥစ္စာရှင်စဉ်မှာ၊

မြောက်ကာသေက ခြောက်လေသည် "

' တစ်နေ့တစ်နေ့ အပင်ပန်း အဆင်းရဲခံပြီးတော့ ဒုက္ခမျိုးစုံကြားထဲမှာ ပင်ပန်းရကောင်းမှန်းမသိ၊ ဖျားနာ ခေါင်းကိုက်ရင်တောင် သေရင်သေပါစေ ဆိုပြီးတော့ ဆေးလေးသောက်ပြီး အရရှာခဲ့ကြတဲ့ဘဝ၊ ဘယ်လောက်တောင် များ အခြေအနေဆိုးတယ်ဆိုတာ ရှာနေတဲ့ ဥစ္စာပစ္စည်း၊ ရှာရကျိုးမနပ်ပုံလေး ကို ဒုတိယအကျိုးသွားက ပြသွားပါပြီ၊ ရှင်စဉ်မှာ ကိုယ်ရှာထားတဲ့ ဥစ္စာ ပစ္စည်းတွေက ကိုယ့်ကို အဲဒီရှင်တဲ့အခိုက်အတန့်မှာ တင့်တင့်တယ်တယ် ဝတ်စားပြပြီးတော့ လူလယ်ခေါင်မှာ ကြွားခိုင်းပါလိမ့်မယ်၊ အဲလိုကြွားတော့ ကိုယ်က လက်မလေး ထောင်ပြီးတော့များ မြောက်ကြွမြောက်ကြွ ဟော်လွန်း နေတာသည် လောဘတရား သေရင်အပါယ်သွားရမည်၊ သေရင်လည်း ဥစ္စာပစ္စည်းက ခြောက်အုံးမယ်၊ ဘယ်လိုခြောက်လဲ၊ ဝတ်ထားတဲ့လက်ဝတ် လက်စားတွေ၊ အနာရောဂါ နှိပ်စက်လို့ သေပေါက်သေဝရောက်နေတဲ့အချိန် သေတော့မသေသေးဘူး '

' မှန်လှပါဘုရား '

' ရောက်လာသည့်ပုဂ္ဂိုလ်ကလည်း ကိုယ်ပေးချင်တဲ့လူ မဟုတ်လို့ စိတ်မချတော့ ကိုယ့်ကိုနှိပ်စက်တဲ့အနာရောဂါ သတိမရ၊ ဘယ်တော့များ ဖြုတ်မလဲ စိုးရိမ်နေ၊ ရုတ်တရက်မျှောသွား၊ သေတယ်ထင်ပြီးတော့ ချွတ်ယူ လိုက်ကော -

' ကဲ . . . သွက်တဲ့ပုဂ္ဂိုလ်က မယူလိုက်ဘူးလား ? '

' ယူလိုက်ပါတယ်ဘုရား '

http://www.dhammadownload.com

' အဲလို ယူလိုက်တော့ ကုသိုလ်လား အကုသိုလ်လား ? '

' အကုသိုလ်ပါဘုရား '

' ယူတဲ့ပုဂ္ဂိုလ်မှာလည်း အကုသိုလ်၊ ဟိုမှာကလည်းပဲ မသေသေးဘူး၊ ဟော သတိလည်းပြန်လည်လာတော့၊ သတိရတာက သူ့ရောဂါသတိမရဘူး၊ နားလေးလှမ်းစမ်းကြည့်တယ်၊ နားကပ်မရှိတော့ဘူး၊ လက်လေးဖြန့်ကြည့်တယ် လက်စွပ်မရှိတော့ဘူး၊ အဲဒီကျတော့ ထိတ်ထိတ်ပြာပြာနဲ့ ငါ့ပစ္စည်းမရှိတော့ဘူး ဘယ်ရောက်သွားလဲ၊ လုပ်ပြီနော် '

' မှန်လှပါဘုရား '

' ဘယ်သူကခြောက်တာလဲ ? '

' ဥစ္စာပစ္စည်းကခြောက်တာပါဘုရား '

' အဲဒါနဲ့မျှား သေရင်သွားပြီနော် '

' မှန်လှပါဘုရား '

' ဒီဥစ္စာပစ္စည်းစွဲပြီသေရင် ပြိတ္တာလည်းဖြစ်မှာ၊ ငရဲလည်းကျမှာပဲ၊ အဲဒါကို မသိတဲ့အတွက်ကြောင့် အစွဲကြီးစွဲနေတဲ့အစွဲတွေကို ယနေ့ရပ်တန်းက ရပ်ဖို့အတွက် သတိပေးရမှာလား မပေးရမှာလား ? '

' ပေးရမှာပါဘုရား '

' ဘယ်အချိန်လာတတ်လဲမေးရင် သေခါနီး၊ အဲဒီကျတော့ ဟိုဟာ လည်းပဲ ဟော ရှောင်လို့မရတော့ အမေ ယတြာချေရမယ်ဆိုလို့ ခဏဖြုတ် ထားတာပါ ပြန်ပေးမယ်ဆိုပြီး ပြန်တပ်ပေးရတယ်၊ ဂါမျိုးတွေကော မရှိဘူးလား ? '

' ရှိပါတယ်ဘုရား '

' မိမိတို့ကော ဒီအတိုင်းပဲလား ? '

' မဟုတ်ပါဘူးဘုရား '

http://www.dhammadownload.com

' မဟုတ်ဘူးပေါ့၊ ဒါဖြင့်ဥစ္စာပစ္စည်းနဲ့ကို ရှာနေကြတဲ့ သူတော်စင်များ သတိထားလိုက်ပါ၊ ရှင်စဉ်မှာ မြောက်စားတတ်ပါသည် လောဘနဲ့ သေခါနီးမှာပဲ ဒီဥစ္စာပစ္စည်းက ကိုယ့်ကိုခြောက်တဲ့အတွက် သောကတွေ တန်းလန်း တန်းလန်းနဲ့သေရလို့ ဒေါသတွေကိန်းတော့မယ်၊ ဒါကြောင့် ကုသိုလ်လား အကုသိုလ်လား ? '

' အကုသိုလ်ပါဘုရား '

' ရှင်စဉ်မှာ ပျော်တော့လည်း အကုသိုလ်၊ သေခါနီးမှာပျော်တော့လည်း'

' အကုသိုလ်ပါဘုရား '

' ကဲ . . . ဘယ်အကုသိုလ်နဲ့ ပျော်ချင်တုန်း '

' ဘယ်ဟာမှ မပျော်ချင်ပါဘူးဘုရား '

' မပျော်ချင်ရင်ရှာထားတဲ့ ဥစ္စာပစ္စည်းက သေချာပေါက်ကို ဒီအတိုင်း လုပ်တော့မှာ '

' မှန်လှပါဘုရား '

' အဲဒါတွေကို သဘောမပေါက်ဘူးဆိုရင် လောကုတ္တရာဥစ္စာဘက်မှာ မေ့နေတဲ့ပုဂ္ဂိုလ်များအတွက် သတိပေးချင်တာက ဟောဒီ ဥစ္စာပစ္စည်းကို အရင်းတည်ပြီးတော့ ဒါနကုသိုလ်လုပ်ရင် လောကုတ္တရာဥစ္စာမရဘူးလား ? '

' ရပါတယ်ဘုရား '

' သီလကုသိုလ်စောင့်ထိန်းရင်လည်း လောကုတ္တရာဥစ္စာမရဘူးလား

' ရပါတယ်ဘုရား '

' ဘာဝနာကုသိုလ်ပွားရင်လည်းပဲ '

' ရပါတယ်ဘုရား '

' ရမှာပဲ၊ ဒါကြောင့်မို့ လောကုတ္တရာဥစ္စာကို အကျိုးပေးမှာ ပြောသွားတဲ့ နေရာကျတော့ - '

" လောကုတ္တရာဥစ္စာ၊ ရှင်စဉ်မှာပျော်ကာ၊ သေခါပျော်ရသည် "

' လောကုတ္တရာဥစ္စာကျတော့ ဒါနကုသိုလ်အတွက် ကိုယ့်ဥစ္စာပစ္စည်း ရှာထားဖွေထားတာကို ဒီလိုသဘောပေါက်တဲ့အခါကျတော့ ရအောင်ကြိုးစား

http://www.dhammadownload.com

ပြီး လျှုမယ်ဆိုတော့ ဒါနကုသိုလ်ထုပ်လည်း မရသွားဘူးလား ? '

' ရပါတယ်ဘုရား '

' အဲဒီကုသိုလ်တရားသည် ငါ့ကို သံသရာတစ်လျှောက်ကို စိတ်ချ ရအောင် ကယ်မယ်ဆိုတာကို အားကိုးအနေနဲ့သိလို့ သေခါနီးမှာလည်း ဒီကုသိုလ်ကို အမှတ်ရခဲ့ရင် ဟောရှင်စဉ်ကာလမှာလည်း ဒီကုသိုလ်ကို အမှတ်ရ နေရင် အမြဲတမ်း ဒီကုသိုလ်တရား ငါ့မှာရှိနေပါလား၊ အားကိုးတရား ငါ့မှာ ရှိနေပါလား သိတဲ့ပုဂ္ဂိုလ်ကျတော့ ကုသိုလ်နဲ့ပျော်နေတဲ့အတွက်ကြောင့်မို့လို့ သေရင် အပါယ်သွားစရာအကြောင်းရှိလား ? '

' မရှိပါဘူးဘုရား '

' ဘယ်ဥစ္စာက ကယ်မှာ '

' လောကုတ္တရာဥစ္စာက ကယ်မှာပါဘုရား '

' လောကီဥစ္စာထဲက လောကုတ္တရာဥစ္စာ ဆွဲထုတ်လို့လည်း မရ ဘူးလား ? '

' ရပါတယ်ဘုရား '

' သီလကုသိုလ်ကိုလည်း ဆွဲထုတ်မယ်ဆိုရင်လည်းပဲ ကိုယ့်ရဲ့သန္တာန်မှာ သီလကုသိုလ်တွေတည်ရင် လောကုတ္တရာဥစ္စာရှိတဲ့ ပုဂ္ဂိုလ် အာရုံလေး ပြု၊ ရှင်စဉ်မှာ သီလကုသိုလ်ရှိတာ သိရင်ပျော်ရပါတယ်၊ သေကာနီးမှာ ကိုယ့် သီလကို ကိုယ်သတိရပြီး သေသွားရင်လည်း အပါယ်မလွတ်ဘူးလား ? '

' လွတ်ပါတယ်ဘုရား '

' ကဲ . . . ယနေ့ကြားစားနေတဲ့ ဘာဝနာ ကုသိုလ်၊ ရှင်စဉ်မှာ အားထုတ် ထားတဲ့ သေပေါက်သေဝရောက်ရင်လည်းပဲ ဒီအသိတရားက ကိုယ့်ကို စောင့်ရှောက်သွားတဲ့အတွက်ကြောင့်မို့ သားသမီးကိုလည်းပဲ စွဲလမ်းခြင်းမရှိ ဥစ္စာပစ္စည်းကိုလည်း စွဲလမ်းခြင်းမရှိတဲ့အတွက် အပါယ်တံခါးပိတ်ပြီး နိဗ္ဗာန်ကိုဝင်စံသွားတဲ့ ပုဂ္ဂိုလ်တွေကောများစွာ မရှိဘူးလား ? '

' ရှိပါတယ်ဘုရား '

http://www.dhammadownload.com

‘ အဲဒါ . . . ဘာဥစ္စာကြောင့် ’

‘ လောကုတ္တရာဥစ္စာကြောင့်ပါဘုရား ’

‘ ဒါလေးကို အချိန်ပေးပြီးရှာပါလို့ ထပ်တိုက်တွန်းပါတယ်၊ လောကီဥစ္စာနဲ့ လောကုတ္တရာဥစ္စာသဘောထားလေးနှစ်မျိုးတော့ မသိသွားဘူးလား ? ’

‘ သိသွားပါတယ်ဘုရား ’

‘ လောကီဥစ္စာသည် နေ့မြောက်တတ်သည် ညခြောက်တတ်သည်၊ ရှင်စဉ်မှာ မြောက်စားပြီး သေကာနီးမှာ ခြောက်တတ်သည်၊ သေရင်အပါယ်မှ တစ်ပါး သွားစရာမရှိပါ ’

‘ မှန်လှပါဘုရား ’

‘ လောကုတ္တရာဥစ္စာသည် နေ့လည်းပျော်ရ၊ ညလည်းပျော်ရ၊ ရှင်စဉ်လည်းပျော်ရ၊ သေကာနီးလည်း ပျော်ရ၊ အပါယ်လွတ်ပြီး နိဗ္ဗာန်ကိုရောက်သည်၊ ဒါဖြင့်ဥစ္စာနှစ်မျိုးရဲ့တန်ဖိုးချင်းတူလား ’

‘ မတူပါဘူးဘုရား ’

‘ အလွန်ကို အတိုင်းအဆမရှိအောင် ကွာလာတဲ့ တန်ဖိုးကြီးလာတဲ့ လောကုတ္တရာဥစ္စာကိုမေ့နေကြတာ၊ တတိယအရွယ်မှာ ရှာမယ်ဆိုပြီး နှလုံးသွင်းမှားနေကြလို့ ပြောနေရတာ ? ’

‘ မှန်လှပါဘုရား ’

‘ ဘုရားရှင်က အရွယ်သုံးပါးလုံးကို မရှာစေချင်ဘူးလား ? ’

‘ ရှာဝေချင်ပါတယ်ဘုရား ’

‘ ပထမအရွယ်မှာ ဉာဏ်ကောင်းတဲ့အတွက် ရဟန္တာတောင်ဖြစ်နိုင်တယ် ’

‘ မှန်လှပါဘုရား ’

‘ ဒုတိယအရွယ်ဆို အားလျော့သွားပြီ၊ တတိယအရွယ်မှဆို ပိုပြီးတော့ စွမ်းအားလျော့သွားပြီ၊ ဒါကြောင့်မို့ စွမ်းအားရှိတဲ့အချိန်အခါမှာ ကြိုးစားပြီးရှာဖို့ အရွယ်သုံးပါးလုံးမှာ မမေ့နဲ့လို့ မမှာသွားဘူးလား ? ’

‘ မှာသွားပါတယ်ဘုရား ’

http://www.dhammadownload.com

' အခု လောကီနဲ့လောကုတ္တရာရဲ့ သဘောကိုတော့ နားလည်သွားပြီနော် '

' မှန်လှပါဘုရား '

' တတိယဘယ်လိုမျှား နှလုံးသွင်းနိုင်အောင် ခွဲခြားပြ သွားလဲဆိုရင် -

" လောကီဥစ္စာ သေတဲ့အခါ၊ ထားကာသွားရ ဘုံဆိုင်မည် "

' တစ်နေ့တစ်နေ့ အပင်ပန်းဆင်းရဲခံပြီး နေထွက်က နေဝင် ချမ်းချမ်းစီးစီးလည်းမမှု -

ဟော . . . ကိုယ့်ရဲ့သန္တာန်မှာ ရောဂါမျိုးစုံတောင် အကပ်ခံပြီးတော့ ကြိုးစားရုန်းကန်ပြီး အမျှားအတွက်နဲ့ ဖြည့်ဆည်းခဲ့တဲ့ ရှာဖွေခဲ့တဲ့ဥစ္စာပစ္စည်းတွေ ဘယ်လောက်မျှားမျှား သေသွားတဲ့အခါကျတော့ ကိုယ့်နောက်ဘာပါလဲ ? '

' မပါပါဘူးဘုရား '

' ဘာတစ်ခုမှမပါဘူး၊ အဲလိုသေသွားရင် ဘာတစ်ခုမှ မပါသွားတဲ့အပြင်ကို အားလုံးကို မထားခဲ့ရဘူးလား ? '

' ထားခဲ့ရပါတယ်ဘုရား '

' အဲလိုထားခဲ့ရတော့ ကျန်တဲ့သူတွေ ပိုင်ဆိုင်တဲ့အတွက်ကြောင့်မို့လို့ ကိုယ်ရှာတဲ့ပစ္စည်း ကိုယ်ပိုင်လား ဘုံဆိုင်လား ? '

' ဘုံဆိုင်ပါဘုရား '

' အမျှားဆိုင်အတွက်နော် '

' မှန်လှပါဘုရား '

' အမျှားဆိုင်အတွက်နဲ့ ဘာကြောင့်မျှား ဒီလောက် အပင်ပန်းခံပြီး ရှာနေကြလဲ၊ ကိုယ့်ကိုပြန်ပြီး မေးကြည့်စမ်းမေးကြစမ်း၊ ဘာဖြစ်လို့ဒီလောက်မျှား ကိုယ့်ကိုအပင်ပန်းခံပြီးရှာနေကြသလဲလို့ အဖြေထုတ်ကြည့်စမ်းပါ၊ မသိတဲ့အတွက်ကြောင့်မို့လို့ပါ '

' မှန်လှပါဘုရား '

http://www.dhammadownload.com

' အခုသိလိုက်တဲ့အခါကျတော့ -

ဟော-ငါတို့တစ်တွေသည် အမှားကြီးမှားခဲ့ပါလားလို့ မပေါ်ဘူးလား? '

' ပေါ်ပါတယ်ဘုရား '

' ဘယ်လောက်မှားမှား ပြင်မလားမေးတော့ နောက်နေ့လည်း ဒါပဲ ရှာမှာ၊ အချိန်တွေအများကြီးပေးအုံးမှာပဲနော်၊ မပေးဘူးလား ပေးအုံးမှာ လား ? '

' မပေးပါဘူးဘုရား '

' ယခုဟောတဲ့အခါကျတော့မှ ဆယ့်ခြောက်နာရီမှာ ဆရာသမားတွေက နှစ်နာရီပေးတယ်၊ ဒါကဟေ့ သူပေးတာ ငါတို့မယူဘူးဟုတ်လား ? '

' မဟုတ်ပါဘူးဘုရား '

' အချိန်ပိုတောင် လုပ်ချင်သေးတာ အခုပြန်ကြည့်လိုက် လောကီဥစ္စာ ဆိုတာသည် သေရင်ထားခဲ့ရမယ့်ဘုံဆိုင်ပစ္စည်း၊ ယနေ့ဘုံဆိုင်ပစ္စည်းအနေနဲ့ ရှာထားဖွေထားကြတဲ့ ပင်ပန်းမှုတွေကို ပင်ပန်းရကျိုးနပ်အောင် ကိုယ်ပိုင်ပစ္စည်း မလုပ်ချင်ဘူးလား ? '

' လုပ်ချင်ပါတယ်ဘုရား '

' ရကြစေသတည်း ရရောလား ? '

' မရပါဘူးဘုရား '

' ရချင်ရင်လက်တွေ့လုပ်ရမှာ '

' မှန်လှပါဘုရား '

' ယနေ့လောကီဥစ္စာသည် ဘုံဆိုင်ပစ္စည်းထားခဲ့ရမှာသည် ကိုယ့်ရဲ့ ရှာရမှု တန်ပါ့မလား ? '

' မတန်ပါဘူး ဘုရား '

' ပင်ပန်းရကျိုးတန်အောင်လို့ရအောင်မယူချင်ဘူးလား ? '

' ယူချင်ပါတယ်ဘုရား '

http://www.dhammadownload.com

' ယူချင်တယ်ဆိုရင် ရှေးသူတော်ကောင်းများရဲ့ထုံးကို နှလုံးမူ၊ ရှေးသူတော်ကောင်းများက ဘယ်လို နှလုံးသွင်းလဲဆိုတော့ ရှာထားဖွေထားတဲ့ ဥစ္စာပစ္စည်းတွေကို ထားခဲ့ရမှာနှမြောသည်၊ ဘယ်လိုတဲ့တုန်း '

' ထားခဲ့ရမှာ နှမြောသည်ဘုရား '

' ယနေ့သူတော်စင်များကျတော့ ရှာထားဖွေထားတဲ့ ဥစ္စာပစ္စည်းတွေကို ထားခဲ့ရမှာ နှမြောလား မနှမြောဘူးလား ? '

' မနှမြောပါဘူးဘုရား '

' ကျယ်ကျယ်လေးဖြေကြ ဒါလေးကရှာပြီးရင် ဒါလေးကသားလေးအတွက်တစ်ပုံ၊ သမီးလေးအတွက်တစ်ပုံ၊ ဒါလေးကတော့ ဇနီးမယားအတွက်တစ်ပုံ၊ ဒါကငါတို့ အိုစားမင်းစာအတွက်တစ်ပုံဆိုပြီးတော့ ပုံလိုက်တာ လျှို့ဖို့တောင် မကျန်တော့ဘူး၊ မပုံဘူးလား ပုံလား ? '

' ပုံပါတယ်ဘုရား '

' အဲဒီလို ပုံထားတာက ယူသွားဖို့လား ထားခဲ့ဖို့လား ? '

' ထားခဲ့ဖို့ပါဘုရား '

' ဒါဖြင့်သူတော်စင်များက ထားခဲ့ရမှာ မနှမြောဘူးပေါ့၊ နှမြောလား မနှမြောဘူးလား ? '

' နှမြောပါတယ်ဘုရား '

' သေချင် သေပါစေ ရှာအုံးမှာပဲနော်၊ ရှေးသူတော်ကောင်းတွေက အဲဒီလိုထားခဲ့ရမှာ နှမြောတယ်၊ ဒါကြောင့် နှမြောတာနဲ့ မနှမြောတာ ဘာကွာလဲ မေးရင် -

" မနှမြောသောသူ စွန့်ပေးလျှူ၊ သေမူယူသွားရ၊

နှမြောသောသူ မပေးလျှူ၊ သေမူထားခဲ့ရ "

' ရှေးသူတော်ကောင်းတွေက ထားခဲ့ရမှာ နှမြောတဲ့ အတွက်ကြောင့် မို့လို့ ပင်ပန်းခံပြီး ရှာခဲ့ရတာတွေကို တန်အောင်ဆိုပြီးတော့ ယူသွားတာ ဘာလုပ်လဲမေးရင် လျှူတာ၊ ဘာလုပ်တာလဲ '

' လျှူတာပါဘုရား '

http://www.dhammadownload.com

' ယနေ့မိမိတို့ တစ်တွေက ရှာထားဖွေထားတဲ့ ဥစ္စာပစ္စည်းတွေကို ဘယ်သူအတွက် ဘယ်နှစ်ပုံ၊ ဘယ်သူအတွက် ဘယ်နှစ်ပုံနဲ့ ပုံလိုက်ပုံလိုက်တာ ကဲ လှူဖို့ကျန်သေးလား ? '

' မကျန်ပါဘူးဘုရား '

' မကျန်တော့ဘူးလား မကျန်ဘူးဆို ဘာလုပ်မှာလဲ ထားခဲ့မှာ၊ အဲတော့ ထားဖို့မျှား ဒီလောက်ရှာရလား မေးချင်ပါတယ်၊ ပရိသတ်ကြီးကို ကိုယ့် အတွက်ကို ဘာမှမပါဘဲနဲ့ထားခဲ့ဖို့မျှား ဒီလောက် အပင်ပန်းခံပြီး ရှာကြလား၊ ဟော မေးလို့တောင်မရတော့ဘူး ကလေးတစ်ယောက်ပဲ ဖြေတတ်တယ်၊ ကျန်တာကမေးလို့မရဘူး ကိုယ့်ကိုဘယ်လောက်မိုက်တယ်ဆိုတာ မပေါ်ဘူး လား ပေါ်လား ? '

' ပေါ်ပါတယ်ဘုရား '

' ကဲ . . . ထားခဲ့မလား ယူသွားမလား ? '

' ယူသွားမှာပါဘုရား '

' လောကုတ္တရာဥစ္စာဆိုတာက -

" လောကုတ္တရာဥစ္စာ သေတဲ့အခါ ၊

ယူကာသွားရ ကိုယ်ပိုင်မည် "

' ယနေ့ရှာကြတဲ့ လောကုတ္တရာဥစ္စာ ကိုယ့်ရဲ့စုဆောင်းထားတဲ့ ဥစ္စာ ပစ္စည်းထဲက လှူလိုက်တန်းလိုက်တဲ့ ဒါနကုသိုလ်ရှိခဲ့ရင်ပေါ့ အဲဒီ ဒါန ကုသိုလ် သည် ကိုယ့်အတွက်ဘယ်ကိုပဲသွားသွား ရန်သူမျိုးငါးပါးဖျက်ဆီးလို့ရလား ? '

' မရပါဘူးဘုရား '

' သေသွားရင်လည်းဘဲ သံသရာတစ်လျှောက်အတွက်ကို အထောက် အပံ့ကောင်းတွေယူသွားလို့ ရ မရ '

' ရပါတယ်ဘုရား '

' အဲဒါသည် ကိုယ်ပိုင်လား ဘုံဆိုင်လား ? '

' ကိုယ်ပိုင်ပါဘုရား '

http://www.dhammadownload.com

' ယနေ့သီလကုသိုလ်တွေ မစောင့်ထိန်း ဘူးလား ? '

' စောင့်ထိန်းပါတယ်ဘုရား '

' အဲဒီ . . . စောင့်ထိန်းတဲ့ သီလကုသိုလ်တွေသည် ကိုယ့်ကို ပစ္စုပ္ပန်မှာ လည်းပဲ အသက်ရှည် အနာရောဂါကင်းအောင် ထောက်ပံ့လို့ အနာဂတ် သံသရာမှာလည်းပဲ အသက်ရှည် အနာရောဂါ ကင်းအောင်ထောက်ပံ့သလို နိဗ္ဗာန်ကိုရောက်သည့်တိုင်အောင် ကျေးဇူးများတဲ့ အထောက်အပံ့ကောင်း တွေနဲ့ပံ့ပိုးတော့ သံသရာမှာကော ယူသွားလို့မရဘူးလား ? '

' ရပါတယ်ဘုရား '

' ဒီလိုဆိုရင် လောကုတ္တရာဥစ္စာသည် ယူသွားလို့ရတဲ့ ကိုယ်ပိုင်ပစ္စည်း ဝိပဿနာအလုပ် အလုပ်လုပ်ရင်းလည်းဘဲ ယူသွားလို့ရတယ်၊ ဒါဖြင့် ဒါနကုသိုလ်၊ သီလကုသိုလ်၊ ဘာဝနာကုသိုလ် ဒီကုသိုလ် တရားတွေကျတော့ ထားခဲ့ရမလား ယူသွားရမလား ? '

' ယူသွားရမှာပါဘုရား '

' အဲဒီပစ္စည်းကို ဘာပစ္စည်းလို့ခေါ် '

' ကိုယ်ပိုင်ပစ္စည်းလို့ခေါ်ပါတယ်ဘုရား '

' ကဲ . . . ယနေ့သူတော်စင်များ ဘုံဆိုင်ပစ္စည်းနဲ့ကိုယ်ပိုင်ပစ္စည်း ဘယ်ဟာများ '

' ဘုံဆိုင်ပစ္စည်းများပါတယ်ဘုရား '

' ဘုံဆိုင်ပစ္စည်းဆိုယူသွားရမလား ထားခဲ့ရမလား ? '

' ထားခဲ့ရမှာပါဘုရား '

' ယူသွားချင်ရင်ဘာပစ္စည်း ဖြစ်အောင်လုပ်မယ် '

' ကိုယ်ပိုင်ပစ္စည်းဖြစ်အောင်လုပ်ရမှာပါဘုရား '

' ကဲ . . . မယူချင်ဘူးလား ? '

' ယူချင်ပါတယ်ဘုရား '

' ယူချင်တယ်ပေါ့နော်၊ အဲလိုယူချင်တယ်ဆိုရင် ယနေ့ကိုယ့်သက်တမ်း

http://www.dhammadownload.com

ကိုယ်ပြန်ကြည့်၊ ကိုယ့်သက်တမ်းကိုယ်ပြန်ကြည့်တော့ မနက်ဖြန် အာမခံချက်ရှိလား ? '

' မရှိပါဘူးဘုရား '

' တရားပွဲပြီးတဲ့အထိကော အာမခံချက်ရှိသလား ? '

' မရှိပါဘူးဘုရား '

' ဒီလိုဆိုရင်ကိုယ်က ယူချင်တယ်ဆိုရင် အိမ်ပြန်တိုင်ပင်ရမလား၊ ချက်ချင်းယူရမလား ? '

' ချက်ချင်းယူရမှာပါဘုရား '

' သဘောတော့ကျသားဘဲ၊ အဲတော့ . . . ချက်ချင်းယူမယ်ပေါ့နော် '

' မှန်လှပါဘုရား '

' ကဲ . . . ချက်ချင်းယူမယ်ဆို ယူပုံယူနည်းသင်ပေးမယ်၊ နောက်တော့ မတွန့်ကြနဲ့ တွန့်မလား ? '

' မတွန့်ပါဘူးဘုရား '

' တွန့်မလား '

' မတွန့်ပါဘူးဘုရား '

' တွန့်ရင် တီကောင်ဖြစ်မယ် -

အဲတော့ . . . မတွန့်ရဘူးနော် '

' မှန်လှပါဘုရား '

' ခုချက်ချင်းယူမယ်ပေါ့ '

' မှန်လှပါဘုရား '

' ခုချက်ချင်းယူမယ်ဆိုရင် အိမ်မှာထားခဲ့တဲ့ပစ္စည်းတွေက အသာထားလိုက်၊ ပြန်ယူဖို့ အချိန်မှမရှိတာကို ယခုလက်ရှိ မိမိတို့ခန္ဓာကိုယ်မှာ ဆင်မြန်းထားတာတွေ ပါ မပါ ? '

' ပါပါတယ်ဘုရား '

http://www.dhammadownload.com

' ကဲ . . . ချက်ချင်းယူမလား၊ မတွန့်နဲ့နော်၊ တွန့်ရင်ဘာဖြစ်မှာ '

' တီကောင်ဖြစ်မှာပါဘုရား '

' ဖြစ်ချင်လား ? '

' မဖြစ်ချင်ပါဘူးဘုရား '

' ပြောပြီးပြီ အစောကြီးထဲက မေးပြီးသား -

' အဲတော့ . . . သက်တမ်းကလည်း စိတ်မချရတဲ့အတွက်ကြောင့် ပါလာတာလေးတွေကလည်း ဟောထားခဲ့ရရင် ကျန်ခဲ့ရင် ဘုံဆိုင်ပါလား၊ ကိုယ်ပိုင်အဖြစ်နဲ့ ရအောင်ယူမယ်ဆိုရင် -

' ဟော . . . ခုချက်ချင်းချွတ်လိုက် -

' ကဲ . . . ဒီမှာလာပုံရင် မရဘူးလား ? '

' ရပါတယ်ဘုရား '

' လုပ်မလား မလုပ်ဘူးလား ဟောတွန့်သွားပြီ၊ ဒါကြောင့်မို့ ရှေးသူတော်ကောင်းတွေက ပြောတာနော်၊ ထားခဲ့ရမှာ နှမြောတယ်၊ မိမိတို့မှာလည်း အဲဒီဝတ်ဆင်ထားတဲ့ လက်ဝတ်လက်စားတွေ သေသွားရင် ကိုယ့်နောက် ပါမှာလား ? '

' မပါပါဘူးဘုရား '

' ကဲ-မပါရင် မြန်မြန်ဆန်ဆန် ယူသင့်သလား မယူသင့်ဘူးလား ? '

' ယူသင့်ပါတယ်ဘုရား '

' ယူသင့်ရင် ချက်ချင်းချွတ်၊ တွန့်ကုန်ကြပြီ၊ လောကီဥစ္စာသည် သေရင် ထားခဲ့ရမယ် ဘုံဆိုင်၊ လောကုတ္တရာဥစ္စာသည် သေရင်ယူသွားရမယ် ကိုယ်ပိုင်၊ ဒီလောက်သင်ပေးတာကိုတောင်မှ မလိုချင်ဘူးနော်၊ ဒါဖြင့်ရင် မျက်လုံးနှစ်လုံးပွင့်တာလား တစ်ဖက်ပွင့်တာလား ? '

' တစ်ဖက်ထဲပွင့်တာပါဘုရား '

http://www.dhammadownload.com

' ဩော်. . . ရှင်းသွားပြီ၊ အခုမှ တစ်ဖက်ထဲပွင့်တာ၊ ခုနတော့နှစ်ဖက်မြင်ဆို၊ မြင်ပြီလား၊ မြင်ကိုမမြင်သေးဘူး -

' အဲတော့ . . . လောကီဥစ္စာသည် နေ့မြောက်တတ်သည်၊ ညခြောက်တတ်သည်၊ ရှင်စဉ်မှာ မြောက်စား၊ သေခါနီးမှာခြောက်ပြီ၊ သေရင်လည်းပဲ ထားခဲ့ရတဲ့၊ ဘုံဆိုင်ပစ္စည်းရှာရတာလည်းမတန်၊ သေရင်လည်းပဲ အပါယ်မှ တစ်ပါး သွားစရာမရှိတဲ့အတွက် အရှုံးကြီးရှုံးပါတယ်၊ လောကုတ္တရာဥစ္စာသည် နေ့လည်းပျော်ရ၊ ညလည်း ပျော်ရ၊ ရှင်စဉ်လည်းပျော်ရ၊ သေခါနီးလည်းပျော်ရ၊ သေရင်လည်းပဲ ယူသွားလို့ရတယ်၊ ကိုယ်ပိုင်ပစ္စည်း အပါယ်တံခါးပိတ်ပြီ၊ နိဗ္ဗာန်ကိုအရောက်ပို့တဲ့ တန်ဖိုးရှိတဲ့ပစ္စည်း၊ ဒါကြောင့်မို့ အချိန်မီယူပါလို့ မတိုက်တွန်းရဘူးလား ? '

' တိုက်တွန်းရပါတယ်ဘုရား '

' တိုက်တွန်းသော်လည်းပဲ သူတော်စင်များက လိုက်သလားမေးတော့ '

' မလိုက်ပါဘုရား '

' ဟောရတာ မတန်လိုက်တာကွာ၊ သဘောကို ရှင်းအောင်ပြောတာတောင်မှ သဘောပေါက်တာတောင်မှ နောက်တွန့်ချင်နေသေးတယ်နော်၊ အဲတော့ . . . သုံးမျိုးတော့ရှိသွားပြီ၊ နောက်ဆုံး တစ်မျိုးကိုပြောလိုက်ပါသည် -

" လောကီဥစ္စာ တစ်ဘဝသာ၊

သယ်ရှာဆောင်ပို့ ကျိုးနည်းသည် "

' မိမိတို့အပင်ပန်းဆင်းရဲ ဒုက္ခတွေခံပြီးတော့ ရှာဖွေစုဆောင်းတဲ့ ဥစ္စာပစ္စည်းတွေသည် ထားလို့သိုလို့ မရလောက်အောင် အလွန်များပြောင်ပါစေ၊ အဲဒီဥစ္စာပစ္စည်းတွေသည် ဘယ်လောက်အကျိုးပေးသန်လဲမေးရင် တစ်ဝမ်း တစ်ခါးလေးလှရုံ တစ်ဘဝအတွက်ပဲ အကျိုးများပါတယ်၊ ဒီတစ်ဘဝအတွက်ပဲနော် '

' မှန်လှပါဘုရား '

' အဲဒီဥစ္စာပစ္စည်းတွေကို ငါသေသွားရင် နောက်ဘဝအတွက်ကို သယ်သွားမယ်ရလား ? '

' မရပါဘုရား '

http://www.dhammadownload.com

' ဒါဖြင့် . . . ရှာထားဖွေထားတဲ့ ဥစ္စာပစ္စည်းတွေ ကျိုကျိုတက် ချမ်းသာပါစေ၊ တစ်ဘဝ၊ တစ်နေ့စာ၊ တစ်ဝမ်း တစ်ခါးလှရုံအတွက်မို့ အကျိုးပေး သိပ်နည်းပါတယ် '

' မှန်လှပါဘုရား '

' အဲဒီ . . . နည်းလှတဲ့ အကျိုးပေးကျတော့ သေချင်သေပါစေ ဆိုပြီး တော့ အားသွန်ခွန်စိုက် မရှာဘူးလား ? '

' ရှာပါတယ်ဘုရား '

' တန်ရဲ့လား ? '

' မတန်ပါဘူးဘုရား '

' သိတော့ သိသွားပြီနော် '

' မှန်လှပါဘုရား '

' လောကုတ္တရာဥစ္စာကိုပြောပါ့မယ် -

" လောကုတ္တရာဥစ္စာ၊ ဘဝမျှားစွာ၊

သယ်ရှာဆောင်ပို့ ကျိုးမျှားသည် "

' ယနေ့လာရှာတဲ့ဒါနကုသိုလ်၊ သီလကုသိုလ်၊ ဘာဝနာကုသိုလ်ဆိုတဲ့ လောကုတ္တရာဥစ္စာတွေကျတော့ ဟောဒီပစ္စုပ္ပန်ဘဝမှာလည်း အကုသိုလ်အပြစ် ကင်းအောင် စောင့်ရှောက်လို့ ချမ်းသာအောင်လည်းပဲ ကိုယ့်ကိုသေချာပို့ပေးပါ တယ်၊ ပံ့ပိုးပေးပါတယ်၊ ကိလေသာအပူမီးတွေကိုငြိမ်းစေတာ ပစ္စုပ္ပန်မှာ မငြိမ်းဘူးလား ? '

' ငြိမ်းပါတယ်ဘုရား '

' ကဲ . . . သူတော်ကောင်းတရားတွေကိန်းတဲ့အတွက်ကြောင့်လည်း စိတ်ချမ်းသာ ကိုယ်ချမ်းသာမနေရဘူးလား ? '

' နေရပါတယ်ဘုရား '

' ပစ္စုပ္ပန်မှာလည်း ချမ်းသာသလို အနာဂတ်သံသရာမှာလည်း ဒါန ကုသိုလ်၊ သီလကုသိုလ်၊ ဘာဝနာကုသိုလ်သည် နိဗ္ဗာန်မရမချင်း စောင့်

http://www.dhammadownload.com

ရှောက်လို့ ပုံပိုးပြီးအကျိုးများစေတယ်ဆိုတော့ သံသရာတစ်လျှောက်လုံးမှာ အကျိုးကြီး မကြီး ? '

' ကြီးပါတယ်ဘုရား '

' လက်ရှိပစ္စုပ္ပန်မှာလည်း အကျိုးပေးများသလို၊ သံသရာမှာလည်း အကျိုးပေးက နိဗ္ဗာန်မရောက်မချင်းအကျိုးပေးတယ်ဆိုတော့ ဘဝသံသရာ တစ်လျှောက်လုံး အကျိုးများတဲ့ဥစ္စာဆိုရင် မမှန်ဘူးလား ? '

' မှန်ပါတယ်ဘုရား '

' တစ်နေ့တစ်နေ့ရှာနေတဲ့ ပင်ပန်းဆင်းရဲမှာက တစ်ဘဝ၊ တစ်နပ်စာ နော်၊ အခုလောကုတ္တရာဥစ္စာကျတော့ ဘဝများစွာ အဲဒါလေးတွေကို သေချာ ကွဲပြားအောင်သိပြီဆိုရင် ယနေ့သူတော်စင်များ ဒီလိုသိသွားတဲ့အတွက် မနက်ဖြန်မှာ ဘယ်ဟာပိုရှာမလဲ ? '

' လောကုတ္တရာဥစ္စာပါဘုရား '

' တော်တော်ကို ဖြစ်ညှစ်ဖြေရပါလား၊ ဘယ်ဟာ ပိုရှာမှာလဲ ? '

' လောကုတ္တရာဥစ္စာပါဘုရား '

' လောကုတ္တရာဥစ္စာကို ပိုရှာရမှာလို့ ဆုံးဖြတ်ပြီးပြီလား အသံမလျှော့ ပါနဲ့၊ လောကီဥစ္စာနဲ့ လောကုတ္တရာဥစ္စာနှစ်မျိုးရဲ့ သဘောထား သိမသွား ဘူးလား ? '

' သိသွားပါတယ်ဘုရား '

' ဒီလောက်အသက် အရွယ်ရောက်သည့်တိုင်အောင်လို့ အကျိုးနည်း လှတဲ့ လောကီဥစ္စာမှာ အပါယ်လေးပါးအတွက်ကိုသာလျှင် မိမိက နေရာ တွေယူပြီးတော့ ကြိုးစားခဲ့တာဟာ မတန်ဘူးလို့ဆိုတာကိုလည်း သိသွားပြီ '

' မှန်လှပါဘုရား '

' လောကုတ္တရာဥစ္စာသည် အကျိုးများလှတဲ့ အပါယ်တံခါးပိတ်ပြီး၊ နိဗ္ဗာန် ကိုရောက်တယ်ဆိုတာကိုလည်း ပွင့်ပွင့်လင်းလင်းသိသွားပြီ၊ ဒါကြောင့်မို့လို့ ကိုယ့်ကိုသနားရင် ဘယ်ဟာပိုရှာမလဲ ? '

' လောကုတ္တရာဥစ္စာပါဘုရား '

http://www.dhammadownload.com

' ဘယ်မှာဖြေတာလဲမေးတော့ တရားပွဲမှာ ဖြေတာဟုတ်လား ? '

' မဟုတ်ပါဘူးဘုရား '

' အိမ်ရောက်တော့ ဒီအဖြေပေးရမှာနော် '

' မှန်လှပါဘုရား '

' ဒါဖြင့်နက်ဖြန်ကို ဘယ်ဟာပိုရှာမလဲ ? '

' လောကုတ္တရာဥစ္စာပါဘုရား '

' သေချာသွားပြီ၊ အဲလိုဆိုရင် မနက်ပိုင်းမှာက သစ္စာဓမ္မာရုံ (၇) နာရီ တရားပွဲမရှိဘူးလား ? '

' ရှိပါတယ်ဘုရား '

' တရားပွဲရှိတယ်ဆိုတာကို ကြေညာထားတော့ သိသွားပြီပေါ့'

' မှန်လှပါဘုရား '

' ဘယ်ဥစ္စာရှာဖို့ '

' လောကုတ္တရာဥစ္စာပါဘုရား '

' ကဲ - လောကီဥစ္စာကိုရှာဖို့ အချိန်ကလာတိုက်နေတယ်၊ လောကုတ္တရာ ဥစ္စာကို ရှာဖို့ကလည်း မနက် (၇) နာရီ ည (၇) နာရီ မရှိဘူးလား ရှိ နေလား ? '

' ရှိနေပါတယ်ဘုရား '

' အဲဒီအချိန်နဲ့ ကပ်သီးကပ်သတ် လာတိုးနေတယ်ပေါ့၊ ဘယ်လောက် တောင်တိုးလဲမေးရင် ကိုယ်ရမယ့် သိန်းတစ်ရာတန် ပစ္စည်းတစ်ခု လာချိန်း တယ်၊ မနက် (၇) နာရီလာခဲ့၊ သေချာပေါက်ရမယ်၊ ဟိုက လာချိန်းပြီနော်၊ ဟိုမှာကလည်းဘာရှိလဲ လောကုတ္တရာဥစ္စာရှာဖို့အတွက်ကိုရှိနေပြီ၊ အဲတော့ ကိုယ်က မနက်ဖြန်ကို ရှာဖို့အတွက်က ဘာရှာမယ်ပြောထား '

' လောကုတ္တရာဥစ္စာရှာမယ်လို့ ပြောထားပါတယ်ဘုရား '

http://www.dhammadownload.com

' ကဲ . . . အဲဒီ အချိန်ကျတော့လာပြီ၊ မနက် (၇) နာရီမှာ သူငယ်ချင်း အပေါင်းအသင်းတွေက တရားပွဲသွားရအောင်၊ အဲဒီအချိန်မှာ ကိုယ်ကလည်း ဗိုက်နာနေတယ်၊ တစ်ဖက်ကလည်းပဲ သိန်းတစ်ရာချိန်းထားတာရှိတယ်၊ အဲဒီကျတော့ လဲ့လျက်ကနေပြီးတော့ဟေ့ သူငယ်ချင်းရေ မနက်ဖြန် သစ္စာဓမ္မာရုံမှာ (၇) နာရီတရားပွဲ၊ အချိန်ရောက်ပြီကွ၊ သွားကြရအောင်၊ အဲဒီကျရင် သူတော်စင်များက ထလိုက်မလား ဗိုက်နာတယ် ဆင်ခြေပေးမလား သေချာစဉ်းစားနော် ဘာလုပ်မလဲ ? '

' ထလိုက်မှာပါဘုရား '

' ဗိုက်နာတယ် ပြောမှာနော်၊ ဟိုဘက်မှာ သိန်းတစ်ရာက ချိန်ထားပြီသားကိုး သေချာပေါက်ရမှာ၊ အဲလိုရမယ်ဆိုလို့သိထားတဲ့အတွက်ကြောင့်မို့ ဗိုက်ကလည်း အဆင်သင့် နာလိုက်တယ်အတွက် ဆင်ခြင်ပေးလို့ရသွားတယ်၊ ဗိုက်နာနေလို့ အဲဒီအချိန်ခါမှာ ဟိုကလည်း လာပြီးတော့မှချိန်းတဲ့ပုဂ္ဂိုလ်ကဟေ့ မင်း (၇) နာရီမှာအရောက် မသွားရင် အဲဒါလွတ်သွားလိုက်မယ်၊ အဲဒီကျတော့ ဗိုက်နာတယ်ပြောမလား၊ ဆေးသောက်ပြီးပြေးမလား ? '

' ဆေးသောက်ပြီးပြေးမှာပါဘုရား '

' ဘာလုပ်မှာ၊ ဆေးသောက်ပြီးပြေးမှာ -

' ဟော . . . လောကုတ္တရာဥစ္စာ မရှာတော့ဘူးပေါ့၊ အဲတော့ အဲဒီမှာ ဆေးသောက်ပြီး ပြေးတဲ့အလုပ်ကိုကြည့်နော်၊ ငါအချိန်မှီ မရောက်ရင် ရမှရပါ့မလား ရမှရပါ့မလား ရမှရပါ့မလား ပူပန်တဲ့သောကတွေ ကိုယ့်ရင်ထဲ လောင် မလောင် ? '

' လောင်ပါတယ်ဘုရား '

' သွားတဲ့လမ်းတစ်လျှောက် ကုသိုလ်လား အကုသိုလ်လား ? '

' အကုသိုလ်ပါဘုရား '

' သေရင် ဘယ်သွားရမယ် '

' အပါယ်သွားရမှာပါဘုရား '

http://www.dhammadownload.com

‘ ဩော် . . . အပါယ်သွားရမယ် ’

‘ ကဲ . . . တရားပွဲကို လာမယ့်အရေးမှာ အဲဒီအချိန်အခါမှာ ဗိုက်နာ လည်းပဲ ဘယ်လောက်ပဲနာနာ သေရင်မြတ်သေးတယ်ဟဲ့ဆိုပြီး တရားလေးကို အာရုံပြုပြီးသွားရင် လမ်းမှာသေလည်း အပါယ်သွားရပါ့မလား ? ’

‘ မသွားရပါဘူးဘုရား ’

‘ ယနေ့ သူတော်စင်များ ပြန်ကြည့်စမ်း အတက်နဲ့အဆင်း ဘယ်ဟာ မြန်တုန်း ’

‘ အဆင်းမြန်ပါတယ်ဘုရား ’

‘ အတက်နဲ့အဆင်းဘယ်ဟာ သက်သာတုန်း ’

‘ အဆင်းသက်သာပါတယ်ဘုရား ’

‘ ဒါဖြင့်ရင် အဝီစိငရဲဆင်းရတာနဲ့ နိဗ္ဗာန်တက်ရတာ ဘယ်ဟာ သက်သာတုန်း၊ အဆင်းသက်သာတာပေါ့၊ ဟုတ်လား ဒါကြောင့် သိန်းတစ်ရာ နောက်လိုက်တာပေါ့၊ မလိုက်ဘူးလား လိုက်မလား ? ’

‘ လိုက်မှာပါဘုရား ’

‘ လိုက်ကြ လိုက်ကြ၊ အဲတော့ ဥစ္စာနှစ်မျိုးတော့ မရှင်းဘူးလား ရှင်းလား ? ’

‘ ရှင်းပါတယ်ဘုရား ’

‘ ဘာရှာမလဲ ’

‘ လောကုတ္တရာဥစ္စာရှာမှာပါဘုရား ’

‘ ရှာပါ နှစ်မျိုးလုံးရှာပါ၊ မရှာနဲ့မပြောပါဘူး၊ တစ်ဖက်သော မျက်လုံး ကိုလည်းဖွင့်၊ တစ်ဖက်သော မျက်လုံးကိုလည်းဖွင့်ပါ၊ နှစ်ဖက်လုံးမဖွင့်ရ ဘူးလား ? ’

‘ ဖွင့်ရမှာပါဘုရား ’

‘ အဲလို . . . တိုက်ဆိုင်တယ်ဆိုရင် သေချာအာရုံပြု -

http://www.dhammadownload.com

'သြော် . . . ဒါ ငါ့အတွက်ကလေ အလွတ်ခံလို့မရဘူးဆိုပြီးတော့ တရားပွဲကလည်း ရှားရှား ပါးပါးဖြစ်လာတာ၊ ဟိုပစ္စည်းကျတော့ ဘယ် အချိန်ရှာရှာ မရဘူးလား ရမလား ? '

' ရပါတယ်ဘုရား '

' ရပ့ါမလား အခွင့်အရေးက ရပ့ါမလား ? '

' ရပါတယ် ဘုရား '

' သေချာပြန်ကြည့်တော့ ဒီဘက်က အပါယ်လွတ်အောင်စောင့် ရှောက်မှာ '

' မှန်လှပါဘုရား '

' ဟိုဘက်က အပါယ်ကိုဆွဲချမှာ၊ အဲတော့ ဆွဲချနဲ့ဆွဲတင် ဘယ်ဘက် လိုက်မလဲ ? '

' ဆွဲတင်ဘက်လိုက်မှာပါဘုရား '

' အဖြေကတော့ တည့်နေတာဘဲ၊ လက်တွေ့ကျတဲ့အခါမှာ ချော်သွား ကြတယ်၊ အဲလိုမဖြစ်ရအောင်လို့ ယနေ့ သူတော်စင်များကို ကွဲကွဲပြားပြား ပြောလိုက်ပါပြီ၊ အဖိုးနဲ့အဖွား ရှာချိန်မှာ မရှာခဲ့တဲ့အတွက်ကြောင့်မို့ ရေမရှိ တဲ့ရေကန်ထဲရောက်နေတဲ့ အတောင်ကျိုးနေတဲ့ ကြိုးကြာအိုအဖြစ်ဆိုးမျိုး မကြုံနေဘူးလား ? '

' ကြုံနေပါတယ်ဘုရား '

' အခု ဒီလောက်ပြောတာတောင်မှာ လောကုတ္တရာဥစ္စာဘက်ကိုလှည့်ဖို့ စိတ်မကူးကြဘူး၊ အဲတော့ . . . ရေမရှိတဲ့ရေကန်ထဲမှာ ရောက်နေတယ်၊ အတောင်ကျိုးနေတဲ့ ကြိုးကြာအိုကြီးသည် ဘယ်သူ့အတွက် ဖြစ်မလဲ၊ ကိုယ့် အတွက် မဖြစ်စေနဲ့ '

' မှန်လှပါဘုရား '

' အခုသူတော်စင်များ မရှာဘူးလားမေးတော့ '

' ရှာပါတယ်ဘုရား '

http://www.dhammadownload.com

' ရှာနေပါတယ် တစ်ဖက်သောမျက်လုံးလေးက ရေးရေးလေးဖြစ်နေလို့ ပွင့်အောင်ပြောနေတာ '

' မှန်လှပါဘုရား '

' ရှာတော့ရှာကြပါတယ် နှစ်ဖက်မြင်တွေ ဟုတ်ပါတယ်၊ သို့သော်လည်း ဒီဘက်မှာ အချိန်တွေပေးလွန်းတဲ့အတွက် ပြုံးနေတယ်တဲ့၊ တစ်ဖက်က '

' မှန်လှပါဘုရား '

' ဟောဒီတစ်ဖက်က နည်းနည်းလေးမှေးနေလို့ ပွင့်အောင်မဖွင့်ရဘူးလား ဖွင့်ရလား ? '

' ဖွင့်ရပါတယ်ဘုရား '

' အဲဒီလောက်ဆွဲဖွင့်တာတောင် လိုက်ပြီးတော့ ဖွင့်သလားမေးတော့ ပိတ်ထားတုန်းရှိသေးတယ်၊ အားရစရာကောင်းလား ? '

' မကောင်းပါဘူးဘုရား '

' မနက်ဖြန် မဟောတော့ဘူး၊ ဒီလိုလုပ်မှရတော့မှာသိလား -

အဲတော့ . . . လောကီဥစ္စာနဲ့ လောကုတ္တရာဥစ္စာရှင်း သွားပြီးလား ? '

' ရှင်းသွားပါပြီဘုရား '

' ရှာချိန်မှာရှာပါလို့ တိုက်တွန်းတာက အရွယ်သုံးပါး မပိုင်းကြပါနဲ့၊ ပထမအရွယ်မှာလည်း ရှာပါ၊ ဒုတိယအရွယ်မှာလည်း ရှာ၊ တတိယအရွယ်မှာလည်း '

' ရှာပါဘုရား '

' လောကီ ဥစ္စာကိုလည်း ရှာမရှာနဲ့မဟုတ်ဘူး၊ လောကုတ္တရာဥစ္စာကိုလည်း ရှာထားရင် မိမိရဲ့သန္တာန်မှာ လောဘတွေဖြစ်လာပြီဆိုရင်-

ဩော်. . . ဒါမသင့်တော်ပါလား လောဘလေးကို နဂိုတုန်းက ဖြစ်ခွင့်ပေးခဲ့ပေမယ့် လောကုတ္တရာဥစ္စာကို ရှာထားတဲ့ ပုဂ္ဂိုလ်ကျတော့ ဒီလောဘကို သတ်နိုင်တဲ့အနေအထားမရလာဘူးလား ? '

' ရပါတယ်ဘုရား '

http://www.dhammadownload.com

' လောဘ၊ ဒေါသ၊ မောဟတွေကို နှိမ်နင်းနိုင်တဲ့ အနေအထား မရလာဘူးလား ? '

' ရပါတယ်ဘုရား '

' တစ်နေ့တခြား ငြိမ်းချမ်းမှု သေချာသွားပြီနော် '

' မှန်လှပါဘုရား '

' ဒါဖြင့် လောကုတ္တရာဥစ္စာကိုရှာတဲ့ ပုဂ္ဂိုလ်သည် လောဘတွေကို အရင်တုန်းကမျှားခဲ့ပေမယ့် နည်းအောင် စောင့်ရှောက်သွားနိုင်ပြီ၊ ဒေါသ၊ မောဟတွေကို နည်းအောင် စောင့်ရှောက် သွားနိုင်တဲ့အတွက် လောကုတ္တရာဥစ္စာဘက်ကို အချိန်တွေပေးလာပြီးတာနဲ့အမျှ လောကီဘက်မှာရှာနေတဲ့ အရှာတွေမှာ လောဘ၊ ဒေါသ၊ မောဟတွေကို တတ်စွမ်းသမျှ နှိမ်နင်းသွားနိုင်တယ်၊ ပယ်သွားနိုင်တယ်ဆိုရင် ယနေ့ သာသနာ့တွင်းနဲ့လာဆုံရတာ တန်ဖိုးမရှိဘူးလား ? '

' ရှိပါတယ်ဘုရား '

' အခု အဖိုးနဲ့အဖွားသည် ဘုရားရှေ့မှောက်ရောက်နေတာတောင် ကယ်လို့မရတဲ့ အဖြစ်သည် ဘာကြောင့်လဲမေးရင် '

' ရှာချိန်မှာမရှာခဲ့လို့ပါဘုရား '

' အခုလည်း မိမိတို့ရှာချိန်မှာ အခွင့်အရေးတွေမရှိဘူးလား ? '

' ရှိပါတယ်ဘုရား '

' လောကုတ္တရာ ဥစ္စာရဲ့သဘောထားကိုလည်း မပြောဘူးလား ? '

' ပြောပါတယ်ဘုရား '

' တကယ်တမ်း တော့တော့ဆိုင်ဆိုင်ကျတော့ သူတော်စင်များသည် အားကောင်းထက်သန်စွာနှင့် သဒ္ဓါတွေကိုပံ့ပိုးပြီးတော့ ကြိုးစားသလား လျော့သွားသလား ? '

' လျော့သွားပါတယ်ဘုရား '

http://www.dhammadownload.com

‘ လက်တွေ့ကျရင် လျှောလျှောသွားတယ်နော် ’

‘ မှန်လှပါဘုရား ’

‘ အဲဒါမျိုးတွေ မဖြစ်ရအောင်လို့ သဒ္ဓါလေးတွေကို တင်လိုက်ကြစမ်းပါ။ ဝိရိယလေးတွေကို မြှင့်လိုက်ပြီးတော့ သာသနာတွင်းနဲ့ဆုံရတဲ့အခိုက်အတန့်လေးမှာ လောကီဥစ္စာကို ငါတို့ရှာခဲ့တာလည်းများခဲ့ပါပြီ၊ လျှောနည်းနေတဲ့ လောကုတ္တရာဥစ္စာဘက်ကိုလည်း အချိန်ပေးအုံးမယ်ဆိုပြီးတော့ ကြိုးစားဖြည့်ဆည်းရင်းနဲ့ မပွင့်သေးတဲ့မျက်လုံးလေးကို ပွင့်သထက်ပွင့်အောင် စောင့်ရှောက်ထိန်းသိမ်းပြီးတော့ ညီအောင်ကြိုးစားနိုင်တဲ့ သူတော်စင် သူတော်ကောင်း တွေဖြစ်ပါစေလို့ တိုက်တွန်းရင်ပဲ တရားပွဲကို အဆုံးသတ်လိုက်ပါမယ်’

‘ယနေ့မိမိတို့ရဲ့လောကုတ္တရာဥစ္စာရှာတဲ့ဘက်မှာ ဒါနကုသိုလ်၊ သီလကုသိုလ်တွေကတော့ ကိုယ့်ရဲ့သန္တာန်မှာ အားကောင်းနေမှာ သေချာပါတယ်၊ ဘာဝနာကုသိုလ်ကို ကောင်းစွာရှာနိုင်ဖို့အသိဉာဏ်တွေကိုလည်း ပိုင်ပိုင်နိုင်နိုင် ကိန်းနိုင်ဖို့အတွက် ရှုမှတ်ပွားများခြင်းကို ကြိုးစားမှာဖြစ်တော့၊ ကိုယ်စီကိုယ်စီ မျှတတဲ့ ဣရိယာပုထ်လေးတွေကို စိတ်တိုင်းကျ ပြုပြင်လိုက်ပါ ပြုပြင်ပြီးပြီဆိုရင် ခန္ဓာမှာရှိတဲ့ အရှိတရားကို ကိုယ့်ဉာဏ်အောက်မှာ ထိုးထိုး ထွင်းထွင်း ပိုင်ပိုင် နိုင်နိုင် ရှင်းရှင်းလင်းလင်း သိမြင်နိုင်အောင် အရှုခံတရားတွေရဲ့သဘောထားအမှန်ကို မြင်လွယ်သိလွယ်ဖို့အတွက် ပေါ်ရာထင်ရှားရာ အာရုံမှာ ကိုယ်သန်ရာ သန်ရာ စယူပါ။ နှာခေါင်းနှာသီးဝမှာ အလေ့အကျင့် အားကောင်းတဲ့ ပုဂ္ဂိုလ် နှာခေါင်းနှာသီးဝမှာယူပါ။ ကိုယ်ပေါ်မှာ ထင်ရှားလို့ အာရုံပြုနိုင်ရင်လည်း ကိုယ့်ပေါ်မှာပဲသတိထားပါ၊ ရင်ချိုင့်မှာအလေ့အကျင့်ရတဲ့ ပုဂ္ဂိုလ်ရင်ချိုင့်မှာ ယူပါ ဝမ်းဗိုက်မှာ အလေ့အကျင့်ရတဲ့ပုဂ္ဂိုလ် ဝမ်းဗိုက်မှာပဲကြည့်ပါ၊ ငယ်ထိပ်မှာ အလေ့အကျင့်ရတဲ့ ပုဂ္ဂိုလ်ငယ်ထိပ်မှာကြည့်ပါ၊ ဘယ်နေရာမှာပဲ အာရုံပြုပြု ထင်ရှားတဲ့မေ့ကိုသိမြင်ဖို့သာ ပဓာနအလေ့အကျင့်ရတဲ့နေရာလေး ကျင့်ရတဲ့ နေရာလေးကို အာရုံစိုက်လိုက်တဲ့နေရာမှာ သိရမယ့်အသိသည် သမထနဲ့ ဝိပဿနာအမျိုးကွဲအောင်ခွဲလိုက်ပါ၊ သမထဆိုတာသည် ပညတ်ပေါ်မှာ အာရုံပြုပြီး စိုက်စိုက်စူးစူး တစ်နေရာထဲမှာပဲကြည့်တာပါ။

http://www.dhammadownload.com

ဝိပဿနာဆိုတာက ပရမတ်ကို အာရုံပြုပြီးပေါ်ရာထင်ရှားရာကို ရှုတာဖြစ်ပါတယ်။ အာရုံချင်း မတူပါဘူး၊ အာရုံချင်းမတူတာကို ကွဲပြားအောင် ခွဲဖို့အတွက်က ပညတ်အာရုံကို ပြုတာ သမထပဲ၊ ပရမတ်ကို အာရုံပြုတာ ဝိပဿနာပဲ၊ ပညတ်နဲ့ပရမတ်မှ မကွဲရင်လည်း ဝိပဿနာအလုပ်ကို လုပ်တယ် ပြောပြီး သမထနဲ့တင် လမ်းဆုံး နေကြတာအများကြီးပါ။ အဲဒါမျိုးမဖြစ်ရအောင် ကိုယ်နဲ့ခန္ဓာခွဲ၊ ကိုယ်ဆိုတာ က နှာခေါင်း၊ နှာသီးသည် ကိုယ်၊ ငယ်ထိပ် ရင်ချိုင့်သည်ကိုယ်၊ ဝမ်းဗိုက်သည် ခေါင်း၊ ကိုယ်၊ ခြေ၊ လက်သည်ကိုယ်၊ ခန္ဓာဆိုတာ က နှာခေါင်းနေရာလေးမှာ အာရုံစိုက်ရင်တိုးတာ၊ နွေးတာ၊ အေးတာသည် ခန္ဓာ၊ ငယ်ထိပ်လေးမှာ လှုပ်နေတာသည် ခန္ဓာ၊ ရင်ချိုင့်လေးမှာတုန်တာ၊ ခုန်တာသည်ခန္ဓာ၊ ဝမ်းဗိုက်မှာတင်းတာ၊ လျော့တာသည်ခန္ဓာ၊ တစ်ကိုယ်လုံး တစ်ကောင်လုံးမှာ နာမှု၊ ကျင်မှု၊ ကိုက်မှု၊ ခဲမှုဆိုတဲ့သဘောတွေမှန်သမျှ ခန္ဓာတွေချည်းပဲ၊ ကိုယ်နဲ့ခန္ဓာကို အဲဒီလိုရှင်းလင်းအောင်ကွဲပြားစွာသိလိုက်ရင် ကိုယ်ဆိုတာက မရှုရမယ့်အရာ၊ ခန္ဓာဆိုတာက ရှုရမယ့်အရာ၊ ရှုရမယ့်အရာ ကိုနားလည်အောင် သဘောပေါက်အောင်ကြည့်ပါ။

အဲသလို ကြည့်နေတဲ့အခိုက်အတန့်မှာ ရှိနေတဲ့ အရှိတရားလေးတွေကို သတိထားပြီးတော့ ကြည့်တိုင်းကြည့်တိုင်း တိုးတာလေးပေါ်လည်း သိလိုက်တယ်၊ အေးတာလေးပေါ်လည်းသိလိုက်တယ်၊ နွေးတာလေးပေါ်လည်း သိလိုက်တယ်၊ နာတာ၊ ကျင်တာ၊ ကိုက်တာ၊ ခဲတာပေါ်လည်း သိလိုက်တယ်၊ သိတယ်ဆိုတဲ့အသိရယ်၊ စိတ်ထဲကလိုက်ပြီး တွတ်တွတ် ရွတ်ပြီးတော့ မှတ်နေတဲ့အမှတ်ရယ် မတူဘူးနော်၊ မှတ်တဲ့အမှတ်ကျတော့ မိမိရဲ့သန္တာန်မှာ အရွတ်တွေနဲ့သွားနေခဲ့ရင် သူများပါးစပ်ဖျား လမ်းဆုံးတဲ့ အသိမှာပဲ သောင်တင်နေလိုက်မယ်၊ ဝိပဿနာဆိုတာ ပညာအလုပ်ဖြစ်တဲ့အတွက် သိမှပညာ၊ သိရုံသိတဲ့အသိကိုရောက်အောင်ကြိုးစားပါ။ ကိုယ်ကလိုက်ပြီးတော့ ငယ်ရာက ကြီးတဲ့အထိ စွဲတဲ့အစွဲပေါ်မှာတင်ပြီးတော့၊ တိုးတာလေးပေါ်လည်း တိုးတယ်လိုက်ရွတ်နေလို့ အေးတာလေးပေါ်လည်းအေးတယ်လို့ လိုက်ရွတ်နေလို့၊ တကယ်တမ်းကျတော့ သိလိုက်တဲ့အခိုက်အတံ့လေးမှာ တိုးတယ်ဆိုတဲ့ ဆိုင်းဘုတ်တောင် ဆွဲချိန်မရလိုက်ဘူး၊ အမြင်အောက်မှာရှင်းနေတာက သိတာနဲ့ မရှိတာကို တန်းမြင်နေတာ၊ အဲဒီသဘောပေါက်ကို မရောက်မချင်းတော့

http://www.dhammadownload.com

သူတော်စင်များမှာ စိတ်ထဲကလိုက်ပြီး တွတ်တွတ်နဲ့ မှတ်တဲ့အမှတ်လေးကတော့ ပါဘုံးမှာပါ။ မစ္စွဲအောင်တော့ သတိပြုကြပါ၊ အရွတ်နောက်မှာ မြဲနေတဲ့သဘော မမြင်အောင် သတိပြုကြပါ။။

အခြေခံဆိုတာကတော့ မပိုင်သေးတဲ့ပုဂ္ဂိုလ်များအတွက် အနည်းငယ် လေးရွတ်မိသွားတာပဲ၊ သတိထားပါများရင် အရွတ်ပျောက်သွားတယ်၊ အဲဒီပျောက်သွားတဲ့အချိန်လေးသည် ဘယ်လောက်တန်ဖိုးရှိသလဲလို့မေးရင် သိစရာရှိတာကို တန်းသိနေတယ်၊ အဖိုးတန်တဲ့ အသိရဖို့ဆိုတာ မလွယ်လှပါဘူး၊ ပထမဆုံးစပြီးတော့ ပရမတ်ကိုမြင်ပုံ၊ ပညတ်ကိုရောက်ပုံကို အာရုံလေးပြုပြီးတော့ ပိုင်းခြားပြပါ့မယ်၊ သတိထားပြီးတော့ နားကတရားနာ၊ ဉာဏ်ကခန္ဓာလှည့် အာရုံလေးကပြောတဲ့အပေါ်မှာ အာရုံလေး ညွှတ်လိုက်တယ်၊ ပြီးရင် ဒီသဘောနဲ့တစ်ထပ်တည်းရအောင် ရောက်အောင်ခန္ဓာမှာ ဉာဏ်လှည့်ပါ၊ တစ်ချို့က နားကတရားနာ၊ ဉာဏ်က ခန္ဓာလှည့်ဆိုရင် နာနေတဲ့ အာရုံလေးပြုပြီး ခန္ဓာထဲကို ဉာဏ်စိုက်တယ်၊ တစ်ပြိုင်နက် ထင်နေကြတာ တစ်ပြိုင်တည်းလုပ်လို့မရပါဘူး၊ ကြားနေတဲ့ အချိန်အခါမှာ အကြားအာရုံကို ပြုနေရင် ဟောဒီခန္ဓာထဲမှာ သိစရာရှိတဲ့ အာရုံတွေကို ဉာဏ်လှည့်နိုင်တဲ့ အခွင့်အရေး မရှိသေးပါဘူး၊ အကြားအာရုံမှာပဲ ပြုနေတာပါ၊ အဲဒီအကြားအာရုံကို အပျက်အပျက်တွေ လိုက်ပြီးတော့ နှလုံးသွင်းနေရင်လည်း ဘာဟောလို့ ဟောမှန်း သိမှာမဟုတ်ပါဘူး။

ဒါကြောင့်မို့လို့ နားက တရားနာ၊ ဉာဏ်ကခန္ဓာလှည့်ဆိုရင် သံဝေဂပြောရင် သံဝေဂနာ၊ အခု အလုပ်ခွင်ကိုပြောတော့ အလုပ်ခွင်အကြောင်းလေးကို အာရုံပြုပြီး နာလိုက်၊ အဲဒီနာပြီးတဲ့အခါမှာ မှတ်မှတ်သားသားနဲ့ဒီသဘောလေးကို ခန္ဓာထဲမှာ ဉာဏ်ရောက်အောင်ကြည့်တတ်သွားရင် ရှင်းသွားလိုက်မယ် အဖြေတစ်ခု၊ နားကတရားနာ၊ ဉာဏ်ကခန္ဓာလှည့် ကိုယ့်နေရာနဲ့ ကိုယ် အာရုံလေးစိုက်ပြီး ငယ်ထိပ်မှာ အာရုံပြုပြု၊ နှာခေါင်းမှာ အာရုံပြုပြု၊ ရင်ချိုင့်မှာ အာရုံပြုပြု၊ ဝမ်းဗိုလ်မှာအာရုံပြုပြု၊ ကိုယ့်အလေ့အကျင့်ရှိတဲ့ နေရာမှာ အာရုံပြုလိုက်ပါ၊ အာရုံပြုလိုက်တဲ့အခါမှာ တိုးတာ၊ နှာခေါင်း၊ နှာသီးမှာ ပေါ်တယ်၊ အေးတာ၊ နွေးတာ ဒီသဘောလေးတွေလည်းပေါ်တယ်၊ လှုပ်တာ ငယ်ထိပ်မှာပေါ်တယ်၊ တုန်တာ၊ ခုန်တာရင်ချိုင့်မှာပေါ်တယ်၊ တင်းတာ၊

http://www.dhammadownload.com

လျှော့တာ၊ ဝမ်းဗိုက်မှာ ပေါ်တယ်၊ အဲဒီသဘောလေးတွေကို အာရုံလေး စိုက်ပြီးတော့ ပြလိုက်တဲ့ အခိုက်မှာ၊ သိလိုက်တဲ့အခိုက် တန်းပြီးတော့ မြင်ရတာက မရှိတာကို တန်းမြင်ရတယ်၊ အဲဒီလိုမြင်လိုက်တဲ့ အမြင်သည် ပရမတ် အပေါ်မှာ မြင်လိုက်တဲ့အမြင် ဒီကနေပြီးတော့မှ အလွန်လျင်မြန်တဲ့ အသိဉာဏ် ကိုယ့်သန္တာန်ပေါ်မှာ ထက်ထက်မြက်မြက် မကိန်းတဲ့အတွက်ကြောင့်မို့လို့ အဲဒီ သဘောလေးဟာ ဘာလဲလို့ ပြန်တွေးလိုက်တယ်၊ ပြန်ဆင်ခြင်လိုက်တယ်၊ ပြန်စဉ်းစားလိုက်တယ်၊ အဲဒီတွေးမှု၊ စဉ်းစားမှု၊ ကြံစည်မှုဟာ စိတ်မှာနေရာယူ ပြီးပေါ်သွားပြီး၊ အဲဒီပေါ်တာလေးကို နောက်စိတ်က အကဲခတ်လို့ကြည့်လိုက် နိုင်ရင် ရှေ့စိတ်အပျက်ကို တန်းမြင်လိုက်ရပြန်တယ်။

အဲဒီအချိန်အခါမှာ ဒါကလှုပ်တယ်၊ ဒါကတိုးတယ်၊ ဒါကခုန်တယ်၊ ဒါကတင်းတယ်လို့ ဆိုင်းဘုတ်ပါကိုမပါဘူး၊ ရွှတ်လည်းမရွှတ်ဘူး၊ ဆိုချိန်လည်း မရလိုက်ဘူး၊ တန်းမြင်လိုက်တဲ့အမြင်သည်ပင် ပရမတ်ကိုမြင်တာ၊ အဲသည် အမြင်သည် တန်ဖိုးရှိတယ်လို့ နားလည်ထားပါ၊ သိသိချင်းမြင်တာရယ်၊ ပြန်စဉ်းစားပြီးမြင်တာရယ်လို့ ပရမတ်မြင်ပုံကို နှစ်မျိုးပြလိုက်တယ်၊ အဲဒီကနေ ပြီးတော့ စဉ်းစားပြီးတိုးတာ၊ အေးတာ၊ နွေးတာ၊ တုန်တာ၊ ခုန်တာ၊ လှုပ်တာ လေးတွေကို ပုံသဏ္ဌာန်အမူအရာလေးနဲ့ မိမိက အာရုံလေးပြုမိတယ်၊ လှုပ်နေ တာလေးရဲ့ စည်းချက်ဝါးချက်ကျကျတုန်တာ၊ ခုန်တာလေးတွေရဲ့စည်းချက်၊ ဝါးချက်ကျကျ အမူအယာ ပုံသဏ္ဌာန်လေးနဲ့ သွားပြီးတော့ အာရုံပြုမိတဲ့ အချိန် အခါမှာ မရှုနိုင်ဘူး၊ မောဟဖုံးနေတယ်၊ အဲဒီအပေါ်မှာ အာရုံလေးပြုပြီးတော့ ကြည့်နေတဲ့အကြည့်သည် ပညတ်ဘက်ကို ရောက်လာပါပြီ၊ ဒီကနေပြီးတော့မှာ အသိဉာဏ် ကိုယ့်သန္တာန်မှာ မတည်တော့ တိုးတယ်လို့ ဆိုင်းဘုတ်တပ်လိုက် တယ်၊ အေးတယ်လို့ ဆိုင်းဘုတ်တပ်လိုက်တယ်၊ နွေးတယ်၊ တုန်တယ်၊ ခုန်တယ်၊ တင်းတယ်၊ လျှော့တယ်လို့ ဆိုင်းဘုတ်တပ်လိုက်တဲ့အတွက် ပညတ် ရောက်သွားပါတယ်၊ လေးဆင့်ကွဲအောင် ခွဲပြသွားတယ်။

တရားရှုတဲ့ပုဂ္ဂိုလ်များ ခရီးပေါက်ခရီးရောက်နေပြီဆိုရင် ဒီသဘောကို တန်းသိသွားတယ်၊ အရှုခံတရားပေါ်တဲ့နေရာမှာသိလိုက်တဲ့ခဏ၊ ဘယ်မှာ တွေးချိန် တောချိန် စဉ်းစားချိန်မရဘူး၊ အမြင်အောက်မှာမရှိတာ တန်းမြင် တယ်၊ သူ့သဘောကလည်း ပြီးရင်ပျက်တာကိုး၊ အကြည့်မခံပါဘူး၊ အဲဒီ

http://www.dhammadownload.com

သဘောကို ပရမတ်ကိုမြင်မှ သိပါတယ်၊ ပရမတ်ကိုမမြင်လို့၊ ပညတ်ပေါ် တင်သွားပြီဆိုရင် နာမဆိုင်းဘုတ်နဲ့ သောင်တင်သွားမယ်၊ စိတ်ထဲက တွတ်တွတ်ရွတ်ပြီးတော့ အချိန်တွေကုန်သွားမယ်၊ အဲဒီလိုဆိုရင် ကိုယ်သိရမယ့် အသိပေါ်မှာ လျင်မြန်တဲ့ အသိကိုဆန်းစစ်ပြီးတော့မှ မပြောင်းနိုင်ရင်တော့ အရွတ်နောက်မှာစွဲသွားရင် သတိပဋ္ဌာန်လောက်နဲ့ပဲ အချိန်ကုန်ပါလိမ့်မယ်၊ အဲဒါမျိုးတွေမဖြစ်ရအောင်လို့၊ အချိန်တိုတွင်းမှာ သူတော်စင်များအတွက် အသိဉာဏ်ကိန်းအောင် ဉာဏ်ရောက်တဲ့ ရှုဂွက်ကို ကိုယ့်ရဲ့ သန်ရာသန်ရာ အာရုံပြုတဲ့နေရာတွေမှာ ပေါ်တတ်တဲ့ အရှုခံရဲ့ ကိုယ်နဲ့ခန္ဓာကို ခွဲခြားလို့ ခန္ဓာအပေါ်မှာ မြင်ရမယ့်အမြင်ကို လေးပိုင်းပိုင်းပြီး ပြသွားတယ်၊ ပေါ်တဲ့ အခိုက်အတန့် သိသိလိုက်တဲ့အချိန်၊ သိတဲ့အခိုက်အတန့်မှာ လွတ်သွားလို့ ပြန်ပြီးတော့မှ ဆင်ခြင်လိုက်တဲ့အချိန်၊ စဉ်းစားလိုက်တဲ့အချိန်၊ တွေးလိုက်တဲ့ အချိန်၊ ဒါကိုလည်းပြန်ကြည့်နိုင်ရင် အမြင်ရှင်းလိမ့်မယ်၊ အဲဒါကိုမှ မသိနိုင်ရင် ပေါ်တဲ့နေရာလေးမှာ ပုံသဏ္ဌာန်လေးတွေနဲ့ တွေ့ရတဲ့ အနေအထားကို အာရုံပြုမိလိမ့်မယ်။

အဲဒါကိုလည်းပဲ ဆန်းစစ်ပြီးတော့ အသိလေးကိန်းအောင် လိုက်နိုင်ရင် နောက်တစ်ဆင့်မှာ ပရမတ်ပြန်မြင်မှာပဲ၊ အဲဒါကိုမှ ဖြတ်ကျော်လို့မရရင် ခုနတုန်းက နွေးတယ်၊ တိုးတယ်၊ အေးတယ်လို့ ကိုယ်သိထားတဲ့ ဆိုင်းဘုတ်တွေနဲ့ ပြန်ပြီးတော့ နာမပညတ်တပ်ပြီး ပညတ်ပေါ်မှပဲ အာရုံပြုမိသွားပါလိမ့်မယ်၊ အဲလိုဆိုရင် ဝိပဿနာလုပ်ရာကနေ သမထပြန်ဖြစ်သွားလိမ့်မယ်၊ အာရုံတစ်ပါး စိတ်မမျှားပါစေနဲ့ ကြိုးစားပြီးနှလုံးသွင်းပါ၊ ကိုယ့်ရဲ့သန္တာန် အထင်အရှား ရှိတဲ့တရားတွေအပေါ်မှာ အမြင်ဉာဏ်ကိန်းမှသာလျှင် မြင်နိုင်ပါလိမ့်မယ်၊ အဲဒီအမြင်ဉာဏ်လေးကလည်း တခြားမှာပေါ်တာမဟုတ်ဘူး၊ စိတ်မှာပဲပေါ်တာ၊ ကိလေသာတရားကလည်း တခြားမှာ ပေါ်တာမဟုတ်ဘူး၊ စိတ်မှတ်ပဲပေါ်တာ၊ ဉာဏ်ကစိတ်မှာနေရာယူထားရင် ဘယ်ကိလေသာမှဝင်လို့ မရဘူး၊ ကိလေသာ ဝင်နေရင်လည်းပဲ ဉာဏ်မပေါ်ပါဘူး၊ စိတ်ကနှစ်စိတ်ပြိုင်မှမပေါ်ဘဲ တစ်စိတ်သာလျှင် ပေါ်တာပါ၊ အဲဒီပေါ်တဲ့တစ်စိတ်လေးမှာ စင်ကြယ်တဲ့ အသိဉာဏ်လေး နေရာယူတာ၊ ဘယ်နေရာပေါ်ပေါ် မလွတ်အောင် ကြိုးစားပြီးတော့ သိနိုင်တယ်၊ ဒီတစ်သိထဲကနေ ပေါ်တဲ့နေရာကို လိုက်ပြီးတော့

http://www.dhammadownload.com

ကြည့်နေတာလားဆိုတော့ မဟုတ်ဘူး၊ အရှုခံတစ်ခုပေါ်ရင် အသိတစ်ခု ကိန်းတယ်၊ အဲဒီအရှုခံပေါ်တာလေး ပျက်သွားတာကို နောက်အသိကမြင်တာ၊ အဲဒီအသိကလည်းပဲ တည်တံ့နေလားမေးတော့ မဟုတ်ပါဘူး၊ သူလည်းပဲ ချုပ်တာပါပဲ၊ အဲဒါကိုလည်း သဘောပေါက်ပါစေ။

ဝိပဿနာနယ်ပယ်မှာ ကြိုးစားနေကြတဲ့ မည်သူမဆို သမထသမာဓိ မျိုးနဲ့ ဘယ်တော့မှ ရှုလို့မရဘူး၊ ဝိပဿနာသမာဓိကို အသုံးချမှသာလျှင် ဝိပဿနာဉာဏ်ကို အထောက်အပံ့ဖြစ်ပါတယ်၊ ဝိပဿနာဉာဏ်ကို လျင်မြန်စွာ တက်နိုင်ပါတယ်၊ သမထသမာဓိနဲ့ကတော့ ဝိပဿနာမဖြစ်ပါဘူး၊ ဝိပဿနာ ဉာဏ်လည်းပဲ မရပါဘူး၊ ဝိပဿနာ သမာဓိကို ကူးနိုင်ရင်တော့ လွယ်လွယ် လေးပါ၊ ဝိပဿနာဉာဏ်ပေါ်ဖို့၊ ဒါကြောင့် ဝိပဿနာသမာဓိဆိုတာ ခဏိက သမာဓိကိုပြောတာ၊ သမထသမာဓိကျတော့ အာရုံတစ်ခုကို မြဲသထက်မြဲ၊ စွဲသထက်စွဲအောင်၊ မပျောက်ပျက်အောင်လို့ ကြိုးစားနေတာ၊ ဝိပဿနာ သမာဓိကျတော့ ဒီလိုမဟုတ်ဘူး၊ အရှုခံတစ်ခုပေါ်ရင် သိလိုက်တယ်၊ အဲဒီ သိတာသည် သမာဓိရှိလို့သိတာ၊ ဒီအရှုခံလေးသည် ပေါ်တဲ့နေရာ ပျောက်သွား သလို၊ သိလိုက်တဲ့ အသိလည်း ပျက်သွားတယ်၊ သမာဓိလည်းပျက်သွားတယ်၊ နောက်အရှုခံတစ်ခုပေါ်တယ်၊ နောက်တစ်သိကိန်းတယ်၊ အဲဒီကိန်းတဲ့အသိမှာ သမာဓိပါပြီးသား၊ ဒီအရှုခံလေးပျက်သွားသလို၊ အဲဒီသိလိုက်တဲ့အသိလည်း ပျက်သွားတယ်၊ သမာဓိလည်း မရှိတော့ဘူး။

ဒါကြောင့်မို့လို့ အရှုခံတစ်ခုပေါ်တိုင်း ပေါ်တိုင်းမှာ ဉာဏ်အသိလိုက် ပြီးတော့ သူ့သဘောအမှန်လေးကို မြင်တိုင်း၊ မြင်တိုင်း၊ ဒီဉာဏ်က ပျက်တိုင်း၊ ပျက်တိုင်းမှာ သမာဓိကလည်း ပျက်သွား ပျက်သွား နောက်ဉာဏ်အသစ် ပေါ်တိုင်း ပေါ်တိုင်း သမာဓိကလည်း အသစ်၊ ဒါကြောင့် ခဏိကသမာဓိလို့ ဆိုတာပါ၊ ဝိပဿနာနယ်ပယ်မှာ အဲဒီသမာဓိသာလျှင် အသုံးကျတယ်၊ သမထသမာဓိကတော့ မြဲသထက်မြဲ၊ စွဲသထက်စွဲအောင်သာ စိုက်စိုက်စူးစူးနဲ့ မပျောက်ပျက်အောင်သာ ကြိုးစားနေတာဖြစ်လို့ ဝိပဿနာကို တက်လှမ်းချင် ရင် သမထသမာဓိနဲ့ တက်လို့မရဘူး၊ ဒါလေးကို ကွဲပါစေ၊ ယနေ့သူတော်စင်များ တရားရှုတဲ့နယ်ပယ်မှာ သိရမြင်ရအောင် အခုသင်ပေးလိုက်တဲ့အခိုက်အတန့် မှာ နှာခေါင်း၊ နှာသီးဆိုတာ ကိုယ်က ရှူသွင်း၊ ရှူထုတ်လုပ်လို့ အေးတာ

http://www.dhammadownload.com

နွေးတာလေးက ခန္ဓာ၊ အဲဒီခန္ဓာလေးပြတိုင်းပြတိုင်း ရှုတဲ့နေရာမှာ အေးတာ၊ တိုးတာ၊ နွေးတာရဲ့ ဖောက်ပြန်တဲ့ အရှုခံတရား၊ ရုပ်အမူအယာ ပြလိုက်တာ လေးကို အသိလေးကိန်းလို့ သိလိုက်တိုင်းမှာ ဆိုင်းဘုတ်မတပ်၊ အမည်မဖော် ရွတ်ဆိုခြင်းမပါဘဲ အမြင်ဉာဏ်အောက်မှာ လျင်မြန်စွာပျောက်ပျက်သွားတာ ကို ကောင်းစွာသိခွင့်ရလိုက်မယ်၊ အဲဒီအမြင်သည် ပရမတ်ကိုမြင်တဲ့အမြင်၊ လျင်မြန်တဲ့အမြင်ကို ကိုယ့်ရဲ့ဉာဏ်ကစွမ်းနိုင်တဲ့ အနေအထားမရှိခဲ့ရင် ဘာလဲဆိုတာလေးပြန်တွေးတယ်၊ ပြန်စဉ်းစားတယ်၊ ပြန်ကြံစည်တယ်၊ အဲဒီ တွေးတယ်၊ ကြံတဲ့အကြံအစည်အတွေးက စိတ်မှာ ပေါ်တာပါ၊ ဒီပေါ်တဲ့ စိတ်လေးကို နောက်စိတ်က အကဲခတ်လို့မြင်ရင် ရှေ့စိတ်က အပျက်၊ နောက် စိတ်ကဉာဏ်၊ ဒါသည့်ပင် ပရမတ်ကိုမြင်လိုက်တာ၊ အဲဒီချိန်ခါမှာ ဘာဆိုတဲ့ ပုံသဏ္ဌာန်ဆိုင်းဘုတ်တွေမပါ၊ အတွေးထဲမှာ နယ်ချဲ့ပြီးတော့ မျှောနေတာ မပါဘူး၊ ပြန်ပြီးတော့ ကြည့်လိုက်တဲ့အကြည့်အောက်မှာ ကြံစည်လိုက်တဲ့ အကြံ အစည်၊ တွေးမိတဲ့အတွေးလေးပျောက်ပျက်သွားတာကို မြင်လိုက်တာ ပရမတ် အမြင်ပါပဲ။

ဒီကနေပြီးတော့မှ နေရာဌာနနဲ့ ပုံသဏ္ဌာန်လေးတွေကို အာရုံပြုမိသွား တော့ ပညတ်ပေါ်တင်သွားပြီ၊ ဒီသဘောလေးကိုလည်း ကိုယ်က သတိထား ပြီးတော့ အကဲခတ်လို့ နောက်ဉာဏ်ကသာ နေရာယူရင် ရှေ့ပုံသဏ္ဌာန်တွေ ကင်းပျောက်ပြီးတော့ အရှိနဲ့အသိကိုက်သွားတဲ့အတွက် ပရမတ်ပြန်မြင်မှာပါ၊ သတိထားနိုင်ဖို့အရေးကြီးပါတယ်၊ အဲဒီလိုမှ သတိမထားနိုင်ရင်တော့ ခုန အမည်နာမတွေဆိုင်းဘုတ် ဆွဲပြီးတော့ အဲဒီကျမှ အသိကို ဆုံးဖြတ်ချက်ချပြီး သိလိုက်ရင် ပညတ်ဖြစ်သွားတယ်၊ ဒီလိုနဲ့ပဲ အချိန်တွေကုန်ခဲ့ရင်တော့ သမာဓိကတက်မှာမဟုတ်တော့ဘူး၊ သမထမှာတင် လမ်းဆုံးပြီးတော့ လမ်း ပျောက်နေကြလိမ့်မယ်၊ အဲလိုမျိုးမဖြစ်ရအောင်လို့ အခုသူတော်စင်များ သင်ပေး ထားတဲ့အတိုင်း ကိုယ်နဲ့ခန္ဓာခွဲသိပြီး ခန္ဓာကိုသာ ဉာဏ်ရောက်အောင်ရှုလို့ ကျန်ရှိတဲ့အချိန်ကို ဆက်လက်ကြိုးစား အားထုတ်ပေးနေကြပါလို့ တိုက်တွန်း ရင်းပဲ သာဓုသုံးကြိမ်ခေါ်ပြီး တရားပွဲကို အဆုံးသတ်လိုက်ကြရအောင်. . . ။

(သာဓု . . . သာဓု . . . သာဓု)

http://www.dhammadownload.com

ပင်ပန်းခန့်သွယ်

တရားတော်

http://www.dhammadownload.com

http://www.dhammadownload.com

လမ်းနှစ်သွယ် တရားတော်

သာသနာတော်နှစ် (၂၅၅၁) ခုနှစ်၊ ကောဇာ သက္ကရာဇ် (၁၃၆၉) ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၉) ရက်၊ ခရစ်နှစ် (၂၀၀၇) ခု၊ ဒီဇင်ဘာလ (၃) ရက်နေ့၊ ရှမ်းပြည်တောင်ပိုင်း၊ မိုင်းရှားမြို့နယ်၊ ဝမ်ကမ်ဒေသ၊ စျေးသစ်နယ်မြေ၊ ထေရဝါဒဗုဒ္ဓသာသနာပြန့်ပွားရေးအဖွဲ့၊ သစ္စာဓမ္မာရုံမှာ (၁၀) ရက်တိုင်တိုင် ကျင်းပပြုလုပ်တဲ့ ဓမ္မဒါန တရားအလှူ၊ အမတဒါန အမြိုက်နိဗ္ဗာန်အလှူပေးလှူတဲ့ပွဲမှာ (၅) ရက်မြောက်နေ့ နံနက်ပိုင်းတရားအဖြစ် ဟောကြားအပ်သော **"လမ်းနှစ်သွယ်တရားတော် "** ။

ဒီတရားတော်ကို ယခုမဟောကြား၊ မနာကြားမီမှာ တရားပိုင်ရှင်ဖြစ်တော်မူသော မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးကို နမောတဿ သုံးကြိမ်နဲ့ ညီညီညာညာ ပူဇော်ကန်တော့ကြရအောင်။

(နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ)[1]

http://www.dhammadownload.com

ဘုရားရှင်ကိုယ်တော်မြတ်ကြီးကို ရှိခိုးကြည်ညိုပြီးတဲ့နောက်မှာ ယနေ့ မိမိတို့အားလုံးရှိနေတဲ့ လမ်းနှစ်သွယ်မှ ဘယ်လမ်းကို လိုက်မယ်ဆိုတာ ကိုယ်တိုင်ဆုံးဖြတ်ချက်ချပြီး ရွေးချယ်နိုင်အောင် ယနေ့ ပဋ္ဌိစ္စသမုပ္ပါဒ်တရားမှာ ပြထားတဲ့ အတိတ် ပစ္စုပ္ပန် အနာဂတ်လို့ သုံးကာလရှိတဲ့နေရာမှာ အတိတ်က ပြီးခဲ့လို့ အနာဂတ်ကိုခရီးဆက်ဖို့အရေးမှာ ပစ္စုပ္ပန်မှာ အားလုံး အလုပ်ရှုပ်နေကြရပြီ၊ အဲဒီလို အလုပ်ရှုပ်နေရတဲ့နေရာမှာ ဟောဒီ ပစ္စုပ္ပန် (၂ နဲ့ ၃) ကို ပါဠိတော်မှာပြထားတဲ့ တရားတော်လေးက ဝေဒနာ ပစ္စယာ တဏှာလို့ကော မရှိဘူးလား?'

'ရှိပါတယ်ဘုရား '

'ဝေဒနာ ပစ္စယာ တဏှာလို့ ပြထားရင် တဏှာ ပစ္စယာ ဥပါဒါန်၊ ဥပါဒါန ပစ္စယာ ဘဝေါ၊ ဘဝ ပစ္စယာ ဇာတိဆိုပြီး ဒုက္ခတွေ စဉ်ဆက်မပြတ်အောင် ပေါ်လိမ့်မယ်ဆိုတာကို ဒီပါဠိတော်က ပြသွားတယ်၊ ဒါက တစ်လမ်းပေါ့၊ ဝေဒနာ နိရောဓာ တဏှာနိရောဓောလို့ မရှိဘူးလား?'

'ရှိပါတယ်ဘုရား'

'အဲဒီ ဝေဒနာနိရောဓါ တဏှာနိရောဓော ပြောလိုက်တာက ဝေဒနာ ချုပ်တာနဲ့ တဏှာချုပ်တာပါပဲ၊ တဏှာချုပ်ပြီဆို ဥပါဒါန် ကဲ့တွေချုပ်ရင် ဇာတိဒုက္ခတွေ သိမ်းမသွားဘူးလား၊ အဲဒါကို ဝေဒနာနိရောဓာ တဏှာနိရောဓော၊ ဟောဒီမှာထွက်လမ်းရှိတယ်ကွာလို့ ပဋ္ဌိစ္စသမုပ္ပါဒ် ထွက်လမ်းကိုလည်း တစ်လမ်းပြတယ်၊ ဒါနဲ့ လမ်းဘယ်နှစ်သွယ်ရှိလဲ'

'လမ်းနှစ်သွယ်ရှိပါတယ်ဘုရား'

'အဲဒီနှစ်သွယ်သောလမ်းမှာ လည်လမ်းကတစ်လမ်း ထွက်လမ်းက တစ်လမ်း၊ လည်လမ်းကိုသွားရင်တော့ ဒုက္ခမသိမ်းတော့ဘူး၊ ထွက်လမ်းကို ရောက်ရင်တော့ ဒုက္ခမသိမ်းဘူးလား?'

'သိမ်းပါတယ်ဘုရား'

'အဲဒီလိုဆိုရင် ဟောဒီပစ္စုပ္ပန်မှာ ရောက်ရှိနေကြတဲ့ မိမိတို့အားလုံး လည်လမ်းကို လျှောက်နေသမျှ ဒုက္ခနဲ့ဒုက္ခ အလဲအလှယ်လုပ်တော့ ပုဂ္ဂိုလ်တွေ

http://www.dhammadownload.com

မှန်သမျှကို အမိုက်တကာ့အမိုက်ဆုံး ပုဂ္ဂိုလ်တွေလို့ ဘုရားက ဟောပေးတယ်'

'မှန်လှပါဘုရား'

'ဒုက္ခနဲ့ဒုက္ခကို ဆက်ပြီးတော့ရအောင်ကြိုးစားပြီး လည်အောင် လုပ်နေတဲ့ လူတွေမှန်သမျှ သတ္တဝါတွေမှန်သမျှတွေကို လူမိုက်တွေလို့ မှတ်လိုက်ပါ'

'မှန်လှပါဘုရား'

'ယနေ့မိမိတို့တစ်တွေက လက်ရှိတရားတွေကိုနာရလို့ ခန္ဓာရဲ့အပြစ် ဒုက္ခတွေကိုသိလို့ ဒီဒုက္ခတွေကို လက်ရှိသိပြီးနောက် ဒုက္ခမရအောင် ကြိုးစားတဲ့ မည်သူမဆို လူလိမ္မာလို့မှတ်ထား'

'မှန်လှပါဘုရား'

'လက်ရှိ ဒုက္ခကနေ နောက်ဒုက္ခကို မရရင် လူလိမ္မာ၊ လက်ရှိဒုက္ခကနေ နောက်ဒုက္ခကို ရအောင်ကြိုးစားရင်'

'လူမိုက်ပါဘုရား'

'ဒါဖြင့် ပစ္စုပ္ပန်မှာ မှတ်ထားလိုက်ပါ၊ လူမိုက်နဲ့လူလိမ္မာ နှစ်မျိုးရှိပါတယ်၊ လူမိုက်ဆိုတဲ့ပုဂ္ဂိုလ်ကလည်းပဲ ဟောဒီ ဒုက္ခနဲ့ဒုက္ခကို ဆက်အောင်ကြိုးစား လိမ့်မယ်၊ လူလိမ္မာကျတော့လည်း ဒုက္ခကနေပြီးတော့ ဒုက္ခသိမ်းအောင် ကြိုးစားမယ်ဆိုတော့ လမ်းနှစ်သွယ်မှာ လူမိုက်နဲ့လူလိမ္မာအတွက် ခွဲပြသွား ပါလားဆိုတာ မပေါ်ဘူးလား?'

'ပေါ်ပါတယ်ဘုရား'

'ဝေဒနာပစ္စယာ တဏှာသည် လူမိုက်လမ်း၊ ဝေဒနာ နိရောဓာ တဏှာ နိရောဓောသည် လူလိမ္မာလမ်း၊ ယနေ့ တရားနာ တရားအား ထုတ်ကြတာ သည် မိုက်ဖို့လား၊ လိမ္မာဖို့လား?'

'လိမ္မာဖို့ပါဘုရား'

'လောကထဲမှာ လိမ္မာတဲ့ပုဂ္ဂိုလ်နဲ့ မိုက်တဲ့ ပုဂ္ဂိုလ်ဘယ်သူကများ'

'မိုက်တဲ့ပုဂ္ဂိုလ်က များပါတယ်ဘုရား'

http://www.dhammadownload.com

'တရားနာ ပရိတ်သတ်တွေ ဘယ်ထဲပါ'

'လိမ္မာတဲ့အထဲပါ ပါတယ်ဘုရား'

'ဒါဖြင့် လူမိုက်ကတစ်မျိုး လူလိမ္မာကတစ်မျိုးလို့ နှစ်မျိုးရှိတော့ ကိုယ်ကလိမ္မာတဲ့ အထဲမှာပါတယ်လို့ ပြောတော့၊ ကဲ-လူနှစ်ယောက်ရှိတယ်၊ အဲဒီလူနှစ်ယောက်ကနေပြီးတော့ လူမိုက်နဲ့ ၀ လိမ္မာတူလားလို့ မေးလိုက်တော့ တစ်ယောက်က တူတယ်ကွ၊ တစ်ယောက်ဂ ၁တူဘူး ငြင်းနေတယ်နော်'

'မှန်လှပါဘုရား'

'လူမိုက်နဲ့ လူလိမ္မာကို တစ်ယောက်ကတူတယ်၊ တစ်ယောက်က မတူဘူး၊ အဲလိုဆိုရင် ဘယ်သူမှန်လဲ ဘယ်သူမှားလဲ၊ လူမိုက်နဲ့လူလိမ္မာ တူလား, မတူဘူးလား?'

'မတူဘူးဘုရား'

'လူမိုက်နဲ့လူလိမ္မာ နှစ်ယောက်ရှိတယ်နော်'

'မှန်လှပါဘုရား'

'လူနှစ်ယောက်ကပြောတယ်၊ လူမိုက်နဲ့လူလိမ္မာ တစ်ယောက် တူတယ်ကွာ၊ တစ်ယောက်က မတူဘူးလို့ပြောတယ်နော်၊ ကဲ-လူမိုက်နဲ့ လူလိမ္မာ တူလား?'

'မတူပါဘူးဘုရား'

'ဒါဖြင့် ဘယ်သူမှန်လဲ ဖြေတောင်မဖြေနိုင်ဘူး၊ ဒီလောက် မျှားပြားလှတဲ့ သူတော်စင်တွေရဲ့ဖြေသံက နည်းလွန်းတဲ့အတွက်ကြောင့် မပိုင်ဘူးဆိုတာ ပေါ်လွင်ပါတယ်'

'မှန်လှပါဘုရား'

'လူမိုက်နဲ့ လူလိမ္မာလို တစ်ယောက်က တူတယ်လို့ပြောတယ်၊ သူ့အမြင်နဲ့ နောက်တစ်ယောက်က မတူဘူးလို့ပြောတယ် သူ့အမြင်နဲ့၊ ဒါဖြင့် အမြင်နှစ်ခုမရှိဘူးလား?'

' ရှိပါတယ်ဘုရား '

http://www.dhammadownload.com

'တူတယ်ဆိုတာကိုလည်းပဲ မှန်တဲ့အကြောင်း၊ မတူဘူးဆိုတာကို လည်းပဲ မှန်တဲ့အကြောင်း၊ ဒါကိုပြောနိုင်ရင်တော့ အဲဒီပုဂ္ဂိုလ်သည် အမှန် အပေါ်မှာ ကောင်းစွာသိတဲ့ပုဂ္ဂိုလ်ပဲ၊ ခုလူမိုက်နဲ့ လူလိမ္မာကို မတူပါဘူးလို့ ပြောတာက တစ်ဖက်ပဲမြင်တယ်၊ အကြောင်းစုံ သူမမြင်ဘူးနော်'

'မှန်လှပါဘုရား'

'တူတယ်လို့ပြောတဲ့ ပုဂ္ဂိုလ်လည်း တစ်ဖက်ပဲမြင်တယ်၊ အကြောင်း စုံမမြင်ဘူး၊ ယနေ့ အကြောင်းစုံမြင်ရအောင်လို့ ဟောဒီပစ္စုပ္ပန်မှာ ရောက်နေ ကြတဲ့ မိမိတို့အားလုံးဟာ လူမိုက်ရယ်၊ လူလိမ္မာရယ် နှစ်မျိုးရှိနေတော့ လူမိုက် ဆိုတဲ့ပုဂ္ဂိုလ်ရဲ့အကြောင်းကို သိချင်ရင်လွန်ခဲ့တဲ့အတိတ်ကို ပြန်ကြည့်ရမယ်၊ လူလိမ္မာရဲ့ဘဝဖြစ်စဉ်ကိုသိချင်ရင် လွန်ခဲ့ပြီးတဲ့အတိတ်ကို ပြန်ကြည့်ရမယ်၊ သူတို့က ဘယ်ရောက်နေလဲလို့မေးရင် ပစ္စုပ္ပန်မှာ ရောက်နေလို့ ဟောဒီ ပစ္စုပ္ပန် (၂) ကွက်မှာ လူမိုက်ကောရှိလား?'

'ရှိပါတယ်ဘုရား'

'လူလိမ္မာကော'

'ရှိပါတယ်ဘုရား'

'လူမိုက်နဲ့လူလိမ္မာရှိတာကို သူတို့ကိုတူတယ်ဆိုတာဘာကို ကြည့် ပြောတယ်ဆိုတာ ယနေ့သူတော်စင်များ သဘောပေါက်အောင် ဟောဒီ လူမိုက်ရဲ့ဘဝဖြစ်စဉ်ရဲ့အကြောင်းမှန်လေးကို သိရအောင် -

"လူမိုက်အဝိဇ္ဇာ၊ သခ်ၸာရာ၊ ခန္ဓာငါးဖြာရလာသည်"

'ပစ္စုပ္ပန်မှာရှိတဲ့ လူမိုက်ဆိုတဲ့ပုဂ္ဂိုလ်သည် အတိတ်တုန်းက ဘာများ လုပ်ခဲ့လဲလို့မေးရင် မသိတဲ့အဝိဇ္ဇာအုပ်ချုပ်ပြီး သခ်ၸာရလုပ်ခဲ့တယ်၊ အဝိဇ္ဇာနဲ့ သခ်ၸာရကို အတိတ်တုန်းက ဘယ်သူလုပ်ခဲ့တုန်း၊ လူမိုက်လုပ်ခဲ့တယ်၊ ဘယ်သူ လုပ်ခဲ့လဲ?'

'လူမိုက်လုပ်ခဲ့ပါတယ်ဘုရား'

'လူမိုက်သည် အတိတ်တုန်းက ဘာနဲ့လုပ်?'

'အဝိဇ္ဇာ သခ်ၸာရ လုပ်ခဲ့ပါတယ်ဘုရား '

http://www.dhammadownload.com

'အဲဒီလို လုပ်ခဲ့တဲ့အတွက်ကြောင့် ဟောဒီမှာ လူမိုက်ဆိုတဲ့ဆိုင်းဘုတ် ဆွဲထားတယ်၊ ရထားတဲ့တရားကိုပြောဆိုရင် ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ တရားဘယ်နှစ်ပါး'

'ငါးပါးပါဘုရား'

'လူမိုက်ရထားတဲ့တရားငါးပါးသည် ဝိညာဏ်အစ ဝေဒနာအဆုံး ခန္ဓာငါးပါးပေါ်နေတာ၊ ဒီခန္ဓာ ဘာသစ္စာ?'

'ဒုက္ခသစ္စာပါဘုရား'

'အတိတ်တုန်းက လူမိုက်လုပ်ခဲ့တဲ့ အဝိဇ္ဇာ သင်္ခါရသည် ဒုက္ခ ဖြစ်အောင်လုပ်ခဲ့တဲ့အတွက်ကြောင့်မို့လို့ အတိတ်အကြောင်းကို သမုဒယ သစ္စာလို့ မဟောဘူးလား?'

'ဟောပါတယ်ဘုရား'

'လူမိုက်သည် အတိတ်က အဝိဇ္ဇာ သင်္ခါရ သမုဒယ သစ္စာလုပ်ခဲ့တဲ့ အတွက် ယနေ့ လူမိုက်လို့သာ သူ့ကို ဆိုင်းဘုတ်ဆွဲပေမယ့် သူလည်း ခန္ဓာ ငါးပါး ဒုက္ခကြီးနဲ့ မနေရဘူးလား?'

'နေရပါတယ်ဘုရား'

'ဒါလူမိုက်ရဲ့ဘဝဖြစ်စဉ်ကို အတိတ်နဲ့ပစ္စုပ္ပန် အကြောင်းအကျိုးဆက် လိုက်တာ'

'မှန်လှပါဘုရား'

' ယနေ့ မျက်မှောက်ပစ္စုပ္ပန်မှာ မိမိတို့အားလုံးက လိမ္မာပါတယ်လို့ ပြောတဲ့ လူလိမ္မာတွေလည်း ဘယ်မှာရှိ'

'၂-ကွက်မှာ ရှိပါတယ်ဘုရား'

'ပစ္စုပ္ပန်မှာ မရှိဘူးလား?'

'ရှိပါတယ်ဘုရား'

'က-လူလိမ္မာရဲ့ ဘဝဖြစ်စဉ်ကို သိချင်ရင်လည်း အတိတ်ကို ပြန်ကြည့် ရမယ်'

'မှန်လှပါဘုရား'

http://www.dhammadownload.com

'ဘယ်ပြန်ကြည့်ရမယ်'

'အတိတ်ပဲပြန်ကြည့်ရပါမယ်ဘုရား'

'လာခဲ့တာက အတိတ်ကလာခဲ့တာကိုး'

'မှန်လှပါဘုရား'

'ဒါကြောင့် လူလိမ္မာဆိုတဲ့ဘဝဖြစ်စဉ် သိချင်ရင် -

"လူလိမ္မာ အဝိဇ္ဇာ၊ သခ်ၸါရ၊ ခန္ဓာငါးဖြာရလာသည်"

'လူလိမ္မာဆိုတဲ့ မိမိတို့အားလုံးလည်းပဲ အတိတ်တုန်းက ဘာနဲ့ဘာ လုပ်ခဲ့လဲ'

'အဝိဇ္ဇာ သခ်ၸါရ လုပ်ခဲ့ပါတယ်ဘုရား'

'အဝိဇ္ဇာ သခ်ၸါရ လုပ်ခဲ့တဲ့အတွက် လူလိမ္မာလို့ ဆိုင်းဘုတ်ဆွဲတဲ့ အားလုံးသော မိမိတို့တစ်တွေလည်းပဲ ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာတရား ဘယ်နှစ်ပါး'

'ငါးပါးပါဘုရား'

'ဒီရတဲ့တရားငါးပါးသည် ပုဂ္ဂိုလ်သတ္တဝါလား ခန္ဓာလား?'

'ခန္ဓာပါဘုရား'

'အတွင်းထောက်တော့ ဘာသစ္စာ?'

'ဒုက္ခသစ္စာပါဘုရား'

'ယနေ့ မိမိတို့အားလုံးလည်းပဲ ခန္ဓာငါးပါး ဒုက္ခသစ္စာနဲ့နေရပါတယ်'

'မှန်လှပါဘုရား'

'ဒီလိုခန္ဓာငါးပါးနဲ့နေရအောင်လို့ အတိတ်တုန်းက လုပ်ခဲ့တာတွေ အဝိဇ္ဇာ သခ်ၸါရ ဘာသစ္စာ'

'သမุဒယသစ္စာပါဘုရား'

'သမุဒယသစ္စာ အဝိဇ္ဇာ သခ်ၸါရကို လူလိမ္မာလည်း အတိတ်က လုပ်ခဲ့ သည့်အတွက် ယနေ့ ခန္ဓာငါးပါး ဒုက္ခသစ္စာနဲ့မနေရဘူးလား ?'

'နေရပါတယ်ဘုရား'

http://www.dhammadownload.com

'လူမိုက်လည်းပဲ အတိတ်က အဝိဇ္ဇာ သခ်ၸိရ သမုဒယသစ္စာ အဝိဇ္ဇာ သခ်ၸိရ လုပ်ခဲ့တဲ့အတွက် ခန္ဓာငါးပါး ဒုက္ခနဲ့မနေရဘူးလား?'

'နေရပါတယ်ဘုရား'

'ဘာမျှားထူးသေးတုန်း'

'မထူးပါဘူးဘုရား'

'အဲဒီတူတယ် တူတယ်ဆိုတာ ဘာကိုကြည့်ပြောတာလဲမေးတော့-

"လူမိုက်လူလိမ္မာ နှစ်ယောက်ဟာ၊ အတိတ်လာရာတူကြသည်"

'လူနှစ်ယောက်ငြင်းနေတဲ့ကြားထဲမှာ လူမိုက်နဲ့လူလိမ္မာတစ်ယောက်က တူတယ်လို့ မပြောလိုက်ဘူးလား?'

'ပြောပါတယ်ဘုရား'

'တူတယ်၊ တူတယ်ဆိုတာ ဘာကြည့်ပြောတာမေးတော့ အတိတ်ကလာပုံချင်းတူတာ ပြောတာ၊ အတိတ်ကလာပုံချင်းထူးသေးလား?'

'မထူးပါဘူးဘုရား'

'လူမိုက်လည်း ဘာနဲ့ ဘာလုပ်၊ အဝိဇ္ဇာ သခ်ၸိရလုပ် သစ္စာနဲ့ပြောတော့'

'သမုဒယသစ္စာပါဘုရား'

'အတိတ်ကလာပုံချင်း ထူးကိုမထူးဘူး'

'မှန်လှပါဘုရား'

'လူမိုက်လည်း သမုဒယသစ္စာ၊ အဝိဇ္ဇာ သခ်ၸိရလုပ်ခဲ့ပြီးလာတာပဲ၊ လူလိမ္မာလည်းပဲ သမုဒယသစ္စာ အဝိဇ္ဇာသခ်ၸိရလုပ်ပြီးလာခဲ့လို့ ထူးကိုမထူးပါဘူးလို့ တစ်ဖက်ကပြောတဲ့ အမှန်တရားအပေါ်မှာ ယနေ့ ကောက်နုတ်ချက်ချလိုက်တော့ သူကအတိတ် ကြည့်ပြောတာ'

'မှန်လှပါဘုရား'

'မှန်ကောမှန်ရဲ့လား?'

'မှန်လှပါဘုရား '

'အတိတ်ကိုကြည့်ပြောတဲ့အတွက် သူပြောတာ မှားပါတယ်လို့သွား

http://www.dhammadownload.com

ပြီးပြောလို့ မရဘူး?'

'မှန်လှပါဘုရား'

'သူကလည်းပဲ သူ့အကြောင်းပြချက်မရှိဘူးလား?'

' ရှိပါတယ်ဘုရား '

'အတိတ်ကလုပ်ခဲ့တာ ဒါတွေလုပ်ခဲ့တဲ့အတွက်ကြောင့်မို့ လာပုံချင်းတူပါတယ်ကွာလို့ သူကသက်သေပြသွားတော့ သူပြောတဲ့စကား မှန်တာပေါ့'

'မှန်လှပါဘုရား'

' ယနေ့ ပစ္စုပ္ပန်မှာ မိမိတို့က ကြည့်နေပြီး၊ အဲဒီပစ္စုပ္ပန်ကို ကြည့်တဲ့အခါကျတော့ ရှေ့အနာဂတ်ကိုသွားရမယ်ခရီး၊ ဟောဒီပစ္စုပ္ပန်ကနေ ပစ္စုပ္ပန်ကို ကူးရမယ့်အကူး၊ အဲဒီကူးပုံနဲ့ ဟောဒီသွားရမယ့် အနာဂတ်ကျတော့ ထူးလား မထူးလားဆိုတာက ဆက်ကြည့်ရတော့မှာ'

'မှန်လှပါဘုရား'

'တူတာကတော့ မသိဘူးလား?'

'သိပါတယ်ဘုရား '

'သိသွားပြီ ဒါဖြင့် ခန္ဓာငါးပါး ရသွားတဲ့အတွက်ကြောင့်မို့လို့ ဝေဒနာဆိုတာ မပါဘူးလား?'

'ပါပါတယ်ဘုရား'

'လူမိုက်လည်းပဲ ခန္ဓာငါးပါးရတဲ့အတွက်ကြောင့်မို့လို့ ခံစားတဲ့ ဝေဒနာပါတယ်၊ လူလိမ္မာလည်းပဲ ခန္ဓာငါးပါးရတဲ့အတွက် ခံစားရတဲ့ ဝေဒနာ မပါရဘူးလား?'

'ပါပါတယ်ဘုရား'

' ဒီလိုဆိုရင် လူမိုက်နဲ့လူလိမ္မာကို ဒီအတိတ်ကလည်းပဲ သဘောတူပုံလေးကို ပြောရအောင်-

"လူမိုက်သုံးဖြာ၊ ဝေဒနာ၊ ကြုံရာခံစားသည်"

'အခု လူမိုက်ဆိုတဲ့ပုဂ္ဂိုလ်သည် ခံစားတတ်တဲ့အပိုင်းမှာ ဝေဒနာ (၃)မျိုးကို ကြုံသလို ခံစားတယ်လို့မှတ်ထား'

'မှန်လှပါဘုရား'

http://www.dhammadownload.com

'လူမိုက်ဆိုတဲ့ ပုဂ္ဂိုလ်သည် ဝေဒနာမခံစားဘူးလား?'

'ခံစားပါတယ်ဘုရား'

'အဲဒီလို ခံစားတဲ့နေရာမှာ ဝေဒနာဘယ်နှစ်မျိုးခံစား'

'သုံးမျိုးခံစားပါတယ်ဘုရား'

' ခံစားတဲ့ဝေဒနာကိုပြောဆိုရင် သုခ ဒုက္ခ ဥပေက္ခာ၊ လူမိုက်ဆိုတဲ့ ပုဂ္ဂိုလ်သည် သုံးမျိုးသောဝေဒနာကို ခံစားတတ်တဲ့အပိုင်းမှာ ကြုံသလို ခံစားတယ်'

'မှန်လှပါဘုရား'

'**လူလိမ္မာလည်း ထို့အတူပဲ အမြဲ ဝေဒနာခံစားသည် '**

'မိမိတို့ လူလိမ္မာ ဆိုတဲ့ ပုဂ္ဂိုလ်တွေမှာလည်း ဒီဝေဒနာပေါ်မပေါ်'

'ပေါ်ပါတယ်ဘုရား'

'အဲသလို ပေါ်တိုင်းပေါ်တိုင်းမှာ သူလည်းပဲခံစားတယ်လို့ မှတ်ထားလိုက်ပါ'

'မှန်လှပါဘုရား'

'လူမိုက်လည်းပဲ ဝေဒနာသုံးမျိုးခံစားသလို လူလိမ္မာလည်း ဝေဒနာဘယ်နှစ်မျိုးခံစား'

'သုံးမျိုးခံစားပါတယ်ဘုရား'

'ခံစားတဲ့သဘောလည်း တူနေပါတယ်'

'မှန်လှပါဘုရား'

'အဲဒီလို ခံစားတဲ့နေရာမှာ ဝေဒနာပေါ်ပုံ သုံးမျိုးချင်း တူတဲ့အတွက် ကြောင့်မို့လို့ ခန္ဓာရရင် ဒီလမ်းကတော့ လူမိုက်လည်း ရှောင်လို့မရ လူလိမ္မာလည်း ရှောင်လို့မရတဲ့အတွက် ဒီပစ္စုပ္ပန်လည်းတူတယ်လို့ နားလည်လိုက်အုံး'

'နားလည်ပါတယ်ဘုရား'

'ဝေဒနာပေါ်ပုံချင်းရော မတူဘူးလား?'

'တူပါတယ်ဘုရား'

http://www.dhammadownload.com

'အဲ-ဝေဒနာပေါ်ပုံချင်းလည်းတူတယ်၊ အခုလမ်းက ဘယ်နှစ်သွယ်ရှိလဲ'

'နှစ်သွယ်ပါဘုရား'

'ဝေဒနာပစ္စယာ တဏှာကတစ်လမ်း၊ ဝေဒနာနိရောဓာ တဏှာနိရောဓောဆိုတဲ့ ထွက်လမ်းကတစ်လမ်း၊ လည်လမ်းကတစ်လမ်း၊ ထွက်လမ်းကလည်း တစ်လမ်းရှိတယ်၊ ဟောဒီ ဝေဒနာကို လူမိုက်လည်း ခံစားတယ်၊ လူလိမ္မာလည်းခံစားတယ်၊ ဒီနေရာမှာ လူမိုက်ရဲ့ခံစားမှုက ဘယ်လိုသွားတယ်၊ လူလိမ္မာရဲ့ ခံစားမှုက ဘယ်လိုသွားတယ်ဆိုတာကို တိတိကျကျ သိလိုက်ရင်တော့ ထူးတယ်ဆိုတဲ့ အပိုင်းလေး မပေါ်ဘူးလား? '

'ပေါ်ပါတယ်ဘုရား'

'အဲသလိုဆိုရင် ဝေဒနာရဲ့ခံစားပုံလေးမပြောခင်မှာ ဝေဒနာသရုပ်လေးကို ရှေ့ပိုင်းကပုံပေါ်အောင်လို့ နားလည်တဲ့အထိ ရှင်းလင်းထားမယ်ဆိုရင်တော့ ပိုပြီးတော့ ကောင်းပါတယ်'

'မှန်လှပါဘုရား'

'ယနေ့ဝေဒနာကို သူတော်စင်များ တရားအားထုတ်တဲ့အခါမှာ မရှုကြဘူးလား?'

'ရှုကြပါတယ်ဘုရား'

'ဒုက္ခဝေဒနာပေါ်ရော မရှုကြဘူးလား?'

'ရှုပါတယ်ဘုရား'

'သုခဝေဒနာပေါ်လည်း'

'ရှုပါတယ်ဘုရား'

'ဥပေက္ခာပေါ်လည်း'

' ရှုပါတယ်ဘုရား'

'ကဲ-ဝေဒနာပေါ်တိုင်း ပေါ်တိုင်း ရှုကြတယ်ပေါ့နော်'

'မှန်လှပါဘုရား'

http://www.dhammadownload.com

'ရှုတယ်ပေါ့ ဟော-ဆက်ကာ၊ ဆက်ကာမေး အသံမထွက်တာ တော်တော်ဆိုးတာပဲနော်၊ မရှုဘူးလား?'

'ရှုပါတယ်ဘုရား'

'ဝေဒနာရှုတယ်လို့ပြောတယ် အခုရှုတဲ့ဝေဒနာကိုပြောတော့မယ်၊ မိမိတို့အားလုံးသည် ဝေဒနာသုံးမျိုးကိုရှုတယ်၊ အဲဒီဝေဒနာသုံးမျိုးမှာ ဒုက္ခဝေဒနာလည်း သိလို့လွယ်ဝယ်၊ သုခဝေဒနာလည်း သိရလွယ်တယ်၊ ဥပေက္ခာဝေဒနာက သိရတာအခက်ဆုံး'

'မှန်လှပါဘုရား'

'ဥပေက္ခာဝေဒနာ'

'သိရတာ အခက်ဆုံးပါဘုရား '

'ဒါဖြင့် မိမိတို့ဝေဒနာသုံးမျိုးကို ပေါ်တိုင်း ပေါ်တိုင်း အလဲအလှယ် လုပ်ပြီးတော့ မရှုဘူးလား?'

'ရှုပါတယ်ဘုရား'

'သုံးမျိုးလုံးရှုတယ်နော်'

'မှန်လှပါဘုရား '

'ကဲ-ဟုတ်လားမဟုတ်လား ကြည့်ရအောင်၊ ယနေ့ သူတော်စင်များက ဝေဒနာကိုရှုတယ်ဆိုတော့ စပြီးတော့ ထင်ရှားရာပေါ်ရာ အာနာပါနသော်လည်းကောင်း၊ ဝမ်းဗိုက်သော်လည်းကောင်း၊ ရင်ချိုင့်သော်လည်းကောင်း၊ ငယ်ထိပ်သော်လည်းကောင်း၊ တစ်နေရာရာမှာ အာရုံစိုက်ပြီး ရှုလိုက်တယ်၊ အဲဒီလိုရှုတဲ့အခါမှာ သူ့ရဲ့သဘောလေးပြတိုင်း ပြတိုင်း လိုက်သိ၊ ဝေဒနာဆိုတာကို သတိတောင်မရဘူးဟုတ်လား၊ ဝေဒနာဆိုတာကို သတိမထားမိသေးဘူး'

'မှန်လှပါဘုရား'

'ကဲ-ရှုရင်း ရှုရင်းကနေပြီး တော်တော်လေးကြာလာလို့ တစ်နေရာကနာတယ်၊ ကိုက်လာတယ်၊ တောင့်လာတယ်၊ တင်းလာတယ်၊ မခံမရပ်နိုင်ဖြစ်တဲ့အခါကျတော့ သူတော်စင်များ ရှုပါပြီ၊ ဘာရှု ဝေဒနာမရှုဘူးလား?'

'ရှုပါတယ်ဘုရား'

http://www.dhammadownload.com

'အဲဝေဒနာရှုတယ် အဲဒီဝေဒနာသည် ဒီသုံးမျိုးထဲမှာ ဘယ်ဝေဒနာ'

'ဒုက္ခဝေဒနာပါဘုရား'

' အဲ သဘောပေါက်တယ် ဒုက္ခဝေဒနာ၊ ကဲ-ဒီဝေဒနာလေး စမရှုဘူးလား?'

'ရှုပါတယ်ဘုရား'

'ကဲ-စရှုပြီ၊ အဲသလို ဒုက္ခဝေဒနာလေးပေါ်လို့ စရှုတဲ့အခါမှာ နာတာက ပြင်းထန်တော့ မိမိတို့မှာ မှိတ်ကြိတ်ပြီးရှုနေရတယ်၊ အဲဒီလို မှိတ်ကြိတ် ရှုနေရတဲ့အတွက်ကြောင့်မို့လို့ မပြောင်းဘဲ မပြင်ဘဲဆို ပိုဆိုးသေးတယ်၊ မပြောင်း မပြင်ရဆိုတော့ ကိုယ်မှာက ပြောင်းလည်း ပြောင်းချင်တယ်၊ ပြင်လည်း ပြင်ချင်တယ်၊ ဆရာသမားက မပြောင်းရ၊ မပြင်ရဆိုတော့ မှိတ်ကြိတ်ပြီး ရှုနေရတာ၊ အဲဒီလို ရှုနေရတဲ့အတွက်မို့လို့ ဒုက္ခဝေဒနာ ဟောဒီပစ္စုပ္ပန်မှာ ကိုယ့်ရဲ့ခန္ဓာ ပြနေတယ်နော်'

'မှန်လှပါဘုရား'

'အဲဒီပြလာပုံကိုက မခံမရပ်နိုင်ဖြစ်နေတဲ့အတွက်ကြောင့်မို့လို့ ရှုရမှာက အရှုခံပေါ်ရင် အခြားလိုက်ရမှာလား၊ ဉာဏ်လိုက်ရမှာလား?'

'ဉာဏ်လိုက်ရမှာပါဘုရား '

'မိမိရဲ့သန္တာန်မှာ ကြိတ်မှိတ်ခံ အောင့်အီးပြီး ရှုနေရတဲ့အတွက်ကြောင့် ဉာဏ်လား, ဒေါသလား?'

'ဒေါသပါဘုရား'

'ဒုက္ခဝေဒနာပေါ်ရင် ဒေါသလိုက်မယ်နော်'

'မှန်လှပါဘုရား'

'ဒေါသလိုက်ပြီဆိုတာနဲ့ သူတော်စင်များရဲ့ သန္တာန်မှာ ဝေဒနာပစ္စယာ ဆက်နေပြီ၊ ဒုက္ခဝေဒနာပေါ်တာကို ရှုတယ်လို့ပြောတော့ တကယ်ရှုလား မေးတော့ အောင့်ခံကြတာ'

'မှန်လှပါဘုရား'

'ဘာလုပ်နေကြတုန်း မေးတော့'

'အောင့်ခံနေကြတာပါဘုရား'

http://www.dhammadownload.com

'မိုတ်ကြိတ်ခံနေရတာ၊ အချို့မျှား နေပူပူမှာ ချွေးသီးချွေးပေါက်ကျပြီး အို-တင်းကြပ်လောက်အောင်ကို အံကြိတ်ပြီးခံရတယ်၊ မာဆယ်ကြွက်သားတွေ တင်းတောင့်ပြီး ခံလိုက်တယ်၊ ဒီတရားကို ကျော်အောင်တက်ရမယ်ဆိုတော့ သေရင်တောင် ဒ့ီထက်ဒုက္ခကြီးသေးတာပဲဆိုပြီး ရှုရမှာက ဥာဏ်နဲ့၊ သို့သော် လည်းပဲ လုံ့လဝီရိယစိုက်လိုက်တာက ကိလေသာတွေ သောင်းကျန်းသွားတဲ့ အတွက်ကြောင့်မို့လို့ ဒီအချိန်အခါမှာ ဝေဒနာနိရောဓာ တဏှာနိရောဓောလား၊ ဝေဒနာပစ္စယာ တဏှာလား?'

'ဝေဒနာပစ္စယာတဏှာပါဘုရား '

'လုပ်နေတာက လူလိမ္မာအလုပ်၊ သွားနေတာက လူမိုက်လမ်း၊ သိလို့ လား မသိလို့လား?'

'မသိလို့ပါဘုရား '

'သူများပါးစပ်ဖျားမှာ လမ်းဆုံးပြီးတော့ ဝေဒနာသဘောကို မသိတဲ့ အတွက်ကြောင့်မို့လို့ သူတော်စင်များက ပေါ်တိုင်းပေါ်တိုင်းမှာ အဲဒီ ဒုက္ခ ဝေဒနာလေးပေါ်ပြီဆိုရင် ဘယ်လိုနှလုံးသွင်းရမယ် ဘယ်လိုရှုရမယ်ဆိုတာ ကို ကျကျနနမသိရင် အဲဒီပုဂ္ဂိုလ်တွေ တစ်နာရီကို ကြိုးစားအားထုတ်လို့ လုံ့လ ဝီရိယစိုက်ခဲ့ပါသည်၊ ဘုရားအလိုမကျပါ၊ ဘုရားအလိုကျတဲ့ ဝီရိယဆိုတာက ကိလေသာပယ်နိုင်တဲ့ ဝီရိယ၊ ဖြေလိုက်ပါ'

'ကိလေသာပယ်နိုင်တဲ့ဝီရိယပါဘုရား'

'တရားအားထုတ်တဲ့နေရာမှာ ကိလေသာပယ်နိုင်တဲ့ဝီရိယကို အကျိုး ရှိရှိ အသုံးချရင် ဝေဒနာနိရောဓာ၊ တဏှာနိရောဓော ရပါတယ်'

'မှန်လှပါဘုရား'

'အဲဒီလိုမဟုတ်ဘဲနဲ့ စိုက်တော့စိုက်သားပဲ လုံ့လဝီရိယ တစ်နာရီ ကြိုးစားဆို တစ်နာရီကြိုးစားပါတယ်၊ ကြိုးစားပင်ကြိုးစား ငြားသော်လည်း နာကျင်နှိပ်စက်နေတဲ့ ဒုက္ခကြီးက ကိုယ်ကိုဖိစီးထားတဲ့ အတွက်ကြောင့်မို့လို့ အောင့်အီးခံနေရတယ်၊ ဟော. . . ကြည့်လိုက်တော့လည်း တစ်နာရီက နာရီဝက်ကျော်လောက်ပဲရှိသေးတယ်၊ နောက်ထပ်နာရီဝက်ကို ငါဘယ်လိုမျှား နေရမှာလဲဟဲ့ဆိုပြီး ယောက်ယက်ခတ်နေတဲ့သဘောတွေကလည်း သမာဓိ

http://www.dhammadownload.com

တောင် တည်ရဲ့လား?'

'မတည်ပါဘူးဘုရား '

'ကြောက်လို့သာ ထိုင်နေကြရတာနော်'

'မှန်လှပါဘုရား'

'အဲဒီလိုမျိုးနဲ့သာ ရှုမှတ်သွားလိုက်ရင် ဒီပုဂ္ဂိုလ် တရားကြောက်ပြီး လန့်ပြေးတော့တာပဲ'

'မှန်လှပါဘုရား'

'ဩော်-တရားကို ကြောက်တယ်ဆိုတာက ကိုယ်ကသဘော မပေါက်ဘဲနဲ့ အဲဒီလိုမျိုး ပေတေပြီး ကိုယ့်ကိုယ်ကို ညှဉ်းဆဲရင် အဲဒီပုဂ္ဂိုလ် တရားလည်း မတွေ့ဘူး၊ နောက်ထပ်တရားအားထုတ်ဖို့ခေါ်လည်း ဘယ်တော့မှ လှည့်မကြည့်ဘူး၊ ဒါမျိုးမဖြစ်အောင် သတိထားပါ'

'မှန်လှပါဘုရား'

'အခုစတင်ပြီး တစ်နေရာက အရှုခံတစ်ခုပေါ်မယ်၊ အဲဒီပေါ်တဲ့နေရာမှာ မခံသာတဲ့ဒုက္ခဝေဒနာလေးပေါ်ပြီဆိုပါတော့ ဩော်-ဒါကိုတော့ရှုရမယ်ဆိုပြီး ရှုလိုက်တာ၊ အဲဒီတုန်းက ရှုတုန်းကလည်း ဉာဏ်လား ကိလေသာလား?'

'ကိလေသာပါဘုရား'

'သဘောမပေါက် ဉာဏ်မရောက်သေးဘဲနဲ့ ရှုနေရင် ကိလေသာပဲလာတယ်'

'မှန်လှပါဘုရား'

'ဒီကနေပြီးတော့ ဒုက္ခဝေဒနာက သူ့ရဲ့ အဆုံးစွန်ဆုံးသော ဖောက်ပြန်နှိပ်စက်မှုတွေကုန်ဆုံးသွားရင် အဲဒီထက်ကြီးကျယ်တဲ့ ဒုက္ခထပ်ပေါ်အုံးမှာလား?'

'မပေါ်ပါဘုရား'

'ဒုက္ခချုပ်သွားပြီကိုး'

'မှန်လှပါဘုရား'

http://www.dhammadownload.com

'အဆုံးစွန်ဆုံးသော နာကျင်မှုကြီး ချုပ်သွားတယ်ဆိုတာနဲ့ တစ်ကိုယ်လုံးကို အေးစိမ့်သွားအောင် တစ်ကိုယ်လုံးကို ဖြိုးဖြိုးဖျင်းဖျင်းနဲ့ စိမ့်ကနဲ သိမ့်ကနဲနဲ့ ကိုယ်မှာ အေးချမ်းသွားတဲ့ သဘောလေး ပေါ်မလာဘူးလား?'

'ပေါ်လာပါတယ်ဘုရား'

'ဒါဖြင့် ဒုက္ခကုန်သွားရင် ဘယ်သူ့အစားထိုး'

'သုခ အစားထိုးပါတယ်ဘုရား'

'သုခအစားထိုးတဲ့အခါ ဒီချိန်ခါမှာ သူတော်စင်များက သုခဝေဒနာတွေ·အစားထိုးပါလားလို့ ရှုတာလား ပျော်တာလား?'

'ပျော်တာပါဘုရား'

'ပျော်ရင်တဏှာ'

'မှန်လှပါဘုရား'

'ပျော်ရင်'

'တဏှာပါဘုရား'

'ဝေဒနာပစ္စယာ တဏှာသွားပြန်ပြီနော်'

'မှန်လှပါဘုရား'

' ကြိတ်မနိုင်ခဲမရ ဖြစ်တုန်းကလည်း မြန်မြန်သက်သာချင်တဲ့ တဏှာက လာတာပဲ'

'မှန်လှပါဘုရား'

' အခုဒုက္ခတွေကို ကုန်သွားလို့ သုခအစားထိုးပြန်တော့လည်း ပျော်နေတယ်ဆိုတော့ တဏှာက မလာဘူးလား?'

'လာပါတယ်ဘုရား'

'ရှုနေတာက လိမ္မာတဲ့အလုပ်နော်'

'မှန်လှပါဘုရား'

'မိမိကရှုရင်း ရှုရင်းနဲ့ မိုက်တဲ့လမ်းကို သွားနေပါလားလို့ မသိလောက်အောင်ကို အမှောင်ဖုံးတာက ဘယ်သူပါလိမ့်'

'အဝိဇ္ဇာပါဘုရား'

http://www.dhammadownload.com

'သူများပါးစပ်ဖျားလမ်းဆုံးပြီးတော့ အမှန်ကိုမသိရင် ဒီတိုင်း သွားနေမှာပဲ'

'မှန်လှပါဘုရား'

'ဒါဖြင့်ရင် အဲဒီလိုနဲ့ သုခဝေဒနာလေးတွေ ပေါ်တိုင်း ပေါ်တိုင်းမှာ ကျေနပ်ပြီးတော့ နေခဲ့ပြန်တော့လည်း ရှုရကောင်းမှန်းမသိခဲ့ဘူး၊ တစ်ခါ ပြန်ပြီး နာကျင်လာတော့ ဒုက္ခဝေဒနာက နှိပ်စက်ပြန်တဲ့အတွက် ဟောဒီရှုတဲ့နေရာမှာ လည်းသိအောင် မရှုနိုင်ဘူးဆိုတော့ သူတော်စင်များဟာ ဘာနဲ့အလုပ်ရှုပ်နေလဲမေးရင် ဒုက္ခ သုခနဲ့ အလုပ်ရှုပ်နေကြတယ် '

'မှန်လှပါဘုရား'

'ဘာနဲ့ အလုပ်ရှုပ်'

'ဒုက္ခ သုခနဲ့အလုပ်ရှုပ်နေပါတယ်ဘုရား'

'ဥပေက္ခာဝေဒနာ ပြပြန်တော့လည်း မသိလိုက်ပြန်ဘူး '

'မှန်လှပါဘုရား'

'ဥပေက္ခာဝေဒနာ ပေါ်တော့လည်း'

'မသိလိုက်ပါဘူးဘုရား'

'သုခဝေဒနာပေါ်တော့လည်း ရှုလား သာယာလား?'

'သာယာပါတယ်ဘုရား'

'ဒုက္ခဝေဒနာပေါ်တော့လည်း ရှုတာလား မှိတ်ကြိတ်ခံတာလား?'

'မှိတ်ကြိတ်ခံတာပါဘုရား'

'ဝေဒနာ ရှုတယ်ပေါ့၊ ဝေဒနာရှုတာလား?'

'မဟုတ်ပါဘူးဘုရား'

'ဘာလုပ်နေကြတာလဲ၊ အဲဒါမှဝ့ကျတာပဲနော်၊ တရားရှုတယ်ဆိုတာ သဘောပေါက်စေချင်တာ'

'မှန်လှပါဘုရား'

http://www.dhammadownload.com

'အခု တရားနယ်ပယ်မှာ အမှားကျယ်ပြီးတော့ ရှင်းလို့မရအောင် ရှုပ်နေတာက ဝေဒနာ ပြဿနာပဲ'

'မှန်လှပါဘုရား'

'ဒီဝေဒနာပြဿနာကို ပိုင်အောင်မရှင်းနိုင်ရင် ယနေ့သူတော်စင်များ တရားအားထုတ်ပေမယ့် ငါကွာ ကြာပြီအားထုတ်နေတာ ခုချိန်ထိ တရားလည်း မတက်ဘူး၊ တရားကို ထိုးထွင်းသိဖို့အတွက်လည်းပဲ ငါ့မှာက ကြိုးစားသလောက် ခရီးမရောက်သေးဘူးလို့ ညည်းမနေကြနဲ့'

'မှန်လှပါဘုရား'

'ကိုယ်သွားနေတဲ့လမ်းက အဲဒီဝေဒနာသုံးမျိုးပေါ်မှာ ဥပေက္ခာဝေဒနာ ပေါ်တိုင်း ပေါ်တိုင်း ရှုရကောင်းမှန်းသိကိုမသိခဲ့ဘူး'

'မှန်လှပါဘုရား '

'ဘယ်အချိန်ကျမှ ဝေဒနာကို ရှုလဲမေးတော့ နာကျင်တာပေါ်မှ ဝေဒနာလို့ ရှုနေတာ၊ အဲဒါလေးတွေ ကုန်သွားပြန်တော့လည်း ပျော်နေပြန်တယ်၊ အဲဒီတော့ ဝေဒနာရှုရဲ့လားမေးတော့ ခုနက ရှုတယ်ဆို၊ အလိုက်သင့်တော့ မဖြေကြနဲ့နော်၊ ဒါဖြင့် လူမိုက်ဆိုတဲ့ပုဂ္ဂိုလ်သည် ဝေဒနာ ပေါ်တိုင်း ပေါ်တိုင်းမှာ'

"လူမိုက်ဝေဒနာ၊ ခံစားရာ၊ တဏှာပါလေသည်"

'လူမိုက်က ဝေဒနာသုံးမျိုးပေါ်တိုင်း ပေါ်တိုင်းမှာ ကြုံသလိုခံစားလိုက်တယ်၊ အဲဒီလို ခံစားတဲ့နေရာမှာ ဒုက္ခဝေဒနာပေါ်တော့လည်း ဒေါသပါသွားတယ်၊ သုခဝေဒနာပေါ်တော့လည်းပဲ တဏှာလိုက်တယ်၊ ဥပေက္ခာဝေဒနာပေါ်တော့လည်း မသိတဲ့အဝိဇ္ဇာက ဖုံးသွားပြန်တယ်၊ ဒီလိုဆိုရင် ဝေဒနာ ပေါ်တိုင်း ပေါ်တိုင်းမှာ စက်ရဟတ်လိုပဲ လူမိုက်က လှည့်ပစ်လိုက်တာ ဝေဒနာပစ္စယာ တဏှာကို ဘယ်သူလိုက်'

'လူမိုက်လိုက်ပါတယ်ဘုရား'

'ယောဂီတို့လမ်းဟုတ်ရဲ့လား?'

'မဟုတ်ပါဘုရား'

http://www.dhammadownload.com

'မဟုတ်ဘူးနော်၊ ဒါဖြင့် သူတော်စင်များက ဝေဒနာရှုတဲ့အခါမှာ ဒုက္ခဝေဒနာပေါ်တဲ့အခါကျတော့ ဖြစ်ပျက်ကို မြင်အောင်မှုလား အောင့်ခံလား?'

'အောင့်ခံပါတယ်ဘုရား'

'အောင့်ခံတယ်၊ သုခဝေဒနာပေါ်တော့လည်း ဖြစ်ပျက်မြင်အောင် ရှုလား၊ ပျော်လား?'

'ပျော်ပါတယ်ဘုရား'

'ဘာထူးတုန်း၊ လူမိုက်ကလည်း ဝေဒနာပစ္စယာ တဏှာ၊ သူတော်စင်များကလည်း ဝေဒနာပစ္စယာ တဏှာပါလား၊ လိမ္မာတယ်ဆို မိုက်လက်စ မသိမ်းတာက မသိလို့ပါနော်'

'မှန်လှပါဘုရား'

'လမ်းနှစ်သွယ် ရှိပါတယ်၊ အဲဒီလမ်းနှစ်သွယ်မှာ ဆက်လမ်း ထွက်လမ်းကို ပြထားပေမယ့် ထွက်လမ်းကို သဘောမပေါက်တာက အဲဒီဝေဒနာသည် ပေါ်တိုင်း ပေါ်တိုင်းမှာ ဘယ်လိုနှလုံးသွင်းရမယ်ဆိုတာကို မသိရင်တော့ ဆက်နေအုံးမှာပဲ'

'မှန်လှပါဘုရား'

'ဒီတော့ မိမိတို့ ဝေဒနာရှုတဲ့နေရာမှာ သဘောမပေါက် ဉာဏ်မရောက်သေးတဲ့ပုဂ္ဂိုလ်များအတွက် ဟောဒီ ဒုက္ခတစ်လုံးက နှိပ်စက်လို့များ နာကျင်မှုတွေဖိစီးလို့ ပြင်းထန်လာတဲ့အခါမျိုးမှာ သတ်မှတ်ထားတဲ့ ဒုက္ခဝေဒနာလို့ မိမိတို့ နားလည်ထားတဲ့ ဒီအပေါ်မှာ သဘောမပေါက် ဉာဏ်မရောက်သေးရင် ပေရှုရင် အပြစ်လေးချက်သင့်တယ်၊ ပေရှုရင် အပြစ်လေးချက်သင့်တယ်၊ မပြောင်းမပြင်ဘဲနဲ့ ပေရှုရင် အပြစ်လေးချက်သင့်တယ်၊ ဒီလိုဆိုရင် တရားရှုတာက အပြစ်ဖြစ်ခံပြီးရှုရင် နိဗ္ဗာန်နဲ့ဝေးတော့မယ်'

'မှန်လှပါဘုရား'

'ဒုက္ခဝေဒနာပေါ်တိုင်း ပေါ်တိုင်းမှာ သူတော်စင်များရဲ့ဖြစ်တတ်တဲ့ အလေ့အကျင့်ဟာ ဆရာသမားတွေကလည်း သင်ပြီးတော့ အဲဒီသင်ပေးတဲ့ အပေါ်မှာ သဘောပေါက်လွယ်ပြီး ကိုယ့်ကိုယ်ကို သဘောမပေါက်ဘဲနဲ့

http://www.dhammadownload.com

ကြိတ်မနိုင်ခဲမရ ဖြစ်တိုင်း ဖြစ်တိုင်းမှာ မပြောင်းရ မပြင်ရနှင့် ပေရှုရမယ်၊ ဒီဝေဒနာတွေကို ကုန်အောင်လိုက်ရမယ်လို့ ပြောတဲ့အတွက်ကြောင့်မို့လို့ ဆရာသမားတွေစကား မိမိတို့က နားထောင်ပြီးတော့မှ အဲဒီလိုမျိုးနဲ့ တစ်ချို့ တစ်ချို့သောပုဂ္ဂိုလ်တွေ သဘောမပေါက်ဘဲ ပေတေရှုတဲ့အတွက်ကြောင့်မို့လို့ အပြစ်လေးချက်သင့်ပုံကို ဟောပေးထားတာရှိတယ်နော်'

'မှန်လှပါဘုရား'

'အပြစ်လေးချက်သင့်တယ်ဆိုတာက နာကျင်နှိပ်စက်နေတဲ့တရား ကိုယ့်သဏ္ဌာန်မှာပေါ်ရင် အဲဒီပုဂ္ဂိုလ်က မပြောင်းမပြင်ဘဲ ပေရှုတဲ့အတွက် ကြောင့်မို့လို့ ကြည့်လေ ပိုနာလေ ပိုမခံနိုင်လေ၊ ဥပမာအားဖြင့် ဒူးတို့ ပေါင်တို့မှာ နာနေတယ်၊ အဲဒီနာနေတဲ့အရာကို ကိုယ်က အာရုံလေးစိုက်ပြီးတော့ ကြည့်နေ တယ်၊ ကြည့်လေ သူကပိုနာလေ ပိုမခံနိုင်လေ ဖြစ်လေတော့ ရင်ဘတ်ကြီး တင်းကျပ်လာတယ်၊ မာဆယ်ကြွက်သားတွေကို တောင့်တင်းပြီးတော့ အံကြိတ် ပြီးတော့ ခံကြည့်တယ် ရလားမေးတော့ ခဏပဲ၊ ပြီးတော့ ပြန်မနာဘူးလား၊ နာလာလား?'

'နာပါတယ်ဘုရား'

'အဲလို တောင့်တင်းခံတဲ့အခါမှာလည်းပဲ ဥဏှာလား, ဒေါသလား?'

'ဒေါသပါဘုရား'

'သေချာအာရုံပြုနော်'

'မှန်လှပါဘုရား'

'အဲဒီလို ကြိတ်မနိုင် ခဲမရနဲ့ မိမိတို့က ပေခံတဲ့အတွက်ကြောင့်မို့လို့ (၁) သင့်တဲ့အပြစ်သည် ဒုက္ခဆင်းရဲပိုဖြစ်တယ်၊ နံပါတ်တစ် ဘာဖြစ်လဲ'

'ဒုက္ခဆင်းရဲ ပိုဖြစ်ပါတယ်ဘုရား'

'ဒုက္ခဆင်းရဲပိုဖြစ်တဲ့အတွက်ကြောင့် ကိုယ့်မှာက အောင့်အီးခံရတဲ့ အပိုင်းမှာက မွန်းကြပ်လာပြီ၊ ဒါကြောင့် မြန်မြန် အချိန်ကို ကုန်စေချင်တယ် မြန်မြန်သက်သာစေချင်တယ်၊ ဘယ်လိုမျှား ပြောင်းရမလဲဆိုတဲ့ ယောက်ယက် ခတ်နေတဲ့ စိတ်တွေဟာ ကိုယ့်ရဲ့နှလုံးသားထဲမှာ ရိုက်ခတ်နေပြီ၊ အဲဒီတော့

http://www.dhammadownload.com

တည်ငြိမ်တဲ့သဘော ရှိရဲ့လား?'

'မရှိပါဘုရား'

'ဒီ နာကျင်မှု နှိပ်စက်မှုကြောင့် ယောက်ယက်ခတ်နေတော့ ကိုယ့်မှာက အရှုခံတရားပေါ်မှာ ကောင်းစွာမြင်အောင် မရှုနိုင်တော့ တည်ငြိမ်တဲ့အသွင် ပျောက်ပျက်သွားပြီး ယောက်ယက်ခတ်နေတော့ သမာဓိ ပျက်စီးသွားတယ်'

'မှန်ပါဘုရား'

'ဘာပျက်စီးသွားလဲ'

'သမာဓိပျက်စီးသွားပါတယ်ဘုရား'

'သမာဓိပျက်စီးတဲ့အတွက်ကြောင့် ရှုနေကျ အရှုခံရုပ်လည်းပဲ ရှုလို့ မရတော့ဘူး၊ ဝေဒနာလည်း ရှုလို့မရတော့ဘူး၊ ဖြစ်ပျက်လည်းပဲ ရှုလို့မရ တော့ဘူး၊ ဒါကြောင့် ရှုနေကျ ကမ္မဋ္ဌာန်း ပျက်စီးပြီး နာကျင်မှုဒုက္ခတွေ ဆင်းရဲမှု ပိုဖြစ်တယ်၊ သမာဓိ ပျက်စီးတယ်၊ ဒါကြောင့် နိဗ္ဗာန်နဲ့ နီးလား ဝေးလား?'

'ဝေးပါတယ်ဘုရား'

'နိဗ္ဗာန်နဲ့ဝေးခြင်းဆိုတဲ့အပြစ်ကိုပါ သင့်သည်၊ အပြစ်ဘယ်နှစ်ချက် သင့်လဲ?'

'လေးချက်ပါဘုရား'

'ဒီလိုဆိုရင် ဘုရားက ဟောပေးထားတာ ကိုယ့်ရဲ့ပေါ်လာတာ ခန္ဓာတွေမှာပဲ ဒီလို ဒုက္ခတွေ နှိပ်စက်တဲ့အခါမျိုးကျရင် မိမိတို့ရှုရမယ့်သဘောကို ဘယ်လိုရှုရမယ်ဆိုတာ သင်ပေးထားတာကို သဘောမပေါက်ရင် ဒီအတိုင်း သွားမှာပဲ '

'မှန်ပါဘုရား'

'တရားကို သဘောပေါက်တဲ့ပုဂ္ဂိုလ်ကျတော့ ပေရှုလေ ခရီးရောက် လေပဲ၊ နှစ်မျိုးပြောသွားတယ်နော် '

'မှန်ပါဘုရား'

'ပေရှုလို့ သဘောမပေါက်တဲ့ပုဂ္ဂိုလ်သည် အပြစ် လေးချက်သင့်တယ်၊ သဘောပေါက်တဲ့ပုဂ္ဂိုလ်ကျတော့ ခရီးရောက်တယ်'

'မှန်ပါဘုရား'

http://www.dhammadownload.com

'သူ့ကျတော့ ဘာဖြစ်လဲမေးရင် သဘောပေါက်ပြီး ရှုတာဖြစ်လို့ ကိုယ်သာနာမယ် စိတ်မနာတော့ဘူး၊ အခု မိမိတို့က ကိုယ်လည်း နာတယ် စိတ်လည်းနာတယ်၊ ကဲ-တရားရှုလို့ ရအုံးမလား?'

'မရတော့ပါဘုရား'

'အဲဒါကို သူတော်စင်များက သဘောမပေါက်တဲ့အတွက်ကြောင့်မို့လို့ ပေတေရှုပြီး ဒီနာမှု ကျော်လွန်သွားရင် သက်သာသွားတဲ့အခါ ကိုယ်က အဲဒီလို ချမ်းသာမှုလေးရတာကို တချို့က မဂ်ဖိုလ်ရတယ်လို့ ထင်ကြတာ၊ တစ်မဂ် တစ်ဖိုလ်ကျတယ်လို့ ထင်ကြတယ်၊ အဲဒီလိုမျိုးသာ ရကြေးသာဆိုရင် ဆုံးဖွယ် ရာတောင် မရှိတော့ဘူး?'

'မှန်ပါဘုရား '

'မဂ်တွေ ခဏခဏကျနေမှာ တစ်နာရီလောက်မှာ နာကျင်မှုကို ခံလိုက် ရတယ်၊ အဲဒါကို ကျော်လွှားအောင် လုပ်လိုက်တဲ့အတွက် နောက်တစ်ခါ နာရီဝက်လောက်ကြာရင် ဒီနာကျင်မှုက လာအုံးမှာ၊ အဲဒါကို ကျော်လွှားသွား နိုင်လို့ရှိရင် တစ်မဂ်ကျအုံးမယ်၊ နောက်တစ်ခါ နှစ်နာရီလောက်ကြာရင် ထပ်ပြီးတော့ခံလိုက်၊ ဒုက္ခဆင်းရဲ မကြုံဘူးလား ကြုံအုံးမှာလား?'

' ကြုံအုံးမှာပါဘုရား'

'အေးချမ်းမှုရရင် နောက်တစ်မဂ် မရဘူးလား?'

'ရပါတယ်ဘုရား'

'နောက်ထပ်နှစ်နာရီခွဲလောက် တိုးအားထုတ်လိုက်၊ ကဲ-တစ်ခါ ထပ်ပြီး တော့ နာကျင်မှု မခံရဘူးလား?'

'ခံရပါတယ်ဘုရား'

'မှိတ်ကြိတ်ခံလိုက်ရင် မဂ်တစ်ခု မကျဘူးလား၊ အဲဒီတော့ ပြောင်းပြင် ရှုရင် အကျိုးလေးမျိုးရတယ်၊ ပြောင်းပြင်ရှုရင်'

'အကျိုးလေးမျိုးရပါတယ်ဘုရား'

'ပြောင်းပြင်ရှုရင် အကျိုးလေးမျိုးရတယ်ဆိုတာက နာကျင်နှိပ်စက် နေတဲ့တရား ကိုယ့်ဒုးမှာသော်လည်းကောင်း၊ ပေါင်မှာသော်လည်းကောင်း ပြနေပြီ၊ အဲဒီပြတဲ့အချိန်ခါမှာ နာတာကြီးက ကြည့်လေ ပိုနာလေ ပိုမခံနိုင်လေ

http://www.dhammadownload.com

ကြည့်လေ ပိုနာလေ ပိုမခံနိုင်လေ ဖြစ်လာရင် စိတ်ထဲမှာ မွန်းကြပ်ပြီးတော့ ကိလေသာ အဖြစ်မခံနဲ့'

'မှန်ပါဘုရား'

'အဲဒီလို ကိလေသာအဖြစ်မခံဘဲနဲ့ ဒီဂ္ဂရိယာပုတ်ကို ပြောင်းပြင်ရှုပါ၊ ဘယ်လိုပြောလဲ '

'ပြောင်းပြင်ရှုရမှာပါဘုရား'

'ပေတေရှုလို့ အပြစ်ဖြစ်မခံဘဲနဲ့ ပြောင်းပြင်ရှုရင်းနဲ့ အကျိုးလေးမျိုး ရအောင်ယူတယ်ဆိုတာက မိမိတို့မခံနိုင်လို့ ဆတ်ကနဲပြောင်းရင်တော့ တဏှာ သွားမှာပဲ'

'မှန်ပါဘုရား'

'ဒီခန္ဓာကိုယ်ကြီးကို ကိုယ်က ညှာတာကိုး'

'မှန်ပါဘုရား'

'အဲလို ညှာတဲ့အတွက် ဆတ်ကနဲ ဟိုဘက် ဒီဘက်ပြောင်းလိုက်ပြီ ဆိုရင် ဝေဒနာပစ္စယာတဏှာ သွားမှာပဲ'

'မှန်ပါဘုရား'

'သူ့အလိုလိုက်တာ'

'မှန်ပါဘုရား'

'အခုကျတော့ ဒါကြီးကို ငါအပြစ်ဖြစ်မခံဘူး၊ ဘုရားရှင်ကလည်း ဟောထားတယ်၊ ဝိရိယမှာ ကိလေသာပယ်နိုင်တဲ့ ဝိရိယဖြစ်ရမယ်၊ အဲဒီလိုဆိုရင် အဲဒီလိုနာကျင်နှိပ်စက်မှု ပြင်းထန်လာပြီဆိုရင် ဂ္ဂရိယာပုထ်ပြောင်းမယ် ဆိုတော့ ဟော-ကိုယ်က တင်ပျဉ်ခွေထိုင်ခဲ့မယ်ဆိုရင် ဒူးလေးကို အနည်း ငယ်လေး မြှောက်လိုက်ပြီဆိုတာနဲ့ ဟော နာကျင်နေတဲ့ နေရာလေးက ရုတ်ကနဲ ရုတ်ကနဲ လျော့သွား လျော့သွားတာကို သေချာသိတယ်နော်'

'မှန်ပါဘုရား'

'အဲဒီလိုလေး တဖြည်းဖြည်းနဲ့ တရွေ့ရွေ့သိသွားတဲ့ အသိလေးကို ကိုယ်လှုပ်ရှားပြုပြင်ရင်းနဲ့ ကပ်ထားရမယ်၊ တစ်ခါလျော့သွား လျော့သွားတာ

http://www.dhammadownload.com

ကိုလည်း လိုက်ကြည့်နေရမယ်၊ အဲဒီလို လိုက်ကြည့်မယ်ဆိုရင် ပြောင်းဆဲ ပြင်ဆဲမှာ အသိကိန်း မကိန်း'

'ကိန်းပါတယ်ဘုရား'

'ပြောင်းဆဲ ပြင်ဆဲမှာလည်း နာကျင်မှုလေး လျော့မလျော့'

'လျော့ပါတယ်ဘုရား'

'ပြောင်းဆဲ ပြင်ဆဲမှာလည်း သူ့ရဲ့အသိလေးက အဲဒီပေါ်မှာ လျော့သွားတာကို လိုက်ကြည့်မယ်၊ သူ့ရဲ့ပြောင်းတဲ့အမူအရာကိုလည်း အကဲခတ်မယ်ဆိုရင် ဟော - တည်ငြိမ်တဲ့ သမာဓိကလည်းပဲ အရှုခံတရားပေါ်မှာ ဆက်လက်မကြည့်ဘူးလား?'

'ကြည့်ပါတယ်ဘုရား'

'ဒီအချိန်ခါမှာ ပြနေတဲ့အရာလေးက ရုပ်ပေါ်မှာ အာရုံပြုပြု၊ ဝေဒနာပေါ်မှာ အာရုံပြုပြု အဲဒီပြုတဲ့အပိုင်းလေးပေါ်မှာ ပြောင်းလဲသွားတဲ့ အမူရာလေးရဲ့ မတူပုံ မတူပုံကို အကဲခတ်သွားရင် ဟော-ဖြစ်ပြီးပျက်တဲ့ အမြင်ကိုလည်းရတယ်၊ ဝေဒနာရဲ့သဘောကိုလည်းသိတယ်၊ ရုပ်ရဲ့အမူအရာကိုလည်းမြင်တယ်ဆိုတော့ ရှုနေကျကမ္မဋ္ဌာန်း ပျောက်သေးလား?'

'မပျောက်ပါဘုရား'

'အဲဒီပုဂ္ဂိုလ်သည် ပြောင်းရင်းပြောင်းရင်းနဲ့ နိဗ္ဗာန်နဲ့နီးပြီ၊ ဒီလိုဆိုရင် ပြောင်းရင်းနဲ့ကို ရှုသွားတဲ့နေရာမှာ အသိကပ်တဲ့အတွက်ကြောင့်မို့လို့ ဒီပုဂ္ဂိုလ်သည် နံပါတ်တစ် ဒုက္ခဆင်းရဲသက်သာသွားတယ်၊ နံပါတ်နှစ် ရှုနေကျကမ္မဋ္ဌာန်း မပျက်စီးဘူး၊ နံပါတ်သုံး သမာဓိတည်တယ်၊ နံပါတ်လေး နိဗ္ဗာန်နဲ့နီးတယ်၊ ဒါဖြင့် ပြောင်းရင်းပြင်ရင်းနဲ့ အကျိုး ရ မရ?'

'ရပါတယ်ဘုရား'

'သဘောမပေါက်ဘဲ ပေရှုရင် အပြစ် ဖြစ် မဖြစ်'

'ဖြစ်ပါတယ်ဘုရား'

'အပြစ်ဖြစ်ရင် လူမိုက်လမ်းသွားမှာပဲ'

'မှန်ပါဘုရား'

http://www.dhammadownload.com

'မိမိက အကျိုးကိုရပြီးတော့ ရအောင်ယူမယ်ဆိုရင် ထွက်လမ်းမရောက်ဘူးလား၊ ရောက်မလား?'

'ရောက်ပါတယ်ဘုရား '

'ဒါ လူမိုက်နဲ့ လူလိမ္မာရဲ့သွားရာလမ်းပဲ'

'မှန်ပါဘုရား'

'ရှင်းရောရှင်းရဲ့လား?'

'ရှင်းပါတယ်ဘုရား '

'ဒါက သူတော်စင်များရဲ့ ကြုံတွေ့နေရတဲ့အဖြစ်ကို လမ်းမှန် ရောက်အောင် ရှင်းပေးသွားတာ'

'မှန်ပါဘုရား'

'ရှင်းရောရှင်းရဲ့လား?'

'ရှင်းပါတယ်ဘုရား '

'အဲဒီတော့ ဝေဒနာရဲ့ သဘောလေးတွေကို ပြောကြအုံးစို့၊ ဒုက္ခဝေဒနာဆိုတာလည်းပဲ မရှိဘူးလား?'

'ရှိပါတယ်'

'အဲ. . . ဒုက္ခဝေဒနာရှိတယ် ဒုက္ခဝေဒနာသည် ဘယ်လိုသဘောလဲဆိုတာကို သိရအောင် ကိုယ့်ရဲ့ခန္ဓာကိုယ်မှာ နာကျင်မှုလေးပေါ်တယ်၊ အဲဒီပေါ်တဲ့ နာကျင်မှုလေးကို မခံသာဘူးဆိုရင် ဘာလို့အမည်တပ်'

'ဒုက္ခလို့အမည်တပ်ပါတယ်ဘုရား'

'ဒုက္ခလို့ အမည်တပ်တယ်၊ အဲဒီဒုက္ခကို အမည်တပ်တော့ ဒုက္ခဝေဒနာလို့ မခေါ်ဘူးလား?'

'ခေါ်ပါတယ်ဘုရား'

'ဒါလေးကိုလဲ မှတ်မိအောင် -

"မခံသာမှု ခံစားမှု ဒုက္ခဝေဒနာမည်"

http://www.dhammadownload.com

'ဒါဖြင့် ဒုက္ခဝေဒနာဆိုတဲ့ သဘောလေးကို ပေါ်အောင်ပြောလိုက်မယ်၊ မခံသာဘူးလို့ ခံစားတာကို ဒုက္ခဝေဒနာခေါ်သည် ဒီဒုက္ခဝေဒနာသည် ဘယ်အချိန်ပေါ်တယ်ဆိုတာတော့ သိဖို့မလိုဘူးလား?'

'လိုပါတယ်ဘုရား'

"ဒုက္ခဝေဒနာတည်ဆဲမှာ ဒုက္ခာဆင်းရဲသည်"

'ကဲ-ဒုက္ခဝေဒနာဆိုတာက မိမိတို့ရဲ့သန္တာန်မှာ ဘယ်အချိန် နှိပ်စက်ပြီးတော့ ဆင်းရဲမှုကို ပြလဲမေးတော့ တည်ဆဲအခိုက်လေး၊ ဘယ်အခိုက်'

'တည်ဆဲအခိုက်လေးပါဘုရား'

'ဒုက္ခဝေဒနာသည် မခံသာဘူးလို့ ခံစားခိုက်ကလေး ဖြစ်တာနော်'

'မှန်ပါဘုရား'

'အမြဲတရစပ်တည်ပြီးဖြစ်တာလားဆိုရင် မဟုတ်ဘူး၊ အဲဒီ မခံသာဘူး မခံသာဘူး၊ ခံစားခိုက် ခံစားခိုက်လေးတွေ ဆင်းရဲတဲ့သဘောကို ဖော်ဆောင်တဲ့အတွက် ဒုက္ခဝေဒနာလေး ဒီအချိန်ပြတာ'

'မှန်ပါဘုရား'

'အဲဒီပြတဲ့အချိန်လေးသည် ဘယ်အချိန်လဲ?'

'တည်ဆဲအချိန်ပါဘုရား'

"ဒုက္ခဝေဒနာ၊ တည်ဆဲမှာ၊ ဒုက္ခာဆင်းရဲသည်"

"မိမိတို့ရဲ့သန္တာန်မှာ တည်ဆဲအခိုက်လေး ဆင်းရဲတာကို မြင်အောင်ကြည့်လိုက်ပါ အဲဒီမြင်အောင်ကြည့်လိုက်ပြီဆိုရင် ဒုက္ခရဲ့ သဘောလေးသည် ဘယ်အချိန် ငါ့သန္တာန်မှာပေါ်လဲမေးရင် ဖြစ်ပေါ်တဲ့အခိုက်အတန့် တည်ဆဲအခိုက်အတန့်လေးပဲ ပေါ်ပါလားဆိုတာလေးကို အာရုံပြုလိုက်၊ အဲဒီလို အာရုံပြုလိုက်ရင် ဟောဒီ ဒုက္ခဝေဒနာက ဖြစ်ပြီးရင် တည်တံ့တာလား, ပျက်သွားတာလား?'

'ပျက်သွားတာပါဘုရား'

http://www.dhammadownload.com

"ဒုက္ခ ဝေဒနာ၊ ပျက်ဆဲမှာ၊ သုခချမ်းသာသည်"

'ကဲ-ပျက်သွားတော့ ဒုက္ခ ဟုတ်သေးလား?'

'မဟုတ်ပါဘုရား'

'ဒုက္ခတွေ ကုန်သွားတဲ့အချိန် သုခအစားမထိုးဘူးလား?'

'ထိုးပါတယ်ဘုရား'

'ဒါဖြင့် ဒုက္ခ ဘယ်အချိန်ဖြစ်'

'တည်ဆဲမှာပါဘုရား'

'ဘယ်အချိန်တုန်း'

'တည်ဆဲမှာပါဘုရား'

'အဲဒါကြီးကို သူတော်စင်များက တစ်ချိန်လုံးကြည့်စမ်း၊ ဒုက္ခတွေ နှိပ်စက်လိုက်တာ ကုန်ကိုမကုန်နိုင်ဘူး၊ တရားကိုထိုင်လို့ မရဘူးဆိုပြီး ပြောနေကြတာကိုက အဲဒီပုဂ္ဂိုလ် ဟောဒီဒုက္ခ ဝေဒနာရဲ့ဖြစ်ချေပ်မြင်လို့လား မမြင်လို့လား?'

'မမြင်လို့ပါဘုရား'

'တည်တံ့နေတဲ့သဘော အစဉ်တန်းနေတဲ့သဘောကို ဉာဏ်အားဖြင့် ထိုးထွင်းမသိတာသည် သဘောဉာဏ်မရောက်ဘဲနဲ့ ပညတ်ပေါ်တင်နေလို့ပါ'

'မှန်ပါဘုရား'

'ဒုက္ခဝေဒနာသည် ဘယ်အချိန်ပေါ်လဲမေးတော့ တည်ခဲ့အချိန်၊ ဘယ်အချိန်နှိပ်စက်လဲမေးရင်'

'တည်ဆဲအချိန်'

'ပျက်သွား ပျက်သွားရင် သုခ အစားမထိုးဘူးလား?'

'ထိုးပါတယ်ဘုရား'

'အဲဒါကို မသိတဲ့အတွက်ကြောင့်မို့လို့ သူတော်စင်များရဲ့သဏ္ဌာန်မှာ-

"ဒုက္ခဝေဒနာ စိတ်ပျက်လာ၊ ပဋိယာနုသယ စွဲဝင်သည်"

'ဒုက္ခဝေဒနာပေါ်လာတဲ့ နှိပ်စက်မှုကို သူတော်စင်များက အစဉ်တန်း

http://www.dhammadownload.com

နေတဲ့အရာကိုလည်း ထွင်းဖောက်မကြည့်နိုင်တဲ့အတွက်ကြောင့်မို့လို့ ကြိတ်မနိုင်ခဲမရနဲ့ တည်တံ့ပြီးတော့ နှိပ်စက်နေတာကို မခံမရပ်နိုင်ဖြစ်တဲ့အတွက်ကြောင့် ဒီပုဂ္ဂိုလ်သည် ပရိယာနုသယဆိုတာ ဒေါသဝင်တာ၊ ဘာဝင်လဲ'

'ဒေါသဝင်တာပါဘုရား'

'ဒုက္ခဝေဒနာကို မရှုနိုင်တဲ့အတွက် ဘာလာတုန်း'

'ဒေါသလာတာပါဘုရား'

'ဒေါသလာတာသည် ဘာလမ်းတုန်း'

'လူမိုက်လမ်းပါဘုရား'

'ဒုက္ခဝေဒနာသည် ယနေ့ သူတော်စင်များ သဘောပေါက်လိုက်ရမှာက ဘယ်အချိန်ပေါ်လဲမေးရင် တည်ဆဲအချိန်၊ ဘယ်အချိန်ပေါ်လဲ'

'တည်ဆဲအချိန်ပါဘုရား'

'တည်ပြီးရင် မပျက်ဘူးလား?'

'ပျက်ပါတယ်ဘုရား'

'ပျက်ရင် ဒုက္ခ ဟုတ်သေးလား?'

'မဟုတ်ပါဘုရား'

'အဲဒါလေးကိုမြင်နေရင် ကိုယ်သာနာမယ် စိတ်မနာဘူး'

'မှန်ပါဘုရား'

'ဒါကြောင့်မို့ ဒုက္ခဝေဒနာကို ဘုရားရှင်ကိုယ်တော်မြတ်ကြီးက ဘယ်လိုရှုရမယ်ဆိုတာကို ဟောပေးသွားတဲ့နေရာမှာ-

"ဒုက္ခ ဝေဒနာ တည်ဆဲမှာ၊ သလ္လာညောင့်သွင် ရှုရမည်"

'ဒီစကားတစ်လုံးကို အသဲစွဲအောင်မှတ်ထားနော်'

'မှန်ပါဘုရား'

'ဒုက္ခဝေဒနာ ပေါ်တိုင်း ပေါ်တိုင်းမှာ ဘယ်လိုရှုရမလဲဆိုတာကို

http://www.dhammadownload.com

ဘုရားရှင်ကိုယ်တော်မြတ်ကြီးက **'ဒုက္ခဝေဒနာ ဘိက္ခဝေ သလ္လတော ဒဋ္ဌဗ္ဗော'** လို့ ဟောထားပါတယ်၊ ဒုက္ခဝေဒနာ ဖြစ်တိုင်း ဖြစ်တိုင်းမှာ မင်းတို့တစ်တွေ နှလုံးသွင်းရမှာက ညောင့်စူးသလို နှိပ်စက်နေပါလားလို့ နှလုံးသွင်းလိုက်၊ ဟောဒီခန္ဓာကိုယ်ကြီးက ဒုက္ခခန္ဓာ အဲဒီခန္ဓာကိုယ်ကြီးပေါ်မှာ မခံသာတဲ့ နာမှုတွေက ထပ်ဆင့် ထပ်ဆင့် ညောင့်စူးသလို စူးပြနေတာ၊ အဲဒါကြောင့်မို့လို့ ဩော်-နှိပ်စက်နေပါလားလို့ နှလုံးသွင်းလိုက်တဲ့အချိန် မိမိရဲ့စိတ်မှာ နှလုံးသွင်းနေတာနော်'

'မှန်ပါဘုရား'

' အဲဒီ နှလုံးသွင်းနေတဲ့အခါမှာ ဒုက္ခဝေဒနာက ပေါ်တယ်၊ နှိပ်စက်နေပါလားလို့ နှလုံးသွင်းနေတယ်၊ အဲဒီလို နှလုံးသွင်းတဲ့ အတွက်ကြောင့်မို့လို့ ဒီဘက်မှာ ဒေါသလာသေးလား?'

'ဒေါသ မလာပါဘုရား '

'နှိပ်စက်တတ်တဲ့တရားတွေက မရှိဘူးလား?'

'ရှိပါတယ်ဘုရား '

'အဲဒီ အချိန်မှာ ဒုက္ခဝေဒနာကတော့ သူ့အကြောင်းရှိလိုက်ပေါ်လိုက်၊ အကြောင်းကုန်ရင် ချုပ်သွားလိုက်၊ အကြောင်းရှိလိုက်ပေါ်လိုက်၊ ချုပ်သွားလိုက်နဲ့ ဒုက္ခဝေဒနာက ဖြစ်ချုပ်ဖြစ်ချုပ်နဲ့ သွားနေတာ မိမိကလည်း ဒီမှာ နှိပ်စက်နေပါလားလို့ နှလုံးသွင်းတဲ့အတွက်ကြောင့်မို့လို့ ဟောဒီနောက်မှာ ဒေါသမလာဘူး၊ ဒေါသမလာရင် ဝေဒနာပစ္စယာ တဏှာ ဆက်အုံးမလား?'

'မဆက်တော့ပါဘုရား'

'ဒါလူလိမ္မာတွေရဲ့ နှလုံးသွင်းပုံကို ဘုရားရှင်ကိုယ်တော်မြတ်ကြီးက မဆက်အောင် သင်ပေးထားတယ်'

'မှန်ပါဘုရား'

'ဒုက္ခဝေဒနာကို သူတော်စင်များက ကြိတ်မနှိုင်ခဲမရဖြစ်နေမှာစိုးလို့ အဲဒီအချိန်ခါမှာ မရှုနိုင်တဲ့ပုဂ္ဂိုလ်များ နှလုံးသွင်းပုံလေးကို ပြောလိုက်ပါတယ်၊ နှိပ်စက်တတ်တဲ့တရားဖြစ်လို့ နှိပ်စက်နေပါလား၊ နှိပ်စက်နေပါလားလို့သာ နှလုံးသွင်းနေလိုက်ရင် အဲဒီပုဂ္ဂိုလ်ရဲ့သန္တာန်မှာ ဒေါသမလာ သေနေပါသည်၊

http://www.dhammadownload.com

ဒုက္ခဝေဒနာကတော့ ဖြစ်ချုပ် ဖြစ်ချုပ်နဲ့ကတော့ အကြောင်းမကုန်မချင်း ပြနေမှာပဲ၊ ရှင်းရဲ့လား?'

'ရှင်းပါတယ်ဘုရား'

'ဒါဖြင့် ဒုက္ခဝေဒနာကို သဘောပေါက်အောင် နှလုံးသွင်းပုံကို တစ်ချက်မှတ်ထားလိုက်'

'မှန်ပါဘုရား'

'ဒုက္ခဝေဒနာ ဘယ်အချိန်ပေါ်လဲ'

'တည်ဆဲအချိန်ပါဘုရား '

'အဲဒါကို ကိုယ်က ဖြစ်ချုပ်ကို ဉာဏ်နဲ့ထိုးထွင်းပြီး တော့ သဘောပေါက်အောင် မရှုနိုင်တဲ့အတွက်မို့လို့ အစိုင်အခဲတွေလို အစဉ်တန်းသလို အမြဲမပြတ် နှိပ်စက်နေတဲ့အခါမှာ နောက်က ဒေါသမလာအောင်လို့ ဖယ်ရှားတဲ့ နှလုံးသွင်းပုံလေးက နှိပ်စက်နေပါလား၊ ညောင့်စူးသလို နှိပ်စက်နေပါလား၊ လိုသလို နှလုံးသွင်းရမယ်လို့ သင်ပေးလိုက်တယ်'

မှန်ပါဘုရား'

'တစ်ခါ သုခဝေဒနာရော မပေါ်ဘူးလား?'

'ပေါ်ပါတယ်ဘုရား'

"သာယာဖွယ်ဟု၊ ခံစားမှု၊ သုခဝေဒနာမည်"

'မိမိတို့ သုခဝေဒနာဆိုတာက ခံသာတဲ့သဘောလေးကို အာရုံပြုလိုက်တဲ့အတွက်ကြောင့်မို့လို့ ခံသာတာက သုခ၊ ခံစားတာက ဝေဒနာ၊ သုခနဲ့ ဝေဒနာနဲ့ပေါင်း'

'သုခဝေဒနာပါ'

'သုခဝေဒနာရော မပေါ်ဘူးလား?'

'ပေါ်ပါတယ်ဘုရား '

'သုခဝေဒနာပေါ်တာကို သူတော်စင်များက အဲဒီအာရုံပေါ်မှာ သာယာသွားမယ်ဆိုရင် ဝေဒနာပစ္စယာ တဏှာ လာမလာ ?'

'မှန်ပါဘုရား'

http://www.dhammadownload.com

'ဒါဖြင့်သုခဝေဒနာကို မသိတဲ့ပုဂ္ဂိုလ်များအတွက် -

"သုခဝေဒနာ သာယာလာ၊ ရာဂနုသယ စွဲဝင်သည်"

'သုခဝေဒနာလေးအပေါ်မှာ ကိုယ်က ရှုရကောင်းမှန်းမသိဘဲနဲ့ ဒီပေါ်မှာ သဘောကျနေရင် ရာဂါနုသယဆိုတာ တဏှာဝင်လာတာ၊ ဘယ်သူဝင်လာတာတုန်း'

'တဏှာဝင်လာတာပါဘုရား'

'ပဋိစ္စသမုပ္ပါဒ် ဆက် မဆက် '

'ဆက်ပါတယ်ဘုရား'

'ဟော-သုခဝေဒနာပေါ်တော့လည်း မရှုနိုင်ရင်ဆက်ပါလား၊ အဲဒါလေးကို သိအောင်လို့-

"သုခဝေဒနာ တည်ဆဲမှာ၊ သုခချမ်းသာသည်"

'အဲဒီ ချမ်းသာတယ်၊ ချမ်းသာတယ်၊ ဘယ်အချိန်လေးလဲမေးတော့ တည်ဆဲအချိန် ဘယ်အချိန်တုန်း'

'တည်ဆဲအချိန်ပါဘုရား'

'သာယာတဲ့ ခံစားတဲ့အခိုက်လေးပဲ ချမ်းသာတာ၊ အဲဒီ သုခလေးကလည်း တည်ပြီးတဲ့နေတာလား ပျက်သွားတာလား?'

'ပျက်သွားတာပါဘုရား'

"သုခဝေဒနာ ပျက်ဆဲမှာ၊ ဒုက္ခာဆင်းရဲသည်"

'ဒါဖြင့် သုခဝေဒနာက တည်ဆဲအချိန်လေးမှာသာ ချမ်းသာတာပါ ပျက်သွားတော့ ချမ်းသာနိုင်သေးလား?'

'မချမ်းသာနိုင်ပါဘုရား'

'အဲဒီ တည်ဆဲ တည်ဆဲလေးကလည်း အခိုက်အတန့် ကြည့်ခွင့်တောင် မရဘူးနော်၊ ဘယ်လောက် လျင်မြန်စွာ ပျက်စီးနေတဲ့ တရားလဲ၊ ချမ်းသာရှာလို့မတွေ့အောင် ဒုက္ခရောက်နေပါလားလို့ ဒါလေးကို ပုံပေါ်အောင် ပြောလိုက်တာ'

'မှန်ပါဘုရား'

http://www.dhammadownload.com

'မိမိတို့က သုခဆိုရင် သာယာမှုလောက်ပဲ နားလည်နေတာ၊ အခုတော့ သုခဆိုတာ ဘယ်အချိန်လဲဆိုရင်'

'တည်ဆဲအချိန်ပါဘုရား'

'ဖြစ်ဆဲအခိုက်အတန့် ဒါလေးပဲ၊ အကြောင်းရှိခိုက်ကလေး မပေါ်ဘူးလား?'

'ပေါ်ပါတယ်ဘုရား'

'ကဲ-ဉာဏ်နဲ့ကြည့်ရင် ရှိအုံးမလား?'

'မရှိပါဘုရား'

'အဲလောက် လျင်မြန်စွာ ပျက်နေတဲ့ တရားတွေသည် ဒုက္ခရောက်နေပါလားလို့ မသိတဲ့အတွက် သုခ အာရုံပြုပြီး သာယာနေတော့ ဟော-လူမိုက်ဆိုတဲ့ပုဂ္ဂိုလ် ဝေဒနာပစ္စယာတဏှာဆက်လမ်း မသွားဘူးလား သွားသလား?'

'သွားပါတယ်ဘုရား'

'ဘာကြောင့်များ တို့သံသရာလည်နေလဲမေးတော့ ဒီသဘောတွေ မသိလို့'

'မှန်ပါဘုရား'

'အခုရှင်းလာပြီပေါ့နော်'

'မှန်ပါဘုရား'

' သုခဝေဒနာလေး ပေါ်လာပါတယ်၊ ပျက်သွားရင်ဒုက္ခ၊ ဒါကြောင့် ဘုရားရှင်ကိုယ်တော်မြတ်ကြီးက အဲဒီသုခ ဝေဒနာပေါ်တဲ့အခါမှာ နှလုံးသွင်းပုံလေးကို သုခ ဝေဒနာ ဘိက္ခဝေ ဒုက္ခတော ဒဋ္ဌဗ္ဗံ၊ ချစ်သားတို့ သုခ ဝေဒနာပေါ်ရင် ဒုက္ခလို့ နှလုံးသွင်းရမယ်ဟေ့၊ ဒုက္ခသစ္စာ ဒုက္ခသစ္စာလို့ နှလုံးသွင်းလိုက်၊ ဘာကြောင့်လဲမေးတော့ သုခဆို သာယာနေမှာစိုးလို့ '

'မှန်ပါဘုရား'

'တကယ်တမ်းကျ သာယာချိန်ရှိလား မေးရင်'

'မရှိပါဘုရား'

'အဲလိုဆိုရင် သုခဝေဒနာ ပေါ်တိုင်း ပေါ်တိုင်းမှာ သူတော်စင်များ

http://www.dhammadownload.com

အတွက်ကို အာရုံပြုပြီးတော့-

"သုခဝေဒနာ တည်ဆဲမှာ၊ ဒုက္ခအသွင် ရှုဉာဏ်ဝင်မှ၊ သတိကပ် အနုသယစွဲပြတ်မည်"

အခု သုခဝေဒနာလေး ပေါ်လာတယ်၊ ပေါ်လာတဲ့နေရာမှာ မိမိတို့က ပြော-ဒါ ဒုက္ခသစ္စာပါလား၊ သုခဝေဒနာဆိုတာ ငါလား၊ သူလား ခန္ဓာလား?'

'ခန္ဓာပါဘုရား'

'ခန္ဓာဘာသစ္စာ?'

'ဒုက္ခသစ္စာပါဘုရား'

' ပြနေတာကိုက ဒုက္ခ ပြနေတာ'

'မှန်ပါဘုရား'

'အဲဒါကို မိမိကသာယာတယ်၊ သွားအာရုံပြုလိုက်တဲ့ အတွက်တဏှာ ဝင်ရတာ၊ သာယာချိန်တောင်ရှိရဲ့လားမေးတော့'

'မရှိပါဘုရား'

'သုခဝေဒနာသည်ပင် ခန္ဓာဖြစ်တဲ့အတွက် ဒုက္ခသစ္စာပြနေတာ၊ ကဲ-ပျက်သွားတော့လည်း သုခလား, ဒုက္ခလား?'

'ဒုက္ခပါဘုရား'

'ဒါဖြင့် သုခဝေဒနာလို့သာ ဆိုင်းဘုတ်တပ်ထားပေမယ့် သာယာဖွယ်မရှိလောက်အောင်ကို ဒုက္ခ ဒုက္ခ ပြနေတာကို မိမိက မမြင်တဲ့အတွက် ကြောင့်မို့လို့ ဉာဏ်ရောက်တဲ့အသိကို မကိန်းတဲ့ပုဂ္ဂိုလ်များကို အခု သင်ပေးလိုက်ပါတယ်၊ သုခဝေဒနာပေါ်တဲ့နေရာမှာ ပြော-ဒုက္ခတွေပါလား၊ ဒုက္ခသစ္စာပါလားလို့ နှလုံးသွင်းလိုက်ရင် အဲဒီနှလုံးသွင်းမှုနောက်မှာ တဏှာမလာတော့ဘူး၊ တဏှာမလာဘူးဆို ပဋ္ဌိစ္စသမုပ္ပါဒ် ပြတ်မနေဘူးလား?'

'ပြတ်နေပါတယ်ဘုရား'

'သုခဝေဒနာကတော့ အကြောင်းအကျိုးဆက်နေသမျှတော့ ဖြစ်ချုပ်ဖြစ်ချုပ် ပြနေမှာပဲ'

'မှန်ပါ'

http://www.dhammadownload.com

'အဲဒီ ဖြစ်ချုပ် ဖြစ်ချုပ်ပြနေတဲ့ အခိုက်အတန့်မှာ ကိုယ်ကလည်း ဒါလေးကို ဒုက္ခသစ္စာလို့ နှလုံးသွင်းနေတဲ့အတွက်ကြောင့် တဏှာမလာ သေသွားပြီဆိုရင် ပဋိစ္စသမုပ္ပါဒ် မပြတ်ဘူးလား?'

'ပြတ်ပါတယ်ဘုရား'

'နှလုံးသွင်းပုံချင်း မတူဘူးနော် '

'မှန်ပါ'

'ဒုက္ခဝေဒနာကျတော့ ညောင့်စူးနေသလို နှိပ်စက်နေပါလားလို့ နှလုံးသွင်းလိုက်တယ်'

'မှန်ပါ'

'သုခဝေဒနာကျတော့လည်း ဒုက္ခသစ္စာလို့ နှလုံးသွင်းလိုက်တယ်၊ ကဲ-ဥပေက္ခာဝေဒနာ ကြည့်ရအောင်၊ ဥပေက္ခာဝေဒနာကျတော့-

"အညီအမျှဟု၊ ခံစားမှု၊ ဥပေက္ခာဝေဒနာမည်"

'ဥပေက္ခာဝေဒနာကျတော့ ဆင်းရဲတဲ့ဘက်ကိုလည်း မရောက်ဘူး၊ ချမ်းသာတဲ့ဘက်ကိုလည်း မရောက်ဘူး၊ ဆင်းရဲချမ်းသာ လွတ်တဲ့အခိုက်သည် ဥပေက္ခာ ဆင်းရဲချမ်းသာလွတ်တဲ့အခိုက်သည်'

'ဥပေက္ခာပါဘုရား'

'ဒါဖြင့် ဥပေက္ခာဝေဒနာကို-

"ဥပေက္ခာဝေဒနာ၊ မသိရှာ၊ အဝိဇ္ဇာနုသယ စွဲဝင်သည်"

'ဥပေက္ခာဝေဒနာပေါ်လာတိုင်း ပေါ်လာတိုင်း သိတဲ့ပုဂ္ဂိုလ် အင်မတန် ရှားတယ်၊ မသိတာက များနေကြတယ်၊ ဒါဖြင့် ဥပေက္ခာဝေဒနာပေါ်ပြီဆိုရင် ဘယ်သူလိုက်လဲမေးရင် '

'အဝိဇ္ဇာလိုက်ပါတယ်ဘုရား'

'မိမိတို့က အဲဒီမောဟကို ဥပေက္ခာလို့ပြောနေကြတာ မဟုတ်ဘူးနော်'

'မှန်ပါ'

'ဥပေက္ခာဝေဒနာဆိုတာက ချမ်းသာဆင်းရဲလွတ်တဲ့အခိုက် ခံစားကာမျှမတ္တ အဲဒီ ခံစားကာမျှမတ္တသည် ဟော မသိလိုက်တာက အဝိဇ္ဇာ မောဟ

http://www.dhammadownload.com

လာတာ၊ အဲလိုလာပြီဆိုရင် ဝေဒနာပစ္စယာ တဏှာသွားပြီ၊ ဒီလိုဆိုရင် ပဋ္ဌိစ္စ သမုပ္ပါဒ် မလည်ဘူးလား?'

'လည်ပါတယ်ဘုရား'

'ဥပေက္ခာဝေဒနာကို မသိရင် ဘယ်သူလာလဲ'

'အဝိဇ္ဇာလာပါတယ်ဘုရား'

'သူတော်စင်များက တရားတွေကိုနာကြားပြီးတော့ ဥပေက္ခာ ဆိုတာကို လျှစ်လျူရှုတယ်ဆိုပြီး ဒီလောက်လေးပဲ နားလည်ကြတယ်၊ သားသမီးတွေကို ဆုံးမ မရဘူးဆိုရင် ဥပေက္ခာပြုထားလိုက် မပြောဘူးလား ပြောလား?'

'ပြောပါတယ်ဘုရား'

'အဲဒီဥပေက္ခာက ဘာလဲမေးတော့ မောဟနဲ့ ကျောခိုင်းတာ ဘာနဲ့ ကျောခိုင်းတာတုန်း'

'မောဟနဲ့ကျောခိုင်းတာပါဘုရား'

'သိမှမသိဘဲ'

'မှန်ပါဘုရား'

'ဥပေက္ခာဆိုတာက သိကိုသိတယ်၊ ဥပေက္ခာဝေဒနာကို ပြတိုင်း ပြတိုင်းမှာ ကိုယ့်က ရှုတိုင်း ရှုတိုင်း သိတဲ့အသိလေးက ဘယ်လိုသိနိုင်လဲ မေးရင် ချစ်သားတို့၊ ဥပေက္ခာဝေဒနာပေါ်ရင် ရှုရမှာက **ဥပေက္ခာ ဝေဒနာ ဘိက္ခဝေ အနိစ္စတော ဒဋ္ဌဗ္ဗံ**၊ ဥပေက္ခာဝေဒနာပေါ်ရင် ဉာဏ်သမားက တန်းမြင်တယ်၊ ဘာမြင်သလဲမေးတော့ ဖြစ်ပျက်တန်းမြင်တယ်၊ ဒါဖြင့် ဥပေက္ခာ ဝေဒနာသည် ဘာမြင်လဲမေးရင်'

'ဖြစ်ပျက်ပါဘုရား'

'အနိစ္စ တန်းမြင်တာ အနိစ္စတန်းမြင်ရင် ဘာဝေဒနာ'

'ဥပေက္ခာဝေဒနာ'

'အရှုခံတရား ပေါ်တိုင်း ပေါ်တိုင်းမှာ အပျက်လေးတွေကို အကြည့် မခံရအောင် မြင်နေရင် ချမ်းသာတဲ့ဘက်ကိုသွားလား?'

'မသွားပါဘုရား'

http://www.dhammadownload.com

'ဆင်းရဲတဲ့ ဘက်ကို အာရုံပြုလား?'

'မပြုပါဘုရား'

'ချမ်းသာဆင်းရဲ လွတ်မလွတ်'

'လွတ်ပါတယ်ဘုရား'

'လွတ်တဲ့အခိုက်လည် အနိစ္စမြင်နေတဲ့အခိုက်၊ အဲဒါ ဥပေက္ခာဝေဒနာ ဘာဝေဒနာ '

'ဥပေက္ခာဝေဒနာပါဘုရား'

'ဒါဆိုရင် ဥပေက္ခာဝေဒနာကို ဉာဏ်သမားက မြင်တယ်ဆိုတော့ ဒီနေရာမှာ ပြောလိုက်ပါပြီ အနိစ္စတန်းမြင်သည် ဘာမြင်တာတုန်း'

'အနိစ္စတန်းမြင်ပါတယ်ဘုရား'

'ဒါဖြင့်ရင် တရားရှုတဲ့ နေရာမှာ သူတော်စင်များ သဘောပေါက်မှု မလွဲအောင်လို့ နားလည်တဲ့ အနေထားမျိုးကို အခုပြောပြမယ်၊ ကိုယ့်ခန္ဓာ ကိုယ်မှာ နာတယ်ဆိုတဲ့ တရားတစ်ခု ပြတယ်ပေါ့နော်၊ သူတော်စင်များက အဲဒီနာတာကို ကြည့်ပြီးတော့ ဒုက္ခဝေဒနာလို့ သတ်မှတ်ကြတယ်၊ ကဲ အဲဒီကျ တော့ အဲဒီနာကျင်နေတာ တစ်ခုတည်းကိုပဲ ဒုက္ခဝေဒနာလို့ သတ်မှတ်တာ၊ မှန်မမှန်ဆိုတာလေးကို အခုပြောမယ်၊ ယောဂီ သုံးယောက်ရှိတယ်ပေါ့၊ ယောဂီသုံးယောက်မှာ ပထမဆုံး ဘာမှမသိဘဲ စရှုတဲ့ယောဂီ၊ အလေ့အကျင့် တွေ အားကောင်းတဲ့ ယောဂီ၊ ဉာဏ်ရောက်တဲ့ ယောဂီလို့ ဘယ်နှစ်မျိုး'

'သုံးမျိုးပါဘုရား'

'သုံးမျိုး အဲဒီသုံးမျိုးမှာ တရားစထိုင်ပြီဟော့ဆိုရင် မိနစ် (၂၀)၊ နာရီ ဝက်လောက်ကြာရင် ခန္ဓာကိုယ်က နာမှုသည် ထိုင်တဲ့ပုဂ္ဂိုလ်တိုင်းမှာ မပေါ်လာ ဘူးလား?'

'ပေါ်ပါတယ်ဘုရား'

'အောက်ကဖျာ သင်ဖြူး ကြမ်း ပျဉ်နဲ့ ဖိထိုင်ထားတဲ့အတွက် နာတာ လေးတွေ ပေါ်နေပြီနော် '

'မှန်ပါ့ဘုရား'

http://www.dhammadownload.com

'အဲဒီလိုပေါ်တဲ့နေရာမှာ စပြီးတော့ရှုတဲ့အသစ်ကျတော့ မိနစ် (၂၀) နာရီဝက် ကြာတဲ့အခါ သူပြလာတဲ့ နာကျင်မှု ခံနိုင်ပါ့မလား?'

'မခံနိုင်ပါဘုရား'

'အဲဒီနာကျင်မှု မခံသာတာကို ဒုက္ခ၊ မခံသာတာကို'

'ဒုက္ခပါဘုရား'

'အလေ့အကျင့်ရတဲ့ပုဂ္ဂိုလ်ကျတော့ အဲဒီနာရီဝက်လေးမှာ နာတဲ့သဘောကို သူကတော့ ခံသာတဲ့သဘောနဲ့ အာရုံမပြုနိုင်ဘူးလား?'

'ပြုနိုင်ပါတယ်ဘုရား'

'ဟိုတစ်ယောက်က မခံသာဘူးနော် '

'မှန်ပါ့ဘုရား'

'သူ့ကျတော့'

'ခံသာပါတယ်ဘုရား'

'အလေ့ကျင့်ရလို့၊ ဒါဖြင့် ခံသာတာကသုခ၊ ခံသာတာက'

'သုခပါဘုရား'

'ဉာဏ်ရောက်တဲ့ပုဂ္ဂိုလ်ကျတော့ အဲဒီ နာတာလေးပေါ်တာကို သူက သက်သာတယ်လို့လည်း အာရုံမပြုဘူး ဟော-အနာကြီးနာတယ်လို့လည်း အာရုံမပြုဘူး၊ မြင်တာက ဖြစ်ပျက်တန်းမြင်တယ်၊ ဘာမြင်တုန်း'

ဖြစ်ပျက် တန်းမြင်ပါ့တယ်ဘုရား'

'ဒါဖြင့်သုံးယောက် တူလား?'

'မတူပါဘုရား'

'မတူဘူး'

'အဲဒီနာတာကိုကြည့်လိုက်တဲ့အခါမှာ ဉာဏ်ရှိတဲ့ပုဂ္ဂိုလ်ရဲ့ အမြင်အောက်မှာကျတော့ အပျက်တန်းမြင်တယ်၊ ခံသာတဲ့ပုဂ္ဂိုလ်ကျတော့ သူက အပျက်ကိုလည်း ရှုလို့မရသေး မမြင်သေးတဲ့အခါမျိုးကျတော့ ဒါလေးကို ခံသာတဲ့အတွက် သုခ၊ အောင့်အီးခံနေရတဲ့သူကျတော့ ဒုက္ခ၊ နာတာ

http://www.dhammadownload.com

တစ်မျိုးထဲကိုပဲ သုံးမျိုးပေါ်သွားပြီ'

'မှန်ပါဘုရား'

'မပေါ်ဘူးလား?'

'ပေါ်ပါတယ်ဘုရား'

'မခံသာတဲ့သူ ဘက်က ဒုက္ခ၊ ခံသာတဲ့သူ့ဘက်က သုခ၊ ကဲ-ဖြစ်ပျက်မြင်တဲ့သူကျတော့ သုခ၊ ဒုက္ခ လွတ် မလွတ်'

'လွတ်ပါတယ်ဘုရား'

'အနိစ္စတန်းမြင်သွားပြီ'

'မှန်ပါဘုရား'

'တရားသဘောက ဒါပဲနော် '

'မှန်ပါဘုရား'

'ဒါဖြင့် ဥပေက္ခာ၊ ဥပေက္ခာဆိုတာ ဘာပြောတာလဲမေးတော့ အနိစ္စမြင်တာပြောနေပါလား၊ ဘာမြင်တာလဲ'

'အနိစ္စပါဘုရား'

'ဒါဖြင့် တရားကျင့်တဲ့ ပုဂ္ဂိုလ်များသည် ကိုယ့်ရဲ့သန္တာန်မှာ ပေါ်နေတဲ့ တရားတွေကို ပြောခဲ့တဲ့အတိုင်း ရူပ်နဲ့ဝေဒနာသာ ကွဲစမ်းပါစေ၊ အဲဒီပုဂ္ဂိုလ်တွေသည် အပျက်ကို တန်းရှုလို့ရပြီနော်'

'မှန်ပါဘုရား'

'သဘောမပေါက်သေးတဲ့အတွက် နာတာကြီးသည် ကိုယ်နဲ့စပ်ပြီး ဖောက်ပြန်တဲ့ ရူပ်တရားလို့မသိတဲ့အတွက်ကြောင့် ဒုက္ခနာတယ်၊ ပေါင်ကနာတယ်ဆိုတော့၊ ဟော မခံနိုင်ဘူး မခံနိုင်ဘူးဆိုပြီး ပညတ်ပေါ်တင်နေကြတာ'

'မှန်ပါဘုရား'

'ဒါဖြင့်ရင် နာတယ်ဆိုတဲ့ဆိုင်းဘုတ် ပါသွားရင် ပြင်းထန်လာမှု အပေါ် မခံသာဘူး၊ လျော့သွားရင် ခံသာတယ်၊ ဒါဖြင့် နာတယ်ဆိုတဲ့ ဆိုင်းဘုတ်ကို လွှတ်ပြီးတော့မှ ဖောက်ပြန်တဲ့အတိုင်း ဉာဏ်ရောက်အောင် အပျက်တန်းမြင်ရင် နာတာကြီးလည်း အပျက်၊ အနာကြီးနာလည်းပဲအပျက်၊ အဲဒီလို မြင်

http://www.dhammadownload.com

သွားပြီဆိုရင် ဟောဒီမှာဟေ့ ကိုယ်သာနာမယ် စိတ်နာအုံးမလား?'

'မနာပါဘုရား'

'အနိစ္စတန်းမမြင်ဘူးလား, မြင်မှာလား'

'မြင်မှာပါဘုရား'

'အဲဒီပုဂ္ဂိုလ်သည် ဝေဒနာနိရောဓာ'

'တဏှာနိရောဓောပါဘုရား '

'မသွားဘူး၊ သွားမှာလား?'

'သွားမှာပါဘုရား '

'ဒါဖြင့် လူမိုက်ဆိုတဲ့ ပုဂ္ဂိုလ်နဲ့ လူလိမ္မာဆိုတဲ့ပုဂ္ဂိုလ် ဒီနေရာ ကွာ သွားပြီနော် '

'မှန်ပါဘုရား'

'လူမိုက်ဆိုတဲ့ပုဂ္ဂိုလ်ကို ပြောထားပါတယ်၊ ဝေဒနာသုံးမျိုးပေါ်တယ်၊ ခံစားတဲ့နေရာမှာ လူမိုက်ဝေဒနာခံစားတာက တဏှာပါလေသည်၊ အဲဒီတော့ တဏှာလာပြီဆိုရင် ဥပါဒါန်ကော နေပါ့မလား?'

'မနေပါဘုရား'

'ကံကော နေပါ့မလား?'

'မနေပါဘုရား'

'မရမနေကြိုးစားတဲ့အတွက် ကမ္မဘာဝပစ္စယာ'

'ဇာတိရပါပြီဘုရား '

'အဲဒါဘယ်သူ့လမ်း'

'လူမိုက်လမ်းပါဘုရား '

'ဒါကြောင့်မို့. . .

"လူမိုက်ဝေဒနာခံစားရာ၊ တဏှာပါလေသည်

တဏှာလာဘိ ကံဇာတိ၊ အိုဘိ နာဘိ သေရမည်"

'ဒီလို အိုနာသေကို မဆုံးနိုင်အောင်လို့ ဒုက္ခတွေ စဉ်ဆက်မပြတ်

http://www.dhammadownload.com

အဆက်အစပ်နဲ့ အမြဲတမ်းရနေတာသည် လူမိုက်သွားတဲ့လမ်းလို့ မှတ်ထား'

'မှန်ပါဘုရား'

'ဝေဒနာတွေ ပေါ်တိုင်းပေါ်တိုင်းမှာ ဒုက္ခဝေဒနာ ပေါ်ရင် ဒေါသလာတယ်၊ သုခဝေဒနာပေါ်ရင် တဏှာလာတယ်၊ ဥပေက္ခာ ဝေဒနာ လာရင် မသိတော့ အဝိဇ္ဇာလာတယ်၊ ဒါကြောင့်မို့ တဏှာလာရင် အလည်က ဆက်တယ်၊ ဒေါသလာရင် အဆုံးကပတ်တယ်၊ အဝိဇ္ဇာလာရင် အစက ပတ်တယ် ဆိုတော့ ပဋ္ဌိစ္စသမုပ္ပါဒ်ကို မှတ်နေအောင်လှည့်တာ ဘယ်သူပါလဲ'

'လူမိုက်ပါဘုရား '

'ယောဂီတွေဟုတ်လား?'

'မဟုတ်ပါဘုရား'

'ဘယ်သူပါလိမ့် '

'လူမိုက်ပါဘုရား'

'လူမိုက်က ဆက်နေတာ လူလိမ္မာကျတော့ -

"လူလိမ္မာ ဝေဒနာ ခံစားရာ၊ ရှုကာမဂ္ဂင် ပါလေသည်"

'အခု လူလိမ္မာကျတော့ သုခဝေဒနာကိုလည်းပဲ သူ့မှာက ရှုဉာဏ်တွေ ကိန်းပြီးတော့မှ ချော်. . . ဒုက္ခသစ္စာပါလားလို့ သုခဝေဒနာပေါ်တိုင်းပေါ်တိုင်း နှလုံးသွင်းတယ်၊ ဒုက္ခဝေဒနာပေါ်ပြန်တော့လည်း နှိပ်စက်နေပါလားလို့ အသိဉာဏ်လိုက်ပြီး နှလုံးသွင်းတယ်၊ ဥပေက္ခာ ဝေဒနာပေါ်တော့ လည်းပဲ အပျက်ကိုတန်းမြင်တယ်ဆိုတော့ ကိလေသာ လာသေးလား?'

'မလာပါဘုရား'

'သုခဝေဒနာနောက်မှာ လာမယ့်တဏှာကို ဖြတ်ပစ်လိုက်တယ်၊ ဒုက္ခဝေဒနာ၊ နောက်ကလာမယ့် ဒေါသကိုလည်း ပယ်လိုက်တယ်၊ ဥပေက္ခာ ဝေဒနာ နောက်ကလာမယ့် မောဟကိုလည်း ဝင်ခွင့်မပေးဘူး ဆိုတော့ ဝေဒနာ နိရောဓ'

'တဏှာနိရောဓောပါဘုရား '

'ရှင်းရဲ့လား?'

'ရှင်းပါတယ်ဘုရား'

http://www.dhammadownload.com

'ဒါဖြင့် လူလိမ္မာဆိုတဲ့ပုဂ္ဂိုလ်က ဝေဒနာနောက်မှာ ဘာလိုက်'

'မဂ္ဂင် လိုက်ပါတယ်ဘုရား'

'မဂ္ဂင်လိုက်တဲ့အတွက်ကြောင့်မို့လို့ တဏှာ ဥပါဒါန် လာသေးလား?'

'မလာတော့ပါဘုရား '

"မဂ္ဂင်ပါရာ ချုပ်တဏှာ၊ ဥပါဒါန်နှင့်ကံ ချုပ်သည်"

'ကံကိုယ်က လူလိမ္မာဖြစ်လာတဲ့အခါကျတော့ ဝေဒနာတွေ ကြိုက်သလို လှည့်ပေါ့၊ သူ့ရဲ့သဏ္ဌာန်မှာ နှလုံးသွင်း မလွဲတဲ့အတွက်ကြောင့်မို့လို့ တဏှာ၊ ဥပါဒါန်၊ ကံဆိုတဲ့ တရားတွေ မလာအောင် ဘယ်သူက ဝင်တားလိုက်လဲလို့ မေးတော့ မဂ္ဂင်၊ ရှင်းရဲ့လား?'

'မှန်ပါဘုရား'

'ဒီလိုဆိုရင် ဝေဒနာနိရောဓာ တဏှာနိရောဓောဆိုတဲ့ စကားဟာ စာဆို အရဆိုထားတာပါ၊ တကယ်တမ်း ဝေဒနာချုပ်လို့ ဒီဘက်က တဏှာ ချုပ်သလားဆိုတော့၊ ဟော တဏှာချုပ်သွားတာ မဟုတ်သေးဘူး၊ ဟောဒီ ဝေဒနာနဲ့တဏှာကြားမှာ ဘာဝင်တာလဲမေးတော့ ဉာဏ်ဝင်သွားတာ၊ ဘာဝင်သွားတာလဲ'

'ဉာဏ်ဝင်တာပါဘုရား'

'ဒါဖြင့် ဝေဒနာရဲ့ဖြစ်ချုပ်လေးကို ဉာဏ်ကအာရုံလေးပြုပြီး သိနေတဲ့အတွက်ကြောင့်မို့လို့ တဏှာမလာတာ၊ အဲဒါကို ဝေဒနာနိရောဓာ တဏှာနိရောဓောဆိုပြီး ဉာဏ်ဝင်ပုံလေး ပြသွားတာ'

'မှန်ပါဘုရား'

'တခြားလား လူလိမ္မာလား?'

'လူလိမ္မာပါဘုရား'

'ဒါဖြင့် လူလိမ္မာသည် ဝေဒနာနိရောဓာ တဏှာ နိရောဓောကို ဉာဏ်ဝင်လိုက်တဲ့အတွက် တဏှာ ဥပါဒါန် ကံ မလာဘူးဆိုရင်'

'လူလိမ္မာလမ်းပါဘုရား'

http://www.dhammadownload.com

'လူလိမ္မာက ဟောဒီ. . . ဇာတိ၊ဇရာ၊မရဏတွေကို ချုပ်အောင် တဏှာကို သေနိုင်တဲ့အချက်ကို သူကရအောင် ကြိုးစားသွားတယ်၊ ထွက်လမ်း ကနေ လျှောက်သွားတယ်ပေါ့'

'မှန်ပါဘုရား'

'လူမိုက်ကတော့ ဝေဒနာပေါ်တိုင်း ပေါ်တိုင်းမှာ တဏှာ ဥပါဒါန် ကံတွေကို အမြဲမပြတ် သိုလှောင်ထားတယ်၊ ဒါကြောင့် ဇာတိဒုက္ခ၊ ဇရာဒုက္ခ၊ မရဏဒုက္ခတွေက စဉ်ဆက်မပြတ် အမြဲတမ်း မပေါ်ဘူးလား?'

'ပေါ်ပါတယ်ဘုရား'

'ဒါဖြင့် လူမိုက်တွေ ဆက်လမ်းကိုသွားတယ်၊ လူမိုက်နဲ့ လူလိမ္မာ ဟောဒီ ပစ္စုပ္ပန် ကနေပြီး ပစ္စုပ္ပန်ကိုသွားတဲ့နေရာ အနာဂတ်ကိုလျှောက်တဲ့ နေရာ တူလား?'

'မတူပါဘုရား'

'လူမိုက်နဲ့ လူလိမ္မာ တူတာကော မရှိဘူးလား?'

'ရှိပါတယ်ဘုရား'

'မတူတာကောမရှိဘူးလား?'

' ရှိပါတယ်ဘုရား'

'အဲဒီ နှစ်ချက်လေးကို ပေါ်လွင်အောင် -

"လူမိုက် လူလိမ္မာ လာတူပါ၊ နေတာထူးလေသည်"

မတူဘူးလား၊ အတိတ်က ဘာနဲ့ဘာလာ'

'အဝိဇ္ဇာနဲ့ သခ်ၸါရပါဘုရား '

'လူမိုက်လည်း အဝိဇ္ဇာသခ်ၸါရလုပ်ပြီး လာခဲ့သလို လူလိမ္မာလည်း အဝိဇ္ဇာသခ်ၸါရ လုပ်ပြီး လာခဲ့ပါတယ်၊ အလာတော့တူပါတယ် အနေကျတော့ လူမိုက်က ဝေဒနာ ပစ္စယာ တဏှာနဲ့နေတယ်၊ လူလိမ္မာကျတော့ ဝေဒနာ နိရောဓာ တဏှာ နိရောဓောနဲ့နေတယ်၊ ဒါနေပုံချင်းတူလား?'

'မတူပါဘုရား '

http://www.dhammadownload.com

' နေပုံချင်းမတူတဲ့အတွက်ကြောင့်မို့ သေပုံချင်းလည်း မတူဘူးလို့ မှတ်ပါ'

'မှန်ပါဘုရား'

'နေပုံချင်းတူရင်'

'သေပုံချင်းလည်းမတူပါဘူး '

'တဏှာနဲ့ သေရင်လည်းပဲ မဲ့သေပဲ၊ ဒေါသနဲ့သေလည်း မဲ့သေပဲ၊ မောဟနဲ့သေလည်း'

'မဲ့သေပါဘုရား'

'မဲ့သေရင် ဘယ်သွားရမယ်'

'အပါယ်သွားရပါမယ်ဘုရား '

'ဒါ-လူမိုက်ရဲ့လမ်းနော်'

'မှန်ပါဘုရား'

'လူလိမ္မာကျတော့ နှလုံးသွင်းနေတာက ဟောဒီပေါ်လာတဲ့ အရှုခံတရားနောက်မှာ ဉာဏ်ကလိုက်တဲ့အတွက်ကြောင့်မို့ ကိလေသာတွေစင်မနေဘူးလား?'

'စင်ပါတယ်ဘုရား'

'သေတဲ့အခါမှာ ပြုံးသေမယ်'

'မှန်ပါဘုရား'

'မဲ့သေစရာအကြောင်း မရှိဘူး၊ ဘာကြောင့်လဲမေးတော့ ကိလေသာကို ပယ်ထားလို့၊ ဘာတွေပယ်ထားလို့ '

'ကိလေသာကိုပယ်လို့ပါဘုရား '

'ဒါဖြင့် လူမိုက်နဲ့ လူလိမ္မာသည် သေပုံချင်းမတူတော့ဘူး၊ သေပုံမတူရင် ရောက်ပုံချင်းရော တူမလား?'

'မတူပါဘုရား'

'ဒါက လူမိုက်နဲ့ လူလိမ္မာ မတူပုံ ပြောနေတာ'

'မှန်ပါဘုရား'

http://www.dhammadownload.com

"အနေထူးက သေထူးရ၊ ရောက်ရထူးလေသည်"

'ကဲ-အနေလည်း မထူးဘူးလား ?'

'ထူးပါတယ်ဘုရား'

'ဆက်တာနဲ့ ပြတ်တာကွာတာပဲ'

'မှန်ပါ့ဘုရား'

'အသေကော မထူးဘူးလားဆိုတော့ ပြုံးသေနဲ့မဲ့သေ ကွာသွားတာပဲ၊ အရောက်ကလည်း မတူတာက အပါယ်လေးဘုံရောက်တာနဲ့ သုဂတိဘုံက တစ်ဆင့် နိဗ္ဗာန်ရောက်တာ ကွာတာပဲ'

'မှန်ပါ့ဘုရား'

'ဒါ့ကြောင့် လူမိုက်နဲ့ လူလိမ္မာနဲ့ လမ်းနှစ်သွယ်မရှိဘူးလား?'

'ရှိပါတယ်ဘုရား'

'ဟောဒီဝေဒနာကိုသာ သေချာသဘောမပေါက်ရင် ကိုယ်ကျိုးနည်း နိုင်ပါလားဆိုတာ ပြနေပြီနော်'

'မှန်ပါ့ဘုရား'

'ယနေ့ မိမိတို့တစ်တွေလည်းပဲ တရားဓမ္မတွေကို အားထုတ်နေကြတဲ့ နေရာမှာ ဟောဒီ ဝေဒနာသုံးမျိုးသည် အရေးကြီးပါလားဆိုတာ ပြလိုက်ပြီ '

'မှန်ပါ့ဘုရား'

'သုခဝေဒနာပေါ်တိုင်း ပေါ်တိုင်းမှာ ဘယ်အချိန်လဲမေးရင်'

'တည်ဆဲအချိန်ပါဘုရား'

'ပျက်သွားရင် သုခဟုတ်သေးလား?'

'မဟုတ်ပါဘုရား '

'ဒါ့ကြောင့်မို့ သုခဝေဒနာပေါ်တိုင်း ပေါ်တိုင်းမှာ နောက်က တဏှာ မလိုက်ချင်ရင် ဒုက္ခသစ္စာပါလို့ နှလုံးသွင်းလို့ ဟောထားပါတယ်နော်'

'မှန်ပါဘုရား '

'မိမိက ဉာဏ်သွက်လို့မျှား အပျက်ရှုနိုင်ရင် ဆိုဖွယ်ရာမရှိဘူးပေါ့'

'မှန်ပါဘုရား'

http://www.dhammadownload.com

' အဲဒီ အပျက်မရှိနိုင်တဲ့အခါမှာ နှလုံးသွင်းမလွဲအောင်လို့ ဒီလို နှလုံးသွင်းပါလို့ သင်ပေးမထားဘူးလား?'

'သင်ပေးပါတယ်ဘုရား'

'ဒုက္ခ ဝေဒနာ ဈေါ်တိုင်း ပေါ်တိုင်းမှာလည်းပဲ အဲဒီဒုက္ခတွေနောက်မှာ ဒေါသမလိုက် ရအောင်လို့ မိမိတို့ရဲ့သန္တာန်မှာ ဘယ်အချိန် ဒုက္ခက နှိပ်စက်လဲ မေးရင်'

'တည်ဆဲအချိန်ပါဘုရား '

'အဲဒီ ဒုက္ခနောက်က ဒေါသမလိုက်အောင် နှလုံးသွင်းပါဆိုတော့ ညောင့်စူးသလို နှိပ်စက်နေပါလား၊ ဒါလေးကို နှလုံးသွင်းလိုက်ရင် ဖြစ်ပျက်မရှိနိုင်တဲ့ပုဂ္ဂိုလ်များအတွက် ဒေါသကို ပယ်သတ်ပြီးသားနော်'

'မှန်ပါဘုရား'

'ကိုယ့်ရဲ့သန္တာန်မှာ ငြိမ်းချမ်းအောင်လုပ်ရမှာ'

'မှန်ပါဘုရား'

'အေး-ဖြစ်ပျက် ဘယ်အချိန်လဲမေးရင်တော့ ပေါ်တဲ့ အရှုခံတရားလေးတွေအပေါ်မှာ နှလုံးသွင်းလိုက်တဲ့အခါမှာ အပျက်မြင်ရင် ဘာတုန်း'

'ဥပေက္ခာပါဘုရား'

' ဒါဖြင့်ဥပေက္ခာသည် အနိစ္စတန်းမြင်တယ်'

'မှန်ပါဘုရား '

'ဘာတန်းမြင်တုန်း'

'အနိစ္စပါဘုရား '

'ခုနကပြောခဲ့တဲ့ နာသဘောလေးတစ်ခုကို လူသုံးယောက်က အမြင်မတူပုံလေးနဲ့ ပြသွားပြီနော်'

'မှန်ပါ့ဘုရား'

'ဘယ်လောက်ပဲနာနာ အပျက်ကိုရှုနိုင်ရင် ဘယ်လောက်ပဲ သိမ်မွေ့နေပါစေ အပျက်ကိုရှုနိုင်ရင် သုခ၊ ဒုက္ခ လွတ် မလွတ် '

'လွတ်ပါတယ်ဘုရား'

http://www.dhammadownload.com

'တကယ်လို့ နာတာကြီးပေါ်မှာ နာလိုက်တာဆိုရင် ပညတ်ပေါ် တင်သွားတဲ့အတွက် ဒုက္ခ၊ အဲဒီနာတာလေးကို ချော်-နာတာလေးက လျော့သွားပါလားလို့ ပညတ်ပေါ်တင်နေရင် အဲဒီပုဂ္ဂိုလ် သုခဆက်မသွားဘူးလား?'

'သွားပါတယ်ဘုရား'

'အဲဒီလွတ်တဲ့အချိန်မှာ ဘာမြင်လဲ'

'ဖြစ်ပျက် မြင်ပါတယ်ဘုရား'

'ဒါဖြင့် လူလိမ္မာဆိုတဲ့ပုဂ္ဂိုလ်သည် ကိုယ့်ရဲ့သဏ္ဌာန်ရှိတဲ့ တရားဝေဒနာပဲပြပြ ရုပ်ပဲပြပြ စိတ်ပဲပြပြ ကြိုက်တာပြပါစေ၊ ကိုယ့်ဉာဏ်အောက်မှာ အကြည့်မခံလောက်အောင် တပျက်ထဲပျက်နေတာကိုမြင်နေရရင် အဲဒီပုဂ္ဂိုလ်သည် ဝေဒနာ နိရောဓာ'

'တဏှာနိရောဓောပါဘုရား'

'ဖြတ်လမ်း မတွေ့ဘူးလား၊ တွေ့မှာလား?'

'တွေ့ပါတယ်ဘုရား'

'ဒါဖြင့် လူမိုက်ဆိုတဲ့ပုဂ္ဂိုလ်က ဆက်လမ်းကိုသွားတယ်၊ လူလိမ္မာဆိုတဲ့ပုဂ္ဂိုလ်က ထွက်လမ်းကိုသွားတယ်၊ ဒါဖြင့် မိမိတို့တစ်တွေက လူလိမ္မာတွေဖြစ်တယ်ဆိုတော့ ထွက်လမ်းသိနေမှတော့ အမြဲသွားနေခဲ့တဲ့ ဆက်လမ်းကို ဖြတ်ပြီး ဝေဒနာပေါ်တိုင်း ဖြစ်ပျက်ရှုလို့ ဉာဏ်ကပ္ပိမယ့် နိဗ္ဗာန်ကို အရောက်တက်လှမ်းကြပါလို့ တိုက်တွန်းရင်း သာဓုသုံးကြိမ်ခေါ်လို့ တော်လိုက်ကြရအောင် . . . ။

(သာဓု . . . သာဓု . . . . သာဓု)

http://www.dhammadownload.com



ဝန်တိုပြစ်ချား အပြစ်များ

တရားတော်

http://www.dhammadownload.com

http://www.dhammadownload.com

ဝန်တိုပြစ်မှား အပြစ်များ တရားတော်

သာသနာတော်နှစ် (၂၅၅၁) ခုနှစ်၊ ကောဇာသက္ကရာဇ် (၁၃၆၉) ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၉) ရက်၊ ခရစ်နှစ် (၂၀၀၇) ခု၊ ဒီဇင်ဘာလ (၃) ရက်နေ့၊ ရှမ်းပြည်နယ်တောင်ပိုင်း၊ မိုင်းရှားမြို့နယ်၊ ဝမ်ကမ်ဒေသ၊ စျေးသစ်နယ်မြေ၊ ထေရဝါဒဗုဒ္ဓသာသနာပြန့်ပွားရေးအဖွဲ့၊ သစ္စာဓမ္မာရုံမှာ (၁၀) ရက်တိုင်တိုင် ကျင်းပပြုလုပ်တဲ့ ဓမ္မဒါနတရားအလှူ အမတဒါန အမြိုက်နိဗ္ဗာန်အလှူ ပေးလှူတဲ့ပွဲမှာ (၅) ရက်မြောက်နေ့ ညနေပိုင်းတရား အဖြစ်ဟောကြားအပ်သော အဂ်ုတ္တရနိကယ် ပဉ္စကနိပါတ် အဂ်ုတ္တိရ်ပါဠိတော်မှ မစ္ဆရိယသုတ်ကို ထုတ်နုတ်ဟောကြားအပ်သော **" ဝန်တိုပြစ်မှား အပြစ်များ တရားတော် "** ။

ဒီတရားတော်ကို မဟောကြား၊ မနာကြားမီမှာ တရားပိုင်ရှင်ဖြစ်တော်မူသော မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးကို နမောပြန်ဘုရားရှိခိုးနဲ့ ရှိခိုးကြည်ညိုပါ့မယ်၊ လေးလေးစားစားလက်အုပ်ချီမိုး၍ အာရုံပြုထားကြပါ။

(----------)

(သာဓု . . . သာဓု . . . သာဓု)

http://www.dhammadownload.com

'ဘုရားရှင်ကိုယ်တော်မြတ်ကြီးကို ရှိခိုးကြည်ညြိုးတဲ့နောက်မှာ မိမိတို့အားလုံး ဝမ်းကမ်းဒေသရတနာမြေမှာ အနယ်နယ်အရပ်ရပ် အသီးသီးကနေပြီးတော့ လာရောက်ပြီး တွေ့ဆုံကြလို့ ကိုယ့်ရဲ့စားဝတ်နေရေးအတွက် ကြိုးစားရုန်းကန် လှုပ်ရှားလာကြတဲ့ သူတော်စင်တွေစုနေတဲ့အရပ်ပါပဲ၊ အဲဒီနေရာကို ရောက်လာကြတဲ့ မိမိတို့ဟာ ကိုယ့်ရဲ့ဘဝတစ်ခုရပ်တည်ဖို့အတွက် လာရောက်ကြိုးစားကြတာဖြစ်တော့ တစ်ဦးနဲ့တစ်ဦး တစ်ယောက်နဲ့တစ်ယောက် ညီအစ်ကို မောင်နှမအရင်းအချာတွေလို ရိုင်းပင်းကူညီပြီး စောင့်ရှောက်သွားရင် သြော်-ဘဝမှာ လူလာဖြစ်ရတာ တန်ဖိုးရှိတယ်ဟေ့၊ ဒီလိုမှမဟုတ်ဘဲနဲ့ စီးပွားရေးလောကထဲမှာ လာရောက်ပြီးတော့ ကိုယ့်ရဲ့ရှာဖွေနေထိုင်ကြတဲ့ အခိုက်အတန့်မှာ တစ်ဦးနဲ့တစ်ဦး တစ်ယောက်နဲ့တစ်ယောက် မြင်တိုင်း မြင်တိုင်း ကြားတိုင်းကြားတိုင်း၊ လုပ်ကိုင်ဆောင်ရွက်မှုအပိုင်းတွေမှာ ဝန်တိုမစ္ဆရိယတွေများရှိခဲ့ရင် သြော်-သိပ်ကြောက်စရာကောင်းလောက်အောင် နစ်နာပါလား၊ တစ်ဘဝတစ်နပ်စာလေးအတွက် ကြိုးစားရုန်းကန်ရင်းနဲ့ ကိုယ့်ကိုယ်ကို ဒီလောက်ထိ အရုပ်ဆိုးအကျည်းတန်အောင်နှစ်ဖို့ မသင့်ဘူးဟေ့လို့ ကောင်းစွာဆုံးဖြတ်ချက်ချနိုင်အောင် မစ္ဆရိယရဲ့ ကြောက်စရာကောင်းပုံတွေကို ဘုရားရှင်ကိုယ်တော်မြတ်ကြီးက ဘယ်ပြည်ဌာန ဘယ်ဒေသမှာ သီတင်းသုံးတော်မူစဉ် ဘယ်ပုဂ္ဂိုလ်တွေကို အကြောင်းပြုပြီးဟောသွားတာလဲဆိုတော့ ဘုရားရှင်ကိုယ်တော်မြတ်ကြီး သာဝတ္ထိပြည်မွန် ဇေတဝန်ရွှေကျောင်းတော်မှာ သီတင်းသုံးတဲ့အချိန် ရဟန္တာအရှင်ဖြစ်မယ့် လောသကတိဿကို အကြောင်းပြု ဟောကြားတဲ့တရားလို့ မှတ်ထားပါ'

'မှန်လှပါဘုရား'

ဘုရားရှင်ကိုယ်တော်မြတ်ကြီးက ရဟန္တာအရှင်ဖြစ်မယ့် လောသကတိဿကို အကြောင်းပြုပြီးဟောခဲ့ရတာက ကောသလတိုင်းထဲမှာ အပါအဝင်ဖြစ်တဲ့ ကာကိရွာဆိုတဲ့ တံငါရွာကြီးရှိပါတယ်၊ အိမ်ခြေတစ်ထောင်ရှိတဲ့ရွာ၊ အဲဒီအိမ်ခြေတစ်ထောင်ရှိတဲ့ရွာမှာ လောသကတိဿကလေး လာရောက်ပြီးတော့ ပဋိသန္ဓေနေတဲ့အချိန်ကစပြီး အဲဒီရွာကြီးတစ်ရွာလုံး စီးပွားလုပ်ကိုင်စားသောက်လို့မရတော့ဘူး၊ မင်းပြစ်မင်းဒဏ်ကလည်း (၇) ကြိမ်သင့်ခံရတယ်၊

http://www.dhammadownload.com

မဖြစ်ဖူးမြဲ ဖြစ်ခဲ့ရတဲ့အဖြစ်ဆန်းတွေဟာ စီးပွားရေးတွေကို ဆုံးရှုံးပျက်စီးခဲ့သလို အဲဒီရွာကြီးကိုလည်း (၇) ကြိမ်တိုင်တိုင် မီးလောင်ခံခဲ့ရတယ်၊ ဩော်-ငါတို့ရွာမှာ မဖြစ်ဖူးမြဲဖြစ်ခဲ့ရ၊ စီးပွားကလည်းရှာလို့မရ ဆုံးရှုံးပျက်စီးမှုတွေကလည်း များလိုက်တာ၊ တစ်ခုခုသော အကုသိုလ်တော့ ငါတို့ထဲမှာဝင်နေပြီ၊ ဘယ်မှာ ရှိတယ်ဆိုတာ မသိတာ သိအောင်တော့ ကြိုးစားမယ်ဆိုပြီး အိမ်ခြေတစ်ထောင်ကို အိမ်ခြေငါးရာစီ တစ်ဝက်ဝက်ပြီး စီးပွားခွဲရှာကြတော့ လောသကတိသကလေး ပဋ္ဌိသန္ဓေနေတဲ့ဘက်က ဘယ်လိုမှရှာလို့မရဘူး၊ အဖြေတွေ့သွားပြီ၊ တစ်ဖက်ငါးရာကတော့ စီးပွားဖြစ်သွားပြီ၊ အဲဒီ လောသကတိသ ပဋ္ဌိသန္ဓေနေတဲ့ဘက်က စီးပွားရှာလို့မရတော့၊ အိမ်ခြေငါးရာကို နှစ်ရာ့ငါးဆယ်စီထပ်ခွဲ၊ ဒီလိုနဲ့ ထပ်ခွဲသွားလိုက်တာ နောက်ဆုံး လောသကတိသကို ပဋ္ဌိသန္ဓေ လွယ်ထားတဲ့မိဘနှစ်ပါးပဲ ကျန်တော့တယ်၊ ဩော်-ကြည့်စမ်းပါအုံး ကိုယ့်ရဲ့ ရင်နှစ်သည်းခြာ မမွေးဖွားလိုက်ရသေးတဲ့ လွယ်ထားရတဲ့မိခင်ဆိုတော့ ဘယ်လောက်ပဲ ဆိုးဝါးလှတဲ့အဖြစ်နဲ့ကြုံကြုံ ကိုယ့်ရဲ့ရင်မှာ လွယ်ထားရတဲ့ သားသမီးကို စွန့်ပစ်ရိုးထုံးစံရှိလား?'

'မရှိပါဘူးဘုရား'

'ကြီးမားလှတဲ့ မိဘမေတ္တာနဲ့ အင်တင်တင်အပြတ်ပြတ်ခံပြီးတော့ စောင့်ရှောက်ခဲ့ပါတယ်၊ ဒီလိုနဲ့ ပဋ္ဌိသန္ဓေရင့်ကျက်လာပြီးတော့ မွေးဖွားလာတဲ့ အချိန်မှာလည်း မိခင်မေတ္တာဆိုတော့ မစွန့်ရက်တဲ့အတွက် သွားနိုင်လာနိုင် အောင်လည်းပဲ စောင့်ရှောက်ကျွေးမွေးခဲ့ရတဲ့ အင်တင်တင်အပြတ်ပြတ် ဒုက္ခ ကြားထဲမှာ မိဘတွေ ဒုက္ခမရောက်ဘူးလား?'

'ရောက်ပါတယ်ဘုရား'

'ဒီကလေး ပဋ္ဌိသန္ဓေနေတဲ့ အချိန်ကစပြီးတော့ အကုသိုလ် အင်မတန်မှကြီးတာဟာ တစ်ရွာလုံးလည်း ဒုက္ခရောက်ခဲ့ပြီ၊ မိဘနှစ်ပါးလည်း အင်တင်တင်အပြတ်ပြတ်နဲ့ နလန်မထူနိုင်အောင်လို့ ဒုက္ခဆင်းရဲလည်း ကြုံခဲ့ရပြီ၊ သွားနိုင်လာနိုင်တဲ့ အခိုက်အတန့်လေးကျတော့မှ သူ့သားလေးကို ခွက်လေးကိုလက်ထဲထည့်ပြီးတော့မှ အေး-မင်းရဲ့အဖြစ်က သိပ်ဆိုးတာပဲ၊ ငါတို့လည်းပဲ စောင့်ရှောက်တဲ့ဝတ္တရားကုန်ပြီ၊ ကိုယ့်ဖာသာကိုယ်ရှာတော့ဆိုပြီး စွန့်ပစ်ခဲ့ရတဲ့

http://www.dhammadownload.com

အနေအထားလည်း မကြုံဘူးလား?'

'ကြုံပါတယ်ဘုရား'

'ဒါကို ကြည့်ခြင်းအားဖြင့် သူ့ရဲ့အကုသိုလ် သိပ်ကြီးတယ်ဆိုတာ ပေါ်သွားပါပြီ'

'မှန်လှပါဘုရား'

'အဲဒီကလေးလေးက မွေးလာကတည်းကကို သရဲသဘက်လို အရုပ်ဆိုးလှတယ်၊ အင်တင်တင်အပြတ်ပြတ်နဲ့လည်းပဲ စားရသောက်ရတဲ့ဘဝမျိုးကို ရောက်ခဲ့ရတယ်၊ အိမ်တွေမှာ လိုက်ပြီး တောင်းစားပြန်တော့လည်း သူမြင်တာနဲ့ အိမ်တွေမှာရှိတဲ့ကလေးတွေက အော်ဟစ်ငိုယို ကြောက်လန့်တဲ့အတွက် ကြောင့်မိုလို့ ရှိကြတဲ့ မိဘတွေ မောင်ဘွားတွေက ရိုက်လွှတ်လိုက်၊ အော်လွှတ်လိုက်၊ ခဲနဲ့ထုလိုက်ဆိုတော့ နေစရာလည်းမရှိ၊ စားစရာလည်းမရှိတဲ့အဖြစ်ဆိုးတွေကို ရောက်သွားပြီ၊ အဲဒီလိုနဲ့ အိမ်ကြီးအိမ်ကြားထဲကို ဝင်ပြီးတော့ သူမျှားစွန့်ပစ်တဲ့ ဆွမ်းဟင်း ဆွမ်းကျန်လေးတွေကို မြေပေါ်ကျတာကို ကောက်စားရတဲ့အဖြစ်လောက် ဆိုးတာကော ရှိရဲ့လား?'

'မရှိပါဘူးဘုရား'

'ဒါကိုကြည့်ခြင်းအားဖြင့် အကုသိုလ်အပြစ် ဘယ်လောက်ကြီးတယ်ဆိုတာကိုပေါ်လာပါပြီ၊ ဒီလိုနဲ့တစ်နေ့မှာ ရှင်သာရိပုတ္တရာကြီးက ဆွမ်းခံကြွလာရင်းနဲ့ ဒီကလေးရဲ့ဆိုးဝါးတဲ့အဖြစ်တွေကိုမြင်လိုက်ရတဲ့အခါမှာ ကရုဏာသက်ပြီးတော့မှ ရှင်သာရိပုတ္တရာက ဒီကလေးကိုခေါ်ပြီး သက်နိုးစည်းပေးလိုက်ပါတယ်၊ ဒါဖြင့် ရှင်သာရိပုတ္တရာကြီးနဲ့သာမတ္တေ့ရင် ကိုယ်ကျိုးနည်းမှာနော်'

'မှန်လှပါဘုရား'

' သူ့ပါရမီခါတ်ခံကလည်း ကောင်းခဲ့တဲ့အတွက် ခေါ်ခဲ့ရတာပါ၊ အင်တင်တင်အပြတ်ပြတ်ဆင်းရဲ ဒုက္ခအကြီးအကျယ် ခံနေရတယ်ဆိုတာကို အခုစကတည်းက ပေါ်နေတာကတော့ သေချာသွားပြီ'

'မှန်လှပါဘုရား'

http://www.dhammadownload.com

'ဒီလိုနဲ့ ရှင်သာရိပုတ္တရာကြီးက သက်နိုးလေးစည်းပေးပြီးတော့ ဆွမ်းခံကြွတဲ့အခါမှာ သူ့တပည့်လေးကို နောက်ကနေခေါ်သွား ဆွမ်းလောင်းကြတဲ့ပုဂ္ဂိုလ်တွေ အဲဒီ လောသကတိသ ကိုရင်လေးပါလာတဲ့အချိန်ခါမှာ ရှင်သာရိပုတ္တရာကြီးကို မမြင်တော့ဘူး၊ ဆွမ်းလောင်းဖို့ကို မေ့နေကြပြီ၊ အဲဒီကျတော့ ရှင်သာရိပုတ္တရာကြီးက သတိထားမိသွားတယ်၊ သြော်-ငါ့တပည့်ရဲ့ အကုသိုလ်တယ်ကြီးပါလား၊ အကုသိုလ် ဘယ်လောက်ကြီးတယ်ဆိုတာ ရှင်သာရိပုတ္တရာကြီးကိုတောင် ဖုံးလွှမ်းမသွားဘူးလား?'

'ဖုံးလွှမ်းသွားပါတယ်ဘုရား'

'ဆွမ်းခံလို့ကို မရတော့ဘူး၊ အဲတော့မှ သူ့ကျောင်းကိုပြန်ပြီး တစ်ပါးတည်း ဆွမ်းခံကြွတော့မှ၊ ဟော-ဟိုကလာလောင်း၊ ဒီကလာလောင်းနဲ့ အလျှံပယ်ရလာ၊ ကျောင်းပြန်ရောက်တဲ့အခါကျတော့ သူတပည့်လေးအတွက် ဆိုပြီး သင့်တော်တဲ့ ကိုရင်လေးတွေနဲ့တွေ့ရင် ကိုယ်ရင်လေးတွေနဲ့ပို့လိုက်၊ ဦးပဉ္စင်းတွေနဲ့တွေ့တော့လည်း ဦးပဉ္စင်းတွေနဲ့ ပို့ခိုင်းလိုက်၊ အဲဒီလိုနဲ့ပို့ခိုင်းပို့ခိုင်းတာ လမ်းမှာပဲ ပို့တဲ့ပုဂ္ဂိုလ်တွေက မေ့လျော့ပြီး သွန်ပစ်တဲ့ပုဂ္ဂိုလ် စားပစ်တဲ့ပုဂ္ဂိုလ်တွေနဲ့ ကြုံတဲ့အတွက်ကြောင့်မို့လို့ အဲဒီကိုရင်လေးဆီ ဆွမ်းမရောက်ဘူးတဲ့၊ ဒါဖြင့် ကိုရင်လေးဘဝမှာလည်းပဲ အင်တင်တင်အပြတ်ပြတ်နေရ မနေရ'

'နေရပါတယ်ဘုရား'

'လူ့ဘဝမှာလည်း'

'အင်တင်တင် အပြတ်ပြတ်နေရပါတယ်ဘုရား'

'ကိုရင်ဘဝမှာလည်းပဲ သူ့ရဲ့ဆရာရှင်သာရိပုတ္တရာကြီးက သူ့အတွက်ကို ပို့ခိုင်းသော်လည်းပဲ သွားပို့တဲ့ပုဂ္ဂိုလ်တွေက မေ့လျော့ပြီးတော့ လွှင့်ပစ်တာတွေ၊ သုံးဆောင်လိုက်တာတွေ ကြုံတဲ့အတွက်ကြောင့်မို့လို့ သူ့ထံကို မရောက်ဘဲ အင်တင်တင်အပြတ်ပြတ် ကြုံခဲ့ရပါပြီ၊ အဲဒီလိုနဲ့ အရွယ်လေး ရောက်လာတော့ အသက်နှစ်ဆယ်ပြည့်တဲ့အခါ ရဟန်းခံပေးလိုက်ပြန်တယ်၊ အဲဒီ ရဟန်းဘဝမှာလည်းပဲ ဆရာဖြစ်တဲ့ ရှင်သာရိပုတ္တရာကြီးက ရလာတဲ့ ဆွမ်းတွေကို ပို့ခိုင်းပေမယ့် သူ့ထံမရောက်ဘဲ လမ်းမှာ ပင်ပျောက်ကုန်တယ်၊ အဲဒီလိုနဲ့

http://www.dhammadownload.com

ရဟန်းဘဝမှာလည်း စားရသလား မေးတော့'

'မစားရပါဘူးဘုရား'

'အင်တင်တင်အပြတ်ပြတ်နဲ့ နေခဲ့ရတဲ့ဘဝ အလွန်ကို ဆိုးပါလားဆိုတာကို သူတော်ကောင်းအလုပ်ကို လုပ်ပေးရတဲ့အချိန်မှာတော့ အကျိုးပေးက အကုသိုလ်ကိုလုပ်ရင် သိပ်ကြောက်စရာကောင်းပါလားဆိုတာကို အခုထပ်ပေါ်ပြန်ပြီနော်'

'မှန်လှပါဘုရား'

'လူ့ဘဝမှာတင်မဟုတ်ဘူး၊ ရဟန်းဘဝလည်း ကြုံရပြန်ပြီ၊ ဒီလိုနဲ့ ရှင်သာရိပုတ္တရာက သူ့တပည့်ကို ကမ္မဋ္ဌာန်းသင်ပေးလိုက်တယ်၊ ဒီကမ္မဋ္ဌာန်းတွေအတိုင်းကို ကျင့်ကြံ ကြိုးစား အားထုတ်လိုက်တော့ မကြာခင်ဘဲ ရဟန္တာဖြစ်သွား၊ ရဟန္တာဖြစ်သွားတဲ့နေ့မှာ ရှင်သာရိပုတ္တရာကြီးကလည်းသိ၊ ဒါကြောင့်မို့ ဆွမ်းကိုခံပြီးတော့ အကောင်းဆုံး အမွန်ဆုံးတွေရတဲ့အခါမှာ တပည့်တပန်းတွေကို ပို့ခိုင်းလိုက်ပါတယ်၊ အဲဒီတပည့်ကလည်းပဲ လမ်းမှာမေ့လျော့ပြီးတော့ မပို့ဘဲနဲ့ စားပစ်လိုက်တဲ့အတွက်ကြောင့်မို့လို့ အဲဒီအချိန်ခါမှာ ရဟန္တာဖြစ်တဲ့ လောသကတိဿ မစားရပြန်ဘူး၊ ရဟန္တာဖြစ်တောင် စားရလား?'

'မစားရပါဘုရား'

'အကုသိုလ် အင်မတန်ကြီးတယ်နော်'

'မှန်လှပါဘုရား'

' ဒီလိုနဲ့ ရှင်သာရိပုတ္တရာကြီးက နေ့ခင်းပိုင်းကျတော့ ကြွသွားတော့ ငါ့တပည့်ဒီနေ့တော့ ဝဝလင်လင်မှ သုံးဆောင်ရရဲ့လား၊ ဘုဉ်းပေးရရဲ့လားဆိုတော့'

'မှန်လှပါဘုရား '

'အမှန်အတိုင်း ပြောရရင် တပည့်တော်ခုချိန်ထိ မသုံးဆောင်ရသေးဘူး၊ မဘုဉ်းပေးရသေးဘူးဘုရား၊ ရှင်သာရိပုတ္တရာကြီးက သြော်-ငါ့တပည့်ရဲ့ အကုသိုလ်တယ်ကြီးပါလား၊ မဖြစ်ပေဘူးဆိုပြီး နန်းတော်ကို သပိတ်ပိုက်ပြီးတော့ ဆွမ်းခံကြွသွားတယ်၊ နေ့ခင်းဘက်ကြီးဆိုတော့ ဆွမ်းခံကြွပေမယ့်

http://www.dhammadownload.com

ဆွမ်းကမရပါဘူး၊ ကောသလမင်းကြီးက စတုမဓူတွေကို သပိတ်အပြည့်လောင်းထည့်ပေးလိုက်တော့ အဲဒါတွေ ပိုက်ပြီးတော့ပြန်လာ၊ သူ့တပည့်ကို သူကိုယ်တိုင် သပိတ်ကိုင်ပြီးတော့မှ ကျွေးခဲ့ရတယ်တဲ့၊ အဲဒီသပိတ် စတုမဓူလေးကိုသာ အဝဘုဉ်းပေး သုံးဆောင်ခဲ့ရပါပြီ၊ ဒါဖြင့် သူ့သက်တမ်းတစ်လျှောက်မှာ တစ်ကြိမ်ပဲ ဝအောင် ဘုဉ်းပေးခွင့်ရတယ်'

'အဲဒါက ရှင်သာရိပုတ္တရာကြီးကိုယ်တိုင် ကိုင်ပြီးတော့မှ ကျွေးမွေးခဲ့လို့ သုံးဆောင်ခဲ့ရတဲ့ တစ်နပ်စာပါ၊ အဲဒီမှာပဲ ပရိနိဗ္ဗာန်ပြုခဲ့ပါပြီ၊ တကယ်ကိုလည်းပဲ ဓာတ်တော်တွေကကျလို့ စေတီတွေတည် ဘုရားရှင်ကိုယ်တော်မြတ်ကြီးက လည်း စေတီတည်ဖို့လည်း ခိုးမြှောက်ဖို့အတွက် အမိန့်ပေးခဲ့တဲ့အတွက်ကြောင့် မို့ စေတီတွေတည်ပြီးတော့မှ ထားခဲ့ကြပါတယ်၊ ဓမ္မသဘင်မှာ သံယာတော် အရှင်မြတ်တွေက အဲဒီအကြောင်းတွေပြောကြတယ်၊ ရှေ့-လောသကတိသ တကယ့်ကို ပါရမီဘုန်းကံကြီးပါတယ်၊ ရဟန္တာဖြစ်မယ့်ကံကြီးပါတာတောင်မှ ဒီလောက်ရုပ်ဆိုးပြီး ဒီလောက် အင်ကတ်ကတ်အပြတ်ပြတ် ဖြစ်ရတာဟာ ဘာကြောင့်လဲ သိပ်ဆန်းကြယ်ပါလား၊ ဒီစကားပြောနေတာကို ဘုရားရှင်က ဒီဗွသောတ နားနဲ့ကြားတဲ့အခါမှာ ငါဘုရားသွားရင်တော့ ချစ်သားရဟန်းတော်တွေကို တရားတစ်ပုဒ်လောက်တော့ ဟောရမှာပဲဆိုပြီး ကြွသွား၊ ဟိုရောက်တဲ့အခါကျတော့ ဘုရားရှင်ကိုယ်တော်မြတ်ကြီး ကြွလာပြီဆိုရင် အားလုံးဟာ အပ်ကျသံမကြားရလောက်အောင် ငြိမ်သက်သွား၊ ဘုရားရှင်က စကားသံမစခင် အားလုံးဟာ ဆိတ်ငြိမ်တဲ့အတိုင်းပဲ၊ ငုတ်တုတ် ပျံ့လွန်တော်မူနိုင်တဲ့အထိကို ဘုရားရှင်အပေါ်မှာကို ရိုသေလေးစားကြတယ်၊ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက ချစ်သားတို့၊ ငါဘုရားမလာခင်မှာ သင်တို့တွေသည် ဘယ်စကားတွေကို တိုင်ပင်ဆွေးနွေးနေကြတာလဲလို့ မေးတော့'

'မှန်လှပါဘုရား၊ တပည့်တော်တို့ဟာ မဟုတ်မတရား အကျိုးမများတဲ့ တိရစ္ဆာန်စကားတွေနဲ့ ပြောဆိုတိုင်ပင်စည်းဝေးနေကြတာ မဟုတ်ပါဘူးဘုရား၊ လောသကတိသ ရဟန္တာဖြစ်တာလည်းပဲ အလွန်ကို မြန်ခဲ့ပါတယ်ဘုရား၊ သူဟာ ဒီလိုကိုပါရမီ ပြည့်ပြီးတော့ ပါရမီဘုန်းကံကြီးပါရဲ့သားနဲ့ အင်ကတ်ကတ်အပြတ်ပြတ်နဲ့ နေခဲ့ရတာ ရုပ်ဆိုးအကျည်းတန်ခဲ့ရတာဟာ အလွန်ဆန်းကြယ်နေလို့ ဘာကြောင့်လဲသိချင်လို့ ဒီစကား တိုင်ပင်နေကြတာပါဘုရား၊ ချစ်သား

http://www.dhammadownload.com

တို့-အဲဒီအကြောင်းကတော့ မစ္ဆရိယတရားပဲဟေ့ ဘာတရား'

'မစ္ဆရိယတရားပါဘုရား'

'ဒါဖြင့် မစ္ဆရိယရှိရင် သိပ်ကြောက်စရာကောင်းတယ်ဆိုတာတော့ ဒီနေရာလေးမှာ အာရုံပြုထားပါ'

'မှန်လှပါဘုရား'

'မိမိတို့ အနယ်နယ်အရပ်ရပ်ကနေပြီး ရောက်လာကြတာက ကိုယ့်ရဲ့ စားဝတ်နေရေးအတွက် လာရှာတာသည် ကံရဲ့အကျိုးပေး အလျောက်ကတော့ မစံရဘူးလား?'

'စံရပါတယ်ဘုရား'

'ကိုယ့်ကံ အကျိုးပေးလောက်တော့ရကြမှာပဲနော်၊ သူများရတိုင်း ကိုယ်လိုချင်နေလို့ကတော့မဖြစ်ဘူး၊ အဲဒါတွေကိုကြည့်ပြီးတော့မှ ကိုယ်ရဲ့ သန္တာန်မှာ မစ္ဆရိယတရားတွေကိန်းမယ်ဆိုရင်တော့ အဖြစ်ဆိုးသွားလိမ့်မယ်'

'မှန်လှပါဘုရား'

'အဲဒါမျိုးမဖြစ်ရအောင်လို့ မစ္ဆရိယဆိုတာက ပါဠိစကား၊ မြန်မာလိုပြန်တော့ ဝန်တိုခြင်း၊ ဘာတဲ့တုန်း'

'ဝန်တိုခြင်းပါဘုရား'

'အဲဒီ ဝန်တိုခြင်း ဆိုတာလေးကို သိစေချင်တာက -

"ရလတ္တံ့ ရပြီး၊ ငါ့ပစ္စည်းနှင့်၊ အံ့ချီးဖွယ်ကား၊ များကြွယ်သူ တစ်ပါး မဖြစ်စေသားဟု၊ ဖြစ်ပွားတတ်လျှင်း၊ ဝန်တိုခြင်း၊ မယွင်း မစ္ဆရိယသဘောတည်း"

'ရလတ္တံ့ ရပြီး၊ ငါ့ပစ္စည်းနှင့်၊ အံ့ချီးဖွယ်ကား-ဒီနေရာမှာ သူတော်စင်များ အာရုံပြုကြ၊ မိမိကရရှိထားတဲ့ ပစ္စည်းတစ်ခု ပိုင်ဆိုင်ထားလည်း နောက်ရမယ့် ပစ္စည်းတစ်ခုကိုလည်း ရှေ့မှာတွေ့နေရတာ၊ အဲဒါလေးကို အာရုံပြုရင် ဟောဒီ ရထားတဲ့ ပစ္စည်းကလည်း ကိုယ့်လက်ထဲရောက်ထားတော့ ဩော်-ဒါလည်း ငါ့ပစ္စည်း နောက်ထပ်ရမယ့်အရာကိုလည်း သူများကို မရစေချင်ဘူး၊ ကိုယ်သာ

http://www.dhammadownload.com

ရစေချင်တဲ့ လိုချင်မှုတွေက အားကြီးလာတယ်၊ အဲဒီပစ္စည်းကိုလည်း ငါ့ပစ္စည်းပဲ ဖြစ်ချင်ကြတယ်၊ အများသူငါအတွက် မဖြစ်စေရဘူး၊ အဲဒီသဘောသည်ပင် ကြောက်စရာကောင်းလောက်အောင်ကို ဝန်တိုတတ်တဲ့ မစ္ဆရိယသတ္တိလို့ မှတ်ထားနော်'

'မှန်ပါ့ဘုရား'

'ဒါကြောင့် -

"ရလတ္တံ.ရပြီး၊ ငါ့ပစ္စည်းနှင့်၊ အံ့ချီးဖွယ်ကား၊ များကြွယ်သူတစ်ပါး၊ မဖြစ်စေသားဟု၊ ဖြစ်ပွားတတ်လျှင်း၊ ဝန်တိုခြင်း မယွင်း မစ္ဆရိယ သဘောတည်း"

'ဒါဖြင့် မစ္ဆရိယရဲ့ သဘောတော့ ပေါ်သွားပြီပေါ့နော်'

'မှန်လှပါဘုရား'

'ရထားတဲ့ပစ္စည်းလည်း ငါ့ပစ္စည်း ရထားတဲ့ပစ္စည်းကိုလည်းပဲ သူတစ်ပါးတွေ မရစေချင်ဘူး၊ ကိုယ်သာရစေချင်တဲ့ အဲဒီရဲ့ အလိုသဘောလေးသည် ဘယ်သူ့သတ္တိလဲမေးရင် မစ္ဆရိယရဲ့သတ္တိပါဘုရား၊ အဲဒီလိုဆိုရင် မိမိသည် အမျိုးမျိုးသောကတွေကို ကြိုးစားတော့မယ်နော်'

'မှန်လှပါဘုရား'

'ကိုယ့်ပစ္စည်းဖြစ်အောင်လို့ အမျိုးမျိုးသောက်တွေကို ကြိုးစားရင် မစ္ဆရိယအုပ်ချုပ်တဲ့ကံတွေဟာ အကျိုးမပေးမှာလား၊ ပေးမှာလား?'

'ပေးမှာပါဘုရား'

'အဲဒီအကျိုးပေးတွေက သိပ်ကြောက်စရာကောင်းပါလားဆိုတာကိုလည်း မမေ့ကြနဲ့'

'မှန်လှပါဘုရား'

'အခုမစ္ဆရိယကြောင့် ဖြစ်ပေါ်လာတဲ့အပိုင်းမှာလည်း သရဲသဘက်လို အရုပ်ဆိုးတဲ့အပြင် လူ့ဘဝမှာလည်း အင်တင်တင် အပြတ်ပြတ်၊ ကိုရင် ဘဝမှာလည်း အင်တင်တင်အပြတ်ပြတ်၊ ရဟန်းဘဝမှာလည်း အင်တင်တင်အပြတ်ပြတ်၊

http://www.dhammadownload.com

ရဟန္တာဘဝတောင်မှ ရှင်သာရိပုတ္တရာကြီး ကိုယ်တိုင်ကျွေးလိုက်တဲ့ စတုမဓု တစ်နပ်စာသာလျှင် ဝအောင်စားပြီး ပရိနိဗ္ဗာန် ဝင်စံရတဲ့ အဖြစ်မျိုး ဆိုး, မဆိုး'

'ဆိုးပါတယ်ဘုရား'

'ဩော်-လောကမှာ ကြောက်စရာကောင်းလောက်အောင်ကို ဒီဒဏ်တွေ ခံသွားရတာသည် တခြားကြောင့်မဟုတ်ဘူး၊ အကြောင်းတရား ကောက်လိုက်တော့ မစ္ဆရိယ၊ ယနေ့သူတော်စင်များမှာ မစ္ဆရိယရှိကြရဲ့လား?'

'ရှိပါတယ်ဘုရား'

'ရှိကြတယ်နော်၊ အဲတော့ မစ္ဆရိယရှိတယ်ဆိုရင် ဒီမစ္ဆရိယသည် ဘယ်နှစ်မျိုးလဲဆိုရင် (၅) မျိုးရှိတယ်၊ မစ္ဆရိယဘယ်နှစ်မျိုး'

'ငါးမျိုးပါဘုရား'

'ပဋ္ဌကနိပါတ်ဆိုတော့ ငါးမျိုးဟောပေးထားတယ်၊ အဲတော့ မစ္ဆရိယ ငါးမျိုးက (၁) အာဝါသမစ္ဆရိယ၊ ဘာမစ္ဆရိယ'

'အာဝါသမစ္ဆရိယပါဘုရား'

'(၂) ကုလမစ္ဆရိယ၊ ဘာမစ္ဆရိယ'

'ကုလမစ္ဆရိယပါဘုရား'

'(၃) လာဘမစ္ဆရိယ၊ ဘာမစ္ဆရိယ'

'လာဘမစ္ဆရိယပါဘုရား'

'(၄) ဝဏ္ဏမစ္ဆရိယ၊ ဘာမစ္ဆရိယ'

'ဝဏ္ဏမစ္ဆရိယပါဘုရား'

'(၅) ဓမ္မမစ္ဆရိယ၊ ဘာမစ္ဆရိယ'

'ဓမ္မမစ္ဆရိယပါဘုရား'

'မစ္ဆရိယကဘယ်နှစ်မျိုး'

'ငါးမျိုးပါဘုရား'

http://www.dhammadownload.com

'အဲဒီငါးမျိုးမှာ ယနေ့သူတော်စင်များသန္တာန်မှာ ရှိမရှိဆိုတာလေးကို ရှေးဦးစွာ အဖြေရှာမယ်နော်'

'မှန်လှပါဘုရား'

'မစ္ဆရိယငါးမျိုးမှာ နံပါတ်တစ်သည် အာဝါသမစ္ဆရိယ၊ ပြောလိုက်ပါ

'အာဝါသမစ္ဆရိယပါဘုရား'

'အာဝါသမစ္ဆရိယ ပါဠိလိုပြောတော့၊ မြန်မာလိုသူတော်စင်များ နားလည်အောင်ပြောရင် နေရာလိုက်ဝန်တိုခြင်း၊ ဘယ်လိုလဲ'

'နေရာလိုက် ဝန်တိုခြင်းပါဘုရား'

'မိမိတို့ နေရာလိုက်ဝန်တိုတယ်ဆိုတာက အရောင်းအဝယ်လုပ်တဲ့ နေရာလေးတွေမှာ ကိုယ်ကပစ္စည်းတစ်ခု အရောင်းဝယ်ကောင်းပြီး၊ အဲဒီလို ပစ္စည်းမျိုးကို ကိုယ့်ဘေးနားမှာယှဉ်ပြီး လာရောင်းတဲ့အခါကျတော့ ကိုယ့် အတွက် အရင်တုန်းက အရောင်းအဝယ်ကောင်းသလောက် ဟော- တစ်ခု လေးတိုးလာရင် လျော့မသွားဘူးလား?'

'လျော့သွားပါတယ်ဘုရား'

'အဲဒီလိုဆိုရင် အဲဒီလိုပုဂ္ဂိုလ်တွေကို ကိုယ်နဲ့ကပ်လျက်နေရာတွေကို မရစေချင်ဘူး၊ မရောက်စေချင်ဘူး၊ အဲဒီပုဂ္ဂိုလ်သည် အာဝါသမစ္ဆရိယ သေချာ သွားပြီနော်'

'မှန်လှပါဘုရား'

ဖြစ်ကောဖြစ်ဖူးကြရဲ့လား?'

'ဖြစ်ဖူးပါတယ်ဘုရား '

'ဖြစ်ဖူးတယ်ပေါ့နော်၊ ယနေ့ တရားလာနာကြတဲ့ အချိန်လေးတောင် ကြည့်နော်၊ နေရာမလုဘူးလား?'

'လုဖူးပါတယ်ဘုရား '

'နေရာလုတာဘဲလား၊ အဲတော့-ကြိုတင်လာပြီး နေရာလေးတွေ ခင်းမထားဘူးလား?'

'ခင်းထားပါတယ်ဘုရား'

http://www.dhammadownload.com

'သူများ လာထိုင်တော့မယ်ဆိုရင် ဒါသူများထိုင်တဲ့အခါမှ မထိုင်စေချင်တော့ ဒါကရှိပြီးသား၊ ဟော-မတိုဘူးလား, တိုလား?'

'တိုပါတယ်ဘုရား'

'တရားပွဲလာတာတောင် အာဝါသမစ္ဆရိယ ဖြစ်အုံးမှာပဲလား သတိထားနော်၊ အာဝါသမစ္ဆရိယဆိုတာ နေရာနဲ့ပတ်သက်ပြီး ဝန်တိုတတ်တဲ့ သဘောကို ပြောပါသည်၊ ကုလမစ္ဆရိယ၊ ကုလမစ္ဆရိယဆိုတာက အမျိုးလိုက် ဝန်တိုခြင်း၊ အမျိုးလိုက် ဝန်တိုတယ်ဆိုတာက ကိုယ့်သားသမီးနဲ့ပတ်သက်၍ သော်လည်းကောင်း၊ ကိုယ့်ရဲ့ဆွေမျိုးနဲ့ပတ်သက်၍သော်လည်းကောင်း၊ ကိုယ့်ရဲ့ အပေါင်းအသင်းနဲ့ပတ်သက်၍သော်လည်းကောင်း မိမိက အာရုံလေးပြုပြီးတော့ ကိုယ်အလိုမကျတဲ့ပုဂ္ဂိုလ်တွေကို ကိုယ့်ပေါင်းသင်းတဲ့ပုဂ္ဂိုလ်တွေကို ပေါင်းမှာ သင်းမှာ ခင်မှာကို လိုလားလား?'

'မလိုလားပါဘုရား'

'မလိုလားကြဘူးလား၊ အပြည့်ပဲပေါ့နော်၊ အဲတော့ ကိုယ်က အဲဒီလိုမျိုးဆိုရင် သွားတော့မယ်ဆိုတာနဲ့ ဟိုတစ်ယောက် မကောင်းကြောင်းပြောပြီ၊ အဲတော့ ကံတွေမမြောက်ဘူးလား, မြောက်လား?'

'မြောက်ပါတယ်ဘုရား'

'အဲဒီပုဂ္ဂိုလ်သည် ကုလမစ္ဆရိယလို့ခေါ်တယ်၊ ရဟန်းတော်တွေမှာလည်း ဒကာ၊ ဒကာမနဲ့ပတ်သက်ပြီးတော့ ကိုယ့်ကို ကြည်ညြို လှူဒါန်းတဲ့ ဒကာ၊ ဒကာမတွေကို နောက်တစ်ပါးကို အာရုံပြုပြီး ကြည်ညြိုသွားတဲ့ အခါမျိုး လှူမယ့်တန်းမယ့်အခါမျိုးကျရင် သြော်-ကိုယ့်ကိုလှူနေတဲ့ ဒကာ ဒကာမ ဟိုဘက်ကိုသွားမှာ မလိုလားရင် ကုလမစ္ဆရိယပဲ၊ ဒကာ၊ ဒကာမတွေကလည်းပဲ ကိုယ့်ဘုန်းကြီးဆိုပြီး သြော်-ကိုယ်ကတော့ လှူတယ် တန်းတယ်၊ နောက်တစ်ပါးအတွက်ကို ကိုယ့်အပေါင်းအသင်းက အာရုံလေးပြုပြီး ကြည်ညြိုလို့ သွားလှူတော့မယ့် အရည်အချင်းကို မြင်လိုက်တဲ့အခါမှာ ကိုယ့်ကျောင်းကို လှူစေချင်တယ်၊ ကိုယ့်ဘုန်းကြီးကို လှူစေချင်တော့အမျိုးမျိုးဆွယ်ပြီးတော့ တစ်ဖက်ကို မလှူအောင် ပြောတာဆိုတာကော ရှိကြလား?'

'ရှိပါတယ်ဘုရား'

http://www.dhammadownload.com

'ရှိတာပဲလား၊ ကုလမဋ္ဌရိယဖြစ်တော့မယ်နော်၊ ပြောတဲ့နှစ်ခု လွတ်ကို မလွတ်သေးဘူး၊ အာဝါသမဋ္ဌရိယကောရှိလား?'

'ရှိပါတယ်ဘုရား'

'ကုလမဋ္ဌရိယကော ရှိလား?'

'ရှိပါတယ်ဘုရား'

'လာဘမဋ္ဌရိယ၊ နောက်တစ်ခုက လာဘ်လာဘနဲ့ပတ်သက်လို့ ဝန်တိုတာ၊ လာဘ်လာဘနဲ့ပတ်သက်လို့ ဝန်တိုတယ်ဆိုတော့ ခုနတုန်းက သူများရသွားမယ့် လာဘ်လာဘကို ရအောင် မြှူဆွယ်ပြီးဆိုရင် " **လာဘမဋ္ဌရိယပဲ** "၊ ကဲ ဈေးရောင်း ဈေးဝယ်လုပ်တဲ့အခါကျတော့လည်းပဲ မိမိတို့ကိုယ့်ဖောက်သည်တွေကို သူများဆိုင်သွားတာကြိုက်လား?'

'မကြိုက်ပါဘူးဘုရား'

'ကုလမဋ္ဌရိယစနေပြီနော်၊ အထုပ်အထည်လေးနဲ့တွေ့လိုက်တဲ့အခါမှာ ဟိုဘက်ဆိုင်ကိုသွားပြီးတော့ တစ်ခုခုမေးလို့ ဟိုဘက်ဆိုင်ကို မျက်စောင်းထိုးပြီး ကြည့်နေတာ မဝယ်ပါစေနဲ့ မဝယ်ပါစေနဲ့ စိတ်ထဲက ကလိ ကလိနဲ့၊ ဒါလည်း မဋ္ဌရိယသတ္တိနော်၊ ဟိုပစ္စည်းကိုင်ကြည့် ဒီပစ္စည်းကိုင်ကြည့်ရာကနေ ချပြီး ဒီဘက်လည်းထွက်လာရော ' ဟင်း ' ကနဲဆို သက်ပြင်းချလို့ ကျေနပ်သွားတယ်နော်၊ သူများဆီကိုရောက်မှာ သိပ်ကြောက်နေကြတယ်၊ အဲဒီတော့ သူ့အကြောင်းကံနဲ့ သူ့အကျိုးပေးတွေ ရှိလား, မရှိဘူးလား?'

' ရှိပါတယ်ဘုရား'

'ဒါတွေကို သဘောပေါက်တဲ့အခါမှာ သူများရမယ့် လာဘ်လာဘတွေကို မရအောင်လို့ အမျိုးမျိုးသောနည်းတွေနဲ့ ပျက်စီးရာ ပျက်စီးကြောင်း မလုပ်တော့ဘူး၊ လုပ်မိရင်တော့ လာဘမဋ္ဌရိယဖြစ်တော့မယ်၊ ဒီမဋ္ဌရိယကော ရှိလား?'

'ရှိပါတယ်ဘုရား'

http://www.dhammadownload.com

'မလွတ်ပါလား၊ လာဘမစ္ဆရိယလည်းရှိတယ်၊ နောက် ဝဏ္ဏမစ္ဆရိယ၊ ဘာမစ္ဆရိယ'

'ဝဏ္ဏမစ္ဆရိယပါဘုရား'

'အဆင်းနဲ့ပတ်သက်လို့ ဝန်တိုတာ၊ အဆင်းနဲ့ပတ်သက်လို့ ဝန်တိုတယ် ဆိုတာက ရုပ်ရည်အဆင်းနဲ့ပတ်သက်ပြီးတော့ မိမိက ကိုယ်ကလည်းပဲ လှအောင် ပအောင် ပြင်ထားသူများကလည်း ကိုယ့်ရဲ့ယှဉ်ဘက်၊ သြော်-သူက လည်း လှပအောင်လို့ ကိုယ်နဲ့တန်းတူလိုက်ပြင်၊ အဲဒီလို ပြင်လိုက်တဲ့အခါ ကျတော့ ကိုယ်ကတစ်မျိုးလေး ဆန်းကြယ်ပြီး သူများထက်သာသွားတယ်၊ အသိလေးတစ်ခုရထားတယ်၊ သြော်-ပြင်လိုက်တဲ့နေရာမှာ တစ်မျိုးလေးလှနေ တော့ မင်းကွာ အဲလိုလှအောင် ဘယ်လိုပြင်လဲ၊ ကိုယ့်ထက်သာမှာလည်း စိုး တယ်၊ ကိုယ့်ရဲ့ပြိုင်ဘက်လည်းဖြစ်တဲ့အတွက်ကြောင့်မို့လို့ ကိုယ့်ထက်ပိုလှမှာကို မလိုချင်တော့၊ မဖြစ်စေချင်တော့ ကိုယ်ကပြောမှာလား၊ လျှို့ဝှက်မှာပဲလား?'

'လျှို့ဝှက်မှာပါဘုရား'

'လျှို့ဝှက်မှာပဲလား ကိုယ်လှသလို သူလှရင်မကောင်းဘူးလား?'

'ကောင်းပါတယ်ဘုရား'

'အဲဒီလိုစိတ်မထားနိုင်ဘူးလား'

'ထားနိုင်ပါတယ်ဘုရား'

'မထားနိုင်ရင် ဘာမစ္ဆရိယ'

'ဝဏ္ဏမစ္ဆရိယပါဘုရား'

'ကျောင်းတစ်ကျောင်းမှာလည်းပဲ ဘုန်းကြီးက ကိုယ့်ကျောင်းနဲ့ ကိုယ့်ပရိသတ်နဲ့ ကိုယ်ရှိတယ်ပေါ့၊ တစ်ပါးသော ကိုယ်တော်က ကြွလာတယ်၊ ဣန္ဒြေကလည်းရတယ်၊ ကြည်ညိုစရာလည်း ဖြစ်တယ်၊ အဲဒီအဆင်းကို ကြည့်ပြီး တော့ အင်း-သူ့ကိုမြင်ရင်တော့ ငါ့ဒကာ ဒကာမ တွေပါတော့မှာပဲ ဟော-ကုလမစ္ဆရိယလည်း ဖြစ်နေပြီနော်'

'မှန်လှပါဘုရား'

http://www.dhammadownload.com

'အရည်အဆင်းပေါ်မှာလည်း တင်ပြီးတော့ တွန့်တိုတဲ့ အနေအထား မျိုးလေးတွေများ ကိန်းနေပြီဆိုရင် ဝဏ္ဏမစ္ဆရိယကကော မဖြစ်ဘူးလား?'

'ဖြစ်ပါတယ်ဘုရား'

'ဒါက ဝဏ္ဏမစ္ဆရိယကအရည်အဆင်းနဲ့ပတ်သက်ပြီး ဝန်တိုတာ၊ ကျော်စောမှုနဲ့ပတ်သက်ပြီး ဝန်တိုတာ၊ ကိုယ်သာ ထင်ပေါ်စေချင်တယ် သူများကို မထင်ပေါ်စေချင်ဘူး၊ နာမည်မကြီးစေချင်ဘူး၊ အဲဒီလိုမျိုးဆိုရင် ဝဏ္ဏမစ္ဆရိယအပြည့်ရှိတယ်၊ ဒါဖြင့် ဒီမစ္ဆရိယကို သဘောပေါက်လား?'

'ပေါက်ပါတယ်ဘုရား'

'ဒါကောဖြစ်ကြလား?'

'မဖြစ်ကြပါဘူးဘုရား'

'ဒါဖြင့် ဒီတစ်ခုတော့ လွတ်တယ်ပေါ့'

'မှန်လှပါဘုရား'

'နောက်ဆုံးတစ်ခုက ဓမ္မမစ္ဆရိယ၊ ဘာမစ္ဆရိယ'

'ဓမ္မမစ္ဆရိယပါဘုရား'

'တရားဌဝန်တိုခြင်း ပြောလိုက်ပါ'

'တရားဌဝန်တိုခြင်းပါဘုရား'

'ဒါတော့မဖြစ်ဘူးပေါ့'

'မဖြစ်ပါဘူးဘုရား'

'သေချာပြီလား'

'သေချာပါတယ်ဘုရား'

'ဒီနေ့သူတော်စင်များက တရားတစ်ပွဲလုပ်မယ်ပေါ့၊ သြော်-တရားတစ်ပွဲလုပ်တယ်၊ ကိုယ့်နေရာမှာ ခြိမ့်ခြိမ့်သဲလုပ်၊ သူများတကာတွေလည်းလုပ်ရင် ကိုယ့်ထက်သာမှာတော့သိတယ်၊ အဲဒီချိန်ခါမှာ ကိုယ့်တရားပွဲကို လာတောင်းတယ် မျှပေးစမ်းပါ၊ အဲကျတော့ ကိုယ်ကပေးနိုင်သော်လည်းပဲ

http://www.dhammadownload.com

သူတို့ကိုမပေးချင်တဲ့အတွက်ကြောင့် မရဘူး၊ ဟိုမှာက ပွဲတွေက ကြပ်နေတာ၊ ဟော အဲဒီလိုတွေ ပြောလိုက်ပြီဆိုရင် ဝန်တိုတာ၊ တရားနဲ့ပတ်သက်ပြီး ဝန်တိုမိပြီနော်'

'မှန်လှပါဘုရား'

'မထင်မှတ်ဘဲဖြစ်တတ်တဲ့အရာတွေကို သတိမပြုမိရင် အဲဒီပုဂ္ဂိုလ်တွေဖြစ်တတ်ပါတယ်၊ တရားတစ်ယောက်နဲ့တစ်ယောက် အားထုတ်ကြတယ်၊ အဲလိုအားထုတ်တဲ့အခါမှာ အပြိုင်အဆိုင်အားထုတ်နေကျတော့ သြော်-ဒီတရားလေးက ဒီလိုအားထုတ်တဲ့နေရာမှာ ဒါဟာ ဟုတ်ရဲ့လား၊ သူတို့မြင်တဲ့ အသိတွေကို တို့ကိုလည်း ပြောပြပါအုံး၊ အဲလိုပြောပြီဆိုရင် ကိုယ်သိတဲ့ တရားလေးတွေကို ပြောမှာလား၊ လျှို့ဝှက်မှာလား?'

'ပြောမှာပါဘုရား'

'ဟုတ်လို့လား?'

'ဟုတ်ပါတယ်ဘုရား'

'သေချာရဲ့လား?'

'သေချာပါတယ်ဘုရား'

'ဒီမှာကတော့ ဟုတ်ပါတယ်နော်၊ ဘာလို့လဲဆိုတော့ ဒီမှာတရားကို အားလုံးကမျှပြီးတော့ အားလုံးကိုသိစေချင်တယ်၊ အားလုံးကို တတ်စေချင်တယ်၊ နားလည်စေချင်တယ်၊ ဒါကြောင့်လည်း တရားပွဲကို အကုန်ကျခံပြီးတော့ တရားဓမ္မအလှူတွေကို ပေးနေတယ်ဆိုကတည်းကိုက ဓမ္မမစ္ဆရိယ သိပ်နည်းနေကြတယ်၊ မှန်ကောမှန်ရဲ့လား?'

'မှန်လှပါဘုရား'

'ဒါဖြင့် ဓမ္မမစ္ဆရိယတော့ နည်းကြပါတယ်၊ ဝဏ္ဏမစ္ဆရိယလည်း မရှိဘူးဆိုတော့ ထားလိုက်တော့ အာဝါသမစ္ဆရိယတော့ ရှိတယ်ပေါ့နော်၊ ကုလမစ္ဆရိယလည်း'

'ရှိပါတယ်ဘုရား'

http://www.dhammadownload.com

'လာဘမစ္ဆရိယလည်း'

'ရှိပါတယ်ဘုရား'

'သြော်-ဒါတွေရှိတယ်ပေါ့၊ အဲတော့ မစ္ဆရိယရှိရင် ဘယ်လောက် ကြောက်စရာကောင်းတယ်ဆိုတာ ပြောတော့မှာ'

'မှန်လှပါဘုရား '

'အခုလည်းပဲ မစ္ဆရိယကြောင့် လောသကတိဿရဲ့အခြေအနေ မဆိုး ဘူးလား?'

'ဆိုးပါတယ်ဘုရား'

'အဲဒါလေးကို ပြန်ပြောင်းဟောပါဆိုတော့ ဘုရားရှင်ကိုယ်တော်မြတ် ကြီးက အဲဒီ လောသကတိဿအလောင်းသည် ကဿပဘုရားလက်ထက် တုန်းက ကျောင်းထိုင်ဘုန်းကြီးတစ်ပါးဖြစ်ခဲ့တယ်၊ ကျောင်းထိုင်ဘုန်းကြီး ဖြစ်ခဲ့တော့ သူ့ကိုကြည်ညိုတဲ့ဒကာက ကျောင်းဆောက်ပြီးတော့ ကိုးကွယ် ထားတယ်၊ တစ်နေ့မှာ အဲဒီရွာကို ရဟန္တာတစ်ပါးကြွလာတော့ အသွင်အပြင် ကလည်း ကြည်ညိုစရာကောင်းတယ်၊ သွားတာ လာတာကလည်း သိမ်မွေ့တဲ့ အတွက်ကြောင့်မို့လို့ ကြည်ညိုစရာအပြည့်၊ အဲဒါကိုမြင်တော့ သဒ္ဓါတရား အားကောင်း ရတနာသုံးပါးအပေါ်မှာ သက်ဝင်ကြည်ညိုတဲ့ ဒကာက မြင်မြင် ချင်းကို အလွန်ကြည်ညိုလို့ အိမ်ကိုပင့်သွားပြီး ဆွမ်းကပ်ပြီးတဲ့အခါ အရှင်ဘုရား ရွာမှာသီတင်းသုံးပါအုံးဘုရား၊ ပျော်သရွေ့ သီတင်းသုံးပါဘုရားဆိုပြီးတော့ တပည့်တော်တို့ ကျောင်းလည်း ရှိပါတယ်ဘုရား၊ အဲဒီမှာလည်းပဲ သီတင်းသုံး ပါဆိုပြီး ကျောင်းကိုပင့်သွား၊ ကျောင်းကို ပင့်သွားတဲ့အခါကျတော့ ဒီဒကာက အဲဒီ ရဟန္တာအပေါ်မှာ ကြည်ညိုနေတဲ့အသွင်အပြင်တွေကို ဖျတ်ဆို ကျောင်း ထိုင်ဘုန်းကြီးက လှမ်းမမြင်ဘူးလား?'

'လှမ်းမြင်ပါတယ်ဘုရား'

'မြင်တယ်နော်'

'ဒါဖြင့် ကျောင်းထိုင်ဘုန်းကြီးသည် စတင်ပြီးတော့ သူ့ဒကာရဲ့ အသွင် အပြင်ကို လှမ်းပြီးတော့ မြင်လိုက်ပြီ၊ အဲဒီမြင်လိုက်တဲ့ခဏလေးမှာကြည့်စမ်း

http://www.dhammadownload.com

အခုမှတွေ့ရတဲ့ကိုယ်တော်ကို ဒီဒကာ သိပ်ကြည်ညြိုနေပါလား၊ အဲဒီလို ကြည်ညြိုနေပါလားဆိုတဲ့အသံလေး သူ့စိတ်ထဲ ရွှတ်နေတာကို ကျေနပ်လို့လား၊ မကျေနပ်လို့လား?'

'မကျေနပ်လို့ပါဘုရား'

'သူ့ဒကာ ဟိုဘက်ကို ညြော-ဒီလောက်ကြည်ညြိုနေရင်တော့ ဒီဒကာ အဲဒီကိုယ်တော်နောက်ပါတော့မှာဆိုပြီး အဲဒီဒကာအပေါ်မှာ စိုးရွံ့ပါသွားမှာ နှမြောနေတာသည်ပင် အဲဒီကိုယ်တော်ရဲ့ စိတ်ထဲ မြင်လိုက်တဲ့ခဏာ ဖျတ်ဆို မစ္ဆရိယကိန်းသွားပြီ၊ မကိန်းဘူးလား, ကိန်းလား?'

'ကိန်းပါတယ်ဘုရား'

'ပဋ္ဌိစ္စသမုပ္ပါဒ်နဲ့ကြည့်မယ်ဆိုရင်တော့ ယနေ့ (၂) အကွက် ပစ္စုပ္ပန်မှာ အားလုံးသော သူတော်စင်များ အာရုံပြုလိုက်ပါ၊ ခုနတုန်းက လောသက တိဿအလောင်း ကျောင်းထိုင်ဘုန်းကြီး ကဿပဘုရား လက်ထက်ကဖြစ်ခဲ့တဲ့ အချိန် သူ့ရဲ့ဒကာက ကြည်ညြိုစရာကောင်းလှတဲ့ ရဟန္တာကိုပင့်လာတဲ့အသွင် ပြင် ကြည်ညြိုတဲ့သဏ္ဌာန် အမူအရာတွေကို မမြင်ရဘူးလား?'

'မြင်ရပါတယ်ဘုရား'

'မြင်လိုက်တဲ့ခဏမှာ မြင်သိစိတ် မပေါ်ဘူးလား?'

'ပေါ်ပါတယ်ဘုရား'

'ပေါ်ပြီးတာနဲ့ချုပ်ပြီနော်၊ ဖြစ်ပြီးရင် ပျက်သွားတာကို ဒီကိုယ်တော် လည်းပဲ ဗဟုသုတရှိတာပါ၊ သို့သော် ဒီနေရာကျတော့ မဆင်ခြင်နိုင်တော့ ဘူး၊ အဲဒီ ကြည်ညြိုနေတဲ့အသွင်အပြင်ကို မကြည့်ရက် မရှုစိမ့်တာကိုက ဘယ်သူ ကမျှား လုပ်ထားလဲမေးတော့ မစ္ဆရိယ၊ မစ္ဆရိယက ကုလမစ္ဆရိယ ဝဏ္ဏမစ္ဆရိယ၊ ဒါတွေ သူ့သန္တာန်မှာ ကိန်းနေတယ်၊ အဲဒီမစ္ဆရိယသည်ပင် တခြားမှာပေါ်လား, စိတ်မှာပေါ်လား?'

'စိတ်မှာပေါ်ပါတယ်ဘုရား'

'ကဲ-မြင်လိုက်တဲ့ခဏမှာ ပဋ္ဌိစ္စသမုပ္ပါဒ် ဆက်မဆက်'

'ဆက်ပါတယ်ဘုရား'

http://www.dhammadownload.com

'အဲဒီ မစ္ဆရိယကြောင့် သူ့စိတ်ထဲမှာ၊ ညောက်-ကြည့်စမ်း ကြည့်စမ်း၊ ဒီကိုယ်တော်ကို ခုမှမြင်ရတာ ခုကြည်ညိုလိုက်တာဆိုပြီး အဲဒီစိတ်ထဲမှာ မနောက် မြောက် မမြောက်'

'မြောက်ပါတယ်ဘုရား'

'ကမ္မဘဝပစ္စယာ'

'ဇာတိပါဘုရား'

'သေချာနေပြီနော်'

'မှန်လှပါဘုရား'

'ကံမြောက်သွားတယ်ဆိုကတည်းကိုက ဇာတိအကျိုးပေးတော့မယ်၊ ပဋိစ္စသမုပ္ပါဒ်ပျက်အောင် ဖျက်နေတဲ့ သူရဲ့အသိဉာဏ်တွေ အခုချိန်မှာ သူ့ဆီမှာ မရှိတော့ဘူး၊ ပဋိစ္စသမုပ္ပါဒ်ဆက်သွားလား မဆက်ဘူးလား၊ မြင်လိုက်တဲ့ခဏမှာ ဖြစ်နေတာ၊ အဲတော့ အဲဒီမစ္ဆရိယတွေ သူ့ရင်ထဲမှာ သိုလှောင်ထားလိုက်ပြီ၊ ကံတွေလည်းမြောက်နေပြီ၊ အဲဒီချိန်ခါမှာ လာပြီးတော့ လျှောက်တယ်၊ အရှင်ဘုရား အာဂန္တုတစ်ပါးကြွလာပါတယ်ဘုရား၊ တပည့်တော် ဟိုဘက် အခန်းမှာ ပြင်ပေးလိုက်မယ်၊ မပြင်နဲ့ပြောလို့ ဘယ်ကောင်းမလဲ၊ အဲတော့ ပြင်ပေးလိုက်ပေါ့၊ ပြင်ပေးလိုက်လို့ပြောပေမယ့် သူ့စိတ်ထဲမှာက ဘာဖြစ်နေတုန်း'

'မစ္ဆရိယဖြစ်နေပါတယ်ဘုရား'

'မစ္ဆရိယဖြစ်နေတော့ အောင့်အီးအောင့်သက် ပြောလိုက်တယ်၊ ကံကော မမြောက်ဘူးလား?'

'မြောက်ပါတယ်ဘုရား'

'ဟိုမှာက သွားပြီးတော့ ပြုပြင်ပေးတယ်၊ တက်တက်ကြွကြွနဲ့ လုပ်ကိုင်ပေးတာကို မြင်ရလေ ပိုပြီး သူ့စိတ်ထဲမှာ မရွှင်လန်းလေဘဲ၊ ဘယ်သူလွှမ်းမိုးထားလဲဆိုတော့'

'မစ္ဆရိယပါဘုရား'

http://www.dhammadownload.com

'ကြည့်စမ်းပါအုံး၊ အခုမှမြင်ခဲ့ရတာတွေ့ခဲ့ရတာ၊ ငါ့ဒကာကြည်ညိုနေလိုက်ပါလား၊ ငါ့ဒကာ ကြည်ညိုနေလိုက်ပါလားဆိုပြီးတော့ အဲဒီ ဒကာ အဲဒီ နောက်ပါသွားမှာကို လိုလားလား?'

'မလိုလားပါဘူးဘုရား'

'ကုလမစ္ဆရိယအကြီးအကျယ် ဖြစ်မဖြစ်'

'ဖြစ်ပါတယ်ဘုရား'

'ဒီလိုဆိုရင် ဒီကိုယ်တော်က အဲဒီလိုမျိုးသာနေမယ်ဆိုရင် ငါ့ကျောင်းကမခွာရင် ခက်ရချည်ရဲ့ဆိုပြီးတော့ အာဝါသမစ္ဆရိယက မပေါ်ပြန်ဘူးလား?'

'ပေါ်ပါတယ်ဘုရား'

'အဲဒီကိုယ်တော်ရဲ့ ကြည်ညိုစရာအသွင်အပြင်ကို မရှုစိမ့်ပြန်တော့လည်း ဝဏ္ဏမစ္ဆရိယပေါ်ပြန်ပြီ၊ ဒါဖြင့် မစ္ဆရိယတွေတစ်ခုပြီးတစ်ခု ဘယ်မှာ ပေါ်နေတာလဲမေးရင်'

'စိတ်မှာပေါ်ပါတယ်ဘုရား'

'မြင်လိုက်တိုင်း၊ မြင်လိုက်တိုင်းမှာ မြင်စိတ်က ဖျတ်ခနဲ ဖျတ်ခနဲ ချုပ်သွားတာကို အရှုဉာဏ်မလိုက်နိုင်တဲ့အတွက်ကြောင့်မို့လို့ ကိုယ့်စိတ်မှာ မစ္ဆရိယတွေ လာပြီး သောင်းကျန်းနေတာသည် ကြောက်စရာကောင်း လောက်အောင်ကို အနာဂတ်သံသရာမှာ ကံတွေစုနေတာနော်'

'မှန်လှပါဘုရား'

'အနာဂတ်သံသရာမှာ ဟောဒီပစ္စုပ္ပန်မှာ ကံတွေစုခဲ့ရတဲ့အတွက်ကြောင့်မို့လို့ စုတိပဋိသန္ဓေဆိုရင် အနာဂတ်သံသရာမှာ အကျိုးမပေးဘူးလား ပေးမှာလား?'

'ပေးမှာပါဘုရား'

'ဘယ်လိုပေးတယ်ဆိုတာကတော့ နောက်ပိုင်းပေါ်မှာပါ'

'မှန်လှပါဘုရား'

'အခု မစ္ဆရိယတွေကော မဖြစ်ဘူးလား?'

'ဖြစ်နေပါတယ်ဘုရား'

http://www.dhammadownload.com

'အဲဒီလိုပြင်ဆင်ပြီးတဲ့အခါမှာ အရှင်ဘုရား နက်ဖြန်ခါကျရင် အရှင်ဘုရားနဲ့ အာဂန္တုဆရာတော် တပည့်တော်အိမ်မှာ ဆွမ်းစားကြွပါဘုရားဆိုပြီး ပင့်သွားတယ်၊ ပင့်သွားပြီး ဟိုကပြန်သွားပြီ အာရုံဆွမ်းပင့်သွားတာကိုး၊ မနက်အစောကြီး ကျောင်းထိုင်ကိုယ်တော်က ထတယ်၊ ထပြီးတဲ့အခါကျတော့ အာဂန္တုကိုယ်တော် နီးမှာစိုးလို့ဆိုပြီးတော့ အပြစ်လည်းလွတ်အောင်လို့ သန့်ရှင်းရေးလုပ်တော့လည်းပဲ တံမြက်စည်းကို ဖြည်းဖြည်းချင်း အသံမကြားအောင် လှည်းတယ်၊ ဘာသတ္တိတုန်း?'

'မစ္ဆရိယသတ္တိပါဘုရား'

'တုံးကိုလည်း ခေါက်ပါတယ်၊ လက်သည်းခွံလေးနဲ့ ကြားပါတော့မလား?'

'မကြားပါဘူးဘုရား'

'မခေါက်တာလား၊ခေါက်တာလား?'

'ခေါက်တာပါဘုရား'

' ဝိနည်းအပြစ်တွေ လွတ်အောင်လို့ပေါ့နော်၊ တုံးမခေါက်ဘူးလားဆိုတော့ခေါက်တယ်၊ ငါ တုံးခေါက်တယ်ကွာ သူမနိုးဘူးလို့ ပြောလို့မရဘူးလား?'

'ရပါတယ်ဘုရား'

'ဘာနဲ့ခေါက်တာလဲ'

'လက်သည်းခွံနဲ့ပါဘုရား'

'ဘာသတ္တိပါလိမ့်'

'မစ္ဆရိယသတ္တိပါဘုရား'

' အဲဒီလိုလေး တာဝန်ကျေလေး လုပ်ပြီးတာနဲ့ တစ်ပါးတည်းကြွသွားပြီ၊ ဟိုလည်းသွားပြီးတော့ အကြောင်းမကြားဘူး၊ ရောက်လာတဲ့အခါကျတော့ အရှင်ဘုရား အာဂန္တုဘုန်းကြီး မပါပါလား၊ မပြောစမ်းပါနဲ့ကွာ၊ ငါ တုံးခေါက်တာကို မနိုးဘူးတဲ့၊ ဟော-အကြည်ညိုပျက်အောင်လို့မပြောဘူးလား?'

'ပြောပါတယ်ဘုရား'

http://www.dhammadownload.com

'အဲဒီလိုပြောနေတာက ဒီဒကာ အဲဒီကိုယ်တော်အပေါ် ကြည်ညိုပြီး ပါသွားမှာစိုးလို့ သူ့ရဲ့သန္တာန်မှာကိန်းနေတဲ့ မစ္ဆရိယသတ္တိဟာ ကံတွေကို သောင်းကျန်းအောင် မမြောက်ဘူးလား, မြောက်လား?'

'မြောက်ပါတယ်ဘုရား'

'သြော်-အရှင်ဘုရားပဲ ဘုဉ်းပါသုံးဆောင်ပါဆိုပြီးတော့ တော်ပြီ တန်ပြီ တိုင်အောင်ကိုပဲ ပြုစုလုပ်ကျွေးပါတယ်၊ ပြီးတဲ့အခါကျတော့ အရှင်ဘုရား အာဂန္တုဘုန်းတော်ကြီးအတွက်ကိုလည်းပဲ ဟောဒီမှာဆိုပြီးတော့ သပိတ်ထဲမှာ ပြည့်ပြည့်ဝဝနဲ့ မွန်မြတ်တာတွေ ထည့်ပေးလိုက်တယ်၊ အဲဒါကို ပိုက်ပြီးတော့ တစ်လမ်းလုံးမှာ သြော်-ဒီလောက်ကောင်းတဲ့ မွန်မြတ်တဲ့ အာဟာရတွေကို ဒီကိုယ်တော်က သုံးဆောင်ရင် ငါ့ကျောင်းက ခွာမှာမဟုတ်ဘူး၊ ဟော-ကျောင်းလည်း မနှမျောဘူးလား?'

'နှမျောပါတယ်ဘုရား'

'ဘာသတ္တိ'

'မစ္ဆရိယရဲ့သတ္တိပါဘုရား'

'အာဝါသမစ္ဆရိယက နှောင့်ယှက်လိုက်၊ ကုလမစ္ဆရိယက နှောင့်ယှက်လိုက်နဲ့ ဟော-ကိုယ်တော်ခမျာမှာ ဒုက္ခရောက်နေတာ၊ အဲတော့ သူ့စိတ်ထဲမှာ သွားရင်းလာရင်းနဲ့ပဲ ပျော်ပျော်ရွှင်ရွှင် မရှိရှာဘူး၊ ပင်ပန်းဆင်းရဲပြီးတော့ အပူမီးတွေတောက်နေတာကိုလည်း ငြိမ်းအောင်မလုပ်ဘူး၊ အဲဒီလိုနဲ့ပဲ သွားရင်းက သြော်-ဒီအာဟာရတွေကို သူသာသုံးဆောင်ရရင်တော့ ငါ့ကျောင်းက ခွာမှာ မဟုတ်ဘူး၊ မဖြစ်ပေဘူးဆိုပြီး အဲဒီလမ်းမှာ ပြာပုံထဲကို ဒီအာဟာရတွေ စွန့်ပစ်လိုက်ပါတယ်၊ လာဘမစ္ဆရိယ သူများရမယ့် လာဘ်လာဘ မဖျက်ဆီးလိုက်ဘူးလား?'

'ဖျက်ဆီးလိုက်ပါတယ်ဘုရား'

'အဲဒါတွေကိုရဟန္တာက ကျောင်းတော်က သိနေတယ်၊ သြော်-ဒီကိုယ်တော် ကြည့်စမ်းတဲ့၊ ငါ့ကို အကြောင်းပြုပြီး အကုသိုလ်တွေ ဖြစ်နေတယ်၊ မတော်ဘူးဆိုပြီးတော့ ပြန်ကြွသွားပြီ၊ ကျောင်းလည်းရောက်လာရော လိုက်ရှာတော့ ကိုယ်တော် မတွေ့တော့ဘူး၊ ဗဟုသုတရှိတဲ့ ပုဂ္ဂိုလ်ဆိုတော့ သြော်-

http://www.dhammadownload.com

ဒီရဟန်းဟာ ရဟန္တာဖြစ်နေပါလား၊ ငါသည် မပြုသင့်တဲ့ အရာကို ပြုမိပြီဆိုပြီး ရင်ထဲဝမ်းထဲမှာ မချမ်းသာတော့ဘူး၊ ပူဆွေးတဲ့ ပူလောင်မှုတွေက ရင်ထဲမှာ မလောင်ဘူးလား, လောင်လား?'

'လောင်ပါတယ်ဘုရား'

'အဲဒီခဏမှာပဲ နှလုံးမသာ သွေးအန်ပြီးတော့ ပျံ့လွန်တော်မူသွားရရှာတယ်၊ အဲတော့ သူ့ရဲ့သေခြင်းကော ကောင်းရဲ့လား?'

'မကောင်းပါဘူးဘုရား'

'မစ္ဆရိယတွေ ဖုံးလွှမ်းပြီးတော့ သွေးအန်ပြီး သေရတဲ့အနေအထား အသေဆိုးသေရပြီ၊ အဝီစိငရဲထဲကို နှစ်ပေါင်းများစွာ သွားခံရပါသည်၊ အဲဒီလို နှစ်သိန်းပေါင်းများစွာ ခံရပြီးတဲ့အခါမှာ လွတ်လာပြန်တော့ ကံကြွင်းအနေနဲ့ ဆက်ပြီးတော့ ဘယ်ဘဝမှာသွားဖြစ်လဲလို့မေးရင် ဘီလူးဘဝမှာ ဘဝငါးရာ ဆက်တိုက်ဖြစ်ပါသည်၊ ဘယ်ဘဝ'

'ဘီလူးဘဝပါဘုရား'

'အဲဒီ ဘီလူးဘဝမှာလည်း ဘယ်သူ့ရဲ့သတ္တိနဲ့ရောက်လဲမေးရင်'

'မစ္ဆရိယသတ္တိနဲ့ပါဘုရား'

'ကိုယ့်စိတ်ထဲမှာ ပေါ်သွားတဲ့တရားလေးကို အရှုဉာဏ် မကိန်းရင် မနစ်နာဘူးလား?'

'နစ်နာပါတယ်ဘုရား'

'မြင်လိုက်တိုင်း မြင်လိုက်တိုင်းမှာ ဖြစ်ပေါ်လာတဲ့တရားကို အသိတရားနဲ့ မစောင့်ရှောက်၊ ဝိပဿနာတွေကို ကောင်းစွာ ပွားကြတဲ့ အသိပညာ အားနည်းတဲ့အတွက်ကြောင့်မို့လို့ ခံခဲ့ရတဲ့ဆင်းရဲဒုက္ခ ကြောက်စရာကောင်းလိုက်တာက နှစ်သိန်းပေါင်းများစွာ ငရဲမှာခံခဲ့ရသလို လွတ်လာပြန်တော့လည်း ဘီလူးဘဝ ဆက်တိုက်ငါးရာဖြစ်ပါသည်၊ အဲဒီငါးရာဆက်တိုက်မှာလည်း တစ်ဘဝမှာ တစ်နပ်လေးပဲ ဝအောင်စားခဲ့ရတယ်၊ ကိုးဆယ့်ကိုးဘဝ အငတ်ငတ် အပြတ်ပြတ် ငါးရာမြောက်ဘဝမှာ စားရတဲ့တစ်နပ်လေးကို ကိုယ်ဝန်ဆောင်က မီးဖွားပြီးတဲ့အခါမှာ အညစ်အကြေးတွေကို အထုပ်လေးနဲ့ သွားစွန့်

http://www.dhammadownload.com

ထားတဲ့ အညစ်အကြေးထုပ်တွေကို စားရတာ အဲဒီတစ်နပ်ပဲ ဝဝလင်လင်စား ရတယ်၊ ကြီးကျယ်တဲ့ ဒုက္ခခံရတာ ဘယ်အကြောင်းကြောင့်?'

'မစ္ဆရိယအကြောင်းကြောင့်ပါဘုရား'

'အဲဒါကတော့ ဟောဒီငါးမျိုးထဲမှာ ဘယ်မစ္ဆရိယဆိုတာပေါ်လာမှာနော်'

'မှန်လှပါဘုရား'

'အခုအားလုံးကို ခြုံပြီးတော့ကြည့်လိုက်ပါ၊ မစ္ဆရိယကြောင့် ကြောက် စရာကောင်းတဲ့အပြစ် မခံရဘူးလား?'

'ခံရပါတယ်ဘုရား'

'ဒီဘဝကနေလွတ်သွားတော့ ငရဲပြန်ကျ၊ ငရဲပြန်ကျပြီး လွတ်လာပြန်တဲ့ အခါကျတော့ ခွေးဘဝ ငါးရာဆက်တိုက်ဖြစ်ပြီး အခြားခြားမှာ တခြားသတ္တဝါ ဖြစ်တာ မပါသေးဘူး၊ ဆက်တိုက် ဆက်တိုက်ကို ခွေးဘဝငါးရာဖြစ်တယ်၊ အဲဒီခွေးဘဝငါးရာဖြစ်တာသည် မစ္ဆရိယကအကြောင်း ခွေးဘဝငါးရာဖြစ်ခဲ့ရ တာသည်'

'အကျိုးပါဘုရား'

'ကြောင်းကျိုးဆက်တော့'

'ပဋ္ဌိစ္စသမုပ္ပါဒ်ပါဘုရား'

'ကဲ-တရားဟောတာ ပဋ္ဌိစ္စသမုပ္ပါဒ်လွတ်လား'

'မလွတ်ပါဘုရား'

'ပဋ္ဌိစ္စသမုပ္ပါဒ်ကို အကြောင်းအကျိုးနဲ့ယှဉ်ပြီးဟောနေတာ ကိုယ့်ရဲ့ မြင်လိုက်တဲ့ခဏ ဖြစ်ပေါ်လာတဲ့စိတ်မှာ စင်ကြယ်အောင် မစောင့်ရှောက်နိုင် ရင် ဒီမစ္ဆရိယတွေက ကိုယ့်ကို နစ်မွန်းအောင် လုပ်သွားတာဟာ ပစ္စုပ္ပန်မှာ လည်းသွေးပွက်ပွက်အန်ပြီးတော့ အကျည်းတန်စွာ သေပွဲဝင်ခဲ့ရသလို အပါယ် ငရဲမှာလည်း နှစ်သိန်းခန့်ကြာခံရတယ်၊ လွတ်လာပြန်တော့လည်း ဘီလူးဘဝ ငါးရာ တစ်နပ်ထဲပဲ ကိုယ်ဝန်ဆောင်ကနေ အညစ်အကြေးတွေ စွန့်ပစ်တဲ့ အထုပ်လေးတစ်ထုပ် စားရပြီးတော့ ဝတဲ့တစ်နပ်လေးပဲကြုံရတယ်၊ ခွေးဘဝ ငါးရာဖြစ်ပြန်တော့ အငတ်ငတ်အပြတ်ပြတ်နဲ့ နေခဲ့ရပါတယ်၊ အဲဒီလိုနေခဲ့ရပြီး

http://www.dhammadownload.com

တစ်ခုသော ဘဝမှာ တစ်နပ်လေးဝအောင်စားခဲ့ရတာက သူများအန်ထားတဲ့ အန်ဖတ်၊ အဲဒီ အန်ဖတ်လေးပဲ စားလိုက်ရတာ၊ အဲဒီလို အငတ်ငတ် အပြတ်ပြတ်နဲ့ အကောင်းစား စားရသလားမေးတော့လည်း'

'မစားရပါဘူးဘုရား'

'ကဲ-ဒီလိုဒုက္ခမျိုး ကြုံရတာဘာလို့'

'မစ္ဆရိယရှိလို့ပါဘုရား'

'ကဲ-ဒီနေ့တရားတစ်ပွဲလုံး ကြောက်စရာကောင်းတဲ့ မစ္ဆရိယကို ကိုယ့်ရဲ့ သန္တာန်မှာ အခုချိန် ဆောင်ထား, မဆောင်ထား'

'မဆောင်ထားပါဘူးဘုရား'

'ဒါတရားနာနေလို့ပေါ့နော်'

'မှန်လှပါဘုရား'

'အလုပ်လုပ်နေရင် အပြည့်ပေါ့နော်ဟုတ်လား'

'မဟုတ်ပါဘုရား'

'မဟုတ်ဘူးလို့ညာမနေနဲ့၊ ခုနတုန်းကရှိတယ်ဆို၊ အခုမှ ကြောက်မနေနဲ့၊ မစ္ဆရိယရှိနေရင် ခံရမလား, မခံရဘူးလား?'

'ခံရမှာပါဘုရား'

'အဲဒါလေးကို ကိုယ့်အကြောင်းနဲ့ ကိုယ့်အကျိုးလေးသိအောင်-

"ဝန်တိုပြစ်မှား အဖြစ်ကကြီးမားလှပေသည်၊ နှစ်သိန်းချီကြာ ငရဲမှာ ကြီးစွာဆင်းရဲခံရသည်"

'နှစ်သိန်းပေါင်းများစွာချီပြီး ငရဲမှာခံရတဲ့ဆင်းရဲဒုက္ခသည် အလိုလို ခံရတာလား, မစ္ဆရိယကြောင့်လား?'

'မစ္ဆရိယကြောင့်ပါဘုရား'

'မစ္ဆရိယရှိရင် ကြောက်စရာကောင်းအောင် နှစ်သိန်းပေါင်းကြာအောင် ငရဲမှာခံရတဲ့အပြင် -

"ဘီလူးဘဝမှာ တစ်ခါသာ၊ ဝစွာညစ်ကြေးစားရသည်"

http://www.dhammadownload.com

'မိမိတို့ ဘီလူးဘဝငါးရာ ဆက်တိုက်ကော ဒုက္ခမရောက်ခဲ့ဘူးလား?'

'ရောက်ခဲ့ရပါတယ်ဘုရား'

'မစ္ဆရိယကအကြောင်း၊ ဘီလူးဘဝငါးရာဆက်တိုက်နဲ့ အင်တင်တင် အပြတ်ပြတ်ခံရတာက'

'အကျိုးပါဘုရား'

'အဲဒီမှာ တစ်နပ်လေးတော့ ဝအောင်မစားရဘူးလား?'

'စားရပါတယ်ဘုရား'

'အဲဒါက သူများစွန့်ပစ်တဲ့ ကိုယ်ဝန်ဆောင် အညစ်အကြေးထုပ် အဲဒါလေးကို စားရတဲ့အတွက်ကြောင့်မို့ ဒုက္ခဆင်းရဲခံခဲ့ရသလို -

"ခွေးဘဝမှာ တစ်ခုတာ၊ ဝစွာအန်ဖတ် စားရသည်"

'အခုကြည့်လိုက် ဟောဒီပစ္စုပ္ပန်မှာ ရှိမရှိ'

'ရှိပါတယ်ဘုရား'

'အနာဂတ်သံသရာကြည့်လိုက်တော့ ငရဲဇာတိကော နှစ်သိန်းချီမခံရဘူးလား?'

'ခံရပါတယ်ဘုရား'

'ဘီလူးဘဝငါးရာဆက်တိုက် ဇာတိကောမပေါ်ခဲ့ဘူးလား?'

'ပေါ်ခဲ့ပါတယ်ဘုရား'

'ဒီကလွတ်ပြန်တော့လည်း အပါယ်ငရဲပြန်ကျပြီး တစ်ခါ ပြန်ဖြစ်လာတာ၊ ခွေးဘဝငါးရာဆက်တိုက်မြင်ပြီး ဒုက္ခပြန်ခံခဲ့ရပါတယ်'

'မှန်လှပါဘုရား'

'အဲဒီ ဒုက္ခ ဒုက္ခတွေ ကြီးကျယ်စွာခံရတာသည် ဟောဒီ ပစ္စုပ္ပန်မှာ တခြားပြုခဲ့တာလား၊ မစ္ဆရိယလား?'

'မစ္ဆရိယကြောင့်ပါဘုရား'

'မစ္ဆရိယအကြောင်း နှစ်သိန်းချီစွာကြာတဲ့ငရဲက'

'အကျိုးပါဘုရား'

http://www.dhammadownload.com

'မစ္ဆရိယအကြောင်း ဘီလူးဘဝငါးရာကျတာက'

'အကျိုးပါဘုရား'

'မစ္ဆရိယအကြောင်း ခွေးဘဝငါးရာကျတာက'

'အကျိုးပါဘုရား'

'အန်ဖတ်လေး တစ်ကြိမ်ပဲ ဝအောင်စားရတဲ့အငတ်ငတ်အပြတ်ပြတ် ဒုက္ခတွေ့ကြုံရတာ ဘယ်သူ့ကြောင့်'

'မစ္ဆရိယကြောင့်ပါဘုရား'

' ဒီက လွတ်မြောက်လာတော့လည်းပဲ လောသကတိဿဘဝမှာ ရဟန္တာဖြစ်တဲ့တိုင် ဝဝလင်လင် တစ်ခါသာ စတုမဓုစားရသည်'

"ရဟန္တာ ဘဝမှာ၊ တစ်ခါသာ၊ ဝစွာစတုမဓု .စားရသည်"

'ရဟန္တာဘဝကို ရောက်ပြန်တော့လည်းပဲ ရလာတဲ့ နောက်ဆုံးဘဝ ကြည့်လိုက်စမ်းပါ၊ သူသည် အငတ်ငတ်အပြတ်ပြတ်နေခဲ့ရသည်၊ ရှင်သာရိပုတ္တရာကြီးကိုယ်တိုင် ကျွေးမွေးခဲ့ရတဲ့ စတုမဓုလေးတစ်နပ်ပဲ ဝအောင်စားခဲ့ရတယ်၊ အဲဒီလောက် အငတ်ငတ်အပြတ်ပြတ် ဒုက္ခတွေအကြီးအကျယ်ကြုံပြီး ခံခဲ့ရတာသည် ကဿပဘုရားလက်ထက်တုန်းက သြော်-သာသနာတော်နဲ့ဆုံပြီး မြင့်မြတ်တဲ့ရဟန်းဘဝမှာ ဗဟုသုတတွေ ကောင်းစွာ ကိန်းအောင်လည်းပဲ ကောင်းစွာ ကျင့်ခဲ့ပါတယ်၊ ဝိပဿနာဉာဏ် အားနည်းတဲ့အတွက်ကြောင့်မို့လို့ သတိလွတ်သွားတဲ့အခိုက်တန့် ကြုံလိုက်တာနဲ့ မစ္ဆရိယတွေ ထိုးနှက်ချက်ကြောင့် ဘဝမျှားစွာ ဒုက္ခဆင်းရဲ ကြုံ, မကြုံ?'

'ကြုံခဲ့ရပါတယ်ဘုရား'

'အခုလည်းပဲ မစ္ဆရိယနဲ့ပတ်သက်ပြီးတော့မှ ဖော်ပြသွားတဲ့နေရာမှာ ပြန်ကြည့်လိုက်တော့ သူ့ရဲ့ဒကာအပေါ်မှာ မြင်လိုက်တဲ့ခဏမှာ ဟိုဘက်ကကြည်ညိုစရာ အရည်အချင်းလေးကို၊ သြော်-သွားပြီးတော့မှ မလိုတဲ့ သဘောလေးတွေ တွန့်တိုတဲ့သဘောလေးတွေ အဲဒီအပေါ်မှာ ကြည်ညိုသွားမှာကို စိုးရိမ်တဲ့သဘောလေးက ဝဏ္ဏမစ္ဆရိယ၊ ကိုယ့်ကျောင်းပေါ်ကို သြော်-ဒီလိုသာ အာဟာရတွေ ကောင်းစွာစားရရင်တော့ ခွာမှာမဟုတ်ဘူးဆိုပြီးတော့ နေရာ

http://www.dhammadownload.com

ပေါ်မှာ တွယ်တာတပ်မက်ပြီးတော့ ဒီပေါ်မှာ တွန့်တိုတော့ အာဝါသမစ္ဆရိယ ကော မဖြစ်နေဘူးလား?'

'ဖြစ်နေပါတယ်ဘုရား'

'သူများစားမယ့် လာဘ်လာဘ အာဟာရတွေကိုလည်း မဖျက်ဆီးခဲ့ဘူးလား?'

'ဖျက်ဆီးခဲ့ပါတယ်ဘုရား'

'လာဘမစ္ဆရိယလည်း ဖြစ်, မဖြစ်'

'ဖြစ်ပါတယ်ဘုရား'

'သူ့ဒကာအပေါ်မှာ အဲဒီနောက်ပါမှာဆိုပြီး တွန့်တိုမိတဲ့အတွက် ကုလမစ္ဆရိယ ဖြစ် မဖြစ်'

'ဖြစ်ပါတယ်ဘုရား'

'ကြော်-မစ္ဆရိယငါးမျိုးမှာ လေးမျိုးတော့ပေါ်ပြီနော်'

'မှန်ပါ့ဘုရား'

'အဲဒါ မြင်လိုက်တိုင်း မြင်လိုက်တိုင်း ဖြစ်သလို၊ ယနေ့ သူတော်စင်များလည်းပဲ အာရုံနဲ့တိုက်တိုင်း မြင်မြင်ကြားကြား မကြိုက်ခဲ့ရင် နေရာနဲ့ ပတ်သက်တဲ့ ဝန်တိုမှုလည်းရှိမှာပဲ၊ ကိုယ့်ရမယ့်လာဘ်လာဘကို ကိုယ်သာလျှင် လိုချင်တယ်၊ သူများတွေရမယ့်လာဘ်လာဘကို မရအောင်လို့ နှောင့်ယှက်မှု အမျိုးမျိုးတွေနဲ့ ကံမြောက်အောင် ပြုလုပ်မိခဲ့ရင် ဒီပုဂ္ဂိုလ် လာဘမစ္ဆရိယကော မဖြစ်ဘူးလား?'

'ဖြစ်ပါတယ်ဘုရား'

'ကိုယ့်ဖောက်သည်ကို သူများဆီမသွားရအောင် အမျိုးမျိုး သူများ မကောင်းကြောင်းတွေ ပြောပြောပြီးတော့များ ဖျက်နေမယ်ဆိုရင် ကုလမစ္ဆရိယ လည်း လာအုံးမှာ၊ အဲဒီတော့ ယနေ့ သူတော်စင်များ ဟောဒီဝန်းကျင်မှာ နေခဲ့ရတဲ့ သက်တမ်းတစ်လျှောက် လုပ်ကိုင်ခဲ့ရတဲ့ဘဝ တစ်လျှောက်မှာ ဒီမစ္ဆရိယတွေများ မကိန်းခဲ့ဘူးလား?'

'ကိန်းခဲ့ပါတယ်ဘုရား'

http://www.dhammadownload.com

'အမှန်တိုင်းဖြေတာနော်'

'မှန်လှပါဘုရား'

'ဒါမှ အကြောင်းအကျိုးရှင်းလို့ရမှာကိုး'

'မှန်လှပါဘုရား'

'ဒီအကြောင်းအကျိုးတွေကို သိသွားပြီဆိုရင် သူတော်စင်~~များ~~မှာ သိတဲ့အချိန်ကစပြီး ပြင်လိုက်ရင် အချိန်မမီဘူးလား?'

'မီပါတယ်ဘုရား'

'ဒါဖြင့် ဒီတရားလေးကို ဟောတာနည်းနည်းများ စောနေလား?'

'မစောပါဘူးပါဘုရား'

'ပြန်ခါနီးမှ ဟောရမှာ၊ ကြိုသိတော့ ပိုမကောင်းဘူးလား?'

'ကောင်းပါတယ်ဘုရား'

'အဲတော့ ကိုယ်ကမြင်လိုက်တဲ့ခဏမှာ မြင်စိတ်က မျက်လုံးမှာပေါ် မျက်လုံးမှာချုပ်တာနော်'

'မှန်လှပါဘုရား'

'ဒါမှ အကြောင်းအကျိုး ရှင်းလို့ရမှာကိုး'

'မှန်လှပါဘုရား'

'အဲဒီမြင်လိုက်တဲ့ခဏ ပေါ်လာတဲ့မြင်စိတ်ကို သတိထားပြီး မရှုနိုင်ခဲ့ရင်လည်းပဲ ကိုယ့်ရဲ့သန္တာန်ဖြစ်ပေါ်လာတဲ့ တရားဟာ၊ သြော-ကိုယ်ကတွန့်တိုနေတယ်၊ အလိုမကျဘူးဆိုရင် ကိုယ့်စိတ်မှာပေါ်လာတဲ့ ဒီအလိုမကျမှု တွန့်တိုမှုလေးတွေသည်ပင် အရှုခံ ပြန်မပြဘူးလား?'

'ပြပါတယ်ဘုရား'

'ပြတာကိုရှုနိုင်ရင် မစ္ဆရိယ နောက်ထပ်မလာတော့ဘူး'

'မှန်လှပါဘုရား'

'အဲဒီလိုမှမဟုတ်ဘဲနဲ့ နေရာနဲ့ပတ်သက်လို့ ဝန်တိုတဲ့သဘောလေး

http://www.dhammadownload.com

ကို ကိုယ့်စိတ်မှာများ လက်ခံလိုက်မယ်ဆိုရင် မြင်လိုက်တဲ့ခဏ ကြားလိုက်တဲ့ခဏ အရောင်းအဝယ်လုပ်တဲ့ ခဏလေးတွေမှာ ပေါ်လာတဲ့တရားလေးကို မစောင့်ရှောက်နိုင်တဲ့မည်သူမဆို နေရာနဲ့ပတ်သက်လို့ တရားပွဲပဲသွားသွား ဘယ်နေရာပဲသွားသွား ကိုယ့်အိမ်ခြံခတ်တာကအစ သူများထဲက နည်းနည်းလေး မယူချင်ဘူးလား?'

'ယူချင်ကြပါတယ်ဘုရား'

'ဒါဖြင့် ကိုယ့်ဘက်က မပေးချင်ဘူးလား၊ ဒါဖြင့်ရင် ခြံခတ်ပြီဆိုရင် အတိအကျခတ်လား၊ နည်းနည်းလေးတိုးခတ်လား ဘာလုပ်တုန်း၊ သူများဆီက နည်းနည်းလေးရမှ ကျေနပ်တာနော်၊ ကိုယ့်ဆီကပေးဖို့ စဉ်းစားလား?'

'မစဉ်းစားပါဘူးဘုရား'

'ဘာနဲ့ပတ်သက်လို့ ဝန်တိုမိတာလဲ?'

'နေရာနဲ့ပတ်သက်လို့ ဝန်တိုမိတာပါဘုရား'

'အဲတော့-ကိုယ်က စည်းလေးလာပြီးတားထားတဲ့ ကြားထဲကိုက ဩော်-နည်းနည်းလေးဖြင့် တိုင်လေးတစ်တိုင် တိုးရရင်ကျေနပ်နေတာ ကိုယ့်ဆီ ကိုများ ဆွဲခတ်မလားမေးတော့'

'မခတ်ပါဘူးဘုရား'

'မခတ်ဘူးလား တိတိကျကျလေး မခတ်ချင်ဘူးလား၊ နည်းနည်းလေး ပိုယူရမှနော်၊ အဲဒီလိုမျိုးဆိုရင် ဒီပုဂ္ဂိုလ်သည် ကိုယ့်ရဲ့စိတ်မှာ ဖြစ်ပေါ်လာတဲ့ တွန့်တိုမှု၊ နှမြောမှုတွေကို မစောင့်ရှောက် မထိန်းသိမ်းနိုင် အရှုံးပေါ်တာကို မကြည့်နိုင်တဲ့အတွက်ကြောင့်မို့လို့ မစ္ဆရိယကြောင့် ကံကောမမြောက်ဘူးလား?'

'မြောက်ပါတယ်ဘုရား'

'ကဲ-ကိုယ့်အိမ် ကိုယ့်နေရာလေးတွေ ကိုယ့်ဆိုင်နေရာလေးတွေ အဲဒီ နေရာလေးကို သူများက လာပြီးတော့ရောင်းမှာ ဒါမှမဟုတ်နေရာလေး လာပြီး တော့ တိုးယူတာ၊ ကိုယ်ကမကြိုက်တဲ့အတွက် အဲနေရာကိုမရအောင်လို့ တစ်ချို့တစ်ချို့သောပုဂ္ဂိုလ်တွေ အင်းတွေနဲ့လုပ်တာတို့ နတ်တွေနဲ့လုပ်တာတို့ မရှိဘူးလား?'

'ရှိပါတယ်ဘုရား'

http://www.dhammadownload.com

'ရှိတာပဲလား၊ ဘာသတ္တိနဲ့လုပ်နေပါလိမ့်'

'မစ္ဆရိယသတ္တိနဲ့လုပ်နေတာပါဘုရား'

'အဲဒီလိုဆိုရင် အာဝါသမစ္ဆရိယသာရှိခဲ့မယ်ဆိုရင်-

"ဝန်တိုနေရာ ဖြစ်ပြီတော့၊ တဖြာဘီလူး မကောင်းတည်း"

'အခုအကြောင်းအကျိုး ပြောပြီးပြီ၊ မိမိတို့ရဲ့သန္တာန်မှာ နေရာနဲ့ ပတ်သက်တဲ့ မစ္ဆရိယ ကိုယ့်သန္တာန်များဖြစ်ပေါ်ခဲ့ရင် ခုနတုန်းက ကျောင်းထိုင်ဘုန်းကြီးကိုပဲ အာရုံပြုလိုက်ပေါ့၊ သူ့ရဲ့အကြောင်းကို ဒီဒကာက ဒီဘုန်းကြီးပေါ်မှာ ကြည်ညိုမှုတွေ အားကောင်းနေပုံ ပြန်တွေးမိ ပြန်အာရုံပြုမိတိုင်း ဒီမွန်မြတ်တဲ့ အာဟာရတွေလည်း သုံးဆောင်သွားရရင် ခွာနိုင်မှာမဟုတ်တော့ဘူး၊ အဲဒီလို မခွာနိုင်ရင်တော့ ခက်ရချည်ရဲ့ဆိုပြီးတော့ ဒီကျောင်းမှာ မနေနိုင်အောင်လို့ ကဲ-သူ့ရဲ့အပြုအမူတွေ ကံမမြောက်ဘူးလား ?'

'မြောက်ပါတယ်ဘုရား'

'နေရာတွေ အပေါ်မှာ တွန့်တိုတဲ့အတွက်ကြောင့်မို့လို့ ဒီကျောင်းမှာ မနေနိုင် မထိုင်နိုင် လုပ်လိုက်တာက ကံဖြစ်ပေါ်လာတဲ့ မစ္ဆရိယက'

'ကိလေသာ'

'ကိလေသဝဋ်နဲ့ ကမ္မဝဋ် ပေါ်မပေါ်'

'ပေါ်ပါတယ်ဘုရား'

'ပေါ်လည်းပေါ်ရောအကျိုးပေးက ဒီဘက်မှာလာပြီးတော့ ဇာတိဖြစ်တော့မယ်နော်'

'မှန်လှပါဘုရား'

'ဒီဘက်မှာတုန်းကတော့ မြင့်မြတ်တဲ့ရဟန်းဘဝ လူ့ဘဝရခဲ့ကြပါပြီ၊ အာဝါသမစ္ဆရိယသာ ကိုယ်ရဲ့သန္တာန်ဖြစ်ခွင့်ပြုခဲ့ရင် အနာဂတ်သံသရာမှာ ဟောဒီဇာတိက ခေါင်းပြောင်းသွားပြီး ပြိတ္တာခေါင်း၊ ဒါမှမဟုတ် ဘီလူးခေါင်းခေါင်းမပြောင်းဘူးလား?'

'ပြောင်းပါတယ်ဘုရား'

http://www.dhammadownload.com

'ယနေ့သူတော်စင်များလည်း နေရာနဲ့ပတ်သက်တဲ့ ဝန်တိုမှုတွေ ရှိ၊ မရှိ?'

'ရှိပါတယ်ဘုရား'

'ရှိတဲ့အတွက် ယနေ့ ပစ္စုပ္ပန်မှာ လူခေါင်း၊ ပစ္စုပ္ပန်မှာက'

'လူခေါင်းပါဘုရား'

'အာဝါသမစ္ဆရိယနဲ့ အကျိုးပေးတော့ အနာဂတ်သံသရာမှာ ဇာတိပြန်ရရင် ပြိတ္တာခေါင်းလည်း ပြောင်းနိုင်သည်၊ ဘီလူးခေါင်းလည်း ပြောင်းနိုင်သည်၊ မှန်ထဲကြည့်ပြီးရွေးကြည့်၊ ဘယ်ခေါင်းကြိုက်လဲ'

'ဘယ်ခေါင်းမှမကြိုက်ပါဘူးဘုရား'

'ခေါင်းတစ်ရမ်းရမ်း မလုပ်နဲ့၊ ကိုယ့်မှာကဘာဖြစ်နေလဲ အာဝါသမစ္ဆရိယဖြစ်နေတယ်၊ အာဝါသ မစ္ဆရိယဖြစ်နေရင် ဘယ်ခေါင်းက ငါနဲ့လိုက်တယ် ရွေးကြည့်လိုက်၊ ပြိတ္တာခေါင်းလိုက်လား၊ ဘီလူးခေါင်းလိုက်သလား၊ ရွေးကြည့်လိုက်'

'ဘယ်ခေါင်းမှ မလိုက်ပါဘူးဘုရား'

'မလိုက်ရင် မစ္ဆရိယ မရှိအောင်နေ'

'မှန်လှပါဘုရား'

'ရှိရင်တော့ခေါင်းပြောင်းရမယ်၊ မပြောင်းရဘူးလား, ပြောင်းရမှာလား?'

'ပြောင်းရမှာပါဘုရား'

'အဲဒီလိုမပြောင်းချင်ဘူးဆိုရင် သူတော်စင်များက ကိုယ့်ရဲ့သန္တာန်အထင်အရှားရှိတဲ့ အရှုခံတွေကို သိအောင်ရှုနိုင်ရင် ဝိပဿနာတရား ကြိုးစားထားလျှင်တော့ ဖြေရှင်းနိုင်တဲ့သတ္တိ ကိန်းမယ်နော် '

'မှန်လှပါဘုရား'

'ညြော်-ငါတို့အသိနောက်ကျတယ်လို့ မထင်နဲ့၊ သိတဲ့အချိန်သည် ကိုယ့်အတွက် တန်ဖိုးရှိတဲ့အချိန်'

'မှန်လှပါဘုရား'

http://www.dhammadownload.com

' ဒါဖြင့် ဘီလူးခေါင်း ကြိုက်လား?'

'မကြိုက်ပါဘုရား'

'ပြိတ္တာခေါင်းကြိုက်လား?'

'မကြိုက်ပါဘုရား'

'မကြိုက်ရင် နောက်တစ်မျိုးရွေးကြည့်ပေါ့နော် -

"ဝန်တိုနေရာ သံအိမ်မှာ၊ ခံရာဝရဲ ဆင်းရဲတည်း"

'နေရာနဲ့ပတ်သက်တဲ့ အာဝါသမစ္ဆရိယ၊ ကိုယ့်စိတ်မှာ အကိန်းခံပြီး သူတစ်ပါးအပေါ်မှာ ပျက်စီးရာ ပျက်စီးကြောင်း ကံမြောက်အောင် လုပ်မိရင်တော့ ကိုယ်ကျိုးနည်းမှာက ဘီလူးခေါင်း ပြိတ္တာခေါင်းတွေ ပြောင်းတတ်ပါသည်၊ ဒါကို မကြိုက်ရင် သံလျှောင်အိမ်ဝရဲမှာခံရမယ်၊ ဘယ်ဝရဲ'

'သံလျှောင်အိမ် ဝရဲမှာ ခံရမှာပါဘုရား'

'ယနေ့ တရားနာပရိသတ်ကြီး ဒီမစ္ဆရိယရှိနေမယ်ဆိုရင် အခုက တည်းက ရွေးထားနော်'

'မှန်ပါ့ဘုရား'

'ခေါင်းရွေးချင်လား၊ ဝရဲသွားချင်လား၊ တစ်ခုခုတော့ရွေးစမ်းပါအုံး အခုမှကြောက်မနေနဲ့၊ ကိုယ့်မှာ မစ္ဆရိယတွေ မရှိဘူးလားမေးတော့'

'ရှိပါတယ်ဘုရား'

'တပည့်တော်တို့ မသိခဲ့လို့ပါဘုရား၊ အခုသိတဲ့အချိန်ကစပြီး တိုးထားမယ်ဟုတ်လား မလုပ်နဲ့နော်၊ အဲတော့ မစ္ဆရိယ မရှိရင် ကြောက်စရာ ကောင်းလား မကောင်းလား ?'

'ကောင်းပါတယ်ဘုရား'

'ဒါက အာဝါသမစ္ဆရိယ နေရာနဲ့ပတ်သက်ပြီးတော့မျှား နောက်တစ်ခါ တရားပွဲလာရင် နေရာမလုနဲ့တော့'

'မှန်လှပါဘုရား'

'ကြိုတင်ပြီးတော့ ကိုယ့်ဟာနဲ့ကို ကိုယ့်နေရာလေးပဲယူ၊ သူများအတွက်

http://www.dhammadownload.com

ဆိုပြီးတော့လာလည်း မလာကြနဲ့တော့ သွားမယူထားနဲ့၊ အဲဒီနေရာလေးကို လူတစ်ယောက်က လိုချင်လို့လာပြီဆိုရင် ဒါယူပြီးသား သူလာလိမ့်မယ်၊ တကယ်လည်းမလာဘူး၊ အဲဒါဆိုရင် သွားပြီနော်'

'မှန်လှပါဘုရား'

'မသွားဘူးလား သွားမှာလား?'

'သွားမှာပါဘုရား'

'အဲတော့ မှန်ထဲမှာကြည့်ပြီးတော့ ညောက်-ငါ ဘီလူးခေါင်းနဲ့ လိုက်သလား၊ ပြိတ္တာခေါင်းနဲ့ လိုက်သလား၊ ပြန်ကြည့်ပေါ့နော်၊ အာဝါသမစ္ဆရိယ ဆိုရင် ခေါင်းကော မပြောင်းရဘူးလား?'

'ပြောင်းရပါတယ်ဘုရား'

'အဲဒါကိုမကြိုက်ရင် သံလှောင်အိမ်ငရဲကလည်း ရှိသေးတယ်နော်'

'မှန်လှပါဘုရား'

'ဒါဆို အာဝါသမစ္ဆရိယကအကြောင်း၊ ဘီလူးခေါင်း ပြိတ္တာခေါင်း ပြောင်းရတာက'

'အကျိုးပါဘုရား'

'ဝိပါကဝဋ် မပေါ်ဘူးလားပေါ်လား?'

'ပေါ်ပါတယ်ဘုရား'

'ဘာသစ္စာလဲ'

'ဒုက္ခသစ္စာပါဘုရား'

'ကြိုက်စရာမရှိပါဘူး'

'မှန်လှပါဘုရား'

'အာဝါသမစ္ဆရိယဖြစ်နေမယ်ဆိုရင် သူက အကြောင်းခံတဲ့အတွက် သံလှောင်အိမ်ငရဲဆိုတဲ့အကျိုးကော မရဘူးလား?'

'ရမှာပါဘုရား'

http://www.dhammadownload.com

'ဘယ်ဟာကောင်းတုန်း'

'ဘယ်ဟာမှ မကောင်းပါဘူးဘုရား'

'မကောင်းတဲ့အတွက် ဒီမစ္ဆရိယတွေလက်မခံနဲ့'

'မှန်လှပါဘုရား'

'နောက်ပိုင်းမှ ရှုကွက်ကလေးနဲ့ ပြောမှာပေါ့နော်'

'မှန်လှပါဘုရား'

'တစ်ခါထပ်ပြီးတော့ ကုလမစ္ဆရိယ၊ ကုလမစ္ဆရိယဆိုတာ အမျိုးနဲ့ ပတ်သက်ပြီး ဝန်တိုတာ၊ အဲဒီတော့ တစ်ယောက်နဲ့တစ်ယောက် ခင်မင်နေကြ၊ သားသမီးအချင်းချင်းကလည်းခင်တယ်၊ အဲဒါ အဆင်မပြေဖြစ်လာကြတော့ ခင်မင်တဲ့ပုဂ္ဂိုလ်တွေကို သူတို့နဲ့ ခင်မင်ပြောဆို ရယ်မောနေတာမြင်ရင် မကြိုက်တော့ဘူး၊ မပေါင်းသင်းစေချင်ဘူး၊ ဒါကြောင့် ကိုယ့်ခင်မင်သူတွေရော ကိုယ့်သားသမီးတွေကိုရော သူနဲ့ ပေါင်းမှာသင်းမှာစိုးတဲ့အတွက်ကြောင့်မို့လို့ ဟိုဘက်ကအပြစ်တွေ ဟိုဘက်က အတင်းတွေအမျိုးမျိုး ပြောပြီးတော့မှ ဖျက်မယ်ဆိုရင် အဲဒီပုဂ္ဂိုလ်ရဲ့သန္တာန် ကုလမစ္ဆရိယ မရှိဘူးလား?'

'ရှိပါတယ်ဘုရား'

'ကုလမစ္ဆရိယကော သူတော်စင်များရဲ့သန္တာန် ရှိကြလား?'

'မရှိပါဘူးဘုရား'

'အခုမှ မလုပ်နဲ့တော့၊ မရတော့ဘူး၊ နဂိုတုန်းကတော့ရှိတယ်၊ မပြောဘူးလား ပြောလား?'

'ပြောပါတယ်ဘုရား'

'အကြောင်းအကျိုးနဲ့ ဝင်ပါသွားမှာ ကြောက်နေကြတယ်၊ ကုလမစ္ဆရိယ ရှိမယ်ဆိုရင် -

"ဝန်တိုမျိုးဆွေ သွေးအန်သေ၊ ထွက်လေအူမှာ ဝိုင်းဝိုင်းတည်း"

'ခုနတုန်းက ကျောင်းထိုင်ဆရာတော်ကြည့်နော်၊ သူ့မှာ သွေးအန်ပြီး မသေရဘူးလား?'

'သေရပါတယ်ဘုရား'

http://www.dhammadownload.com

'သွေးအန်သေရတဲ့အဖြစ်ဆိုးနဲ့ ကြံနိုင်သလို အူတွေလည်း အပိုင်းပိုင်းပြတ်ပြီးသေနိုင်တယ်၊ ကြောက်စရာကောင်းတဲ့ မစ္ဆရိယ လက်မခံဖို့ကို ယနေ့သတိထားကြပါ'

'မှန်ပါဘုရား'

'နဂိုမသိတုန်းကတော့ အို-အစုအပြုံကို လက်ခံခဲ့တာ အခုအသေမဦးခဲ့လို့နော်'

'မှန်လှပါဘုရား'

'အသေဦးရင် လိုက်ကယ်လို့ရမလား ?'

'မရပါဘူးဘုရား'

'အခုတော့ တရားနာရတာ ကျေးဇူးမကြီးဘူးလား?'

'ကြီးပါတယ်ဘုရား'

'ကိုယ့်ကိုယ်ကို အချိန်မှီပြုပြင်မယ်ဆိုရင် လွတ်လမ်း ကျွတ်လမ်းသေချာပေါက်ရမှာပါ၊ အဲတော့ ကုလမစ္ဆရိယကအကြောင်း သွေးအန်သေရတာ အူအပိုင်းပိုင်းပြတ်ပြီး သေရတာက'

'အကျိုးပါဘုရား'

'ဒုက္ခဆင်းရဲ ကြီး, မကြီး'

'ကြီးပါတယ်ဘုရား'

'ဒါတွေပဲလားဆိုတော့ မဟုတ်သေးပါဘူး'

"ဝန်တိုမျိုးဆွေ လာဘ်နည်းလေ၊ ဖြစ်လေဒုက္ခဆင်းရဲတည်း"

'အမျိုးနဲ့ပတ်သက်ပြီး ဝန်တိုမိရင် အဲဒီပုဂ္ဂိုလ်သည် ဖြစ်လေရာဘဝတိုင်းမှာ လာဘ်လာဘရှားပါးပြီးတော့ အငတ်ငတ်အပြတ်ပြတ်နဲ့ ဘဝတွေမှာ ဒုက္ခမျိုးစုံကြုံရတဲ့အပြင် ဆင်းရဲဒုက္ခ, အကြီးအကျယ်ရောက်မယ်ဆိုတာကို လောသကတိဿက သက်သေမခံသွားဘူးလား?'

'ခံသွားပါတယ်ဘုရား'

http://www.dhammadownload.com

'အမျိုးနဲ့ပတ်သက်လို့ ဝန်တိုတာက သံယာတော်အရှင်မြတ်တွေ ဘက်ကလည်းပဲ မရှိဘူးလားမေးရင် ရဟန်းတော်တွေမှာလည်း ရှိတာပဲ၊ ကိုယ့်ဒကာ၊ ဒကာမတွေနဲ့ပတ်သက်လို့ ဒကာ ဒကာမတွေကလည်း ကိုယ့်ရဲ့ ကိုးကွယ်တဲ့ဘုန်းကြီးနဲ့ပတ်သက်လို့ အပြန်ပြန်အလှန်လှန် အဲဒီလိုမျိုးများ တွန့်တိုမိခဲ့ရင် နှမြောမိခဲ့ရင် အဲဒီမစ္ဆရိယက ကြောက်စရာကောင်းလောက် အောင်ကို ဒုက္ခပေးလိုက်မယ်လို့ မှတ်နော်'

'မှန်လှပါဘုရား'

'ဒီမစ္ဆရိယတွေက ဘယ်နေရာမှာ နေရာယူပြီး ကိုယ့်ကိုနှိပ်စက်လဲ မေးရင် စိတ်မှာ၊ ဒါဖြင့် စိတ်မှာပေါ်တဲ့တရား ဘယ်မှာချုပ်'

'စိတ်မှာချုပ်ပါတယ်ဘုရား'

'ကိုယ့်မှာ ဝိပဿနာရှုပွားတဲ့ အသိဉာဏ်မရှိရင် ဘယ်မြင်မလဲ'

'မှန်လှပါဘုရား'

'ဒါကနောက်ပိုင်း ရှုကွက်ဖော်ပေးမှာပါ။ အကြောင်းအကျိုးကို အရင်ဆုံး သိအောင်လို့ ပြောနေရတာ၊ အာဝါသမစ္ဆရိယရဲ့ အကြောင်းအကျိုးကလည်း ကြောက်စရာ၊ ဟောဒီက ကုလမစ္ဆရိယရဲ့ အကြောင်းအကျိုးကလည်း ကြောက်စရာ၊ နောက်တစ်ခါ လာဘ်လာဘနဲ့ပတ်သက်ပြီး ကိုယ်သာရချင်တယ်၊ သူများကိုရမှာစိုးလို့ အမျိုးမျိုးသောအကြောင်းတွေနဲ့ ပျက်စီးရာပျက်စီးကြောင်း ကာယကံနဲ့ပြုခဲ့ရရင် ဝစီကံနဲ့ပြောခဲ့ရင်၊ မနောကံနဲ့ကြံခဲ့ရင် လာဘမစ္ဆရိယကံ တွေအပေါ် မစုမိမှာလား စုမိမှာလား?'

'စုမိမှာပါဘုရား'

'အဲဒီလို စုမိမယ်ဆိုရင် ယနေ့ သူတော်စင်များကော ပြုဖူးခဲ့သေး လား၊ ဘာလို့ကြောက်နေကြတာလဲ ပြုခဲ့ဖူးလား?'

'ပြုခဲ့ဖူးပါတယ်ဘုရား'

'ကျယ်ကျယ်လေးပြောပါ။ အဲ-ပြုခဲ့ဖူးရင်တော့ အကြောင်းအကျိုးနဲ့ ကြည့်ပေါ့'

"ဝန်တိုလာဘ်မှာ မြွေပြိတ္တာ၊ တစ်ဖြာဘီလူး ဖုတ်မျိုးတည်း"

http://www.dhammadownload.com

'လာဘ်လာဘနဲ့ပတ်သက်လို့ မြင်မြင်ကြားကြား ကိုယ့်သန္တာန်မှာများ လာဘမစ္ဆရိယ သူများလာဘ်လာဘကို ဖျက်ဆီးခဲ့တာ၊ ခုန ကိုယ်တော် ကြည့်နော်'

'မှန်ပါ့ဘုရား'

'ဆွမ်းတွေကိုကြည့်ပြီး ဒီလောက်မွန်မြတ်တဲ့ ခဲဖွယ် ဘောဇဉ်တွေကို ဒီကိုယ်တော်သာ သုံးဆောင်မယ်ဆိုရင် ငါ့ကျောင်းကခွာမှာ မဟုတ်ဘူးဆိုပြီး သူများကိုလျှူလိုက်တဲ့ လာဘ်လာဘ လမ်းမှာ ဖျက်ဆီးလိုက်တဲ့ကံကြီး ရှိ့ မရှိ ?'

'ရှိပါတယ်ဘုရား'

'အဲဒီလို ကံတွေသာရှိမယ်ဆိုရင် လာဘမစ္ဆရိယက ဘယ်လောက် တောင် ကြောက်စရာကောင်းလဲမေးရင် လာဘမစ္ဆရိယကအကြောင်း ပစ္စုပ္ပန်မှာလုပ်ခဲ့တာနော်'

'မှန်လှပါဘုရား'

'အနာဂတ် သံသရာအကျိုးပေးတွေနဲ့ ဇာတိမပေါ်ဘူးလား?'

'ပေါ်ပါတယ်ဘုရား'

'အဲဒီဇာတိက မြွေပြိတ္တာခေါင်းလည်း ပြောင်းနိုင်တယ်၊ ဘီလူးခေါင်း လည်း ပြောင်းနိုင်တယ်၊ ဖုတ်ခေါင်းလည်းပြောင်းနိုင်သည်၊ ခေါင်းတွေ ကြည့်ကောင်းလား?'

'မကောင်းပါဘူးဘုရား'

'ဒီနေ့ကိုယ့်ခေါင်းလေးက ကြည့်မကောင်းဘူးလား ခေါင်းလဲချင်လား?'

'မလဲချင်ပါဘူးဘုရား'

'လာဘမစ္ဆရိယရှိရင်လည်း ကိုယ်လည်းရမှာနော်'

'မှန်လှပါဘုရား'

'ကိုယ်သာရချင်တယ်၊ သူများရတာကိုမကြိုက်ဘူး၊ ကိုယ့်ဆီက ဝယ်လက်၊ ကိုယ့်နားကနေပြီးတော့ သူများဆီကိုရောက်သွားမှာ၊ ဒါမှမဟုတ်ရင် လည်း ကိုယ်ကဆိုင်လေးစခင်း၊ အဲလို ဆိုင်လေးစခင်းတဲ့အခါ ဟိုက စလျှောက်

http://www.dhammadownload.com

လာတာ ကိုယ့်ရဲ့ဖောက်သည် တွေ့လိုက်ပြီ၊ ညြော်-ဝမ်းသာနေတာ၊ ငါ့ဆီတော့ လာတော့မှာပဲ၊ အဲဒီချိန်ခါမှာ ကြားထဲကဆိုင်တစ်ဆိုင်ကို ဝင်လိုက်တဲ့အခါ ကျတော့ ကိုယ့်စိတ်ထဲမှာ တုန်လှုပ်မှု ရှိ , မရှိ?'

'ရှိပါတယ်ဘုရား'

'ရှိတယ်လား၊ ဘာဖြစ်လို့လဲမေးတော့ ကိုယ့်ဆီဝယ်နေကျ လာဘ်လာဘ ကိုယ်ပဲလိုချင်တာကိုး၊ သူများဆိုင်က ဝယ်တာကို သူက သိပ်မကြိုက်ချင်ဘူး၊ အဲတော့ ကိုယ့်စိတ်ထဲ ကြိတ်ပြီး ဆုမတောင်းရဘူးလား၊ မဝယ်ပါစေနဲ့၊ မဝယ်ပါစေနဲ့၊ ကဲ-ဟိုကချပြီး ကိုယ့်ဆီကိုလည်းရောက်ရော ပျော်သွားပြန်ရော၊ အဲလိုပျော်လာပြီးတဲ့အခါကျတော့ ညြော်-ကျောက်လေးပြတယ်၊ စျေးကို ပြောလိုက်တော့ ဟင်း-ဟိုဘက်ဆိုင်က ဒီလောက်တောင်မရှိဘူး၊ အေး-သူက အတု ကိုယ့်ဟာကအစစ်၊ ကိုယ့်ဟာကောစစ်လား သူများဟာကျတော့ အတုတဲ့၊ အဲဒီလိုမျိုးပြောပြီဆိုရင် ဒီပုဂ္ဂိုလ်သည် မစ္ဆရိယ ရှိ, မရှိ?'

'ရှိပါတယ်ဘုရား'

'သေချာတယ်နော်၊ အဲ-ကိုယ်ရမယ့်လာဘ်လာဘကို သူများဆီကို မပေးချင်ဘူး တွန့်တိုနေတယ်၊ အဲဒီလာဘ်လာဘတွေကို ပျက်စီးရာ ပျက်စီးကြောင်းများ သူများကိုများ အဲလိုကံတွေမြောက်အောင် ပြောမိရင် လာဘ မစ္ဆရိယက အခုချိန်မှာ ကြည့်ကောင်းတယ်၊ အနာဂတ်သံသရာမှာ ဒီမစ္ဆရိယက အကြောင်း ဟော-မြွေပြီတ္တာခေါင်းကော မတပ်နိုင်ဘူးလား?'

'တပ်နိုင်ပါတယ်ဘုရား'

'ဘီလူးခေါင်းလည်း'

'တပ်နိုင်ပါတယ်ဘုရား'

'ဖုတ်ခေါင်းလည်း'

'တပ်နိုင်ပါတယ်ဘုရား'

'ကဲ-ဘယ်ခေါင်းကြိုက်လဲ'

'ဘယ်ခေါင်းမှမကြိုက်ပါဘူးဘုရား'

http://www.dhammadownload.com

'ခုမှ ခေါင်းရမ်းလည်းမရဘူး၊ ကိုယ်လုပ်ခဲ့တဲ့ကံတွေက နည်းလား များလား?'

'များပါတယ်ဘုရား'

'များပြီဆိုတော့ ခေါင်းတစ်ခေါင်းခေါင်း အခုထဲက ရွှေထား၊ မှန်လေးနဲ့ တပ်ကြည့်စမ်း ဘယ်ဟာလှလဲ ကိုယ့်မျက်နှာလောက် လှပါ့မလား?'

'မလှပါဘူးဘုရား'

'မလှရင် မလဲကြနဲ့၊ အဲဒီလို မလဲချင်ဘူးဆိုရင် ကိုယ့်စိတ်မှာပေါ်တဲ့ မဣန္ဒရိယကို ရှင်းနိုင်အောင်ကြိုးစား'

'မှန်လှပါဘုရား'

'ဒါကလည်း ဝိပဿနာလုပ်မှရမှာနော်၊ အဲတော့ လာဘမဣန္ဒရိယဖြင့် မြွေပြိတ္တာ ခေါင်းလည်း ပြောင်းနိုင်ပါတယ်၊ ဘီလူးခေါင်းလည်း ပြောင်းနိုင်တယ်၊ ဖုတ်ခေါင်းလည်း ပြောင်းနိုင်တယ်၊ ဒီခေါင်းတွေက အကျည်းတန်လို့ မတပ်ချင်ဘူးဆိုရင်လည်း တစ်မျိုးရှိသေးတယ်'

"ဝန်တိုလာဘ်မှာ ဘင်ပုပ်ရှာ၊ ခံရာနံ့ဆိုး ငရဲတည်း"

'ခုနပြောခဲ့တဲ့ခေါင်းတွေကို တစ်ခေါင်းမှ အကျိုးပေးအနေနဲ့ မကြိုက်ဘူးဆိုရင် မစင်ဘင်ပုပ် ငရဲကိုသွား ဘယ်ကိုသွားရမှာလဲ'

'ဘင်ပုပ်ငရဲကို သွားရမှာပါဘုရား'

'ဘာမဣန္ဒရိယရှိရင်'

'လာဘမဣန္ဒရိယ ရှိရင်ပါဘုရား'

'ဒါဖြင့် လာဘမဣန္ဒရိယကအကြောင်း မစင်ဘင်ပုပ်ငရဲမှာ ခံရတာက'

'အကျိုးပါဘုရား'

'အကြောင်းအကျိုးမရှိဘူးလား?'

'ရှိပါတယ်ဘုရား'

'ဩော်-ကိုယ့်ရဲ့သန္တာန်မှာ အဲဒီလာဘမဣန္ဒရိယဘယ်မှာပေါ်'

' စိတ်မှာပေါ်ပါတယ်ဘုရား'

http://www.dhammadownload.com

'အာဝါသမစ္ဆရိယလည်း'

'စိတ်မှာပေါ်ပါတယ်ဘုရား'

'ကုလမစ္ဆရိယလည်း'

'စိတ်မှာပေါ်ပါတယ်ဘုရား'

'အားလုံးအကြောင်းတိုက်ဆိုင်ရင် ပြတာပဲနော်'

'မှန်လှပါဘုရား'

'ဒီအကြောင်းလည်းကုန်ရော တားထားလို့ရလား၊ ကိုယ်လုပ်ထားတဲ့ကံကတော့ သေချာပေါက် အကျိုးပေးတော့မယ်ဆိုတော့ နှမြောစရာ ကောင်းသွားပြီ၊ အချိန်မီကိုသိထားတဲ့ ဝိပဿနာလက်နက်ကိုသာ အသုံးချနိုင်ရင် ဒီမစ္ဆရိယကံ မမြောက်အောင် တားလို့ရတယ်နော်'

'မှန်လှပါဘုရား'

'အဲဒါကြောင့်မို့ သြော-ငါတို့အတွက် ဒီမစ္ဆရိယတွေဟာ သောင်းကျန်းခဲ့တာ များလှပါပြီ၊ ရှေ့လျှောက်ကို ဒီမစ္ဆရိယတွေကို လက်မခံဘဲနဲ့ အနိုင်တိုက်ချင်ပါတယ်ဆိုရင် သူ့ရဲ့မစ္ဆရိယတွေကို အောင်ပွဲခံနိုင်တဲ့အလုပ်ကောင်းသာသနာထဲမှာ မရှိဘူးလား?'

'ရှိပါတယ်ဘုရား'

'ကိုယ်ကြိုးစားနေတဲ့ ဝိပဿနာအလုပ်သည်ပင် အကောင်းဆုံးပဲလို့ မှတ်ထားနော်'

'မှန်ပါ့ဘုရား'

'ဒါလာဘမစ္ဆရိယနဲ့ပတ်သက်ပြီးတော့ ခံရမယ့်အပြစ်တွေကို ပြောသွားပါပြီ၊ ဘယ်မစ္ဆရိယများကောင်းတုန်း'

'ဘယ်မစ္ဆရိယမှ မကောင်းပါဘုရား'

'မကောင်းဘူး၊ ဝဏ္ဏမစ္ဆရိယ အဆင်းနှင့်ပတ်သက်ပြီး ဝန်တိုတာ၊ အဲဒီဝန်တိုတဲ့သဘောကလည်း ကိုယ့်စိတ်မှာပဲ ပေါ်တာပါ၊ အာရုံပြုလို့ သူများကလည်း လှတယ်၊ ကိုယ်ကလည်းလှတယ်၊ အဲဒီအချိန်ခါမှာ အဲဒီအလှနဲ့ ပတ်သက်ပြီးတော့ ပြိုင်ဆိုင်မှုလေးရှိလာပြီဆိုရင် ကိုယ်သာ လှချင်တယ်၊ သူများ

http://www.dhammadownload.com

လှတာကို မလိုပြန်ဘူး၊ အဲဒီလိုဆိုရင် ဒီအလှတွေအပေါ်မှာ တွန့်တိုတတ်တဲ့ အရာတွေသည်ပင် ဒီမစ္ဆရိယကို ကိုယ့်သန္တာန်မှာ ကိန်းအောင်လို့ ခေါင်းဆောင်ပေးတာဖြစ်သည့်အတွက် အဲဒီအတွက်နဲ့များ ကဲတွေမြောက်အောင် ကြိုးစားခဲ့ရင် -

"ဝန်တိုဆင်းဝါ ဖြစ်လေရာ၊ ဆင်းဝါမလှ ရုပ်ဆိုးတည်း"

'အဆင်းနဲ့ပတ်သက်လို့များ ဝန်တိုခဲ့မယ်ဆိုရင် ခုန လောသကတိသကို ကြည့်စမ်း သရဲသဘက်လို အရုပ်မဆိုးဘူလား?'

'ဆိုးပါတယ်ဘုရား'

'မြင်တဲ့ ပုဂ္ဂိုလ်တိုင်းက သူ့ကိုကြည့်ရင် လန့်သွားတယ်၊ အဲဒီလောက်ထိ အကျည်းတန် ရုပ်ဆိုးတာ ဒီအကျိုးတရားခံနေရတဲ့အကြောင်း ဘာလုပ်ခဲ့သလဲ လို့မေးရင် မစ္ဆရိယ၊ ဘာမစ္ဆရိယလဲမေးရင် ဝဏ္ဏမစ္ဆရိယ၊ အရည်အချင်းနဲ့ ပတ်သက်ပြီးတော့ မနာလို မရှုစိမ့်တဲ့ ဝန်တိုမှုတွေသည် ကြောက်စရာကောင်းပါလားဆိုတာ မပေါ်သွားဘူးလား?'

'ပေါ်ပါတယ်ဘုရား'

'ဒါတွေပဲလားဆိုတော့ မဟုတ်သေးပါဘူး'

"ဝန်တိုဆင်းဝါ ရုပ်ဆိုးကာ၊ ချို့ရှာထင်ပေါ်ကျော်ဇောသည်"

'ဟောဒီအဆင်းနဲ့ပတ်သက်ပြီးတော့များ မိမိတို့တစ်တွေ မစ္ဆရိယကိုများ လက်ခံပြီး ကိုယ်စိတ်မှာကိန်းလို့ ကဲတွေများမြောက်ခဲ့ရင် အဲဒီပုဂ္ဂိုလ်သည် ရုပ်ဆိုးတဲ့အပြင်ကို ဘယ်လောက်ပဲ ထင်ပေါ်ကျော်ကြားအောင် ကိုယ်က လုပ်ဆောင်လုပ်ဆောင် ဘယ်တော့မှ မကျော်ကြားဘူး၊ ဘယ်တော့မှ မထင်ပေါ်ဘူး၊ အဲဒီလို မထင်ပေါ် မကျော်ကြားရတာ ကိုယ့်လုပ်ဆောင်ချက် ဘယ်လောက်ပဲကောင်းကောင်း မပေါ်လွင်တာ ဘာကြောင့်လဲမေးရင် ဝဏ္ဏမစ္ဆရိယကြောင့်၊ ဘာကြောင့်လဲ'

'ဝဏ္ဏမစ္ဆရိယကြောင့်ပါဘုရား'

' ရှင်းကော ရှင်းရဲ့လား?'

'ရှင်းပါတယ်ဘုရား'

http://www.dhammadownload.com

'ဒါဖြင့် မစ္ဆရိယကအကြောင်း ခံရတဲ့အကျိုးတွေက သက်သာစရာ တစ်ကွက်မှ မရှိပါလားဆိုတာ ပေါ်သွားပြီနော်၊ တရားနဲ့ပတ်သက်တဲ့ ဝန်တိုမှု ဓမ္မမစ္ဆရိယများ ရှိခဲ့မယ်ဆိုရင်'

"ဝန်တိုတရား လျှို့ဝှက်ငြား၊ ကင်းငြားပညာ မတတ်ဖြို"

'တရားနဲ့ပတ်သက်ပြီး ဝန်တိုခဲ့တယ်ဆိုရင် ဖြစ်လေရာဘဝတိုင်းမှာ ဉာဏ်ပညာကင်းမဲ့ပါတယ်၊ အဲဒီလို ဉာဏ်ပညာကင်းမဲ့ရတာသည် ဘာနဲ့ ပတ်သက်လို့ ဝန်တိုခဲ့လို့'

'တရားနဲ့ပတ်သက်ပြီး ဝန်တိုခဲ့လို့ပါဘုရား'

'ညံ့ဖျင်းတဲ့ဘဝရောက်တယ်နော်'

'မှန်လှပါဘုရား'

'ဒါတွေပဲလားဆိုတော့ မဟုတ်သေးဘူး -

"ဝန်တိုတရား၊ ထိုသူကား၊ ကျင်ငြား ပြာပူငရဲတည်း"

'တရားနဲ့ပတ်သက်လို့ ဝန်တိုမိမယ်ဆိုရင် ပြာပူ ငရဲမှာလည်းခံရမယ်၊ အဲတော့ မစ္ဆရိယငါးမျိုး ဘယ်ဟာများ ကောင်းလဲ?'

'ဘယ်ဟာမှမကောင်းပါဘူးဘုရား'

'မစ္ဆရိယဆိုတာ ကုသိုလ်လား၊ အကုသိုလ်လား?'

'အကုသိုလ်ပါဘုရား'

'အဲဒါကြောင့်မို့လို့ အကုသိုလ်အပြစ်သည် ကြောက်စရာကောင်းလို့ ဘယ်တော့မှ မလုပ်ကြနဲ့'

'မှန်လှပါဘုရား'

'ကိုယ့်ရဲ့ဟောဒီနယ်ပယ်ကို ရောက်လာကြတာဟာ ကိုယ့်ရဲ့နေရာ တွေကိုစွန့်ခွာပြီးတော့ အသီးသီးဟာ ဘဝရပ်တည်ဖို့အတွက် ကြိုးစားပြီး ရောက်လာကြတာပါ၊ ဘယ်လောက်ပဲ လိုချင်လိုချင် ကံပေးသလောက်ပဲရမယ်၊ အဲတော့ ကံပေးသလောက်ရနိုင်တဲ့အရာတွေကို သူများရတိုင်း ကိုယ်က လိုက်ပြီး လိုချင်လို့ ဖြစ်ပါ့မလား?'

'မဖြစ်ပါဘူးဘုရား'

http://www.dhammadownload.com

'ဖြစ်လေ မစ္ဆရိယတွေ အားကောင်းနေတယ်'

'မှန်လှပါဘုရား'

'ကိုယ့်မှာက မစ္ဆရိယအားကောင်းလေ ဒုက္ခမျိုးစုံတွေ မကြုံရဘူးလား ကြုံရမှာလား?'

'ကြုံရမှာပါဘုရား'

'အဲဒီလိုအဖြစ် တွေကကော မလွတ်ချင်ဘူးလား?'

'လွတ်ချင်ပါတယ်ဘုရား '

'အဲလိုဆိုရင် သူတော်စင်များက -

"ဝန်တိုငါးဖြာ၊ ပယ်ဖို့ရာ၊ ဓမ္မာတရားကျင့်ရမည်"

'ဟောဒီတရားငါးပါးကနေ လွတ်မြောက်ချင်ရင် လုပ်ဆောင်စရာတစ်ချက်ထဲပဲရှိတယ်၊ သာသနာတွင်းနဲ့ဆုံခိုက် ဘုရားပွင့်မှ သိခွင့် မြင်ခွင့် ကြားနာခွင့်ရတဲ့ ဝိပဿနာတရား၊ ဘာတရားလဲ'

'ဝိပဿနာတရားပါဘုရား'

'ဝန်တိုတရားငါးပါးကိုပယ်ချင်ရင် ကိုယ့်သန္တာန်မှာ ဘာအလုပ်လုပ်ရမယ်'

'ဝိပဿနာအလုပ်လုပ်ရမှာပါဘုရား'

'ဝိပဿနာ မလုပ်ရင်တော့ ကယ်လို့မရတော့ဘူး '

'မှန်လှပါဘုရား'

'ကယ်လို့မရရင်လည်း ဒီဒုက္ခတွေရဲ့ ကြီးစွာဆင်းရဲကိုလည်း မခံရဘူးလား, ခံရမှာလား?'

'ခံရမှာပါဘုရား'

'ဒီကနေ့ သိသွားပြီနော်'

'မှန်လှပါဘုရား'

'အဲဒီဒုက္ခတွေဆင်းရဲလှပါတယ်၊ ဒုက္ခတွေ သိပ်ကြီးတယ်ဆိုတာ မြင်သွားတဲ့အတွက် ဟောဒီဒုက္ခတွေက အပြီးသတ်လွတ်ချင်ပါတယ်ဆိုရင်

http://www.dhammadownload.com

တော့ တခြားမလုပ်နဲ့ကွာ၊ အားကိုးရာတရား ဝိပဿနာကို မြန်မြန်ဆန်ဆန်လုပ်လို့ တိုက်တွန်းလိုက်ပြီ၊ အဲလို တိုက်တွန်းလိုက်တော့ ဒီတိုင်းပဲထားခဲ့ရမလားဆိုလဲ ထားခဲ့ရင် မဖြစ်သေးဘူး၊ ရှုကွက်ကို ဖော်ပေးနိုင်ရင် ပိုမကောင်းဘူးလား, ကောင်းမှာလား?'

'ကောင်းပါတယ်ဘုရား'

'အဲလိုဆိုရင် သူတော်စင်များအတွက် ဝိပဿနာတရားကို ရှုတဲ့နေရာမှာ -

"ရူပ်နာမ်ခန္ဓာ ပေါ်လေရာ၊ ပေါ်ရာမပြတ်ရှုရမည်"

'အခုဝန်တိုတရားတွေကို ပယ်နိုင်ဖို့အတွက် ဝိပဿနာအလုပ်ကိုလုပ်ဆိုတော့ ဝိပဿနာဆိုတာက ရူပ်နာမ်ခန္ဓာ ခေါ်တိုင်းခေါ်တိုင်းကို လိုက်ရှုတဲ့အလုပ် ရူပ်နာမ်ခန္ဓာ ခေါ်တိုင်း ခေါ်တိုင်းကို လိုက်ရှုတဲ့အလုပ်သည်'

'ဝိပဿနာပါဘုရား'

'အဲဒီလိုဆိုရင် ကိုယ့်ရဲ့သန္တာန်မှာ ပေါ်ရာဌာန ခြောက်နေရာလေးကို အာရုံပြုလိုက်တော့ ခုနတုန်းကပြောခဲ့တဲ့အတိုင်း ဟော အာရုံတွေက အရောင်းအဝယ် အာရုံမြင်တယ်၊ အဲဒီလိုအဆင်းလေးနဲ့ မျက်လုံးနဲ့တိုက်လို့ မြင်လိုက်ပြီ မြင်တဲ့ခဏလေးမှာပဲ အရှုခံမပေါ်ဘူးလား?'

'ပေါ်ပါတယ်ဘုရား'

'မြင်စရာအဆင်းကလည်း အရှုခံမခေါ်ဘူးလား?'

'ခေါ်ပါတယ်ဘုရား'

'ရူပ်ခေါ်တာကို ရူပ်ကိုကြည့်နိုင်ရင်ကြည့်၊ နာမ်ခေါ်တာကို နာမ်ကြည့်နိုင်ရင်ကြည့်၊ သူတို့ကို မကြည့်နိုင်ဘူးဆိုရင် အဲဒီအာရုံနောက်မှာ အလိုမကျတဲ့ဒေါသကော မလာနိုင်ဘူးလား?'

'လာနိုင်ပါတယ်ဘုရား'

'ဒီပေါ်မှာ တွန့်တိုတဲ့ မစ္ဆရိယကော မလာနိုင်ဘူးလား?'

'လာနိုင်ပါတယ်ဘုရား'

http://www.dhammadownload.com

'အဲဒီကျရင် မိမိရဲ့သန္တာန်မှာ မကျေနပ်တဲ့ လက္ခဏာလေးတွေ ဒေါသရဲ့အမှတ်အသား၊ တွန့်တိုတဲ့ လက္ခဏာလေးက မစ္ဆရိယရဲ့ အမှတ်အသား ဘယ်မှာပေါ်ပါလိမ့်'

'စိတ်မှာပေါ်ပါတယ်ဘုရား'

'စိတ်မှာပေါ်တာကို အသိမကပ်နိုင်ဘူးဆိုရင် ဥပါဒါန်တွေ ကံတွေကော မမြောက်ဘူးလား?'

'မြောက်ပါတယ်ဘုရား'

'ကံမြောက်ရင် ကမ္မဘဝပစ္စယာ'

'ဇာတိပါဘုရား'

'ဒါဆိုခေါင်းကောင်းကောင်း ပြောင်းလို့ရတော့မယ်'

'မှန်လှပါဘုရား'

'ငရဲအမျိုးမျိုးလဲ မကျတော့ဘူး၊ ဩော-ကြည့်စမ်းပါအုံး မျက်လုံးနဲ့ အဆင်းလေးနဲ့ ဆုံတဲ့ခဏမှာ အကြောင်းဆုံတာက ရုပ်တရားလည်း ခေါ်တယ်၊ နာမ်တရားကလည်း'

'ခေါ်ပါတယ်ဘုရား'

'ကိုယ်ကမလိုက်နိုင်ဘူး မလိုက်နိုင်တဲ့အတွက်ကြောင့်မို့လို့ မကျေနပ်ဘူးဆိုရင် ဘယ်သူလာ?'

'ဒေါသလာပါတယ်ဘုရား'

'တွန့်တိုမိရင် ဘယ်သူလာမလဲ'

'မစ္ဆရိယတွေလာမှာပါဘုရား'

'ဒီတရားတွေသည် မျက်လုံးမှာပေါ်လား စိတ်မှာပေါ်တာလား?'

'စိတ်မှာပေါ်ပါတယ်ဘုရား'

'နာမ်ကခေါ်ရင် နာမ်ကိုလှည့်နော်'

'မှန်လှပါဘုရား'

'အဲဒီတရားတွေသည် စိတ်က ခေါ်တဲ့နေရာမှာ နာမ်ဓမ္မက အရှုခံ

http://www.dhammadownload.com

ခေါ်နေတာကို ဉာဏ်ကလှည့်မယ်ဆိုရင် ဟော-မစ္ဆရိယကိုသိရင် မစ္ဆရိယက အပျက် ဒေါသကိုသိရင် ဒေါသက အပျက်၊ ရှုတဲ့နေရာက မဂ်ဆိုရင် ဥပါဒါန်ကံ သွားသေးလား?'

'မသွားတော့ပါဘူးဘုရား'

'မသွားရင် ကမ္မဘဝနိရောဓ ဇာတိနိရောဓောဆိုတော့ ခေါင်း ပြောင်းစရာ လိုသေးလား?'

'မလိုတော့ပါဘုရား'

'ဒါဖြင့် မိမိတို့သန္တာန်မှာ ပေါ်လာတဲ့တရားကို **'ရူပ်နာမ်ခန္ဓာ ပေါ်လေရာ ပေါ်ရာမပျက်ရှုရမည်'** လို့ သင်ပေးလိုက်ပြီနော်'

'မှန်လှပါဘုရား'

'ရူပ်ကခေါ်ရင် ရူပ်ကိုရှု၊ နာမ်ကခေါ်ရင် နာမ်ကိုရှု၊ အဲဒီလို ရှုတာက တခြားလား ဉာဏ်လား?'

'ဉာဏ်ပါဘုရား'

'ဒါက ဝိပဿနာအလုပ်ကို လုပ်မှမြင်မှာ'

'မှန်လှပါဘုရား'

' ပြီးတော့ -

"ခေါ်ရာပေါ်ရာ အမြဲသာ၊ လိုက်ခါမပြတ် ရှုရမည်"

'အခုထပ်သင်ပေးလိုက်တယ်၊ မိမိတို့ရှုတဲ့နေရာမှာ အခုလို တရားလေးနာပြီးတော့ ထိုင်ခိုင်းတဲ့ အချိန်လေးပဲ ရှုရမှာမဟုတ်ဘူး၊ ထိုင်ရှုတုန်းကလည်းပဲ ရူပ်ခေါ်ရင် မရှုရဘူးလား?'

'ရှုရမှာပါဘုရား'

'နာမ်ခေါ်ရင်ကော မရှုရဘူးလား?'

'ရှုရမှာပါဘုရား '

'ကဲ-ကိုယ်က ထိုင်ခြင်းကျရိယာပုထ်နဲ့ တစ်သက်လုံး နေလို့ရလား?'

'မရပါဘူးဘုရား'

http://www.dhammadownload.com

'မရပ်ရဘူးလား ရပ်အုံးမှာပဲ၊ ရှပ်နာမ်ခေါ်ရာ ရှုရမှာပဲနော်၊ အရောင်း အဝယ်တွေကော မလုပ်ဘူးလား?'

'လုပ်ပါတယ်ဘုရား'

'လုပ်ရင်းကိုင်ရင်း ရပ်ရင်းသွားရင်း လာရင်းနဲ့လည်းပဲ ခေါ်ရာ နောက်ကိုလိုက်၊ ခေါ်တာက ရှပ်ကလည်း ခေါ်မယ်၊ နာမ်ကလည်းခေါ်မယ်၊ ကဲ-ရပ်ပြန်တော့လည်းပဲ ညောင်းတယ်၊ တောင့်တယ်၊ တင်းတယ်၊ ကိုက်တယ်၊ မလာဘူးလား?'

'လာပါတယ်ဘုရား'

'မျက်လုံးပါတော့ မကြည့်ဘူးလား?'

'ကြည့်ပါတယ်ဘုရား'

'မြင်ခန္ဓာကလည်း ခေါ်မခေါ်'

'ခေါ်ပါတယ်ဘုရား'

'အသံနဲ့နားနဲ့တိုက်တော့ မကြားဘူးလား?'

'ကြားပါတယ်ဘုရား'

'ကဲ-ရပ်ရင်းနဲ့ ကြားခန္ဓာကော မခေါ်ဘူးလား?'

'ခေါ်ပါတယ်ဘုရား'

'ထိုင်တုန်းကလည်း ခေါ်တယ်၊ ရပ်တော့လည်း ခေါ်တယ်၊ သွားရင်း လာရင်းကော မခေါ်ဘူးလား?'

'ခေါ်ပါတယ်ဘုရား'

'ရောင်းရင်းဝယ်ရင်းကော ဒီအရှုခံ မပေါ်ဘူးလား?'

'ပေါ်ပါတယ်ဘုရား'

'ဒါကြောင့်မို့လို့ **'ခေါ်ရာပေါ်ရာ အမြဲသာ၊ လိုက်ခါမပြတ် ရှုရ မယ်'** ဆိုတော့ တစ်နေရာဇဲမှာ ဣရိယာပုထ်တစ်မျိုးထဲနဲ့ အားထုတ်ခိုင်းတာ မဟုတ်ဘူး'

'မှန်လှပါဘုရား'

http://www.dhammadownload.com

'အချိန်မရွေး နေရာမရွေးမှာ နှလုံးသွင်းပြီး ကြည့်မယ်ဆိုရင် မစ္ဆရိယ ဘယ်နေရာဖြစ်အုံးမှာလဲ'

'မဖြစ်ပါဘူးဘုရား'

'ထိုင်တုန်းကတော့ ရှုပြီးတော့ ရပ်တဲ့အခါမှာ မရှုဘူး၊ သွားတဲ့အခါမှာ မရှုဘူး၊ အရောင်းအဝယ်လုပ်တဲ့အခါမှာ မရှုဘူးဆိုရင် မစ္ဆရိယ တားလို့ ရမလား?'

'မရပါဘူးဘုရား'

'ဒါကြောင့်မို့လို့ -

"ခေါ်ရာပေါ်ရာ အမြဲသာ၊ လိုက်ခါမပြတ် ရှုရမည်"

'ရုပ်တုန်းက မြင်ခန္ဓာခေါ်လည်းလိုက်၊ ကြားခန္ဓာခေါ်လည်းလိုက်၊ နမ်းရှူတဲ့အခါလည်းလိုက်၊ အတွေ့ထိခန္ဓာခေါ်လည်းလိုက်၊ ရုပ်ကထင်ရှားရင် ရုပ်ကိုရှု၊ နာမ်ကထင်ရှားရင် နာမ်ကိုရှု၊ အဲဒီလိုဆိုရင် ခေါ်ရာပေါ်ရာကို အမြဲတမ်းလိုက်တဲ့ပုဂ္ဂိုလ် **'ခေါ်ရာပေါ်ရာ ရှုသူမှာ၊ ရှုကာမရှိ တွေ့ရမည်'** ဒီစကား အလွန်အရေးကြီးတယ်လို့ မှတ်ထားနော်'

'မှန်လှပါဘုရား'

'မိမိတို့ရဲ့သန္တာန်မှာ ခုနတုန်းက ဥပမာပေးတဲ့ ရဟန်းတော်ကို အာရုံပြုလိုက်ပါ၊ သူ့ဒကာကို သူကမြင်လိုက်တော့ မြင်ခန္ဓာလေး မပေါ်ဘူးလား?'

'ပေါ်ပါတယ်ဘုရား'

'ဒကာလို့သာပြောတာ ဒကာဆိုတာရှိလား?'

'မရှိပါဘုရား'

'မြင်စရာ အာရုံသည် ဒကာလား အဆင်းလား?'

အဆင်းပါဘုရား'

'အဆင်းဆိုတာ ငါလား၊ သူလား၊ ရုပ်တရားလား?'

'ရုပ်တရားပါဘုရား'

http://www.dhammadownload.com

'စတင်ပြီး ရှုပ်ကခေါ်လိုက်ပြီ၊ ခေါ်လိုက်ပင် ခေါ်လိုက်ငြားသော်လည်း ကိုယ်က မြင်လိုက်တဲ့ခဏမှာ ဉာဏ်မပေါ်ရင် မကြည့်တတ်ဘူး'

'မှန်လှပါဘုရား'

'မကြည့်တတ်တဲ့အတွက်ကြောင့်မို့လို့ သာယာမိတဲ့တဏှာကိုလည်း မရှုမိပါ၊ အဲဒီတဏှာကို အာရုံပြုပြီး သူ့မှာတွေးစိတ်ကော မလာဘူးလား?'

'လာပါတယ်ဘုရား'

'နောက်တစ်ခါကြည့်စမ်း၊ ဒီကိုယ်တော်ကို ကြည်ညိုတဲ့အခါ ကြည်ညိုနေလိုက်တာ တွေးနေတာနော် '

'မှန်လှပါဘုရား'

'ဒီလောက်ကြည်ညိုနေရင် ဒီဒကာ ဒီနောက်ကိုပါ သွားမှာပဲ၊ အဲဒီချိန်ခါမှာ သူ့ဒကာကို ပါသွားမှာ တွန့်တိုနေတဲ့ သဘောလေးက မစ္ဆရိယ၊ အဲဒီအကြောင်းတွေကို တွေးနေတာက တွေးစိတ်၊ ဒါဖြင့် တွေးစိတ်က ထင်ရှားရင် တွေးစိတ်ကိုလိုက်၊ တကယ်လို့ မစ္ဆရိယက ထင်ရှားရင် မစ္ဆရိယကိုလိုက်မြင်တဲ့ အခါမှာ အာရုံကထင်ရှားရင် မြင်ခန္ဓာကို ရှုလို့ကော မရဘူးလား ?'

'ရပါတယ်ဘုရား'

'အဲဒီလိုရှုတဲ့နေရာမှာ -

"ခေါ်ရာ ပေါ်ရာ ရှုသူမှာ၊ ရှုကာမရှိ တွေ့ရမည်"

'အခု အဆင်းကခေါ်လို့ အဆင်းလေးကိုကြည့်ရင်လည်းပဲ အဆင်းလေးက ဖြစ်ပြီးရင်'

'ပျက်ပါတယ်ဘုရား'

'ဟော-ဒီအဆင်းလေးနဲ့ မျက်စိနဲ့ ဆုံလိုက်လို့ မြင်စိတ်ကော မပေါ်ဘူးလား?'

'ပေါ်ပါတယ်ဘုရား'

'အဲဒီ မြင်စိတ်လေးကလည်း ပေါ်တဲ့နေရာ ချုပ်မချုပ်'

'ချုပ်ပါတယ်ဘုရား'

http://www.dhammadownload.com

'ဒါဖြင့်ရင်ခေါ်တဲ့နောက်ကိုလိုက်၊ လိုက်တဲ့အခါမှာရှုရင် မရှိတာမြင်တယ်'

'မှန်လှပါဘုရား'

'တစ်နည်းပြောရင် ဖြစ်ပျက်ကိုပြောတာနော်'

'မှန်လှပါဘုရား'

'ဒါဖြင့်ရင် မြင်စိတ်လေး ဖြစ်ပျက်ကိုသာ ဟောဒီ ဉာဏ်ကလိုက်လို့ မြင်သိသွားရင် တွေးစိတ်ကော လာအုံးမှာလား?'

'မလာတော့ပါဘူးဘုရား'

'မစ္ဆရိယကော လာအုံးမလား?'

'မလာတော့ပါဘူးဘုရား'

'ကဲ-ကိုယ်က ဒါမမြင်ဘူး ပျက်သွားပြီးတဲ့အခါမှာ ဩော်-တွေးစိတ် တွေးစိတ်တွေက အစားထိုးပြီး တွေးနေပါလားလို့ နောက်က ဉာဏ်နဲ့လိုက်တွေး၊ စိတ်ကအပျက် သိတဲ့ဉာဏ်ကမင်၊ မစ္ဆရိယတွေ ပေါ်အုံးမလား?'

'မပေါ်တော့ပါဘူးဘုရား'

'မပေါ်တော့ဘူးနော်'

'မှန်လှပါဘုရား'

'အဲဒီတွေးတာကိုလည်း မရှုနိုင်တဲ့အတွက် တွေးတာမြင်တာ ဖြစ်လိုက် ပျက်လိုက် ဖြစ်လိုက် ပျက်လိုက် အစားထိုးရင်းကနေပြီး ဩော်-ဒီဒကာတော့ ဒီကိုယ်တော် နောက်ပါသွားရင် ခက်ရချည်ရဲ့ဆိုတော့ မစ္ဆရိယတွေ မကိန်းဘူးလား?'

'ကိန်းပါတယ်ဘုရား'

'အဲဒီကိန်းနေတဲ့ တွန့်တိုမှုလေးတွေသည်ပင် ဉာဏ်ရှုတဲ့အခါကျတော့ ဩော်-ဒါလေးမကောင်းပါလား ဒီတရားတွေ အရှုခံပါလားလို့ အသိဉာဏ်က နောက်ကလိုက် မစ္ဆရိယကအပျက်သိတဲ့ဉာဏ်ကမင်၊ ဒီလိုဆိုရင် **'ခေါ်ရာ ပေါ်ရာ ရှုသူမှာ ရှုကာမရှိတွေ့ရမည်'** ဆိုတာက ပျက်သွား ပျက်သွားတာကို မြင်တာ၊ အဲလိုမြင်ပြီဆိုရင် ကံအထိမြောက်ပါတော့မလား?'

'မမြောက်ပါဘူးဘုရား'

http://www.dhammadownload.com

'ရှုလိုက်မယ်ဆိုရင် မိမိမှာ မြင်ခန္ဓာ၊ မြင်ရင်လည်းပဲ သူ့ကိုမှီရင် သူ့ကိုရှု၊ သူ့ကိုမမှီလို့ တွေးစိတ်လေးမှီရင် တွေးစိတ်ကိုရှု၊ ဒါကိုမမှီလို့ မစ္စာရိယကိုမြင်ရင် မစ္စာရိယကိုရှုလိုက်၊ အဲဒီလို ရှုလိုက်ရင် ဥပါဒါန်းကံ အထိမသွားရင် ကမ္မဘဝ ပစ္စယာ ဇာတိဆိုတဲ့အကျိုး ကိုယ့်အတွက် ဖြစ်အုံးမလား?'

'မဖြစ်ပါဘူးဘုရား'

"ခေါ်ရာပေါ်ရာ ရှုသူမှာ ရှုကာမရှိတွေ့ရမည်၊ မရှိတွေ့က ဉာဏ်ခေါ်ကြ၊ ဉာဏ်ကနိဗ္ဗာန် ပို့လေသည်"

'ပေါ်လာတဲ့မစ္စာရိယတွေမှာ ဘယ်မစ္စာရိယပေါ်ပေါ် ရှုဉာဏ်ကလိုက်လို့ သြော်-မစ္စာရိယရဲ့ အရှုခံတွေပေါ်မှာ နောက်ဉာဏ်ကသာ အသိလေးနဲ့လိုက်မယ်ဆိုရင် ရှေ့စိတ်ကပျက် နောက်စိတ်ကမဂ်၊ ရှေ့စိတ်ကပျက် နောက်စိတ်ကမဂ်၊ ဒီလိုသွားနေမယ်ဆိုရင် အဲဒီပုဂ္ဂိုလ်ရဲ့သန္တာန်မှာ ကိလေသာ လာအုံးမှာလား?'

'မလာတော့ပါဘူးဘုရား'

'ကိလေသာမလာဘူးဆိုရင် ပေါ်လာတဲ့ဉာဏ်က နိဗ္ဗာန်ကိုပို့မယ်ဆိုတော့ ကိုယ့်ရဲ့သန္တာန်မှာ ဒုက္ခတွေ ဒုက္ခတွေနဲ့ နိဗ္ဗာန်သည် ကိုယ့်အတွက် ဖြစ်သွားတော့ ဘယ်လောက်ပဲ မစ္စာရိယဖြစ်ခဲ့ ဖြစ်ခဲ့ သူ့ရဲ့အပြစ်တွေ ခံစရာ အကြောင်းရှိသေးလား?'

'မရှိတော့ပါဘူးဘုရား'

'အချိန်မီ ကယ်သွားနိုင်တာ ဘာအားကိုးရှိသွားလို့'

'ဝိပဿနာအားကိုးရှိသွားလို့ပါဘုရား'

'ဒါဖြင့်ရင် မြန်မြန်ဆန်ဆန် လုပ်ကြတော့နော်'

'မှန်လှပါဘုရား'

http://www.dhammadownload.com

'အခုကိုယ့်ရဲ့သန္တာန်မှာ သင်ပေးတဲ့တရားလေးတွေကို မိမိတို့က တရားအားထုတ်ကြတဲ့ နေရာမှာ သြော်-ငါတို့အခုချိန်ထိ တရားတွေကို ကြာရှည်စွာ အားထုတ်ခဲ့တာ မရသေးပါလား၊ မတိုးတက်သေးပါလား၊ မညည်းဘူးလား, ညည်းလား?'

'ညည်းပါတယ်ဘုရား'

'အဲဒီလို ညည်းနေကြတာ ဘာကြောင့်လဲမေးတော့ ခုနတုန်းက ပြောသလို **'ခေါ်ရာပေါ်ရာ အမြဲသာ၊ လိုက်ခါမပြတ် ရှုရမည်'** ဆိုတဲ့ ဒီစကားမေ့နေလို့ပါ၊ ထိုင်တဲ့အခါပဲ ရှုဖို့တတ်တယ်၊ ကျန်တဲ့အချိန်မှာ နှလုံးမသွင်းတတ်ဘူးဆိုရင် ဒီပုဂ္ဂိုလ် အမြဲတမ်း ကိလေသာကြားမခိုဘူးလား?'

'ခိုပါတယ်ဘုရား'

'ဒါလေးကို သဘောပေါက်အောင်ပြောရင် ဥပမာအားဖြင့် မိမိတို့ရေနွေးတစ်အိုးတည်မယ်၊ ရေနွေးတစ်အိုးတည်တဲ့အခါမှာ ထင်းက ဆယ့်တစ်ချောင်းထိုးရင် အဲဒီဆယ့်တစ်ချောင်းမီးနဲ့ ရေနွေးအိုးတစ်အိုး ကျက်မယ်ပေါ့၊ ထင်းဘယ်နှစ်ချောင်း'

'ဆယ့်တစ်ချောင်းပါဘုရား'

'ဆယ့်တစ်ချောင်း မီးနဲ့ထိုးရင် ရေနွေးအိုးကျက်မယ်၊ အဲဒီတော့ ပထမလေးချောင်းထိုးမယ်၊ လေးချောင်းထိုးပြီးတော့ နောက်တစ်ခါ သုံးချောင်းထိုးမယ်၊ မီးလေးသေခါနီးမှာ လေးချောင်းတစ်ခါ ထပ်ထိုးမယ် ဆယ့်တစ်ချောင်းမပြည့်သွားဘူးလား?'

'ပြည့်သွားပါပြီဘုရား'

'ရေနွေးအိုးဆူလား?'

'မဆူပါဘုရား'

'ဆယ့်တစ်ချောင်းဆိုဆူမယ်လေ မဆူဘူးလား အခု'

'ဆူပါတယ်ဘုရား'

http://www.dhammadownload.com

'ပထမ ဘယ်နှစ်ချောင်းထိုး'

'လေးချောင်းထိုးပါတယ်ဘုရား'

'လေးချောင်းထိုးလိုက်ပြီ မီးကလည်းလျှော့သွားပြီ၊ နောက်သုံးချောင်းထပ်တိုးလိုက်ပြန်ပြီ၊ မီးအရှိန်လေး ပြန်မတက်လာဘူးလား?'

'တက်လာပါတယ်ဘုရား'

'အရှိန်လေးကုန်သွားပြန်ပြီ၊ တစ်ခါလေးချောင်းထိုးလိုက်ပြန်တော့ မီးတွေ မတက်လာဘူးလား?'

'တက်လာပါတယ်ဘုရား'

'ရေနွေးအိုး ဆူရောလား?'

'မဆူပါဘူးဘုရား'

'ဘာဖြစ်လို့ပါလိမ့်'

'အရှိန်ပျက်သွားလို့ပါဘုရား'

'အရှိန်ပျက်ပျက်ပြီး ထိုးနေလို့ ဆယ့်တစ်ချောင်းလုံးပြုံပြီးထည့်ရင် မီးအားကောင်းတဲ့အတွက် မဆူဘူးလား ဆူမှာလား ?'

'ဆူမှာပါဘုရား'

'အခု သူတော်စင်များကလည်းပဲ တရားကို အားထုတ်ပါတယ်၊ တစ်နေ့ကို ဘယ်နှစ်နာရီ'

'တစ်နာရီပါဘုရား'

'တစ်နာရီတောင်ဖြစ်ပြီနော်၊ အဲဒီတော့ တစ်နေ့တစ်နာရီ လိုက်ထိုးလိုက် ကျန်တဲ့အချိန်တွေက နားနေရင်ဘာလုပ် ငြိမ်းထားတာ၊ နောက်တစ်နေ့ကျတော့ တစ်နာရီထိုးလိုက် ငြိမ်းထားလိုက်၊ ကျက်တော့မှာပေါ့နော်'

'မကျက်ပါဘူးဘုရား'

http://www.dhammadownload.com

'ရှင်းသွားပါပြီ၊ ဘာကြောင့် တရားမရလဲလို့ ညည်းမနေကြနဲ့'

'မှန်လှပါဘုရား'

'မီးအရှိန်သေမှ ထိုးနေလို့'

'မှန်လှပါဘုရား'

'ဟုတ်ပြီလား မစ္ဆရိယတွေကိုလည်းပဲ ယနေ့သူတော်စင်များ အကင်းပြတ်ပျောက်ချင်ပါတယ်ဆိုရင် အဆက်မပြတ်ထိုး'

'မှန်လှပါဘုရား'

"ရုပ်နာမ် ခန္ဓာခေါ်လေရာ၊ ပေါ်ရာမပြတ် ရှုရမည်"

'ဒါဖြင့် ရုပ် နာမ် ခန္ဓာ ခေါ်တိုင်း ခေါ်တိုင်း လိုက်ရှု၊ အဲဒီလိုဆိုရင် သူတော်စင်များ မဆူဘူးလား, ဆူမှာလား?'

'ဆူမှာပါဘုရား'

'မစ္ဆရိယကိန်းဖို့ အခွင့်ရှိပါ့မလား?'

'မရှိပါဘူးဘုရား'

' ဒါဆိုရင် ယနေ့သူတော်စင်များ ဒီတရား နာလိုက်ရတဲ့အတွက် ကြောင့်မို့လို့ သြော်-ငါတို့ရဲ့သန္တာန်မှာ မစ္ဆရိယတွေက အားကောင်းခဲ့ပြီ၊ အဲဒီ မစ္ဆရိယတွေကို ယနေ့ရပ်တန်းကရပ်ပြီးတော့ အမြစ်ပြတ် တိုက်ထုတ်ချင်ပါတယ်ဆိုရင် ဘာအလုပ်လုပ်ရမယ်'

'ဝိပဿနာအလုပ်လုပ်ရမှာပါဘုရား'

'ဝိပဿနာဆိုတာက တခြားလား, ပေါ်ရာခန္ဓာ ရှုတာလား?'

'ပေါ်ရာခန္ဓာရှုတာပါဘုရား'

'ဟောထိုင်ပြီးတော့မှ တရားတစ်ခုထဲပဲ လုပ်နေလို့ မရဘူးနော်'

'မှန်လှပါဘုရား'

http://www.dhammadownload.com

'ဣရိယာပုထ် မပြတ်နှလုံးသွင်းပြီး ခေါ်တဲ့နောက်လိုက်မယ်ဆိုရင်ယနေ့ ဆယ့်တစ်ချောင်း မီးနဲ့ရေနွေးအိုး ဆူသလိုပဲ မရပ်မနား ကြိုးစားတဲ့ ဝိပဿနာဉာဏ်က မစ္ဆရိယတွေကိုလည်း ပယ်သတ်သလို သံသရာ ဒုက္ခတွေကလွတ်အောင် နိဗ္ဗာန်ကိုပို့နိုင်တဲ့စွမ်းအား သတ္တိတွေနဲ့ ကိုယ့်ကို မကယ်ဘူးလား ကယ်မှာလား?'

'ကယ်မှာပါဘုရား'

'အေး-ဒါကြောင့် မစ္ဆရိယရဲ့ ကြောက်စရာကောင်းပုံကိုလည်းသိပြီ၊ ကိုယ့်ရဲ့လုပ်ငန်းခွင်မှာလည်း ဖြစ်တတ်တဲ့သဘောကလည်း အမြဲတမ်း ကိန်းနေတာဖြစ်တဲ့အတွက် ဒီတရားတွေကို အဝင်မခံရအောင်ကြိုးစားလို့ ဝိပဿနာအလုပ်ကိုလည်း သင်ပေးပြီဖြစ်တဲ့အတွက်ကြောင့်မို့လို့ ကြိုးစားရင်းနဲ့ မစ္ဆရိယတွေကို ပယ်ဖျက်ပြီးတော့ အပါယ်တံခါးပိတ်ပြီး နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်အောင် ကိုယ်စီကိုယ်စီ ရယူနိုင်အောင် ကြိုးစားနိုင်တဲ့ သူတော်ကောင်းတွေဖြစ်ပါစေလို့ တိုက်တွန်းရင်းနဲ့ တရားပွဲကို အဆုံးသတ်ကြရအောင်'

(သာဓု . . . သာဓု . . . သာဓု . . .)

http://www.dhammadownload.com

ခရီးထွက်ဖို့အသင့်ပြင်ကြပြီလား

တရားတော်



http://www.dhammadownload.com

http://www.dhammadownload.com

ခရီးထွက်ပို့အသင့်ဖြစ်ကြပြီလား တရားတော်

သာသနာတော်နှစ် (၂၅၅၁) ခုနှစ်၊ ကောဇာသက္ကရာဇ် (၁၃၆၉) ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၁၀) ရက်၊ ခရစ်နှစ် (၂၀၀၇) ခု၊ ဒီဇင်ဘာလ (၄) ရက်နေ့၊ ရှမ်းပြည်နယ်တောင်ပိုင်း၊ မိုင်းရှားမြို့နယ်၊ ဝမ်ကမ်ဒေသ၊ ဈေးသစ်နယ်မြေ၊ ထေရဝါဒဗုဒ္ဓသာသနာပြန့်ပွားရေး၊ ဂေါ်ရခါးအဖွဲ့ သစ္စာဓမ္မာရုံမှာ (၁၀) ရက်တိုင်တိုင် ကျင်းပပြုလုပ်တဲ့ ဓမ္မဒါနတရားအလှူ၊ အမတဒါန တရားအမြိုက်နိဗ္ဗာန်အလှူ ပေးလှူပွဲရဲ့ (၆) ရက် မြောက်နေ့ နံနက်ပိုင်းတရားအဖြစ် ဟောကြားအပ်သော **" ခရီးထွက်ဖို့ အသင့်ဖြစ်ကြပြီလား တရားတော် "**။

ဒီတရားတော်ကို မဟောကြား၊ မနာကြားမီမှာ တရားပိုင်ရှင် ဖြစ်တော်မူသော မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးကို နမောပြန်ဘုရားရှိခိုးနဲ့ပဲ ရှိခိုးကြည်ညိုပါ့မယ်၊ လေးလေးစားစား အာရုံပြုထားကြပါ။

(----------)

(သာဓု . . . သာဓု . . . သာဓု)

http://www.dhammadownload.com

ဘုရားရှင်ကိုယ်တော်မြတ်ကြီးကို ရှိခိုးကြည်ညိုပြီးတဲ့နောက် ယနေ့ မိမိတို့ရောက်ရှိနေတဲ့ ဘုံဘဝဌာနတွေဆိုတာ ခေတ္တခဏာ အလည်လာကြတဲ့ ဧည့်သည်တွေဖြစ်တော့ ကိုယ့်ရဲ့ ဦးတည်ချက်သွားရာ လမ်းဆုံးကိုတော့ မည်သူမဆို ဆက်ပြီးလှမ်းရမှာကလည်း သေချာနေတဲ့အတွက် အဲဒီလမ်းကိုသွားဖို့ ငါတို့သည် ရောက်နိုင်လောက်တဲ့ ပြင်ဆင်မှုတွေကို ကောင်းစွာ ပြင်ဆင်ပြီးပြီလားဆိုတာ သဘောပေါက်ပြီးတော့ လိုနေသေးရင်လည်း ကြိုတင်ပြင်ဖို့၊ ပြည့်စုံနေပြီဆိုရင်လည်း မရပ်မနားဘဲနဲ့ ကိုယ်လိုရာပန်းတိုင်ကို အားသွန်ခွန်စိုက် ရောက်အောင်သွားလိုက်မယ်ဆိုရင် တယ်အဖိုးတန်ပါလားလို့ ဆုံးဖြတ်ချက် ချနိုင်အောင် ခရီးထွက်ဖို့ အသင့်ဖြစ်ပြီလားဆိုတဲ့ ယနေ့ ဒီတရားတော်ကို ဟောကြနာကြရအောင်။

ပဋ္ဌိစ္စသမုပ္ပါဒ်ကိုကြည့်ရင် ကိုယ့်ရဲ့သွားရာလမ်းတွေ၊ ရောက်ရာဌာနတွေ၊ သွားရမယ့်ခရီးတွေ ဘယ်လိုပုံနဲ့ ဆက်သွယ်ပြီးတော့ လည်ပတ်နေတယ်ဆိုတာလေးကို အားလုံးနားလည်အောင်ရယ်၊ ရပြီးသားကိုလည်း ပြန်ပြီးမှတ်မိအောင် လိုက်ပြီးတော့ ဆိုကြည့်ပါ . . .

'အဝိဇ္ဇာနှင့် တဏှာအရင်းခံ၊ ဥပါဒါန်၊ ကံကြောင့် ရူပ်နာမ်ပေါ်၊ အပင်မှမျိုး မျိုးမှအပင်၊ အမျှင်မပြတ် ဆက်စပ်သည့်ဟန်၊ ကံကြောင့် နာမ်ရူပ်၊ နာမ်ရူပ်ကြောင့်ကံ အဖန်ဖန် ဖြစ်ပြန်နည်းအလျှော်၊ ပြဟ္မာ-သိကြား စသည်များက ထင်မျှားပြုပြင်၊ စီရင်ဖန်ဆင်း၊ အကြောင်းရင်းကြောင့်၊ လူနတ်များစွာ၊ သတ္တဝါတို့၊ ဖြစ်လာရမှု မဟုတ်ဟု၊ ဉာဏ်ဖြင့် ရှု၍မျှော်"

'ဒါက မိမိတို့ရဲ့ ဘဝဖြစ်စဉ်မှာ အမှန်ကို အကြောင်းအကျိုးနဲ့ ကောင်းစွာသိပြီးတော့ သွားရမယ့်လမ်းခရီးအတွက် ဘယ်လိုပြင်ဆင်ရမယ်ဆိုတာကို လည်လိုတဲ့ပုဂ္ဂိုလ်ကလည်း ဘယ်နားထိ ကိုယ်က ရောက်အောင်သွားရင် ဘယ်လိုပြင်ဆင်ရမယ်၊ ပြတ်လိုတဲ့ပုဂ္ဂိုလ်ကလည်း ဘာတွေကိုပြင်ဆင်ပြီး သွားရမယ်ဆိုတာလေးကို ကောင်းစွာသိနိုင်ဖို့က ဟောဒီဘဝသံသရာထဲမှာ လည်ခဲ့ကြတဲ့အကြောင်းရင်းမှန်ကို ဖော်ထုတ်လိုက်တော့ အတိတ်က ဘယ်သူ ဦးဆောင်လဲမေးရင် -

http://www.dhammadownload.com

'အဝိဇ္ဇာဦးဆောင်ပါတယ်ဘုရား'

'အဝိဇ္ဇာ ဦးဆောင်ပြီးတော့လည်း ကျရာပျော်ဘဝနဲ့ ပျော်ခဲ့တဲ့ တဏှာနဲ့ ဟောဒီ ကံသခ်ါရတွေလုပ်ခဲ့တဲ့အတွက်ကြောင့်မို့လို့ ဆိုင်ရာဘုံဘဝတွေမှာ ရောက်မနေကြဘူးလား?'

'ရောက်နေပါတယ်ဘုရား'

'ရောက်နေရတဲ့ (၃၁) ဘုံသတ္တဝါတွေမှာ ကိုယ့်ရဲ့ဘဝ ကျရာပျော်ဘဝနဲ့ ကြက်ကလေးတွေကလည်း ကြက်ကလေးတွေအလျောက်၊ ငှက်တွေကလည်း ငှက်တွေအလျောက်၊ တိကောင်တွေကလည်း တိကောင်တွေအလျောက်၊ မိမိတို့ မစင်အိမ်သာထဲမှာရှိတဲ့ လောက်ကလေးတွေကလည်း လောက်ကလေးတွေအလျောက်၊ သူတို့ရဲ့ဘဝနဲ့သူတို့ မပျော်ဘူးလား?'

'ပျော်ပါတယ်ဘုရား'

'အဲဒီပျော်ရင် ကိုယ့်ဘဝ ကိုယ်တပ်မက်တဲ့တဏှာကတော့ လာမှာပဲ၊ ဟောဒီဘဝသည် ကြောက်စရာကောင်းလောက်အောင် တကယ့်ကိုဟော့ ဒုက္ခတွေချည်းပါလားလို့ အဲဒီဒုက္ခတွေကိုမမြင်အောင် အတိတ်က အဝိဇ္ဇာက ဖုံးကွယ်ခဲ့သလို ပစ္စုပ္ပန်မှာလည်း အဝိဇ္ဇာက လွှမ်းထားတဲ့အတွက်ကြောင့် အမှန်မဖြစ်တော့ ကျရာပျော်ဘဝနဲ့ သူသူငါငါဟာ ပျော်နေကြတယ်၊ အဲဒီလို ပျော်နေသမျှ ဘယ်သူလာမှာလဲ?'

'တဏှာပါဘုရား'

'တဏှာလာပြီဆိုရင် ဟောဒီပစ္စုပ္ပန်မှာ လုပ်တဲ့ကံတွေကြောင့် အနာဂတ်သံသရာမှာ ဇာတိခန္ဓာ (၃၁) ဘုံ သတ္တဝါတွေအဖြစ် ပြန်မလာဘူးလား?'

'လာမှာပါဘုရား'

'ဒီလိုနဲ့ တစ်ပတ်ပြီးတစ်ပတ် လည်တာသည် ဘယ်သူနဲ့ဘယ်သူ. လက်ချက်လဲမေးရင် အဝိဇ္ဇာ တဏှာလက်ချက်၊ အဲဒီအဝိဇ္ဇာတဏှာလက်ချက်နဲ့ သံသရာထဲမှာ ရောက်ရာဘုံဘဝ ရောက်ရာဘုံဌာနတွေမှာ ဘယ်လောက်ပဲ ဆင်းရဲဒုက္ခတွေရောက်ရောက်၊ အဲဒီဒုက္ခတွေကို မမြင်မြင်အောင် အဝိဇ္ဇာက ဖုံးနေသမျှ ယနေ့ ကိုယ့်မိသားစုနဲ့ ဘယ်လောက်ပဲ ဆင်းရဲစွာနေရပါစေ

http://www.dhammadownload.com

ပျော်နေကြတာပဲနော်'

'မှန်လှပါဘုရား'

'အဲဒီလိုပျော်ရင် ဒုက္ခကို မြင်တာလား မမြင်နေတာလား?'

'မမြင်နေတာပါဘုရား'

'မသိတာက'

'အဝိဇ္ဇာပါဘုရား'

'ပျော်နေတာက'

'တဏှာပါဘုရား'

'အဝိဇ္ဇာ တဏှာလက်ချက်နဲ့ ဟောဒီ သံသရာရေပြင်ထဲမှာ မိမိတို့ တစ်တွေ ခန္ဓာတွေအမျိုးမျိုးပြောင်းပြီး ခေါင်းအမျိုးမျိုးတပ်လို့ ဘုံဘဝတွေမှာ ကျင်လည်ခဲ့ရတာ ယနေ့တိုင်အောင်ဆိုရင် မမှန်ဘူးလား?'

'မှန်ပါတယ်ဘုရား'

'ပစ္စုပ္ပန်မှာလည်း ခန္ဓာဒုက္ခတွေရထားပြီ၊ အဲဒီဒုက္ခတွေအပြင်ကို နောက်ထပ် ဒုက္ခတွေနဲ့ လဲလှယ်ဖို့အတွက်ကလည်း အဝိဇ္ဇာ တဏှာနဲ့သာ သွားနေရင်တော့ ဆုံးဖွယ်ရာမရှိဘူး၊ ဒါဖြင့်ရင် အဝိဇ္ဇာအုပ်ချုပ်ပြီးတော့ တဏှာခင်ခဲ့တယ်ဆိုရင် ဘုံဘဝကို စွဲလန်းတဲ့ ဥပါဒါန်ကြောင့် ကံသခ်ါရ လုပ်ရင် ဟောဒီဘက်မှာ အပါယ်လေးဘုံကလည်း မဖြစ်လာဘူးလား?'

'ဖြစ်လာပါတယ်ဘုရား'

'လူ နတ် ပြဟ္မာကော မဖြစ်ဘူးလား?'

'ဖြစ်ပါတယ်ဘုရား'

'ဒီလိုဆိုရင် ကိုယ်ရောက်နေတဲ့ဘဝလေးတွေကို ပြန်ပြီး သုံးသပ်ကြည့်တဲ့ အခါမှာ အဝိဇ္ဇာ အုပ်ချုပ်ပြီးလုပ်ခဲ့တဲ့ ကံသခ်ါရတွေကြောင့် အပါယ်လေးဘုံ လည်းကျကြရတယ်၊ လူ့ပြည်ကိုလည်း ရောက်ကြရတယ်၊ နတ်ပြဟ္မာလည်း ဖြစ်ကြရတယ်၊ ကဲ-ဒီလိုမသွားဘူးလား၊ အဲဒီတော့ အပါယ်လေးဘုံသားက လည်း သူရောက်တဲ့ဘဝမှာ ငရဲသားက နေ့စဉ်နဲ့အမျှ အကြားအလပ်မရှိ

http://www.dhammadownload.com

အောင် ဆင်းရဲဒုက္ခခံနေရတဲ့အတွက်ကြောင့်မို့လို့ သူ့မှာ မေတ္တာသက်ဝင်ဖို့ မလွယ်ဘူးနော်'

'မှန်လှပါဘုရား'

'လောဘ ဒေါသနဲ့သေရင် ငရဲကနေ တက်စရာကို မရှိပြန်ဘူး၊ တိရစ္ဆာန်လေးတွေကလည်း သူ့ဘဝနဲ့သူ နိုင်ရာစားနဲ့လည်း မနေကြဘူးလား?'

'နေကြပါတယ်ဘုရား'

'ကုသိုလ်လား အကုသိုလ်လား?'

'အကုသိုလ်ပါဘုရား'

'အပါယ်လေးဘုံကိုညွှတ်ရင် တက်ဖွယ်လမ်းက မမြင်တော့ဘူးနော်'

'မှန်လှပါဘုရား'

'တချို့တချို့သော သတ္တဝါလေးတွေကျတော့လည်း သူ့ဘဝနဲ့သူ ပျော်ပြီး နေကြပြန်တော့လည်း ကိုယ့်ဘဝကိုယ်ခင်ရင် အနာဂတ်မလာဘူးလား?'

'လာပါတယ်ဘုရား'

'ဒါဖြင့် ဘုံဘဝထဲကလွတ်မြောက်ဖို့ မလွယ်ပြန်ဘူး'

'မှန်လှပါဘုရား'

'လူ့ဘဝကိုရောက်နေကြတဲ့ မိမိတို့အားလုံး ကောင်းမှုကုသိုလ်ကံကြောင့် အဝိဇ္ဇာအုပ်ချုပ်ပြီးလုပ်ခဲ့လို့ရခဲ့ပြီ၊ အဲဒီ လူ့ဘဝမှာလည်း ကိုယ့်ပြန်ကြည့်တော့ တရားတွေနာ တရားတွေအားထုတ်ထားသော်လည်း နိဗ္ဗာန်ဆိုတာကို နာကြားရတယ်၊ သြော်-ချမ်းသာတယ်လို့သိတယ်၊ သို့သော်လည်းပဲ လောကီအာရုံကာမဂုဏ်တွေထဲမှာ ပျော်နေပျော်နေပြန်တော့ နိဗ္ဗာန်ဆိုတာကို အာရုံပြုပြီး ဒီကာမဂုဏ်တွေမရှိဘူး၊ ချမ်းသာတွေမရှိဘူး၊ သြော်-ပျင်းစရာကြီးဆိုပြီး မသွားချင်တဲ့ပုဂ္ဂိုလ်ကလည်း အများကြီးပဲ၊ ဒီထဲမှာရောပါလား?'

'မပါပါဘူးဘုရား'

'ပြောတာပဲနော်၊ နိဗ္ဗာန်ကိုတော့ နာကြားရတယ်၊ နိဗ္ဗာန်ရဲ့ ချမ်းသာကို လက်တွေ့ခန္ဓာဉာဏ်စိုက်ပြီး မြင်အောင်မကြည့်နိုင်ဘူး၊ ချမ်းသာသဘော

http://www.dhammadownload.com

တစ်စိတ်တစ်ဒေသကို နားမလည်ဘူးဆိုရင် ဟောဒီပုဂ္ဂိုလ်တွေသည် ဟောဒီ ကာမဂုဏ် အာရုံတွေမှာပဲ တွယ်တာတဲ့တဏှာက အမြဲတမ်း ကိုယ့်ကို လွှမ်းမိုး ထားတဲ့အတွက် အနာဂတ်သံသရာမှာ ဒုက္ခခန္ဓာပြန်မရဘူးလား?'

'ရပါတယ်ဘုရား'

'ဒီလိုနဲ့ သံသရာရေယာဉ်ကြောထဲမှာ မျှောပြီးနေလာခဲ့တဲ့ဘဝတွေကို ပုံဖော်တဲ့နေရာမှာဟေ့ ကံကြောင့်ကွာတဲ့ ဟောဒီမှာ လုပ်ခဲ့တဲ့ကံကြောင့် ပြောတော့ အပါယ်လေးဘုံ လူ နတ် ဗြဟ္မာလို့သာ ပြောတာပါ၊ ပေါ်တာက ရူပ် နာမ် ခန္ဓာပေါ်တာလို့ မဟောဘူးလား?'

'ဟောပါတယ်ဘုရား'

'ကံကြောင့် ရူပ်နာမ်ပေါ်၊ ဒါဖြင့် အဲဒီရူပ်နာမ်သည် ဘာသစ္စာ?'

'ဒုက္ခသစ္စာပါဘုရား'

'မသိပြန်ဘူးဆိုရင် ဒီရူပ်နာမ်ထဲကနေပြီး ခင်တဲ့တဏှာကြောင့် ကံတွေ မလုပ်ဘူးလား?'

'လုပ်ပါတယ်ဘုရား'

'ကဲ-ရူပ်နာမ်ထဲက ကံတွေ ပြန်လုပ်ရင် ကံကြောင့် ဘာပေါ်ဦးမှာတုန်း၊ ရူပ်နာမ်ပြန်ပေါ်ဦးမှာပဲ၊ ဒါဖြင့် ဒုက္ခနဲ့ ဒုက္ခလည်နေတာနဲ့ မတူဘူးလား'

'တူပါတယ်ဘုရား'

'အဲဒီလိုနဲ့ အပါယ်လေးဘုံသားလည်းပဲ ဒုက္ခနဲ့ဒုက္ခ၊ ရူပ်နာမ်နဲ့ ရူပ်နာမ်သာ အလဲအလှယ် လုပ်ခဲ့တယ်၊ လူ နတ် ဗြဟ္မာတွေကလည်းပဲ ဒုက္ခနဲ့ဒုက္ခ၊ ရူပ်နာမ်နဲ့ရူပ်နာမ် အလဲအလှယ်လုပ်ခဲ့တဲ့ သံသရာကြီးဟာ ယနေ့တိုင်အောင် ရှည်ခဲ့တယ်ဆိုတာက၊ ခန္ဓာရတာကိုက သက်သေမခံဘူးလား?'

'ခံပါတယ်ဘုရား'

'အဲဒီလိုနဲ့ ဖြစ်ပေါ်လာတဲ့ အမျှင်မပြတ်နိုင်တဲ့ သဘောလေးကို ဟောဒီ ကံဆိုတာက မျိုးစေ့နဲ့ တူတယ်ကွာ၊ ဟောဒီရလာတဲ့ ဘုံဘဝတွေမှာ ဖြစ်ပေါ်တဲ့ သတ္တဝါတွေရဲ့ ခန္ဓာမှန်သမျှဟာ အပင်နဲ့တူတယ်ကွာ၊ မျိုးစေ့ပျိုးရင် အပင်

http://www.dhammadownload.com

မရဘူးလား?'

'ရပါတယ်ဘုရား'

'အဲဒီအပင်ကနေပြီးတော့မှ အသီးသီးပြီး မျိုးစေ့ ပြန်မရဘူးလား'

'ရပါတယ်ဘုရား'

'မျိုးစေ့ကဘာတွေ ပြန်ပေါက်၊ အပင်တွေပြန်ပေါက်၊ အပင်ပေါက်ရင် အသီးပြန်မသီးဘူးလား?'

'သီးပါတယ်ဘုရား'

'မျိုးစေ့တွေ ပြန်ရမှာပဲ၊ မျိုးစေ့ပြန်ရရင် ,အပင်ပြန်မရဘူးလား?'

'ရပါတယ်ဘုရား'

'အပင်ကနေမျိုး မျိုးစေ့ကနေအပင်၊ ကဲဒီလိုဆိုရင် ဆုံးဖွယ်ရာ ရှိပါတော့ မလား?'

'မရှိပါဘူးဘုရား'

ဟောဒီ သံသရာလည်ခဲ့တဲ့ ဘဝတစ်လျှောက်မှာ သူတော်စင်များ မျိုးစေ့နဲ့အပင် ဘယ်ဟာကအရင်ဖြစ်'

'မျိုးစေ့ပါဘုရား'

'နည်းနည်းလေး စဉ်းစားပြီး ဖြေကြည့်စမ်း၊ မျိုးစေ့နဲ့အပင် ဘယ်ဟာ အရင်ဖြစ်၊ အဲဒီအပင် ဘယ်ကပေါက်?'

'မျိုးစေ့ကပေါက်ပါဘုရား'

'ဘယ်ဟာက အရင်ဖြစ်၊ ပြောလေ မပြောတတ်ဖူးတော့ဘူးလား၊ မျိုးစေ့ ကနေ အပင်ပေါက်တယ်၊ အဲဒီမျိုးစေ့ ဘယ်ကရ?'

'အပင်ကရပါတယ်ဘုရား'

'အဲဒီအပင် ဘယ်ကပေါက်၊ ဘယ်သူက အရင်ဖြစ်၊ ပြောလို့ကိုမရအောင် အမျှင်က တန်းနေတယ်နော်'

'မှန်လှပါဘုရား'

http://www.dhammadownload.com

'အဲဒီသဘော အမျှင်မပြတ်တာကဟေ့ ဟောဒီ အဝိဇ္ဇာ တဏှာရှိရင် ဒီမျိုးစေ့တွေကြောင့် အပင်တွေက ပေါက်ဦးမှာပဲ၊ ဒီအပင်တွေကို ကိုယ်က ဒုက္ခလို့ မမြင်ဘူးဆိုရင် ဖုံးထားတဲ့ အဝိဇ္ဇာ တဏှာက သူ့ရဲ့အုပ်ချုပ်မှု အောက်မှာ ကံတွေမျိုးစေ့တွေ ပြန်လုပ်တော့ အနာဂတ်သံသရာမှာ အပင်က ပြန်ပေါက်လို့ မဆုံးပြန်ဘူး၊ အဲဒီအပင်တွေကနေ အသီးတွေပြန်သီးမယ်ဆိုရင် မျိုးစေ့တွေ ပြန်မရဘူးလား?'

'ရပါတယ်ဘုရား'

'ဒီလိုနဲ့ အပါယ်လေးဘုံထဲ ခုန်ဆင်းလိုက် လူ့ဘုံတက်လာလိုက်၊ နတ်ဘုံတက်လာလိုက်၊ ဗြဟ္မာဘုံတက်လာလိုက်နဲ့ ဘုံဘဝတွေမှာပဲ ကျင်လည် ကျက်စားပြီးတော့ အမြတ်တကာ့အမြတ်ဆုံး နိဗ္ဗာန်ဆိုတာကို ဘယ်တုန်းကမှ ရှာမတွေ့ခဲ့ဘူး၊ ယနေ့တိုင်အောင်ပဲ မတွေ့သေးဘူးပေါ့'

'မှန်လှပါဘုရား'

'ဒါဖြင့်သွားရမယ့်လမ်းခရီးတွေကို ကြည့်လိုက်တဲ့အခါမှာ သံသရာထဲမှာ ကျင်လည်ခဲ့ရတဲ့ဘဝတစ်လျှောက် ဘုံဘဝတွေမှာရတဲ့ သတ္တဝါတွေသည် တခြားနဲ့သွားတာလား ခန္ဓာနဲ့သွားတာလား?'

'ခန္ဓာနဲ့သွားခဲ့တာပါဘုရား'

'ခန္ဓာနဲ့သွားပြီးတော့ ဟောဒီ အဝိဇ္ဇာ တဏှာရေယာဉ်ကြောမှာ မျောခဲ့ပြီ၊ သံသရာရေယာဉ်ကြောမှာ မျောခဲ့ပြီ၊ ဟောဒီ သံသရာရေယာဉ်ကြောမှာ ဘဝသံသရာထဲမှာရခဲ့တဲ့ သတ္တဝါတွေဟာ ခန္ဓာနဲ့သာ ခရီးနှင်ခဲ့ပြီးတော့ ခန္ဓာ မဆုံးနိုင်အောင်ကို ဒုက္ခတွေနဲ့ကြုံခဲ့ရတာ၊ အပါယ်လေးဘုံလည်းပဲ မရောက်ခဲ့ ဘူးလား?'

'ရောက်ခဲ့ပါတယ်ဘုရား'

'လူ့ဘုံ နတ်ဘုံရော မရောက်ခဲ့ဘူးလား?'

'ရောက်ခဲ့ပါတယ်ဘုရား'

'ဗြဟ္မာ့ဘုံလည်း'

'ရောက်ခဲ့ပါတယ်ဘုရား'

http://www.dhammadownload.com

'ဒါ (၃၁)ဘုံထဲက ကျင်လည်ခဲ့ရတဲ့ ဘဝတစ်လျှောက်မှာ သွားခဲ့ရတဲ့ခရီး တွေ တစ်ထောက်တစ်ထောက် နားခဲ့တာ အပါယ်လေးဘုံမှာလည်း နားခဲ့လို့ မဆုံးခဲ့ဘူး၊ လူ နတ် ဗြဟ္မာတွေမှာလည်း နားခဲ့ပြီးပါပြီ၊ နိဗ္ဗာန်မှာနားဖို့တော့ စဉ်းစားကြဦးနော်'

'မှန်လှပါဘုရား'

'ယနေ့သူတော်စင်များ ဒီလိုလာပြီးတရားနာကြတယ်၊ တရားအားထုတ်ကြတယ်ဆိုတာ ဟောဒီသွားရမယ့်ခရီးတွေမှာ အပါယ် (၄) ဘုံခရီးရော မရှိဘူးလား?'

'ရှိပါတယ်ဘုရား'

'လူ့ဘုံ နတ်ဘုံခရီးလည်း'

'ရှိပါတယ်ဘုရား'

'ဗြဟ္မာ့ဘုံခရီးလည်း'

'ရှိပါတယ်ဘုရား'

'နိဗ္ဗာန်ခရီးလည်း'

'ရှိပါတယ်ဘုရား'

'ဘယ်ခရီးထွက်မယ် ရွေးလိုက်?'

'နိဗ္ဗာန်ခရီးထွက်မှာပါဘုရား'

'အောင်မယ် တွန့်နေသေးတယ်၊ ဒါတောင် ဘယ်ခရီးထွက်မှာလဲပြော'

'နိဗ္ဗာန်ခရီးထွက်မှာပါဘုရား'

'နိဗ္ဗာန်ခရီးထွက်မှာ၊ နိဗ္ဗာန်ခရီးထွက်မယ်ဆိုရင် နိဗ္ဗာန်နဲ့ထိုက်တန်တဲ့ ပြင်ဆင်မှုတွေ ငါတို့မှာ ပြုပြီးပြီလားဆိုတာ ကြည့်စေချင်ပါတယ်'

'မှန်လှပါဘုရား'

'ကိုယ်ကတော့ နိဗ္ဗာန်ကို သွားချင်တယ်ဆိုပြီး အတိတ်ကရော မလုပ်ခဲ့ဘူးလား?'

'လုပ်ခဲ့ပါတယ်ဘုရား'

http://www.dhammadownload.com

'နိဗ္ဗာန်ကို သွားချင်တယ်လို့ပြောပြီးတော့ လုပ်ခဲ့တဲ့အရာက သမုဒယ လုပ်ခဲ့တဲ့အတွက် ဒုက္ခပဲရောက်ခဲ့တာ၊ တစ်ခါထပ်ပြီး နိဗ္ဗာန်ဘုံလိုချင်တယ်လို့ ပြောပြန်ပြီ၊ လုပ်ပြန်တော့ သမုဒယတွေလုပ်ပြန်ပြီဆိုရင် ဒုက္ခမရောက်ဘူးလား?'

'ရောက်ပါတယ်ဘုရား'

'ဒီလိုနဲ့ပဲ သံသရာလည်ခဲ့ပါပြီ အခု နိဗ္ဗာန်ကိုသွားချင်တယ်လို့ မပြောပြန်ဘူးလား?'

'ပြောပါတယ်ဘုရား'

'တကယ်သွားချင်လား?'

'သွားချင်ပါတယ်ဘုရား'

'အသံက အားရစရာမကောင်းဘူး၊ သူတော်စင်များ မျှားစွာသော ပရိသတ်တွေက အသံလေးက နည်းလိုက်တာ၊ နိဗ္ဗာန်သဘောမကျဘူးလား?'

'ကျပါတယ်ဘုရား'

'နိဗ္ဗာန်ဘာလို့ သဘောကျတာလဲ၊ အဲတော့ နိဗ္ဗာန်ကို သွားချင်တယ်ဆိုရင် သွားရမယ့်လမ်းခရီးမှာ ငါတို့ ဘာတွေလိုတယ်ဆိုရင် လိုတာလေးတွေကို သိစေချင်ပါတယ်၊ ဟောဒီပစ္စုပ္ပန်မှာ ရောက်နေကြတဲ့ မိမိတို့အားလုံးရဲ့ ဘဝဖြစ်စဉ်ကို ပြန်ကြည့်လိုက်တော့ တခြားပေါ်တာလား ခန္ဓာပေါ်တာလား?'

'ခန္ဓာပေါ်တာပါဘုရား'

'ဟောဒီ ခန္ဓာငါးပါးကို အသုံးချပြီး တော့မှ ကြုံရတဲ့ဘဝတွေမှာ ဘယ်သူနဲ့ ဘယ်သူ လက်တွဲခဲ့ လက်တွဲခဲ့ ရောက်ရာဌာနတွေမှာ ပျော်နေတာက တခြားလား တဏှာလား?'

'တဏှာပါဘုရား'

'ကဲ-ဒီတဏှာနဲ့ပျော်နေရင်တော့ သံသရာထဲမှာ ဘယ်လောက်ပဲ နိဗ္ဗာန်ကို သွားချင် သွားချင် မရပါဘူး'

'မှန်လှပါဘုရား'

http://www.dhammadownload.com

'တဏှာနဲ့ပျော်နေသမျှတော့ တဏှာအုပ်ချုပ်တဲ့ကံတွေက မလုပ်မှာလား၊ လုပ်မှာလား?'

'လုပ်မှာပါဘုရား'

'ကမ္မဘဝပစ္စယာ'

'ဇာတိပါဘုရား'

'ဒီလိုနဲ့ အမျှင်မပြတ်အောင်လို့ သံသရာထဲမှာ နေခဲ့ပါပြီကွာ၊ အဲဒီသံသရာထဲက လွတ်ချင်ပါတယ်ဆိုရင် ယနေ့တော့ဟေ့ သွားဖို့အတွက် ခရီးလမ်းကြောင်းလေးကို ပြပေးတဲ့နေရာမှာ အပါယ် (၄) ဘုံကိုလည်း ပြထားတယ်၊ လူ့ဘုံနတ်ဘုံလည်း ပြထားတယ်၊ ဗြဟ္မာ့ဘုံလည်း ပြထားတယ်၊ နိဗ္ဗာန်ကိုလည်း ပြထားတယ်၊ အဲဒီပြထားတဲ့လမ်းခရီးမှာ ယနေ့သူတော်စင်များက ခရီးသည်တွေဖြစ်တဲ့အတွက်ကြောင့်မို့ အဲဒီသံသရာ ရေယာဉ်ကြောထဲမှာ မျောပြီးတော့ မနေကြဘဲ ကိုယ်သွားရမယ့်နိဗ္ဗာန်ခရီးကို ဘယ်လိုတက်လှမ်းမယ်ဆိုတာ ယနေ့ ပြင်ဖို့ဆင်ဖို့အတွက်ကို ဟောပေးမှာပါ'

'မှန်လှပါဘုရား'

'နိဗ္ဗာန်တကယ်သွားချင်ကြလား?'

'သွားချင်ပါတယ်ဘုရား'

'သွားချင်တယ်ဆိုရင် ဟောဒီ သံသရာရေယာဉ်ကြောထဲမှာ မိမိတို့ဘဝတစ်လျှောက်လုံး သွားခဲ့တာသည် ဘာနဲ့သွားခဲ့တာ?'

'ခန္ဓာနဲ့သွားခဲ့တာပါဘုရား'

'ကဲ-ခုအားလုံးသော ရောက်ရာဌာန သတ္တဝါတွေအားလုံးသည် ခန္ဓာနဲ့သာ သံသရာရေပြင်ထဲမှာ သွားခဲ့ပြီးတော့ အလဲအလှယ်လုပ်ပြီး ဒုက္ခနဲ့သာ ကြုံခဲ့ရပြီ၊ အဲဒီဒုက္ခတွေကို လွတ်မြောက်အောင်လို့ ယနေ့ဥပမာ ဥပမေယျလေးပေးပြီးတော့ ပုံဖော်ဟောပေးပါ့မယ်'

'မှန်လှပါဘုရား'

http://www.dhammadownload.com

'ဒီတိုင်းဟောနေရင်လည်း နားလည်မှာ မဟုတ်ကြဘူး၊ ဉာဏ်ထက်တဲ့ပုဂ္ဂိုလ်၊ ဉာဏ်သွက်တဲ့ပုဂ္ဂိုလ် တစ်ဦးတစ်ယောက်ကတော့ နားလည်ရင် နားလည်မယ်၊ ဥပမာလေးပေးမှသာလျှင် နားလည်မှာဖြစ်တဲ့အတွက်ကြောင့်မို့ ရေပြင်မှာ သွားနေကြတဲ့လှေဆိုတာ တွေ့ဖူးတယ်မဟုတ်လား၊ ကိုယ်ကိုယ်တိုင်လည်း သွားဖူးကြမှာပါ၊ အဲဒီတော့ လှေကို ရေပြင်မှာချလိုက်တယ်ပေါ့၊ အဲဒီလှေကိုရေပြင်မှာ ချလိုက်ပြီးတော၊ ဒီလှေနဲ့သွားမယ့်ခရီးသည်သည် ကိုယ်သွားရမယ့်ခရီးရဲ့ အတိုင်းအတာ အကွာအဝေး ကြာမည့်အချိန် ဒါတွေကို တွက်ချက်ပြီးတော့ ဒီလှေကို တန်းလှော်သွားလေ့မရှိပါဘူး၊ ဘာဖြစ်လို့လဲ မေးရင် လှေပေါ်မှာ စီးပြီဆိုတာနဲ့ သူသည် သွားရမယ့်ခရီးအတိုင်းအတာ အကွာအဝေး အချိန်အခါတွေကို တွက်ချက်ပြီးတော့ ကိုယ့်လှေထဲမှာ ကိုယ်သွားရမယ့်လမ်းတစ်လျှောက် ပင်ပန်းဆင်းရဲမှု မရှိအောင် နံပါတ်တစ်အနေနဲ့ ရိက္ခာကိုထည့်တယ်၊ ဘာထည့်ရတယ်?'

'ရိက္ခာထည့်ရပါတယ်ဘုရား'

'ဘယ်ထဲမှာ?'

'လှေထဲမှာပါဘုရား'

'ကိုယ်သွားရမယ့် လှေပေါ်ကို ကိုယ်ကကြိုတင်ပြီးတော့ ပြင်ဆင်စရာရှိတာတွေကို မပြင်ဆင်ဘဲနဲ့တော့ မထွက်ပါဘူး'

'မှန်လှပါဘုရား'

'သွားရမယ့်လမ်းခရီးမှာ ဘာတွေ ငါလိုတယ်ဆိုတာကို အရင်ဆုံးစစ်ဆေးပြီးတော့ ကိုယ်သွားရမယ့် ဟောဒီလှေထဲမှာ ကိုယ်နဲ့အတူပါဖို့ ရိက္ခာကိုထည့်တယ် ရှိမရှိ ကြည့်ရတယ်၊ အဲဒါကို ကြည့်ရသေးတယ်နော်၊ ရိက္ခာကိုတော့ထည့်ပြီးပြီ၊ သွားရမယ့်အပိုင်းအခြားမှာ လှိုင်းလေရဲ့ပုတ်တဲ့ဒဏ်တွေ ကျောက်ဆောင်ကျောက်ခဲနဲ့တိုးတဲ့ဒဏ်တွေ ဒါတွေနဲ့လည်း တွေ့ကြုံနိုင်တဲ့ အန္တရာယ်တွေဟာ ရေလမ်းကြောင်းမှာ ရှိ မရှိ?'

'ရှိပါတယ်ဘုရား'

http://www.dhammadownload.com

'အဲဒီအန္တရာယ်တွေ ရှိတဲ့အတွက်ကြောင့်မို့လို့ ဟောဒီလေ့သည် မခိုင်ခဲ့ရင် လမ်းမှာတင် ပြိုပျက်သွားရင် ဒုက္ခရောက်မှာ'

'မှန်လှပါဘုရား'

'ဘယ်လောက်ပဲ ရိက္ခာတွေထည့်ထားထည့်ထား လေ့ကမ္မ မခိုင်ရင် ကိုယ်လိုရာ ရောက်ပါ့မလား?'

'မရောက်ပါဘူးဘုရား'

'ဒီလိုဆိုရင် မသွားခင်မှာ ဒီလေ့ကို ဘာလုပ်ရမလဲ ခိုင်ခဲ့အောင်စစ်ဆေးရမယ်၊ ဘာလုပ်ရမလဲ?'

'စစ်ဆေးရမှာပါဘုရား'

'ဒါဖြင့် လေ့ထဲမှာလည်း ရိက္ခာကို ရှိမရှိ၊ ထည့်မထည့် သတိထားရမယ်၊ အဲဒီလေ့ကိုလည်း ခိုင်ခဲ့မှု ရှိ မရှိကိုလည်း စစ်ဆေးရမယ်၊ ဒီလိုစစ်ဆေးပြီးတဲ့အခါကျတော့ ထွက်လို့ရပြီလားဆိုရင် မရသေးပါဘူး၊ မိမိရဲ့လေ့မှာ ဘယ်နေရာကပေါက်သလဲ၊ ဘယ်နေရာကကွဲသလဲ၊ ဘယ်နေရာက အက်သလဲ၊ ဒါလေးတွေကို သေချာကြည့်ပြီးတော့ ဖာရဦးမယ်၊ အဲဒီလို လေ့မှာဖာပြီးတဲ့အခါမှာ ချို့ယွင်းချက်မရှိတော့ဘူးဆိုရင် ဒီလေ့သည် ကိုယ်လိုရာပန်းတိုင်ကို အရောက်လှမ်းနိုင်ဖို့အတွက် စွမ်းအားရှင်ဖြစ်သွားပြီ၊ အဲဒီကျတော့မှ ဒီလေ့ပေါ်ကို တက်ပြီးတော့လှော်၊ အဲလိုဆိုရင် လေ့ကိုတန်းလှော်ရမှာလား ပြင်ဆင်ရဦးမှာလား?'

'ပြင်ဆင်ရဦးမှာပါဘုရား'

'ယနေ့မိမိတို့တစ်တွေလည်းပဲ သွားရမှာသည် သွားရမယ့် သံသရာ ခရီးသည်တွေ အဲဒီခရီးသည်တွေဖြစ်တဲ့အတွက်ကြောင့်မို့ အခုပြသွားတဲ့ ဥပမာလေးမျိုးကို မမေ့နဲ့နော်'

'မှန်လှပါဘုရား'

'ခရီးသွားတစ်ယောက်သည် ကိုယ်သွားရမယ့်ရေထဲမှာ စီးရမယ့်လေ့ကို ပထမ တက်မစီးခင်မှာ ဒီလေ့ထဲမှာ ကိုယ်သွားရမယ့်အတွက် ဒီလေ့ထဲမှာ ဘာတွေထည့်ရမယ်'

'ရိက္ခာထည့်ရမှာပါဘုရား'

http://www.dhammadownload.com

'ဒီလေ့ကိုလည်းပဲ ခိုင်ခ့ဲမခ့ဲ စစ်ဆေးရမယ်၊ အဲဒီလေ့မှာအပေါက်ပြ အကွဲပြတွေပါခ့ဲရင်လည်း ဖာရဦးမယ်၊ ဒီလိုဆိုရင် ကိုယ့်ရဲ့လေ့လေး စိတ်ချ သွားရဲ့ရင် လော်ကြတော့၊ စိတ်မချသေးရင်တော့ မလော်နဲ့ဦးနော်၊ နိဗ္ဗာန်ကို အာရုံပြုပြီး ပြောနေပေမယ့် ကိုယ်ကမ္မ စိတ်မချဘူးဆိုရင် အပါယ် (၄) ဘုံ သောင်းကမ်းလည်းပဲ ဆိုက်သွားနိုင်တယ်၊ လူ့ဘုံသောင်းကမ်း နတ်ဘုံ သောင် ကမ်းလည်းပဲ ဆိုက်နိုင်တာပဲ၊ ဒီလိုဆိုရင် ဒုက္ခကလွတ်ပါ့မလား၊ အပါယ် လေးဘုံများဆိုက်သွားရင် ဒုက္ခရောက်တော့မှာနော်'

'မှန်လှပါဘုရား'

'တလွဲတခြားစီဖြစ်သွားမယ်ဆိုရင် ကိုယ်ကျိုးနည်းသွားမှာဖြစ်တဲ့အတွက် ကြောင့်မို့ ယနေ့ဥပမာနဲ့ ပုံပေါ်အောင် ပြောကြစို့ဆိုတော့ ဟောဒီ သံသရာ တစ်လျှောက်လုံးမှာ ရောက်ရှိလာခ့ဲတဲ့ ဟောဒီ ပစ္စုပ္ပန်ဘဝလေးကိုကြည့်ရင် အပါယ်လေးဘုံသား လူ နတ် ဗြဟ္မာလို့ ဆိုင်းဘုတ် ဘယ်လောက်ပဲဆွဲဆွဲ အားလုံးရထားတာသည် တခြားလား ခန္ဓာငါးပါးလား?'

'ခန္ဓာငါးပါးပါဘုရား'

'အကျဉ်းချုံးလိုက်တော့ ဘာနဲ့ဘာ?'

'ရူပ်နဲ့နာမ်ပါဘုရား'

'ဟောဒီခန္ဓာငါးပါး ရူပ်နာမ်သည် ဒုက္ခသစ္စာလို့ ဘယ်လောက်ဟော ဟော မိမိတို့က ဘုံဘဝထဲမှာ ပျော်စရာအနေနဲ့သာ ဒုက္ခကိုကွယ်ပျောက်ပြီး သုခလို့ထင်နေရင် တဏှာက လာတော့မယ်'

'မှန်လှပါဘုရား'

'ဒါဆိုရင် ဘဝသံသရာထဲမှာ ဆုံးဖွယ်ရာမရှိအောင် အပါယ်လေးဘုံ သောင်းကမ်းလည်း ဆိုက်တော့မယ်၊ လူနတ်သောင်းကမ်းလည်း ဆိုက်တော့ မယ်၊ ဘယ်သောင်းကမ်းပဲဆိုက်ဆိုက် ဘာသစ္စာ?'

'ဒုက္ခသစ္စာပါဘုရား'

'ယနေ့သူတော်စင်များက ဒုက္ခခပ်သိမ်းကင်းပြိမ်းတဲ့ နိဗ္ဗာန်ကိုသွားမှာနော်'

'မှန်လှပါဘုရား'

http://www.dhammadownload.com

'ဟုတ်ရောဟုတ်ရဲ့လား?'

'ဟုတ်ပါတယ်ဘုရား'

'ဒါဖြင့်ရင် ကိုယ့်လှေထဲကိုယ်ကြည့်ရတော့မယ်'

'မှန်လှပါဘုရား'

'မိမိတို့ ဘာလှေစီးပြီးတော့ ဒီသံသရာထဲမှာ ဘယ်လိုထွက်ကြမယ် ဆိုတာလေးကို ဥပမာလေးနဲ့တွဲစပ်ပြီးပြောရင် - '

"ရူပ်နာမ်နှစ်ဖြာ၊ ငါးခန္ဓာ၊ ပမာလှေတူပါ "

'အသီးသီးရထားတဲ့ ဟောဒီရူပ်နာမ်နှစ်ပါးသည် ဘာနဲ့တူလဲမေးရင် လှေနဲ့တူတယ်၊ ဘာနဲ့တူ?'

'လှေနဲ့တူပါတယ်ဘုရား'

'အခု ဒီခန္ဓာလှေကြီးကို သံသရာရေပြင်ထဲ အခုချတော့မယ်နော်'

'မှန်လှပါဘုရား'

'မိမိရထားတဲ့ ခန္ဓာကြီးသည် လှေနဲ့တူတယ်၊ အဲဒီလှေခန္ဓာကြီး ဘယ်မှာ ချမှာ၊ သံသရာရေပြင်ထဲချတော့မယ်၊ အဲဒီသံသရာရေပြင်ထဲကို ချပြီးတော့ ရှေ့ကို လှော်ခတ်တော့မှာ၊ မိမိတို့က ဘယ်ထိသွားမှာ?'

'နိဗ္ဗာန်ထိသွားမှာပါဘုရား'

'တချို့တစ်ဝက်က မသွားချင်ဘူးလား?'

'သွားချင်ပါတယ်ဘုရား'

'ဒါဖြင့်ဖြေလေ 'အ' တဲ့ပုဂ္ဂိုလ်တွေ မသွားချင်လို့ပေါ့နော်၊ အဲဒီတော့ သွားရမယ့်လမ်းက ရှင်းနေပြီ၊ ချလိုက်တာက ခန္ဓာလှေကြီးကို ချလိုက်ပြီ၊ သွားရမှာကနိဗ္ဗာန်ခရီး၊ အဲဒီတော့ နိဗ္ဗာန်ခရီးကိုသွားမယ့်သူတော်စင်များ ကိုယ့်လှေသည် နိဗ္ဗာန်ဆိုတော့ ဘယ်လောက်ဝေးမှန်း မသိသေးဘူး'

'မှန်လှပါဘုရား'

'တွက်ဆလို့ရပါ့မလား?'

'မရပါဘူးဘုရား'

http://www.dhammadownload.com

'မရရင် အဲဒီသံသရာမှာ နိဗ္ဗာန်မရမချင်းမှာ သောင်ကမ်းမှာတော့ ခဏတော့ ဆိုက်ရဦးမှာ'

'မှန်လှပါဘုရား'

'ဒါဖြင့် အပါယ်သောင်ကမ်း ဆိုက်ချင်လား?'

'မဆိုက်ချင်ပါဘူးဘုရား'

'သွက်သွက်လက်လက် ဖြေကြနော်'

'မှန်လှပါဘုရား'

'အပါယ်သောင်ကမ်း ဆိုက်မလား?'

'မဆိုက်ပါဘူးဘုရား'

'လူ့ဘုံသောင်ကမ်းရော?'

'မဆိုက်ချင်ပါဘူးဘုရား'

'နတ်သောင်ကမ်းရော'

'မဆိုက်ပါဘူးဘုရား'

'ဒါဖြင့် နိဗ္ဗာန်ကိုလည်း မရောက်နိုင်သေးဘူး၊ လူ့ဘုံသောင်ကမ်းလည်း မဆိုက်ချင်ဘူး၊ နတ်ဘုံသောင်ကမ်းလည်း မဆိုက်ချင်ဘူး၊ ဗြဟ္မာ့သောင်ကမ်းလည်း မဆိုက်ချင်ဘူး၊ အပါယ်လေးဘုံသောင်ကမ်းလည်းမဆိုက်ချင်ဘူး ဆိုတော့ ဘယ်မှာသွားနေကြမှာတုန်း၊ ဘယ်မှာနေမယ်လို့ စဉ်းစားထားလဲ၊ လှေပေါ်မှာပဲပေါ့ ဟုတ်လား၊ ဘယ်မှ မသွားတော့ဘူးလား ကြည့်ကျက်လည်း ဖြေကြဦးနော်၊ အခု နိဗ္ဗာန်ကို မရောက်သေးတဲ့အချိန်ခါလေးမှ ကိုယ်ကလမ်းခုလတ်မှာ ခဏတော့ မနားဘူးလား?'

'နားပါတယ်ဘုရား'

'နားရင် သောင်ကမ်းတွေ ရှိတယ်လေ၊ အပါယ်လေးဘုံသောင်ကမ်း ရှိတယ်၊ လူ့ဘုံသောင်ကမ်းရှိတယ်၊ နတ်ဘုံ သောင်ကမ်းရှိတယ်၊ ဗြဟ္မာ့ဘုံ သောင်ကမ်းရှိတယ်၊ အဲဒီတော့ ဘယ်မှာနားမှာတုန်း?'

'လူ့ဘုံမှာနားမှာပါဘုရား'

http://www.dhammadownload.com

'ခုမှ သွက်သွက်လက်လက်ဖြေတယ်၊ လူ့ဘုံသောင်းကမ်းကို ကပ်ချင်တိုင်း ကပ်လို့မရဘူး၊ နတ်ဘုံသောင်းကမ်းလည်း ကပ်ချင်တိုင်းကပ်လို့ မရဘူး၊ ရပ့ါမလား?'

'မရပါဘူးဘုရား'

'ဒါဖြင့် မိမိတို့ နိုင်ငံရပ်ခြားကိုသွားတော့မယ်ဆိုရင် သတိထားလိုက်ပါ၊ နိုင်ငံရပ်ခြားကို သွားတဲ့အခါမှာ မြန်မာနိုင်ငံကနေပြီးတော့ ဥပမာအားဖြင့် ဂျပန် အမေရိကန် အင်္ဂလန်ကို သွားချင်တယ်၊ ကဲ သွားချင်တိုင်း သွားလို့ရသလား?'

'မရပါဘူးဘုရား'

'ဟောဒီ မြန်မာနိုင်ငံမှာ ဝင်ခွင့်ဗီဇာဆိုတာ လုပ်ရတယ်၊ ဝင်ခွင့်ဗီဇာဆိုတာက အမေရိကန်ကိုထွက်မယ်ဆိုရင် အမေရိကန်ဗီဇာတုံး တံဆိပ်လေးကို နှိပ်ခွင့် ဝင်ခွင့် ထွက်ခွင့်လက်မှတ်ကလေးမှာ ပါလာခဲ့မယ်ဆိုရင် အမေရိကန်ကို ဝင်ခွင့်လက်မှတ်ကလေးရရင် ဒီပုဂ္ဂိုလ် အမေရိကန်ကို ဝင်ခွင့်ရမယ်၊ အဲဒီလက်မှတ်ကိုမှ တံဆိပ်တုံးလေးမပါရင် လက်ခံပ့ါမလား?'

'မခံပါဘူးဘုရား'

'အခုလည်း လူ့ဘုံသောင်းကမ်းကို သွားချင်ပါတယ်ဆိုပြီး ဘယ်လောက်ပဲ ပြောပြော၊ သူတော်စင်များအတွက်ကို လျှေထဲမှာ အဲဒါနဲ့ထိုက်တန်တဲ့အရာ မရှိခဲ့ရင် လူ့ဘုံက လက်မခံဘူး'

'မှန်လှပါဘုရား'

'နတ်ဘုံကလည်း လက်မခံဘူး၊ ဗြဟ္မာ့ဘုံကလည်း လက်မခံဘူး၊ ဒါဖြင့် သူတို့က လက်မခံရင် ဘယ်သွားရမှာလဲ?'

'အပါယ်လေးဘုံသွားရမှာပါဘုရား'

'သေချာတယ်၊ အဲဒါတော့ မသွားရမှာလား သွားရမှာလား?'

'သွားရမှာပါဘုရား'

http://www.dhammadownload.com

'ဒါဖြင့်ရင် ဟောဒီ အပါယ်လေးဘုံကိုရောက်တာသည် အတိတ်တုန်းက အကုသိုလ်လက်မှတ်ကလေးဖြတ်ခဲ့လို့၊ ဘာဖြတ်ခဲ့လို့?'

'အကုသိုလ်လက်မှတ် ဖြတ်ခဲ့လို့ပါဘုရား'

'အတိတ်က အကုသိုလ်လက်မှတ်ကလေးကို မသိလို့ ရမ်းဖြတ်ခဲ့တဲ့ အတွက်ကြောင့် ယနေ့ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသုရကာယ်မှာ နေနေကြရတာ၊ သူနဲ့ထိုက်တန်တဲ့ဝင်ခွင့်က အဲဒီနေရာကိုး'

'မှန်လှပါဘုရား'

'အကုသိုလ် လက်မှတ်ကြီး ကိုင်လာပြီးတော့ လူ့ဘုံကိုလာချင်လို့ ရပါ့မလား?'

'မရပါဘူးဘုရား'

'နတ်ဘုံသွားချင်ရင်ရော ရပါ့မလား?'

'မရပါဘူးဘုရား'

'ဒါဖြင့် လူ့ဘုံ နတ်ဘုံကို ရခဲ့တာသည် အတိတ်က ဘာလက်မှတ်လေးပါ လဲမေးရင် ကုသိုလ်လက်မှတ်၊ လူ့ဘုံ နတ်ဘုံကတော့ ကုသိုလ် လက်မှတ်ပေါ့'

'မှန်လှပါဘုရား'

'အဲဒီတော့ ကုသိုလ်လက်မှတ်ရှိရင် လူ့ဘုံ နတ်ဘုံက လက်ခံတယ်၊ အကုသိုလ်လက်မှတ်ရှိရင် အပါယ်လေးဘုံက လက်ခံတယ်၊ ယနေ့ သူတော်စင် များ လူ့ဘုံကလက်ခံတာ ဘာလက်မှတ်ပါလို့?'

'ကုသိုလ်လက်မှတ်ပါလို့ပါဘုရား'

'ကဲ ကုသိုလ်လက်မှတ်တွေကို ကိုယ်က ကိုင်ထားပြီ၊ ကိုင်ထားပြီးတော့ တစ်နေ့တစ်နေ့ စားဖို့ ဝတ်ဖို့ရှာတယ်၊ နေဖို့ရှာတယ်၊ ဒါဖြင့် လောဘတွေ မပါဘူးလား?'

'ပါပါတယ်ဘုရား'

'ဒေါသရော'

'ပါပါတယ်ဘုရား'

http://www.dhammadownload.com

'ဘာလက်မှတ်တွေဖြတ်?'

'အကုသိုလ် လက်မှတ်တွေဖြတ်ပါတယ်ဘုရား'

'ကိုယ်ခန္ဓာလှေထဲ ကြည့်လိုက်စမ်း ဘယ်လက်မှတ်တွေ ပုံနေတုန်း'

'အကုသိုလ်လက်မှတ်တွေ ပုံနေပါတယ်ဘုရား'

'ဒါဖြင့် သွားရမှာသေချာပြီ၊ ဘယ်သောင်းကမ်းကလက်ခံမှာလဲ၊ အပါယ်လေးပါးသောင်းကမ်းက လက်ခံမှာ၊ အဲဒီတော့ သွားချင်တာက နိဗ္ဗာန်၊ လမ်းခုလတ်ကြည့်တော့ လူ့ဘုံကလည်း လက်မခံဘူး၊ ကိုယ့်လှေထဲကိုယ်ကြည့်တော့ အကုသိုလ်လက်မှတ်တွေ အပြည့်ရပါတော့မလား?'

'မရပါဘူးဘုရား'

'ဒါဖြင့်ရင် ယနေ့သူတော်စင်များက ဟောဒီတရားပွဲမှာလာပြီး တရားအားထုတ်နေတာသည် လက်မှတ်လာလုပ်နေတာ၊ ဘာလာလုပ်တာလဲ?'

'လက်မှတ် လာလုပ်တာပါဘုရား'

'ဘယ်သွားချင်လို့?'

'နိဗ္ဗာန်သွားချင်လို့ပါဘုရား'

'ဒါဖြင့် နိဗ္ဗာန်ခရီးသွားလက်မှတ် သစ္စာဓမ္မာရုံမှာ ထုတ်ပေးနေတယ်'

'မှန်လှပါဘုရား'

'မြန်မြန်ဆန်ဆန်တင်ထားနော်'

'မှန်လှပါဘုရား'

'သစ္စာဓမ္မာရုံမှာ ထုတ်ပေးမှာလား မထုတ်ပေးဘူးလား?'

'ထုတ်ပေးမှာပါဘုရား'

'နောက်ကျရင်တော့မရဘူး၊ တစ်နေ့မှာ နှစ်ယောက်ပဲထုတ်ပေးမှာ၊ အလုအယက်တန်းစီထားပေါ့နော်၊ အဲလိုဆိုရင်တော့ရမှာပေါ့၊ (၁၀) ရက်ပြည့်လို့မှ မစုံရင် မတတ်နိုင်ဘူးနော်၊ မိမိတို့ ခုချိန်ခါမှာပြန်ကြည့်ရင် အတိတ်ကတော့ ကုသိုလ်လက်မှတ်လုပ်ရင် ကုသိုလ်လက်မှတ်ပါတဲ့ပုဂ္ဂိုလ်ကို လူ့ဘုံသောင်းကမ်း၊ နတ်ဘုံသောင်းကမ်းက လက်ခံမှာပဲ၊ နိဗ္ဗာန်ကတော့ လက်မခံ

http://www.dhammadownload.com

သေးဘူး၊ ဘာကြောင့်လဲမေးတော့ နိဗ္ဗာန်နဲ့တန်တဲ့လက်မှတ် မရှိသေးလို့၊ အခုပစ္စုပ္ပန်မှာ ကိုယ်က ကုသိုလ်လက်မှတ်ကြောင့် လူ့ဘုံသောင်းကမ်းကနေ တရားတွေနာရတဲ့အခါမှာ ဩော်-ဒါလည်း ဒုက္ခသစ္စာပါလား လိုချင်စရာမရှိပါလား အပါယ်ဒုက္ခကတော့ သိပ်ကြောက်စရာကောင်းပါတယ်၊ ဒီဘုံ ဒီဘဝတွေကိုတော့ မသွားချင်တော့ဘူး၊ နိဗ္ဗာန်ကို အရောက်တက်လှမ်းမယ်ဆိုရင်တော့ ယနေ့ ခန္ဓာလှေကြီးကို သံသရာရေပြင်ထဲမှာချပြီး မလှော်ဘူးလား လှော်မှာလား?'

'လှော်မှာပါဘုရား'

'လှော်တော့မယ်ဆိုရင် မလှော်ခင်မှာ စစ်ရတော့မယ်၊ အဲတော့ စစ်ရမယ်ဆိုတော့ ကိုယ်က နိဗ္ဗာန်ကိုသွားမှာ၊ နိဗ္ဗာန်နဲ့ထိုက်တန်တဲ့ ဝင်ခွင့်တွေ ကိုယ့်ရဲ့ လှေထဲ ပါမပါဆိုတာ စစ်ရတော့မှာ'

'မှန်လှပါဘုရား'

'ဒါဖြင့်ရင် နိဗ္ဗာန်ကို သွားချင်တဲ့ပုဂ္ဂိုလ် ခန္ဓာလှေကြီး စီးပြီးတော့မှ အဲဒီ ခန္ဓာလှေထဲမှာ ဘာတွေထည့်ရမယ်?'

'ရိက္ခာတွေထည့်ရမှာပါဘုရား'

'အဲဒီလို ရိက္ခာထည့်ရမယ်ဆိုတော့ -

" အမျိုးမျိုးလှူကြ မြတ်ဒါန၊ တူစွလှေရိက္ခာ "

'အခုပြောလိုက်ပြီ၊ မိမိတို့ရဲ့ခန္ဓာလှေကြီးထဲမှာ နိဗ္ဗာန်ကိုသွားချင်ရင် အဲဒီနိဗ္ဗာန် မရောက်မချင်းမှာ သောင်းကမ်းတွေကို အနားယူဖို့ ခေတ္တခဏတော့ ဆိုက်ကပ်ရဦးမယ်၊ အဲဒီလို ဆိုက်ကပ်တဲ့အချိန်ခါမှာ လူ့ဘုံသောင်းကမ်း၊ နတ်ဘုံသောင်းကမ်းသည် နေစရာကောင်းတဲ့အတွက်ကြောင့် ခဏလေး နားခိုရာအတွက်ကို ချမ်းချမ်းသာသာနဲ့ ရှေ့နိဗ္ဗာန်ကို အထောက်ပံ့ကောင်း ပေးနိုင်တဲ့အတွက်ကြောင့်မို့လို့ မိမိတို့ အဲဒီသောင်းကမ်းလေးကို ဆိုက်ကပ်တဲ့ အခါမှာ မပင်မပန်း မပူမပန်တဲ့ ဆင်းရဲဒုက္ခတွေ လွတ်မြောက်ပြီး ချမ်းချမ်း သာသာနဲ့နေနိုင်အောင် ရိက္ခာလေးထည့်ဆိုတာ တခြားမဟုတ်ဘူး၊ အခုလို လှူနေတန်းနေတဲ့ အရုဏ်ဆွမ်းတွေ နေ့ဆွမ်းတွေ မိမိတို့ စွမ်းနိုင်တဲ့ဘက်ကနေ

http://www.dhammadownload.com

တရားအလှူတွေ၊ ကုသိုလ်ကောင်းမှုမျိုးစုံတွေ လုပ်နေကြတာ ဘာလုပ်တာလဲ မေးရင် ရိက္ခာထည့်တာ ဘာလုပ်တာလဲ?'

'ရိက္ခာထည့်တာပါဘုရား'

'အခု ခန္ဓာလှေထဲမှာ ရိက္ခာရောရှိပြီလား?'

'ရှိပါတယ်ဘုရား'

'ရှိပြီလား?'

'ရှိပါတယ်ဘုရား'

"လှူတန်းနေတာ မြတ်ရိက္ခာ၊ စုကာ လှေတင်တာ"

'ကဲ-လှေပေါ်မှာတင်ပြီးကြပြီလား?'

'တင်ပြီးပါပြီဘုရား'

'အသံက အားရစရာ မရှိဘူး၊ မိမိတို့ တစ်နေ့တစ်နေ့ ဘာတွေတင်နေကြပါလိမ့်?'

'ရိက္ခာတွေပါဘုရား'

'ရိက္ခာတွေကတော့တင်တာပဲနော်၊ သို့သော် ကိလေသာတွေ သောင်းကျန်းပြီးတော့ စားဝတ်နေရေးအတွက်သာ အချိန်တွေသာကုန်ပြီးတော့များ အဲဒီလှေထဲမှာ နေ့စဉ်နေ့စဉ်ဖြည့်နေကြတယ်ဆိုရင် အဲဒီပုဂ္ဂိုလ်သည် အပါယ်သောင်းကမ်းဆိုက်ဖို့အတွက်ကတော့ သေချာတယ်'

'မှန်လှပါဘုရား'

'ကိုယ် ယနေ့ ကြိုးစားရုန်းကန်လှုပ်ရှားပြီး ရှာဖွေထားတဲ့ ဥစ္စာပစ္စည်းအရင်းတည်ပြီးတော့ စွမ်းနိုင်တဲ့ဘက်က ဒါနမျိုးစေ့တွေ ကျဲချ လှူဒါန်း ကုသိုလ်ပြုရင်တော့ ရိက္ခာလှေထဲမှာ အားရစရာပါမှာပါ'

'မှန်လှပါဘုရား'

'သဘောရော ရှင်းရဲ့လား?'

'ရှင်းပါတယ်ဘုရား'

http://www.dhammadownload.com

'ဒီလိုဆိုရင် ကိုယ့်လှေကိုယ် ပြန်ကြည့်လိုက်ပါ ရိကၖာရှိပြီလား?'

'ရှိပါတယ်ဘုရား'

'ကျေနပ်ကြလား?'

'ကျေနပ်ပါတယ်ဘုရား'

'သေချာပြီလား ကဲ-သေချာတယ်ပဲထားလိုက်တော့၊ နို့မို့ဆို လှေကထွက်လို့မရဘဲနေမှာစိုးလို့ နောက်ကျသွားရင် ခက်မယ်နော်၊ ဟောဒီ ခန္ဓာလှေထဲမှာ အခုလို လျှူနေတန်းနေတဲ့ ဒါနကုသိုလ်မှန်သမျှ သူတော်စင်များရဲ့သန္တာန်မှာ ရိကၖာတွေစုထားတဲ့အတွက် ဩော-လှေထဲမှာ ရိကၖာလေးပါနေပါလား၊ အဲဒီလို ပါနေတယ်ဆိုရင်တော့ ရိကၖာအတွက်တော့ စိတ်ချရတယ်ပေါ့'

'မှန်လှပါဘုရား'

'လှေခိုင်မခိုင် စစ်ရဦးမယ်နော်၊ ဘယ်သွားဖို့ ?'

'နိဗ္ဗာန်သွားဖို့ပါဘုရား'

'နိဗ္ဗာန်ကိုသွားရင်းနဲ့ ကျောက်ဆောင်ချောက်ကမ်းကလည်း ထူပြောမယ်ဆိုရင် ဟောဒီလှေလေး ကျောက်ဆောင်ချောက်ကမ်းနဲ့ ဝင်တိုက်လိုက်၊ လှိုင်းလေးက ပုတ်လိုက်ဆိုတော့ ကိုယ့်လှေက ဖရိုဖရဲဆိုရင် ဝုန်းကနဲပြိုကွဲသွားရင် နစ်သွားမှာ၊ အဲဒီလိုမနစ်ရအောင် နိဗ္ဗာန်ကိုရောက်ဖို့အတွက်ကို လှေကိုပြင်ဆင်ရဦးမယ်၊ ခိုင်ခံ့အောင်ပေါ့၊ ဒါဖြင့်ရင် လှေကိုပြန်ဆင်ထားတာ ရှိ မရှိဆိုတာကို ကြည့်ရမှာက -

" ကိုယ်ကျင့်သီလ စောင့်ထိန်းက၊ တူစွ လှေတန်ဆာ "

'ယနေ့ တရားလာပြီး နာကြတဲ့ သူတော်စင်တွေမှာ ကိုယ့်ခန္ဓာထဲမှာ ပြန်ပြီးသေချာစစ်ဆေးလိုက်၊ ငါတို့လျှူဒါန်းထားတဲ့ ဒါနကုသိုလ်သည် နိဗ္ဗာန်ရောက်ဖို့ အထောက်ပံ့ကောင်းတွေ ဖြစ်ပြီလား၊ သီလကုသိုလ်တွေသည် ငါတို့သန္တာန်မှာ ကောင်းစွာတည်ပြီလား၊ အဲဒီလိုလေး ပြန်စစ်လိုက်၊ ပြန်စစ်လိုက်ပြီဆိုရင် ဒီလှေလေး ခိုင်မခိုင်ဆိုတာ မပေါ်ဘူးလား?'

'ပေါ်ပါတယ်ဘုရား'

http://www.dhammadownload.com

'အခုလေ့က ကျောက်ဆောင်နဲ့ရော အတိုက်ခံပြီလား၊ ဗြုန်းကနဲ ကွဲတော့မယ့် အနေအထားများ ဖြစ်နေလား၊ အဲလိုဆိုရင် သွားဖို့လွယ်ပါတော့မလား?'

'မလွယ်ပါဘူးဘုရား'

'လေ့ကတော့ ချထားပြီးပြီနော်'

'မှန်လှပါဘုရား'

'ရေပြင်မှာရော မချထားဘူးလား?'

'ချထားပါတယ်ဘုရား'

'တက်လို့ရော ရပြီလား?'

'မရသေးပါဘူးဘုရား'

'ရပါပြီ၊ ယနေ့ဆိုရင်လည်း ဒါန ကုသိုလ်လည်း လုပ်လိုက်ပြီပဲ၊ အခု သီလရော မစောင့်ထိန်းဘူးလား?'

'ထိန်းပါတယ်ဘုရား'

'ဩော်-တရားပွဲတွေလုပ်တာတယ် ကျေးဇူးတင်စရာကောင်းပါလား၊ ကိုယ်က ရောက်လာတဲ့အချိန်ခါမှာ ဟောဒီခန္ဓာလှေရဲ့အကြောင်းကိုသိသလို၊ စွမ်းနိုင်သမျှ လှူလိုက်ရတဲ့အတွက် ရိက္ခာလည်းပါသွားပြီ၊ ပြီးတော့ သီလ ကုသိုလ်လေး ယနေ့ရှိမသွားဘူးလား?'

'ရှိပါတယ်ဘုရား'

'ဒီအချိန် လှေခိုင်နေတယ်နော်'

'မှန်လှပါဘုရား'

'အိမ်ပြန်ရောက်သွားရင် မတတ်နိုင်ဘူးပေါ့၊ အခု ဒီအချိန်မှာတော့ လှေခိုင်နေသလား၊ မခိုင်ဘူးလား?'

'ခိုင်ပါတယ်ဘုရား'

'ဒီအချိန်လေးကို လှော်ခွင့်ပြုတော့မလို့ အတင်းတွန်းနေရတာ၊ နားလည်ပြီလား?'

'နားလည်ပါတယ်ဘုရား'

http://www.dhammadownload.com

'လေ့လည်းပဲ ရှေ့သွားပြီ၊ ဒီလေ့ပေါ်မှာ ရိက္ခာလည်း တင်ပြီးသွားပြီ၊ အဲဒီရိက္ခာတွေအပြင်ကို လေ့ကိုလည်းပဲ မိမိတို့ ခိုင်အောင်လုပ်ပြီးသွားပြီ၊ ဒါပေမယ့် အဲဒီလိုလေ့လေးခိုင်ပြီဆိုပြီးတော့ ကိုယ့်ကိုယ်ကို အားရကြည်နူးပြီး တချို့များ ဇိမ်နဲ့အိပ်လိုက်သွားတာ မရှိဘူးလား?'

'ရှိပါတယ်ဘုရား'

'ငါ့လေ့ စိတ်တိုင်းကျ လုပ်ပြီးပြီ၊ ရိက္ခာတွေအပြည့်ရှိပြီ၊ ဘာမှပူစရာ မလိုဘူးကွာလို့ ရွက်လေးလွှင့်လို့သွားတယ်၊ အိပ်ပျော်ပြီးသွားတယ်၊ ဘာမှကို သတိမထားဘူး၊ အဲဒီတော့ ဒီပုဂ္ဂိုလ် ကျောက်ဆောင်နဲ့တိုက်လို့ လေ့ကလေးက တိုက်ပါများလို့ ပေါက်သွားပေါက်သွားတာကို သတိမထားရင် ရေဝင်မဝင်?'

'ဝင်ပါတယ်ဘုရား'

'အဲဒီရေဝင်လာတာကို မသိရင်လည်းပဲ ရေတွေက တဖြည်းဖြည်းနဲ့ များများလာရင် ဒီလေ့သည် ရှေ့ကို သွက်သွက်လက်လက် သွားတာလား နှေးသွားတာလား?'

'နှေးသွားတာပါဘုရား'

'ကြာရင်ဘာဖြစ်မှာ?'

'မြုပ်မှာပါဘုရား'

'အဲဒီလိုဆိုရင် မဟန်သေးဘူး၊ မေ့မေ့လျော့လျော့နဲ့ သွားဖို့မသင့်သလို ဟောဒီလေ့မှာ ဘယ်နေရာမှာက အားနည်းချက် ရှိတယ်ဆိုတာကို ကောင်းစွာ သတိထားပြီးတော့ ပေါက်တာတွေကို ဖာတတ်မယ်ဆိုရင် ပိုမကောင်းဘူးလား?'

'ကောင်းပါတယ်ဘုရား'

'ဘယ်လေ့မဆို လေ့ပေါက်ရှိတယ်လို့ မှတ်ထားနော်'

'မှန်လှပါဘုရား'

'ခန္ဓာလေ့ကြီး စီးထားကြတဲ့ သူတော်စင်များမှာ ရိက္ခာတွေလည်း ရှိနေပါပြီ၊ အဆင်တန်ဆာလည်းပဲ ဖြည့်ထားပြီးပြီ၊ ဟောဒီလေ့မှာ ပေါက်တတ်

http://www.dhammadownload.com

တာလေးတွေကို သတိထားနိုင်အောင် ယနေ့ သူတော်စင်များကို သတိပေးလိုက်ပါ့မယ် -

" ဒွါရခြောက်ပါး ကိုယ်ပေါက်များ၊ တူငြားလေ့ပေါက်ပါ "

'အခုရရှိထားတဲ့ အသီးသီးသော သံသရာရေပြင်ထဲကို နှင်တော့မယ်ဆိုပြီး ခန္ဓာလေ့ကလေးချထားကြတဲ့ခရီးသည် အပေါင်းတို့၊ မိမိတို့ရဲ့ခန္ဓာထဲမှာ လျှုတဲ့တန်းတဲ့ရိက္ခာတွေ ရှိထားပါပြီ၊ ငါးပါးသီလကိုလည်း ယနေ့ စောင့်ထိန်းထားတဲ့အတွက်ကြောင့်မို့ အဆင်တန်ဆာတွေလည်း ပြည့်စုံတယ်လို့ ဆိုကြပါစို့၊ အဲဒီလေ့မှာ ပေါက်တတ်တာတွေကို ယနေ့ဆရာသမားတွေက ထောက်ပြလိုက်ပါပြီ၊ မိမိတို့ရဲ့ခန္ဓာမှာ လေ့ပေါက်ကြီးခြောက်ခုရှိသည်၊ လေ့ပေါက်ကြီးဘယ်နှစ်ခုရှိ?'

'ခြောက်ခုရှိပါတယ်ဘုရား'

'ကိုယ့်ရဲ့သန္ဌာန်မှာ အားလုံး တည်ရာဌာန ဟောဒီခန္ဓာငါးပါးမှာ သင်္ဘာယတန မရှိဘူးလား?'

'ရှိပါတယ်ဘုရား'

'ဘာတွေလဲမေးရင် မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ်ဆိုတဲ့ ခြောက်ပါးသောတရားသည် အသီးသီးသော ခရီးထွက်မယ့်လေ့မှာ ရှိနေတဲ့ လေ့ပေါက်တွေလို့ မှတ်လိုက်ပါ'

'မှန်လှပါဘုရား'

'လေ့ပေါက်ဘယ်နှစ်ခု?'

'ခြောက်ခုပါဘုရား'

'မျက်လုံးသည် လေ့ပေါက်နော်'

'မှန်လှပါဘုရား'

'နားသည်လေ့ပေါက်၊ နှာခေါင်းသည်'

'လေ့ပေါက်ပါဘုရား'

http://www.dhammadownload.com

'လျှာသည်'

'လေ့ပေါက်ပါဘုရား'

'ကိုယ်သည်'

'လေ့ပေါက်ပါဘုရား'

'မနောသည်'

'လေ့ပေါက်ပါဘုရား'

'ဒါဖြင့် အသီးသီးလေ့ပေါက်ခြောက်ခု ရှိတယ်ပေါ့'

'မှန်လှပါဘုရား'

'အဲဒီလေ့ပေါက် ခြောက်ခုကို ပိတ်နည်းဖာနည်းမှမသင်ရင် ဘယ်တော့မှ ခရီးမထွက်နဲ့ဦး'

'မှန်လှပါဘုရား'

'ဘာကြောင့်လဲမေးရင် မြုပ်မှာစိုးလို့၊ လေ့ပေါက်ကိုမှ မဖာတတ်ဘူး ဆိုရင် သွားလိုက်စမ်းပါ၊ ရေတွေ ဒလဟောဝင်တော့မှာ'

'မှန်လှပါဘုရား'

'လေ့ပေါက်ထဲက ဝင်လာတဲ့ရေတွေကို ကိုယ်က ဝင်လို့ ဝင်မှန်းမသိ၊ ပက်ထုတ်ဖို့လည်း နားမလည်ရင် ဒီလေ့သည် စုန်းစုန်းမြုပ်တော့မယ်၊ ဒါ့ကြောင့် ဒါနဆိုတဲ့တရား၊ သီလဆိုတဲ့တရားသည် စွန်ကြိုးလွှတ်သလိုပါဘဲ၊ ကြိုးဆုံးတော့ တက်မယ်၊ ကဲ ကြိုးဆုံးသွားတော့ ဆက်တက်လို့ရဦးမလား?'

'မရပါဘူးဘုရား'

'နောက်ဆုံး ဘယ်မှာပဲပြန်ကျ၊ အောက်ဘဲပြန်ကျသလိုပဲ အခုလည်း လေ့ပေါက်ကြီးတွေကို ပေါက်တာတွေကို ဖာနည်းမှမသိ၊ ပိတ်နည်းမှမသိခဲ့ရင် ဒီပုဂ္ဂိုလ်တွေသည် လေ့ပေါက်ကနေ ရေဝင်တာကို ဘယ်တော့မှမသိတော့ ဘူး?'

'မှန်လှပါဘုရား'

http://www.dhammadownload.com

'မသိရင် သောင်းကမ်းတစ်ခုခုမှာ ကိုယ်ကလူ့သောင်းကမ်း၊ နတ်သောင်းကမ်းအတွက်ကို ရိက္ခာတွေ အဆင်တန်ဆာတွေရှိပေမယ့် ဟော-သူက အဆုံးစွန်ပဲ လိုက်တက်မယ်၊ လိုက်ပို့မယ်၊ ပြီးရင် ပြန်ပြီဦးမယ်ဆိုတော့ အပါယ်လေးဘုံ လက်မှတ်နဲ့မျှားလဲလိုက်ရရင် ကြောက်စရာမကောင်းဘူးလား?'

'ကောင်းပါတယ်ဘုရား'

'ဒါလေးတွေကို သတိထားစေချင်ပါတယ်၊ အခုလေ့ပေါက်ကတော့ ခြောက်ခု ရှိမသွားဘူးလား?'

'ရှိပါတယ်ဘုရား'

'ကဲ-လေ့ပေါက်ခြောက်ခုရှိတယ်ဆိုတော့ ဟောဒီမှာ သဠာယတန မျက်စိ နား နှာ လျှာ ကိုယ် စိတ် မိမိတို့ရဲ့သန္တာန်မှာ မျက်လုံးလေးက ဖွင့်တိုင်း ဖွင့်တိုင်းမှာ ကိုယ့်ရဲ့အာရုံလေးပြုလိုက်၊ ကိုယ်က ကျောက် ရောင်းဝယ်တယ်ဆိုရင် ဟော-ကျောက်လေးလာပြပြီ၊ မျက်လုံးနဲ့ကျောက်ကလေး မတွေ့ဘူးလား'

'တွေ့ပါတယ်ဘုရား'

အရည်လေးကလည်နေပြီဆိုရင် အဲဒီပေါ်မှာ ဩော-ဒီကျောက်လေးက ငါ့အတွက် ဘယ်လောက်ရမှာ၊ ငါက ဘယ်လောက်အကျိုးမြတ်ရမှာ၊ အဲဒီပေါ်မှာ အာရုံလေးပြုပြီး အကျိုးမြတ်တွေကိုမျှား တန်းစီပြီး တွေးနေပြီဆိုရင် အဲဒီပေါ်မှာ သာယာ မသာယာ?'

'သာယာပါတယ်ဘုရား'

'မျက်လုံးက မြင်လိုက်တဲ့နောက်မှာ ဟောဒီမှာဟေ့ သာယာသွားရင် တဏှာနော်'

'မှန်လှပါဘုရား'

'ကိလေသာ လာမလာ'

'လာပါတယ်ဘုရား'

'မျက်လုံးပေါက်ကနေ စီးဝင်လာပြီ၊ ကိလေသာ၊ ကိလေသာလေး ဝင်လာတာကို မထိန်းနိုင်တဲ့အတွက်ကြောင့် ဥပါဒါန်ကနေပြီး တစ်ယောက်ထဲ

http://www.dhammadownload.com

ကြိတ်တောင် ပြုံးနေလိုက်သေးတာ၊ အချဉ်တော့မိပြီပေါ့ ဟုတ်လား၊ အဲဒီလိုမျိုး ဆိုရင်တော့ ကိုယ်ကျိုးနည်းမယ်နော်'

'မှန်လှပါဘုရား'

'သြော်-သူကတော့ဟေ့ ဒီမှာလာပြီးတော့ အကောင်းလေး ပေးထားတယ်၊ သူနဲ့ထိုက်တန်တဲ့ဟာတွေတော့ ငါပေးလိုက်မယ်၊ အဲဒီလိုဆိုရင် မိမိမှာက မျှတတဲ့သဘောလေးနဲ့ မေတ္တာသက်ဝင်တော့ ကုသိုလ်ရော မလာနိုင်ဘူးလား?'

'လာနိုင်ပါတယ်ဘုရား'

'အဲဒီပေါ်မှာ နှစ်သက်တဲ့တဏှာသာ အုပ်ချုပ်ထားရင် ဒီပုဂ္ဂိုလ်သည် မျက်လုံးပေါက်ကရောဝင်ပါသည် ကိလေသာရောဝင်တာ၊ ကိလေသာရောဝင်ပြီဆိုရင် အဲဒီ တဏှာအုပ်ချုပ်တဲ့ကံကြောင့် ကမ္မဘဝပစ္စယာ'

'ဇာတိပါဘုရား'

'သောင်ကမ်းတစ်ခုခုတော့ ကပ်တော့မယ်နော်'

'မှန်လှပါဘုရား'

'ကုသိုလ်ကို အာရုံပြုမယ်ဆိုရင် လူ့သောင်ကမ်းဆိုက်မှာပေါ့'

'မှန်လှပါဘုရား'

'အကုသိုလ်လေးတစ်ချက် နှလုံးသွင်းမှားသွားပြီဆိုရင် အပါယ် မမြုပ်ဘူးလား မြုပ်မှာလား?'

'မြုပ်မှာပါဘုရား'

'ဘာကြောင့်လဲမေးတော့ လှေပေါက် မဖာတတ်လို့၊ ဘယ်လိုပြောလိုက်လဲ?'

'လှေပေါက်မဖာတတ်လို့ပါဘုရား'

'ဒါဖြင့် မြင်လိုက်တိုင်း၊ မြင်လိုက်တိုင်းမှာလည်းပဲ အဲဒီလို နှစ်သက်တဲ့သဘော၊ ဒါမှ မဟုတ်ရင်လည်းပဲ ပြလိုက်တဲ့ကျောက်က ကောင်းပုံမရရင် သြော်-ငါ့များ အချဉ်များအောက်မေ့လား၊ သူက အခုလိုများ လှည့်စားလို့

http://www.dhammadownload.com

ရမလားဆိုတော့ ဟော မကျေနပ်တဲ့ဒေါသတွေ ပေါ်မပေါ်?'

'ပေါ်ပါတယ်ဘုရား'

'မျက်လုံးက မြင်လိုက်တဲ့ခဏ ဝင်လာတဲ့ဒေါသ ဒါအရှုခံပါလားလို့ နှိမ်နင်းတတ်တဲ့သဘောကို ကိုယ့်ဉာဏ်သာ မကိန်းဘူးဆိုရင် မျက်လုံးပေါက်က ဝင်ပြန်ပြီနော်'

'မှန်လှပါဘုရား'

'တစ်နေ့တစ်နေ့ပြန်ကြည့်ပါ၊ မြင်လိုက်တိုင်း မြင်လိုက်တိုင်းမှာ လောဘ ဒေါသ မောဟတွေဖြစ်နေရင် မျက်လုံးပေါက်က ကိလေသာရေ ဒလဟောပဲ?'

'မှန်လှပါဘုရား'

'နားနဲ့အသံလေး တိုက်လိုက်ရင်လည်းပဲ ဒီအသံကြီး ငါမကြားချင်ဘူး ဆိုရင် ကိလေသာရေဝင်ပြန်ပြီ၊ ဒီအသံလေး ကောင်းလိုက်တာဆိုရင် ကိလေသာရေဝင်ပြန်ပြီ၊ အသံဟာ ရုပ်တရား ဖြစ်ပြီးပျက်တယ်ဆိုရင် ဝင်စရာ အကြောင်း ရှိသလား?'

'မရှိပါဘူးဘုရား'

'ဒါဖြင့် ဝိပဿနာကိုမှ လုပ်မထားဘူးဆိုရင် ကိလေသာရေကတော့ တသွင်သွင်စီးနေမှာပဲ၊ အဲဒီလိုစီးနေပြီဆိုရင် သံသရာမှာ ကြည့်လိုက်စမ်းပါ၊ သံသရာဇာတ်က သိမ်းပါတော့မလား?'

'မသိမ်းပါဘူးဘုရား'

'အပါယ်သောင်ကမ်းရော ဆိုက် မဆိုက်?'

'ဆိုက်ပါတယ်ဘုရား'

'သွားချင်တာက နိဗ္ဗာန်၊ လှေပေါက်ကိုမှ မဖာတတ်ရင်ရမလား?'

'မရပါဘူးဘုရား'

'လျှာနဲ့ အရသာလေး ကြုံတိုင်း ကြုံတိုင်းမှာလည်း အဲဒီအရသာလေး ပေါ်မှာ သဘောကျနေသမျှ လျှာပေါက်ကဝင်ပြီ၊ သဘောမကျရင်လည်း လျှာပေါက်ကဝင်တာပဲ၊ ပြီးရင် တစ်နေ့တစ်နေ့ ဟောဒီ ဒွါရခြောက်ပါး ကိုယ်

http://www.dhammadownload.com

ပေါက် ခြောက်ခုမှာ ကြုံတိုင်းကြုံတိုင်း အတွေ့ထိပဲကြုံကြုံ၊ အနံ့နဲ့ပဲကြုံကြုံ၊ အကြားနဲ့ပဲကြုံကြုံ၊ အမြင်နဲ့ပဲ ကြုံကြုံ၊ စားတာပဲကြုံကြုံ၊ တွေးတာပဲကြုံကြုံ၊ အဲဒီအာရုံတွေပေါ်မှာ ဉာဏ်မလိုက်နိုင်သမျှ ကိလေသာရေတွေ ဒလဟော စီးနေပြီ'

'မှန်လှပါဘုရား'

'မှန်ကောမှန်ရဲ့လား'

'မှန်ပါတယ်ဘုရား'

'ဒါကြောင့်မို့လို့ မိမိတို့သန္တာန်မှာ ဒွါရခြောက်ပါးတည်းဟူသော ကိုယ်ပေါက်တွေသည် လှေပေါက်တွေလို့ ဟောပေးပြီးပြီနော်'

'မှန်လှပါဘုရား'

'ဒါကြောင့် -

" ကိလေသာယာဉ် လှေပေါက်တွင်၊ စိမ့်ဝင်ရေပမာ "

'အခုလှေပေါက်ခြောက်ခုထဲမှာ မြင်လိုက်ပြန်တော့လည်း အသိဉာဏ်မလိုက်နိုင်ရင် ခင်တယ်ဆိုရင်လည်းပဲ ရေဝင်တာပဲ၊ မကျေနပ်ဘူးဆိုရင်လည်းပဲရေဝင်တာပဲ၊ အလိုမကျ စိတ်ပျက်တယ်ဆိုလည်း ရေဝင်တာပဲ၊ စိုးရိမ်ကြောင့်ကြလည်း'

'ရေဝင်တာပါဘုရား'

'တစ်နေ့တစ်နေ့ ကိလေသာရေတွေ ဘယ်လောက်ဝင်?'

'မရေတွက်နိုင်ပါဘူးဘုရား'

'မမြုပ်ရုံဘဲပေါ့နော်'

'မှန်လှပါဘုရား'

'သေသာသေသွားရင် မြုပ်ဖို့သေချာတယ်'

'မှန်လှပါဘုရား'

'အခု ခန္ဓာလှေကြီး ချလိုက်တဲ့အခါကျမှ ကွက်ကွက်ကွင်းကွင်းမြင်တာ၊ သူတော်စင်များကို ပဋ္ဌိစ္စသမုပ္ပါဒ်ကိုဟောလို့ စာလေးနဲ့လှည့်နေရုံနဲ့ မြင်မှာ

http://www.dhammadownload.com

မဟုတ်ဘူး?'

'မှန်လှပါဘုရား'

'အခု ဥပမာနဲ့ပေးလိုက်တော့ ကွက်ကွက်ကွင်းကွင်း မမြင်ဘူးလား?'

'မြင်ပါတယ်ဘုရား'

'ငါတို့တွေသည် လှေထဲကိုဟော့ လှေကိုတော့ ဟောဒီသံသရာရေပြင်ထဲ ချပြီး နိဗ္ဗာန်ကိုသွားချင်ပါတယ်လို့ အော်တော့ အော်နေတာပဲ၊ ခန္ဓာလှေထဲ ကြည့်တော့ ဗလာပဲဆိုရင်သွားပြီ'

'မှန်လှပါဘုရား'

'ရိက္ခာလည်းပဲရှိတယ်၊ အဆင်တန်ဆာလည်းရှိတယ်၊ ဟော အပေါက်ဖာနည်းကိုလည်းပဲ ဒီနေ့လာသင်လို့တတ်နေပြီဆိုရင်တော့၊ ဒီလှေကို ထွက်ခွင့်ပြုတော့မှာပါ'

'မှန်လှပါဘုရား'

'ယနေ့ သူတော်စင်များကိုတော့ လှေကိုတော့ ချပေးထားပြီ၊ ရိက္ခာလည်းပဲ တင်တတ်အောင်၊ အဆင်တန်ဆာလည်းပဲ ဆင်တတ်အောင် နည်းတော့ပေးပြီးသွားပြီ၊ ဒီလှေထွက်လို့ရမရဆိုတာက အပေါက်ဖာနည်းလေးလည်း သိအုံးမှ'

'မှန်လှပါဘုရား'

'ဒီလိုဆိုရင် ကိုယ့်ရဲ့သန္တာန်မှာ မြင်လိုက်တဲ့ခဏ၊ ကြားလိုက်တဲ့ခဏမှာ ဖြစ်ပေါ်လာတဲ့ အရှုခံလေးတွေရဲ့ ရုပ်နာမ်ပေါ်မှာ အသိလေးကပ်ပြီးတော့ နှလုံးသွင်းမယ်ဆိုရင်တော့ ယနေ့လှေပေါက် မပိတ်ဘူးလား၊ ပိတ်မှာလား?'

'ပိတ်မှာပါဘုရား'

'ဒါဆိုရင် ခန္ဓာမှာရှိတဲ့တရားလေးတွေ အခု အာရုံလေးပြုလိုက်၊ မိမိတို့ အာရုံပြုလိုက်တဲ့ခဏမှာ အခုအသံလေးတွေ တစ်သံပြီးတစ်သံ မပေါ်ဘူးလား?'

'ပေါ်ပါတယ်ဘုရား'

http://www.dhammadownload.com

'ကဲ-ပေါ်တော့ နားနဲ့အသံနဲ့တိုက်တော့ ကြားစိတ် ပေါ် မပေါ်?'

'ပေါ်ပါတယ်ဘုရား'

'ကြားစိတ်ပေါ်တယ်၊ ဒါဖြင့် အဲဒီကြားစိတ်လေးသည် အလိုလို ပေါ်သလား?'

'မဟုတ်ပါဘူးဘုရား'

'နားနဲ့အသံတိုက်တဲ့အကြောင်း ရှိ မရှိ?'

'ရှိပါတယ်ဘုရား'

'ဒါဖြင့် အကြောင်းကပြုပြင်လို့ ပေါ်လာတဲ့ ဒီကြားစိတ်ကလေး၊ အဲဒီအသံလေးကလည်း တည်တံ့ခိုင်မြဲလား၊ ဖြစ်ပြီးပျက်လား?'

'ဖြစ်ပြီး ပျက်ပါတယ်ဘုရား'

'ဖြစ်ပြီးပျက်တဲ့အသံက မမြဲမှတော့ သူ့အကြောင်း ပြုပြီးပေါ်လာခဲ့တဲ့ ကြားစိတ်ကျမှ မြဲလို့ရမလား?'

'မရပါဘူးဘုရား'

'မမြဲပါလားလို့ အသိဉာဏ်လေးလိုက်ရင် နားပေါက်ကဝင်လာမယ့် ကိလေသာရေ ဝင်လို့မရဘူး'

'မှန်လှပါဘုရား'

'တစ်ခါထဲ ဖာပြီးသား ဖြစ်မသွားဘူးလား?'

'ဖြစ်သွားပါတယ်ဘုရား'

'မိမိရဲ့သန္တာန်မှာ အဲသလိုမျိုးလေး အာရုံပြုပြီး ကြားတိုင်းကြားတိုင်းမှာ အသံတွေက ဖြစ်ပြီးရင်ပျက်သလို ကြားစိတ်ကလည်း ဖြစ်ပြီးရင်ပျက်ပါလားလို့ မသိလိုက်တဲ့အတွက်ကြောင့်မို့လို့ ကိုယ်နဲ့မတည့်တဲ့ပုဂ္ဂိုလ်ရဲ့အသံက ကိုယ့်အနားမှာ လာပြောရင် ဒီအသံ ငါကြားကိုမကြားချင်ဘူး၊ အသံလေးကြားလိုက်တာနဲ့ကို ကြားကိုမကြားချင်ဘူးဆိုကတည်းက သူ့သန္တာန် ဒေါသကိန်းမကိန်း?'

'ကိန်းပါတယ်ဘုရား'

http://www.dhammadownload.com

'အသံကဖြစ်ပြီးပျက်တာ ကြာပြီနော်'

'မှန်လှပါဘုရား'

'သို့သော်လည်း သူက အဲဒီလှေပေါက်ကို မဖာတတ်တဲ့အတွက်ကြောင့်မို့လို့ ကိုယ်ကျိုးနည်းသွားတာက သူ့သန္တာန်မှာ ဒေါသ ကိလေသာရေ ဝင်မလာဘူးလား?'

'ဝင်လာပါတယ်ဘုရား'

'အဲဒါကို ဝင်လာပြီးတော့မှား ဒီအတိုင်း ကြည့်နေရင် ဒေါသအုပ်ချုပ်တဲ့ကံနဲ့ မျက်စောင်းထိုးမိမှာပဲ'

'မှန်လှပါဘုရား'

'မှန်ရဲ့လား'

'မှန်ပါတယ်ဘုရား'

'ပြန်လည်ပြောမိမှာပဲ၊ အဲသလိုဆိုရင် ကံမြောက်လို့ ဒီအချိန်သေရင် ကမ္မဘာဝပစ္စယာ'

'ဇာတိပါဘုရား'

'သွားမှာက နိဗ္ဗာန်နော်'

'မှန်လှပါဘုရား'

'ရောက်တာကသောင်ကမ်း လွဲသွားပြီ၊ ဒါဖြင့် ရှေ့ဦးတည် လှော်ရမှာကို ကိုယ်ကအိပ်ပျော်ပြီး မေ့လိုက်သွားတဲ့အတွက် ဟော ပြန်လည်သွားတာ မသိလိုက်ဘူး၊ ဒါကြောင့် နောက်ကြောင်းပြန်လှည့်တော့ သောင်ကမ်းက မှားမသွားဘူးလား?'

'မှားသွားပါတယ်ဘုရား'

'ဒီလိုနဲ့ သံသရာရှည်ခဲ့ပါပြီ၊ အဲဒါကြောင့်မို့လို့ သူတော်စင်များကို အခုပြောလိုက်ပါတယ်၊ အသံလေးပေါ်လာတယ်၊ အဲဒီပေါ်လာတဲ့အသံလေးသည်ပင် တစ်သံပြီးတစ်သံ ပျောက်ပျက်နေပါလားလို့နှလုံးသွင်းပြီး အသိဉာဏ်လိုက်တာ နားပေါက်ကပိတ်ပြီးသားပဲ'

'မှန်လှပါဘုရား'

http://www.dhammadownload.com

'ကဲ ကိုယ်က အဲဒါကို လွတ်သွားပါတယ်၊ ကြားလိုက်တယ်၊ မရှုမိဘူး၊ ဖျတ်ဆို ဒီအသံပါ မကြားချင်ပါဘူး၊ ဒေါသလေးကိန်းလာပြီ၊ အဲဒီ ကိန်းလာတဲ့ အခါမှာ မနောမှာ မပေါ်ဘူးလား?'

'ပေါ်ပါတယ်ဘုရား'

'အဲဒီ မနောမှာပေါ်လာတဲ့ ကိလေသာတွေ ဝင်လာပြီနော်'

'မှန်လှပါဘုရား'

'ဒေါသဖြစ်နေပါလားလို့ နောက်ပြန်ကာ အကဲခတ်လိုက်ရင် ဒေါသက အပျက်၊ သိတဲ့ဉာဏ်ကမင်္ဂ၊ ဒါဆိုဝင်လာတဲ့ ရေကိုပက်ထုတ်လိုက်တာ၊ ဖာနိုင်ရင်ဖာ မဖာနိုင်ရင်ပက်ထုတ်၊ ဒါဆိုရင် ဒီလှေမှာ ရေတင်စရာ အကြောင်းရှိသေးလား?'

'မရှိပါဘူးဘုရား'

'သွက်သွက်လက်လက်နဲ့ ကိုယ်လိုရာကို မရောက်နိုင်ဘူးလား ရောက်နိုင်လား?'

'ရောက်နိုင်ပါတယ်ဘုရား'

'ဒါဆို မှီတဲ့နေရာကရှု'

'မှန်လှပါဘုရား'

'ပေါ်တိုင်းပေါ်တိုင်း တရားတွေအပေါ်မှာ အကြောင်းကျိုးကိုလည်း သုံးသပ်ဆင်ခြင်တတ်မယ်ဆိုရင် အဖိုးမတန်ဘူးလား?'

'တန်ပါတယ်ဘုရား'

'ဒါဖြင့် အကြောင်းတရားဆိုတာက ရုပ်ရဲ့ဖြစ်ခြင်း အကြောင်းတရားသည် လေးပါး၊ ကံ စိတ် ဥတု အာဟာရ မိမိတို့ရဲ့ဓမ္မတွေဖြစ်ခြင်း အကြောင်းတရားက နှစ်ပါး၊ အာရုံနဲ့ ဒွါရ ဒါကော မသိထားဘူးလား?'

'သိထားပါတယ်ဘုရား'

http://www.dhammadownload.com

'အဲဒီလိုသိရင် ပုဂ္ဂိုလ်သတ္တဝါ ငါကောင် သူကောင် ပါပါ့မလား?'

'မပါပါဘူးဘုရား'

'ကဲ-ဘေးနားကနေပြီးတော့ ကိုယ်နဲ့မတည့်တဲ့ ပုဂ္ဂိုလ်က ကိုယ့်ဘေးနားက ဖြတ်သွားရင် ဖျတ်ကနဲ ကိုယ့်မျက်စိရဲ့အကြည်ကလေးမှာ ရိပ်ကနဲ အစင်းကလေးထင်တော့ မမြင်ဘူးလား?'

'မြင်ပါတယ်ဘုရား'

'ဒီမျက်နှာ ငါကြည့်ကိုမကြည့်ချင်ဘူး၊ သြော်-ချက်ချင်းကို ဖြစ်သွားတာက တခြားလား ဒေါသလား?'

'ဒေါသပါဘုရား'

'မြင်လိုက်တဲ့ခဏမှာ သတိလွတ်သွားတာနဲ့ ကိလေသာရေကို ကြောက်စရာကောင်းလောက်အောင်ကို ကိုယ်က မထိန်းနိုင်ဘူးဆိုရင် အဲဒီဒေါသကံကြောင့် မျက်စောင်းထိုးမယ်၊ ဒါမှမဟုတ် တစ်ခုခုကိုလည်းပဲ ဒုန်းဒိုင်းလုပ်မိမယ်ဆိုရင် ကံမြောက်မမြောက်?'

'မြောက်ပါတယ်ဘုရား'

'သြော်-မြင်လိုက်တဲ့ခဏ ဝင်လာတဲ့ကိလေသာရေကို ဟော-မျက်လုံးပေါက်မှာ မထိန်းနိုင်လို့ မနောပေါက်မှာလည်း မစောင့်ရှောက် နိုင်လို့ နှစ်နေရာမှာ ယိုစီးသွားတာသည် တားမရအောင်ဖြစ်သွားရင် ဒီပုဂ္ဂိုလ် အပါယ်သောင်ကမ်း ပြန်ဆိုက်သွားမယ်၊ မနစ်နာစေချင်ဘူးနော်?'

'မှန်လှပါဘုရား'

'အဲတော့ မြင်လိုက်တဲ့ခဏလေးမှာ သြော်-ဒါမြင်စရာအာရုံ၊ အဆင်းလေးပါလားလို့ ရိပ်ခနဲပေါ်သွားတာကို အသိကပ်လိုက်မယ်ဆိုရင် ဒီနေရာမှာ ရပ်သွားပြီ၊ ဒါမှမဟုတ်ရင်လည်းဘဲ ဒီမျက်နှာပါ မကြည့်ချင်ဘူးဆိုရင် ဖြစ်ပေါ်လာတဲ့ဒေါသကို ဒါမကောင်းပါလား၊ ဒါဒေါသတရားပါလားလို့ အသိလေးကပ်လိုက်စမ်းပါ။ ဒေါသက ဆက်ဖြစ်ဦးမလား?'

'မဖြစ်ပါဘူးဘုရား'

http://www.dhammadownload.com

'အဲဒီအချိန်မှာ မှီတဲ့နေရာကလိုက်တဲ့အတွက် ပက်ထုတ်ပြီးသားပဲ'

'မှန်လှပါဘုရား'

'ဒါဖြင့် လှေကိုလည်း ယနေ့သူတော်စင်များကို သတိပေးထားပြီးပါပြီ၊ ဟောဒီခန္ဓာလှေကြီးထဲမှာ ရိက္ခာတွေကို လျှုရင်းတန်းရင်းနဲ့ စုကြပြီ၊ သီလတရားတွေ စောင့်ထိန်းပြီးတော့လည်း အဆင်တန်ဆာတွေကို ဆင်ထားပြီ၊ ဟောဒီ ဒွါရခြောက်ပါးကိုလည်းပဲ အပေါက်ဖာဖို့အတွက် သတိလေးထားပြီး ဝိရိယစိုက်၊ ပညာနဲ့ကြည့်မယ်ဆိုရင် ဟောဒီခန္ဓာမှာ နှာခေါင်းနှာသီးဝလေး အာရုံလေးစိုက်ပြီးတော့မှ အသိကပ်ခိုင်းတော့ ပေါ်တိုင်းပေါ်တိုင်း အေးတာနွေးတာတွေကို သတိလေးကပ်ရင် မသိဘူးလား?'

'သိပါတယ်ဘုရား'

'ဝိရိယလေး စိုက်မယ်ဆိုရင် တိုးတိုင်း တိုးတိုင်း၊ အေးတိုင်း အေးတိုင်း၊ နွေးတိုင်း နွေးတိုင်းကိုလည်း မလွတ်အောင်ကိုမြင်သိနိုင်တဲ့ အဆင့်မျိုးကော မရောက်နိုင်ဘူးလား?'

'ရောက်နိုင်ပါတယ်ဘုရား'

'သတိရှိရင် ပေါ်တိုင်း ပေါ်တိုင်းသိမယ်ပေါ့'

'မှန်လှပါဘုရား'

'ဝိရိယရှိမယ်ဆိုရင်လည်း မလွတ်အောင်လို့ ပြတဲ့တရားတွေကို ကြည့်နိုင်ပြီ'

'မှန်လှပါဘုရား'

'ပညာသာရှိမယ်ဆိုရင် ဒီသဘောလေးတွေရဲ့ ဖြစ်ပျက်ကိုသိနေရင် သတိ ဝိရိယ ပညာသည် မိမိရဲ့သန္တာန်မှာ အပေါက်ကို ဖာလိုက်တာပဲ'

'မှန်လှပါဘုရား'

'ဒါဖြင့် သတိရှိရမယ်၊ ဝိရိယရှိရမယ်၊ ပညာရှိရမယ်၊ သတိဆိုတာက ခန္ဓာပေါ်မှာ ပေါ်တိုင်းပေါ်တိုင်းသော အရှုခံလေးတွေ ပြတိုင်း ပြတိုင်းကို

http://www.dhammadownload.com

သိနေရင် သတိပဲ၊ အဲဒီပြတဲ့အရာလေးကို ဘယ်နေရာမှာပြပြ မလွတ်အောင် ကြိုးစားနိုင်ရင် ဝိရိယ၊ သတိဝိရိယတွေရှိလို့ ဒီပညာကလိုက်ပြီဆိုရင် ပေါ်တဲ့နေရာမှာ ပျောက်ပျက်သွားတာကို မြင်ဆိုပြီဆိုရင် လေ့ပေါက် ကျွမ်းကျွမ်းကျင်ကျင် ဖာတတ်သွားပြီ'

'မှန်လှပါဘုရား'

'ဒါဆို စိတ်မချရဘူးလား ချရမှာလား?'

'ချရမှာပါဘုရား'

'ဒါကြောင့် -

"ဒွါရခြောက်ပါး သတိထား၊ ရှုပွားလေ့ပေါက်ဖာ"

'အခု လေ့ပေါက်ဖာဖို့အတွက်ကို ဒွါရခြောက်ပါးမှာ ပေါ်တိုင်း ပေါ်တိုင်းကို မပြတ်မလပ် သတိလေးကပ်ပြီး၊ ဝိရိယစိုက်လို့ ပညာနဲ့ကြည့်ပါလို့ ရှေ့ပိုင်းက သတိပေးမသွားဘူးလား?'

'ပေးသွားပါတယ်ဘုရား'

အဲဒီလိုဆိုရင် မိမိတို့ရဲ့အာရုံမှာ အခုတရားတွေကို နာသွားပြီးပြီ၊ ဩော်-ငါတို့ရဲ့ခန္ဓာတွေထဲမှာတော့ ဒီအညစ်အကြေးတွေကို ဘယ်တော့မှ အဝင်မခံတော့ဘူး၊ ကိလေသာရေတွေကို ဟောဒီလေ့ထဲမှာတော့ ပေးပြီးတော့မဝင်စေကြဘူးဆိုပြီး ဆုံးဖြတ်ချက်ချပြီးတော့ ကိုယ့်အိမ်ကိုယ့်ယာ ပြန်သွားတော့ ကိုယ်က လမ်းခုလတ်မှာ ကိုယ်နဲ့စကားများခဲ့တဲ့ပုဂ္ဂိုလ်နဲ့ မျက်နှာချင်းဆိုင်တွေ့မယ်ပေါ့နော်'

'မှန်လှပါဘုရား'

'အဲဒီလိုတွေ့တဲ့အခါကျတော့ သူက အဝေးကလာကတည်းကိုက ကိုယ်က သိတယ်၊ ကိုယ့်အသိလေးနဲ့ ကိုယ်က နှလုံးသွင်းနေတဲ့အတွက်ကြောင့် ကိုယ်က သတိမထားလိုက်ဘူး၊ အဲဒီအချိန်ခါမှာ ကိုယ့်ဘေးနားရောက်မှ ဟော ဖိနပ်ကိုလည်းပဲ ဆောင့်ကနဲ သူကနင်းလိုက်တယ်၊ မျက်နှာကလည်းပဲ

http://www.dhammadownload.com

ချိုထားပြီးတော့ ထွိုကနဲ ထွေးလိုက်တဲ့အသံလေး ကြားတယ်ပေါ့နော်'

'မှန်လှပါဘုရား'

'ကဲ-အသံလေး ကြားလည်းကြားလိုက်ရော၊ ကြည့်စမ်းပါဦး၊ ဒီလောက်ထိ ထိန်းချုပ်ထားတာတောင် ငါ့ကို ဒီလောက်ထိလုပ်ရသလားလို့ ပြစ်မှားရင် ကိုလေသာရေ ဝင် မဝင်?'

'ဝင်ပါတယ်ဘုရား'

'ဒါဖြင့် အသံသည် တခြားလား အရှုခံလား?'

'အရှုခံပါဘုရား'

'ဟော-အရှုခံလေးကိုမျှား ကိုယ်က နှလုံးသွင်းလို့မျှား ဒီအသံသည် ပေါ်ပြီးပျောက်ပါလားလို့ နှလုံးသွင်းတာနဲ့ ရေဝင်ဦးမလား?'

'မဝင်တော့ပါဘူးဘုရား'

'ဒါဖြင့် ကိုယ်ကအသံကြားရင် ရှုမှာလား၊ ပြန်ပြီးတော့ တုန့်ပြန်မှာလား?'

'ရှုမှာပါဘုရား'

'သေချာတယ်ပေါ့နော်'

'သေချာပါတယ်ဘုရား'

'ဒီလိုဆိုရင် တံတွေးထွေးတာ ခံနိုင်တယ်ပေါ့'

'ခံနိုင်ပါတယ်ဘုရား'

'ကောင်မကိုက ကြည့်ပါလား အကြောကိုမတည့်ဘူး၊ ဟော ဘေးနား ကပြောပြီ၊ ကိုယ့်ကိုပြောပြီနော်'

'မှန်လှပါဘုရား'

'အသံ ပေါ် မပေါ်?'

'ပေါ်ပါတယ်ဘုရား'

http://www.dhammadownload.com

'ရှုမှာလား ပြန်ပြောမှာလား?'

'ရှုမှာပါဘုရား'

'ဒီမှာ ဖြေတာပါ၊ ဘေးကနေသာ သူက အဲဒီလိုပြောကြည့် ချက်ချင်းကို တုန့်ပြန်တော့မှာ၊ မတုန့်ပြန်ဘူးလား တုန့်ပြန်မှာလား၊ မိမိကို အသားကို ဖြန်းကနဲ လာပြီးရိုက်တော့ အသားက နာမသွားဘူးလား?'

'နာသွားပါတယ်ဘုရား'

'ခံနိုင်ပါ့မလား မခံနိုင်ဘူးဆိုရင် ဒီဘက်ကနေ ကိုယ်ပေါက်ကနေလာပြီး ဝင်ပြီ၊ ကဲ-ပြီးတော့ ဘေးနားကနေပြီး ကြည့်စမ်းပါဦး၊ လူကအပြင်မှာနေတုန်း ကတော့ တကယ့်ကို ရှုပ်ပြာရှုပ်ပြာနဲ့၊ အခုကြည့်စမ်း တရားပွဲမှာ တရားထိုင် နေတော့လည်း ငြိမ်နေလိုက်တာ သူမဟုတ်တဲ့အတိုင်းပဲ၊ ဘေးနားကနေပြီး တော့ ကိုယ့်ကိုလာပြောမယ်၊ အသံ မကြားဘူးလား ကြားမှာလား?'

'ကြားမှာပါဘုရား'

'ကဲ-ကိုယ့်ရင်ထဲမှာ ကလိကလိနဲ့ ထလို့သာ မပြောနိုင်တာနော် ကျေနပ်ပါ့မလား?'

'မကျေနပ်ပါဘူးဘုရား'

'မကျေနပ်ဘူး ခုနတုန်းက ရိုက်လိုက်တာက အသားနာလို့ထားတော့၊ အဲဒီပြောလိုက်တဲ့ အသံလေးသည် နားမှာပေါ်ပြီး နားမှာ မချုပ်သွားဘူး လား?'

'ချုပ်သွားပါတယ်ဘုရား'

'ဟန်လုပ်နေတယ်ပြောတာ၊ ဘယ်လောက်ပြောပြောပေါ့'

'မှန်လှပါဘုရား'

'ကိုယ်နဲ့ဘာဆိုင်လဲ'

'မဆိုင်ပါဘူးဘုရား'

http://www.dhammadownload.com

'ကဲ-မဆိုင်တာ ဘယ်နား နာသွားတုန်း'

'မနာပါဘူးဘုရား'

'ရင်ထဲမှာ ကလိကလိနဲ့ ဒင်းတော့သိမယ်၊ ဟော အဲဒါဆို မဝင်ဘူးလား ဝင်ပြီလား?'

'ဝင်ပါတယ်ဘုရား'

'ကဲ-လှေထွက်လို့ရပြီလား?'

'မရပါဘူးဘုရား'

'မရသေးဘူးလား အခု လှေထွက်စေချင်နေပြီ'

'မှန်လှပါဘုရား'

'ဒွါရခြောက်ပါးမှာ သတိ ဝိရိယ ပညာလေးနဲ့ စိုက်ပြီးတော့မျှားပေါ်လာတဲ့ တရားလေးတွေကို အသံပေါ်လာလည်း အသံကိုအာရုံပြုလို့ ကြားသိစိတ်ပေါ်လည်း ကြားသိစိတ်ကို အာရုံပြုပြီး နှလုံးသွင်းမယ်ဆိုရင် မိမိရဲ့သန္တာန်မှာဖြစ်ပေါ်တဲ့ အရှုခံတွေမှန်သမျှကို အသိဉာဏ်လေးလိုက်တဲ့ အတွက်ကြောင့်မို့လို့ ဒွါရခြောက်ပါးမှာ ကိလေသာ ရေဝင်စရာအကြောင်းရှိလား?'

'မရှိပါဘူးဘုရား'

'ဒါဖြင့် လှေပေါက်ရော ဖာတတ်ပြီလား?'

'ဖာတတ်ပါပြီဘုရား'

'မြင်လည်းပဲ မြင်ခန္ဓာ၊ ကြားလည်းပဲ ကြားခန္ဓာ၊ ဖြစ်ပြီးရင်ပျက်တဲ့ တရားသာ ကိုယ့်သန္တာန်ပြနေတာကို အသိဉာဏ်လေးလိုက်လို့ ဝိပဿနာ ရှုကွက်မှာ အလေးသာလို့ အလေ့ကျင့်အားကောင်းလို့ အမြင်သန်နေရင် ဒီပုဂ္ဂိုလ် လှေပေါက်ကိုဖာတတ်ပြီနော်'

'မှန်လှပါဘုရား'

http://www.dhammadownload.com

' ဒီလိုဆိုရင် သူတော်စင်များကို -

"ခန္ဓာလှေကြီး တက်ကာစီး၊ ခရီးထွက်တော့မည်"

'ကဲ-အခု ခရီးထွက်တော့မယ်နော်'

'မှန်လှပါဘုရား'

'ဘာစီးမှာ?'

'လှေစီးမှာပါဘုရား'

'ခန္ဓာလှေကြီးစီးမှာ ဟောဒီပစ္စုပ္ပန်မှာ သံသရာရေပြင်ထဲကို ချထားတဲ့ အသီးသီးသော ခန္ဓာလှေကြီးစီးထားပြီ၊ အဲဒီခန္ဓာလှေကြီး စီးပြီးတော့မှ ခရီးမထွက်ဘူးလား၊ ထွက်မှာလား?'

'ထွက်မှာပါဘုရား'

'သူတော်စင်များကို ခရီးမထွက်ခင်မှာ သတိလေးပေးချင်တာက -

"ရိက္ခာစုပါ ဆင်တန်ဆာ၊ ပေါက်ဖာလှော်ကြပါ"

'အခုပြောလိုက်ပြီ၊ ကိုယ့်ရဲ့ခန္ဓာလှေကြီးကိုစီးပြီးတော့ ခရီးထွက်မယ့် ခရီးသည်အပေါင်းတို့ မိမိတို့ခရီးထွက်တော့မယ်ဆိုရင် ခန္ဓာလှေထဲမှာ ရိက္ခာ ကိုစုပါ၊ အဆင်တန်ဆာတွေကိုလည်း ဆင်ကြပါ၊ အပေါက်ဖာပြီးတော့လည်း ဒီလှေကိုလှော်ပါလို့ ဆရာသမားတွေက မေတ္တာကြီးမားစွာနဲ့ မမှာဘူးလား?'

'မှာပါတယ်ဘုရား'

'ခန္ဓာလှေထဲမှာ ရိက္ခာကိုစု၊ အဆင်တန်ဆင်တွေကိုလည်း ခိုင်ခံ့အောင် ဆင်၊ ဟောဒီလှေမှာ ပေါက်တတ်တဲ့အရာတွေကိုလည်း ဖာပြီးတော့မှလှော်၊ သတိပေးလိုက်ပြီ'

'မှန်လှပါဘုရား'

'ဒါဖြင့် ယနေ့သူတော်စင်များ အဲဒီပေးတဲ့သတိအတိုင်း ကိုယ့်ခန္ဓာလှေ စိတ်ချရင် လှော်လို့ ရ, မရ'

'ရပါတယ်ဘုရား'

http://www.dhammadownload.com

'ခု-ရပြီလား?'

'ရပါပြီဘုရား?'

'အဲဒီတော့ ကိုယ့်ခန္ဓာလေထဲမှာ လော်လို့ရပြီဆိုတော့ အဲဒီလိုလော်တဲ့ နေရာမှာ -

"သမ္မပ္ပဓာန် လော်တက်မှန်၊ နိဗ္ဗာန်မှန်းလော်ပါ"

'သွားရမှာက နိဗ္ဗာန်နော်'

'မှန်လှပါဘုရား'

'လော်တဲ့နေရာမှာ ဒီလေမှာ အဆင်တန်ဆာတွေ၊ ရိက္ခာတွေ ပြည့်စုံပြီ၊ အပေါက်ဖာနည်းလည်း သိသွားပြီ၊ လော်တော့ဆိုတော့ လော်တက်လေးမှာ သမ္မပ္ပဓာန်လော်တက်ကလေးဖြစ်ရမယ်'

'မှန်လှပါဘုရား'

'အဲဒီ သမ္မပ္ပဓာန်ဆိုတာက လေးပါးရှိတဲ့ နေရာမှာ၊ မိမိတို့မဖြစ်ပေါ် သေးတဲ့အကုသိုလ်တွေကိုလည်း မဖြစ်ပေါ်အောင်၊ ဖြစ်ပေါ်ပြီးသား အကုသိုလ်တွေလည်း ပျောက်အောင်၊ မဖြစ်ပေါ်သေးတဲ့ ကုသိုလ်တွေကိုလည်း ဖြစ်ပေါ်ပြီးပွားအောင် ဖြစ်ပေါ်ပြီးသား ကုသိုလ်တွေကိုလည်း ပိုမိုပြီးအားကောင်းအောင်၊ မိမိတို့ဘက်က အဲဒီလုံ့လမျိုး စိုက်မယ်ဆိုရင်၊ အကုသိုလ် ကိလေသာတွေ ရှိပါတော့မလား?'

'မရှိတော့ပါဘူးဘုရား'

'ဒါဖြင့် အဲဒီလော်တက်ကလေးသည် အဖိုးတန်တဲ့ လော်တက်ပေါ့နော်'

'မှန်လှပါဘုရား'

'ဒါ့ကြောင့် တရားအားထုတ်တဲ့နေရာမှာ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက ကိလေသာပယ်နိုင်တဲ့ ဝိရိယလို့ မဆိုထားဘူးလား?'

'ဆိုထားပါတယ်ဘုရား'

http://www.dhammadownload.com

'လုံ့လဝီရိယမှာ ကိုယ်စိုက်လိုက်တဲ့ ဝီရိယသည် ကိလေသာတွေ မတွယ်ရဘူး၊ ကိလေသာတွေပယ်ထားရမယ်၊ အဲဒီလို ဝီရိယမျိုးနဲ့ဆိုရင် မဖြစ်ပေါ်သေးတဲ့ ဝိပဿနာကုသိုလ်တွေဖြစ်မှာ၊ ဖြစ်ပေါ်ပြီးသား ကုသိုလ်တွေလည်း တစ်နေ့တခြား မတိုးဘူးလား တိုးမှာလား?'

'တိုးမှာပါဘုရား'

'အဲဒီပုဂ္ဂိုလ်ရဲ့သန္တာန် ရိက္ခာတွေအားကောင်းသွားပြီ'

'မှန်လှပါဘုရား'

'အဆင်တန်ဆာကလည်းပဲ စိတ်ချသွားရပြီ၊ ဘာကြောင့်လဲလို့မေးရင် အကုသိုလ်အလိုဆိုးနောက် မပါတော့ဘူးလေ၊ မပါရင် သီလတရားကော မမြဘူးလား မြမှာလား?'

'မြမှာပါဘုရား'

'ဒါဖြင့် အသိဉာဏ်ကလည်း ပေါ်ရာခန္ဓာတွေမှာ စိုက်ကနဲ စိုက်ကနဲ ပေါ်တာကို အလွတ်မပေးဘဲနဲ့ကြည့်တတ်ပြီဆိုရင် ဘယ်နေရာမှပေါ်စရာ အကြောင်းမရှိတော့ဘူး၊ အဲဒီလှေသည် သွက်သွက်လက်လက် ပေါ့ပေါ့ပါးပါးနဲ့ မရောက်ဘူးလား?'

'ရောက်ပါတယ်ဘုရား'

'ဒါဖြင့် လှော်တက်က သမ္မပ္ပဓာန် လှော်တက်၊ မဖြစ်ပေါ်သေးတဲ့ အကုသိုလ်တွေလည်းမဖြစ်အောင်၊ ဖြစ်ပေါ်ပြီးသား အကုသိုလ်တွေလည်း ပယ်ရှောက်အောင်၊ မဖြစ်ပေါ်သေးတဲ့ ကုသိုလ်တွေလည်းဖြစ်အောင် ဖြစ်ပေါ်ပြီးသားကုသိုလ်တွေလည်း တိုးပွားအောင် ယနေ့ ခန္ဓာမှာ ဉာဏ်စိုက်ပြီးတော့ အရှုခံတရားတွေကို သတိထားစောင့်ကြည့်လို့မျှား ပေါ်ရာဌာန ရုပ်ပေါ်ပေါ် ဝေဒနာပေါ်ပေါ် စိတ်ပေါ်ပေါ် ကြိုက်ရာပေါ်ပါစေ အဲဒါကို နှလုံးသွင်းလို့ ရှုနိုင်ရင် ဒီပုဂ္ဂိုလ်ရဲ့သန္တာန်မှာ ဉာဏ်ဦးစီးတဲ့အသိသည် ကိလေသာကို မပယ်ဘူးလား?'

'ပယ်ပါတယ်ဘုရား'

http://www.dhammadownload.com

'မျက်လုံးပေါက်၊ နားပေါက်၊ နှာခေါင်းပေါက်၊ လျှာပေါက်၊ ကိုယ်ပေါက်၊ မနောပေါက် ကြိုက်တဲ့နေရာက ပေါ်ပါစေတဲ့၊ ကိလေသာမလာအောင် ဉာဏ်ဦးစီးထားတဲ့အတွက် သတိ ဝီရိယ ပညာသည် ကိုယ့်ရဲ့သန္တာန် ကိန်းနေရင် ဒီလှော်တက်သည် တန်ဖိုးရှိတာက အပါယ်သောင်းကမ်းလည်း ဆိုက်စရာ မလိုတော့ဘူး၊ လူ့သောင်းကမ်း၊ နတ်သောင်းကမ်းကို ဖြတ်ကျော်ပြီးတော့ နိဗ္ဗာန်ပန်းတိုင်ကို မဝင်နိုင်ဘူးလား?'

'ဝင်နိုင်ပါတယ်ဘုရား'

'ကိုယ်လိုချင်တဲ့ပန်းတိုင်ကို ရောက်တော့မယ်နော်'

'မှန်လှပါဘုရား'

'အဲဒီလို သမ္မပ္ပဓာန်လှော်တက်လေးကို အသုံးချပြီးတော့ ဒီအတိုင်း မနေနဲ့ဦး'

"ဝိုလ်ငါးဦးရန် လှော်ကျင့်ကြံ၊ နိဗ္ဗာန်ရောက်မည်သာ"

'သမ္မပ္ပဓာန်လှောက်တက်ကိုကိုင်ပြီးတော့ သူတော်စင်က အားစိုက်ပြီး လှော်နေတယ်၊ အဲဒီလှော်တဲ့နေရာမှာ ဘယ်သူတွေ အခြံအရံလိုသလဲမေးရင် ဝိုလ်ငါးဦး သဒ္ဓါဝိုလ်၊ သတိဝိုလ်၊ ဝီရိယဝိုလ်၊ သမာဓိဝိုလ်၊ ပညာဝိုလ်၊ ဒီတော့ ကိုယ့်ရဲ့သန္တာန်မှာ နိဗ္ဗာန်ကို ရောက်ကိုရောက်ရမယ် ဘုရားဟောတဲ့တရား တွေက လွဲစရာအကြောင်းမရှိဘူး၊ နည်းမှန်လမ်းမှန်တွေပဲလို့ ယုံကြည် ထက်သန်နေတဲ့ သဒ္ဓါတရားရှိနေပါစေ၊ အဲဒီသဒ္ဓါတရားနဲ့ ဟောဒီရုပ်နာမ်ခန္ဓာတွေရဲ့ မမြဲပုံ အနိစ္စ၊ ဆင်းရဲပုံ ဒုက္ခ၊ အစိုးမရပုံ အနတ္တ၊ ဒါတွေပေါ်မှာလည်း ယုံကြည် သက်ဝင်တဲ့ သဒ္ဓါတရား အားကောင်းနေပါစေ၊ အဲဒီကျတော့ ပေါ်တဲ့နေရာမှာ ဘယ်နေရာပေါ်ပေါ် လှုပ်လှုပ်ရွရွနဲ့ ကိုယ်နဲ့စပ်ပြီးပေါ်တာတွေ၊ ဘာတရား ပေါ်မှာပါလိမ့်'

'ရူပ်တရားပါဘုရား'

'စိတ်နဲ့စပ်ပြီးပေါ်တဲ့တရားတွေက'

'နာမ်တရားပါဘုရား'

http://www.dhammadownload.com

'ကြိုက်တဲ့နေရာပေါ်ပါစေ၊ ရုပ်ပေါ်ပေါ်၊ နာမ်ပေါ်ပေါ် သတိလေးရှိရင် သိနေပြီနော်'

'မှန်လှပါဘုရား'

ဝိရိယရှိရင်လည်း ကြိုက်တဲ့နေရာပေါ် မလွတ်တော့ဘူး၊ အဲဒီတော့ ဒီအာရုံလေးပေါ်မှာ စိုက်ကာ စိုက်ကာ တည်တဲ့အတွက် သမာဓိကော မတည်နိုင်ဘူလား'

'တည်နိုင်ပါတယ်ဘုရား'

'ဟော သတိဗိုလ်၊ သမာဓိဗိုလ်၊ ဝိရိယဗိုလ်၊ သဒ္ဓါဗိုလ်တွေ ကောင်းစွာ တည်နေတော့ ပညာကလည်း နောက်ကလိုက်လည်းလိုက်ရော ဟော-ပညာက ရှိတဲ့ မိမိရဲ့သန္တာန် တည်သွားရင်၊ ပေါ်သမျှတရားပေါ်တဲ့နေရာမှာ ပျောက်လိုက် ပျောက်လိုက်နဲ့ ပျက်သွား ပျက်သွားတာကိုမြင်ရင် အရှိန်နဲ့အသိ ကိုက်မသွားဘူးလား?'

'ကိုက်သွားပါတယ်ဘုရား'

'တစ်ချက်လှော် တစ်ချက် ခရီးရောက်မှာပဲနော်'

'မှန်လှပါဘုရား'

'ပေ့ါပေ့ါပါးပါး သွက်သွက်လက်လက်နဲ့ ရေလည်းမဝင်တော့ ဒီလှေသည် ခရီးတွင်သွားတာက ဖြစ်ပျက်တွေကို ဖြိုင်ဖြိုင်မြင်ပြီး ဖျတ်ကနဲ ဆုံးရောပန်းဝင်သွားပြီ'

'မှန်လှပါဘုရား'

'ဒါဖြင့် ဒီလှေကို အသုံးချပြီးတော့ တက်လှမ်းရမှာက ယနေ့သူတော်စင်များ ဗိုလ်ငါးပါးကိုလည်း ခြံရံရမယ်၊ သမ္မပ္ပဓာန်လေးကိုလည်းပဲ အားစိုက်ရမယ်၊ အဲဒီလို အားစိုက်ပြီး လှော်ခတ်မယ်ဆိုရင် လှေထဲမှာလည်းပဲ ရိက္ခာလည်းပါအောင် သတိပြုပါ၊ အဆင်တန်ဆာကိုလည်း ကောင်းအောင်ဆင်ထားပါ၊ လှေပေါက်တွေဖာတတ်ပြီဆိုရင်တော့ လိုရာပန်းတိုင် ရောက် မရောက်?'

'ရောက်ပါတယ်ဘုရား'

http://www.dhammadownload.com

'ညောင်-မိမိတို့ရဲ့ သန္တာန်မှာ အခု ခရီးထွက်လို့ရပြီလား?'

'ရပါပြီဘုရား'

'ကဲ-ဆရာသမားက စိတ်ချလို့ လွှတ်လို့ရပြီလား?'

'ရပါပြီဘုရား'

'ဖြစ်ပြီဆိုပြီးတော့ တစ်ချို့တစ်ချို့ ရှိတယ်နော် တရားကိုအားထုတ်ပါတယ်၊ နှလုံးသွင်းကြပါတယ်၊ အဲဒီလို နှလုံးသွင်းပြီးတော့ အကြိမ်တွေလည်း မျှားစွာဝင်ကြပါတယ်၊ တရားတွေလည်း အားထုတ်တယ်၊ ဖြစ်ပျက်တွေလည်း ဖြိုင်ဖြိုင်မြင်တယ်လို့ အမြဲတမ်း ပြောတယ်ပေါ့၊ တစ်ခါတစ်လေ သူ့ကိုယ် သူတောင် သောတာပန်တောင် ထင်ခဲ့တာပေါ့၊ အဲဒီလိုနဲ့ ကြိုးစားနေတဲ့ပုဂ္ဂိုလ်၊ ညောင်-သေသွားတဲ့အချိန်ခါမှာ အမြဲတမ်းလည်း ရိပ်သာကဝင်တဲ့အခါကျတော့ အခန်းကလည်း စွဲနေတာ၊ အဲဒီအချိန်ခါမှာ သေသွားလို့ ဟော ရက်လေးလည်ခါစပဲရှိသေးတယ်၊ သူနေတဲ့အခန်းက ခြောက်တယ်တဲ့၊ အဲဒီပုဂ္ဂိုလ် ဖြစ်ပျက်ရော မမြင်ဘူးလား?'

'မြင်ပါတယ်ဘုရား'

'သောတာပန်တည်တယ်လို့ကော မထင်ဘူးလား?'

'ထင်ပါတယ်ဘုရား'

'ဘာလို့ခြောက်တာတုန်း၊ အဲဒါတွေက စဉ်းစားစရာနော်၊ ပြန်ကြည့်တဲ့ အခါကျတော့ သူကလက်မှတ်တွေကို ဖြတ်ထားတဲ့နေရာမှာ အခုပြောလိုက်ပါပြီ ဒါတွေကို သေချာလုပ်ကြပါ၊ ထွက်လို့ရပြီလို့ ပြောပြီးတော့မှ အစစ်နဲ့အတုလွဲနေရင် ကိုယ်ကျိုးနည်းဦးမယ်'

'မှန်လှပါဘုရား'

'ကိလေသာရေကို ပယ်တဲ့နေရာမှာ မိမိကအရွှတ်နဲ့ ဖြစ်ပျက်ဖြစ်ပျက်နဲ့ လုပ်နေရင်လည်း လောလောဆယ်တော့ ထိန်းထားတဲ့အတွက် မဝင်သလိုပေါ့၊

http://www.dhammadownload.com

သို့သော်လည်း ဉာဏ်အမြင်နဲ့ကျတော့ ပယ်တဲ့နေရာမှာ ခရီးမရောက်နိုင်ပါ၊ ရွှတ်နေရုံနဲ့ရမလား?'

'မရပါဘူးဘုရား'

'အဲဒီလိုမျိုးနဲ့ ကိုယ်သိတယ်ဆိုပြီး သွားတဲ့အခါကျတော့ သေခါနီးကျတော့ နှိပ်စက်လာတဲ့ရောဂါဝေဒနာကို ဘယ်လိုမှ ပယ်မရှင်းနိုင်ဘူး၊ နာကျင်မှုတွေကို ဖျစ်ညှစ်ပြီးခံနေရ၊ အောင့်အည်းပြီးခံနေရ၊ မဲ့ရှုံ့ပြီးခံနေရလို့ ဖြစ်ပျက်လည်း မရှုနိုင်တော့ဘူး၊ ဉာဏ်မှမရောက်ခဲ့တာကိုး၊ အဲဒီကျတော့ အော်ဟယ်ညည်းဟယ်နဲ့ အဲဒီပေါ်မှာ အာရုံပြုပြီးတော့မှ ကိလေသာ ဒေါသတွေနဲ့ သွားမယ်ဆိုရင် သေခါနီးကျမှ လက်မှတ်က အလဲခံလိုက်ရတာ၊ မှန်ကောမှန်ရဲ့လား?'

'မှန်ပါတယ်ဘုရား'

'ပထမ တရားနာတဲ့ကုသိုလ်တွေရှိတယ်၊ ကိုယ်လှူတဲ့ကုသိုလ်တွေ ရှိတယ်၊ အဲဒီကုသိုလ်လက်မှတ်လေးကို အာရုံပြုပြီး သေမယ်ဆိုရင်တော့ နိဗ္ဗာန်မရောက်သေးတောင်မှ လူ့သောင်းကမ်း၊ နတ်သောင်းကမ်းတော့ ဆိုက်ဦးမှာ'

'မှန်လှပါဘုရား'

'အဲ-သေခါနီးကျတော့မှ သားစွဲ သမီးစွဲ ဥစ္စာပစ္စည်းစွဲ ကိုယ့်ခန္ဓာမှာ ခန္ဓာရဲ့နာကျင်မှုကို မခံနိုင်တဲ့အတွက် ဒေါသတွေဖြစ်နေမယ်ဆိုရင် အဲဒီပုဂ္ဂိုလ် အသေမကောင်းပြန်ဘူး'

'မှန်လှပါဘုရား'

'ဒါဖြင့် သေခါနီးကျမှ ရထားတဲ့လက်မှတ်တွေ ပျောက်ပြီးတော့မှ အကုသိုလ်လက်မှတ်လေးများကိုင်ပြီး သွားမယ်ဆိုရင် အပါယ်သောင်းကမ်းကပဲ လက်ခံမှာ'

'မှန်လှပါဘုရား'

'ဒါကြောင့် ခြောက်တယ် ခြောက်တယ်ပြောတာ ဒါကြောင့်နော်'

'မှန်လှပါဘုရား'

http://www.dhammadownload.com

'သေခါနီးမှ အတုနဲ့အစစ်ကို ကိုယ်က မခွဲနိုင်တဲ့အတွက် အတုကို ကိုင်ထားပြီးတော့သွားတော့ ဘယ်သူက လက်ခံမှာလဲ၊ အပါယ်လေးပါးကပဲ လက်ခံတော့မှာ၊ မိမိတို့ကိုယ်ကို မိမိတို့ချစ်ကြရင် ရထားတဲ့ လက်မှတ်ကို မပျောက်ပျက်အောင် ဆက်လက်စောင့်ရှောက်ပြီး ခန္ဓာမှာဉာဏ်သွင်းလို့ ပေါ်ရာခန္ဓာ ဖြစ်ပျက်ကို မြင်အောင်ရှုရင် ဒုက္ခသစ္စာ မသိဘူးလား?'

'သိပါတယ်ဘုရား'

'သိတာက မဂ္ဂသစ္စာ၊ သိရင် ပယ်သွားမှာက သမုဒယသစ္စာ၊ သမုဒယ ပယ်တော့ နောင်ခန္ဓာမလာ ဒုက္ခငြိမ်းသွားတာက နိရောဓသစ္စာ၊ သစ္စာလေးပါး ဆိုက်တော့ နိဗ္ဗာန်သောင်းကမ်းဆိုက်ပြီပေါ့၊ အချိန်လည်းစေ့ပြီ၊ သာဓုခေါ်ကြစို့'

(သာဓု . . . သာဓု . . . သာဓု)

http://www.dhammadownload.com

မကျန်းမမာဖြစ်တိုင်း ဒီတရားခွေလေး ဖွင့်နာလိုက်ပါ

တရားတော်

http://www.dhammadownload.com

http://www.dhammadownload.com

မကျန်းမမာဖြစ်တိုင်း ဒီတရားခွေလေး ဖွင့်နာလိုက်ပါ

တရားတော်

သာသနာတော်နှစ် (၂၅၅၁) ခုနှစ်၊ ကောဇာသက္ကရာဇ် (၁၃၆၉) ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၁၀) ရက်၊ ခရစ်နှစ် (၂၀၀၇) ခု၊ ဒီဇင်ဘာလ (၄) ရက်၊ ရှမ်းပြည်နယ်တောင်ပိုင်း၊ မိုင်းရှားမြို့နယ်၊ ဝမ်ကမ်ဒေသ၊ ကျောက်ချွန်းရပ် ဂျီပီမင်္ဂလာခန်းမမှာ ကျင်းပပြုလုပ်တဲ့ ဓမ္မဒါနတရားအလှူ အမတဒါန အမြိုက်နိဗ္ဗာန်အလှူပေးလှူပွဲ (၆) ရက်မြောက်သောနေ့ ညပိုင်း တရားအဖြစ် ဟောကြားအပ်သော **" မကျန်းမမာဖြစ်တိုင်း ဒီတရားခွေလေး ဖွင့်နာလိုက်ပါ တရားတော် "** ။

ဒီတရားတော်ကို မဟောကြား၊ မနာကြားမီမှာ တရားပိုင်ရှင်ဖြစ်တော်မူသော မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးကို ယမက ပါဠိဟာရိယာ ဘုရားရှိခိုးနဲ့ ရှိခိုးကြည်ညိုပါ့မယ်၊ နာယူသူအပေါင်းက ဘုရားရှင်ရဲ့ကိုယ်တော် အစိတ်စိတ်က ရေတစ်တန်၊ မီးတစ်တန်၊ တန်ခိုးပြာဋိဟာပြတဲ့ပုံဟန်တွေကို မိမိတို့ရဲ့အာရုံမှာ ထင်ပေါ်အောင်လို့ အာရုံပြု နှလုံးသွင်းရင်းနဲ့ လေးလေးစားစား လက်အုပ်ချီမိုးလို့ အာရုံပြုထားကြပါ . . . ။

(သာဓု . . . သာဓု . . . သာဓု)

http://www.dhammadownload.com

'ဘုရားရှင်ကိုယ်တော်မြတ်ကြီးကို ရှိခိုးကြည်ညြိုးပြီးတဲ့နောက်မှာ ယနေ့ မိမိတို့အားလုံးဟာ ဒီခန္ဓာကြီးရထားတော့ အချိန်မရွေး မမာမကျန်းကလည်း အမြဲတမ်းဖြစ်တတ်တဲ့အတွက် မမာမကျန်းဖြစ်တိုင်းမှာလည်း အော်ဟစ်ညည်းညူပြီးတော့ ဒုက္ခဆင်းရဲတွေကြားမှာ အသေသာဦးသွားခဲ့ရင် အပါယ်မှ တစ်ပါး သွားစရာမရှိလောက်အောင်ကို အကျည်းတန် အရုပ်ဆိုးတဲ့အဖြစ်မျိုးနဲ့ မကြုံရအောင် မကျန်းမမာဖြစ်တိုင်း ဖြစ်တိုင်းမှာ ယနေ့ဟောတဲ့တရားအပေါ်မှာ အမြဲတမ်း အာရုံပြုပြီးတော့ နှလုံးသွင်းနိုင်ရင် အနာရောဂါကိုလည်း ကျော်လွှားလို့ ကိုယ့်ရဲ့သန္ဓာန် နှိပ်စက်နေတဲ့တရားတွေအပေါ်မှာလည်း ကိုယ်သာနာမယ် စိတ်မနာဘဲနဲ့ သေသွားသည့်တိုင်အောင် အရိယာအဖြစ်နဲ့ သေရတဲ့အဖြစ်မျိုး အသေကောင်းသေနိုင်တဲ့အဖြစ်မျိုးရမယ်ဆိုရင် ယနေ့ည တရားဟာ အကြီးအကျယ် တန်ဖိုးမရှိဘူးလား?'

'ရှိပါတယ်ဘုရား'

'အားလုံးသော သူတော်စင်တွေဟာ ခန္ဓာရတဲ့အတွက်ကြောင့်မို့လို့ အမြဲမပြတ် အနှိပ်စက်မခံရဘူးလား?'

'ခံရပါတယ်ဘုရား'

'တစ်နေ့တည်းမဟုတ်ဘူး အချိန်တိုင်း အနှိပ်စက်ခံနေရတာဟာ ခံသာတာနဲ့ မခံသာတာ ကွာနေလို့သာ ခံသာတဲ့အတွက်ကြောင့် ကျန်းမာတယ်လို့ ထင်ရပေမယ့် နေ့စဉ်နဲ့အမျှ ဟောဒီ တစ်ကိုယ်လုံး တစ်ကောင်လုံးမှာ ရောဂါမျိုးစုံက နှိပ်စက်နေတဲ့အတွက်ကြောင့်မို့လို့ ကျန်းမာတယ်ဆိုတာ ဘယ်သူမှ မရှိပါဘူး'

'မှန်လှပါဘုရား'

'အိပ်ရာထက်ကလဲလို့ အော်ညည်းတဲ့အခါကျမှသာ မကျန်းမာဘူး ထင်နေကြတာ၊ အခုလို သွားနိုင်လာနိုင်ကတည်းကိုက မကျန်းမာတဲ့သဘော ဟာ တစ်ကိုယ်လုံး တစ်ကောင်လုံးမှာ ရောဂါမျိုးစုံ နှိပ်စက်နေတာကို ယနေ့ သိမယ်ဆိုလည်း တန်ဖိုးမရှိဘူးလား?'

'ရှိပါတယ်ဘုရား'

http://www.dhammadownload.com

'အိပ်ရာထက်က လဲသည့်တိုင်အောင် ကိုယ့်ရဲ့သန္တာန်ရှိနေတဲ့ ရောဂါ ဝေဒနာလို့ သုံးစွဲနေတဲ့ဒီစကား ရောဂါဆိုတာဘာ ဝေဒနာဆိုတာဘာ၊ ဒါကို သဲကွဲစွာ ပိုင်နိုင်စွာ ဉာဏ်ရောက်အောင်သိရင် အဲဒီအသိလေးကို နှလုံးသွင်းရင်းနဲ့ ဖျတ်ဆို စုတိစိတ်ကျစမ်းပါစေ အပါယ်ကလွတ်ပြီးတော့ အရိယာအဖြစ်နဲ့ တောင် အသေကောင်းသေနိုင်တယ်ဆိုတော့ တန်ဖိုးမရှိဘူးလား?'

'ရှိပါတယ်ဘုရား'

'အေး-ဒီအကြောင်းအရာလေးကို ကောင်းစွာသဘောပေါက်ပြီး သိအောင်လို့ ဘုရားရှင်ကိုယ်တော်မြတ်ကြီး ဘယ်ပြည်ဌာန ဘယ်ဒေသမှာ သီတင်းသုံးတော်မူတဲ့အခါမှာ ဘယ်ပုဂ္ဂိုလ်တွေကို အကြောင်းပြုပြီးတော့ ဟောသွားတာလဲဆိုတော့ ဘုရားရှင်ကိုယ်တော်မြတ်ကြီး ရာဇဂြိုဟ်မြို့ ဝေဠုဝန်ကျောင်းမှာ သီတင်းသုံးတဲ့အချိန် တစ်နေ့ အရှင်အာနန္ဒာက ရောက်ရှိလာပြီးတော့ 'ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ ဖဂ္ဂုန ရဟန်းတော်လေးဟာ မနာမကျန်းဖြစ်ပြီးတော့ အနာရောဂါတွေ နှိပ်စက်နေတဲ့အတွက် အော်ဟစ်ညည်းညူပြီးတော့ လူးလှိမ့်ခံနေရပါတယ်၊ သနားစဖွယ်ဖြစ်အင်ကလည်း မြင်တွေ့ရတဲ့ပုဂ္ဂိုလ်တိုင်းမှာ ရင်သပ်ရှုမော ဖြစ်ရပါတယ်ဘုရား၊ ဒါကြောင့်မို့လို့ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား ကြွရောက်ချီးမြှင့်ပြီး တရားဓမ္မ ချီးမြှင့်တော်မူပါဘုရား' လို့ အရှင်အာနန္ဒာလျှောက်ထားတဲ့အတွက်ကြောင့်မို့လို့ ညနေစောင်းမှာ ဘုရားရှင်ကိုယ်တော်မြတ်ကြီး အရှင်အာနန္ဒာနှင့်အတူ ဖဂ္ဂုန ရဟန်းတော်လေးရဲ့ မကျန်းမမာရောဂါတွေ ခံစားနေရတဲ့ကျောင်းတိုက်ကို ကြွပြီးတော့ ချီးမြှောက်တယ်ပေါ့'

'ဘုရားရှင်ကိုယ်တော်မြတ်ကြီး ရောက်သွားတဲ့ အချိန်အခါမှာ ဖဂ္ဂုန ရဟန်းတော်လေးကို -

'ချစ်သား ဖဂ္ဂုန၊ သင့်ရဲ့ခံစားနေရတဲ့ အနာရောဂါတွေသည် နောက်ဆုတ်ပါရဲ့လား၊ နောက်ဆုတ်တဲ့အခြင်းအရာ ပြရဲ့လား၊ ဒါမှမဟုတ် ရှေ့သို့ တိုးနေသလား၊ ရှေ့တိုးတဲ့ အခြင်းအရာတွေနဲ့ ပြပြီးတော့ အနှိပ်စက်ခံနေ

http://www.dhammadownload.com

ရလား' လို့ မေးတဲ့အခါကျတော့ -

'မှန်လှပါဘုရား၊ တပည့်တော်ရဲ့ဟောဒီခန္ဓာမှာ နှိပ်စက်နေတဲ့ အနာရောဂါတွေဟာ နောက်သို့ မဆုတ်ပါဘုရား၊ နောက်ဆုတ်တဲ့အခြင်းရာတွေလည်း တစ်နေ့မှ မတွေ့ရပါဘုရား၊ ရှေ့သို့တိုးလို့သာ နှိပ်စက်နေလို့ တပည့်တော်မှာ လူးလှိမ့်ပြီးတော့ အော်ညည်းနေရပါတယ်ဘုရား' လို့ သနားစဖွယ် လျှောက်နေပါပြီ။

'ဒီထက်ပိုပြီးတော့ ထင်ရှားအောင် တပည့်တော်ရဲ့ခေါင်းကြီး ဆူးချွန်တွေနဲ့ဝိုင်းပြီး စိုက်သလိုမျိုး တစစ်စစ်နဲ့ကိုက်လိုက်တာ ထိုးလိုက်တာ မခံမရပ်နိုင်အောင် ခေါင်းကြီး ပွင့်ထွက်မတတ် ခံစားနေရပါတယ်ဘုရား' လို့ အဲဒီလို ဥပမာတွေနဲ့ လျှောက်ထားတာကို ကြည့်ခြင်းအားဖြင့် ဖဂ္ဂုနရဟန်းတော်လေး အကြီးအကျယ် မခံနေရဘူးလား?'

'ခံနေရပါတယ်ဘုရား'

'ယနေ့ မိမိတို့လည်း ခေါင်းထိုးဖူးကြတာပါပဲ'

'မှန်လှပါဘုရား'

'အဲဒီလို ခေါင်းထိုးတဲ့အခါ ခေါင်းကြီးကို ကိုင်ပြီးတော့မှ ဆေးအမျိုးမျိုးကို တောင်းပြီး နှိပ်ပါအုံးဟဲ့ ပြုစုပါအုံးဟဲ့လို့ အော်ညည်းတဲ့ အဆင့်မျိုးကိုလည်း မရောက်ခဲ့ဘူးလား?'

'ရောက်ခဲ့ပါတယ်ဘုရား'

'ဘာကြောင့် အော်ညည်းနေရလဲ၊ အော်ညည်းလွတ်တယ်ဆိုတဲ့ သဘောတရားတွေကို ယနေ့ည ကောင်းစွာ ကွဲပြားပြီးတော့သိသွားရင် ကိုယ်သာနာမယ် စိတ်မနာတော့ဘူး၊ ဒီလိုဆိုရင် မိမိတို့ ယနေ့ည သေနည်းတရားတစ်ခု သိသွားပြီလို့ မှတ်ထားလိုက်ပါ'

'မှန်လှပါဘုရား'

'ဘာတရား?'

'သေနည်းတရားပါဘုရား'

http://www.dhammadownload.com

'ညြော်-သေတာမျှား သင်စရာလိုလား'

'လိုပါတယ်ဘုရား'

'လိုပါတယ်၊ လူတစ်ယောက်သေတာက ဆန့်ဆန့်ကြီးသေတာ၊ ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ဘုရားကြီး ပြောဖူးတယ်၊ အဲဒီလို ခွေးသေဝက်သေ သေတာမျိုးက လူတိုင်း သေတတ်ပါတယ်၊ အရိယာတို့ရဲ့ သေခြင်းမျိုးကတော့ သေတတ်ဖို့ လွယ်ပါ့မလား?'

'မလွယ်ပါဘူးဘုရား'

'ဒါကြောင့် သေနည်းကော မသင်ရဘူးလား?'

'သင်ရပါတယ်ဘုရား'

'ဒီအသေကောင်း သေတတ်ဖို့အတွက်ကို အခုခန္ဓာမှာ ခံစားနေရတဲ့ အနာရောဂါ ဘယ်လောက်မျှား နှိပ်စက်နေသလဲမေးရင် ဆူးချွန်တွေ သူ့ခေါင်းကြီးကို ဝိုင်းထိုးနေသလိုမျိုး အခံရခက်လောက်အောင်ကို ကြောက်စရာကောင်းတဲ့ နှိပ်စက်မှုကြုံနေရတဲ့အကြောင်း ဆူးချွန်နဲ့ထိုးမှုလေးကို ဥပမာပေးပြီးတော့ ပြကတည်းက အကြီးအကျယ်ခံစားနေရတယ်ဆိုတာ တစ်ချက်တော့ပေါ်သွားပြီ'

'မှန်လှပါဘုရား'

'အရှင်ဘုရား ဒါတင်မကသေးဘူးဘုရား၊ တပည့်တော်ရဲ့ ခေါင်းကြီးက လည်း တင်းလိုက်တာဘုရား၊ ဘာနဲ့တူသလဲဆိုရင် အားကောင်းလှတဲ့ ယောက်ျားကြီးက သားရေပတ်ပြားကြီးနဲ့ တပည့်တော်ခေါင်းကြီးကို ဆွဲတင်းထားသလို အနေရခက်လှပါတယ်ဘုရား၊ ခေါင်းကြီးတင်းလွန်းအားကြီးတဲ့ အတွက် ဘယ်အချိန်မှာ ပေါက်ထွက်မလဲလို့တောင် ခံစားရတဲ့ အနေအထားမျိုးကြုံနေရလို့ တပည့်တော်မှာ တစ်နေ့တခြား လျော့မလားလို့ သတိထားပေမယ့် မလျော့ပါဘူးဘုရား၊ တိုးတိုးပြီးတော့သာ တင်းလာတဲ့အတွက်ကြောင့် အကြီးအကျယ် နာကျင်နှိပ်စက်မှုကြားထဲမှာ လှိမ့်နေရပါတယ်ဘုရားလို့ လျှောက်ထားခြင်းအားဖြင့် တကယ့်ကိုပဲ ရောဂါမကြီးဘူးလား ကြီးလား?'

'ကြီးပါတယ်ဘုရား'

http://www.dhammadownload.com

'သူဒီလို ခံစားနေရတာကို ဥပမာနဲ့လျှောက်တော့မှ ပီပြင်စွာသိရတာပါ'

'မှန်လှပါဘုရား'

'ဒါတင်မကသေးဘူးဘုရားတဲ့ တပည့်တော်ရဲ့ ဝမ်းဗိုက်ကြီးကလည်း နာလိုက်တာဘုရားတဲ့၊ အဲဒီနာကျင်မှုကလည်း အလွန်ကို ကျွမ်းကျင်လိမ္မာလှတဲ့ နွားသတ်သမားဟာ သူရဲ့ထက်လှစွာသောဓားနဲ့ နွားတွေရဲ့ အရေပြားလေးကိုလှန်ပြီး အကြောလေးတွေကို ဖြတ်တောက်ဖြတ်တောက်နေသလို တပည့်တော်ရဲ့ ဟောဒီဝမ်းဗိုက်မှာ နာကျင်မှုက တရိပ်ရိပ် လှီးဖြတ်နေသလို မျိုးကနဲ၊ စစ်ကနဲ နာတာဟာလည်း မခံမရပ်နိုင်အောင် တစ်နေ့တခြား တိုးပြီးတော့ လှိမ့်နေအောင် အော်နေပါတယ်ဘုရားလို့ ဗိုက်ကိုအကြောင်းပြုပြီး နာကျင်မှုရဲ့ မခံမရပ်နိုင်ပုံကိုလည်း မလျှောက်ဘူးလား?'

'လျှောက်ပါတယ်ဘုရား'

'ခေါင်းကိုလည်းပဲ ပြပြီးတော့ လျှောက်နေတယ်၊ ဝမ်းဗိုက်ကိုလည်း ပြပြီးတော့ လျှောက်နေတယ်၊ ဒါတင်မကသေးဘူးဘုရား တပည့်တော်ရဲ့ ဟောဒီကိုယ်ကြီးတစ်ခုလုံးမှာလည်း ပူလောင်နေတာ ခြစ်ခြစ်တောက်ပူတဲ့ အပူဟာ တစ်နေ့မှမကျပါဘူးဘုရား၊ ဘယ်လောက်တောင် အခံရခက်သလဲမေးရင် အားကောင်းလှတဲ့ ယောက်ျားကြီးနှစ်ယောက်ဟာ တပည့်တော်ရဲ့ ဘယ်ဘက်လက်မောင်း၊ ညာဘက်လက်မောင်းကို ဆွဲမြောက်ပြီးတော့ အလွန်ပူပြင်းလှတဲ့ ရှားမီးတွင်းထဲမှာ ဘယ်ပြန်၊ ညာပြန် လှိမ့်နေသလိုမျိုး အလွန်ကို ခံရခက်လောက်အောင် ပူလောင်မှုတွေ ခံနေရတဲ့အကြောင်း၊ မသက်သာတဲ့ အကြောင်း တစ်နေ့တခြား တိုးပြီးတော့ ခံနေရတဲ့အကြောင်းကို ဒီဥပမာကို ပြခြင်းအားဖြင့် ကိုယ်တွေက ပူလောင်မှုကလည်း သေလောက်အောင် မခံရဘူးလား?'

'ခံရပါတယ်ဘုရား'

'မိမိတို့ အဲဒီနေရာလေး ဝင်ကြည့်နော်'

'မှန်လှပါဘုရား'

'ကိုယ်လည်းပဲ ဒီလိုအဖြစ်မျိုးနဲ့မကြုံဘူးလို့ ပြောလို့မရဘူးနော်'

'မှန်လှပါဘုရား'

http://www.dhammadownload.com

'ဘာရထားလို့?'

'ခန္ဓာရထားလို့ပါဘုရား'

'ခန္ဓာရထားတဲ့အတွက်ကြောင့်မို့လို့ ဟောဒီခန္ဓာရဲ့ နှိပ်စက်မှုတွေဟာ အားလုံးသော သတ္တဝါတွေကြုံရမှာပါ'

'မှန်လှပါဘုရား'

'ကြုံတဲ့အခါမှာ ဘယ်လိုဖြေရှင်းမလဲဆိုတာကို ယနေ့ တရားက ဖော်ထုတ်ပေးသွားလိမ့်မယ်'

'မှန်လှပါဘုရား'

'အခု အော်ညည်းနေရတဲ့အကြောင်းတွေ ဘုရားရှင်ထံမှာ သနားစဖွယ်လျှောက်ထား နေပြီ၊ ဒီတော့ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက တစ်ခွန်းတော့ မိန့်လိုက်ပါတယ်၊ 'ချစ်သားဖဂ္ဂုန ငါနဲ့ဝေဒနာ မရောစေနဲ့' ဘယ်လိုပြောလိုက်?'

'ငါနဲ့ဝေဒနာ မရောစေနဲ့ပါဘုရား'

'ငါနဲ့ဝေဒနာမရောစေနဲ့၊ ရူပ်နဲ့ဝေဒနာကိုလည်း ခွဲခြားပြီးသိအောင် သတိပြုဖို့အတွက် တိုက်တွန်းသွားပြီ၊ အဲဒါကို သတိမပြုနိုင်တဲ့အတွက်ကြောင့်မို့လို့ ငါနဲ့ဝေဒနာ မကွဲတော့ ငါမခံနိုင်ဘူး ငို့ခေါင်းကြီးထိုးတယ် ငို့ခေါင်းကြီးတင်းတယ်၊ အဲဒီငို့ခေါင်းထိုးလို့ ငို့ခေါင်းတင်းလို့ ငို့ဗိုက်ကြီးနာလို့ ငို့ကိုယ်ကြီးပူလို့ငါမခံနိုင်ဘူးဆိုပြီး အော်ညည်းနေရတဲ့အသွင်ကိုက ဘာနဲ့ဘာရောနေလို့?'

'ငါနဲ့ဝေဒနာ ရောနေလို့ပါဘုရား'

'ဒီတစ်ချက် ယနေ့ည ပြေလည်အောင် ရှင်းနိုင်လို့ သဘောပေါက်ရင် အကြီးအကျယ် တန်ဖိုးရှိတော့မှာပါ?'

'မှန်လှပါဘုရား'

'ယနေ့ည တရားဟာ အလုပ်သမား တော်တော်များများအတွက်လည်း ကျေးဇူးများသလို၊ မနာဖူးတဲ့ပုဂ္ဂိုလ်လည်းပဲ သဘောရှင်းအောင်တော့ သေချာပြောပေးသွားမှာပါ?'

'မှန်လှပါဘုရား'

http://www.dhammadownload.com

'အခု သူတော်စင်များရဲ့သန္တာန်မှာ ဖြစ်ပေါ်တဲ့တရားတွေကို ရှေးဦးစွာ နားလည်ဖို့က သူတော်စင်များ သုံးနေကျစကားတစ်ခွန်းရှိတယ်၊ ရောဂါဝေဒနာ တွဲမသုံးဘူးလား?'

'သုံးပါတယ်ဘုရား'

'ရောဂါဝေဒနာလို့ တွဲသုံးနေကြတဲ့ ဒီစကားမှာ ရောဂါဆိုတာလည်း ပါဠိစကား၊ ဝေဒနာဆိုတာလည်း ပါဠိစကား၊ ဒါဖြင့် သုံးနေတဲ့ စကားလေး နှစ်လုံးပြန်ပြောရင် ရောဂါဝေဒနာ၊ ပြောလိုက်ပါ'

'ရောဂါဝေဒနာပါဘုရား'

'ရောဂါဝေဒနာလို့ပြောတယ်၊ အဲဒီနှစ်လုံးကို တွဲသုံးနေပေမယ့် ရောဂါ ဆိုတာလည်း ပါဠိစကားတစ်ပုဒ်၊ ဝေဒနာဆိုတာလည်း ပါဠိစကားတစ်ပုဒ်၊ အဲဒါကို မြန်မာလိုအသုံးအနှုန်းမှာ ကျယ်ပြန့်အောင် သုံးနေကြတော့ ရောဂါ ဝေဒနာကို တစ်ခုတည်းထင်နေကျတယ်၊ တကယ်တမ်းကျတော့ ရောဂါ ဝေဒနာတစ်ခုတည်း မဟုတ်ပါဘူး၊ ရောဂါဆိုတာကို သေချာနားလည်အောင် ပြောရင် **ရူပ္ပတီတိ ရူပံ**၊ **ရူပ္ပတိ**-နာတတ် ကျင်တတ် ကိုက်တတ် ခဲတတ်၏၊ **ဣတိတသ္မာ**-ထို့ကြောင့်၊ **ရောဂေါ**-ရောဂါမည်၏၊ ရောဂါဆိုတာက ဟောဒီ ခန္ဓာကိုယ်ကြီးမှာ နာတတ် ကျင်တတ် ကိုက်တတ် ခဲတတ်တဲ့ သဘောကို ဘာလို့ခေါ်?'

'ရောဂါလို့ခေါ်ပါတယ်ဘုရား'

'ရောဂါဆိုတဲ့သဘောလေး ပြောလိုက်ပြီ၊ ဝေဒနာဆိုတာက **ဝေဒယတီတိ ဝေဒနာ**၊ **ဝေဒယတိ** - ခံစားတတ်၏၊ **ဣတိတသ္မာ** - ထို့ကြောင့်၊ **ဝေဒနာ** - ဝေဒနာမည်၏၊ ဝေဒနာဆိုတာ -

'နာတတ်တဲ့သဘောပါဘုရား'

'အဲဒီလိုဆိုရင် မိမိတို့တစ်တွေ ဒီသဘောလေးကို ရှေးဦးစွာ နားလည် သွားရင် ရောဂါနဲ့ဝေဒနာ ကွဲသွားတာပဲ၊ ငါနဲ့ရူပ်လည်း ကွဲမယ် ငါနဲ့ဝေဒနာ လည်းကွဲမယ်၊ ရူပ်ကလည်း ရူပ်အလုပ် လုပ်နေပါလား၊ ဝေဒနာကလည်း ဝေဒနာအလုပ်လုပ်နေပါလားလို့ ဒီသဘောလေးကိုရှင်းရင် ဘယ်လောက်ပဲ

http://www.dhammadownload.com

အိပ်ရာဖျာကပ် နှိပ်စက်ပြီးလဲနေပါစေ အဲဒီပုဂ္ဂိုလ် အော်ညည်းခြင်းက လွတ်သွားပြီ'

'မှန်လှပါဘုရား'

'အသေကောင်းလည်း သေရမယ်၊ အရိယာဘဝနဲ့လည်း ဖြတ်ကျော်ပြီးတော့ ဘဝကို တန်ဖိုးရှိရှိ အကျိုးရှိရှိနဲ့ အရယူသွားနိုင်ပြီဆိုရင် ကိုယ်ရဲ့ ယနေ့သာသနာတော်နဲ့ဆုံပြီး ဒီတရားမျိုးတွေ နာရတာ ဘဝမှာ တန်ဖိုးအရှိဆုံးဆိုရင်ကော လွဲစရာရှိလား?'

'မရှိပါဘူးဘုရား'

'ဒါဖြင့်ရောဂါနဲ့ဝေဒနာကို နှစ်ပုဒ်တော့ခွဲလိုက်ပြီ၊ ဟောဒီကိုယ်ပေါ်မှာ နာတာ ကျင်တာ ကိုက်တာ ခဲတာ ပူတာ အေးတာမှန်သမျှက ရောဂါ၊ ခံစားတာက'

'ဝေဒနာပါဘုရား'

'ဒီနှစ်ခုကို သဘောပေါက်ပြီး ကွဲအောင် ခုနတုန်းက ဖဂ္ဂုနလေး အော်နေရတယ်၊ ငါ့ခေါင်းကြီး ထိုးလိုက်တာ ငါ့ခေါင်းကြီး တင်းလိုက်တာ မအော်ဘူးလား?'

'အော်ပါတယ်ဘုရား'

'မိမိတို့လည်း ခေါင်းကိုက်ရင် မအော်ဘူးလား?'

'အော်ပါတယ်ဘုရား'

'ဒီလိုဆိုရင် ရှေးဦးစွာ သိနိုင်ဖို့အတွက် -

" ကိုယ့်နှင့်ခန္ဓာ၊ ခွဲခြားရှုသိတာ ၊

ဉာတပရိညာ၊ သစ္စာဉာဏ်ပါ "

'အခုရှေးဦးစွာ နားလည်ရမှာက ကိုယ်နဲ့ခန္ဓာ၊ ပြောလိုက်ပါ'

'ကိုယ်နဲ့ခန္ဓာပါဘုရား'

'အခုလိုနာကြားမှု သင်ယူမှုနဲ့သိရတဲ့ ဉာတပရိညာအပိုင်းကိုလည်း ရှေးဦးစွာပိုင်ထားဦးမှ၊ ဒါကိုမှမပိုင်ဘဲနဲ့တော့ တစ်ဆင့်ကျော်ရင် ဒီပုဂ္ဂိုလ်

http://www.dhammadownload.com

အောက်ခြေမခိုင်တော့ ဘယ်တော့မှ အထက်ကို ဘယ်လောက်ပဲတက်တက် မြင့်အောင် မြင့်အောင်တက်လေ အောက်ခြေမခိုင်ရင် ပြုတ်ကျမယ့် အနေအထားဟာ မသေချာဘူးလား?'

'သေချာပါတယ်ဘုရား'

'ဒါဖြင့် အောက်ခြေခိုင်အောင်လို့ အခုပြောပြီ၊ တရားဓမ္မတွေအပေါ်မှာ နှလုံးသွင်းမှန်ပြီးတော့ အရှိတရားကို ဦးစွာကြည့်နိုင်ဖို့ ခေါင်းမှာထိုးတယ်လို့ ပထမဆုံး စတင်ပြီးပြခဲ့တဲ့ သာဓကလေး မရှိဘူးလား?'

'ရှိပါတယ်ဘုရား'

'ဖဂ္ဂုနလေးရဲ့ခေါင်းမှာ ဆူးချွန်တွေနဲ့ ထိုးနေသလိုမျိုး တစစ်စစ်နဲ့ နှိပ်စက်တဲ့ဒုက္ခကြီး သူ့ခေါင်းမှာ မခံရဘူးလား'

'ခံရပါတယ်ဘုရား'

'ခေါင်းထိုးတယ် ပြောလိုက်ပါ'

'ခေါင်းထိုးပါတယ်ဘုရား'

'ခေါင်းထိုးတယ်ဆိုတော့ ငါခေါင်းကြီးထိုးတယ်လို့ သူ မည်သည်းဘူးလား?'

'ညည်းပါတယ်ဘုရား'

'အဲဒီခေါင်းထိုးတဲ့နေရာမှာ ကိုယ်နဲ့ခန္ဓာ မခွဲတတ်တဲ့အတွက်ကြောင့်မို့လို့ ငါ့ခေါင်းကြီးထိုးတယ်ဆိုတော့ အဲဒီပုဂ္ဂိုလ်မှာ ခေါင်းဆိုတဲ့အစွဲကြီးက ဖျောက်လို့ မရဘူး'

'မှန်လှပါဘုရား'

'ငါ့ခေါင်းထိုးတယ်ဆိုတော့ တစ်ခါ ငါမခံနိုင်ဘူးဆိုတာ မပေါ်ဘူးလား?'

'ပေါ်ပါတယ်ဘုရား'

'ဟော-မခံနိုင်တဲ့ အရာလေးပေါ်မှာ ခံစားမှုကိုသွားပြီး ငါကပ်နေပြန်ပြီ'

'မှန်လှပါဘုရား'

'ရှေ့ပိုင်းမှာလည်း ငါ့ခေါင်းကြီးထိုးတယ်ဆိုတော့လည်း အဲဒီခေါင်းပေါ်မှာ အာရုံပြုပြီးတော့မှ နာတဲ့ ဖောက်ပြန်မှုရုပ်တရားအပေါ်မှာလည်း ငါသွား

http://www.dhammadownload.com

လုပ်တော့ ဒီပုဂ္ဂိုလ် ငါတွေရှုပ်တဲ့အတွက် အော်နေရတယ်လို့မှတ်ထားပါ'

'မှန်လှပါဘုရား'

'ဘယ်သူဝင်ရှုပ်လို့?'

'ငါဝင်ရှုပ်လို့ပါဘုရား'

'ကိုယ်နဲ့ခန္ဓာ စတင်ခွဲမယ်၊ ခွဲလိုက်တဲ့အခါမှာ ကိုယ်ဆိုတာက မိမိတို့ရဲ့ ဟောဒီ တစ်ကိုယ်လုံး တစ်ကောင်လုံးမှာ ခေါင်း၊ ကိုယ်၊ ခြေ၊ လက်နဲ့ ပုံသဏ္ဌာန် အထည်တွေနဲ့ပြနေတဲ့ ပညတ်သဘောလေး မပြဘူးလား?'

'ပြပါတယ်ဘုရား'

'ထိုးတယ်ဆိုတဲ့သဘောလေးက ပုံသဏ္ဌာန် အထည် မပါဘူးနော်?'

'မှန်လှပါဘုရား'

'အဲဒီထိုးမှုလေးသည် မျက်လုံးနဲ့မြင်လား မေးရင်လည်း'

'မမြင်ပါဘူးဘုရား'

'မသိတော့ မသိရဘူးလား?'

'သိရပါတယ်ဘုရား'

'ဒါဖြင့် ဒီထိုးတယ်ဆိုတဲ့သဘောလေးကတော့ ခန္ဓာလို့မှတ်ထား'

'မှန်လှပါဘုရား'

'ခေါင်းက'

'ကိုယ်ပါဘုရား'

'ထိုးတာလေးက'

'ခန္ဓာပါဘုရား'

'ကိုယ်နဲ့ခန္ဓာ အခုခွဲပြီနော်?'

'မှန်လှပါဘုရား'

'ခေါင်းဆိုတဲ့အရာကကိုယ် ထိုးသဘောလေးက'

'ခန္ဓာပါဘုရား'

http://www.dhammadownload.com

'မိမိတို့က ခေါင်းဆိုတဲ့နေရာမှာ ထိုးတာလေးကို ပြနေပေမယ့် ငါ့ခေါင်းကြီး ထိုးတယ်လို့ အဲဒီမရှိတဲ့ခေါင်းကို အာရုံပြုပြီးတော့ ထိုးနေတဲ့ ဖောက်ပြန်တဲ့ ရုပ်တရားပေါ်မှာ ငါသွားပြီး ရောလိုက်တော့ ငါမခံနိုင်ဘူးဆိုတဲ့ တစ်ဖက်ခံစားမှုလေးကော မလိုက်ဘူးလား?'

'လိုက်ပါတယ်ဘုရား'

'သေချာအာရုံပြုနော်'

'မှန်လှပါဘုရား'

'အခု ခေါင်းကြီးထိုးတယ်လို့ ပြောလိုက်တဲ့နေရာမှာ ခေါင်းဆိုတာကို ရှာကြည့်ရအောင်၊ ခေါင်းဆိုတာက အထည်ပညတ်နော်'

'မှန်လှပါဘုရား'

'အဲဒီ ခေါင်းဆိုတာကြီးက မိမိရဲ့လည်ပင်းအထက်ကရှိနေတဲ့အရာကို ခေါင်းလို့မခေါ်ဘူးလား?'

'ခေါ်ပါတယ်ဘုရား'

'အဲဒီခေါင်းပိုင်းကြီးက နားရွက်ကြီးက ခေါင်းလား?'

'မဟုတ်ပါဘူးဘုရား'

'မျက်လုံးလေးက ခေါင်းလား?'

'မဟုတ်ပါဘူးဘုရား'

'နဖူးက ခေါင်းလား?'

'မဟုတ်ပါဘူးဘုရား'

'အပေါ်ကဆံပင်တွေ အုပ်ထားတာ ခေါင်းလား?'

'မဟုတ်ပါဘူးဘုရား'

'ခေါင်းက ဘယ်ဟာလဲ?'

'မသိပါဘူးဘုရား'

'ပညတ်ဆိုတဲ့ သဘောလေးကို နားလည်အောင် ပြောချင်ပါတယ်၊

http://www.dhammadownload.com

ရှာလေရှာလေ မတွေ့လေ ပညတ်ရဲ့သဘော၊ ပညတ်ဆိုတာသည် ရှာလေ ရှာလေ မတွေ့လေ ပြောလိုက်ပါ'

'ရှာလေရှာလေ မတွေ့လေပါဘုရား'

'ရှာလေရှာလေ မတွေ့လေက ပညတ်၊ အဲဒီတော့ ဒါလေးကို ဘာလို့ ခေါ်လဲ?'

'လက်ညှိုးလို့ခေါ်ပါတယ်ဘုရား'

'လက်ညှိုးလို့ခေါ်တယ်ပေါ့နော်'

'မှန်လှပါဘုရား'

'လက်ညှိုးဆိုတာက အခုပြထားတဲ့ပုံသဏ္ဌာန် အထည်လေးကိုကြည့်ပြီး လက်ညှိုး၊ ဒါဖြင့်အပေါ်မှာ အုပ်ထားတဲ့ အရေပြားလေးကို လက်ညှိုးလို့ ခေါ်တာလား?'

'မဟုတ်ပါဘူးဘုရား'

'ဒီဘက်က လက်သည်းခွံလေးကို လက်ညှိုးလို့ခေါ်သလား?'

'မခေါ်ပါဘူးဘုရား'

'ဒါဖြင့်ရင် အရိုးကိုလက်ညှိုးလို့ ခေါ်သလား?'

'မဟုတ်ပါဘူးဘုရား'

'အသားကို ခေါ်တာလား၊ အသွေးကိုခေါ်တာလား?'

'မဟုတ်ပါဘူးဘုရား'

'ဘယ်မှာလဲ လက်ညှိုး?'

'မရှိပါဘူးဘုရား'

'ရှိလားလိုက်ရှာကြည့်တာ တွေ့ကိုမတွေ့ဘူး'

'မှန်လှပါဘုရား'

'ရှာလေ ရှာလေ မတွေ့တာ ပညတ်ပြောလိုက်ပါ'

'ရှာလေ ရှာလေ မတွေ့လေပါဘုရား'

http://www.dhammadownload.com

'ဒါဖြင့်ရင် ပရမတ်သဘောဆိုတာက ရှာလေ ရှာလေ တွေ့လေ ပရမတ်သဘော ပြောလိုက်ပါ'

'ရှာလေတွေ့လေက ပရမတ်ပါဘုရား'

'အရှိတရားကတော့ ဘယ်အချိန်ကြည့်ကြည့် ရှိကိုရှိတယ်၊ မရှိတဲ့ပညတ်ကတော့ ဘယ်နေရာရှာရှာ မတွေ့ဘူး၊ ဒါလေး ကွဲပါစေနော်'

'မှန်လှပါဘုရား'

'အဲဒီတော့ လက်ညှိုးဆိုတဲ့အရာကို ရှာလိုက်တာ မတွေ့ဘူး၊ ဒါဖြင့် အရေလေးတစ်ခု ပုံလိုက်တယ်၊ အသားလေးတစ်ခု ပုံလိုက်တယ်၊ အရိုးလေးတွေကို ပုံလိုက်တယ်၊ အဆစ်လေးတွေကိုပုံလိုက်တယ်၊ အဲဒီလို ပုံလိုက်ပြီးတော့ ဒါ လက်ညှိုးလားမေးတော့ ရှာမရဘူးနော်၊ အရေလေးကို သွားပြီးတော့ တို့ကြည့် ထိကြည့်ပါ။ ဖောဋ္ဌဗ္ဗရဲ့သဘောလေးကြောင့် ပြပါလိမ့်မယ်၊ ပျော့တယ်၊ မာတယ်၊ ပူတယ်၊ အေးတယ် တစ်မျိုးတစ်မျိုး ပေါ် မပေါ်'

'ပေါ်ပါတယ်ဘုရား'

'အသားလေးကကို သွားပြီးတော့မျှား ပုံထားတဲ့နေရာ သွားပြီးတော့ တို့ကြည့်ပါ၊ မာတယ် ပျော့တယ် ပူတယ် အေးတယ် ပေါ် မပေါ်?'

'ပေါ်ပါတယ်ဘုရား'

'အရေလေးမှာလည်း ဒီသဘောကိန်းတယ်နော်၊ အသားမှာလည်း ဒီသဘောတွေ့ရမယ်'

'မှန်လှပါဘုရား'

'အရိုးမှာပြထားတဲ့ အပုံအစုပေါ်မှာ တို့ထိကြည့်စမ်းပါ မာတယ်၊ ပူတယ် သဘောတွေကိုလည်း မပြဘူးလား?'

'ပြပါတယ်ဘုရား'

'ဒါဖြင့် ပရမတ်သဘောဆိုက ပုံသဏ္ဌာန်တွေ ဘယ်လောက်ပဲ ပြောင်းသွား ပြောင်းသွား သူ့အရှိတရားတွေကတော့ သေချာရှာကြည့်ရင် မပြဘူးလား ပြမှာလား?'

'ပြမှာပါဘုရား'

http://www.dhammadownload.com

'ဒါဖြင့် ပရမတ်သည် ရှာလေ ရှာလေ'

'တွေ့လေပါဘုရား'

'ရှာလေ ရှာလေတွေ့တာက ဘယ်သူ့သဘော'

'ပရမတ်ရဲ့သဘောပါဘုရား'

'ရှာလေ ရှာလေမတွေ့တာက'

'ပညတ်ရဲ့သဘောပါဘုရား'

'ဒါကော ရှင်းသွားပြီလား?'

'ရှင်းပါပြီဘုရား'

'မိမိတို့ရဲ့ ဟောဒီခန္ဓာကိုယ်ကြီးမှာ (၃၂) မျိုးသော အရာနှင့် ဖွဲ့စည်းထားတဲ့သဘောနဲ့ ဒီပုံသဏ္ဌာန်ကို ယောက်ျားဆိုတဲ့အရာ မိန်းမဆိုတဲ့အရာ ရှာကြည့် ပြန်တော့ (၃၂) မျိုး အစုအပုံပဲတွေ့ရတယ်၊ အဲဒီအစုအပုံလေးတွေကို တစ်ပုံချင်း တစ်ပုံချင်း လက်ညှိုးထိုး၊ ဒါယောက်ျား ဒါ မိန်းမ ရှိပါ့မလား?'

'မရှိပါဘူးဘုရား'

'အဲဒါကတော့ ခေါင်းလေး၊ ဒါကတော့ နားရွက်လေးလို့ လိုက်ပြလို့ရပါ့မလား?'

'မရပါဘူးဘုရား'

'သို့သော် တူညီတဲ့အချက်လေးက အဲဒီ အစုအပုံလေးကို လိုက်တို့ပြီး ထိကြည့် ကိုင်ကြည့် ပြကြည့်တော့ ဖောဋ္ဌဗ္ဗရဲ့သဘောနဲ့တွေ့ရင် ပူတဲ့သဘော အေးတဲ့သဘော မာတဲ့သဘော အစရှိသဖြင့် ဒီသဘောတွေကျတော့ အစုအပုံတိုင်းမှာ မတွေ့ဘူးလား?'

'တွေ့ပါတယ်ဘုရား'

'အရှိတရားက ဘယ်နားရှာရာ ရှိတယ်နော်၊ ပုံသဏ္ဌာန်ပြောင်းတိုင်းပြောင်းတိုင်းမှာ ပညတ်က ပြောင်းသွားတယ် အမည်နာမပါ မပြောင်းဘူးလား၊ ပြောင်းသလား?'

'ပြောင်းပါတယ်ဘုရား'

http://www.dhammadownload.com

'အဲ-တစ်ခုထင်ရှားအောင် ပြောအုံးမယ်၊ မြေပြင်ပေါ်ကနေပေါက်တဲ့ သစ်ပင်ကို အကိုင်းအခက် အရွက်အလက် စုံတုန်းက သစ်ပင်မခေါ်ဘူးလား?'

'ခေါ်ပါတယ်ဘုရား'

'အဲဒီသစ်ပင်လေးကို တဖြည်းဖြည်း အောက်ခြေကနေ လှဲချလိုက်တယ်၊ လှဲပြီးတော့ အကိုင်း အခက် အရွက်တွေကို ရှင်းလိုက်ပြီ၊ ကဲ-သစ်ပင် ရှိသေးလား?'

'မရှိတော့ပါဘူးဘုရား'

'အကိုင်း အခက် အရွက် အလက်တွေနဲ့ အပင်တွေက မြေပြင်က ပေါက်တုန်းက သစ်ပင်လို့ မခေါ်ဘူးလား?'

'ခေါ်ပါတယ်ဘုရား'

'အဲဒီသစ်ပင်ကို အကိုင်း အခက် အရွက် အလက်တွေ ဖယ်ပြီးတော့မှ ဖြတ်ထားတဲ့အပိုင်းကို ကြည့်ပြီးတော့ သစ်ပင်ပုံသဏ္ဌာန်မတွေ့တော့ ပုံသဏ္ဌာန် ပြောင်းသွားတဲ့ အဲဒီအတုံးကြီးကို ဘာလို့ခေါ်?'

'သစ်တုံးလို့ ခေါ်ပါတယ်ဘုရား'

'သစ်ပင်လို့ ခေါ်သေးလား?'

'မခေါ်တော့ပါဘူးဘုရား'

'သစ်ပင်ပျောက်သွားပြီနော်'

'မှန်လှပါဘုရား'

'ဘာကြီးပေါ်လာ'

'သစ်တုံးကြီးပေါ်လာပါတယ်ဘုရား'

'ပုံသဏ္ဌာန်ကိုကြည့်ပြီး သတ်မှတ်နေတာ'

'မှန်လှပါဘုရား'

'အဲဒီသစ်တုံးကြီးကို ခွဲခြမ်းစိတ်ဖြာလိုက်တော့ ပျဉ်ချပ်ကြီးတွေ ပေါ်လာပြီ'

'မှန်လှပါဘုရား'

http://www.dhammadownload.com

'သစ်တုံးပေါ်သေးလား?'

'မပေါ်တော့ပါဘူးဘုရား'

'ပုံသဏ္ဌာန်လေးတွေမှာ အမည်လေးတွေ မပါဘူးလား?'

'ပါပါတယ်ဘုရား'

'အသစ်အသစ်ပုံသဏ္ဌာန်လေးတွေမှာ အမည်လေးတွေပါတယ်နော်?'

'ပါပါတယ်ဘုရား'

'အဲဒီပျဉ်ချပ်ကနေ အခုရှေ့မှာ မိမိတွေ့နေရတဲ့ ပုံသဏ္ဌာန်ရှိတဲ့ ဒီစားပွဲလေးကို ပြလိုက်ပြီ၊ ဆက်ပြီးတော့ ပြလိုက်တော့ ပျဉ်ချပ်ခေါ်လား?'

'မခေါ်ပါဘူးဘုရား'

'ဒါ သတ်မှတ်ချက်ပဲနော်'

'မှန်လှပါဘုရား'

'အဲဒီစားပွဲသည် ပျဉ်ချပ်ကိုခေါ်တာလား?'

'မဟုတ်ပါဘူးဘုရား'

'ရိုက်ထားတဲ့သံကိုခေါ်တာလား?'

'မဟုတ်ပါဘူးဘုရား'

'ထောက်ထားတဲ့ ဒေါက်ကိုခေါ်တာလား'

'ဟုတ်ပါဘူးဘုရား'

'ပုံသဏ္ဌာန် လိုက်ကြည့်နေတာ ရှိလားမေးတော့?'

'မရှိပါဘူးဘုရား'

'ကဲ သစ်ပင်ကို မြေပြင်က ပေါက်တုန်းက အကိုင်း အခက် အရွက်နဲ့ ရှိနေတဲ့ သစ်ပင်ကြီး သွားကိုင်ကြည့် ကြမ်းတယ် မာတယ်မရှိဘူးလား?'

'ရှိပါတယ်ဘုရား'

'ကဲ-ကြမ်းသဘော မာသဘောရဲ့အတွေ့ကျတော့ ပုံသဏ္ဌာန်ပါသလား?'

'မပါပါဘူးဘုရား'

http://www.dhammadownload.com

'အဲဒီသဘောလေးက မရှိဘူးလားမေးတော့'

'ရှိပါတယ်ဘုရား'

မျက်လုံးနဲ့မြင်ရလား

'မမြင်ရပါဘူးဘုရား'

'ပုံသဏ္ဌာန်တွေ ဘယ်လောက်ပြောင်းပြောင်း သူ့အရှိကျတော့ မပြဘူးလား?'

'ပြပါတယ်ဘုရား'

'ရှာလေ ရှာလေ တွေ့တာက ဘယ်သူ့သဘော?'

'ပရမတ်ရဲ့သဘောပါဘုရား'

'ရှာလေ ရှာလေ မတွေ့တာက ဘယ်သူ့သဘော?'

'ပညတ်ရဲ့သဘောပါဘုရား'

'မရှိတဲ့သဘောက ရှာလည်း မတွေ့ပါဘူးနော်?'

'မှန်လှပါဘုရား'

'ရှိတဲ့သဘောကျတော့'

'တွေ့ရပါတယ်ဘုရား'

'အခုလည်းပဲ ကိုယ်နဲ့ခန္ဓာကို ခွဲခြားသိရင် အရှိတွေ့ပြီ'

'မှန်လှပါဘုရား'

'ကိုယ်နဲ့ခန္ဓာကို ခွဲခြားမသိရင် ဘယ်လောက်ပဲရှိတာပြပြ မတွေ့ဘူးနော်'

'မှန်လှပါဘုရား'

'အဲဒီပုဂ္ဂိုလ် အော်ရမယ်လို့မှတ်ပါ'

'မှန်လှပါဘုရား'

'ထိုးသဘောလေးက'

'ခန္ဓာပါဘုရား'

http://www.dhammadownload.com

'ဒါဖြင့်ရင် ခေါင်းထိုးတဲ့နေရာမှာ ထိုးတာသည် ငါလား ဖောက်ပြန်တာလား?'

'ဖောက်ပြန်တာပါဘုရား'

'ငါပါလား?'

'မပါပါဘူးဘုရား'

'ဖောက်ပြန်တဲ့ ရူပ်တရားနော်'

'မှန်လှပါဘုရား'

'အဲဒီလို သိလိုက်ပြီဆိုရင် ခန္ဓာကို မြင်သွားတဲ့ပုဂ္ဂိုလ် ငါပြုတ်သွားပြီ'

'မှန်လှပါဘုရား'

'ခေါင်းကောပါသေးလား?'

'မပါပါဘူးဘုရား'

'ခန္ဓာဘာသစ္စာ?'

'ဒုက္ခသစ္စာပါဘုရား'

'ခန္ဓာဆိုတာက အရှိတရား၊ ဖောက်ပြန်နေတဲ့ ရူပ်အမူအရာ ဒီသဘောလေးသည်ပင် ငါလည်းမဟုတ် သူလည်းမဟုတ် ပုဂ္ဂိုလ်သတ္တဝါမဟုတ် အထည်မပါတဲ့သဘော၊ ဒီသဘောလေးသည်ပင် ဖောက်ပြန်ပြနေတဲ့ရူပ်တရားလို့ ဟောထားတဲ့အတိုင်း ခန္ဓာလေးကိုဉာဏ်ရောက်ရင် ခန္ဓာသည် ဒုက္ခသစ္စာ၊ ဒီလိုဆိုရင် ဉာတပရိညာကနေ တစ်ဆင့်သိခွင့်ရတဲ့ ကိုယ်နဲ့ခန္ဓာ ကွဲသွားရင် ခန္ဓာပေါ်မှာ ဉာဏ်ရောက်တဲ့ပုဂ္ဂိုလ် သစ္စာသိတဲ့ဉာဏ် ကိန်းမကိန်း?'

'ကိန်းသွားပါတယ်ဘုရား'

'ဘယ်လောက် တန်ဖိုးရှိလဲနော်၊ ဒီအထိကော ရှင်းလား?'

'ရှင်းပါတယ်ဘုရား'

'သေချာဟောပြီ၊ မရှင်းမှာတော့ စိုးရိမ်ပါတယ်'

'မှန်လှပါဘုရား'

http://www.dhammadownload.com

'ကိုယ်နဲ့ခန္ဓာ ခွဲခြားပြလိုက်ပြီ၊ ခေါင်းထိုးတယ်ဆိုရင် ယနေ့ သူတော်စင်များက ခေါင်းကြီးကိုင်ပြီး ညည်းနေကြတယ်၊ ခေါင်းကြည့်ရမှာလား ထိုးသဘောကြည့်ရမှာလား?'

'ထိုးသဘောကြည့်ရမှာပါဘုရား'

'ထိုးသဘောနော်'

'မှန်လှပါဘုရား'

'အဲဒီအပေါ်မှာ ငါ့ခေါင်းကြီးထိုးတယ်လို့ သွားပြီးတော့လုပ်နေတဲ့အတွက်ကြောင့်မို့လို့ ငါဆိုတဲ့ဒီဋ္ဌိကပ်သွားပြီ၊ ဒီဋ္ဌိကပ်တဲ့အတွက်ကြောင့်မို့လို့ ငါမခံနိုင်ဘူးဆိုတော့ ဟောဒီဘက်မှာ အားလုံးမခံနိုင်တဲ့ သဘောလေးကို ငါကော မလုပ်လိုက်ဘူးလား?'

'လုပ်လိုက်ပါတယ်ဘုရား'

'မခံနိုင်ဘူးဆိုတာက ဟောဒီအာရုံကိုပြုပြီး ခံစားတာနော်'

'မှန်လှပါဘုရား'

'မခံနိုင်ဘူးလို့ သတ်မှတ်ပေးတာက သညာကသတ်မှတ်ပေးတာ'

'မှန်လှပါဘုရား'

'ခံစားတာက ဘယ်သူက ခံစားတာ'

'ဝေဒနာက ခံစားတာပါဘုရား'

'ဒါဖြင့် ခံစားတာကဝေဒနာ ဒီဘက်က ဖောက်ပြန်နေတာက ခန္ဓာ၊ ခန္ဓာသည်ပင် တခြားလား ရောဂါလား?'

'ရောဂါပါဘုရား'

'ရောဂါဆိုတာက ဝေဒနာလား ရုပ်လား?'

'ရုပ်ပါဘုရား'

'ကွဲသွားပြီနော်'

'မှန်လှပါဘုရား'

http://www.dhammadownload.com

'ရောဂါဆိုတဲ့သဘောသည်ရှုပ်၊ ဟောဒီခံစားတာက ဝေဒနာ၊ ဒါဖြင့် ရောဂါနဲ့ ခန္ဓာတွဲသုံးနေပေမယ့် သေချာမှ သဘောမပေါက်ရင် ရောဂါကို ဝေဒနာလုပ်မှာပဲ'

'မှန်လှပါဘုရား'

'ဝေဒနာကိုလည်း ရောဂါဖြစ်မှာပဲ၊ ရောဂါနဲ့ဝေဒနာ ကွဲမသွားဘူးလား?'

'ကွဲသွားပါတယ်ဘုရား'

'ခေါင်းထိုးတယ်ဆိုတဲ့နေရာမှာ ခေါင်းကြီးက ထိုးတာလား ရုပ်ဖောက်ပြန်တာလား?'

'ရုပ်ဖောက်ပြန်တာပါဘုရား'

'ဖောက်ပြန်တဲ့ရုပ်တရား ထိုးမှုလေးသည်ပင် တခြားလား ရောဂါလား?'

'ရောဂါပါဘုရား'

'ကဲ-ဖောက်ပြန်တဲ့ရောဂါ ဟောဒီမှာ နှိပ်စက်နေတဲ့တရား ငါပါလား?'

'မပါပါဘူးဘုရား'

'ဟော သူ့ကို ဆိုင်းဘုတ်လေး ဆွဲပေးလိုက်တယ် ငါလား၊ ရုပ်တရားလား?'

'ရုပ်တရားပါဘုရား'

'ရုပ်တရားအရှိကို ပြသွားပြီ'

'မှန်လှပါဘုရား'

'အဲဒီ ထိုးမှုလေးပြတိုင်း ပြတိုင်းမှာ ဝေဒနာကြီး မခံနိုင်ဘူးလို့ ဘယ်သူက ခံစား?'

'ဝေဒနာက ခံစားတာပါဘုရား'

'အဲဒါကို ငါမခံနိုင်ဘူးလို့ သွားပြောတော့ ငါဖြစ်သွားတယ်နော်၊ ငါ သွားရောတဲ့အတွက်ကြောင့် ငါမခံနိုင်ဘူးဆိုတော့ ဒီကိုယ်တော်လေး လှိမ့်ပြီး ညည်းနေရတာပေါ့'

'မှန်လှပါဘုရား'

http://www.dhammadownload.com

'ဘုရားရှင်က ပြောလိုက်ပြီ၊ ငါနဲ့ဝေဒနာ မရောစေနဲ့၊ ပြောလိုက်ပါ'

'ငါနဲ့ ဝေဒနာ မရောစေနဲ့ပါဘုရား'

'ငါနဲ့ဝေဒနာ မရောစေနဲ့ဆိုတော့ အခုဒီဘက်က ခေါင်းထိုးတယ်၊ ကိုယ်နဲ့ခန္ဓာ ခွဲလိုက်တဲ့အတွက်ကြောင့် ခေါင်းဆိုတာက ပညတ် ထိုးတာကခန္ဓာ၊ ဒါဖြင့်ခန္ဓာလေးပေါ်မှာ ဉာဏ်ရောက်ရင် ငါပါလား?'

'မပါပါဘူးဘုရား'

'ထိုးမှုလေးတစ်ခုပေါ်ရင် ခံစားမှုလေးပါမပါ'

'ပါပါတယ်ဘုရား'

'အဲဒီခံစားမှုကလည်း ဘယ်သူခံစား?'

'ဝေဒနာကခံစားတာပါဘုရား'

'ဝေဒနာ ခံစားတာလို့သိရင် ငါပါလား?'

'မပါပါဘူးဘုရား'

'ဖောက်ပြန်တဲ့ ထိုးမှုမှာလည်း ငါမပါ၊ ဒီဘက်မှာ ခံစားတဲ့ဝေဒနာမှာ လည်း ငါမပါ၊ ငါမပါ အရှိတရားလေး သိသွားတဲ့အတွက် ဒိဋ္ဌိပြုတ်သွားတယ်'

'မှန်လှပါဘုရား'

'ဒိဋ္ဌိပြုတ်သွားတော့ ငါမခံနိုင်ဘူးဆိုတော့ ငါ့ရဲ့သန္တာန်မှာ မခံသာမှုရဲ့ နောက်ဆိုတဲ့ ဒေါသကော လိုက်သေးလား?'

'မလိုက်ပါဘူးဘုရား'

'ဒီလိုဆိုရင် ပဋ္ဌိစ္စသမုပ္ပါဒ်ကို ပြန်ပြီး ကြည့်ကြအုံးစို့ဆိုရင် သံသရာမှာ လည်ခဲ့ရတာကိုကြည့်ရင် ဝဋ်သုံးပါး၊ ဝဋ်ဘယ်နှစ်ပါးလဲမေးရင်'.

'သုံးပါးပါဘုရား'

'ဝဋ်သုံးပါးလည်ပုံလေးကိုကြည့်ရင် အတိတ်တုန်းက မိမိတို့ လုပ်ခဲ့တဲ့ နေရာမှာ ကိလေသဝဋ်၊ ကမ္မဝဋ် ပြောလိုက်'

'ကိလေသဝဋ်၊ ကမ္မဝဋ်ပါဘုရား'

http://www.dhammadownload.com

'အကြောင်းဘယ်နှစ်ပါးကြောင့် ဟောဒီပစ္စုပ္ပန်မှာ ဝိပါကဝဋ်ခန္ဓာ ရမထားဘူးလား'

'ရထားပါတယ်ဘုရား'

'ဝိပါကဝဋ်ခန္ဓာ ဒါဖြင့် ကိလေသဝဋ်၊ ကမ္မဝဋ်၊ ဝိပါကဝဋ်၊ ဝဋ်ဘယ်နှစ်ပါး လည်လိုက်သလဲ?'

'သုံးပါးလည်လိုက်ပါတယ်ဘုရား'

'အဲဒီ ဝိပါကဝဋ်ဒုက္ခ ဘာသစ္စာ?'

'ဒုက္ခသစ္စာပါဘုရား'

'ဒုက္ခသစ္စာလို့မသိတဲ့အတွက်ကြောင့်မို့လို့ ဟောဒီခန္ဓာကြီးကို မခင်ဘူးလား?'

'ခင်ပါတယ်ဘုရား'

'ခင်တာက'

'တဏှာပါဘုရား'

'စွဲလမ်းတာက'

'ဥပါဒါန်ပါဘုရား'

'ဒီလိုဆိုရင် ဒီခန္ဓာ ဝိပါကဝဋ်ကောင်ကြီးကို မိမိတို့က ဒုက္ခလို့ မသိလိုက်တဲ့အတွက်ကြောင့် ခင်လိုက်ပြီဆိုရင် အဲဒီ ခင်မင်မှုတဏှာသည်ပင် ကိလေသဝဋ် ပြန်ဖြစ်သွားပြီ'

'မှန်လှပါဘုရား'

'ကိလေသဝဋ် ပြန်ဖြစ်ရင် ကြိုးစားတဲ့ကံတွေလာရင် ကမ္မဝဋ်ကော မပေါ်ဘူးလား'

'ပေါ်ပါတယ်ဘုရား'

'ကဲ-အကျိုးပေးတာ တခြားလား ဝိပါကဝဋ်လား?'

'ဝိပါကဝဋ်ပါဘုရား'

http://www.dhammadownload.com

'ဝင့်ဘယ်နှစ်ပါးလည်အုံးမှာ?'

'သုံးပါး လည်အုံးမှာပါဘုရား'

'ဒီလိုနဲ့ သံသရာထဲမှာ ဝင့်လည်ခဲ့ရတဲ့ဘဝဟာ ဘာကြောင့်လဲမေးရင်-

"ဝင့်သုံးပါးမှ မလွတ်ရ၊ ချည်က သံယောဇဉ်"

'မိမိတို့ ဝင့်သုံးပါးလည်ပြီးတော့မှ သံသရာထဲမှာ ဒုက္ခစက်ကြီး လှည့်နေတာက ဒီဒုက္ခထဲက မလွတ်နိုင်တာသည် တခြားကြောင့်မဟုတ်ဘူး သံယောဇဉ်တွေချည်ထားလို့ ဘာတွေချည်ထားလို့?'

'သံယောဇဉ်တွေ ချည်ထားလို့ပါဘုရား'

'အခု ခေါင်းထိုးတယ်ဆိုတဲ့ ဖောက်ပြန်မှုရုပ်တရားကပြတာ၊ ငါသွားလုပ်တော့ ဖောက်ပြန်တဲ့ရုပ်တရားကို သူမမြင်ရှာဘူး'

'မှန်လှပါဘုရား'

'ခံစားတာက ဝေဒနာ၊ သူ့အလုပ်သူလုပ်တာကို ဉာဏ်မရောက်တဲ့အတွက် ငါမခံနိုင်ဘူးဆိုတော့ ဝေဒနာကို ငါမလုပ်ထားဘူးလား?'

'လုပ်ထားပါတယ်ဘုရား'

'ငါလုပ်ထားခြင်းအားဖြင့် ငါအော်နေရတာပေါ့၊ ပြနေတဲ့ ဖောက်ပြန်မှုကရုပ်တရား၊ ခံစားမှုဝေဒနာသည် ဝိပါကဝင့်'

'မှန်လှပါဘုရား'

'အဲဒီ ဝိပါကဝင့်ခန္ဓာဒုက္ခကြီး ပြတာကို မသိအောင် အဝိဇ္ဇာကဖုံးထားတဲ့အတွက်ကြောင့်မို့လို့ ငါ့ခေါင်းကထိုးတယ်ဆိုတော့ ဒိဋ္ဌသံယောဇဉ်ချည်ပြီး ငါမခံနိုင်ဘူးဆိုတော့လည်း ဝေဒနာပေါ်မှာ ငါလုပ်တဲ့အတွက် ဘာသံယောဇဉ်ချည်?'

'ဒိဋ္ဌသံယောဇဉ် ချည်ပါတယ်ဘုရား'

'ဒိဋ္ဌသံယောဇဉ်ချည်လိုက်တဲ့အခါမှာ ဟောဒီခံနေရတဲ့နေရာမှာ ဒီကိုယ်ကြီး သက်သာချင်တဲ့တဏှာကော မလာဘူးလား?'

'လာပါတယ်ဘုရား'

http://www.dhammadownload.com

'ကာမရာဂ သံယောဇဉ်ကြိုးကလည်း အလွတ်မပေးဘူး'

'မှန်လှပါဘုရား'

'ဒီလိုဆို အဝိဇ္ဇာသံယောဇဉ်ကြိုးကလည်း အမှောင်ဖုံးထားတော့ မမြင်တဲ့အတွက် အချည်မခံရဘူးလား?'

'ခံရပါတယ်ဘုရား'

'အဲဒါ ကိလေသဝဋ် ဟောဒီ ဝိပါကဝဋ်ထဲက ပြန်ပေါ်နေတာ'

'မှန်လှပါဘုရား'

'ကိုယ်နဲ့ခန္ဓာကိုမသိ ရောဂါနဲ့ ဝေဒနာကိုလည်း နားမလည်တဲ့အတွက် ကြောင့်မို့လို့ အဲဒီအချိန်မှာ အော်ညည်းနေရတာသည် ဘာတွေချည်ထားတုန်းလို့မေးရင်'

'သံယောဇဉ်ကြိုး ချည်ထားလို့ပါဘုရား'

'ဘာချည်ထားလို့?'

'သံယောဇဉ်ကြိုးပါဘုရား'

'ဒါဖြင့် ဖဂ္ဂုနလေး ဘုရားနဲ့မတွေ့ခင်တုန်းက အော်ညည်းနေရတာသည် အချည်ခံရလို့ပေါ့'

'မှန်လှပါဘုရား'

'ဘုရားရှင်ကိုယ်တော်မြတ်ကြီးက ငါနဲ့ဝေဒနာ မရောစေနဲ့၊ ဒါလေး ပြောသွားပြီနော်'

'မှန်လှပါဘုရား'

'အဲဒီတစ်ချက်သည်ပင် သံယောဇဉ်မှန်သမျှကို ဖြတ်ပြီးသားပဲ၊ ဒီကြိုးတွေကို ဖြတ်သလို အမှန်ရှိတဲ့တရားတွေကို သိသွားတဲ့အတွက်ကြောင့် ဘယ်လောက်ငြိမ်းချမ်းတယ်ဆိုတာ နောက်ပိုင်းပေါ်တော့မှာပါ?'

'မှန်လှပါဘုရား'

'အခု သံယောဇဉ်တွေ အချည်ခံထားရတာကို ပြန်ကြည့်လိုက်ရင်

http://www.dhammadownload.com

ကိုယ်နဲ့ခန္ဓာ မကွဲရင်လည်း အချည်ခံထားရမယ်၊ ဝေဒနာအပေါ်မှာ ငါသွားလုပ်ရင်လည်း'

'အချည်ခံရမှာပါဘုရား'

'ဩော်-ဒီဋ္ဌိသံယောဇဉ်က ချည်လိုက်၊ အမှန်မသိတဲ့အဝိဇ္ဇာ သံယောဇဉ်က ချည်လိုက်၊ ဒီအပေါ်မှာ မခံမရပ်နိုင်ဖြစ်တဲ့အတွက်ကြောင့် ပဋိဃသံယောဇဉ်က ချည်လိုက်၊ ဒီသံယောဇဉ်ကြိုးတွေ ချည်နေတာသည်ပင် ပုထုဇဉ်ရဲ့သန္တာန်မှာ အမြဲရစ်ပတ်ထားပါတယ်'

'မှန်လှပါဘုရား'

'သေပေါက်သေဝရောက်ရင်လည်း ဒီကြိုးတွေချည်ထားရင် ကိုယ်က အဲဒီချည်ရက်ကြီးနဲ့ သေသွားခဲ့ရင် အပါယ်မှတစ်ပါး သွားစရာမရှိပြန်ဘူး'

'မှန်လှပါဘုရား'

'သေခါနီးမှ ကြိုးချည်ပြီးသေမှာလား ဖြတ်ပြီး သေမှာလား?'

'ဖြတ်ပြီးသေမှာပါဘုရား'

'သေခြင်းကတော့ အဲဒီအတိုင်းပေါ့နော်'

'မှန်လှပါဘုရား'

'အချည်ခံပြီးသေမယ်ဆိုရင် ကိုယ်ကျိုးနည်းမှာစိုးလို့ ပြောနေတာ'

'မှန်လှပါဘုရား'

'ဝဋ်သုံးပါးလည်နေရတာ ဘာဖြစ်လို့?'

'သံယောဇဉ်အချည်ခံရလို့ပါဘုရား'

'ဒါဖြင့်ရင် သံယောဇဉ် အချည်ခံရတယ်ဆိုတာ ရှေးဦးစွာကွဲအောင်လို့ အနည်းငယ်လေး ပြောအုံးမယ်'

'မှန်လှပါဘုရား'

'ဒါမှလည်း မြင်မှာကိုး'

'မှန်လှပါဘုရား'

http://www.dhammadownload.com

'မိမိ သံယောဇဉ်ချည်တယ် ချည်တယ်ဆိုတာက ဘာကြောင့်လဲ မေးတော့ ဘုရားရှင်ရဲ့သဘော အမှန်ဟောထားတဲ့တရားတွေကို အရှင်သာရိပုတ္တရာ၊ ရှင်ကောဋ္ဌိကမထေရ်နှစ်ပါးက အများသူငါတွေ နားလည်အောင်ဆိုပြီး အမေးလေးတစ်ခုထုတ်သွားတယ်၊ ရှင်သာရိပုတ္တရာက ငါ့ရှင်ကောဋ္ဌိက၊ မျက်လုံးနဲ့ အဆင်းလေး ဆုံတိုင်း ဆုံတိုင်းမှာ သံယောဇဉ်ဖြစ်ကြတယ်၊ နားနဲ့ အသံနဲ့ တိုက်တိုင်းတိုက်တိုင်းမှာ သံယောဇဉ်ဖြစ်ကြတယ်၊ မဖြစ်ကြဘူးလား?'

'ဖြစ်ကြပါတယ်ဘုရား'

'အဲဒီလိုဖြစ်ကြတဲ့အတွက်ကြောင့်မို့လို့ မေးလိုက်ပါတယ်၊ ဟောဒီမျက်လုံးလေး ဖွင့်လိုက်လို့ သူများရဲ့ ရူပါရုံမြင်တိုင်းမြင်တိုင်းမှာ နှစ်သက်တယ်ဆိုတဲ့ တဏှာလေးရဲ့ သံယောဇဉ်ချည်နှောင်မှုကို ခံနေကြရတဲ့သတ္တဝါတွေ သံယောဇဉ် ဖြစ်တယ်လို့ မဆိုထားဘူးလား?'

'ဆိုထားပါတယ်ဘုရား'

'ဆိုထားပြီနော်၊ ဒီလိုဆိုရင် မျက်စိသည် အဆင်းရဲ့သံယောဇဉ်လား၊ အဆင်းသည်မျက်စိရဲ့ သံယောဇဉ်လားလို့ မေးလိုက်တယ်နော်'

'မှန်လှပါဘုရား'

'မိမိတို့ မျက်လုံးလေးက ကိုယ့်ရဲ့မွေးထားတဲ့ သားသမီးသော်လည်းကောင်း၊ ကိုယ့်ရဲ့ ဇနီးမယား ခင်ပွန်း ယောကျ်ားသော်လည်းကောင်း၊ တစ်ယောက်နဲ့တစ်ယောက်ကြည့်ရင် မမြင်ကြဘူးလား?'

'မြင်ကြပါတယ်ဘုရား'

'မြင်တိုင်း မြင်တိုင်း သံယောဇဉ် ဖြတ်လား ပတ်လား?'

'ပတ်ပါတယ်ဘုရား'

'မမြင်ရင်'

'မပတ်ပါဘူးဘုရား'

'မှိတ်ထားလိုက်ပေါ့ မြင်ရင်တော့ ပတ်တယ်ပေါ့နော်'

'မှန်လှပါဘုရား'

http://www.dhammadownload.com

'အဲဒီလိုဆိုရင် ကိုယ့်မျက်စိက မြင်ရတဲ့ သားသမီးအာရုံကို ကြည့်လိုက်တိုင်း ကြည့်လိုက်တိုင်းမှာ သံယောဇဉ်ဖြစ်တယ်ဆိုတော့ မြင်စရာ သားသမီးအာရုံအဆင်းကပဲ မျက်လုံးရဲ့သံယောဇဉ်လား?'

'မဟုတ်ပါဘူးဘုရား'

'ဒါဖြင့် ကိုယ့်မျက်လုံးသည်ပင် အဲဒီအဆင်းရဲ့ သံယောဇဉ်လား?'

'မဟုတ်ပါဘူးဘုရား'

'သံယောဇဉ်တော့ မဖြစ်ဘူးလား?'

'ဖြစ်ပါတယ်ဘုရား'

'ဒီမျက်လုံးမှာ သံယောဇဉ်ပါသလား?'

'မပါပါဘူးဘုရား'

'ချစ်စရာကောင်းတဲ့ သားသမီး ဇနီးမယား ခင်ပွန်းနဲ့ ယောက်ျားမှာကော သံယောဇဉ်ပါလား?'

'မပါပါဘူးဘုရား'

'ဘာလို့ ဖြတ်မရတာလဲ မြင်လိုက်တာနဲ့တွယ်ပြန်ပြီ'

'မှန်လှပါဘုရား'

'မတွယ်ဘူးလား တွယ်လား?'

'တွယ်ပါတယ်ဘုရား'

'ဒါဖြင့် မျက်လုံးထဲမှာ သံယောဇဉ် မပါဘူးနော်၊ ဟိုဘက်က အဆင်းမှာလည်း သံယောဇဉ်'

'မပါပါဘူးဘုရား'

'ဒါပေမယ့် မဖြစ်ဘူးလား ဖြစ်နေလား?'

'ဖြစ်နေပါတယ်ဘုရား'

'အဲဒီလို ဖြစ်နေရတာ ဘာကြောင့်လဲလို့မေးတာ?'

'မှန်လှပါဘုရား'

http://www.dhammadownload.com

'အဆင်းသည် မျက်စိရဲ့ သံယောဇဉ်လား၊ မျက်စိသည် အဆင်းရဲ့ သံယောဇဉ်လားလို့မေးတယ်၊ နားသည်အသံရဲ့ သံယောဇဉ်လား အသံသည် နားရဲ့ သံယောဇဉ်လားလို့မေးတယ်၊ အဲဒီလိုမေးတဲ့အခါမှာ ခြောက်ခုဆိုတော့ ခြောက်မျိုး မေးသွားတာပေါ့'

'မှန်လှပါဘုရား'

'အနံ့သည် နှာခေါင်းရဲ့ သံယောဇဉ်လား၊ နှာခေါင်းသည် အနံ့ရဲ့ သံယောဇဉ်လား အပြန်အလှန်မေးတာ၊ လျှာသည် အရသာရဲ့ သံယောဇဉ်လား အရသာသည် လျှာရဲ့ သံယောဇဉ်လား၊ ကိုယ်သည် တွေ့ထိစရာရဲ့ သံယောဇဉ်လား တွေ့ထိစရာသည် ကိုယ်ရဲ့သံယောဇဉ်လား၊ ကြံတွေးစရာသည် မနောရဲ့ သံယောဇဉ်လား မနောသည် ကြံတွေးစရာရဲ့ သံယောဇဉ်လားလို့ အပြန်ပြန် အလှန်လှန်မေးလိုက်တာ အဲဒီလိုမေးလိုက်တဲ့အခါမှာ ရှင်ကောဋ္ဌိက က ငါ့ရှင် အဆင်းသည် မျက်စိရဲ့ သံယောဇဉ်မဟုတ်ပါ၊ မျက်စိသည် အဆင်းရဲ့ သံယောဇဉ် မဟုတ်ပါ၊ အဆင်းသည် မျက်စိရဲ့သံယောဇဉ်လားမေးရင် အဆင်းသည် မျက်စိရဲ့သံယောဇဉ်မဟုတ်ဘူး၊ အဲဒီတစ်ချက်ကိုသိရင် ကျန်တာအားလုံးလည်း ဒီအတိုင်းပဲလို့ မှတ်လိုက်နော်'

'မှန်လှပါဘုရား'

'အဆင်းသည် မျက်စိရဲ့သံယောဇဉ်ဟုတ်လားမေးရင်?'

'မဟုတ်ပါဘူးဘုရား'

'မျက်စိသည် အဆင်းရဲ့သံယောဇဉ်လားလို့မေးရင် မဟုတ်ပါဘူးတဲ့၊ အဲဒီနှစ်ခု အကြောင်းဆုံပြီးတော့မှ ဖြစ်ပေါ်လာတဲ့တရားတွေအပေါ်မှာ ဒီနှစ်ခုကို စွဲပြီးတော့မှ ဖြစ်ပေါ်လာတဲ့ စွဲမြဲမှုတရားက သံယောဇဉ် ပြန်ပြောမယ် နော်၊ မျက်စိနဲ့အဆင်း ဆုံလိုက်တယ်၊ သံယောဇဉ်ဖြစ်ကြတယ်ပေါ့ မဖြစ်ဘူးလား ဖြစ်လား?'

'ဖြစ်ပါတယ်ဘုရား'

'ဒီလိုဖြစ်တာက မျက်စိသည် အဆင်းရဲ့သံယောဇဉ်လားမေးရင် မဟုတ်ဘူးနော်'

'မှန်လှပါဘုရား'

http://www.dhammadownload.com

'အဆင်းသည် မျက်စိရဲ့သံယောဇဉ်လားလို့ မေးရင်?'

'မဟုတ်ပါဘူးဘုရား'

'သူတို့နှစ်ခု အကြောင်းဆုံလိုက်လို့ ဖြစ်ပေါ်လာတဲ့ တပ်မက်မှုလေးက'

'သံယောဇဉ်ပါဘုရား'

'သူတို့နှစ်ခုမဆုံရင် မဖြစ်ဘူးနော်'

'မှန်လှပါဘုရား'

'ဆုံတိုင်း ဖြစ်ပြန်လားလို့မေးတော့လည်း မဟုတ်သေးဘူး၊ မိမိတို့ ဆုံလိုက်တဲ့အခါမှာ သူတို့နှစ်ခုအကြောင်းပြုပြီး တပ်မက်မှုလေးက သံယောဇဉ်၊ စွဲမက်မှုလေးက သံယောဇဉ်၊ ဒီဘက်မျက်စိက သံယောဇဉ် မဟုတ်သေးဘူးနော်'

'မှန်လှပါဘုရား'

'အဆင်းကလည်း သံယောဇဉ်'

'မဟုတ်ပါဘူးဘုရား'

'အခုလည်းပဲ ဖဂ္ဂုနလေး ကြည့်စမ်း ခေါင်းမှာထိုးတယ်လို့ ပြောနေတာ ငါ့ခေါင်းကြီးထိုးတယ်ဆိုတော့ ဒီဋ္ဌသံယောဇဉ် ချည်မထားဘူးလား?'

'ချည်ထားပါတယ်ဘုရား'

'သူ့သွားကြည့်နေတာက ခေါင်း၊ ခေါင်းထိုးတဲ့နေရာမှာ ထိုးတဲ့ထဲမှာ သံယောဇဉ်ပါလားမေးရင်?'

'မပါပါဘူးဘုရား'

'ဒီဘက်က ခံစားတဲ့ထဲမှာ ပါလားမေးရင်'

'မပါပါဘူးဘုရား'

'သို့သော်လည်း ငါမခံနိုင်ဘူးက ပါနေတယ်နော်'

'မှန်လှပါဘုရား'

'အဲဒါသည် သူတို့နှစ်ခု အကြောင်းပြုပြီးတော့ ဖြစ်ပေါ်လာတဲ့ ဒီဘက်က

http://www.dhammadownload.com

စွဲမက်မှု တပ်မက်မှု သာယာမှုဆိုတဲ့ အာရုံပေါ်မှာ ရောက်ရှိလာတဲ့ ကိလေသာ တရားတွေ ဖုံးလွှမ်းသွားရင် ဒါသံယောဇဉ်ပဲ'

'မှန်လှပါဘုရား'

'အဲဒီသံယောဇဉ်တွေ သူတို့နှစ်ခု အကြောင်းပြုပြီး မဖြစ်ဘူးလား မေးရင်တော့'

'ဖြစ်ပါတယ်ဘုရား'

'ဖြစ်တယ် ဖြစ်တယ်ဆိုတဲ့နေရာမှာ နှစ်ခုအကြောင်းပြုပြီး စွဲမက်မှု တပ်မက်မှု ဖြစ်တာပါ'

'မှန်လှပါဘုရား'

'မစွဲမက် မတပ်မက်ရင်ဖြစ်မလား?'

'မဖြစ်ပါဘူးဘုရား'

'ဒါဖြင့် အဲဒီ သံယောဇဉ်ဆိုတဲ့တရားကို သေချာရှင်းအောင်လို့ ဥပမာ လေးပေးရင် သိပ်ကောင်းမှာပဲလို့ ပြောတယ်၊ အဲဒီလို ပြောလိုက်တဲ့အခါ ကျတော့ ဒါဆိုရင် တပည့်တော် ရှင်းလင်းအောင် ဥပမာပေးပါ့မယ်၊ နွားဖြူရယ် နွားနက်ရယ် နှစ်ကောင်ရှိတယ်၊ ကြိုးလေးနဲ့ချည်ထား၊ နွားဖြူသွားရင် နွားနက် ပါတယ်၊ နွားနက်သွားရင် နွားဖြူပါတယ်၊ မြင်တဲ့လူက နွားဖြူ သံယောဇဉ်က နွားနက်၊ နွားနက်ရဲ့သံယောဇဉ်က နွားဖြူလို့ဆိုမယ်၊ မှန်ပါ့မလား?'

'မမှန်ပါဘုရား'

'သူတို့နှစ်ကောင် တစ်ကောင်သွားရာနောက်တစ်ကောင် ကောက် ကောက်ပါနေတာ ကြိုးကြောင့်၊ အဲဒီချည်ထားတဲ့ကြိုးက သံယောဇဉ်လို့ ဟောနေတာ'

'မှန်လှပါဘုရား'

'အဲဒီကြိုးတာ မရှိရင်ပြတ်ပြီ၊ အော်စရာလည်း မလိုတော့ဘူး၊ ညည်း စရာလည်း'

'မလိုတော့ပါဘူးဘုရား'

http://www.dhammadownload.com

'ယနေ့ အော်နေ ညည်းနေရတာ ဘာရှိလို့?'

'သံယောဇဉ်ရှိလို့ပါဘုရား'

'ကြိုးချည်ထားလို့'

'မှန်လှပါဘုရား'

'အဲဒီကြိုးချည်ခံထားရတာကလည်း သဘောကို ဉာဏ်မရောက်လို့'

'မှန်လှပါဘုရား'

'ဘာကို ဉာဏ်မရောက်လို့'

'သဘောကို ဉာဏ်မရောက်လို့ပါဘုရား'

'ဒါလောက်လေးပြောရင် နည်းနည်းတော့ပေါ်ပြီပေါ့နော်'

'မှန်လှပါဘုရား'

'ဒီထက်ပေါ်လွင်အောင် ထပ်ပြောသွားတာက ငါ့ရှင်၊ ငါတို့ရဲ့ မြတ်စွာဘုရားမှာ မျက်လုံးမပါဘူးလား?'

'ပါပါတယ်ဘုရား'

'ဘုရားရှင်သည် မြင်မြင်သမျှဟာကို မကြည့်ဘူးလား?'

'ကြည့်ပါတယ်ဘုရား'

'ကဲ-မျက်စိရှိတဲ့ ဘုရားက မြင်မြင်သမျှအာရုံကြည့်တယ် သံယောဇဉ်ဖြစ်လား?'

'မဖြစ်ပါဘူးဘုရား'

'ဘုရားမှာ မဖြစ်ဘူးနော်'

'မှန်လှပါဘုရား'

'တို့တွေမှာ မဖြစ်ဘူးလား?'

'ဖြစ်ပါတယ်ဘုရား'

'ဘုရားမှာ နားမပါဘူးလား?'

'ပါပါတယ်ဘုရား'

http://www.dhammadownload.com

'အသံကော နားမထောင်ဘူးလား?'

'ထောင်ရပါတယ်ဘုရား'

'သံယောဇဉ်ဖြစ်လား?'

'မဖြစ်ပါဘူးဘုရား'

'တို့တွေမှာ မဖြစ်ဘူးလား?'

'ဖြစ်ပါတယ်ဘုရား'

'မကွာဘူးလား?'

'ကွာပါတယ်ဘုရား'

'ဘုရားမှာ ဖြစ်ကိုမဖြစ်ဘူး'

'မှန်လှပါဘုရား'

'မျက်လုံးပါရင် အဆင်းကြည့်တယ် သံယောဇဉ်မဖြစ်ဘူး၊ နားရှိတယ် အသံနားထောင်တယ် သံယောဇဉ်မဖြစ်ဘူး၊ တို့တွေတော့ ဖြစ်နေကြတယ်၊ အဲဒီလိုဖြစ်တာက ဘုရားရှင်ကိုယ်တော်မြတ်ကြီးက သံယောဇဉ်နဲ့ သံယောဇနီယကို ရှင်းပြီးသား'

'မှန်လှပါဘုရား'

'ကိုယ်တွေကရှုပ်နေလို့ အဲဒီတော့ သံယောဇဉ်က တွယ်ရမှာမဟုတ်ဘူး ပယ်ရမှာ၊ သံယောဇဉ်ဆိုတာ'

'ပယ်ရမှာပါဘုရား'

'သံယောဇနီယက ပိုင်းခြားသိရမှာ ဘယ်လိုပြောလိုက်?'

'သံယောဇနီယက ပိုင်းခြားသိရမှာပါဘုရား'

'သံယောဇဉ်က ကိလေသာတရားတွေ အဲဒီကိလေသာတရားတွေသည် သံယောဇဉ်တွေချည်းပဲ၊ သံယောဇနီယက ခုနတုန်းက ခေါင်းထိုးတယ် မပါဘူးလား?'

'ပါပါတယ်ဘုရား'

http://www.dhammadownload.com

'ခေါင်းဆိုတာရှိလား?'

'မရှိပါဘူးဘုရား'

'ခန္ဓာကတော့ မရှိဘူးလား?'

'ရှိပါတယ်ဘုရား'

'အဲဒီခန္ဓာထိုးသဘောလေးသည် ငါကောဟုတ်သလား၊ ပုဂ္ဂိုလ် သတ္တဝါ ဟုတ်သလား?'

'မဟုတ်ပါဘူးဘုရား'

'ဖောက်ပြန်တဲ့ ဘာတရား'

'ရူပ်တရားပါဘုရား'

'ဒါဖြင့် ရူပ်တရားဆိုတာလေးကို သိလိုက်တဲ့အတွက် ငါလည်းမဟုတ် သူလည်းမဟုတ် ပုဂ္ဂိုလ်သတ္တဝါလည်း မဟုတ်တဲ့အတွက်ကြောင့်မို့လို့ ဟော-သံယောဇဉ်ချည်စရာအကြောင်း'

'မရှိပါဘူးဘုရား'

'ဒီအာရုံလေးကို အာရုံပြုလိုက်ရင် ထိုးသဘောလေးတစ်ခုပေါ်ရင် ခံစားမှုတစ်ခု မပေါ်ဘူးလား?'

'ပေါ်ပါတယ်ဘုရား'

'နောက်ထိုးတစ်ခုပေါ်ရင်လည်းပဲ နောက်ခံစားမှု တစ်ခုမပေါ်ဘူးလား?'

'ပေါ်ပါတယ်ဘုရား'

'အဲဒီသဘောတွေသည် သံယောဇနိယ ဘယ်လိုပြောလိုက်?'

'သံယောဇနိယပါဘုရား'

'သံယောဇနိယဆိုတာ ပိုင်းခြားသိရမယ့်တရား၊ ရူပ်ကိုရူပ်မှန်း ပိုင်းခြားသိရင်၊ ဝေဒနာကို ဝေဒနာမှန်း ပိုင်းခြားသိရင် သူ့အလုပ်သူလုပ်တာကို မြင်သွားပြီ၊ ရူပ်က ဘာလုပ်လဲ ဖောက်ပြန်လိုက်ပျက်စီးလိုက်၊ ဝေဒနာက ဘာလုပ်လဲ ခံစားလိုက် ပျက်စီးလိုက်၊ ဒီလိုသာ သိနေရင် သံယောဇဉ်မလာဘူး?'

'မှန်လှပါဘုရား'

http://www.dhammadownload.com

'ဘယ်သူပေါ်လဲမေးရင် ဥဏှ၊ ဘယ်သူပေါ်သွားလဲ?'

'ဥဏှပါဘုရား'

'ပထမတုန်းက ဘုရားရှင် မလာတုန်းက ဖဂ္ဂုနရဟန်းတော်လေး အော်ပြီးတော့ ညည်းနေရတာသည် ဥဏှမပေါ်ဘဲနဲ့ သံယောဇဉ်တွေ ချည်ထားလို့?'

'မှန်လှပါဘုရား'

'မအော်ရဘူးလား?'

'အော်ရပါတယ်ဘုရား'

'ဒီလိုအော်ရတာ ငါနဲ့ဝေဒနာလည်းရောနေလို့၊ အခုတော့ငါပါလား?'

'မပါပါဘူးဘုရား'

'ငါမပါတဲ့ဝေဒနာသည် ပုဂ္ဂိုလ် သတ္တဝါလား ခန္ဓာလား?'

'ခန္ဓာပါဘုရား'

'ဟောဂသံယောဇနိယ ခန္ဓာရဲ့သဘော ပိုင်းခြားမြင်သွားတဲ့အတွက် ဒီဘက်မှာ ချည်နှောင်စရာ သံယောဇဉ် ရှိကိုမရှိဘူး'

'မှန်လှပါဘုရား'

'ကြိုက်သလောက် နားထောင် ရှိကိုမရှိဘူး၊ ဘာကြောင့်လဲမေးရင် သူ့ရဲ့သဘောမှန်ကိုသိလို့၊ ဒါဖြင့် သံယောဇနိယဆိုတဲ့ သဘောပေါက်ပါ စေနော်'

'မှန်လှပါဘုရား'

'အခု ကိုယ်နဲ့ခန္ဓာကွဲပြီလား?'

'ကွဲပါပြီဘုရား'

'မကွဲရင် ဒီဋ္ဌိသံယောဇဉ်က လာတော့မှာ'

'မှန်လှပါဘုရား'

'အဲဒီတော့ ခေါင်းတင်းတယ် ဆိုတာက မရှိဘူးလား?'

'ရှိပါတယ်ဘုရား'

http://www.dhammadownload.com

'ခေါင်းကကိုယ်၊ တင်းသဘောလေးက'

'ခန္ဓာပါဘုရား'

'အဲဒီခန္ဓာ ဘာသစ္စာ?'

'ဒုက္ခသစ္စာပါဘုရား'

'ခန္ဓာရဲ့ သဘောကိုသိရင် သစ္စာပါမြင်သွားတယ်၊ အဲဒီတင်းသဘောလေးရဲ့ အာရုံပြုပြီးတော့ ခံစားတာက ဘ သ်သူက ခံစားတာလဲ?'

'ဝေဒနာကခံစားတာပါဘုရား'

'ခံစားတာထဲမှာ ငါပါလား?'

'မပါပါဘူးဘုရား'

'ဒီလိုဆိုရင် ရူပ်နဲ့ဝေဒနာလည်း ကွဲသွားပြီ'

'မှန်လှပါဘုရား'

'ရောဂါနဲ့ဝေဒနာလည်း ရှင်းသွားပြီ'

'မှန်လှပါဘုရား'

'ရောဂါဆိုတာ ဖောက်ပြန်တဲ့ရူပ် ဒီဘက်က ခံစားတာက'

'ဝေဒနာပါဘုရား'

'ဒါဖြင့် ဝေဒနာဆိုတာက ခံစားတဲ့အလုပ် သူ့အလုပ်သူလုပ်တာပဲ၊ အဲဒါကို ထိုင်ကြည့်နေရင် မိမိရဲ့သန္တာန်မှာ ဉာဏ်သာကိန်း ကိုယ်သာနာမယ်'

'စိတ်မနာတော့ဘူးဘုရား'

'အော်ညည်းစရာလည်း အကြောင်း'

'မရှိတော့ပါဘူးဘုရား'

'အဲဒီပုဂ္ဂိုလ်ရဲ့သန္တာန်မှာ ငြိမ်းချမ်းစွာနဲ့ အသေကို ကောင်းစွာ ရင်ဆိုင်နိုင်တော့ အရိယာတို့ရဲ့သေခြင်းနဲ့သေရတော့မယ်၊ တန်ဖိုးမရှိဘူးလား ရှိလား?'

'ရှိပါတယ်ဘုရား'

http://www.dhammadownload.com

'ယနေ့ ဗိုက်ကော နာတာမရှိဘူးလား?'

'ရှိပါတယ်ဘုရား'

'ဗိုက်ဆိုတာဘာလဲ?'

'ကိုယ်ပါဘုရား'

'နာသဘောက'

'ခန္ဓာပါဘုရား'

'ကွဲပါစေနော်'

'မှန်လှပါဘုရား'

'ဗိုက်နာတယ်ဆိုတာ သူတော်စင်များက ဗိုက်ကိုကြည့်ရမှာလား နာတာကို ကြည့်ရမှာလား?'

'နာတာကိုကြည့်ရမှာပါဘုရား'

'နာသဘောမြင်ရင် ဗိုက်မတွေ့ရတော့ဘူး၊ ဗိုက်ကြီးကိုကြည့်ရင် နာသဘော မမြင်ရဘူး'

'မှန်လှပါဘုရား'

'နာသဘောမြင်ရင် ငါ့မှာဗိုက်ကြီး နာလိုက်တာဟဲ့ ငါ့ကို ဆေးလိမ်းပေးပါ အုံးလို့ အော်တော့မှာနော်'

'မှန်လှပါဘုရား'

'အဲဒီပုဂ္ဂိုလ်သည် သံယောဇနီယကိုမမြင်၊ သံယောဇဉ်တွေ ချည်နေသည်'

'မှန်လှပါဘုရား'

'ဝင့်ရှုံးပါး လည် မလည်?'

'လည်ပါတယ်ဘုရား'

'ဩော် ကိုယ့်ရဲ့သန္တာန်မှာ အထင်အရှားရှိတဲ့တရားတွေ သဘောပေါက်စေချင်တာပါ'

'မှန်လှပါဘုရား'

http://www.dhammadownload.com

'ရှင်းပြီလား?'

'ရှင်းပါပြီဘုရား'

'အလိုက်သင့် ဖြေမှာပဲပေါ့၊ ရှင်းစေချင်ပါတယ်'

'မှန်လှပါဘုရား'

'သဘောပေါက်လား?'

'ပေါက်ပါတယ်ဘုရား'

'ဒါဖြင့် ကိုယ်နဲ့ခန္ဓာခွဲလိုက်ပြီ၊ ခန္ဓာပေါ်မှာလည်း ဥာဏ်ရောက်အောင်လို့ ရုပ်နဲ့ဝေဒနာကိုလည်း ခွဲထားပြီနော်'

'မှန်လှပါဘုရား'

'ဒီလိုဆိုရင် ကိုယ့်ရဲ့သန္တာန် အထင်အရှားရှိတဲ့တရားလေးကို အခု ခေါင်းတင်းတယ် တင်းတယ် ဘယ်မှာပေါ်?'

'ကိုယ်မှာပေါ်ပါတယ်ဘုရား'

'ခေါင်းဆိုတဲ့နေရာမှာ ပေါ်နေတယ်ပေါ့'

'မှန်လှပါဘုရား'

'ခန္ဓာရယ် ပညတ်ရယ် တွဲသုံးထားအုံးနော်၊ ပရမတ်ကို တန်းမရောက်ကြနဲ့အုံး၊ အဲဒီတော့ ခေါင်းမှာမပေါ်ဘူးလား ပေါ်လား?'

'ပေါ်ပါတယ်ဘုရား'

'တင်းသဘောခေါင်းမှာပေါ်သလို ထိုးသဘောလည်း ဘယ်မှာပေါ်?'

'ခေါင်းမှာပေါ်ပါတယ်ဘုရား'

'နာသဘောလေးက'

'ဗိုက်မှာပေါ်ပါတယ်ဘုရား'

'နာသဘောလေးက ဗိုက်မှာပေါ်နေတယ်နော်၊ ခုနတုန်းက လေးမျိုးပြောထားတယ်လေ ခေါင်းမှာတင်းတဲ့သဘောရယ်၊ ထိုးတဲ့သဘော၊ ဗိုက်မှာကနာတဲ့သဘော၊ ကိုယ်ပေါ်မှာကျတော့ ပူတဲ့သဘော ဟုတ်ပြီနော်'

'မှန်လှပါဘုရား'

http://www.dhammadownload.com

'အဲဒီသဘောလေးကို ပြန်ပြီးကြည့်ပါ၊ ဟောဒီနာတယ်ဆိုရင် ဗိုက်မှာ နာတဲ့သဘောကို သူကတရိပ်ရိပ်နဲ့ ခါးလေးတွေနဲ့လိုးဖြတ်သလို ခံရခက်တယ် လို့ မပြောခဲ့ဘူးလား?'

'ပြောခဲ့ပါတယ်ဘုရား'

'အဲဒီတုန်းက ညည်းခဲ့ရတာတွေသည် ငါ့ဗိုက်ကြီးနာတယ်ဆိုပြီး ဟောဒီ နာသဘောဖောက်ပြန်မှု ရုပ်တရားကို ဘာလုပ်လိုက်?'

'ငါလုပ်လိုက်ပါတယ်ဘုရား'

'ငါလုပ်လိုက်တော့ သံယောဇဉ်မကြီးဘူးလား?'

'ကြီးပါတယ်ဘုရား'

'အော်ရတဲ့သဘော ပေါ်ပြီနော်'

'မှန်လှပါဘုရား'

'အဲဒီတော့ ဟောဒီ ငါ့ဗိုက်ကြီးနာတယ်ဆိုတော့ ငါမခံနိုင်ဘူးဆိုပြီး ခံစားတဲ့အပေါ်မှာလည်း ငါလို့မလုပ်?'

'လုပ်ပါတယ်ဘုရား'

'ဒါ့ကြောင့် သူအော်ရတယ်'

'မှန်လှပါဘုရား'

'လိုမ့်နေအောင် အော်နေရတဲ့ အဲဒီ အော်နေရတာသည် တခြားလား ဒေါသလား?'

'ဒေါသပါဘုရား'

'ပဋိဃသံယောဇဉ်ကော ကြီး မကြီး?'

'ကြီးပါတယ်ဘုရား'

'အခုကြည့်လိုက်ပါ နာတဲ့သဘောက ဗိုက်မှာနော်'

'မှန်လှပါဘုရား'

'ဒီဘက်က ခံစားတာက ဗိုက်မှာခံစားတာ ဟုတ်သလား?'

'မဟုတ်ပါဘူးဘုရား'

http://www.dhammadownload.com

'ခံစားတာက ဘယ်မှာပေါ့?'

'စိတ်မှာပေါ့ ပါတယ်ဘုရား'

'ရူပ်လား ဝေဒနာလား?'

'ဝေဒနာပါဘုရား'

'ဒီဘက်ကနာတာက ဗိုက်မှာပေါ့တယ်၊ အဲဒီပေါ့တဲ့ နာသဘောလေးက ဝေဒနာလား ရူပ်လား?'

'ရူပ်ပါဘုရား'

'ဟော-ရူပ်က ဗိုက်မှာ လာပြတယ်နော်၊ ဟောဒီဘက်က ခံစားတဲ့ ဝေဒနာက'

'စိတ်မှာပေါ့ ပါတယ်ဘုရား'

'တူလား?'

'မတူပါဘူးဘုရား'

'အဲဒီလိုဆိုရင် ဟောဒီနာတယ်ဆိုတာသည် ငါဟုတ်လား?'

'မဟုတ်ပါဘူးဘုရား'

'ပုဂ္ဂိုလ် သတ္တဝါဟုတ်လား?'

'မဟုတ်ပါဘူးဘုရား'

'မဟုတ်ရင် ဖောက်ပြန်တဲ့ ဘာတရား?'

'ရူပ်တရားပါဘုရား'

'ဒါဖြင့်ရင် ရူပ်ဖောက်ပြန်တဲ့ ဒီအာရုံလေးကိုပြုပြီးတော့ စိတ်မှာ ဘယ်သူ ခံစားမယ်?'

'ဝေဒနာခံစားမှာပါဘုရား'

'ဒါလေးကို ကွဲသွားအောင် -

"ရူပ်ဖောက်ပြန်လာ အာရုံမှာ၊ ဝေဒနာ ခံစားသည်"

http://www.dhammadownload.com

အခုမိမိတို့ ရှေ့ပိုင်းက ရောဂါနဲ့ဝေဒနာလို့ (၂) မျိုး ပြထားတဲ့နေရာမှာ အဲဒီရောဂါဆိုတာ နာတတ် ကျင်တတ် ကိုက်တတ် ခဲတတ်တဲ့သဘောဆိုတော့ ရောဂါရဲ့သဘောကို သိသွားပြီ၊ အခုဗိုက်နာတဲ့ရောဂါ ပေါ်နေပြီ ဟုတ်ပြီနော်၊ အဲဒီနာတယ် နာတဲ့ရောဂါလေးသည်ပင် ဖောက်ပြန်တဲ့ ဘာတရား?'

'ရုပ်တရားပါဘုရား'

'ရုပ်တရားတစ်ခုသိသွားပြီ'

'မှန်လှပါဘုရား'

'အဲဒီရုပ်တရား ဘယ်မှာပေါ်'

'ကိုယ်မှာပေါ်ပါတယ်ဘုရား'

'အဲဒီဗိုက်မှာ ပြလာတဲ့ နာသဘောသည် ဖောက်ပြန်တဲ့အာရုံ၊ ဘာတဲ့တုန်း?'

'ဖောက်ပြန်တဲ့ အာရုံပါဘုရား'

'ဖောက်ပြန်လာတဲ့အာရုံကို ဒီဘက်ကနေ ဘယ်သူခံစား?'

'ဝေဒနာခံစားပါတယ်ဘုရား'

'ငါပါလား?'

'မပါပါဘူးဘုရား'

'ခံစားတဲ့အထဲမှာ ငါမပါဘူး၊ ဖဂ္ဂုနပါလား?'

'မပါပါဘူးဘုရား'

'ဘယ်သူခံစားတာ?'

'ဝေဒနာခံစားတာပါဘုရား'

'ဒီဘက်မှာနာတယ်ဆိုတာကလည်း ငါနာတာလား?'

'မဟုတ်ပါဘူးဘုရား'

'ယောက်ျား မိန်းမ နာတာလား၊ ပုဂ္ဂိုလ် သတ္တဝါ နာတာလား?'

'မဟုတ်ပါဘူးဘုရား'

http://www.dhammadownload.com

'နာတာသည် ဘယ်သူနာတာတုန်း ရုပ်ဖောက်ပြန်နေတာ၊ အဲဒီ ဖောက်ပြန်တဲ့ ရုပ်အာရုံ ဘယ်သူခံစား?'

'ဝေဒနာကခံစားတာပါဘုရား'

'ဒါဖြင့်ရင် နာတယ်ဆိုတာက ဝေဒနာလား?'

'မဟုတ်ပါဘူးဘုရား'

'ကိုက်တာ ဝေဒနာလား၊ ကျင်တာ ေ ာင့်တာ အောင့်တာ ခဲတာက'

'ရုပ်တရားပါဘုရား'

'ရောဂါဆိုတဲ့ ရုပ်တရား၊ ရုပ်နဲ့ဝေဒနာကော ကွဲမသွားဘူးလား၊ အဲဒါမှ မကွဲဘူးဆိုရင် ယနေ့သူတော်စင်များ နာတိုင်း နာတိုင်း ညည်းပါလိမ့်မယ်'

'မှန်လှပါဘုရား'

'ကိုက်ခဲတိုင်း ကိုက်ခဲတိုင်း အော်နေပါလိမ့်မယ်'

'မှန်လှပါဘုရား'

'အခုတော့ ကိုယ့်ခန္ဓာကိုယ်ကြီး ဘယ်အချိန်ကြည့်ကြည့် ရောဂါတွေ မပြည့်ဘူးလား?'

'ပြည့်ပါတယ်ဘုရား'

'နာတယ် ကျင်တယ် ကိုက်တယ် ခဲတယ် စူးတယ် အောင့်တယ် တုန်တယ် ခုန်တယ် မျိုးစုံ ဒီကိုယ်နဲ့ဆက်စပ်ပြီး မပေါ်ဘူးလား?'

'ပေါ်ပါတယ်ဘုရား'

'အဲဒီပေါ်သမျှ နှိပ်စက်နေတယ်မှတ်ပါ'

'မှန်လှပါဘုရား'

'အဲဒီနှိပ်စက်တဲ့တရားတွေကို အခု ရောဂါဝေဒနာတွေနဲ့ တွဲသုံးတဲ့ အခါမှာ ရောဂါလား ဝေဒနာလား?'

'ရောဂါပါဘုရား'

'သဘောပေါက်စေချင်ပါတယ်'

http://www.dhammadownload.com

'ကိုယ်က အရမ်းဖြေချင်လွန်းအားကြီးတော့ မှားသွားတာပါ၊ ဝမ်းထဲက မသိဘူးလားမေးရင် သိတယ်၊ မသိဘူးလား?'

'သိပါတယ်ဘုရား'

'အဲဒီလောက်သိရင် တော်ပြီနော်၊ ရောဂါဆိုတာ ဒီကိုယ်နဲ့စပ်ပြီးတော့ ပြနေတာ၊ အဲဒီပြနေတဲ့ နာမ္ဟု၊ ကျင်မ္ဟု၊ ကိုက်မ္ဟု၊ ခဲမ္ဟုသည် ကိုယ်နဲ့စပ်ပြီးပေါ်နေတဲ့ အာရုံ၊ အာရုံလေးပေါ်တိုင်းပေါ်တိုင်း ဘယ်သူခံစား?'

'ဝေဒနာကခံစားပါတယ်ဘုရား'

'ဟော-အဲဒီလိုလေးသိလည်းသိရော ရုပ်နဲ့ ဝေဒနာလေးကွဲသွားပြီ၊ ဒီလိုကွဲသွားတဲ့အတွက်ကြောင့် သံယောဇနိယကို ပိုင်းခြားမြင်သွားတယ်၊ ရုပ်ဆိုတာ ငါလား သူလား ခန္ဓာလား?'

'ခန္ဓာပါဘုရား'

'ဝေဒနာဆိုတာလည်း ငါလား သူလား ခန္ဓာလား?'

'ခန္ဓာပါဘုရား'

'ရုပ်ခန္ဓာ ဘာသစ္စာ?'

'ဒုက္ခသစ္စာပါဘုရား'

'ဝေဒနာလည်း ဘာသစ္စာ?'

'ဒုက္ခသစ္စာပါဘုရား'

'ဟော ဉာဏ်လေးကလိုက်စမ်းပါ သစ္စာသိတဲ့ဉာဏ် ပေါ်သွားပြီ'

'မှန်လှပါဘုရား'

'မိမိရဲ့သန္တာန်မှာ သံယောဇဉ်တွေ ဒီအချိန်မှာ မပြတ်နေဘူးလား?'

'ပြတ်နေပါတယ်ဘုရား'

'ခန္ဓာထဲ ဉာဏ်ရောက်ပါစေနော်'

'မှန်လှပါဘုရား'

'အခု ရုပ်နဲ့ခန္ဓာ ကွဲပြီလား?'

'ကွဲပါပြီဘုရား'

http://www.dhammadownload.com

'ကွဲသွားပြီနော် ဒါဖြင့်ရင် အဲဒီရုဖ်တရားကလည်း ဖောက်ပြန်လိုက်ပျက်စီးလိုက်၊ ဝေဒနာကလည်း ခံစားလိုက် ပျက်စီးလိုက်၊ ဒီလိုဆိုရင် ဟောဒီနာကျင်မှုဆိုတဲ့ တရားလေးသည် ကိုယ်မှာပေါ်ပြီးတော့ ကိုယ်မှာချုပ်တယ်၊ ခံစားမှုက စိတ်မှာပေါ်ပြီး'

'စိတ်မှာချုပ်ပါတယ်ဘုရား'

'ဒါဖြင့် ဝေဒနာသည် ဘယ်မှာ ပေါ်တာတုန်း?'

'စိတ်မှာပေါ်ပါတယ်ဘုရား'

'ရူပ်က'

'ကိုယ်မှာပေါ်ပါတယ်ဘုရား'

'ဒါလေးရှင်းပါစေနော်၊ ဒါဖြင့် နာကျင်မှုသည် ဝမ်းဗိုက်မှာပေါ်တဲ့အတွက်ကြောင့်မို့လို့ ဝမ်းဗိုက်ဆိုတဲ့နေရာလေးကို အာရုံပြုလိုက်ပါ၊ နာကျင်မှုဟာ ဒီနေရာဖြစ်ကာ ဒီနေရာပျက်သွားသည်၊ ခံစားမှုဟာ ဒီနေရာဖြစ်ကာ ဒီနေရာပျက်သွားသည်၊ ရူပ်ကလည်း အနိစ္စပြမှာပဲ၊ ဝေဒနာကလည်း အနိစ္စပြမှာပဲ'

'မှန်လှပါဘုရား'

'အဲဒီပြတဲ့နေရာကို သွားမရောဖို့အတွက် သူ့နေရာနဲ့သူ၊ သူ့အလုပ်လုပ်ပြီးတော့ ခွဲထားပြီးပြလိုက်တဲ့ ရူပ်ဆိုတဲ့တရားသည် ကိုယ်မှာပေါ် ကိုယ်မှာချုပ်တယ်'

'မှန်လှပါဘုရား'

'ဝေဒနာဆိုတဲ့တရားသည် စိတ်မှာပေါ် စိတ်မှာချုပ်သည်၊ ရောစရာရှိလား၊ အဲဒီသဘောလေးကို သူ့နေရာနဲ့သူ ဉာဏ်ရောက်အောင်ကြည့်တတ်လို့ အဓိပ္ပာယ်ရှင်းပြီးတော့မှား ကိုယ့်ခန္ဓာကို ဉာဏ်သွင်းနိုင်ရင် အဲဒီပုဂ္ဂိုလ် သံယောဇဉ် ပြတ်တယ်'

'မှန်လှပါဘုရား'

'သေပေါက်သေဝ ရောက်နေရင်လည်း သံယောဇဉ်ပြတ်တဲ့အတွက်ကြောင့် အရိယာတို့ရဲ့သေနည်းနဲ့ ပြုံးသေသေဖို့ သေချာပါတယ်'

'မန်လပါဘရား'

http://www.dhammadownload.com

'ဒါဖြင့် ကိုယ်နဲ့ခန္ဓာမကွဲခင်တုန်းက ဖဂ္ဂုန အော်ရ မအော်ရ?'

'အော်ရပါတယ်ဘုရား'

'ရောဂါနဲ့ဝေဒနာ ရောနေတုန်းကလည်း အော်ရ မအော်ရ?'

'အော်ရပါတယ်ဘုရား'

'ငါ့ခေါင်းကြီး တင်းလိုက်တာ၊ ထိုးလိုက်တာ၊ ငါ့ဗိုက်ကြီး နာလိုက်တာ၊ ကိုယ်ကြီးပူလိုက်တာနဲ့ အော်ရ မအော်ရ?'

'အော်ရပါတယ်ဘုရား'

'အခုတော့ ဘုရားရှင်က တစ်ခွန်းတည်း ပြောသွားပါတယ်၊ ချစ်သား ဖဂ္ဂုန ငါနဲ့ဝေဒနာ မရောစေနဲ့၊ ဝေဒနာဟာ ငါဟုတ်လား?'

'မဟုတ်ပါဘူးဘုရား'

'အဲဒီသဘောလေးကို သိလည်းသိသွားရော ဘုရားရှင်က ဒါလေးမိန့်ပြီး ပြန်ကြွသွားပြီ၊ အဲဒီအချိန်အခါမှာ ရောဂါနဲ့ ခံစားနေရတဲ့ ဖဂ္ဂုန သူ့ခန္ဓာသူ ဉာဏ်သွင်းလိုက်တော့ ဗိုက်နာတဲ့နေရာမှာ သူ့ဗိုက်ကြီး မကြည့်တော့ဘူး၊ နာသဘောလေးရဲ့ ဖောက်ပြန်လိုက် ပျက်စီးလိုက်၊ ခေါင်းကိုကြည့်လိုက်တဲ့ အခါမှာ ခေါင်းကြီးမြင်ရတာမဟုတ်၊ တိုးသဘောလေးတွေ၊ တင်းသဘော လေးတွေ၊ ထိုးသဘောလေးတွေ ဒါလေးကိုပဲ သိနေတာ၊ အဲဒီတော့ ထိုးတာ လေးကလည်း ထိုးလိုက် ပျက်စီးလိုက်၊ တင်းတာလေးကလည်းတင်းလိုက် ပျက်စီးလိုက်ဆိုတော့ ဖောက်ပြန်ပျက်စီးတာ မြင် မမြင်?'

'မြင်ပါတယ်ဘုရား'

'အဲဒီလိုမြင်နေတဲ့အချိန်မှာ ဉာဏ်ဦးစီးတဲ့အတွက်ကြောင့်မို့ အော်စရာ လိုသေးလား?'

'မလိုပါဘူးဘုရား'

'ငါမကိုက်တဲ့အတွက် ဒီဋ္ဌက ပြုတ် မပြုတ်?'

'ပြုတ်ပါတယ်ဘုရား'

http://www.dhammadownload.com

'နောက်ကနေ မခံမရပ်နိုင်ဘူးဆိုတဲ့ ဒေါသကော လာသေးလား?'

'မလာပါဘူးဘုရား'

'သိစရာ ရှိတာလေးတွေ ရှင်းရှင်းလင်းလင်း သိပြီးတော့ ဖောက်ပြန်နေတဲ့အထဲမှာလည်း ငါမပါ၊ ဖြစ်လိုက် ပျက်လိုက် ခံစားမှုလေးတွေကို ဉာဏ်လိုက်တော့လည်း ငါမပါ၊ ခံစားလိုက် ပျက်စီးလိုက်၊ ဒီလိုဆိုရင် သူ့နေရာဘာတွေမြင်သွားလဲမေးတော့ ဖောက်ပြန်တာကြည့်တော့လည်း ဖြစ်ပျက်၊ ခံစားတာကြည့်တော့လည်း ဖြစ်ပျက်၊ အနိစ္စ မမြင်သွားဘူးလား?'

'မြင်သွားပါတယ်ဘုရား'

'အဲဒီ အနိစ္စလေးမြင်တာကို မမြဲတာလေးတွေ့လို့ အနိစ္စလို့မြင်နေတာ'

'မှန်ပါတယ်ဘုရား'

'ဒါဖြင့် တင်းတယ်၊ ထိုးတယ်၊ နာတယ်၊ ပူတယ်ဆိုတဲ့တရားလေးတွေဟာ တဖွဲ့ဖွဲ့တသဲသဲနဲ့ တစ်ကိုယ်လုံးအနှံ့မှာ ပြိုပျက်နေတဲ့သဘောသည်ပင် တစ်ကိုယ်လုံးမှာ နှိပ်စက်နေတာကော မပါပြင်ဘူးလား?'

'ပါပြင်ပါတယ်ဘုရား'

'ဉာဏ်ကမြင်တော့မှာနော်'

'မှန်လှပါဘုရား'

'ဒီလောက်ပျက်စီးနေတာသည်ပင် နှိပ်စက်နေပါလားလို့ ဒုက္ခကိုလည်း သွားမြင်တယ်'

'မှန်လှပါဘုရား'

'အဲဒီပျက်နေတဲ့အရပ်ကို မပျက်အောင် ဟန့်တားလို့ရလား?'

'မရပါဘူးဘုရား'

'ဖြစ်လာတဲ့အရပ်ကို မဖြစ်အောင်လို့ တောင်းပန်လို့လည်းရလား?'

'မရပါဘူးဘုရား'

http://www.dhammadownload.com

'အကြောင်းရှိရင် ပြနေတာပဲ၊ အကြောင်းကုန်ရင် တားမရလို့ ပျက်နေတဲ့ သဘောသည်ပင် အနတ္တပါလားလို့ အစိုးမရတဲ့သဘောလေးပေါ် သွားတယ်၊ တခြားလား ဉာဏ်အမြင်လား?'

'ဉာဏ်အမြင်ပါဘုရား'

'အဲဒီလိုနဲ့ နှလုံးသွင်းပြီးတော့မှ ခန္ဓာမှာပြနေတဲ့ နှိပ်စက်မှုတွေကို ဉာဏ်လည်းရောက်သွားရော ရူပ်နဲ့ဝေဒနာလည်းကွဲ ငါလည်းပဲမပါတော့ အရှိကိုအရှိအတိုင်းမြင်သွားတဲ့ ဖဂ္ဂုနလေး ဖျတ်ဆို စုတိစိတ်ကျသွားရှာတယ်၊ အဲဒီအချိန်အခါမှာ အရှင်အာနန္ဒာက အနားမှာ ရှိနေသေးတော့ ကြည့်လိုက်တော့ အသားအရေတွေက ကြည်လင်ပြီးတော့ ဝင်းနေတဲ့ပြုံးမှုလေးကို မြင်နေရတယ်၊ တယ်ဆန်းပါလား၊ ဘုရားက ကြွသွားပြီနော်'

'မှန်လှပါဘုရား'

'အဲဒီမှာ အရှင်အာနန္ဒာက နောက်ကလိုက်သွားပြီးတော့မှ ဘုရားရှင်ကိုယ်တော်မြတ်ကြီးကို 'အရှင်ဘုရားတဲ့ ဖဂ္ဂုနရဟန်းလေး ပျံ့လွန်တော်မူသွားပါပြီ၊ သူ့ရဲ့အသားအရေများကြည်လင်ဝင်းပပြီး ပြုံးနေပါတယ်ဘုရား၊ သေတာနဲ့တောင် မတူပါဘူးဘုရား'ဆိုတော့ ဘုရားရှင်က - 'ချစ်သား ငါဘုရားကိုလည်း ဖူးရမယ်၊ ငါဘုရားရဲ့တရားတော်ကိုလည်း နာရတဲ့ အဲဒီပုဂ္ဂိုလ်တွေသည် အခုလိုပင် ကြည်ကြည်လင်လင် သန့်သန့်စင်စင်နဲ့ ပုထုဇဉ်ဖြစ်ခဲ့မယ်ဆိုရင် အရိယာအဖြစ်နဲ့ ကျေးဇူးများပြီးတော့ ဘဝကို အနိုင်ယူနိုင်တယ်၊ အရိယာဖြစ်ခဲ့မယ်ဆိုရင်လည်းပဲ ရဟန္တာအဖြစ်နဲ့ ပရိနိဗ္ဗာန် ပြုနိုင်တယ်' လို့ အကျိုး(၆)မျိုး ရပုံကို ဟောပါတယ်၊ တရားနာရတဲ့အကျိုး တရားအားထုတ်ရတဲ့အကျိုး ဘယ်နှစ်မျိုးလဲမေးရင် (၆) မျိုး၊ ဒါဖြင့် ဖဂ္ဂုန ရဟန်းတော်လေး အချိန်မှီ မသွားဘူးလား?'

'မှီသွားပါတယ်ဘုရား'

'သူအော်ညည်းပြီး သေမယ်ဆိုရင်တော့ အပါယ်မှတစ်ပါး သွားစရာ မရှိဘူးနော်'

'မှန်လှပါဘုရား'

http://www.dhammadownload.com

'အဲဒီအချိန်အခါမှာ ပုထုဇဉ်ဖြစ်တဲ့အတွက်ကြောင့် ဉာဏ်မရှိသေးဘူး'

'မှန်လှပါဘုရား'

ဘုရားရှင်ကိုယ်တော်မြတ်ကြီး ဟောပေးလိုက်တော့ ငါနဲ့ဝေဒနာကွဲအောင်ခွဲပြီး ရူပ်နဲ့ဝေဒနာကိုလည်း ရှင်းရှင်းလင်းလင်း သူ့နေရာနဲ့သူ သဘောပေါက်ပြီး ဉာဏ်ရောက်အောင်လည်း ကြည့်လိုက်ရော အမြင်ဉာဏ်အောက်မှာ တဖြုတ်ဖြုတ်နဲ့ ပျက်နေတဲ့ ရူပ်ဓမ္မ နာမ်ဓမ္မတွေအပေါ်မှာ ကောင်းစွာသိမြင်ပြီးတော့ ဘဝကို အဆုံးသတ်သွားတဲ့အချိန်အခါမှာ ပုထုဇဉ် ဘဝကနေပြီးတော့မှ သေအံ့ဆဲဆဲလေးမှာ ဒီအသိဉာဏ်ကိန်းသွားတဲ့အတွက် အောက်သံယောဇဉ် (၅) ပါးကို ပယ်သတ်ပြီးတော့ အနာဂါမ်တည်သွားတယ်'

'မှန်လှပါဘုရား'

'ကျေးဇူးမများဘူးလား?'

'များပါတယ်ဘုရား'

'အမှန်ရှိရူပ်နာမ်သိတဲ့အတွက်ကြောင့် ဒီဌ ပြုတ် မပြုတ်?'

'ပြုတ်ပါတယ်ဘုရား'

'ဒီသဘောသည်ပင် အကြောင်းရှိလို့ပေါ်တယ်၊ အကြောင်းကုန်ရင် ပျက်တတ်ပါလားဆိုတာကို ယုံမှားသံသယကင်းနေတဲ့အတွက် ဝိစိကိစ္ဆာလည်း သေခဲ့ပါတယ်၊ ဒါဖြင့် အယူတွေကလည်း မမှားတော့ဘူးနော်'

'မှန်လှပါဘုရား'

'ဒီလိုနဲ့ ကြိုးစားသွားတဲ့အတွက် ပထမ မဂ်ကိုရရင် ဒီဌသံယောဇဉ် ဝိစိကိစ္ဆာသံယောဇဉ်၊ သီလဗ္ဗတပရာမာသသံယောဇဉ်ဟူသော သံယောဇဉ် (၃) ပါး ပြတ်ပါတယ်၊ ဆက်ပြီးကြိုးစားသွားလို့၊ ဒုတိယမဂ် တတိယမဂ်ကို ရောက်တဲ့အခါမှာ ကာမရာဂသံယောဇဉ်၊ ပဋိဃဟူသော သံယောဇဉ် (၂) ပါးကို ထပ်ပယ်လိုက်တဲ့အတွက် အောက်သံယောဇဉ် (၅) ပါး ပြတ်သွားတယ်'

'မှန်လှပါဘုရား'

http://www.dhammadownload.com

'အောက်သံယောဇဉ် (၅) ပါး ပြတ်သွားတော့ ကာမဂုဏ် အာရုံတွေ ပြတ်သွားပြီပေါ့'

'မှန်လှပါဘုရား'

'ဝိပါကဝဋ္ဋဒုက္ခ သူ့ခမျာ ကာမဂုဏ်အာရုံတွေရှိသေးလား?'

'မရှိပါဘူးဘုရား'

'လောကီ ကာမဂုဏ် အာရုံတွေရှိသေးလား?'

'မရှိပါဘူးဘုရား'

'ကာမ (၁၁) ဘုံ ကုန်သွားပြီနော်၊ ဒါဖြင့်ရင် အနာဂါမ်တည်သွားတဲ့ အတွက်ကြောင့်မို့လို့ နောက်တစ်ဆင့်တက် ရဟန္တာမဖြစ်ဘူးလား၊ အဲဒီမှာ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက ချစ်သားအာနန္ဒာ၊ ငါဘုရားကိုဖူးရ ငါဘုရား ဟောတဲ့တရားကို နာရမယ်ဆိုရင် ပုထုဇဉ်ဖြစ်ခဲ့ရင်လည်းပဲ သံယောဇဉ် (၅) ပါးကို ပယ်သတ်ပြီးတော့ အနာဂါမ်အဖြစ်နဲ့လည်း ဘဝကို အနိုင်ယူသွား နိုင်တယ်၊ အရိယာဖြစ်ခဲ့ရင်လည်းပဲ ပရိနိဗ္ဗာန်ပြုနိုင်တယ်ဆိုတော့ အလွန် အကျိုးမကြီးဘူးလား?'

'ကြီးပါတယ်ဘုရား'

'ယနေ့ တရားပွဲလေးကိုကျင်းပပေးတဲ့ သူတော်စင်များက တရားနာ ရတယ်၊ တယ်အဖိုးတန်ပါလားဆိုတာကို ဟော-ယနေ့ညဟောတဲ့ တရားက လည်း ထပ်လောင်းပြီး မထောက်ခံသွားဘူးလား?'

'ထောက်ခံပါတယ်ဘုရား'

'ကိုယ့်ခန္ဓာကိုယ်ကြီးကလည်း အမြဲတမ်း အနာရောဂါထူပြောပြီး နှိပ်စက် နေတာဖြစ်တဲ့အတွက်ကြောင့်မို့လို့ ဒီသဘောပေါ်မှာလည်း ဉာဏ်ရောက် အောင်လို့ ရှေ့ပိုင်းကရှင်းပြီးတော့ ကိုယ်နဲ့ခန္ဓာကို အရင်ခွဲကြနော်'

'မှန်လှပါဘုရား'

'ဗိုက်နာတယ်ဆို ဘာကိုကြည့်ရမယ်?'

'နာတာကို ကြည့်ရပါမယ်ဘုရား'

http://www.dhammadownload.com

'မိမိမှာ သွားကိုက်တာဆိုရင် သွားကြည့်ရမှာလား?'

'မဟုတ်ပါဘူးဘုရား'

'သွားဖုံးကြီး ဖိထားမှာလား?'

'မဟုတ်ပါဘူးဘုရား'

'ဘာတဲ့'

'နာတဲ့သဘောကိုကြည့်ရမှာပါဘုရား'

'ကိုယ်နဲ့ခန္ဓာကို ခွဲခြားသိပြီးတော့ ငါလား၊ သူလား၊ ရုပ်တရားလား?'

'ရုပ်တရားပါဘုရား'

'ပုဂ္ဂိုလ် သတ္တဝါလား ခန္ဓာလား?'

'ခန္ဓာပါဘုရား'

'ခန္ဓာမို့လို့ ဘာသစ္စာ?'

'ဒုက္ခသစ္စာပါဘုရား'

'သစ္စာသိတဲ့ဉာဏ်ကလည်း ကိန်းတယ်နော်'

'မှန်ပါတယ်ဘုရား'

'အဲဒီကိုက်တဲ့သဘောလေးကို ကြည့်မယ်ဆိုရင် တဆစ်ဆစ်နဲ့ ကိုက်နေတဲ့ အရာလေးဟာ တစ်ခုပြီးတစ်ခုပြတ်လိုက် မပြတ်သွားလိုက်၊ အစားထိုးလိုက်၊ တစ်ခါပျက်သွားလိုက် အစားထိုးလိုက်နဲ့ အမြဲအကြောင်းဆုံတော့ မပြဘူးလား?'

'ပြပါတယ်ဘုရား'

'အကြောင်းကုန်တော့ မချုပ်ဘူးလား?'

'ချုပ်ပါတယ်ဘုရား'

'ဒီသဘောလေးအတိုင်း ဆုံးအောင်လိုက်ရုံပါပဲ၊ အဲဒီလိုကြည့်သွားတဲ့ အတွက်ကြောင့်မို့လို့ အခုဖဂ္ဂုနရဟန်းတော်လေး ကျေးဇူးမျှားသွားတာကို ဘုရားရှင်ထံ အာနန္ဒာက လျှောက်တဲ့အတွက်ကြောင့် ဘုရားရှင်ကိုယ်တော်

http://www.dhammadownload.com



မြတ်ကြီးက ဒီတရားနာရတဲ့ အကျိုး (၆) မျိုးရှိတယ်လို့ ဟောပေးလိုက်ပါတယ်'

'မှန်လှပါဘုရား'

'ယနေ့ သူတော်စင်များကလည်း တရားနာရတဲ့အကျိုး ဘယ်လောက်ကြီးတယ်ဆိုတာ သိမသွားဘူးလား?'

'သိပါတယ်ဘုရား'

'အဲဒီအကျိုး (၆) မျိုးကိုလည်း ထပ်လောင်းပြီးတော့ ပုံဖော်ရင် -

"ဘုရားဖူးကာ တရားနာ၊ ကျိုးဟာ နှစ်ပါးရလေသည်"

'ဖဂ္ဂုနရဟန်းတော်လေး အနာရောဂါတွေ ဖိစီးနှိပ်စက်ပြီးတော့ အလူးအလဲ လှိမ့်အောင့်ခံနေရတဲ့ အခိုက်အတန့်မှာ ဘုရားကော မဖူးရဘူးလား၊ ဘုရားဟောတဲ့ တရားကို မနာရဘူးလား?'

'နာရပါတယ်ဘုရား'

'အဲဒီလို တရားနာရတဲ့အတွက်ကြောင့်မို့လို့ ပထမတော့ ငါနဲ့ ဝေဒနာ ရောနေခဲ့ရာက တရားလည်းနာလိုက်ရော ငါနဲ့ဝေဒနာခွဲလိုက်နိုင်တယ်၊ အဲဒီတော့ ဝေဒနာသည် ငါမဟုတ်တော့ ငါဆိုတဲ့အရာမပါတော့ ငှါခန္ဓာကိုယ်ကြီးထဲမှာ တစ်ကိုယ်လုံး တစ်ကောင်လုံး ငှါမှာနေစရာမရှိအောင် အော်ရတဲ့ အနေအထားမျိုးကော ကင်းမသွားဘူးလား?'

'ကင်းသွားပါတယ်ဘုရား'

'ဝေဒနာကြည့်တော့ ဝေဒနာလေးက ခံစားလိုက် ပျက်သွားလိုက်နဲ့ ဒီအသိဉာဏ်လေးရတဲ့အတွက်ကြောင့် သံယောဇဉ်တွေကို ပြတ်အောင်ဖြတ်နိုင်တဲ့အတွက် အခိုက်အတန့်လေးမှာ ဘုရားဖူးပြီး တရားနာရတဲ့ကျေးဇူး ဘယ်လောက်ကြီးသလဲမေးရင် ပုထုဇဉ်ဖြစ်ခဲ့မယ်ဆိုရင် ပြောခဲ့တဲ့ အောက်သံယောဇဉ်ငါးပါးကို ပယ်သတ်ပြီး အနာဂါမ်တည်ခြင်းရဲ့ အကျိုးကိုရတယ်'

'မှန်လှပါဘုရား'

'မိမိက အရိယာဖြစ်ထားမယ်ဆိုတော့ အဲဒီ ဟောလိုက်တဲ့တရားကို နာလိုက်ရတဲ့အချိန်အခါမှာ ချက်ချင်း နှလုံးသွင်းလိုက်တဲ့အတွက်ကြောင့်

http://www.dhammadownload.com

ရဟန္တာဖြစ်ပြီးတော့မှ ပရိနိဗ္ဗာန်ပြုရမယ်လို့ အကျိုး (၂) မျိုးပေါ်သွားတယ်'

'မှန်လှပါဘုရား'

'အထက်သံယောဇဉ် (၅)ပါး ရူပရာဂသံယောဇဉ်၊ အရူပရာဂ သံယောဇဉ်၊ မာနသံယောဇဉ်၊ ဥဒ္ဓစ္စသံယောဇဉ်၊ အဝိဇ္ဇာသံယောဇဉ်ဆိုတဲ့ အထက်သံယောဇဉ် (၅)ပါးကို ပယ်သတ်ပြီးတော့ အရိယာဖြစ်ခဲ့ရင် တရားနာ ဘုရားဖူးလိုက်ရရင် ရဟန္တာဖြစ်တယ်'

'မှန်လှပါဘုရား'

'အကျိုးဘယ်နှစ်မျိုး?'

'နှစ်မျိုးပါဘုရား'

'အကျိုးနှစ်မျိုးနော်'

'မှန်ပါတယ်ဘုရား'

'အောက်သံယောဇဉ်ငါးပါးကို ပုထုဇဉ်ဖြစ်ခဲ့ရင် အနာဂါမ်ဘဝနဲ့ ဘဝကို လှလှပပလေး အဆုံးသတ်သွားတယ်'

'မှန်ပါတယ်ဘုရား'

'အရိယာဖြစ်ခဲ့မယ်ဆိုရင် ရဟန္တာဘဝနဲ့ အထက်သံယောဇဉ် (၅) ပါး ပယ်သတ်ပြီးတော့ ပရိနိဗ္ဗာန်ပြုရမယ်'

'မှန်ပါတယ်ဘုရား'

'ဘုရားဖူး တရားနာခြင်းရဲ့အကျိုး အခု ဘုရားက ပွင့်တော့ပွင့်ခဲ့ပြီ ကိုယ်မှီလိုက်လား?'

'မမှီလိုက်ပါဘူးဘုရား'

'ဘုရားကိုယ်တိုင်ဟောတဲ့ တရားကော နာရလား?'

'မနာရပါဘူးဘုရား'

'သို့သော်လည်းပဲ ဘုရားကို ငါတို့ မမှီတော့ဘူး၊ ဘုရား ပရိနိဗ္ဗာန်ပြုသွားပြီ၊ ဘုရားဟောတဲ့တရားကို မနာရလို့ စိတ်ဓာတ်တော့ မကျကြပါနဲ့၊ ဘုရားရဲ့တပည့်သားတွေက ဘုရားဟောခဲ့တဲ့တရားတွေကို ဆက်လက် စောင့်

http://www.dhammadownload.com

ရှောက်ပြီး ထိန်းသိမ်းထားတဲ့အတွက်ကြောင့်မို့လို့ ယနေ့ ပြန်ပြောင်း ဟောခဲ့တော့ မနာရဘူးလား?'

'နာရပါတယ်ဘုရား'

'အဲဒီလိုနာခဲ့ရမယ်ဆိုရင်လည်းပဲ -

"သံယာဖူးကာ တရားနာ၊ ကျိုးဟာနှစ်ပါး ရလေသည်"

'နောက်ထပ် အကျိုးနှစ်မျိုးကို ပြောလိုက်ပါတယ်၊ သံယာတော်အရှင်မြတ်တွေ ဟောကြားတဲ့တရားကို နာလိုက်တော့ ယနေ့ည ကိုယ်နဲ့ခန္ဓာ ကွဲမသွားဘူးလား?'

'ကွဲသွားပါတယ်ဘုရား'

'မိမိရဲ့သန္တာန်မှာ ခေါင်းကိုက်တယ်ဆိုရင် ခေါင်းကဘာလဲ?'

'ကိုယ်ပါဘုရား'

'ကိုက်တာက'

'ခန္ဓာပါဘုရား'

'တရားရှုရင် ဘာကြည့်မယ်?'

'ခန္ဓာကိုကြည့်ရမှာပါဘုရား'

'အဲဒီ ကိုက်သဘောလေး ပြတိုင်း ပြတိုင်းမှာ အာရုံလေးပြောင်းတော့ ခေါင်းမှာဖောက်ပြန်တဲ့အာရုံကို ဘယ်သူက ခံစား?'

'ဝေဒနာကခံစားတာပါဘုရား'

'အဲဒီခံစားမှုသည် ခေါင်းမှာပေါ်လား?'

'မပေါ်ပါဘူးဘုရား'

'ဘယ်မှာပေါ်လဲ?'

'စိတ်မှာပေါ်ပါတယ်ဘုရား'

http://www.dhammadownload.com

'တန်ဖိုးရှိလိုက်တာ၊ မိမိတို့ ဒီအသိလေးသည် အလွန်ကိုပဲ ကျေးဇူးများပြီးတော့ ကိုယ့်ရဲ့သန္တာန် ဉာဏ်ကိန်းအောင် ဖြေနိုင်တယ်ဆိုတာကိုက အဖိုးတန်သွားတယ်နော်'

'မှန်လှပါဘုရား'

'သဘောပေါက်တယ်ဆိုလည်း မမှန်ဘူးလား?'

'မှန်ပါတယ်ဘုရား'

'ဒီလိုဆိုရင် ခေါင်းကိုက်တယ်၊ ခေါင်းဆိုတာ ကိုယ်ကြည့်ရမယ့် တရားမဟုတ်ဘူး၊ ကိုက်သဘောလေးသာ ကြည့်ရမှာပါလားဆိုတော့ ခန္ဓာအပေါ်မှာ ဉာဏ်ရောက်မသွားဘူးလား?'

'ရောက်သွားပါတယ်ဘုရား'

'ကိုက်တာသည် ငါကိုက်တာပါလား?'

'မပါပါဘူးဘုရား'

'ယောက်ျား မိန်းမ ပုဂ္ဂိုလ် သတ္တဝါ ကိုက်တာပါလား?'

'မပါပါဘူးဘုရား'

'အဲဒီ ကိုက်သဘောလေးသည် ဘယ်သူ့ရဲ့သဘော?'

'ရူပ်ရဲ့သဘောပါဘုရား'

'အဲဒီ ကိုက်သဘောလေးသည် ခေါင်းမှာပြပြီးတော့ ပေါ်လာတဲ့အာရုံ၊ ဟော-စိတ်မှာက ဘယ်သူကခံစား?'

'ဝေဒနာကခံစားတာပါဘုရား'

'ခံစားတာက "ငါ" ပါလား'

'မပါပါဘူးဘုရား'

'ပုဂ္ဂိုလ်သတ္တဝါပါသလား?'

'မပါပါဘူးဘုရား'

http://www.dhammadownload.com

'ဘယ်သူခံစား?'

'ဝေဒနာကခံစားပါတယ်ဘုရား'

'ဒါဖြင့် ခံစားတဲ့အလုပ်က ဝေဒနာ၊ ဖောက်ပြန်တဲ့အလုပ်က'

'ရူပ်ရဲ့အလုပ်ပါဘုရား'

' "ငါ"ဝင်ရှုပ်လို့ ရှုပ်နေကြတာ'

'မှန်လှပါဘုရား'

'အခု ငါမပါပါလားဆိုတော့ ဖောက်ပြန်လိုက် ပျက်စီးလိုက်၊ ခံစားလိုက် ပျက်စီးလိုက်ကို ကောင်းစွာဉာဏ်ရောက်သွားတဲ့အတွက်ကြောင့်မို့လို့ သံယောတော်တွေဟောတဲ့တရား ဉာဏ်ထဲရောက်တဲ့အသိ ကိန်းသွားရင် ဒီပုဂ္ဂိုလ် သေပေါက်သေဝရောက်သွားလည်းပဲ နှလုံးသွင်းလို့ စုတိစိတ်ကျသွားရင် အဲဒီပုဂ္ဂိုလ်သည် ပုထုဇဉ်ဖြစ်ခဲ့ရင် အောက်သံယောဇဉ် (၅) ပါးကို ပယ်သတ်ပြီးတော့ အနာဂါမ်အဖြစ်နဲ့ ဘဝကို လှလှပပလေး အနိုင်ရသွားတယ်'

'မှန်ပါတယ်ဘုရား'

'တချို့တချို့ သေခါနီးမှာ ဒီတရားတွေကို ကောင်းစွာ နှလုံးသွင်းတဲ့အတွက်ကြောင့်မို့လို့ ကိုယ်လက်လေးတွေကွေးလို့ ဆန့်လို့ရတယ် ဆိုတာလေး မလာဘူးလား?'

'လာပါတယ်ဘုရား'

'သက်သေအရာက တရားက ပြတာနော်'

'မှန်ပါတယ်ဘုရား'

'ဒါကြောင့် တရားနာရတဲ့အကျိုး ကြီး မကြီး?'

'ကြီးပါတယ်ဘုရား'

'ဒီလို တရားနာပြီးတော့ နာရုံနဲ့ရလားဆိုမဟုတ်ဘူး၊ နာတယ်လို့သိတဲ့အသိကို ဘယ်မှာဉာဏ်ဆိုက်ရမှာ'

'ခန္ဓာမှာပါဘုရား'

http://www.dhammadownload.com

'အဲဒီလိုဥာဏ်ဆိုက်လိုက်တဲ့အတွက် ခန္ဓာထဲမှာရှိတဲ့တရားကို ကောင်းစွာသိသွားလို့ သေကာနီးမှာ ပုထုဇဉ်ဖြစ်ခဲ့ရင်လည်း ဒီအသိလေးကိန်းပြီးတော့မျှားစုတိစိတ် ကျသွားခဲ့ရင် အဲဒီပုဂ္ဂိုလ် ပုထုဇဉ်ကနေ သေကာနီးမှာ အရိယာအဖြစ်ကို တရားကစောင့်ရှောက်သွားတယ်'

'မှန်ပါတယ်ဘုရား'

'အရိယာဖြစ်ခဲ့ရင်လည်း အချိန်မီ ဒီတရားကို နာလိုက်ရမယ်ဆိုရင် အဲဒီပုဂ္ဂိုလ်သည် ခန္ဓာဥာဏ်ရောက်ပြီး ရဟန္တာအဖြစ်နဲ့ အထက်သံယောဇဉ် (၅) ပါးကို ပယ်သတ်ပြီးတော့ ပရိနိဗ္ဗာန်ပြုရမယ်ဆိုတော့ သံယာတော် အရှင်သူမြတ်တွေဟောတဲ့တရား နာရခြင်းသည်ပင်လျှင် အကျိုးဘယ်နှစ်မျိုးထပ်ရ?'

'နှစ်မျိုးထပ်ရပါတယ်ဘုရား'

'ကဲ-မိမိတို့က အဲဒီလို တရားနာရပြီးတော့မှ သြော်-ငါတို့ဆရာတော်တွေကို အားကိုးတယ်ဆိုပြီး ငါမကျန်းမာရင် အဲဒီဆရာတော် ပင့်ပေးနော် မှာထားပေါ့နော်'

'မှန်ပါတယ်ဘုရား'

'အဲဒီလို မှာထားပြီးတော့ ကိုယ်က သေပေါက်သေဝရောက်ပြီ မရှုမလှုခံစားနေရပြီ၊ ငါ့ကို သွားပင့်ပေးစမ်းပါ၊ ဟိုက သွားပင့်လိုက်တာ လမ်းတောင်မရောက်သေးဘူး ကိုယ်ကသေသွားပြီ၊ အဲလိုဆိုတော့ တရားနာရပါ့မလား?'

'မနာရပါဘူးဘုရား'

'ဒါဖြင့်ရင် ဘုရားကလည်း ပရိနိဗ္ဗာန်ပြုသွားတဲ့အတွက်ကြောင့်မို့လို့ ကိုယ်က ဘုရားတရားကို နာဖို့ကလည်း ငုံ့လင့်လို့ မရတော့ဘူး၊ သံယာတော် အရှင်သူမြတ်တို့ကလည်း ကိုယ်က မကျန်းမာဖြစ်တဲ့အခါမှာ ပင့်ဖို့ဆိုတာကလည်း ချက်ချင်းမလွယ်သေးဘူး'

'မှန်ပါတယ်ဘုရား'

http://www.dhammadownload.com

'အဲဒီလို မလွယ်သေးတဲ့အခါမှာ ချက်ချင်းလက်ငင်း သေနိုင်မှာဖြစ်တဲ့ အတွက်ကြောင့်မို့လို့ ယနေ့နာရတဲ့တရားကို ကိုယ်က လက်တွေ့ ကျင့်ကြံပြီး တော့ အရယူထားမယ်ဆိုရင် ပိုမကောင်းဘူးလား?'

'ကောင်းပါတယ်ဘုရား'

'ဒါကြောင့် -

"နာပြီးတရား ပြန်ရှုပွား၊ ကျိုးများ နှစ်ပါးရလေသည်"

'အခုနာကြားထားတဲ့တရားတွေ နာပစ်မလုပ်ဘဲနဲ့ ခန္ဓာမှာပြတိုင်းပြတိုင်း ကို သတိထားပြီး ကိုယ်နဲ့ခန္ဓာကို ခွဲခြားပြီးတော့ သိအောင်ကြိုးစားမယ်၊ ဒီခန္ဓာ လေးကို သဘောပေါက်ပြီး ဒီအာရုံပြုတိုင်းပြုတိုင်းမှာ ခံစားတဲ့ဝေဒနာလေး ကို ဥာဏ်လိုက်မယ်ဆိုရင် ဩော-ဝေဒနာကလည်း ဝေဒနာအလုပ်လုပ်နေပါ လား၊ ရုပ်ကလည်း ရုပ်အလုပ်လုပ်နေပါလား၊ သူ့အလုပ်လုပ်ရင်းနဲ့ ဖောက်ပြန် ပျက်စီးနေတယ်၊ ခံစားမှုကလည်း ခံစားလိုက် ပျက်စီးလိုက်နဲ့ ပျက်နေတာကို ကိုယ့်သန္တာန်မှာ နာကြားတဲ့အတိုင်း အသိကိန်းအောင်များ ရှုမှတ်ပွားများရင် ကိုယ့်သန္တာန်မှာ အလေ့အကျင့်တွေ ရမလာဘူးလား?'

'ရလာပါတယ်ဘုရား'

'အဲဒီလိုနဲ့ ကိုယ့်သေပေါက်သေဝရောက်နေလည်းပဲ ဆရာတော်ကို ပင့်ပေးပါလို့ အာရုံများစရာအကြောင်းမရှိတော့ဘူး'

'မှန်ပါတယ်ဘုရား'

'သိတဲ့တရားလေးနဲ့ကို နှလုံးသွင်းသွားရင် အဲဒီအချိန်မှာ ပုထုဇဉ်ဖြစ်နေ ပါစေ၊ သေပေါက်သေဝရောက်တဲ့အခါမှာ ကိုယ်နာထားတဲ့တရားလေးကို ပြန်လည်ရှုပွား နှလုံးသွင်းသွားရင် စုတိကျတဲ့အခါမှာ အောက်သံယောဇဉ် (၅) ပါးကို ပယ်သတ်ပြီးတော့ အနာဂါမ်ဘဝနဲ့ ဘဝကို လှလှပပနဲ့ အသေ ကောင်း သေသွားနိုင်တယ်၊ အရိယာဖြစ်ခဲ့မယ်ဆိုရင်လည်းပဲ ဒီတရားလေးကို နှလုံးသွင်းပြီးတော့ သေသွားခဲ့ရင် ရဟန္တာအဖြစ်နဲ့ ပရိနိဗ္ဗာန်ပြုနိုင်တယ်ဆိုတော့ အားထုတ်ထားတဲ့ စွမ်းအားသည်လည်း အကျိုးဘယ်နှစ်မျိုးပေါ်လဲ?'

'နှစ်မျိုးပေါ်ပါတယ်ဘုရား'

http://www.dhammadownload.com

'တရားနာခြင်း၊ အားထုတ်ခြင်းရဲ့အကျိုးသည် သံသရာမှာ အပါယ်တံခါးပိတ်ပြီး နိဗ္ဗာန်ကို ကောင်းစွာမျက်မှောက်ပြုနိုင်ပါလားဆိုတာကို ဖဂ္ဂုန ရဟန်းတော်လေး အကြောင်းပြုပြီး ဘုရားရှင်ကိုယ်တော်မြတ်ကြီးက အားရဖွယ်ဖြစ်အောင် မဟောသွားဘူးလား?'

'ဟောသွားပါတယ်ဘုရား'

'ယနေ့ ဒီတရားကော မနာရဘူးလား?'

'နာရပါတယ်ဘုရား'

'နာရတဲ့အတွက်ကြောင့်မို့လို့ ဩော-ကိုယ်က မကျန်းမမာဖြစ်လို့မျှားမေ့သွားရင် လိုက်ပင့်ဖို့က အဝေးကြီး မလွယ်ဘူးနော်'

'မှန်ပါတယ်ဘုရား'

'ဒါဖြင့် ဒီတရားခွေလေး မရှိဘူးလား?'

'ရှိပါတယ်ဘုရား'

'အချိန်မီပြန်နာလိုက်ရင် ချက်ချင်း အသေမကိန်းဘူးလား?'

'အသေကိန်းပါတယ်ဘုရား'

'မကျန်းမမာဖြစ်တိုင်း ဒီတရားခွေလေးဖွင့်နာလိုက်ပါဆိုတာ အလကားပြောတာမဟုတ်ဘူးနော်'

'မှန်လှပါဘုရား'

'ကဲ-ကိုယ်က အိပ်ရာထက်ကနေ နာရမှာလား?'

'မဟုတ်ပါဘူးဘုရား'

'ခန္ဓာကိုယ်ကြီးရှိကတည်းကိုက ကျန်းမာတဲ့ အချိန်ရယ်လို့ မရှိပါဘူး'

'မှန်ပါတယ်ဘုရား'

'မကျန်းမာတဲ့အချိန်တွေပဲ ဒီလိုဆိုရင် မကျန်းမာတိုင်း နာဆိုတော့ အချိန်တိုင်းနာဖို့ သတိပေးလိုက်တာ'

'မှန်လှပါဘုရား'

http://www.dhammadownload.com

'ရှင်းကောရှင်းရဲ့လား၊ အေး-ဖဂ္ဂုနရဟန်းတော်လေးကို နမူနာထားပြီး တော့မှ ကိုယ့်သန္တာန်ပြနေတဲ့တရားတွေ ခေါင်း ကိုယ် ခြေ လက် ဘယ်နေရာပဲ ပေါ်ပေါ် တစ်ကိုယ်လုံးတစ်ကောင်လုံးမှာ နာကျင်နှိပ်စက်မှုတွေ ပြနေရင် ဝေဒနာလား ရောဂါလား?'

'ရောဂါပါဘုရား'

'ရောဂါဆိုတာ ပုဂ္ဂိုလ် သတ္တဝါလား ရုပ်လား'

'ရုပ်ပါဘုရား'

'အဲဒီလိုသိရင် ဒိဋ္ဌိသံယောဇဉ်ကြီး ပြတ် မပြတ်?'

'ပြတ်ပါတယ်ဘုရား'

'ဒါဖြင့် ပိုင်းခြားသိရမယ့်တရားလေးက ပုဂ္ဂိုလ် သတ္တဝါမဟုတ်တဲ့ ခန္ဓာ ဆိုတော့ ဘာသစ္စာ?'

'ဒုက္ခသစ္စာပါဘုရား'

'ဟော-ဉာဏ်ကအာရုံပြုပြီး သိလိုက်တဲ့အတွက် သစ္စာနဲ့ဉာဏ်နဲ့ပေါင်း'

'သစ္စာဉာဏ်ပါဘုရား'

'ခန္ဓာတစ်ခုခု ပေါ်တိုင်းပေါ်တိုင်းမှာ သစ္စာဉာဏ်ရနေတယ်'

'မှန်ပါတယ်ဘုရား'

'အဲဒီသဘောလေးကိုကြည့်လိုက်ရင် ဖောက်ပြန်လိုက် ပျက်စီးလိုက်၊ ဖောက်ပြန်လိုက် ပျက်စီးလိုက် တစ်ကိုယ်လုံးမှာ ရုပ်တရားလေးတွေ မွမ္ဘရွရ ပျက်နေတာကို မြင်လိုက်တဲ့ဉာဏ်သည်ပင် ဖြစ်ပျက်ရဲ့ ဒုက္ခသစ္စာကို ပိုင်းခြား သိတဲ့ဉာဏ်က မဂ္ဂသစ္စာလို့ ခေါ်မထားဘူးလား?'

'ခေါ်ထားပါတယ်ဘုရား'

'အရှိန်နဲ့အသိ ကိုက်တိုင်း ကိုက်တိုင်းမှာ သံယောဇဉ်တွေချည်သေးလား?'

'မချည်တော့ပါဘူးဘုရား'

'သံယောဇဉ်မချည်ရင် ကိလေသဝဋ် ပြတ်သွားပြီ'

'မှန်ပါတယ်ဘုရား'

http://www.dhammadownload.com

'ကိုလေသဝင်ရှုပြတ်သွားရင် ကမ္မဝင်ရှု လာအုံးမလား?'

'မလာတော့ပါဘူးဘုရား'

'ဝိပါကဝင်ရှု အကျိုးပေးလွဲသွားပြီ'

'လွဲပါတယ်ဘုရား'

'ဝင်ရှုသုံးပါးပြတ်သွားပြီ'

'မှန်ပါတယ်ဘုရား'

'အရှိန်နဲ့အသိ ကိုက်သွားရင် တန်ဖိုးရှိတယ်နော်'

'မှန်ပါတယ်ဘုရား'

'အဲဒီလို ရူပ်ကထင်ရှားရင် ရူပ်ကိုဉာဏ်လှည့်သလို ကိုယ့်ရဲ့နာမ်ဓမ္မ အပိုင်းမှာ ခံစားမှုလေးကထင်ရှားရင် ခံစားမှုကို ဉာဏ်လှည့်၊ သိမှုလေးက ထင်ရှားရင် သိမှုကို ဉာဏ်လှည့်၊ ဒါဖြင့်စိတ်ဆိုတဲ့ နာမ်တရားကလည်း ပေါ်တဲ့ နေရာမှာ ချုပ် မချုပ်?'

'ချုပ်ပါတယ်ဘုရား'

'ပေါ်တဲ့ နာမ်သည် ငါလား သူလား ခန္ဓာလား?'

'ခန္ဓာပါဘုရား'

'ခန္ဓာလို့ သိလိုက်ရင် ခန္ဓာက ဘာသစ္စာ?'

'ဒုက္ခသစ္စာပါဘုရား'

'နောက်ကဉာဏ်လိုက် သစ္စာဉာဏ်လေး ပေါ်မပေါ်?'

'ပေါ်ပါတယ်ဘုရား'

'အဲဒီလိုကြိုးစားသွားရင် ရှေ့ကနေကိုက်တဲ့အတွက် ဖြစ်ပျက်တွေ မြင်ရင် သြော်-ဖြစ်ပျက်က ဒုက္ခသစ္စာ၊ နှိပ်စက်နေတာ တယ်ပြီးကြောက်စရာ ကောင်းပါလားလို့ ဉာဏ်ကသာ ကိန်းလိုက်စမ်းပါ။ ကိုယ့်သန္တာန်တရား ကိန်း မသွားဘူးလား?'

'ကိန်းသွားပါတယ်ဘုရား'

http://www.dhammadownload.com

'နာမ်ကို ရှုရင်းနဲ့လည်းပဲ ဒုက္ခသစ္စာကို သိတဲ့ဉာဏ် မဂ္ဂင်က နောက်က ချည်နှောင်လာမယ့် သံယောဇဉ်တွေကို ဖြတ်လိုက်ပြန်ပြီဆိုတော့ ကိလေသ ဝဋ်၊ ကမ္မဝဋ် ပြတ်သွားပြန်ပြီ၊ ဝိပါကဝဋ် အကျိုးပေးပါအုံးမလား?'

'မပေးပါဘူးဘုရား'

'အဲဒီလိုနဲ့ ဘုရားဖူး၊ တရားနာခဲ့တာ၊ သံယာဖူးတရားနာခဲ့တာတွေ ကိုယ့်ရဲ့သန္တာန် ဗဟုသုတတွေစုံသွားတဲ့အတွက် ကိုယ်ကိုယ်တိုင်က အားထုတ်ကျင့်ကြံလာတော့ အရှိတရားတွေပေါ်မှာ အသိဉာဏ်မှန်တွေကိန်းပြီး အလုပ်စခန်းမှာ ခရီးပေါက်တဲ့ ပုဂ္ဂိုလ်တွေ ကိုယ့်လုပ်ငန်းတွေက မျှားပြားနေလို့ အရိယာမဖြစ်ခဲ့သေးရင်လည်း သေပေါက်သေဝ အာစိဏ္ဏကံ စွဲမြဲပြီးတော့ ပြန်ပြန်မျှား အလေ့အကျင့်လုပ်လို့ ကြိုးစားလိုက်မယ်ဆိုရင် အချိန်မီတာက သေသွားရင်တောင်မှ သေနည်းကောင်းနော်'

'မှန်လှပါဘုရား'

'ကဲ ပုထုဇဉ်ဖြစ်ခဲ့ရင် အောက်သံယောဇဉ်ငါးပါးကို ပယ်သတ်ပြီးတော့ လက်လေးတွေ၊ ခြေထောက်လေးတွေ ချိုးလို့ကွေးလို့ရတဲ့အထိကိုပင် တရားကစောင့်ရှောက်သွားတဲ့ ပျော့ပျောင်းမှုလေးတွေ အလကားမမှတ်နဲ့၊ သံယောဇဉ်တွေ အောက်သံယောဇဉ်ပယ်ပြီးတော့မှ ဘဝကိုအဆုံးသတ်သွားတာဖြစ်တဲ့အတွက် အနာဂါမ်ဘဝကို ပုထုဇဉ်ဖြစ်ရင် ကျေးဇူးများလောက်အောင်ကို အထောက်အပံ့ကောင်း ရ မရ?'

'ရပါတယ်ဘုရား'

'အရိယာဖြစ်မယ်ဆိုရင် နှလုံးသွင်းလိုက်လို့ ရဟန္တာဖြစ်လိုက်ရင် ပရိနိဗ္ဗာန် ပြုရ မပြုရ?'

'ပြုရပါတယ်ဘုရား'

'ဘာနဲ့ဘာကွဲလို့?'

'ရုပ်နဲ့နာမ်ကွဲလို့ပါဘုရား'

http://www.dhammadownload.com

'ဝေဒနာနဲ့ ငါမရောဘူး၊ ရှုပ်နဲ့ဝေဒနာကွဲတယ်၊ ကိုယ်နဲ့ခန္ဓာလည်း ရှင်းသွားလို့ဆိုရင် မမှန်ဘူးလား?'

'မှန်ပါတယ်ဘုရား'

'အဲဒီသဘောလေးကို ပိုင်အောင်ကြိုးစားပြီးတော့ ကိုယ့်ကိုယ်ကို ကယ်နိုင်ကြပါစေလို့ တိုက်တွန်းရင်းပဲ သာဓုသုံးကြိမ်ခေါ်ပြီး တရားပွဲကို အဆုံးသတ်လိုက်ကြရအောင်'

(သာဓု . . . သာဓု . . . သာဓု)

http://www.dhammadownload.com

ဇနီးဘာလုပ်နေကြတာလဲ?

တရားတော်



http://www.dhammadownload.com

http://www.dhammadownload.com

နေ့စဉ်ဘာလုပ်နေကြတာလဲ တရားတော်

သာသနာတော်နှစ် (၂၅၅၁)ခုနှစ်၊ ကောဇာသက္ကရာဇ် (၁၃၆၉) ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၁၁) ရက်၊ ခရစ်နှစ် (၂၀၀၇) ခု၊ ဒီဇင်ဘာလ (၅) ရက်နေ့၊ ရှမ်းပြည်နယ်တောင်ပိုင်း၊ မိုင်းရှားမြို့နယ်၊ ဝမ်ကမ်ဒေသ၊ စျေးသစ်နယ်မြေ၊ ထေရဝါဒ ဗုဒ္ဓသာသနာပြန့်ပွားရေးအဖွဲ့၊ သစ္စာဓမ္မာရုံမှာ (၁၀) ရက်တိုင်တိုင် ကျင်းပပြုလုပ်တဲ့ ဓမ္မဒါန တရားအလှူ အမတဒါန အမြိုက် နိဗ္ဗာန်အလှူ ပေးလှူတဲ့ပွဲမှာ (၇) ရက်မြောက်နေ့ နံနက်ပိုင်း တရားအဖြစ် ဟောကြားအပ်သော **" နေ့စဉ်ဘာလုပ်နေကြတာလဲ တရားတော်"**။

ဒီတရားတော်ကို မဟောကြား၊ မနာကြားမီမှာ တရားပိုင်ရှင် ဖြစ်တော်မူသော မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးကို နမောတဿသုံးကြိမ်နဲ့ ညီညီညာညာ ပူဇော်ကြရအောင် -

(နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ)[1]

'ဘုရားရှင်ကိုယ်တော်မြတ်ကြီးကို ရှိခိုးကြည်ညိုပြီးတဲ့နောက် တစ်နေ့ တစ်နေ့ ကုန်ဆုံးသွားတိုင်း မိမိတို့အားလုံး ဘာတွေလုပ်ပြီးတော့ ပြီးခဲ့ကြတယ်

http://www.dhammadownload.com

ဆိုတာလေးကို သဘောပေါက်ပြီးတော့ လုပ်သင့်လုပ်ထိုက်တဲ့ အလုပ်လေး တွေကိုလည်း အချိန်မီပြန်ပြောင်းပြီး ကြိုးစားလုပ်နိုင်အောင် နေ့စဉ်နဲ့အမျှ ကိုယ့်မှာ ကုန်သွားတဲ့အချိန်တွေကို ပြန်ပြောင်းပြီး စေ့စေ့ တွေးကြည့်ရင် စားဖို့၊ ဝတ်ဖို့ နေဖို့ ကြိုးစားရုန်ကန်ပြီးတော့ အချိန်တွေကို မပေးခဲ့ရဘူးလား?'

'ပေးခဲ့ရပါတယ်ဘုရား'

'စားဖို့ရှာတဲ့အချိန်၊ ဝတ်ဖို့ရှာတဲ့အချိန်၊ နေဖို့ရှာတဲ့အချိန်၊ စားဝတ် နေရေးပြဿနာအတွက်ကို ပြေလည်အောင်ဆိုပြီးတော့ ယနေ့ ဘဝ သက်တမ်းရောက်သည့်တိုင်အောင်ကို အချိန်တွေပေးပြီးတော့ ကုန်ဆုံးခဲ့သမျှ စားဖို့အတွက်ကို ငါတို့ပြည့်စုံအောင် အလုပ်လုပ်နေတာ၊ ဝတ်ရေး နေရေး အတွက်ကို ပြည့်စုံအောင်လုပ်နေတာ ငါတို့မိသားစု လူချင်းတူတူ သူချင်းမျှမျှ နေဖို့အတွက်ကို ကြိုးစားရုန်းကန်နေတာ အပြောကတော့ ဟုတ်တယ် မှန်ပါတယ်၊ မရှာရဘူးလား ဆိုတာလည်းရှာပါ၊ ဒါက လောကီမှာ ရှာဖွေရင်း ကနေ အဆင်ပြေရင်ပြေသလိုနေကြ၊ အဆင်မပြေရင်လည်းပဲ ဒီနေရာကို ပစ်ပယ်ပြီးတော့ တခြားကောင်းတဲ့ နေရာလေးကိုရွှေ့ပြောင်းပြီးတော့ မနေကြဘူးလား?'

'နေကြပါတယ်ဘုရား'

'အဲဒီလိုနဲ့ပဲ ဘဝသက်တမ်းတွေကို ကုန်ဆုံးခဲ့တာဟာ ဘဝတိုင်း ဘဝတိုင်းမှာပါ၊ ယနေ့ပစ္စုပ္ပန်မှာလည်း ဒီအတိုင်းနဲ့ ကုန်သွားရင် ငါတို့အတွက် ဟောဒီလောကမှာတော့ မြင်တွေ့နေရတဲ့အိမ်တွေကို တစ်လုံးပြီးတစ်လုံး ကိုယ်ကဆောက်ပြီးတော့ သြော်-နေချင်တဲ့အခါမှာ ဒီနေရာလေးမှာ အဆင်ပြေ ရင်နေ မနေချင်တဲ့အခါကျတော့ ဒါလေးကို စွန့်ခွာပြီးတော့ တစ်နေရာမှာ ပြောင်းပြီးတော့ နေကြနဲ့၊ အဲဒီလို ပြောင်းပြောင်းပြီးနေလာခဲ့သလိုပဲ ဘဝ သံသရာမှာလည်းပဲ အပါယ်လေးဘုံမှာ နေခဲ့လိုက်၊ လူ့ဘုံမှာ ခဏလာနေလိုက်၊ ပြီးရင်တစ်ခါ အပါယ်လေးဘုံပြန်သွားလိုက်၊ နတ်ဘုံကို ခဏလာနေလိုက် ပြီးရင်အပါယ်လေးဘုံပြန်သွားလိုက်နဲ့ ဒီလိုနဲ့ပဲ စုန်ချည်ဆန်ချည်နဲ့ မနေခဲ့ရ ဘူးလား?'

'နေခဲ့ရပါတယ်ဘုရား'

http://www.dhammadownload.com

'အဲဒီနေခဲ့တဲ့အရပ်တွေကို ပြန်ပြောင်းပြီးတော့ ငါတို့ ဘာကြောင့်များ နေရသလဲ၊ အဆင်ပြေလို့ နေရသလား၊ အဆင်မပြေလို့နေတာလား ဆိုတာ လေးကို ပြန်ကြည့်ရမှာပေါ့'

'မှန်လှပါဘုရား'

'အခုဒီမှာလာနေတာက ဘာကြောင့်လာနေတာလဲ ဖြေကြည့်စမ်းပါ အုံး၊ အဆင်ပြေလို့လာနေတာပေါ့နော်'

'မှန်လှပါဘုရား'

'အဆင်မပြေရင် မခွဲခွာဘူးလား, ခွဲခွာရမှာလား?'

'ခွဲခွာရမှာပါဘုရား'

'အဲဒီ နေနေတဲ့ဘဝ ဟောဒီ ပစ္စုပ္ပန်မှာ ပြန်ကြည့်တော့ ကိုယ်ရောက် နေတဲ့လူ့ဘဝမှာ သွားရမဲ့အနာဂတ် ခရီးအတွက် အခု လျှောက်လှမ်းရမယ့်ဘဝ တိုးတက်ရာ တိုးတက်ကြောင်းတွေကို ကြိုးစားနေသလိုပဲ၊ အနာဂတ်သံသရာ သွားရမယ့်လမ်းခရီးအတွက်လည်းပဲ ကြိုးစားပြီးတော့ ဖြည့်ဆည်းနေကြတဲ့ အပိုင်းမှာ တစ်နေ့တစ်နေ့ ငါတို့ ဘာတွေများလုပ်ခဲ့သလဲဆိုတာလေးကို သိစေချင်တာပါ၊ ဟောဒီပစ္စုပ္ပန်မှာ စားဖို့ရှာကြတယ်၊ ဝတ်ဖို့ရှာကြတယ်၊ နေဖို့ရှာကြတယ် မရှာလို့မရဘူး ရှာတော့ ရှာရမှာပဲ၊ အဲဒီမှာနေကြတဲ့အတွက် ကိုယ့်မှာ တစ်နေ့တစ်နေ့ ကုန်ဆုံးသွားတဲ့ အချိန်တိုင်းမှာ လိုချင်မှုတွေနဲ့ ထုံဖွဲ့ ထားလို့ တစ်နေ့တစ်နေ့ ကိုယ့်စိတ်ကို ကိုယ်သုံးသပ်ကြည့်ရင် လောဘတွေ မရှိဘူးလား?'

'ရှိပါတယ်ဘုရား'

'တစ်နေကုန် ရှာနေသမျှ ဘာနဲ့ရှာ'

'လောဘနဲ့ရှာပါတယ်ဘုရား'

'ဒါဖြင့် တစ်နေ့ တစ်နေ့ လောဘအုပ်ချုပ်တဲ့ဂံတွေကော နည်းလား, များလား?'

'များပါတယ်ဘုရား'

http://www.dhammadownload.com

'အဲဒီကံတွေစုထားပြီဆိုရင် ကမ္မဘဝပစ္စယာ'

'ဇာတိပါဘုရား'

'ဒီဇာတိက ဘယ်သူအုပ်ချုပ်တဲ့ဇာတိလဲမေးရင် လောဘတဏှာ အုပ်ချုပ်တဲ့ ဇာတိ'

'လောဘတဏှာအုပ်ချုပ်တဲ့ဇာတိပါဘုရား'

'ဒီလိုဆိုရင် ကိုယ့်ရဲ့ အဲဒီကတိလေးကို သေသေချာ'ချာ မြင်ကွင်းလေးကို ကျယ်အောင် ဖွင့်ကြည့်ကြရအော ်ဆိုရင် -

"လောဘနဲ့သေ ပြိတ္တာပြေ(ပြည်)၊ ရောက်လေမျှားသည်သာ"

'ယနေ့ရောက်နေတာက တခြားလား, လူ့ဘုံလား?'

'လူ့ဘုံမှာပါဘုရား'

'မြင့်မြတ်တဲ့ဘဝကိုရနေတာ'

'မှန်လှပါဘုရား '

'အဲဒီဘဝကိုရောက်နေပေမယ့် အဖိုးတန်လှတဲ့ သာသနာတွင်းကြီးကို ကျောခိုင်းပြီးတော့မှ ဒီသား, ဒီသမီး ဒီစည်းစိမ်ဥစ္စာအတွက်နဲ့ နေ့စဉ်နေ့စဉ် ရှုန်းကန်ပြီးတော့မှ လောဘရဲ့ ခိုင်းစေရာနောက်မှာ ကုန်ဆုံးခဲ့တဲ့အချိန်တွေ မရေမတွက်နိုင်အောင်များခဲ့ပြီ၊ အဲဒီများခဲ့တဲ့အပိုင်းအခြားမှ ကိုယ်က သေသွားခဲ့မယ်ဆိုရင် လောဘအုပ်ချုပ်တဲ့ ကံတွေရဲ့ ပေးပို့ရာဖြစ်တဲ့ ဇာတိမပေါ်မှာလား ပေါ်မှာလား?'

'ပေါ်မှာပါဘုရား'

'အဲဒီဇာတိကို သေချာအခုဖွင့်ကြည့်လိုက်တော့ ပြိတ္တာဘုံကမျှားတယ်၊ ငရဲ တိရစ္ဆာန်ဘုံကလည်းပဲရောက်အုံးမှာ၊ ဟောဒီ လောဘနဲ့သေရင် ပြိတ္တာဘုံက သေချာတယ်၊ အဲဒီပြိတ္တာဘုံကို အရောက်မျှားသလို အနည်းစုက ဘယ်ကို ရောက်လဲမေးရင် ငရဲ တိရစ္ဆာန်ဖြစ်မယ်ဆိုတော့ လောဘနဲ့သေရတဲ့ ဘဝအကျိုး မျှားလား, နည်းလား?'

'နည်းပါတယ်ဘုရား'

http://www.dhammadownload.com

'ဘယ်လောက်တောင်နည်းလဲဆိုတော့ ကောင်းကျိုးတွေ ဆုံးရှုံးသွားပြီ'

'မှန်လှပါဘုရား'

'အဲဒီတော့ ဟောဒီ ပြိတ္တာဘုံကို တစ်နေ့တစ်နေ့ လောဘတွေ ဖြစ်တိုင်း ဖြစ်တိုင်းမှာ ကိုယ်နေရတဲ့ အိမ်လေးက အဆင်မပြေဘူး၊ အဆင်ပြေတဲ့နေရာမှာ သွားပြီးတော့ အိမ်တစ်လုံး ဆောက်သလိုပဲ၊ အခုလူ့ဘဝမှာနေရတာ အဆင်ပြေပုံမရဘူးထင်တယ်၊ လောဘလေးတွေနဲ့ တစ်နေ့တစ်နေ့ ပြိတ္တာဘုံကို လှမ်းလှမ်းစောင့်နေတာက ကြည့်ကောင်းလား?'

'မကောင်းပါဘူးဘုရား'

'တစ်နေ့ထဲလား နေ့တိုင်းလား?'

'နေ့တိုင်းပါဘုရား'

'ဘယ်ကိုလှမ်းနေရာယူ'

'ပြိတ္တာကို လှမ်းနေရာယူပါတယ်ဘုရား'

' ဒီကျောက်ဆောင်ကြီး တစ်တောင်လုံးကို သူတော်စင်များ ကန်ထရိုက်ရရင်မကောင်းဘူးလား၊ အခုလည်း ပြိတ္တာဘုံကို ဘာသွားလုပ်ထားလဲ၊ ကန်ထရိုက်ဆွဲထားတာ ဘာလုပ်ထားတာလဲ'

'ကန်ထရိုက်ဆွဲထားတာပါဘုရား'

'အဲမှာ ကျောက်တွေထွက်လို့လား၊ ဘာလို့မျှား ဒီလောက်တောင် သွားယူထားတာလဲ၊ လောဘနဲ့သေရင် ဘယ်သွားရမှာလဲ'

'ပြိတ္တာဘုံပါဘုရား'

'ကဲ-တစ်နေ့တစ်နေ့ အဲဒီလိုပဲ အချိန်မပေးဘူးလား, ပေးခဲ့လား?'

'ပေးခဲ့ပါတယ်ဘုရား'

'ကဲ-ဒီလိုနဲ့အဆင်ပြေတာရှိသလို အဆင်မပြေတာကော မရှိဘူးလား?'

'ရှိပါတယ်ဘုရား'

http://www.dhammadownload.com

'အဆင်မပြေရင် ဒေါသအုပ်ချုပ်ပြီးတော့ မိမိမှာ စိတ်ဆိုးမာန်ဆိုးနဲ့ အနှိပ်စက်ခံရတာတွေလည်း များလှပြီ၊ အဲဒီလို ဒေါသအုပ်ချုပ်တဲ့ကံနဲ့များ လုပ်ရင်းနဲ့သေသွားရင် ကမ္မ ဘဝပစ္စယာ ဇာတိဆိုပြီးတော့ ဒေါသအုပ်ချုပ်တဲ့ ကံရဲ့ပို့ရာ ဇာတိကော မပေါ်ဘူးလား ?'

'ပေါ်ပါတယ်ဘုရား'

"ဒေါသနဲ့သေ ငရဲ(ပြေ)ပြည်၊ ရောက်လေများသည်သာ"

'ဒေါသနဲ့သေဘယ်ရောက်လဲ'

'ငရဲပြည်ရောက်မှာပါဘုရား '

'လက်ရှိရတာက လူ့ဘဝ မြင့်မြတ်တဲ့ဘဝကနေပြီး တစ်နေ့တစ်နေ့ ဒေါသတွေဖြစ်ရင် ဘယ်မှာ သွားနေရာယူလဲမေးရင်'

'ငရဲပြည်မှာပါဘုရား'

'ဒါဘယ်က လှမ်းယူတာလဲ'

'လူ့ဘဝကလှမ်းယူတာပါဘုရား'

'မရဘူးလား ရလား?'

'ရပါတယ်ဘုရား'

'လွယ်လွယ်လေးရလို့ လွယ်လွယ်လေးယူနေကြတယ်'

'မှန်လှပါဘုရား'

'သူများအတွက် ကျန်သေးလား?'

'မကျန်ပါဘူးဘုရား'

'ကောင်းသားပဲ၊ ကိုယ့်အတွက် အပြည့်ပဲနော်'

'မှန်လှပါဘုရား'

'အဲဒီတော့ ပြိတ္တာဘုံမှာလည်းပဲ နေရာက မလွတ်တော့ဘူး၊ ငရဲဘုံမှာ ကလည်း အပြည့်နေရာယူထားတာ၊ ကိုယ့်သက်တမ်း တိုတိုလေးမှာ ဒီလောက် တောင်ပဲလောဘကြီးရလား၊ မသိလို့ပါ သိရင် ယူရဲပါ့မလား?'

'မယူရဲပါဘူးဘုရား'

http://www.dhammadownload.com

' အဲဒီလိုဖြစ်နေတာက အမှန်ကိုသိလို့လား, မသိလို့လား?'

'မသိလို့ပါဘုရား'

'မသိရင် မောဟလာပြန်ပြီ မောဟ အုပ်ချုပ်တဲ့ကံတွေကလည်း နေ့စဉ်လုပ်နေတာ၊ အဲဒီကံကပို့မယ့် ဇာတိကလည်း -

"မောဟနဲ့သေ တိရစ္ဆာန်(ပြေ)ပြည်၊ ရောက်လေမျှားသည်သာ"

'မောဟနဲ့သေ ဘယ်ရောက် '

'တိရစ္ဆာန်ပြည်ရောက်မှာပါဘုရား'

'တစ်နေ့တစ်နေ့ ကုန်သွားတဲ့အချိန်တွေကိုကြည့်စမ်း လောဘ၊ ဒေါသ၊ မောဟအပြည့် အဲဒီ လောဘ၊ ဒေါသ၊ မောဟတွေသာ ပြည့်နေမယ်ဆိုရင် အကျည်းတန် အရုပ်ဆိုးတာက မြင့်မြတ်တဲ့လူ့ဘုံကနေ တစ်နေ့တစ်နေ့ ငါတို့ ဘာလုပ်နေလဲမေးရင် အပါယ်လေးဘုံမှာသွားနေရာ ယူနေတယ်'

'မှန်လှပါဘုရား'

'ပေါ်သွားပြီလား?'

'ပေါ်သွားပါပြီဘုရား'

'တစ်နေ့ထဲလား နေ့တိုင်းလား၊ ညောင်-မိမိတို့က အလွန်ကို ရှာထားဖွေထားတဲ့ ဥစ္စာပစ္စည်းစုဆောင်းထားတဲ့ဟာတွေက သိပ်မျှားလွန်းအားကြီးတဲ့ အတွက်ကြောင့်မို့လို့ ဒီလောကလူ့ဘုံမှာတင်ကို ကန်ထရိုက်ဆွဲတာ အားမရတော့ အပါယ်လေးဘုံတက်ဆွဲထားတာ ဟုတ်လား?'

'မှန်လှပါဘုရား'

'နောက်ဆွဲအုံးမှာလား?'

'မဆွဲတော့ပါဘူးဘုရား'

"လူ့ဘဝကခြုံ ပါယ်လေးဘုံ၊ အကုန်တည်ဆောက်သည်"

'ကဲ-အပါယ်လေးဘုံ ဘယ်ကတည်ဆောက်တာ'

'လူ့ဘဝက တည်ဆောက်တာပါဘုရား'

http://www.dhammadownload.com

'လူ့ဘဝကနေပြီးတော့ တည်ဆောက်နေတာ ကြည့်မကောင်းဘူး ဆိုတာကို ဒီတရားနာရမှပေါ်မှာနော်'

'မှန်လှပါဘုရား'

'မိမိတို့ တစ်နေ့ တစ်နေ့ ဘာလုပ်နေကြတယ်ဆိုတာကို အခုကွက်ကွက်ကွင်းကွင်းမြင်အောင် ပြောလိုက်တော့ အဆင်မပြေလို့ ဒေါသတွေနဲ့ မကျေမနပ်ဖြစ်တိုင်းလည်း အပါယ်လေးဘုံမှာ နေရာယူတာပဲ၊ အဲဒါက အမှန်ကိုမသိတဲ့ မောဟကြောင့်ဆိုတော့ အပါယ်လေးဘုံမှာ နေ့စဉ်နေ့စဉ် ပြည့်နှက်အောင်ကို ယူထားတာက သူများအတွက်တောင် မကျန်လောက်အောင်ကို အရှုပ်ဆိုးနေပြီ'

'မှန်လှပါဘုရား'

'ဒါက ဘယ်ကနေ လှမ်းယူတာလဲ မေးတော့'

'လူ့ဘဝကပါဘုရား'

'ကဲ-လူ့ဘဝကနေပြီးတော့ လောဘဖြစ်နေရင် ဒေါသဖြစ်နေရင် မောဟဖြစ်နေရင် ကုသိုလ်လား အကုသိုလ်လား?'

'အကုသိုလ်ပါဘုရား'

'ကဲ-တစ်နေ့တစ်နေ့ ကုသိုလ်နဲ့အကုသိုလ် ဘယ်ဟာများကြ'

'အကုသိုလ်များပါတယ်ဘုရား'

'တည်ဆောက်ထားတာက အပါယ်လေးဘုံမှာ သေချာနေပြီနော်'

'မှန်လှပါဘုရား'

'ဘုရားရှေ့လက်အုပ်လေးချီမိုးပြီးတော့ တပည့်တော်တို့ဘုရား အပါယ်လေးဘုံက လွတ်ရပါလို၏လို့ ဆုမတောင်းဘူးလား?'

'တောင်းပါတယ်ဘုရား'

'ကဲ-ဆုတောင်းရုံနဲ့ မလွတ်ဘူး'

'မှန်လှပါဘုရား'

http://www.dhammadownload.com

'လောဘတွေရှိနေရင် အပါယ်လေးဘုံသွားရမှာပဲ၊ ဒေါသတွေရှိရင်လည်း အပါယ်လေးဘုံ သွားရမှာပဲ၊ မောဟတွေရှိနေရင် အပါယ်လေးဘုံ'

'သွားရမှာပါဘုရား'

'ဘုရားရှေ့လက်အုပ်တွေချီပြီးတော့ ဆွမ်းလေးတွေတင်လိုက်၊ ရေချမ်းလေး ကပ်လိုက်နဲ့ သွားပြီးတော့ အပါယ်လေးပါးက လွတ်ရပါလို့၏၊ လွတ်ရပါလို့၏လို့ ဘယ်လောက်ပဲ မျက်နှာချင်းဆိုင် တောင်းနေ,တောင်းနေ ကျောခိုင်းလိုက်တာနဲ့ ကိုယ့်အတွက်က အပါယ်လေးဘုံဖြစ်နေတယ်နော်'

'မှန်လှပါဘုရား'

' ညြော်-အဲဒါတွေဟာ အရုပ်ဆိုး အကျည်းတန်တာ မသိလို့ပါလား ငါတို့တွေသည် တစ်နေ့တစ်နေ့ မြင့်မြတ်တဲ့လူ့ဘုံကနေ အပါယ်လေးဘုံကို တည်ဆောက်နေတာ လောဘတွေ မောဟတွေ ဒေါသတွေ ဖြစ်နေရင်တော့ သေချာနေပါလား ဆိုတာပေါ့ သွားပြီ'

'မှန်လှပါဘုရား'

'ကဲ-ယနေ့ တရားပွဲတွေ ရောက်တော့ တရားတွေလာနာ၊ တရားတွေနာတော့ မိမိရဲ့သန္တာန်မှာ ဒါနကုသိုလ်လေးတွေကော မပြုရဘူးလား?'

'ပြုရပါတယ်ဘုရား'

'သီလ ကုသိုလ်တွေကော မစောင့်ထိန်းရဘူးလား?'

'စောင့်ထိန်းရပါတယ်ဘုရား'

'ဘာဝနာ ကုသိုလ်တွေကော မပွားရဘူးလား'

'ပွားရပါတယ်ဘုရား'

'ဒီအချိန်ကျတော့ ကိုယ့်သန္တာန်မှာ ဘာတွေလုပ်နေလဲမေးတော့၊ ကုသိုလ်တွေရအောင် လုပ်နေတာ'

'မှန်လှပါဘုရား'

http://www.dhammadownload.com

'အဲဒီကုသိုလ်တရားတွေကို ရအောင်လုပ်တဲ့အတွက် ဒီကုသိုလ်တရားကျတော့ ဟောနတ်ပြည်ဌာန နတ်လောကကိုလည်း ရောက်စေတယ်၊ လူ့ပြည်ဌာန လူ့လောကကိုလည်း ဖြစ်စေတယ်၊ ငြဟ္မာ့ပြည်ဌာန ငြဟ္မာလောကကိုလည်း တက်စေတယ်ဆိုတော့ ဟောဒီ လူ့ဘဝကနေပြီးတော့ နတ်ပြည်ကိုသွားချင်ရင်ကော မရဘူးလား?'

'ရပါတယ်ဘုရား'

'လူ့ဘုံကိုပြန်ချင်ရင်ကော'

'ရပါတယ်ဘုရား'

' ငြဟ္မာ့ပြည် တက်ချင်ရင်လည်း'

'ရပါတယ်ဘုရား'

'ဒါကြောင့် -

"လူ့ဘဝကခြုံ နတ်တို့ဘုံ၊ အကုန်တည်ဆောက်သည်"

'တစ်နေ့တစ်နေ့ ကိုယ်ဘာလုပ်တယ်ဆိုတာ ပေါ်လာပြီ၊ ကုသိုလ်လေးလုပ်တဲ့အချိန်သည် လူ့ပြည်၊ နတ်ပြည်၊ ငြဟ္မာပြည်ဆိုတဲ့ သုဂတိဘုံကိုရအောင် တည်ဆောက်နေတာ မိမိတို့မှာ လောဘ၊ ဒေါသ၊ မောဟတွေဖြစ်နေပြီဆိုရင်တော့ အပါယ်လေးဘုံကို တည်ဆောက်နေတာ ဘယ်က တည်ဆောက်တာလဲ မေးရင်'

'လူ့ဘုံကတည်ဆောက်ပါတယ်ဘုရား'

'ဟောဒီ ပစ္စုပ္ပန် လူ့ဘဝကနေ အနာဂတ်ကို လှမ်းတည်ဆောက်နေတာ'

'မှန်လှပါဘုရား'

'ကဲ-ဘယ်ဟာတွေ တည်ဆောက်တာများခဲ့ပြီလဲ၊ သူများကြားမှာ ကြောက်လို့လား?'

'မဟုတ်ပါဘူးဘုရား'

http://www.dhammadownload.com

'ကျယ်ကျယ်လေးပြောလိုက်စမ်းပါ'

'အပါယ်လေးဘုံ တည်ဆောက်တာ များပါတယ်ဘုရား'

'အပါယ်လေးဘုံမှာ တည်ဆောက်ထားတာသည် များပြီ၊ ဟော ဘယ်သူ့ကိုမျှား အမွှေပေးထားမလို့လဲ၊ သားသမီးတွေအတွက် မပေးချင်ဘူးလား မပေးချင်ဘူး၊ ကိုယ့်အတွက်ပဲ ယူသွားချင်တာပေါ့၊ တော်တော် မိုက်တဲ့သူတွေပါလား၊ အဲဒီလောက်ထိမိုက်ရလား၊ မသိတော့ မိုက်တာပါ သိရင်လည်း'

'မမိုက်ပါဘူးဘုရား'

'မမိုက်တော့ဘူး အဲဒီတော့ သိရင်လည်း မမိုက်တော့ပါဘူးတဲ့၊ နောက်နေ့ကစပြီးတော့ ကဲဒီမှာ တရားပွဲလည်းပြီးရော ကိုယ့်လုပ်ငန်းကို မပြန်သွားဘူးလား?'

'ပြန်သွားပါတယ်ဘုရား'

'ဘာတွေနဲ့လုပ်မှာလဲ၊ လောဘ ဒေါသ မောဟတွေနဲ့ပဲ လုပ်ဦးမှာ မဟုတ်လား?'

'မလုပ်တော့ပါဘူးဘုရား'

'မလုပ်တော့ဘူးလား၊ မလုပ်ရင်လည်းတော်တော့မှာပေါ့၊ အဲဒီတော့ လောဘ ဒေါသ မောဟတွေရှိနေသမျှ ဘယ်ကိုတည်ဆောက်နေတာ၊ အပါယ်လေးဘုံ၊ ယနေ့ကုသိုလ်တွေလုပ်တော့ ဘယ်ကိုတည်ဆောက်တာ လူ့ပြည်၊ နတ်ပြည် ဗြဟ္မာပြည်ကိုတည်ဆောက်နေတာ အဲဒီတော့ လူ့ပြည်၊ နတ်ပြည်၊ ဗြဟ္မာပြည်ကို တည်ဆောက်တာက ခဏလေးရယ်၊ အပါယ်လေးဘုံကို တည်ဆောက်ထားတာက များနေတယ်၊ ဒါဖြင့် အပါယ်လေးဘုံမှာ တည်ဆောက်ထားတဲ့ နေရာရယ်၊ လူ့ပြည်၊ နတ်ပြည်မှာ တည်ဆောက်ထားတဲ့နေရာ ဘယ်နေရာသွားနေချင်တုန်း၊ ဘယ်နေရာသွားချင်လဲပြော၊ ပြောလေ ဘယ်နားနေချင်လဲ၊ မနေချင်လို့မရဘူး၊ ကိုယ်ကတည်ဆောက်ပြီးပြီ'

'မှန်လှပါဘုရား'

http://www.dhammadownload.com

'အခုရွှေးထားအုံး၊ ဘယ်နားနေချင်လဲပြော၊ မေးလို့တောင်မရတော့ဘူး၊ နိဗ္ဗာန်ကိုသွားချင်တာ အဖွားတစ်ယောက်ထဲ နိဗ္ဗာန်သွားချင်တာ၊ ကျန်တဲ့လူတွေက သူတို့ဆောက်ထားတဲ့နေရာသွားချင်တာ၊ အဲဒီတော့ ပြန်ပြီး စဉ်းစားကြ၊ တစ်နေ့တစ်နေ့ ဘာလုပ်နေတယ်ဆိုတာ မပေါ်ဘူးလား ပေါ်ပြီလား?'

'ပေါ်ပါပြီဘုရား'

'ဒါကြောင့် -

"သူငါမျှားစွာ နေ့စဉ်မှာ၊ ကံသာပြုလုပ်နေကြသည်"

'တစ်နေ့တစ်နေ့ မိမိတို့ဘာတွေလုပ်နေလဲမေးရင် ကံတရားတွေ လုပ်နေတယ်၊ ဘာကံတွေလဲမေးတော့ ကိုယ်နဲ့ပြုတဲ့ ကာယကံ၊ နှုတ်နဲ့ပြောတဲ့ ဝစီကံ၊ စိတ်နဲ့ကြံတဲ့ မနောကံသည် ကံတွေပဲ နေ့တိုင်းလုပ်နေတာ၊ အဲဒီကံတွေကို အုပ်ချုပ်တာက လောဘ၊ ဒေါသ၊ မောဟတွေ အဲဒီလို အုပ်ချုပ်တဲ့ ကံတွေနဲ့သာ သွားနေရင်တော့ သေချာတယ်၊ အပါယ်လေးဘုံ'

'မှန်လှပါဘုရား'

'ယနေ့ မိမိတို့မှာ ဟောဒီ ကိုယ်အပြုအမူလေးတွေက ဘုရားရှိခိုးနေတယ်၊ တရားနှလုံးသွင်းနေတယ်၊ ဟော-ကာယကံအပြုအမူ မကောင်းဘူးလား?'

'ကောင်းပါတယ်ဘုရား'

'ဝစီကံက တရားနဲ့ဆက်ဆံပြီးတော့ ပြောဆိုနေရတဲ့ မေးခွန်းတွေကို လိုက်ဖြေနေရတဲ့အတွက် ကုသိုလ်မမျှားဘူးလား?'

'မျှားပါတယ်ဘုရား'

'စိတ်ကလည်းပဲ တရားနဲ့ပတ်သက်ပြီးတော့ ဘာတွေမျှား ဟောအုံးမလဲဆိုပြီး အာရုံလေးစိုက်ပြီးတော့ ညွှတ်ထားတဲ့အတွက်ကြောင့်မို့လို့၊ စိတ်အကြံကလည်း ကောင်းနေတယ်နော်'

'မှန်လှပါဘုရား'

http://www.dhammadownload.com

'ဒီအချိန် သေသွားရင်တော့ တည်ဆောက်ထားတဲ့ အပါယ်လေးဘုံကို သွားစရာအကြောင်း မရှိပါဘူး'

'မှန်လှပါဘုရား'

'လူ့ဘုံ၊ နတ်ဘုံကတော့ မသေချာဘူးလား?'

'သေချာပါတယ်ဘုရား'

'ဒါဖြင့် ဒီအချိန်လေး တန်ဖိုးရှိတာပေါ့'

'မှန်လှပါဘုရား'

'ကျန်တဲ့ အချိန်တွေက တရားနှလုံးမသွင်းဘူးပေါ့၊ တရားနှလုံးသွင်းတဲ့အချိန်တိုင်းသည် တန်ဖိုးရှိတယ်'

'မှန်လှပါဘုရား'

'တရားမေ့နေတဲ့အချိန်သည် တန်ဖိုးမရှိတော့ဘူး၊ ဒီလိုဆိုရင် မိမိတို့ရဲ့ သန္တာန်မှာ တစ်နေ့တစ်နေ့ ပြုနေကြတဲ့ ကံတရားတွေမှာ လောဘ၊ ဒေါသ၊ မောဟ အုပ်ချုပ်နေတဲ့ကံတွေဆိုရင်တော့ အကျည်းတန်သွားပြီ'

'မှန်လှပါဘုရား'

' ဩော်-တစ်နေ့တစ်နေ့ ကိုယ့်စိတ် ဘာတွေဖြစ်တယ်ဆိုတာကိုလည်း အကဲခတ်ဖို့ မလိုဘူးလား?'

'လိုပါတယ်ဘုရား'

'အခုတော့သိပြီနော်'

'မှန်လှပါဘုရား'

'မိမိတို့တစ်တွေသည် ကိုလေသာ လောဘ၊ ဒေါသ၊ မောဟရဲ့ အလိုဆိုးနောက်ကိုပါပြီဆိုရင် တစ်နေ့တစ်နေ့ အပါယ်လေးဘုံမှာ တည်ဆောက်ထားတာတွေကလည်း မရေမတွက်နိုင်အောင် မျှားနေကြပြီ၊ အမှတ်ရတဲ့ အချိန်လေးကို ကုသိုလ်လေးလုပ်လိုက်တဲ့ အချိန်ကျတော့ လူ့ပြည်၊ နတ်ပြည်လေးမှာ

http://www.dhammadownload.com

ခဏလေးလာဆောက်လိုက်တာ အဲဒီ ဆောက်တဲ့နေရာလေးကလည်း သေချာလားမေးတော့'

'မသေချာပါဘူး'

'မသေချာဘူးလား၊ ဘယ်နေရာသေချာလဲပြော၊ အပါယ်လေးဘုံတော့ သေချာနေတယ်၊အဲဒါ ဘယ်သူသွားချင်တုန်း'

'မသွားချင်ပါဘူးဘုရား'

'မသွားချင်ရင် ဆောက်ထားတဲ့အပါယ်လေး ဘုံကိုဖျက်ရမယ်'

'မှန်လှပါဘုရား'

'လူ့ပြည်၊ နတ်ပြည်ကော မနေချင်ဘူးလား?'

'နေချင်ပါတယ်ဘုရား'

'ဒါဆို ဒီနေရာမှာပဲနေတော့ အခုလူ့ပြည်၊ နတ်ပြည်လည်း ဘာသစ္စာ'

'ဒုက္ခသစ္စာပါဘုရား'

'ခုနစ်ရက်တိုင်တိုင်ဟောခဲ့တာ ဒုက္ခတစ်လုံးကို သိစေချင်လို့ ဟောတာ၊ ဒီဒုက္ခတွေကို လွတ်ချင်တဲ့နိဗ္ဗာန်ကိုရချင်လို့ ကြိုးစားတယ်ဆိုတဲ့ အဖြေလေးကို လိုချင်တာ'

'မှန်လှပါဘုရား'

'လူ့ပြည်၊ နတ်ပြည်ဆိုတာကလည်း ဒုက္ခသစ္စာဟော့. . . ဒီဘုံတွေကို တို့ဆောက်ထားတာ ဖျက်သိမ်းလို့ရတယ်၊ လူ့ပြည်၊ နတ်ပြည်ကိုလည်း ဖျက်သိမ်းလို့ရတယ်၊ အပါယ်လေးဘုံကိုလဲ ဖျက်သိမ်းလို့ ရတယ်၊ သူတော်စင်များက ဒီဇိုင်းဆန်းဆန်းတွေများ ဆောက်ထားလို့လား?'

'မဟုတ်ပါဘူးဘုရား'

'ဟော-အင်ဂျင်နီယာကောင်းတွေပေါ့နော်၊ အဲဒီတော့ ကိုယ်ဆောက်ထားတဲ့နေရာလေးတွေက လှပတယ်ဆိုရင် ဖျက်ရမှာ မနှမျောဘူးလား?'

'မနှမျောပါဘူးဘုရား'

http://www.dhammadownload.com

'ကိုယ့်အိမ်လေးကိုဆောက်ထားတာ ဒီဇိုင်းလှလှလေးဆိုတော့ တခြားနေရာပြောင်းရမှာ နှမျောနေတာကိုး၊ အခု နှမျောသေးလား?'

'မနှမျောတော့ပါဘူးဘုရား'

'အေး-မနှမျောနဲ့ အပါယ်လေးဘုံမှာ ဆောက်ထားတာတွေ အားလုံးလည်းဖျက် လူ့ပြည်၊ နတ်ပြည်မှာ ဆောက်ထားတာအားလုံးလည်းဖျက်၊ အဲဒီလိုဖျက်ချင်တယ်ဆိုရင် မိမိရဲ့သန္တာန်မှာ ယနေ့ကြိုးစားနေတဲ့ ဝိပဿနာအလုပ်သည် ကံဖြတ်တဲ့အလုပ် ဘာအလုပ်လဲ?'

'ကံဖြတ်တဲ့အလုပ်ပါဘုရား'

'ကံဖြတ်တဲ့တစ်နေ့သည် ဇာတိမသိမ်းဘူးလား?'

'သိမ်းပါတယ်ဘုရား'

'အပါယ်လေးဘုံဇာတိလည်းမရတော့ဘူး လူ့ဘုံဇာတိလည်းမရတော့ဘူး၊ အပါယ်လေးဘုံမှာ တည်ဆောက်ထားတဲ့အရာတွေကို ဖျက်သိမ်းလို့ရတာကလည်း မိမိရဲ့သန္တာန်မှာ ဝိပဿနာဉာဏ်ရှိခဲ့ရင် ကြိုးစားရင် သေချာပေါက်ပျက်မယ်'

'မှန်လှပါဘုရား'

'လူ့ပြည်နတ်ပြည်ကို မသွားချင်ဘူးဆိုရင်လည်း အဲဒီ ဝိပဿနာဉာဏ်က အဆုံးတိုင်အောင် ကြိုးစားမယ်ဆိုရင်ကော ကိုယ်တည်ဆောက်ထားတဲ့ သုဂတိဘုံကို သွားစရာလိုသေးလား?'

'မလိုပါဘူးဘုရား'

'အဲဒီလို ဘုံမှန်သမျှ ပျက်အောင်ဖျက်နိုင်တဲ့တစ်နေ့သည် နိဗ္ဗာန်ပေါ်မယ်'

'မှန်လှပါဘုရား'

'ဒီနိဗ္ဗာန်ကိုလည်း ဘယ်ကနေရအောင် တည်ဆောက်တာလဲမေးရင်'

'လူ့ဘဝကပါဘုရား'

'ဒါကြောင့် -

"လူ့ဘဝကခြုံ အပါယ်လေးဘုံ အကုန်ဖျက်သိမ်းသည်၊

http://www.dhammadownload.com

လူ့ဘဝကခြုံ၊ နတ်တို့ဘုံ အကုန်ဖျက်သိမ်းသည်၊

လူ့ဘုံဘဝမှ အမတနိဗ္ဗာန် ရောက်နိုင်သည် ”

'ကဲ-လူ့ဘုံကနေပြီးတော့ကြည့်လိုက်ပါ၊ တစ်နေ့တစ်နေ့လုပ်နေတာ အပါယ်လေးဘုံကိုလည်း တည်ဆောက်လို့ရတယ်၊ လူ့ဘုံနတ်ဘုံကိုလည်း တည်ဆောက်လို့ရတယ်၊ နိဗ္ဗာန်ကိုလည်းပဲ ရအောင်ကြိုးစားလို့ရတယ်၊ ဒါကြောင့် လူ့ဘုံသည် အဖိုးမတန်ဘူးလား?'

'အဖိုးတန်ပါတယ်ဘုရား'

'ယနေ့ လူ့ဘုံကြီးတွင်ရောက်လာတဲ့ သူတော်စင်များ အပါယ်လေးဘုံကိုလည်းပဲ မေ့လျော့တဲ့ ပုဂ္ဂိုလ်များအတွက် တည်ဆောက်ပြီးသားအဖြစ်သာ သိသွားပြီ၊ ကုသိုလ်တရားတွေကို အမှတ်ရတဲ့ပုဂ္ဂိုလ်တွေလည်းပဲ သုဂတိဘုံကို တည်ဆောက်ခွင့်ရှိတော့ ဒီနေရာလေးက မဆိုးသေးဘူးပေါ့၊ ကဲ-နိဗ္ဗာန်ကိုလည်း ရောက်အောင်လို့ တည်ဆောက်နိုင်တဲ့အတွက်ကြောင့်မို့လို့ ဒီပုဂ္ဂိုလ်ကျတော့ ဒုက္ခမငြိမ်းဘူးလား၊ ငြိမ်းလား?'

'ငြိမ်းပါတယ်ဘုရား'

'ဘယ်ဘုံလာရမှ'

'လူ့ဘုံလာရမှပါဘုရား'

'ယနေ့ အပါယ်လေးဘုံကျသွားရင် ဒီအဆင့် မရတော့ဘူးနော်'

'မှန်လှပါဘုရား'

'လူ့ဘုံကိုရတဲ့အတွက်ကြောင့်မို့လို့ ကိုယ်ကကြိုက်တဲ့နေရာကို ရွေးလို့ရသွားပြီ၊ အခုတော့ ခန္ဓာမှန်သမျှ ဒုက္ခဘုံဘဝမှန်သမျှ ဒုက္ခ ကြိုက်စရာ မရှိပါလားလို့ သိထားတဲ့အတွက်ကြောင့်မို့လို့ ဘယ်ကိုများ လိုချင်ကြ'

'မလိုချင်ပါဘူးဘုရား'

'နိဗ္ဗာန်တောင်မလိုချင်တော့ဘူးလား?'

'လိုချင်ပါတယ်ဘုရား'

http://www.dhammadownload.com

'အလွဲလွဲအချော်ချော်တွေကြီးပဲ၊ ကြောင်များကြောင်ကုန်ပြီလား မသိဘူး၊ ကိုယ့်ဘဝသိတာနဲ့ပဲနော်၊ သြော်-တစ်နေ့တစ်နေ့ ငါတို့ဘာလုပ်နေတယ်၊ အပါယ်လေးဘုံတွေပဲ သွားရတော့မှာပါလား၊ သွားရတော့မှာပါလား ဆိုပြီးတော့ ကြောက်သွားကြပြီ၊ အဲဒီတော့ နိဗ္ဗာန်ကို လိုချင်ကြတယ်ဆိုရင် ကိုယ့်ရဲ့သန္တာန်မှာ ဖြစ်ပေါ်တဲ့စိတ်လေးတွေကို သိစေချင်ပါတယ်'

'မှန်လှပါဘုရား'

'ဒီစိတ်တွေရဲ့အနေအထားကိုမှ မသိဘူးဆိုရင် ကိုယ်လုပ်သမျှ နေ့စဉ်မှာ ဘာတွေလုပ်လို့လုပ်မှန်း မသိကြဘူး၊ ဒါဖြင့်ရင် ကိုယ့်စိတ်လည်း ကိုယ်ဆန်းစစ်ရမှာပေါ့ '

'မှန်လှပါဘုရား'

'အဲဒီစိတ်လေးကို ဆန်းစစ်ဖို့အတွက်ကို အခု မေးနေပြီ၊ မိမိတို့ တည်ဆောက်နေတာ အပါယ်လေးဘုံမှာ မပါဘူးလား?'

'ပါပါတယ်ဘုရား'

'လူ့ဘုံကော မပါဘူးလား?'

'ပါပါတယ်ဘုရား'

'လူ့ဘုံ၊ နတ်ဘုံ လည်းပါပါတယ်၊ ဟော နိဗ္ဗာန်ကိုလည်းပဲ ယနေ့ လိုချင်ပါတယ်ဆိုပြီးတော့ လာပြီးတော့ ကြိုးစားနေကြပြီနော် '

'မှန်လှပါဘုရား'

'အဲဒီလို နိဗ္ဗာန်ကို ကြိုးစားနေတဲ့ပုဂ္ဂိုလ်သည် တည်ဆောက်ထားတဲ့ အပါယ်လေးဘုံကို ဖြတ်လို့ရတယ်၊ လူ့ပြည်၊ နတ်ပြည်ကို ဖြတ်လို့ရတယ်၊ ဒါဖြင့် အပြတ်ပြတ်အောင် ဖြတ်ပြီးတော့မှ နိဗ္ဗာန်ကို အရောက် တက်လှမ်း မယ်ဆိုရင်တော့ ကိုယ့်စိတ်ကိုယ်ဆန်းစစ်ရမယ်'

'မှန်လှပါဘုရား'

'မိမိစိတ်လေးကို ဆန်းစစ်ဖို့အတွက်က စိတ်တွေက စိတ်တစ်ခု ယုတ်ကိုးဆယ်ဆိုတော့ တစ်ကိုယုတ်တယ်ဆိုတာ ယပလက်တစ်ချောင်းင

http://www.dhammadownload.com

တသတ်ယုတ်တာ၊ ကိုးဆယ်ထဲက တစ်ခုယုတ်တယ်ဆိုတာ လျော့လိုက်တာ၊ ရှစ်ဆယ့်နဲ့ကိုးပါး စိတ်ဘယ်နှစ်ပါး'

'ရှစ်ဆယ့်ကိုးပါးပါဘုရား'

'အဲဒီရှစ်ဆယ့်ကိုးပါးကို မိမိတို့က သဣာဟ်လည်း မသင်ဖူးဘူး၊ အဘိဓမ္မာလည်း နားမလည်တဲ့အခါကျတော့ အဲဒီ စိတ်ရှစ်ဆယ့်ကိုးပါး ဘာတွေမှန်း သိမှာမဟုတ်ဘူး၊ အဲဒီတော့ (.ဇူတော်ရှင်မိုးကုတ်ဆရာတော် ဘုရားကြီးက အများနားလည်အောင်ဆိုပြီးတော့ ဒီစိတ်ရှစ်ဆယ့်ကိုးပါးထဲ ကနေ ကိုယ်နဲ့ဆိုင်တဲ့စိတ်တွေကို ရွေးချယ်ပေးခဲ့တယ်၊ အဲဒီလို ရွေးချယ်ပေး ခဲ့တဲ့အခါမှာ စိတ်ရှစ်ဆယ့်ကိုးပါးမှာ ကိုယ်နဲ့မဆိုင်တဲ့ လောကုတ္တရာစိတ် ရှစ်ပါးကို အရင်ဖယ်လိုက်၊ ဒါဖြင့်ဖယ်လိုက်ရင် ရှစ်ဆယ့်ကိုးပါးထဲက ရှစ်ပါး နုတ်လိုက်တော့ ဘယ်လောက်ကျန်'

'ရှစ်ဆယ့်တစ်ပါးပါဘုရား'

'ရှစ်ဆယ်နဲ့တစ်ပါး အဲဒီရှစ်ဆယ့်တစ်ပါးကလဲ ကိုယ်အားလုံး ရှုရ မလားဆို မဟုတ်သေးဘူး၊ အဲဒီ ရှစ်ဆယ့်တစ်ပါးထဲမှာ ကိုယ်နဲ့မဆိုင်တဲ့ စိတ်တွေကို ဖယ်ရမယ်၊ ကိုယ်နဲ့မဆိုင်တဲ့စိတ်တွေကို ဖယ်ရမယ်ဆိုတော့ ရူပ ဗြဟ္မာပြည်သာရနိုင်တဲ့ စိတ်ဆယ့်ငါးပါး အရူပဗြဟ္မာတွေသာ ရနိုင်တဲ့စိတ် ဆယ့်နှစ်ပါး နှစ်ဆယ်နဲ့ခုနစ်ပါးဖယ်လိုက်၊ ဘယ်လောက်ကျန်၊ ကွန်ပျူတာ ဝယ်ပေးရမလား၊ ရှစ်ဆယ့်တစ်ပါးထဲကနေပြီးတော့ နှစ်ဆယ့်ခုနစ်ပါးဖယ် '

'ငါးဆယ့်နဲ့လေးပါး'

'အဲဒီငါးဆယ့်လေးပါးကို အကုန်ရှုရမလားဆိုတော့ မဟုတ်သေးဘူး၊ အဲဒီငါးဆယ့်လေးပါးထဲမှာလည်းပဲ ဘုရားရဟန္တာများသာလျှင် ရနိုင်တဲ့ မဟာကြိယာစိတ်ရှစ်ပါးရယ်၊ ပြုံးရယ်စေတတ်တဲ့ ဟသိတုပ္ပါဒ်စိတ် တစ်ပါးကို ပါဖယ်လိုက်၊ ဘယ်လောက်ကျန်'

'လေးဆယ့်နဲ့ငါးပါး ကျန်ပါတယ်ဘုရား'

'ဒီလေးဆယ့်ငါးပါးကို အကုန်ရှုရမလားဆိုတော့ မဟုတ်သေးဘူး၊ အိပ်ပျော်နေတဲ့အခါမှာ ရှုလို့မရတဲ့ ဘဝင်စိတ် မဟာဝိပါက်ရှစ်ပါး၊ အဲဒီရှစ်ပါး

http://www.dhammadownload.com

ဖယ်လိုက်၊ ဘယ်လောက်ကျန် သုံးဆယ့်နဲ့ခုနစ်ပါး၊ အဲဒီစိတ်တွေက ပုထုဇဉ်တွေရဲ့သန္တာန်မှာ ဖြစ်ပေါ်နေတဲ့စိတ်မို့လို့ ဒီ ၃၇-ပါး ရှုရမယ်၊ အဲဒီသုံးဆယ့်ခုနစ်ပါးကလည်း ကိုယ်က မသင်ဖူးတော့ ဘယ်စိတ်ဘယ်စိတ်ဆိုတာ မသိပြန်ဘူး၊ အဲဒီလိုမသိတဲ့အတွက်ကြောင့်မို့လို့ ဒီစိတ်တွေကို တစ်ခုချင်း နားမလည်တော့ အလွန်ကိုကျေးဇူးများစေတဲ့ ရှုကွက်တွေကို ပုံဖော်ပေးသွားတဲ့နေရာမှာ အပြင်မှာပိုင်ရင် အပြင်မှာရှုဟော့၊ အတွင်းမှာပိုင်ရင် အတွင်းမှာရှု အမြဲတမ်းအနေနဲ့လည်းပဲ ပေါ်တတ်တဲ့တရားလည်းရှိတယ်၊ သူ့ကိုပိုင်ရင်ရှုပါလို့ ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ဘုရားကြီးက အမျှားသူငါတွေ တရားရှုတဲ့နေရာမှာ ခုနလို အဘိဓမ္မာတွေ သင်ကြိုတ်တွေ မသင်ဖူးတဲ့ပုဂ္ဂိုလ်တွေ ဘယ်စိတ်ဘယ်စိတ်ဆိုတာ နားမလည်မှာစိုးလို့ အားလုံးကို ခြုံပြီးတော့ သိအောင်ဆိုပြီး အပြင်မှာတစ်ပုံပုံပြီး ရှုခိုင်းတယ်၊ အတွင်းမှာ တစ်ပုံပုံပြီး ရှုခိုင်းတယ်၊ အမြဲတမ်းအိမ်သည်တွေနဲ့ရှုခိုင်းတော့ သုံးပုံ ပုံလိုက်ရင် ကိုယ်ကြိုက်တာ ရွေးရှုလို့မရဘူးလား?'

'ရပါတယ်ဘုရား'

'ဒါဖြင့်အပြင်မှာရှုနိုင်ဖို့အတွက်က အပြင်ဧည့်သည်ငါးခုလို့ မှတ်လိုက်ပေါ့'

'မှန်လှပါဘုရား'

'အပြင်မှာပေါ်နိုင်တဲ့တရားသည် ငါးခုရှိတယ်၊ အဲဒီငါးခုက မျက်လုံးမှာပေါ်တဲ့ မြင်စိတ်၊ နားမှာပေါ်တဲ့ကြားစိတ်၊ နှာခေါင်းမှာပေါ်တဲ့ နံစိတ်၊ လျှာမှာပေါ်တဲ့စားစိတ်၊ ကိုယ်မှာပေါ်တဲ့ ယားနာကောင်းစိတ်၊ ဒီငါးမျိုးက အပြင်မှာပြတဲ့ အပြင်ဧည့်သည် အဲဒီအပြင်ဧည့်သည်ပေါ်ဖလာတဲ့ စိတ်လေးတွေကို မြင်ခါမျှမတ္တ မြင်စိတ်ကိုရှုဖို့ ကြားခါမျှမတ္တ ကြားစိတ်ကိုရှုဖို့ အနံ့ရှုခါမတ္တ နံစိတ်ကိုရှုဖို့ စားခါမျှမတ္တ စားစိတ်ကိုရှုဖို့၊ ကိုယ်ခန္ဓာမှာ တွေ့ရှိတာမျှမတ္တ ယားနာကောင်းစိတ် ကောင်းစိတ်ကို ရှုဖို့ဆိုပြီး သင်ပေးပေမယ့် စရှုတဲ့ပုဂ္ဂိုလ်များအတွက် ဉာဏ်ကထက်ထက်မြက်မြက် သွက်သွက်လက်လက်မရှိတဲ့အခါမှာ မြင်ခါမျှမတ္တ ရှုလို့ကိုမလွယ်ဘူး၊ ကြားခါမျှမတ္တ ရှုဖို့ကိုမလွယ်ဘူး၊ အဲဒီလို

http://www.dhammadownload.com

မလွယ်တဲ့အတွက်ကြောင့်မို့လို့ ဒါကြီးကိုရှုဆိုတော့ မရှုတတ်တဲ့ပုဂ္ဂိုလ်များ အတွက် စိတ်ပျက်စရာဖြစ်သွားပြီ'

'မှန်လှပါဘုရား'

' ဒါဖြင့်ရင် ကိုယ်ကမြင်စိတ်ဆိုတာ မျက်လုံးနဲ့ အဆင်းနဲ့ဆုံရင် မြင်ခါမျှမတ္တတွေပြတာကို ဖျတ်ကနဲပေါ် ဖျတ်ကနဲချုပ်တာ ကိုယ့်ဉာဏ်နည်းတဲ့ အတွက် မသိနိုင်ဘူးဆိုရင် အဲဒီပုဂ္ဂိုလ်သ ့ စိတ်ဓာတ်ကျသွားနိုင်တယ်၊ ဒါဖြင့်ရင် ဒီနေရာမပိုင်သေးရင် ဒီနေရာမရှုနဲ့ဘုံး၊ အမြဲတမ်း အိမ်သည်ပေါ်တဲ့ စိတ်ရှိသေးတယ်ဟေ့ လေကိုထုတ်သောစိတ် လေကိုသွင်းသောစိတ်၊ တစ်နည်း ပြောရင် ရှူချင်တဲ့စိတ်နဲ့ ရှူထုတ်ချင်တဲ့စိတ်ပေါ့၊ အဲဒီတော့ ရှူထုတ်ချင်တဲ့စိတ် ရှူချင်တဲ့စိတ်လို့ စိတ်ကိုမူတည်ပေးပြီးတော့ သူတော်စင်များကို ရှုခိုင်းတဲ့ နေရာမှာ နှာခေါင်း နှာသီးဝလေး လေတွေဝင်လာတယ် ထွက်လာတယ်၊ ဒီနေရာလေးမှာ အာရုံညွှတ်ပြီး ကြည့်ခိုင်းတယ်၊ အဲဒီချိန်ခါမှာ စိတ်ကိုရှုပါ လို့ပြောပေမယ့်၊ တိတိကျကျ ရှုရမယ့်နေရာပေါ်တတ်တဲ့အရာကို သေချာ မပြောတဲ့အခါကျတော့ နှာခေါင်း နှာသီးလေး အာရုံပြုပြီးတော့ ဝင်ထွက်တာ လေးကို သတိထားပြီး စိတ်ရှုတယ်လို့ တစ်ချို့က ပြောကြပြန်တယ်၊ အဲဒါကျ တော့ နေရာမလွဲဘူးလား, လွဲလား ?'

'လွဲပါတယ်ဘုရား'

'မိမိတို့ ရှူသွင်း ရှူထုတ်လုပ်နေတဲ့အခိုက်မှာ နှာခေါင်းနှာသီးဝမှာ ထင်ရှားတာက တိုးတာ အေးတာ နွေးတာတွေပြနေတာ၊ မိမိတို့ရှူချင်စိတ် ရှူထုတ်ချင်တဲ့စိတ်တွေကိုကြည့်ချင်ရင် ဒီဖြစ်ပေါ်ရာစိတ်ရဲ့ ပေါ်တတ်တဲ့ နေရာလေးကို အာရုံပြုမှသာလျှင် သူ့ရဲ့ရှူချင်တဲ့သဘော ရှူထုတ်ချင်တဲ့ သဘောကိုသိမှာ အဲဒီတော့ ကိုယ်က ဒီနေရာလေးတွေကို အာရုံပြုပြီး အလေ့ အကျင့်လုပ်ဖို့ကလည်းပဲ စရှုတဲ့ပုဂ္ဂိုလ်ကျတော့ စိတ်ကို သိနိုင်ခဲပြန်တဲ့အတွက် ကြောင့်မို့လို့ သိအောင်လို့ လေတွေရှူသွင်းလိုက်၊ ရှူထုတ်လိုက်သည့် အမှုအရာ လေးပေါ်မှာ နှာခေါင်းနှာသီဝလေး အာရုံလေးစိုက်ပြီးတော့ ပေါ်ရာထင်ရှား ရာကို ပြတဲ့အခါမှာ တိုးတယ် အေးတယ် နွေးတယ်ဆိုတဲ့ ထင်ရှားတဲ့ရုပ် အမှု

http://www.dhammadownload.com

အရာလေး မပြဘူးလား၊ ပြလား?'

'ပြပါတယ်ဘုရား'

' ဒါလေးတွေ အလေ့ကျင့်ရတော့မှ ညြော်-ရှုချင်တဲ့စိတ် ရှုထုတ်ချင်တဲ့စိတ်တွေ ရင်ချိုင့်မှာနှလုံးသွင်းလိုက်ရင် သူ့သဘောလေးကို သိနိုင်မှာ၊ ဒါပေမယ့် အဲဒါကိုလည်းပဲ စရှုတဲ့ပုဂ္ဂိုလ်တွေကို အခက်အခဲရှိတဲ့အခါမျိုး ကျတော့ အေး-အဲဒီလိုမျိုး မသိသာ သိမ်မွေ့တဲ့စိတ်ရဲ့အနေအထားကို မရှုနိုင်ခဲ့ရင် အတွင်းမှာလည်း ပြတာရှိပါသေးတယ်ဆိုပြီး အတွင်းကိုလည်းပဲ ရှုဖို့အတွက် သင်ပေးပါတယ်၊ ဒါဖြင့်အပြင်မှာ မပိုင်ရင်မရှုနဲ့အုံး၊ အိမ်သည်အနေနဲ့လည်းပဲ ပြပေမယ့် ကိုယ်ကပိုင်ပိုင် နိုင်နိုင်မသိသေးရင်လည်းပဲ၊ နောက်တစ်ဆင့်ရှိတယ် ဆိုတာလေးက အတွင်းကိုအာရုံပြုပြီးရှုဖို့ ပြောပြီ၊ ဒီလိုဆိုရင် မြင်လိုက်တဲ့ခဏမှာ မိမိတို့ရဲ့သန္တာန်မှာ မြင်လိုက်တာနဲ့ အာရုံလေးကောင်းရင် ကောင်းသလောက် လိုချင်မှုမလာဘူးလား?'

'လာပါတယ်ဘုရား'

'လိုချင်တာ တခြားလား လောဘလား?'

'လောဘပါဘုရား'

'အဲဒီလောဘ ဘယ်မှာပေါ်'

'စိတ်မှာပေါ်ပါတယ် ဘုရား'

'အတွင်းမှာနေရာယူသွားပြီနော်'

'မှန်လှပါဘုရား'

'မြင်လိုက်တဲ့ခဏမှာ မြင်စိတ်က မျက်လုံးမှာနေရာယူတယ်၊ အဲဒီ မြင်ခါမျှမတ္တကို မရှုနိုင်တဲ့အတွက်ကြောင့်မို့လို့ မြင်ပြီးတဲ့နောက်မှာ ဘယ်သူ လာလဲမေးရင် သာယာရင် သာယာသလို မသာယာရင် မသာယာသလို အာရုံ ကောင်းရင်ကောင်းသလို၊ မကောင်းရင် မကောင်းသလို ဖျတ်ကနဲ ဖျတ်ကနဲ နေရာယူလာတာက အာရုံကောင်းလို့ သဘောကျရင် လောဘ နေရာယူမယ်၊ အာရုံမကောင်းလို့ သဘောမကျရင် ဒေါသနေရာယူမယ်၊ အဲဒါတွေဟာ မသိတဲ့

http://www.dhammadownload.com

တွေဝေမှုကြောင့် ဖြစ်ရတာဆိုတော့ မောဟကော ပါ မပါ'

'ပါပါတယ်ဘုရား'

'ဒီလိုဆိုရင် မြင်လိုက်တဲ့ခဏမှာ လောဘကော မဖြစ်နိုင်ဘူးလား?'

'ဖြစ်နိုင်ပါတယ်ဘုရား'

'ဒေါသလည်း'

'ဖြစ်နိုင်ပါတယ်ဘုရား'

'မောဟလည်း'

'ဖြစ်နိုင်ပါတယ်ဘုရား'

'ဒါဖြင့်ရင် အပြင်မှာပေါ်တဲ့တရားက အလွန်လျင်မြန်လို့ သိမ်မွေ့လှတဲ့ ဒီတရားကို မြင်အောင်မကြည့်နိုင်ရင် ကြမ်းတမ်းစွာသိသာတဲ့လောဘ ကြမ်းတမ်းစွာ ပြတဲ့ဒေါသ၊ သူတို့ကျတော့ ဖြစ်ပေါ်ပြီဆိုရင် နှလုံးသားလေးမှာ ကြည့်လိုက်ပါ တုန်ခါမှုက ပြင်းထန်လာတယ်၊ စိတ်က သူ့ရဲ့ အနေအထားလေးအတိုင်း ရှိတယ်ဆိုရင် တည်ငြိမ်တယ်နော်'

'မှန်လှပါဘုရား'

'လောဘဖြစ်ပြီဆိုရင် လှုပ်ရှားလာတာ သိသာတယ်၊ ဒေါသဖြစ်ရင် လှုပ်ရှားလာတာ သိသာတယ်၊ အဲဒါကို အကဲခတ်ခြင်းအားဖြင့် ငါ့မှာ လောဘ ဖြစ်နေပါလား၊ ဒေါသဖြစ်နေပါလား ဆိုတာကို ခန့်မှန်းပြီး သိရာကနေ အဲဒီ နေရာကို အာရုံညွှတ်တတ်လာရင် လောဘဖြစ်ရင် တန်းသိလာပြီ၊ ဒေါသဖြစ်ရင် တန်းသိလာပြီဆိုတော့ ဩော်-သူက ရှုရတာ ပိုလွယ်လာတယ်၊ အာရုံပြုနော်'

'မှန်လှပါဘုရား'

'မိမိရဲ့စိတ်မှာ မြင်ခါမျှမတ္တ ကြားခါမျှမတ္တ သူတော်စင်များ မြင်စိတ်တွေ ရှိကြလား၊ မြင်စိတ် ရှိဖူးလား?'

'မရှိဖူးဘူးပါဘုရား'

'မရှိဖူးဘူး၊ တရားအားထုတ်တဲ့သူတွေကော မြင်စိတ်ရှိဖူးလား?'

'ရှိဖူးပါတယ်ဘုရား'

http://www.dhammadownload.com

'ရှုဖူးတယ်နော်၊ ကဲ-ရှုဖူးတယ်ဆိုရင် ဒါလေးကိုကြည့် မြင်လား?'

'မြင်ပါတယ်ဘုရား'

'အဲဒီမြင်စိတ်ကိုရှုကြည့် ဘယ်လိုရှုလဲ၊ မမြင်ဘူးလား မြင်စိတ် ရှုတယ် ဆိုတာလေးကို မမြင်ဘူးလား?'

'မြင်ပါတယ်ဘုရား'

'ဘယ်လိုမြင်'

'အဆင်းလို့မြင်တယ်'

'ဟုတ်လား၊ ဘယ်လိုမြင်လဲပြော အမှန်အတိုင်း ပြောစမ်းပါ၊ ဒီပုံသဏ္ဌာန်ကြီးပြထားတာခွက်လို့ မြင်တာသေချာတယ်၊ အဆင်းလို့မြင်ကို မမြင်ဘူး၊ အဲဒီခွက်ကြီးကို ကြည့်ပြီးတော့မှ ဖြစ်ပျက် ဖြစ်ပျက် ဟော စိတ်ထဲက လိုက်လုပ်နေတာ'

'မှန်လှပါဘုရား'

'ခွေးဆိုတဲ့ ဟောင်သံလေးကြားရင်လည်း ခွေးဆိုတာ မပါတော့ဘူး မိမိတို့ရဲ့အသံလေးသည် နားမှာပေါ်ပြီး နားမှာ ရိပ်ခနဲရိပ်ခနဲ ပျောက်သွား တာကို တကယ်သဘောပေါက်ပြီဆိုရင် ပုံသဏ္ဌာန်အထည်မပါတဲ့ သဘော လေးသည် "ခွေး" ဆိုတဲ့နောက်ကို မပါတော့ဘူးနော်'

'မှန်လှပါဘုရား'

'အခုတော့ ကြားစိတ်ကို ရှုပါတယ်တဲ့၊ ရှုတယ် ဘယ်လိုရှုလဲမေးတော့၊ အဲဒီ နောက်ကို တကောက်ကောက်ပါသွားတာ မဆုံးမချင်းကို လိုက်သွား လိုက်တာ ပြီးတော့မှ အို-ကြားစိတ်ကို ဖြစ်ပျက် ဖြစ်ပျက် ငါရှုလိုက်တာ ပိုင်တယ်ဟ လုပ်ကြသေးတယ်၊ ပေါ်ကာမျှမတ္တကို သဘောမပေါက် မပိုင် သေးတဲ့အခါမျိုးကျရင် သဘောကို ဉာဏ်မရောက်သေးတဲ့အခါမျိုးကျရင် အေး-အဲဒီအပေါ်မှာ အာရုံများပြီးတော့ မင်းတို့စိတ်ညစ်မခံကြနဲ့၊ အဲဒီကြားတဲ့ အာရုံပေါ်မှာ အသံတွေကောင်းတယ် မကောင်းဘူးဆိုတဲ့ ဟော-သာယာတယ်၊ မသာယာဘူးဆိုတာ မပေါ်ဘူးလား?'

'ပေါ်ပါတယ်ဘုရား'

http://www.dhammadownload.com

'သာယာရင်လောဘလာပြီနော်'

'မှန်လှပါဘုရား'

'မသာယာရင် ဒေါသ၊ အမှန်တရားကိုမသိတာ'

'မောဟပါဘုရား'

'ဒါဖြင့် ကြားလိုက်ရင် လောဘ၊ ဒေါသ၊ မောဟတွေ နေရာယူပြီးသား'

'မှန်လှပါဘုရား'

'မသိရင် မောဟက တန်းနေတာကို'

'မှန်လှပါဘုရား'

'နှာခေါင်းနဲ့ အနံ့လေးရတယ်၊ ကဲ နှာခေါင်းနဲ့ အနံ့လေးရတဲ့အခါ ကျတော့ အဲဒီအနံ့လေးတွေသည် မိမိရဲ့သန္တာန်မှာ နှာခေါင်းမှာပြပြီ၊ သို့သော်လည်း အဲဒီအနံ့လေးသည် ဖြစ်ပြီးရင်ပျက်တယ်ဆိုတာလည်း သိထားတယ်၊ သို့သော်လည်းပဲ ဒီအနံ့လေးက ဘာအနံ့ဆိုတာလေး ပွစိပွစိနဲ့ လိုက်ရှာသေးတယ်၊ ဘာအနံ့ဆိုတာလေး ပုံသဏ္ဌာန် မဖော်ဘူးလား ဖော်လား?'

'ဖော်ပါတယ်ဘုရား'

'ဒါရှုတာပေါ့ အတော်များများ အဲလိုဖြစ်နေတာကို ပြောတာပါ၊ တကယ်သိနေတဲ့အသိလေးပေါ်မှာ အဲဒီလိုမျိုး ကိုယ်ကမလိုက်နိုင်ဘူး၊ အနံ့ဆိုတဲ့ ပရမတ်ကိုလည်း ဉာဏ်ရောက်အောင် မကြည့်တတ်ဘူး၊ နံ့သိစိတ်ကိုလည်း မရှုတတ်သေးဘူးဆိုရင် အဲဒီအနံ့ကြောင့် ဖြစ်ပေါ်လာတဲ့အရာလေး အနံ့ကဆိုးရင် ကိုယ့်မှာက မခံနိုင်ရင် ဒေါသလာနေတာပဲ'

'မှန်လှပါဘုရား'

'မြန်မြန်ဆန်ဆန်ဒီအနံ့ကို ပျောက်ချင်တဲ့အတွက်ကြောင့်မို့လို့ မိမိမှာ သူ့အလိုကိုလိုက်တဲ့ တဏှာကပဲပေါ်မှာပဲ၊ အမှန်ကိုမသိတာက မောဟ၊ ဒါဖြင့် အနံ့တစ်ခုလာရင်လည်း လောဘဖြစ်လိုက်၊ ဒေါသဖြစ်လိုက်၊ မောဟဖြစ်လိုက် မလာဘူးလား, လာသလား?'

'လာပါတယ်ဘုရား'

http://www.dhammadownload.com

'အဲဒီလို ဖြစ်လာတဲ့အရာမျိုးကျတော့ စိတ်မှာက တည်ငြိမ်ရာကနေ ပြီးတော့ လှိုင်းငယ်လေး ရိုက်ခတ်သွားသလိုပဲ ကိုယ့်ရဲ့ဟောဒီနှလုံးသားလေးမှာ တုန်ခါမှုလေးက အနည်းငယ်သိသာလာတယ်၊ လောဘဖြစ်ရင်လည်း ကြမ်းတယ်၊ ဒေါသဖြစ်ရင်လည်း ကြမ်းတယ်၊ သူ့ကို သိပါသိပါများရင် ငြိမ်သွားတယ်၊ အဲဒါက ရုပ်အမှုအရာကိုအကဲခတ်ရာကနေ ကိုယ့်စိတ်ဘာဖြစ်တယ်ဆိုတာကို မှန်းဆသိတာ တိုက်ရိုက်သိပြီလားမေးရင် မသိသေးဘူး၊ ကဲ-သိအောင် ကြိုးစားနိုင်မယ်ဆိုရင် အဲဒီသိတဲ့အချိန်မှာပဲ ပျက်သွားတဲ့အတွက် ရှေ့ဆက်ကိုမရတော့ဘူး၊ ဒါက လောဘ၊ ဒေါသ၊ မောဟ မိမိရဲ့သန္တာန်မှာ မြင်တိုင်းမြင်တိုင်း ကြားတိုင်းကြားတိုင်းမှာ မြင်စိတ် ကြားစိတ်ကိုမရှုနိုင်ရင် အဲဒီသိသာတဲ့တရားကို ရှုဖို့အတွက် အတွင်းမှာ ဒီသုံးမျိုးကပြတယ်ဟေ့၊ လောဘတရားပြတယ်၊ ဒေါသတရားပြတယ်၊ မောဟတရားပြတယ်၊ ကဲ-မြင်လိုက်တဲ့ခဏာ အခုလို ရောက်လာကြတယ်၊ ကြားလိုက်တဲ့ခဏာ သဒ္ဒါတရားတွေပေါက်တယ်၊ လှုံ့ချင်တန်းချင်တဲ့စိတ်ကော မပေါ်ဘူးလား?'

'ပေါ်ပါတယ်ဘုရား'

'မေတ္တာပို့တဲ့စိတ်တွေကော မဖြစ်ဘူးလား?'

'ဖြစ်ပါတယ်ဘုရား'

'ဒါဖြင့် ကုသိုလ်လား, အကုသိုလ်လား?'

'ကုသိုလ်ပါဘုရား'

'ကုသိုလ် မြင်လိုက်တဲ့ခဏာဖြစ်ပေါ်တဲ့ လှုံ့ချင်တဲ့စိတ်ကုသိုလ်၊ ကြားလိုက်တဲ့ခဏာ လှုံ့ချင်တဲ့စိတ်ကုသိုလ်၊ မြင်လိုက်တဲ့ခဏာမှာ မေတ္တာတွေထား မေတ္တာတွေပွားတာ ကုသိုလ်၊ အဲဒါကလည်းပဲ ဘယ်မှာပေါ်'

'စိတ်မှာပေါ်ပါတယ်ဘုရား'

'မြင်ကာမျှမတ္တကို မရှုနိုင်တဲ့အတွက် ကြည်ညိုသဒ္ဒါပွားပြီးတော့ လှုံ့ချင်တဲ့ စေတနာလေး ပေါ်လာတာ မေတ္တာပို့တဲ့ စေတနာလေးပေါ်လာတာ၊ အဲဒီပေါ်လာတဲ့စိတ်လေးတွေ ကိုယ့်ရဲ့သန္တာန်ကိန်းပြီဆိုရင် ဩော-ဒါကို

http://www.dhammadownload.com

လည်းအလွတ်မပေးနဲ့၊ အဲဒါလည်းအရှုခံမို့လို့ ရှုရမယ်လို့ သင်ပေးထား တယ်နော်'

'မှန်လှပါဘုရား'

'ကုသိုလ်ဆိုပြီး ကျေနပ်ရမှာလား?'

'မကျေနပ်ရပါဘူးဘုရား'

'ဒီဘက်က အကုသိုလ်ဆိုပြီးတော့လည်း မိမိကအလိုလိုက်ရမှာလား?'

'မလိုက်ရပါဘူးဘုရား'

'အားလုံးသည် အရှုခံတွေနော်'

'မှန်လှပါဘုရား'

'ဒါဖြင့် အဲဒီအာရုံလေးတွေကိုပြပြီး မြင်တယ်ကြားတယ်၊ နမ်းရှူတယ် တကယ်တွေ့ထိကြတယ်၊ အဲဒီအာရုံငါးမျိုးကို အကြောင်းပြုပြီးတော့ လောဘ ဖြစ်တတ်သည်၊ ဒေါသဖြစ်တတ်သည်၊ မောဟဖြစ်တတ်သည်၊ လှုံ့ဆျော်တန်းချင် တဲ့ အလောဘဖြစ်တယ်၊ မေတ္တာထားတဲ့ အဒေါသဖြစ်တယ် ဘယ်နှစ်မျိုး ဖြစ်သွား'

'ငါးမျိုးဖြစ်သွားပါတယ်ဘုရား'

'ငါးမျိုးဖြစ်သွားပြီ၊ ကဲ-အဲဒီအချိန်ခါမှာ အကုသိုလ်တွေဖြစ်ခဲ့ရင် အဲဒီအကုသိုလ်အကြောင်းကော ပြန်မတွေးတတ်ဘူးလား?'

'တွေးတတ်ပါတယ်ဘုရား'

'ကုသိုလ်တွေဖြစ်ရင်လည်း ကုသိုလ်အကြောင်းကိုမတွေးဘူးလား?'

'တွေးပါတယ်ဘုရား'

'ဒါဖြင့် ကုသိုလ်အကြောင်းကိုတွေးတဲ့ အတွေးလည်းလာတယ်၊ အကုသိုလ်အကြောင်းကိုတွေးတဲ့ အတွေးလည်းလာတယ်၊ အဲဒီလိုဆိုရင် အတွေးမှာပေါ်တဲ့တရား ခြောက်မျိုးလို့မှတ်ထား'

'မှန်လှပါဘုရား'

http://www.dhammadownload.com

'အတွေးမှာပေါ်တဲ့တရား ဘယ်နှစ်မျိုး'

'ခြောက်မျိုးပါဘုရား'

'လောဘရယ်၊ ဒေါသရယ်၊ မောဟရယ်၊ အလောဘရယ်၊ အဒေါသရယ် တွေးစိတ်တောစိတ်ရယ် ဘာတဲ့တုန်း'

'တွေးစိတ်တောစိတ်ပါဘုရား'

'ဒါက တစ်နေ့တစ်နေ့ ကိုယ့်စိတ်မှာ ဖြစ်ပေါ်တဲ့တရားသည် မြင်စိတ်၊ ကြားစိတ်၊ နံစိတ်၊ စားစိတ်၊ ယားနာကောင်းစိတ်ပဲရှိတယ်၊ ရှူသွင်းချင်တဲ့စိတ်၊ ရှူထုတ်ချင်တဲ့စိတ်လည်းရှိတယ်၊ အဲဒီအပေါ်မှာ ကိုယ်က မသေချာရင် သိသာထင်ရှားကြမ်းတမ်းတဲ့အရာတွေပေါ်မှာ အလေးထားပြီး ကြိုးစားမယ်ဆိုရင် လောဘစိတ်၊ ဒေါသစိတ်၊ မောဟစိတ်ပဲရှိပါတယ်၊ လှူချင်တန်းချင်တဲ့ အလောဘ စေတနာ၊ မေတ္တာထားတဲ့ အဒေါသ၊ အဲဒီအာရုံတွေကို ပြန်ပြုပြီး တွေးနေတဲ့တွေးစိတ်၊ ဒါဖြင့်ရင် ခြောက်မျိုးသည် ဘယ်မှာပေါ် '

'အတွင်းမှာ ပေါ်ပါတယ်ဘုရား'

'အတွင်းမှာပေါ်တဲ့တရားမို့လို့ အတွင်းဇည့်သည် ခြောက်ခုလို့ မှတ်ထားပါ'

'မှန်လှပါဘုရား'

'အတွင်းဇည့်သည်'

'ခြောက်ခုပါဘုရား'

'ကဲ-အပြင်မှာပေါ်တာက ငါးခု၊ အမြဲတမ်း အိမ်သည်အနေနဲ့က နှစ်ခု အားလုံးပေါင်းရင်'

'ဆယ့်သုံးခုပါဘုရား'

'ဒီဆယ့်သုံးခုသောစိတ်သည် သူတော်စင်များရဲ့သန္တာန်မှာ အမြဲတမ်း နေရာယူပြီး ပေါ်နေပါတယ်'

'မှန်လှပါဘုရား'

http://www.dhammadownload.com

'အားလုံး ပြိုင်ပေါ်လားမေးရင်တော့ မပေါ်ပါဘူး၊ တစ်စိတ်ပဲပေါ်ပါတယ်၊ အဲဒီတစ်စိတ်ပဲပေါ်တဲ့တရားတွေကို ခုနပြောခဲ့တဲ့အတိုင်း ကြော်-ငါတို့ရဲ့သန္ဓာန်မှာ တစ်နေ့တစ်နေ့ ဘာတွေများဖြစ်သလဲဆိုတာလေးကို သူတော်စင်များ ပြန်အကဲခတ်ပါ၊ မြင်လိုက်တဲ့ခဏ မရှုဖြစ်ပါဘူး၊ ကြားလိုက်တဲ့ခဏလည်း သတိမထားမိပါဘူး၊ အဲဒီအချိန်မှာ ဘာတွေဖြစ်လာပြီလဲမေးရင် အလိုကျရင် လောဘ သေချာနေပြီ၊ ဟော-မကျေနပ်ရင် ဒေါသဖြစ်နေပြီ၊ ဒါတွေကို မသိတာက မောဟဆိုတော့ သူဖုံ. ဂိုင်းဖုံးတိုင်းမှာ လောဘ၊ ဒေါသ မလာဘူးလား?'

'လာပါတယ်ဘုရား'

'ကဲ-ယနေ့ဒီကိုရောက်လာတယ်၊ ဟော ကိုယ်က လှူချင် တန်းချင်တဲ့စေတနာတွေ ဖြစ်လာတယ်၊ အဲဒီစိတ်စေတနာလေးတွေပဲ ကုသိုလ်ကိန်းသွားတာ မေတ္တာတွေ မပို့ဘူးလား ?'

'ပို့ပါတယ်ဘုရား'

'ဆရာတော် တရားဟောဖို့လာပြီးတော့ ဟောပြီး ပြန်သွား ပြန်သွား၊ အဲဒီချိန်ခါမှာ သူတော်စင်များ မေတ္တာတွေပို့တဲ့အတွက် မေတ္တာဓာတ် ကုသိုလ်လေး ကိုယ့်သန္ဓာန်မှာ မကိန်းဘူးလား?'

'ကိန်းပါတယ်ဘုရား'

'ဘယ်မှာနေရာယူ'

'စိတ်မှာနေရာယူပါတယ်ဘုရား '

'အတွင်းမှာကြည့်ရင် ဒီစိတ်တွေကို သိရမယ်၊ အဲဒီအကြောင်းရာတွေ ကိုပြန်ပြီးတော့ တွေးတယ်ဆိုတဲ့ တွေးစိတ်ကော မလာဘူးလား?'

'လာပါတယ်ဘုရား'

'ဒါဖြင့် အတွင်းမှာပေါ်တဲ့တရား ခြောက်ခုကို အလေးထားပြီးတော့ ယနေ့မိမိတို့သန္ဓာန် ဘာတွေအပေါ်မှားလဲ ဆိုတာကို သတိထားကြရအောင်'

'မှန်လှပါဘုရား'

http://www.dhammadownload.com

'တစ်နေ့တစ်နေ့ ရှာနေဖွေနေတဲ့နေရာမှာ ခုနပြောခဲ့ပြီးပြီ လိုချင်မှုနဲ့ ရှာနေသမျှ ဘယ်သူလာမယ်'

'လောဘလာမှာပါဘုရား'

'လောဘတဏှာလာမယ် မကျေမနပ်နဲ့ ရှာနေရင်'

'ဒေါသပါဘုရား'

'ဒါတွေဖြစ်ရတာက တခြားလား, အဝိဇ္ဇာကြောင့်လား?'

'အဝိဇ္ဇာကြောင့်ပါဘုရား'

'ကဲ-လောဘတွေ၊ ဒေါသတွေ၊ မောဟတွေ နေ့စဉ်နဲ့ကုန်သွားတဲ့ အချိန်တိုင်းမှာ နေရာယူတာတွေသည် အတော်မများဘူးလား?'

'များပါတယ်ဘုရား'

'အတော်များတဲ့ အဲဒီလောဘ၊ ဒေါသ၊ မောဟဆိုတဲ့တရားသည် ကုသိုလ်လား၊ အကုသိုလ်လား?'

'အကုသိုလ်ပါဘုရား'

'အကုသိုလ် အုပ်ချုပ်တဲ့ကံတွေသာ နေ့စဉ်လုပ်တဲ့အတွက် အပါယ်လေးဘုံမှာ နေရာယူထားတာများလာပြီ'

'မှန်လှပါဘုရား'

'လောဘရှိရင် ဘယ်သွားရမယ်'

' အပါယ်လေးဘုံသွားရမှာပါဘုရား'

'ဒေါသရှိရင်'

'အပါယ်လေးဘုံသွားရမှာပါဘုရား'

'မောဟရှိရင်'

'အပါယ်လေးဘုံသွားရမှာပါဘုရား'

'ဒါဖြင့် ဒီစိတ်သုံးမျိုးက အပါယ်ချတဲ့စိတ်တွေ'

'မှန်လှပါဘုရား'

http://www.dhammadownload.com

'မိမိတို့ရဲ့သန္ဓာန်မှာပေါ်နေတဲ့ စိတ်ခြောက်မျိုးထဲမှာ အတွင်းထဲမှာ ပေါ်တဲ့ စိတ်ခြောက်မျိုးမှာ လောဘ၊ ဒေါသ၊ မောဟသည် ဘယ်အပေါ် တည်ဆောက်တဲ့စိတ်'

'အပါယ်ဘုံပေါ်တည်ဆောက်တဲ့စိတ်ပါဘုရား'

' ဒါဖြင့် ဒီစိတ်ကတစ်မျိုးရှိတယ်ပေါ့'

'မှန်လှပါဘုရား'

'အခုချိန်ခါမှာ လျှချင်တန်းချင်တဲ့အလောဘ ကိုယ့်သန္ဓာန်ကိန်းတယ်ပေါ့'

'မှန်လှပါဘုရား'

'မေတ္တာထားတဲ့အဒေါသ ကိုယ့်သန္ဓာန် ကိန်းတယ်ပေါ့'

'မှန်လှပါဘုရား '

'အကုသိုလ်လား၊ ကုသိုလ်လား?'

'ကုသိုလ်ပါဘုရား'

'အဲဒီ ကုသိုလ်စိတ်လေးဖြစ်ပြီဆိုရင် ဒီဘက်မှာ သုဂတိဘုံကို တည်ဆောက်ထားတယ်၊ ဒါဖြင့် လူ့ပြည်၊ နတ်ပြည် လူချမ်းသာ၊ နတ်ချမ်းသာကို ပို့တာက ဘယ်စိတ်'

'ကုသိုလ်စိတ်ပါဘုရား'

'အပါယ်လေးဘုံကို ချတာက'

'အကုသိုလ်ပါဘုရား'

'ဟော-တစ်နေ့တစ်နေ့ပေါ်တဲ့စိတ် တစ်မျိုးပေါ်သွားပြီ၊ နောက်တစ်စိတ် ကျန်သေးတယ်၊ အဲဒီစိတ်က အကုသိုလ်ကိုတွေ့ရင် အကုသိုလ်ဖြစ်သွားတယ်၊ ကုသိုလ်ကိုတွေ့ရင် ကုသိုလ်ဖြစ်သွားတယ်၊ ဒါဖြင့်စိတ်တွေကို အကျင့်ချုပ်လိုက်တဲ့အခါမှာ တစ်နေ့တစ်နေ့ ကိုယ့်သန္ဓန်မှာ နေရာယူပြီး ပေါ်နေတဲ့စိတ်သည် နှစ်မျိုးထဲရှိတယ်၊ ဘယ်လောက်ပဲ အရေအတွက်တွေ များစွာ အခုအကျင့်ချုပ်လိုက်ပြီ ဘယ်နှစ်မျိုး '

'နှစ်မျိုးပါဘုရား'

http://www.dhammadownload.com

'ပြန်ပြောလိုက်ပါ'

'ကုသိုလ်နဲ့အကုသိုလ်ပါဘုရား'

'အဲဒီစိတ်နှစ်မျိုးကလွဲလို့ မပေါ်ဘူးနော်'

'မှန်လှပါဘုရား'

'ကဲ-အဲဒီစိတ် နှစ်မျိုးမှာလည်း ဘယ်စိတ်အပေါ်မျှားကြ'

'အကုသိုလ်စိတ်အပေါ်မျှားပါတယ်ဘုရား'

'တစ်နေ့တစ်နေ့ ငါတို့ ဘာလုပ်နေလဲဆိုတာ ပေါ်သွားပြီ'

'မှန်လှပါဘုရား'

'အကုသိုလ်တွေ လုပ်နေပါလား၊ အကုသိုလ်တွေလုပ်နေရင် ဟောဒီ မြင့်မြတ်တဲ့ လူ့ဘုံကနေ အပါယ်လေးဘုံ သေချာတယ်နော်'

'မှန်လှပါဘုရား'

'တစ်နေ့တစ်နေ့ နေရာယူထားတာ ပြည့်တယ်ဆိုတာ လွဲတောင် မလွဲတော့ဘူး'

'မှန်လှပါဘုရား'

'ဒါဖြင့်ရင် အပါယ်လေးဘုံကိုကျတဲ့ ဟောဒီစိတ်သည် ယုတ်ညံ့တဲ့စိတ် ဘယ်လိုတဲ့တုန်း'

'ယုတ်ညံ့တဲ့စိတ်ပါဘုရား'

'အပါယ်လေးဘုံကိုပို့တဲ့စိတ်မို့လို့ ဒီအကုသိုလ်စိတ်သည် အယုတ်ညံ့ဆုံးစိတ်မို့လို့ သူ့ကို စိတ်ယုတ်လို့မှတ်ထား'

'မှန်လှပါဘုရား'

'ဘာစိတ်'

'စိတ်ယုတ်ပါဘုရား'

http://www.dhammadownload.com

'အခုကုသိုလ်တရားလေး ကိုယ့်သန္တာန်မှာ ဖြစ်ခွင့်ရှိတော့ သူသည် အပါယ်ကိုတော့မကျဘူး၊ လူ့ပြည်၊ နတ်ပြည်၊ ဗြဟ္မာ့ပြည်ကိုတော့ မပို့ဘူးလား?'

'ပို့ပါတယ်ဘုရား'

'အမြင့်ဆုံးဖြစ်တဲ့နိဗ္ဗာန်ကို ပို့လား?'

'မပို့ပါဘူးဘုရား'

'နိဗ္ဗာန်မပို့နိုင်သေးဘူး အပါယ်လေးဘုံကိုကျလားမေးတော့လည်း?'

'မကျပါဘူးဘုရား'

'ဒါဖြင့် ဒီစိတ်လေးသည် သုဂတိဘုံမှာသာ သူက ထိုက်တန်တဲ့အတွက် ကြောင့်မို့လို့ နိဗ္ဗာန်လောက်လည်းမမြတ် အပါယ်လေးဘုံကို ကျလောက်အောင်လည်း မယုတ်တော့ အလယ်မှာရှိလို့ စိတ်လတ်၊ ဘာစိတ်တဲ့'

'စိတ်လတ်ပါဘုရား'

'တစ်နေ့တစ်နေ့စိတ်ယုတ်နဲ့ စိတ်လတ် ဘယ်ဟာပိုများ'

'စိတ်ယုတ်များပါတယ်ဘုရား'

'ဒါဖြင့်ရင် နေ့စဉ်နေ့စဉ် ကုန်သွားတဲ့အချိန်တိုင်းမှာ ကိုယ့်စိတ်ထဲကို ကြည့်လိုက်စမ်းပါ၊ သူတော်စဉ်များမှာ ကြိုးစား ကျင့်ကြံပွားများ အားထုတ်တဲ့ အသိဉာဏ်သာ မကိန်းရင် ဒီစိတ်နှစ်မျိုးပဲရှိတယ်'

'မှန်လှပါဘုရား'

'အဲဒီစိတ်နှစ်မျိုးနဲ့သာ ပေါင်းသင်းနေပြီဆိုရင်တော့ ကြည့်လိုက်ပါ၊ တစ်နေ့တစ်နေ့ ဘုရားရှေ့ရောက်လို့ အမှတ်ရတဲ့အချိန်သည် ကုသိုလ်သွားကာနီး လာကာနီးလေးမှာ လုပ်ငန်းလေးအဆင်ပြေအောင်လို့ ဘုရားကို တကယ့် သဒ္ဓါတရားကြည်ညိုလို့ ရှိခိုးတဲ့ပုဂ္ဂိုလ်က နည်းသေးတယ်'

'မှန်လှပါဘုရား'

'လုပ်ငန်းအဆင်ပြေအောင် အန္တရာယ်လေးကင်းအောင် ဘုရားကို

http://www.dhammadownload.com

ကမန်းကတန်း ရှိခိုးသွားတာ၊ အဲဒီလိုရှိခိုးရုံနဲ့ ကုသိုလ်က ကိုယ့်သန္တာန်မှာ အာရုံလေးပြုခိုက်သာပေါ်သွားတာ ကျန်တဲ့အချိန် ဘာတွေတုန်း'

'အကုသိုလ်ပါဘုရား'

'ကဲ-မြင့်မြတ်တဲ့ လူ့ဘုံသာသနာနဲ့ဆုံပြီးတော့ ကိုယ့်မှာက အကျည်းတန်လောက်အောင်ကို မိုက်နေတာဟာ ဩော်-ဒီလိုတရားတွေ နာမှပေါ်တော့ မှာပါလား?'

'မှန်လှပါဘုရား'

'ဒါဖြင့် တစ်နေ့ တစ်နေ့မှာ စိတ်နှစ်မျိုးပဲပေါ်တယ်၊ သူတော်စင်များက ဘယ်သွားချင်တာ'

'နိဗ္ဗာန်သွားချင်ပါတယ်ဘုရား'

'နိဗ္ဗာန်သွားချင်တာ တစ်နေ့တစ်နေ့ပေါ်တဲ့စိတ်ကိုကြည့်တော့ အပါယ်လေးဘုံကို သွားတဲ့စိတ်ရယ်၊ သုဂတိဘုံကိုပို့တဲ့စိတ်ရယ် ဒီနှစ်မျိုးပဲရှိတယ်'

'မှန်လှပါဘုရား'

'နိဗ္ဗာန်သွားတဲ့စိတ်ပါပြီလား'

'မပါသေးပါဘူးဘုရား'

'ဘာနဲ့သွားကြမလဲ၊ မရှိသေးတော့ဘာနဲ့သွားကြမှာလဲ၊ နိဗ္ဗာန် မသွားချင်ဘူးလား?'

'သွားချင်ပါတယ်ဘုရား'

'နိဗ္ဗာန်ကိုသွားချင်တယ်လို့ပြောတော့ ပြောနေကြတယ်၊ အခု နိဗ္ဗာန်ကို သွားနိုင်တဲ့စိတ်ပါပြီလား?'

'မပါသေးပါဘူးဘုရား'

'တစ်နေ့တစ်နေ့ ဖြစ်တဲ့စိတ်ကို သေချာပြန်ကြည့်တော့ အကျည်းတန်တဲ့စိတ်က များတယ်'

'မှန်လှပါဘုရား'

http://www.dhammadownload.com

'အပါယ်ကိုသွားတဲ့စိတ်က မျှားနေတာ၊ လုပ်ရင်းကိုင်ရင် သွားရင်း လာရင်း ချက်ရင်းပြုတ်ရင်း သေရင်တော့ သေချာတယ်၊ အပါယ်လေးဘုံ'

'မှန်လှပါဘုရား'

'ဘာလို့လဲမေးတော့ အကုသိုလ်စိတ်တွေနဲ့ စိတ်ယုတ်တွေနဲ့ ပေါင်းနေလို့၊ တစ်နည်းပြောရင် နီးစပ်တယ်ပေါ့'

'မှန်လှပါဘုရား'

'လောကမှာရှိနေကြတဲ့ ပုဂ္ဂိုလ်တွေသည် ဘယ်လိုပါတတ်လဲမေးရင် နီးစပ်ရာပါတတ်သည် ဘယ်လိုပါလဲ'

'နီးစပ်ရာပါတတ်ပါတယ်ဘုရား'

'အပေါင်းသင်းကောင်းရင် မပါသွားဘူးလား?'

'ပါသွားပါတယ်ဘုရား'

'သူတော်စင်များကို အဲဒီလို နီးစပ်ရာပါတာကို သဘောကျ မကျ'

'ကျပါတယ်ဘုရား'

'နီးစပ်ရာပါတာ၊ လုပ်ငန်းက ဟိုတစ်နေရာမှာ ကောင်းတယ်ဆိုရင် ဆွယ်သွား ပါသွားတာပဲ၊ မပါဘူးလား ပါမှာလား?'

'ပါမှာပါဘုရား'

'အပေါင်းသင်းကောင်းရင်ကော မပါဘူးလား?'

'ပါပါတယ်ဘုရား'

'အခုလည်း မိမိတို့ပေါင်းနေကြတာ၊ ဟောဒီမှာ ကုသိုလ်စိတ်နဲ့ အကုသိုလ်စိတ် ဘယ်ဟာအပေါင်းများ'

'အကုသိုလ်စိတ်ကများပါတယ်ဘုရား'

'ဒါဖြင့်ရင် နီးစပ်ရာပါတာ'

'မှန်လှပါဘုရား'

http://www.dhammadownload.com

'အကုသိုလ်နဲ့နီးစပ်တော့ အကုသိုလ်နောက်ပါသွားတယ်၊ ကုသိုလ်နဲ့ နီးစပ်ရင်'

'ကုသိုလ်နောက်ပါသွားပါတယ်ဘုရား'

'ဒါဖြင့် ကုသိုလ်နောက်ပါရင် လူ့ပြည်၊ နတ်ပြည်၊ အကုသိုလ်နောက်ပါရင် အပါယ်လေးဘုံ နိဗ္ဗာန်ပျောက်နေသည်၊ မပျောက်ဘူးလား?'

'ပျောက်ပါတယ်ဘုရား'

'ဒါဖြင့် နိဗ္ဗာန်ကို မတွေ့ချင်ဘူးလား?'

'တွေ့ချင်ပါတယ်ဘုရား'

'နိဗ္ဗာန်ကိုလိုချင်ကြတဲ့ ပုဂ္ဂိုလ်များတွက် ကိုယ်အခု ဟောဒီအကုသိုလ်စိတ်ဆိုတာလည်းပဲ အရှုခံ၊ ကုသိုလ်စိတ်ဆိုတာလည်း အရှုခံ၊ အဲဒီ အရှုခံတွေကို ရှုဉာဏ်နဲ့သိအောင်ကြည့်နိုင်ရင် ဟော-နိဗ္ဗာန်နဲ့ထိုက်တန်တဲ့စိတ်ပေါ်တယ်'

'မှန်လှပါဘုရား'

'အကုသိုလ် စိတ်ပေါ်လည်းပဲ ရှုနိုင်အောင်၊ ကုသိုလ်စိတ်ပေါ်လည်းပဲ ရှုနိုင်အောင် အဲဒီလို ရှုနိုင်တယ်ဆိုရင်တော့ ဉာဏ်သည် နိဗ္ဗာန်နဲ့ထိုက်တန်တဲ့စိတ်မို့လို့ အဲဒီဉာဏ်စိတ်ကို "စိတ်မြတ်" လို့မှတ်ထား'

'မှန်လှပါဘုရား'

'ဘာစိတ်'

'စိတ်မြတ်ပါဘုရား'

'စိတ်ဘယ်နှစ်မျိုးပဲပြ'

'သုံးမျိုးပဲပြပါတယ်ဘုရား'

'သူတော်စင်များရဲ့သန္တာန်မှာ စိတ်တွေက မြောက်များစွာ ပေါ်နေတော့ ရှုပ်ထွေးမှာစိုးတဲ့အတွက် အားလုံးကို အကျဉ်းချုပ်ပြီး ပြလိုက်ပါတယ်၊ အပါယ်လေးဘုံကိုသွားတဲ့စိတ် သုဂတိဘုံကို တက်လှမ်းတဲ့စိတ် နိဗ္ဗာန်ကိုပို့တဲ့ စိတ်မို့ သုံးမျိုးခွဲပေးလိုက်ပြီ'

'မှန်လှပါဘုရား'

http://www.dhammadownload.com

'ကဲ-ဒါဆိုမှတ်ရတာ မရှင်းသွားဘူးလား?'

'ရှင်းသွားပါတယ်ဘုရား'

'ဘယ်စိတ်နဲ့နီးစပ်ချင်လည်း အကောင်းစားကို တပည့်တော်တို့ ကြိုက်တယ်ဘုရား၊ မဟုတ်ဘူးလား, ဟုတ်လား?'

'ဟုတ်ပါတယ်ဘုရား'

'အကောင်းစားကိုကြိုက်ရင် အကောင်းစားကို နီးစပ်အောင်လုပ် အကောင်းစားနဲ့ နီးစပ်အောင်လုပ်မယ်ဆိုရင် ကိုယ့်ရဲ့သန္တာန်ပေါ် တဲ့စိတ်တွေ ကိုတန်းစီပြလိုက်ပြီ စိတ်ဘယ်နှစ်မျိုးပေါ်'

'သုံးမျိုးပေါ်ပါတယ်ဘုရား'

'စိတ်သုံးမျိုးပေါ်တယ် ဒါဖြင့်ရင် -

"စိတ်မြတ်၊ စိတ်လတ်၊ သိမှတ်သုံးစိတ်လို့ရင်းတည်း"

'သူတော်စင်များအတွက်ကို လိုရင်းသိနိုင်တဲ့စိတ်ကို အတိုချုပ်ပြော လိုက်ပါပြီ၊ သုံးမျိုးပဲရှိပါတယ်'

'မှန်လှပါဘုရား'

'ဘယ်နှစ်မျိုးပဲရှိ'

'သုံးမျိုးပဲရှိပါတယ်ဘုရား'

'သုံးမျိုးပဲရှိတယ် အဲဒီသုံးမျိုးပဲရှိတဲ့ တရားလေးကို အခု ဖော်ဆောင်ရအောင် နီးစပ်ရာပါပုံလေးပေါ့နော်'

'မှန်လှပါဘုရား'

'တစ်နေ့တစ်နေ့ ကိုယ်လုပ်နေတာသည် ဘာတွေလုပ်နေလဲမေးရင် နီးစပ်ရာပါတာတွေနဲ့ လုပ်နေပါလားဆိုတာကို ကောင်းစွာသဘောပေါက်ရင် ငါတို့ နိဗ္ဗာန်ပျောက်တာ ပေါ်တော့မှာပါ'

'မှန်လှပါဘုရား'

http://www.dhammadownload.com

'ကဲ-တစ်နေ့တစ်နေ့ ကိုယ့်ရဲ့မျက်လုံးလေးတွေကပါတော့ မကြည့်ဘဲ နေတာလား, ကြည့်လား ?'

'ကြည့်ပါတယ်ဘုရား'

'ကဲ-ကြည့်လိုက်တဲ့ခဏမှာ အခုကိုယ့်ရဲ့ဟောဒီရှေ့မှာ လင်ပန်းထဲမှာ ထည့်ထားတဲ့ ပန်းမျိုးစုံမရှိဘူးလား?'

'ရှိပါတယ်ဘုရား'

'ပန်းပွင့်လေးတွေကြည့်နော်'

'မှန်လှပါဘုရား'

'မြင်လား?'

'မြင်ပါတယ်ဘုရား'

'အဲဒီပန်းလေးတွေကို မြင်တဲ့အခါမှာ ဒီပန်းလေးတွေက ဥပမာအားဖြင့် လင်ပန်းပေါ်မဟုတ်တော့ဘူး မိမိတို့ပန်းခင်းထဲမှာ ပန်းပင်ကနေပေါက်နေတဲ့ ပန်းပွင့်လေးတွေ ပွင့်နေတဲ့အခိုက်လေး ရောက်သွားတယ်ပေါ့နော် '

'မှန်လှပါဘုရား'

'အဲဒီလိုရောက်သွားတဲ့အခါကျတော့ ဒီပန်းပွင့်လေးတွေကို မတွေ့ရ ဘူးလား?'

'တွေ့ရပါတယ်ဘုရား'

'ကဲ-တွေ့လိုက်တဲ့ခဏမှာ ပန်းပွင့်သည် တခြားလား , အဆင်းလား?'

'အဆင်းပါဘုရား'

'ကိုယ်မြင်လိုက်တာက ပန်းပွင့်မြင်မှာလား အဆင်းမြင်မှာလား?'

'ပန်းပွင့်မြင်တာပါဘုရား'

'ပန်းပွင့်လေးကိုမြင်လိုက်ပြီ အဲဒီမြင်လိုက်တဲ့ခဏမှာ သူတော်စင်များရဲ့စိတ်မှာ ပန်းလေးကလှတယ်လို့ ကိုယ့်ရဲ့ရင်ထဲမှာများ ခံစားမှုလေး ပေါ်ရင် အလိုကျမကျ'

'ကျပါတယ်ဘုရား'

http://www.dhammadownload.com

'ဩော်-ကိုယ့်သန္ဓာန် ဖြစ်တဲ့စိတ်လေးကိုကြည့်ရအောင်နော်'

'မှန်လှပါဘုရား'

'ပန်းလေးတစ်ပွင့်ကို မြင်လိုက်တယ်၊ မြင်လိုက်တဲ့ခဏမှာ ဟယ်-လှ လိုက်တာဆိုတာနဲ့ လိုချင်မှု တန်းသွားပြီ '

'မှန်လှပါဘုရား'

'ဒီလိုဆိုရင် -

"ပန်းဆင်းကိုမြင် တပ်မက်ခင်၊ လိုချင်လေသာဖြစ်တော့သည်"

'ဟောဒီပဋ္ဌိစ္စသမုပ္ပါဒ်ကိုကြည့်ရင် သဠာယတနဆိုတဲ့ မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်မှာ ကိုယ့်သန္ဓာန် မျက်လုံးလေးဆိုတော့ ပန်းခင်းထဲက ပန်းပွင့်ဆိုတဲ့အဆင်းနဲ့ မတိုက်ဘူးလား ?'

'တိုက်ပါတယ်ဘုရား '

'ဟော-တိုက်လိုက်ကြတဲ့အခါကျတော့ မြင်တယ်၊ ဟယ် လှလိုက်တာဆိုတော့ ခံစားမှုတွေ မလာဘူးလား?'

'လာပါတယ်ဘုရား'

'မိမိတို့မှာ **'စက္ခုံစ ပဋ္ဌိစ္စ ရူပေစ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ တိဏ္ဏံ သင်္ဂတိ ဖဿော'** ဆိုတဲ့အတိုင်း သုံးမျိုးဆုံကတည်းကိုက မြင်လိုက်ပြီ၊ အဲဒီ မြင်လိုက်တဲ့အခါမှာ ဟယ်-လှလိုက်တာဆိုတော့ ခံစားမှုတွေပါသွားပြီ'

'မှန်လှပါဘုရား'

'အဲဒီ လှတဲ့အတွက်ကြောင့်မို့လို့ ဒီဘက်လိုချင်တယ်ဆိုတော့ ဘယ်သူလာ?'

'တဏှာလာပါတယ်ဘုရား'

'အရှုခံထဲက အဆင်းကလည်းပေါ်တယ်၊ မြင်သိစိတ်ကလည်းပေါ်တယ်၊ ဟောဒီ ကောင်းပါတယ်ဆိုတဲ့ ဝေဒနာကလည်းပေါ်တယ်၊ သို့သော် မြင်လားမေးတော့'

'မမြင်ပါဘူးဘုရား'

http://www.dhammadownload.com

'မမြင်တာ ဘယ်သူဖုံးထား'

'အဝိဇ္ဇာဖုံးထားပါတယ်ဘုရား'

'အဝိဇ္ဇာဆိုတဲ့စိတ်ယုတ် စတင်ပေါ်လာပြီ'

'မှန်လှပါဘုရား'

'အဲဒီ မသိလိုက်တဲ့အတွက်ကြောင့်မို့လို့ ဒီဘက်ကလှတယ်ဆိုတော့ လိုချင်တယ်ဆိုတော့ လောဘမလာဘူးလား?'

'လာပါတယ်ဘုရား'

'ဒါဖြင့်ရင် လောဘသည်လည်း စိတ်ယုတ်၊ ဟော-လောဘသည်လည်း'

'စိတ်ယုတ်ပါဘုရား'

'အဲဒီအချိန်ခါမှာ သူတော်စင်များ မောဟစိတ်ယုတ်၊ လောဘစိတ်ယုတ်နဲ့ နီးစပ်နေတယ်နော်'

'မှန်လှပါဘုရား'

'အဲဒါကြောင့်မို့လို့လည်း လှတယ်ဆိုတော့ ချော-ဒါလေးကိုဟေ့ ကိုယ့်မှာက လိုချင်မှုတွေအားကြီးလာတော့ ဥပါဒါန်ဖြစ်လာပြီ၊ ဒီနေရာကို သွားပြီးတော့မှ ပန်းလေးကိုခူးပြီးတော့မှား ကိုယ့်ခေါင်းလေးမှာ ပန်လိုက်ရင် ကံမြောက် မမြောက်'

'မြောက်ပါတယ်ဘုရား'

'အဲဒီ မြောက်သွားတဲ့ကံတွေ ကမ္မဘဝ ပစ္စယာ'

'ဇာတိပါဘုရား'

'ပန်းလေးကိုခူးလိုက်လို့ ပန်ရင်းနဲ့ ဟောဒီနေရာမှာ ဖျတ်ဆိုသေသွားရင် လောဘနဲ့သေရင် အများစုက ပြိတ္တာ၊ အနည်းစုက ငရဲ တိရစ္ဆာန်၊ ဒါဆိုရင် အဲဒီပန်းလေးတစ်ပွင့်သည်ပင် ကိုယ့်ခေါင်းလေးမှာ ပန်လိုက်တာသည်၊ လှတာလား, အပါယ်ပန်းလား?'

'အပါယ်ပန်းပါဘုရား'

http://www.dhammadownload.com

'အဲဒီလို အပါယ်ပန်းမျိုး ဘယ်နှစ်ကြိမ်ပန်ဖူးကြ၊ မရေမတွက်နိုင်အောင် ပန်နေကြသည်'

'မှန်လှပါဘုရား'

'ဒါလေးနဲ့မျှား ကြွားနေကြသေးတယ်နော်၊ ခေါင်းလေးလှလား ကြည့်စမ်းဟေ့၊ အပါယ်ပန်းလေးတင်ထားတာ နောက်ထပ်ပန်ကြအုံးမလား ?'

'မပန်တော့ပါဘူးဘုရား'

'ပန်ချင်လည်း ပန်ပေါ့လေ၊ အဲဒီပန်းလေးနဲ့တော့ သွားမကြွားနဲ့ ခေါင်းပေါ်မှာ ဘာကြီးတင်ထား'

'အပါယ်ပန်း တင်ထားပါတယ်ဘုရား'

' ရှင်းသွားပြီပေါ့'

'ရှင်းသွားပါပြီဘုရား'

'အဲဒီအချိန် ဘာနဲ့ပေါင်းလဲမေးရင် စိတ်ယုတ်၊ ဘာနဲ့ပေါင်းတုန်း'

'စိတ်ယုတ်နဲ့ပေါင်းပါတယ်ဘုရား'

'လောဘနဲ့ပေါင်းရင် စိတ်ယုတ် ဒါကြောင့် -

"စိတ်ယုတ်ပေါင်းက ပါယ်လေးဝ၊ ကျရဆင်းရဲမည်"

'ဒါဖြင့် ပန်းတစ်ပွင့်ကိုမြင်ရင် အရာဝတ္ထုတစ်ခုခုမြင်ရင် အပါယ်လေးပါးကိုကော ကျနိုင် မကျနိုင်'

'ကျနိုင်ပါတယ်ဘုရား'

'အပါယ်လေးပါးကျနိုင်တယ်၊ ဘာနဲ့နီးစပ်သွားတုန်း'

'စိတ်ယုတ်နဲ့နီးစပ်သွားလို့ပါဘုရား'

'ကဲ-အဲဒီလိုမျိုး ကိုယ်ကတရားတွေမနာရတဲ့ပုဂ္ဂိုလ်က စိတ်ယုတ်နဲ့ နီးစပ်ပြီးတော့ အပါယ်လေးပါးပန်းတွေနဲ့သာ ကိုယ့်ကိုယ်ကို ဆင်မြန်းပြီးတော့ အပါယ်လေးပါး လက်မှတ်တွေဖြတ်ထားတာ တစ်ထပ်ကြီးပဲနော်'

'မှန်လှပါဘုရား'

http://www.dhammadownload.com

'အခုလို တရားတွေနာရတဲ့အခါကျတော့ သိလာတဲ့ပုဂ္ဂိုလ်တွေကျတော့ ဆင်ခြင်မိတာက ဒီပန်းခင်းလေးကိုရောက်သွားတဲ့ မြင်လိုက်တဲ့ခဏမှာ ပန်းကိုမြင်တာပဲနော်'

'မှန်လှပါဘုရား'

'ပထမလူလည်း ပန်းကိုမြင်တယ်၊ စိတ်ယုတ်နဲ့ နီးစပ်တယ်၊ ဟော-ဒုတိယလူကျတော့ ဒီပန်းကိုမြင်လိုက်တယ်၊ အဲဒီပန်းလေး လှလိုက်တာ ထိရောက်သွားပြီနော်'

'မှန်လှပါဘုရား'

'မျက်စိနဲ့အဆင်းနဲ့ ဆုံပါတယ် မြင်လိုက်ပါတယ်၊ ဟယ်လှလိုက်တာ အထိ ဖြစ်သွားပြီ၊ အဲဒီလို လှလိုက်တာဆိုတဲ့ ခဏလေးမှာပဲ သူ့စိတ်ထဲမှာ ပေါ်လာတာက ဒီလောက် လှတဲ့ပန်းလေး ဦးဦးဖျားဖျား ငါ ဘုရားတင်မယ်၊ ဟော-စိတ်ကူးချင်းတူလား?'

'မတူပါဘူးဘုရား'

'ပထမပုဂ္ဂိုလ်က ပန်တာနော်'

'မှန်လှပါဘုရား'

'လှတယ် ဆိုတဲ့နောက်မှာ လိုချင်မှုနောက်ကို ပန်သွားတဲ့အတွက် သူက စိတ်ယုတ်နဲ့ နီးစပ်သွားတာ'

'မှန်လှပါဘုရား'

'အခုလှတယ်၊ လှတဲ့အထိကို ခံစားတယ် မရှုနိုင်ပါဘူး မရှုနိုင်တဲ့ အတွက် သူ့မှာက ခုနလို စိတ်ယုတ်နောက်ကိုမပါဘဲနဲ့ ဘာလုပ်လိုက်လဲမေးတော့ လှုမယ်ဒါကြောင့် -

"ပန်းဆင်းမြင်ကာ လှုချင်ရှာ ၊ နတ်ရွာရောက်လေသည်"

'ပန်းအဆင်းကိုမြင်လိုက်တဲ့ခဏမှာ ဟယ်-လှလိုက်တာ ဒီပန်းလေး ဘုရားတင်အုံးမှပဲ ဦးဦးဖျားဖျားဆိုတော့ ကိုယ့်ခေါင်း ပန်ဖြစ်သေးလား?'

'မပန်ဖြစ်ပါဘူးဘုရား'

http://www.dhammadownload.com

'လိုချင်မှ လောဘကော ပါသေးလား?'

'မပါပါဘူးဘုရား '

'မြင်လိုက်တဲ့ခဏမှာ လှချင်တယ်ဆိုတဲ့ အလောဘလေး ကိုယ့်သန္တာန်မှာ ကိန်းသွားတဲ့အတွက် ဟောဒီအလောဘစေတနာလေးကြောင့် ဟောသွားရောက်ပြီးတော့ ခူးပြီးတော့ ဘုရားပန်းကို ကျကျနနဆေးပြီးတော့ တင်လိုက်ပြီ၊ ဒါဖြင့် စိတ်လတ်ပေါင်းရင် လူ့ပြည် နတ်ပြည်ရောက်တယ်'

'မှန်လှပါဘုရား'

'ဒါကြောင့် -

"စိတ်လတ်ပေါင်းက၊ လူနတ်မှ၊ ရကြရောက်ကြမည်"

'ဒါဖြင့် ပန်းတစ်ပွင့်က လူ့ပြည် နတ်ပြည်ကိုလည်း မရောက်စေဘူးလား?'

'ရောက်စေပါတယ်ဘုရား'

'အဲဒီပန်းတစ်ပွင့်သည်ပင် အပါယ်လေးဘုံကော မကျစေဘူးလား?'

'ကျစေပါတယ်ဘုရား'

'ကိုယ့်စိတ် တစ်နေ့တစ်နေ့ဖြစ်တာ အကဲခတ်လို့ ရပြီနော်'

'မှန်လှပါဘုရား'

'တစ်ခုခုကို မြင်တိုင်းမြင်တိုင်း ကြားတိုင်း ကြားတိုင်းမှာ အပါယ်လေးဘုံကိုသွားနိုင်အောင်လည်း နီးစပ်နိုင်ပါလား၊ သုဂတိဘုံကို တက်နိုင်အောင်လည်း နီးစပ်နိုင်ပါလား၊ အဲဒီလိုနီးစပ်တာလေးနဲ့ ကျေနပ်မယ် ဆိုရင်တော့ လည်း မတတ်နိုင်ဘူးပေါ့နော်'

'မှန်လှပါဘုရား'

'သူတော်စင်များက ဒီလောက်နဲ့ကျေနပ်တာ ဟုတ်လား?'

'မဟုတ်ပါဘူးဘုရား'

'ဘယ်အထိသွားချင်တာ?'

'နိဗ္ဗာန်အထိသွားချင်ပါတယ်ဘုရား'

http://www.dhammadownload.com

'ဒါဖြင့် ဒီပန်းတစ်ပွင့် မြင်လိုက်တဲ့နေရာမှာ နိဗ္ဗာန်ရနိုင်မရနိုင်ဆိုတာ လည်းပဲ သိစေချင်ပါတယ်'

'မှန်လှပါဘုရား'

'အဲဒီပန်းလေးကို မြင်လိုက်တဲ့အခါမှာ ပန်းဆိုတဲ့အဆင်းလေးသည် မျက်နက်ဝန်းရဲ့အလယ် အကြည်ဓာတ်လာပြီးတော့မျှား ရိပ်ခနဲ ရိပ်ခနဲထင်တာကို အာရုံပြုလိုက်ရင် ပျောက်သွား၊ ပျက်သွားတာကို သေချာမြင်ရပါတယ်'

'မှန်လှပါဘုရား'

'မိမိတို့က တရားကိုရှုဆိုရင် ငယ်ရာကကြီးတဲ့အထိ ကြည့်ဆိုရင် မျက်လုံးအကြည့် အားကောင်းကြတာကြောင့်မို့လို့ မျက်လုံးကို မျက်လုံးနဲ့ ပြန်ပြီးတော့ ကြည့်ကြည့်နေတဲ့အတွက်ကြောင့် ဘယ်လိုလုပ် သွားမြင်တော့ မှာလဲ'

'မှန်လှပါဘုရား'

'အာရုံပြုရမှာက မျက်လုံးနဲ့လား ဉာဏ်နဲ့လား'

'ဉာဏ်နဲ့ပါဘုရား'

'ဉာဏ်နဲ့အာရုံပြုပါဆိုပြီးတော့ တကယ်ကြည့်တော့ မျက်လုံးအကြည့် က အားသန်နေကြတယ်၊ ဒါကြောင့် မျက်လုံးအကြည့် ပါပါနေတဲ့အတွက် ကြောင့်မို့လို့ တကယ်ရှိတဲ့တရားကို ဉာဏ်ကမရောက်တော့ မြင်ဖို့မလွယ် ဘူးပေါ့'

'မှန်လှပါဘုရား'

'အခုပန်းအဆင်းလေးကို မြင်လိုက်တဲ့ ခဏမှာ ကိုယ့်ရဲ့မျက်နက်ဝန်း မှာ အာရုံလေးပြုလိုက်ရင် ရိပ်ခနဲ ရိပ်ခနဲ ပျက်နေတာကို မြင်လိုက်ရင်-

"ပန်းအဆင်းဟာ ဖြစ်ပျက်သာ၊ ရှုခါနိဗ္ဗာန်ရောက်လေသည်"

'ဒီပန်းတစ်ပွင့်ကပဲနော်'

'မှန်လှပါဘုရား'

http://www.dhammadownload.com

'မျက်လုံးလေးနဲ့ အဆင်းလေးနဲ့ တိုက်တယ်၊ သုံးခုဆုံတယ် ဖယ်ခြင်သည်၊ အဲဒီမြင်တဲ့ခဏမှာလည်း အရှုခံပေါ်, မပေါ် '

'ပေါ်ပါတယ်ဘုရား'

'မသိလို့ အကုသိုလ်နဲ့ကိုယ်နီးစပ်သွားတယ်၊ မသိလို့ကုသိုလ်နဲ့နီးစပ်သွားတယ်၊ သိတဲ့ပုဂ္ဂိုလ်ကျတော့ အဆင်းကို ဖြစ်ပျက်ရှုနိုင်သလို မြင်စိတ်ကိုလည်း ရှုနိုင်တယ်၊ ဒါကိုလွတ်သွားတဲ့အခါမှာ ဟယ်-လှလိုက်တာ ကောင်းတယ်လို့ ခံစားတဲ့ဝေဒနာကော ရှုလို့မရဘူးလား ?'

'ရပါတယ်ဘုရား'

'ဒီနေရာမှာ ရှုလိုက်လို့ ဝေဒနာရဲ့အပျက်ကိုမြင်ရင်လည်း ဉာဏ်ပဲနော် '

'မှန်လှပါဘုရား'

'ဒါဖြင့်ရင် ကိုယ်က အဲဒီလိုမျိုး အာစိဏ္ဏက် ကောင်းခဲ့လို့ မြင်တာ၊ ဉာဏ်နဲ့နီးစပ်သွားရင် လောဘကော လာ, မလာ'

'မလာပါဘူးဘုရား'

'ဒေါသမောဟလည်း'

'မလာပါဘူးဘုရား'

'စိတ်ယုတ်ပယ်ပြီးသား'

'မှန်လှပါဘုရား'

'မိမိရဲ့သန္တာန်မှာ အဲဒီချိန်ခါမှာ ဟောဒီ အမောဟတည်းဟူသော ဉာဏ်နဲ့နီးစပ်တဲ့အတွက်ကြောင့်မို့လို့ ဒီကုသိုလ်တရားတွေရဲ့ ခေါ်ဆောင်ရာ ဒုက္ခကိုလည်း အလိုမရှိတော့ဘူး'

'မှန်လှပါဘုရား'

'လူချမ်းသာ နတ်ချမ်းသာကို တောင့်တသေးလား?'

'မတောင့်တတော့ပါဘူးဘုရား'

http://www.dhammadownload.com

'မတောင့်တတဲ့အတွက်ကြောင့်မို့လို့ ဟောဒီဥာဏ်က ကံအားလုံးကို ဖြတ်ထား မဖြတ်ထား'

'ဖြတ်ထားပါတယ်ဘုရား'

'ကဲ-ဖြတ်ထားပြီဆိုရင် အပါယ်လေးဘုံကိုလည်း ဖျက်သိမ်းလိုက်ပြီ'

'မှန်လှပါဘုရား'

'လူ့ပြည် နတ်ပြည်ကိုလည်း ဖျက်သိမ်းလိုက်ပြီ၊ ဒါကြောင့်မို့လို့ အရှုဥာဏ်နဲ့ နီးစပ်သွားတဲ့ပုဂ္ဂိုလ် နိဗ္ဗာန်ကိုယ့်အတွက်ပေါ့'

'မှန်လှပါဘုရား'

'ဒါဖြင့် ပန်းတစ်ပွင့်သည် မိမိရဲ့သန္တာန်မှာ သေချာပြန်ကြည့်လိုက်ရင် အပါယ်ကိုလည်းကျစေနိုင်သည် သုဂတိဘုံကိုလည်း ရောက်စေသည်၊ နိဗ္ဗာန်ကိုလည်း မျက်မှောက်ပြုနိုင်တယ်၊ ရှင်းသွားပြီးလား?'

'ရှင်းသွားပါပြီဘုရား'

'တစ်နေ့တစ်နေ့ မကြည့်ဘူးလားမေးတော့'

'ကြည့်ပါတယ်ဘုရား'

'ကဲ-ကြည့်တာပဲ မြင်တာပဲ၊ မြင်တိုင်း မြင်တိုင်းမှာ ဘယ်သူနဲ့ နီးစပ်၊ စိတ်ယုတ်နဲ့ နီးစပ်နေကြတယ် -

"ကိုယ့် သဘောမပါ နီးစပ်ရာ၊ ပါကာသွားတတ်သည်"

'လောကမှာရှိနေကြတဲ့ သူတော်စင်များ ကိုယ့်လုပ်ငန်းခွင်မှာ အပေါင်းအသင်းစုပြီဆိုရင်တော့ ဟော-ရပ်ရေးရွာရေးအကြောင်း စီးပွားရေးအကြောင်း ဥစ္စာပစ္စည်းအကြောင်းဆိုတော့ ဘာတွေနဲ့နီးစပ်'

'စိတ်ယုတ်နဲ့ နီးစပ်ပါတယ်ဘုရား'

'ကဲ-ရိပ်သာကိုရောက်လာတဲ့အခါကျတော့ တရားနဲ့သက်ဆိုင်တဲ့ စကားလေးတွေနဲ့ ဆွေးနွေးမှုလေးတွေ အပိုင်းကိုရောက်လာပြီးတော့ ကုသိုလ်နဲ့ နီးစပ်ပြီ'

'မှန်လှပါဘုရား'

http://www.dhammadownload.com

'ခန္ဓာဥာဏ်စိုက် ရှုကွက်ပေါ်ပြီဆိုတော့ စိတ်မြတ်နဲ့ နီးစပ်တယ်ပေါ့၊ ဒါဖြင့် စိတ်ဘယ်နှစ်မျိုး'

'သုံးမျိုးပါဘုရား'

'အဲဒီ စိတ်သုံးမျိုးမှာ ကိုယ်ကနိဗ္ဗာန်လိုချင်ရင် စိတ်မြတ်နီးစပ်အောင် ကြိုးစား၊ သုဂတိဘုံကို ရောင်ချင်ရင် စိတ်လတ်နဲ့နီးစပ်အောင် ကြိုးစား၊ အပါယ်ကို သွားချင်ရင်တော့'

'စိတ်ယုတ်နဲ့နီးစပ်အောင် ကြိုးစားရမှာပါဘုရား'

'မလိုပါဘူး အမြဲတမ်းဖြစ်နေတာကို အဲဒီတော့ ဒါကိုပယ်ဖို့ပြောနေတာ'

'မှန်လှပါဘုရား'

'ဒါဖြင့် စိတ်ယုတ်၊ စိတ်လတ်၊ စိတ်မြတ်လို့ သုံးမျိုးရှိတဲ့နေရာမှာ ကိုယ့်စိတ်မှာ သေချာနေ့တိုင်း ပြန်ကြည့်လိုက်ရင် မရှုမမှားတာကများတဲ့ အတွက်ကြောင့်မို့လို့ ဒီစိတ်နှစ်မျိုး ပေါ်ပါတယ်'

'မှန်လှပါဘုရား'

'ဒါကလည်း ကုသိုလ်ကလျှုချင် တန်းချင်တဲ့ သဘောလေး ကိန်းအုံးမှ ပေါ်တာနော် '

'မှန်လှပါဘုရား'

'အမြဲတမ်း နီးစပ်တာက ဘယ်သူပါလိမ့်'

'စိတ်ယုတ်ပါဘုရား'

'စိတ်ယုတ် ဒါဖြင့် စိတ်ယုတ်က အပေါင်းသင်းကောင်းတယ်ပေါ့'

'မကောင်းပါဘူးဘုရား'

'စိတ်လတ်က တစ်ခါတလေမှ ပေါင်းရတာ၊ စိတ်မြတ်က အခု တရား နာမှ ပေါင်းရတာ၊ ဒါဖြင့်ရင် မိမိတို့က အခုမှတွေ့ပြီးပေါင်းရတဲ့ပုဂ္ဂိုလ်နဲ့ ဟိုးငယ်ငယ်ကပေါင်းရတဲ့ပုဂ္ဂိုလ် ဘယ်သူ့ကို သံယောဇဉ်ရှိတုန်း၊ အခု ဆရာ သမားတွေရောက်တော့မှ ပေါင်းရတာနော်'

'မှန်လှပါဘုရား'

http://www.dhammadownload.com

'အခုပေါင်းရမယ့်အရာနဲ့ ဟိုးငယ်ငယ်က ပေါင်းခဲ့ရတာ ဘယ်သူ့သံယောဇဉ်ကြီးတုန်း၊ သြော်-ငယ်ပေါင်းကြိုက်တယ်ပေါ့၊ သံယောဇဉ်က သိပ်ကြီးတာကိုး၊ ဒါနီးစပ်ရာပါပုံကိုပြောနေတာနော်'

'မှန်လှပါဘုရား'

'အခုမြင်လိုက်တဲ့ ခဏမှာလည်း ရှင်းသွားပြီ၊ စားလိုက်တဲ့ခဏမှာလည်း'

'ရှင်းသွားပါပြီဘုရား'

'ဘာတွေရှင်းတုန်း၊ စားရင်လည်းပဲ ကိုယ်က ကောင်းလိုက်တာဆိုရင်ကော'

'အပါယ်လေးဘုံပါဘုရား'

'သြော်-ဒီလိုအရသာမျိုးကော ငါလှူချင်တယ်'

'စိတ်လတ်ပါဘုရား'

'အဲဒီစားနေတဲ့ အရသာလေးက ချိုတယ် ချဉ်တယ် ငန်တယ် ပြုတယ်၊ ရုပ်တရား ဖြစ်ပြီးပျက်တယ်လို့ သိလိုက်ရင်'

'စိတ်မြတ်ပါဘုရား'

'ဒါဖြင့် စားရင်းနဲ့ပဲ အပါယ်သွားနိုင် မသွားနိုင်'

'သွားနိုင်ပါတယ်ဘုရား'

'သုဂတိလည်းရောက်နိုင် မရောက်နိုင်'

'ရောက်နိုင်ပါတယ်ဘုရား'

'နိဗ္ဗာန်လည်း'

'ရောက်နိုင်ပါတယ်ဘုရား'

'ရှင်းပါပြီနော်'

'ရှင်းပါတယ်ဘုရား'

'တစ်နေ့တစ်နေ့ ကိုယ်ဘာလုပ်တယ်ဆိုတာ ပေါ်ပြီလား?'

'ပေါ်ပါပြီဘုရား'

http://www.dhammadownload.com

'နေ့စဉ် ငါတို့လုပ်နေတာရှင်းနေပါပြီ စိတ်မြတ်ကနည်းလှပါသည်'

'မှန်လှပါဘုရား'

'စိတ်လတ်ကလည်း မဖြစ်စလောက်'

'မှန်လှပါဘုရား'

'စိတ်ယုတ်ကတော့အပြည့်၊ ဟုတ်ပြီလား?'

'မှန်လှပါဘုရား'

'အဲဒီတော့ ဘယ်သွားကြမလဲ၊ ကိုယ်ဖြစ်ချင်တိုင်း ဖြစ်တာလား ဆိုတော့ မဟုတ်ဘူး၊ နီးစပ်ရာပါနေတာ မှန်ရဲ့လား?'

'မှန်ပါတယ်ဘုရား'

'ကိုယ့်သဘောအတိုင်းဖြစ်တာ ဟုတ်သလား ?'

'မဟုတ်ပါဘူးဘုရား'

'နီးစပ်သလိုပါနေတာ လောဘနဲ့ နီးစပ်ရင်လောဘ၊ ဒေါသနဲ့ နီးစပ်ရင် ဒေါသ၊ မောဟနဲ့ နီးစပ်ရင်မောဟ၊ ဒီလိုသွားနေတာပါ'

'မှန်လှပါဘုရား'

'အဲဒါကြောင့်မို့လို့ နီးစပ်ရာပါတဲ့အနေထားလေးမှာ ကိုယ်က အခုလို အားကောင်းအောင်လို့ တရားတွေများများနာပြီး ကြိုးစားလိုက်ရင် စိတ်မြတ်က ပိုမနီးစပ်ဘူးလား?'

'နီးစပ်ပါတယ်ဘုရား'

'အားကောင်းသွားရင် အရှုခံတရားတွေက စိတ်ယုတ်ပေါ်လည်းပဲ အနိစ္စ မြင်အောင်ရှုတယ်၊ စိတ်လတ်ပေါ်လည်းပဲ အနိစ္စမြင်အောင်ရှုတယ် ဆိုတော့ စိတ်မြတ်မပေါ်ဘူးလား?'

'ပေါ်ပါတယ်ဘုရား'

'ဒါဖြင့် စိတ်မြတ်ပေါ်ချင်ရင် ဝိပဿနာလုပ်မှရမယ်'

'မှန်လှပါဘုရား'

http://www.dhammadownload.com

' ဝိပဿနာမှမလုပ်ရင် စိတ်မြတ် ဘယ်တော့မှမပေါ် ရှင်းပြီးလား?'

'ရှင်းပါပြီဘုရား'

'ကိုင်း-ဆုံးဖြတ်ချက်ချလိုက် ငါတို့ဟော့ နိဗ္ဗာန်ကိုလိုချင်ရင် အပါယ်တံခါးပိတ်ချင်ရင် မလုပ်မဖြစ်လုပ်ရမှာ ဝိပဿနာအလုပ်၊ ဒီအလုပ်မှမလုပ်ရင် စိတ်မြတ်က ဘယ်တော့မှမပေါ်ဘူးဆိုရင် ဒီစိတ်နှစ်မျိုးထဲနဲ့ ကိုယ်ကျိုးနည်းတော့မယ်'

'မှန်လှပါဘုရား'

'တစ်နေ့တစ်နေ့ ပေါ်တာက ဒီစိတ်နှစ်မျိုး မပေါ်ဘူးလားပေါ်လား?'

'ပေါ်ပါတယ်ဘုရား'

'စိတ်တွေ ဘယ်လောက်ပဲ များပြားပါစေ သူတော်စင်များအတွက် မှတ်သားရ လွယ်အောင်ပြောလိုက်ပါတယ်၊ ကုသိုလ်စိတ်နဲ့အကုသိုလ်စိတ်၊ အကုသိုလ်စိတ်နဲ့အဖြစ်များနေတာကို ယနေ့ အရှုခံထားပြီးတော့ စိတ်မြတ်နဲ့လိုက်'

'မှန်လှပါဘုရား'

'အကုသိုလ်စိတ်ပေါ်လည်းဖြစ်ပျက်ရှု၊ စိတ်လတ်ပေါ်လည်း ဖြစ်ပျက်ရှု၊ ဘယ်စိတ်ပေါ်ပေါ်ဖြစ်ပြီးပျက်တော့ ဘာသစ္စာ'

'ဒုက္ခသစ္စာပါဘုရား'

'ဟော-မြတ်တဲ့စိတ်လေးနဲ့ လိုက်ကြည့်နိုင်တဲ့ အနေအထားလေးက ဉာဏ်၊ ဒီဉာဏ်ကိုဘာလို့ခေါ်'

'မဂ္ဂသစ္စာပါဘုရား'

'ဒါဖြင့်ရင် စိတ်ယုတ်တွေရဲ့ ကိလေသာပေါ်သေးလား?'

'မပေါ်တော့ပါဘူးဘုရား'

'ကိလေသာမှ မပေါ်ရင် ဒုက္ခသိမ်းနိုင်တဲ့တစ်နေ့မှာ ကိုယ့်ရဲ့သန္တာန်

http://www.dhammadownload.com

ကိန်းနေတဲ့ဥာဏ်လေးက စောင့်ရှောက်သွားတဲ့အတွက်ကြောင့်မို့လို့ သမုဒယ သစ္စာကိုပယ်သတ်ပြီး ဒုက္ခသိမ်းတဲ့နိဗ္ဗာန်ကို မျက်မှောက်မပြုနိုင်ဘူးလား?'

'ပြုနိုင်ပါတယ်ဘုရား'

'ဒါဖြင့် တဏှာ၊ ကိလေသာကိုပယ်နိုင်တာက သမုဒယသေသွားတာ'

'မှန်လှပါဘုရား'

'နောင်သံသရာမှာ ကိုယ်တည်ဆောက်ထားတဲ့ အပါယ်လေးဘုံကို ဖျက်သိမ်း၊ သုဂတိဘုံတွေကို ဖျက်သိမ်းပြီးတော့မှ ဒုက္ခတွေငြိမ်းပြီး နိဗ္ဗာန်ပေါ်တာက နိရောဓသစ္စာ၊ အဲဒါသည် ဘာနဲ့ပေါင်းရင်'

'စိတ်မြတ်နဲ့ပေါင်းရင်ပါဘုရား'

'ဒါကြောင့်မို့လို့ တစ်နေ့တစ်နေ့ ငါတို့ ဘာလုပ်တယ်ဆိုတာ ယနေ့ပေါ်သွားပြီဖြစ်တဲ့အတွက်ကြောင့်မို့လို့ စိတ်ယုတ်တွေကို တဖြည်းဖြည်းနဲ့ ပါးအောင် စိတ်လတ်လေးတွေကိုလည်းပဲ သာယာမျှောပြီး မနေဘဲနဲ့ စိတ်မြတ်လေးတွေနဲ့ ဖြစ်ပျက်လေးတွေမြင်အောင် ဖြစ်ပျက်ကို မုန်းအောင် ဖြစ်ပျက်တွေ ဆုံးအောင် ရှုပြီးတော့မှ ဒုက္ခသိမ်းတဲ့ နိဗ္ဗာန်ကို လွယ်လင့်တကူ ရောက်အောင် ကြိုးစားနိုင်ပါစေလို့ တိုက်တွန်းရင်းပဲ အချိန်ကစေ့လို့ သာဓုသုံးကြိမ် ခေါ်လိုက်ကြရအောင်။

(သာဓု . . . သာဓု . . . သာဓု)

http://www.dhammadownload.com

နိဂုံးပတ္ထနာ

- သာသနသာစ လောကဿ၊ ဝုဒ္ဓိဘဝတု သဗ္ဗဒါ၊
  သာသနမ္ပိစ လောကဥ္စ၊ ဒေဝါရက္ခန္တု သဗ္ဗဒါ။။

- သာသနံ ကပ္ပေ လောကေစ၊ စိရံ ဇော တေတု သဗ္ဗဒါ၊
  သဗ္ဗေ ဘုဒ္ဓံ လဘိတ္တာန၊ ပမောဒါဟောန္တု သဗ္ဗဒါ။။

- ဗုဒ္ဓမြတ်စွာ၊ သာသနာနှင့်၊ ကမ္ဘာလောက၊ တကွလူသား။
  နတ်များပြဟ္မာ၊ သတ္တဝါ၊ ချမ်းသာတိုးတက်ပါစေသတည်း။။

- ဒေဝါသိကြား၊ ပြဟ္မာများတို့၊ လူသားကမ္ဘာ၊ သာသနာကို၊
  ဗျာပါဘေးကင်း။ ထွန်းပြောင်လင်း။ ဆောင်နင်းစောင့်ရှောက်ပါစေသတည်း။။

- မြတ်သာသနာ၊ ဤကမ္ဘာနှင့်၊ ဒေဝါလူနတ်၊ အရပ်ရပ်၌၊ မပြတ်စည်ဖြာ၊
  ဝွန်ရှည်ကြာ၊ ပမာနေလ ထွန်းစေသတည်း။။

- ဤသို့ပြုရ၊ မြတ်ပုညကို၊ အမျှဝေလို၊ များလူဗိုလ်နှင့်၊
  ထိုထိုသတ္တ၊ မင်းယမပါ၊ ရကြပါစေ၊ အမျှဝေ၏။
  သဗ္ဗေသတ္တ၊ အမျှရ၍၊ သုခလန်းဖြာ၊ သာသနာ၊
  မကွာစောင့်ရှောက်နိုင်စေသတည်း။။

http://www.dhammadownload.com

"အရင်းအနှီးမပျောက်စေနဲ့"

ကုသိုလ်အရင်းအနှီးရှိလို့
လူပြည် နတ်ပြည် ဗြဟ္မာ့ပြည် ရနေကြတာ၊
နိဗ္ဗာန်ရောက်ကြရတာ၊
ကိုယ့်ပါလာတဲ့ အရင်းအနှီးလေး
ကျန်မှကျန်သေးရဲ့လား ?
နေ့စဉ် ကုန်သွားတဲ့ အချိန်တိုင်း ပြန်ဆန်းစစ်ပါ။
နိမ့်ကျတဲ့ အပါယ်လေးဘုံကို မရောက်ချင်ရင်
ဒီတရားတော် စာအုပ်ကို ဖတ်ဖြစ်အောင်ဖတ်ကြ၊